

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေလင်းအောင်

# အမှုအကျော်ခဆီးနှင်းလွှင်ပြင်

[ပထမပိုင်း]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၂၈/၂၀၀၄ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၂၈/၂၀၀၄ (၆)

●

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ မုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မာသီလလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။





# အခန်း (၁)

## ခရီးသည်

မြင်းလှည်းဘီးလိမ့်သံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။

လှည်းဘီးများက နှင်းများကို ဖိနင်းလိုက်သောအခါ နှင်းများက ဘေးသို့ပြိုလဲတက်လာကြသည်။

ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော ဆီးနှင်းများကို အံတုကာ မြင်းလှည်းဆယ်စီးသည် ကောင်းကင်လွင်ပြင်တွင် တရွေ့ရွေ့ ခရီးဆက်နေ၏။

မြောက်ပြန်လေသည် အကာအကွယ်ကင်းမဲ့သော ကောင်းကင်လွင်ပြင်ကို ကြမ်းတမ်းစွာ တိုက်ခတ်နေသည်။

ရေခဲစ၊ ရေခဲမှုန်များသည် မြောက်ပြန်လေထဲတွင် ရောထွေးဝဲဝင်နေ၏။

ဤကဲ့သို့ ဆိုးရွားလှသော ရာသီဥတုတွင် မည်သူမျှ ခရီးထွက်လိမ့်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထွက်သူကို အရူးဟု ဆိုကြပါလိမ့်မည်။

သို့သော် ....

ယွဲ့တုဝေအတွက်မူ ဤကဲ့သို့သော ရာသီဥတုမျိုးကို မှုစရာမလိုပါ။ အဘယ်ကြောင့် မှုစရာမလိုပါသနည်း။

အကြောင်းရှိပါသည်။

သူသည် ဤလမ်းခရီးကိုဖြတ်၍ တရုတ်ပြည်မြောက်ဖျားစွန်းရှိ ကျင်းမြို့တော်လေးဆီသို့ သွားရောက်ခဲ့သည်မှာ ယခုဆိုလျှင် ငါးကြိမ်မြောက်ခဲ့ပြီ ဖြစ်သောကြောင့်တည်း။

ဤကဲ့သို့ ဝေးလံခေါင်ဖျားသော ဒေသများသို့ အာမခံပစ္စည်းများကို သေချာစွာလိုက်လံပို့ဆောင်ပေးသောအတွက်ကြောင့်လည်း သူတို့၏ ရွှေဓားအာမခံဌာနမှာ နာမည်ကျော်ကြားခြင်းဖြစ်၏။

အာမခံဌာနတိုင်း ဤစွမ်းအားမျိုးမရှိတတ်ကြပေ။

ရွှေဓားအာမခံဌာနမှူး ယွဲ့ဝမ်ဟိုမှာ သူ၏ဖခင်ပင်မဟုတ်ပါလော။

သူ၏ဖခင်သည် ရွှေဓားအာမခံဌာန၏ ဌာနမှူးဖြစ်သကဲ့သို့ ရွှေဓားအာမခံဌာန၏ ပိုင်ရှင်လည်းဖြစ်သည်။

သိုင်းလောကတွင် ရွှေဓားယွဲ့ဝမ်ဟို၏ ရွှေဓားသိုင်းကွက်သည် လွန်စွာထက်မြက်လှသောကြောင့် လျှမ်းလျှမ်းတောက်ကျော်ကြားလှပေ၏။

ဖခင်ဖြစ်သူ၏ အရှိန်အဝါကြောင့် ရွှေဓားအာမခံဌာနမှာလည်း နာမည်ကျော်ကြားခဲ့သည်။

လူဆိုးဓားပြများသည် ရွှေဓားအာမခံဌာနအား နှောင့်ယှက်လုယက်ခြင်း မပြုဝံ့ပါချေ။



ယခုတစ်ခေါက်တွင် ယွဲ့တုဝေသည် ဖခင်၏စေခိုင်းချက်အရ ကျင်းမြို့တော်သို့ ခရီးထွက်လာရခြင်းဖြစ်၏။

ကျင်းမြို့တော်၏ အာမခံပစ္စည်းများမှာ အခြားအာမခံပစ္စည်းများနှင့်မတူ တစ်မူထူးခြားနေသည်။

ယခု ....

သူတို့အာမခံသယ်ဆောင်လာရသော ပစ္စည်းများမှာ ကျင်းမြို့တော်အတွက် စားနပ်ရိက္ခာများပင် မဟုတ်ပါလော။

မြင်းလှည်းတန်းသည် တရွေ့ရွေ့သွားနေ၏။

ရှေ့ဆုံးမှ မြင်းလှည်းပေါ်တွင် ယွဲ့တုဝေလိုက်ပါလာသည်။

ဤခရီးကို အသော့နှင်စရာမလိုကြောင်း ယွဲ့တုဝေက သဘောပေါက်ထား၏။

ညဥ့်နက်သန်းခေါင် ဆီးနှင်းများ ပို၍ထူထပ်သိပ်သည်းစွာကျဆင်းလာသောအခါ မြင်းလှည်းတန်းကို ရပ်တန့်၍ အနားယူရသည်ဖြစ်သည်။

ညဥ့်နက်လာသည်နှင့်အမျှ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းနေ၏။

ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းလာလျှင် ရှေ့ခရီးဆက်ရန် မလွယ်ကူတော့ပါ။

ထို့ကြောင့် ....

သန်းခေါင်ယံတိုင်လျှင် ဤမြင်းလှည်းတန်းကိုရပ်နားရမည်ဖြစ်သည်။

ဤကောင်းမှုလွင်ပြင်အား နောက်ခုနစ်ရက်ကြာလျှင် ကျော်ဖြတ်နိုင်ပြီဖြစ်မည်ဟု တွက်ဆထားပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမြင်းလှည်းပေါ်တွင် လူငယ်တစ်ယောက်လိုက်ပါလာ၏။

ထိုလူငယ်မှာ အသက်နှစ်ဆယ်ခန့်သာ ရှိလိမ့်ဦးမည်။

ထိုလူငယ်မှာ ရွှေစားအာမခံဌာန၏ သီးသန့်ခရီးသည်တစ်ယောက်ပင်ဖြစ်၏။

လူငယ်သည် အဖြူရောင်စာပေသမားဝတ်စုံကို ဝတ်ဆင်ထားပြီး အဖြူရောင်သားမွေးဝတ်စုံကို အနွေးဓာတ်ရရှိရန် ထပ်၍ဝတ်ဆင်ထားသည်။

ဤကောင်းဂူးလွင်ပြင်၌ အနွေးထည်မပါဘဲ မည်သူမျှမဖြတ်ကျော်နိုင်ပေ။

အစောင့်အားလုံးသည်လည်း အနွေးထည်ကိုယ်စီနှင့်ဖြစ်ကြသည်။

လူငယ်သည် မြင်းလှည်းပြတင်းမှနေ၍ ဆီးနှင်းများထူထပ်သိပ်သည်းစွာကျနေသော ဝန်းကျင်ကို ငေးမောကြည့်နေ၏။

ထိုစဉ်မှာပင် ....

"ရပ်လိုက် .... "

ယဲ့တုဝေ၏ အောင်မြင်ခန့်ညားသောအသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အသံကြောင့် နှင်းများပင် ကျဆင်းမှုခေတ္တရပ်တန့်သွားသည်ဟု ထင်ရသည်။

ဟန်ကိုတားသံဆုံးသည်နှင့် မြင်းလှည်းတန်းသည် တုံ့ခနဲ ရပ်တန့်သွား၏။

ဆီးနှင်းများ ဆိုးရွားစွာ ထူထပ်သိပ်သည်းလာသောကြောင့်



မြင်းလှည်းများကို ရပ်တန့်လိုက်ပြီဖြစ်သည်။

ထိုအခါ လူငယ်သည် မြင်းလှည်းတံခါးကိုဖွင့်ကာ အောက်သို့ဆင်းလိုက်ပြီး ဝန်းကျင်တစ်ချက်ဝေ့ကြည့်လိုက်၏။

ဝန်းကျင်တစ်ခုလုံး ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်။

ထိုအချိန်တွင် ....

ယဲ့တုဝေသည် သူ၏အနားသို့ရောက်ရှိလာသည်။

ယဲ့တုဝေသည် လူငယ်အား ပြုံးပြကာ မေးလိုက်သည်။

"စီးချူးယင် .... ချမ်းနေပြီလား .... "

သူ၏အမေးစကားမှာလည်း လူငယ်အား နှစ်သိမ့်မှုပေးသည်။

လူငယ်၏အမည်မှာ စီးချူးယင်ဖြစ်သည်။

စီးချူးယင်က ပြုံးလိုက်သည်။ သူ့လေသံကတော့ ခပ်မာမာပင်။

"ကျုပ်တစ်သက်မှာ ဒီလောက်အေးခဲတဲ့ ဆောင်းညမျိုးကို မတွေ့ကြုံခဲ့ဖူးဘူး .... ကောင်းဂူးလွင်ပြင်ဆောင်းညက ကျုပ်အတွက်တော့ ရင်ခုန်စရာပဲ .... ကြမ်းတမ်းတဲ့ အတွေ့အကြုံတစ်ခုရတာပေါ့ဗျာ .... "

သူသည် ယင်းသို့ပြောပြီး ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်ကို အန်တုကာ ရှေ့သို့ဆက်လျှောက်သွား၏။

ယဲ့တုဝေသည် ဦးခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

သူသည် စီးချူးယင်၏နောက်ကျောကို ငေးကြည့်နေသည်။

စီးချူးယင်သည် အလွန်နုနယ်သောလူငယ်တစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့သောကိစ္စများကြောင့် ဤခရီးကြမ်းကို နှင်လာရပါ
သနည်း။

ယင်းကိစ္စများကတော့ သူနှင့်မဆိုင်ပေ။ သူကိုယ်ရေးကိုယ်တာ
ကိစ္စသာဖြစ်သည်။

သူတို့အာမခံဌာနအဖွဲ့နှင့်အတူ လိုက်ခွင့်ရ၍သာ သက်သာ စွာ
လိုက်ပါခဲ့ရခြင်းလေသည်။

ထိုသို့ လိုက်ပါခွင့်ရရန်အတွက်လည်း ထိုက်သင့်သောအဖိုး
အခကို စီးချူးယင်က သူတို့အား ပေးခဲ့သည်မဟုတ်ပါလော။ ထို့
အတွက် သူတို့က စောင့်ရှောက်ရခြင်းဖြစ်သည်။

ယွဲ့တုဝေသည် မြင်းလှည်းဘော်တွင်ရပ်ကာ ဆက်လက်စဉ်းစား
နေ၏။

ကျင်းမြို့တော်မှာ နယ်ခြားမြို့ဖြစ်သော်လည်း ဝေးလံခေါင်
သီလှသောကြောင့် ရှုပ်ထွေးပွေလီခြင်းမရှိပါ။

ကျင်းမြို့တော်လေးဆီသို့ ဧည့်သည်ဆို၍ တစ်လနေ၍ တစ်ဦး
တစ်ယောက်မျှ ရောက်လာခြင်းမရှိပါ။

ဤမျှ ဧည့်သည်အဝင်အထွက်နည်းပါးပါသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲလွန်းသောကြောင့်လည်း မည်
သည့်သူစိမ်းဧည့်သည်မှ မလာရောက်ခြင်းဖြစ်သည်။

ယခု ....

စီးချူးယင်သည် ကျင်းမြို့တော်ဆီသို့ မည်သည့်အတွက်ကြောင့်
သွားမည်နည်း။

ထိုအချက်ကို ယွဲ့တုဝေစဉ်းစား၍ မရချေ။

ယွဲ့တုဝေမှာ ပင်ကိုယ်အားဖြင့် စပ်စုတတ်သူမဟုတ်ပါ။



သို့သော် ....

သူသည် စီးချူးယင်ဆိုသော စာပေသမားလုလင်ကိုမူ စိတ်
ဝင်စားမိ၏။

စီးချူးယင်အား သူအကဲခတ်ရသလောက် သိုင်းပညာတတ်
ဟန်မတူပါ။

စာပေပညာတွင်မူ ကျွမ်းကျင်လိမ္မာဟန်ရှိ၏။

သူ၏စိတ်ထဲတွင် စီးချူးယင်သည် ဤနယ်ခြားဒေသဘက်သို့
ခရီးထွက်လာမည့်အစား ပြည်မသို့သွားသင့်သည်ဟု ယူဆမိ၏။

ပြည်မတွင် စာပေသမားများအတွက် ကျော်ကြားရန် လမ်းစ
များ ရနိုင်သည် မဟုတ်ပါလား။

ထိုစဉ် ....

ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ယွဲ့တု
ဝေက လှည့်ကြည့်လိုက်သည်။

ထိုအခါ ....

စီးချူးယင် ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေ
၏။

"အတော်အေးတာပဲဗျာ .... "

သူသည် ယင်းသို့ပြောရင်း သားမွေးအင်္ကျီရင်ဘတ်ကို ဆွဲစေ့
လိုက်၏။

ယွဲ့တုဝေသည် အအေးဓာတ်လွန်ကဲမှုကြောင့် စီးချူးယင်၏
နှုတ်ခမ်းအစုံမှာ တုန်ယင်နေသည်။

သူသည် စီးချူးယင်အားကြည့်ရင်း မိန်းမချော ချောသူဟု
မှတ်ချက်ချလိုက်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



စီးချူးယင်၏အနေအထိုင်မှာလည်း အလွန်သိမ်မွေ့ပြီး မိန်းကလေးဆန်လှသည်။

မိန်းကလေးတစ်ဦးက ယောကျ်ားတစ်ယောက်ဟန်ဆောင်ထားလေသလားဟုပင် သံသယဝင်လာမိလေသည်။

သံသယဝင်လည်း ဝင်လောက်ပေသည်။

စီးချူးယင်သည် ဤခရီးလမ်းတစ်လျှောက်တွင် အာမခံဌာနသားများနှင့် ရောရောနှောနှောနေလေ့မရှိဘဲ သီးသန့်နေသည်။

မည်သည့်အခါမျှလည်း စကားများများမပြောပေ။

သူသည် မြင်းလှည်းပေါ်၌သာ တစ်ယောက်တည်း နေထိုင်အိပ်စက်လေ့ရှိ၏။

ယဲ့တုဝေက စီးချူးယင်အား စေ့စေ့ကြည့်လိုက်ပြီး ခွင့်တောင်းလိုက်သည်။

"စီးချူးယင် .... မင်းကို ကျုပ်တစ်ခုလောက် မေးပါရစေ"

ထိုစကားကြောင့် စီးချူးယင်မှာ မျက်မှောင်ကြုတ်သွားသည်။

အတန်ကြာမှ ....

သူက ခေါင်းကိုအသာညိတ်လိုက်၏။

"မေးပါ .... "

ယဲ့တုဝေက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် မေးလိုက်၏။

"မင်း .... ကျင်းမြို့တော်ကို ဘာသွားလုပ်မှာလဲ .... "

စီးချူးယင်က ပြုံးလိုက်သည်။

"ကိုယ်ရေးကိုယ်တာ ကိစ္စရှိလို့ပါ .... "

ယဲ့တုဝေက စီးချူးယင်အား အကဲခတ်ကြည့်လိုက်သည်။



"ကျင်းမြို့တော်ဟာ မြောက်ပိုင်းဒေသရဲ့ အစွန်ဆုံးမြို့ငယ်လေးတစ်ခုပဲ .... အလွန်ခေါင်သီ ဝေးလံပါတယ် .... ကျုပ် သုံးလေးခေါက်ရောက်ဖူးပါတယ် .... အဲဒီမြို့က လူ့အတော်များများနဲ့လည်း သိကျွမ်းပါတယ် .... ဒါထက် မင်းက ကျင်းမြို့တော်က ဘယ်သူ့ဆီကို သွားမလို့လဲ .... "

ထိုစကားကို ကြားလိုက်ရသောအခါ စီးချူးယင်မှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

ယဲ့တုဝေက ကပျာကယာ လက်ကာပြလိုက်၏။

"ကျုပ် စပ်စုသလိုဖြစ်သွားရင် ခွင့်လွှတ်ပါဗျာ .... ကျုပ်က ကူညီနိုင်ရင် ကူညီမလို့ပါ .... "

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဒါဟာ လျှို့ဝှက်ရမယ့် ကိစ္စမဟုတ်ပါဘူး .... ကျုပ်က ကျင်းမြို့တော်က ဂူချင်းတုံဆီကို သွားမလို့ပါ .... "

ယဲ့တုဝေက မျက်မှောင်ကြုတ်သွားသည်။

"ဂူချင်းတုံ ဟုတ်လား .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ခင်ဗျားသိလို့လား .... "

ယဲ့တုဝေက စဉ်းစားလိုက်ပြီး ....

"ကျင်းမြို့တော်မှာ ဂူချင်းတုံဆိုတဲ့လူ တစ်ယောက်တော့ရှိတယ် .... ဒါပေမယ့် သူက ဘုံကျောင်းစောင့်ပဲဗျ .... "

စီးချူးယင်က ပြုံးလိုက်၏။

"ကျုပ်တွေ့ရမယ့် ဂူချင်းတုံကလည်း ဘုံကျောင်းစောင့်တစ်ယောက်ပါပဲ .... "

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ယွဲ့တုဝေမှာ စိတ်ဝင်စားသွား၏။

ဤမျှ ဝေးလံသော ခရီးကြမ်းကိုဖြတ်ကာ ဘုံကျောင်းစောင့် တစ်ဦးနှင့် တွေ့ဆုံခြင်းသည် သူ၏စိတ်ကို ညှို့ယူဖမ်းစားသွား၏။

စီးချူးယင်က သူ့ကို ပြုံး၍ကြည့်လိုက်သည်။

"ခင်ဗျား .... စိတ်ဝင်စားသွားပြီး အံ့သြသွားတယ် မဟုတ်လား .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... မင်းကို ကျုပ်နားမလည်တော့ဘူး .... "

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်ကိစ္စကိုသိရင် .... ခင်ဗျား ရှင်းသွားမှာပါ .... "

ယွဲ့တုဝေက လက်ကာပြလိုက်သည်။

"နေပါစေဗျာ .... သူတစ်ပါးကိစ္စကို ကျုပ်က အတင်းစပ်စု သလိုဖြစ်နေပြီ .... "

စီးချူးယင်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကိစ္စက လျှို့ဝှက်ရမဲ့ကိစ္စတော့ မဟုတ်ဘူး .... "

ယွဲ့တုဝေက ပြုံးလိုက်သည်။

"ရပါတယ်ဗျာ .... "

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်၏။

သူသည် ယွဲ့တုဝေအား စေ့စေ့ကြည့်လိုက်ပြီး ....

"ခင်ဗျားဖခင်ကို ခင်ဗျားဘယ်လိုသဘောထားသလဲ .... "

ဟု မေးလိုက်၏။

ယွဲ့တုဝေမှာ မမျှော်လင့်သော မေးခွန်းကြောင့် ကြောင်အမ်းအမ်းဖြစ်သွား၏။



စီးချူးယင်က သူ၏အဖြေကို စိတ်ရှည်စွာ စောင့်နေသည်။

အတန်ကြာမှ ....

ယွဲ့တုဝေက ပြန်လည်သတိဝင်လာပြီး ဖြေလိုက်သည်။

"ကျုပ်အဖေဟာ .... ကျုပ်ဘဝအတွက် လေးစားကြည်ညို ဖွယ်အကောင်းဆုံး ပုဂ္ဂိုလ်ပါပဲ .... နောက်ပြီး ကျုပ်အလွန်ချစ်ခင် ပါတယ် .... "

စီးချူးယင်က ခေါင်းညိတ်လိုက်၏။

"သားသမီးတိုင်းဟာ ကိုယ့်မိဘကို ချစ်ခင်ကြတယ် .... လေး စားကြတယ် .... အထင်ကြီးကြပါတယ် .... "

ယွဲ့တုဝေ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွား၏။

"ဒါ .... ဒါဆို .... ဝူချင်းတုံဟာ မင်း .... မင်းရဲ့ဖခင် .... "

စီးချူးယင်က ခေါင်းခါယမ်းလိုက်သည်။

"သူက ကျုပ်ဖခင် မဟုတ်ဘူး .... "

ယွဲ့တုဝေမှာ မိမိကိုယ်မိမိ အပြစ်တင်နေမိသည်။

သူ၏အလောတကြီး ထင်မြင်မှုမှာ မှားယွင်းသွားပြီ မဟုတ် ပါလား။

စီးချူးယင်က စကားဆက်လိုက်၏။

"ကျုပ်လည်း ကျုပ်အဖေကို အလွန်ချစ်ခင်လေးစားတယ်ဗျ သူဟာ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်အတွက်တော့ သူရဲကောင်းပဲ"

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ကျုပ်ဖခင်ယွဲ့ဝမ်းဟိုဟာလည်း ကျုပ်တို့ အတွက် သူရဲကောင်းပဲဗျ .... "

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် .... သူများနဲ့ မတူအောင် တစ်ခုတော့ရှိတယ်"

ယွဲ့တုဝေမှာ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုမတူတာလဲ .... "

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျုပ်အဖေကို ကျုပ်တစ်ခါမှ မမြင်ဖူးပါဘူး .... "

ယွဲ့တုဝေမှာ စီးချူးယင်အား သနားကရုဏာသက်မိသည်။

စီးချူးယင်က စကားဆက်လိုက်၏။

"သူဟာ .... သိုင်းလောကသားတစ်ဦးပါပဲ .... တစ်ချိန်က ကျင်းမြို့စားကြီး နန်းကုန်းလိရဲ့ ကိုယ်ရံတော်တစ်ယောက်ပဲ .... ဘယ် လောက်ဂုဏ်ယူဖို့ ကောင်းသလဲ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့ .... "

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"သူဟာ အလွန်ဖြောင့်မတ်တည်ကြည်တယ် .... ရွဲ့သည်း အလွန်ရှိတယ် .... ရဲဝံ့တဲ့ ကိုယ်ရံတော်ကောင်းတစ်ယောက်ပဲ .... "

ယွဲ့တုဝေက အလိုက်သင့် ခေါင်းညိတ်လိုက်၏။

"ဒီလိုလူမျိုးကို ဖခင်တော်ရတာ .... အင်မတန်ဂုဏ်ယူထိုက် ပါတယ်ဗျာ .... "

စီးချူးယင်က စကားဆက်လိုက်သည်။

"သူဟာ .... ကျင်းမြို့စားဆီမှာ အမှုထမ်းခဲ့တယ် .... သူ့ လက်အောက်မှာ ကိုယ်ရံတော်လေးယောက်ရှိတယ် .... သူတို့ကိုယ် ရံတော်ငါးယောက်ဟာ ရဲစွမ်းသတ္တိနဲ့ပြည့်စုံပြီး သိုင်းပညာထက်မြက် ကြတယ် .... ကျုပ်အဖေရဲ့သိုင်းပညာကတော့ သူတို့အားလုံးထဲမှာ



အထက်မြက်ဆုံးမို့လို့ ကျင်းမြို့စားကြီးက ပိုပြီးအားထားခဲ့တယ် .... အခုတော့ အဲဒီကျင်းမြို့စားကြီး နန်းကုန်းလီလည်း မြို့စားဘဝက အနားယူသွားပါပြီ .... "

ယွဲ့တုဝေက စီးချူးယင်အား တစ်ချက်လှမ်းကြည့်လိုက်သည်။

"မင်းအဖေအကြောင်း မင်းအတော်သိတာပဲ .... အင်း မတွေ့ ဖူးတာတော့ စိတ်မကောင်းစရာဘဲ .... "

စီးချူးယင်က ဂုဏ်ယူပြီး ပြောလိုက်သည်။

"ကျုပ်အဖေကို တစ်ခါမှ မတွေ့ဖူးပေမယ့် သူ့အကြောင်းကို တော့ ကျုပ်အမေက နေ့စဉ်ပြောခဲ့တာ အလွတ်တောင်ရသလောက် ဖြစ်နေတယ်လေ .... "

ယွဲ့တုဝေမှာ မျက်မှောင်ကြုတ်သွားသည်။

"အခု .... မင်းက မင်းဖခင်ကို ရှာမလို့ ထွက်လာခဲ့တာလား"

စီးချူးယင်က ခေါင်းခါလိုက်၏။

"မဟုတ်ပါဘူး .... မရှာပါဘူးဗျာ .... "

ယွဲ့တုဝေမှာ ဒုတိယအကြိမ် ခန့်မှန်းမှု မှားသွားသဖြင့် ကိုယ့် ကိုယ်ကို အပြစ်တင်မိသည်။

ဤမျှတော့ ညှို့ဖျင်းဖို့ မကောင်းပေ။

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်အဖေဟာ ကွယ်လွန်ခဲ့ပါပြီ .... ကျုပ်အဖေနဲ့အတူ ကိုယ်ရံတော်လေးယောက်အပြင် မြို့စားရဲ့ ရဲမက်တွေဟာ ဘဏ္ဍာ တော်တွေကို နေပြည်သွားရောက်အပို့မှာ မသမာသူတစ်စုရဲ့ တိုက် ခိုက်လုယက်ခြင်းကို ခံလိုက်ရတဲ့အတွက် .... သေဆုံးခဲ့ရပါတယ် ဘဏ္ဍာငွေအားလုံးပဲ အလုယက်ခံလိုက်ရပါတယ် .... "

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေမှာ စိုးချူးယင်အတွက် စိတ်မကောင်းဖြစ်သွားသည်။

"ကျုပ်စိတ်မကောင်းပါဘူးဗျာ .... "

သူသည် ယင်းသို့ပြောပြီး စိုးချူးယင်အား ဖေ့စေ့ကြည့်လိုက်၏။

"ဒါဆိုရင် .... မင်းက ဘုံကျောင်းစောင့် ဂူချင်းတုံဆီကို ဘာသွားလုပ်မှာလဲ .... "

စိုးချူးယင်က ရှင်းပြလိုက်သည်။

"ကျုပ်အဖေရဲ့ အရိုးအိုးကို သွားယူမလို့ပါ .... စိုးချင်းတုံစောင့်ရှောက်ထားတဲ့ တုံမျိုးနွယ်စု ဘုံကျောင်းမှာ .... မြို့စားကြီးရဲ့ ရဲမက်တွေ .... ကိုယ်ရံတော်တွေရဲ့ အရိုးအိုးတွေ ထားရှိပါတယ် ဒီတော့ ကိုယ့်အဖေရဲ့ အရိုးအိုးကို ယူဖို့ .... ဒီခရီးလမ်းလောက်တော့ ရင်ဆိုင်သင့်တာပေါ့ဗျာ .... မဟုတ်ဘူးလား .... "

ယွဲ့တုဝေမှာ မျက်မှောင်ကြုတ်သွားသည်။

"မင်းရဲ့အမေကော .... "

စိုးချူးယင်မှာ သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်အမေလည်း ကွယ်လွန်သွားပါပြီဗျာ .... "

ယွဲ့တုဝေမှာ မိမိကိုယ်မိမိ အပြစ်တင်လိုက်သည်။

မိခင်ဖြစ်သူအား မေးလိုက်သောကြောင့် စိုးချူးယင်၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ထို့ကြောင့် ....

သူက တောင်းပန်ရင် ဟန်ပြင်လိုက်စဉ် စိုးချူးယင်က မြင်းလှည်းပေါ်သို့ ပြန်လည်တက်သွားလေတော့သည်။



ယွဲ့တုဝေသည် သက်ပြင်းတစ်ချက်ချလိုက်၏။

စိုးချူးယင်သည် အလွန်စိတ်ပျော့သူတစ်ဦးဟုလည်း ထင်မှတ်မိလေတော့သည်။

ဤတစ်ကြိမ်တွင်လည်း သူ့အထင်အမြင်မှားနိုင်သည်ကို သူတွေးမိပါချေ။

❋ ❋ ❋

www.burmeseclassic.com

## အခန်း (၂)

## လမ်းခုလတ် ခရီးသည်

မိုးစင်စင်လင်းလေပြီ။

ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ မကျဆင်းတော့ချေ။

အကျလျော့ပါးသွားလေပြီ။

သို့သော် ....

အအေးဓာတ်ကမူ လွှမ်းကဲနေဆဲပင်ဖြစ်သည်။

ယွဲ့တုဝေမှာ အိပ်စက်နေရာမှ ထလိုက်၏။

နှစ်ခြိုက်စွာ အိပ်စက်လိုက်ရသဖြင့် အားအင်ပြည့်ဝသွားသည်။

သူသည် မြင်းလှည်းထဲမှ ထွက်လိုက်၏။

“အားလုံး အသင့်ပြင်ကြပေ့ ... ခရီးထွက်မယ် ခရီးစပြီ”

သူသည် ခရီးဆက်ရန် အဖွဲ့သားများကို လောဆော်လိုက်သည်။

အဖွဲ့သားများကို လှုံ့ဆော်ရသည်မှာ မလွယ်။ သို့သော် ... အားလုံးအဆင်သင့်ဖြစ်သွားသည်။



အေးခဲလှသော ရာသီဥတုတွင် နံနက်ခင်း၌သာ ခရီးလျှင်မြန်စွာသွားနိုင်သည် မဟုတ်ပါလား။

ယွဲ့တုဝေ၏ ဦးဆောင်မှုအောက်ဝယ် မြင်းလှည်းတန်းမှာ စနစ်တကျဖြစ်သွား၏။

ယွဲ့တုဝေက ရှေ့ဆုံးမှ မြင်းလှည်းပေါ်သို့တက်လိုက်ပြီး နောက်ခရီးဆက်ရန် အမိန့်ပေးလိုက်လေတော့သည်။

ယွဲ့တုဝေက အော်လိုက်၏။

“စထွက်မယ် ....”

မြင်းလှည်းသည် တရွေ့ရွေ့ခရီးဆက်နေ၏။

ယွဲ့တုဝေမှာ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းနေသော ကောင်းဝူးလွင်ပြင်ကို သတိထား၍ ခရီးဆက်လာ၏။

သူသည် ဤခရီးလမ်းကို သွားလာဖူးသောသူဖြစ်၍ မပေါ့ဆပါ။

ကောင်းဝူးလွင်ပြင်တွင် လမ်းမှားသွားသည်နှင့် အသက်ဆုံးသွားနိုင်သည် မဟုတ်ပါလား။

ယွဲ့တုဝေက မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ စီးချူးယင်၏ မြင်းလှည်းပေါ်သို့ တက်လိုက်၏။

“စီးချူးယင် .... မင်းတစ်ယောက်တည်း ပျင်းနေပြီလား.... ခရီးလမ်းကတော့ ဒီလိုပဲ အတော်ကို သည်းခံရတယ် ....”

စီးချူးယင်က ပြုံးလိုက်သည်။

“ကိစ္စမရှိပါဘူး ....”

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

“ဒီလမ်းခရီးကို ကျုပ်ငြီးငွေ့တယ်ဗျ .... ရာသီဥတုကလည်း

www.burmeseclassic.com



အရမ်းဆိုးတယ် .... ဒါပေမယ့် ကျုပ်အဖေပြီးရင် ကျုပ်ကပဲ ဒီလမ်းခရီးကို အကျွမ်းကျင်ဆုံးဖြစ်နေတယ် .... ခဏ ခဏသွားတော့လည်း ကျွမ်းကျင်လာတာပဲဗျာ .... "

စီးချူးယင်က **တိတ်ဆိတ်**စွာ နားစွင့်နေသည်။

ယှဲ့တုဝေက **စကားဆက်**လိုက်သည်။

"လွင်ပြင်မှာ **ခရီးသွား**တဲ့လူဟာ .... ကြယ်တာရာတွေကို သိသင့်တယ်ဆိုတာ .... မင်းက စာပေသမားဆိုတော့ သိမယ်ထင်တယ်"

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ကြယ်တာရာနဲ့ ပတ်သက်တဲ့ ဗဟုသုတ အတော်အတန်တော့ ရှိပါတယ် .... "

ယှဲ့တုဝေက ပြုံးလိုက်၏။

"ဒီကြယ်တာရာတွေအကြောင်း သိထားမှ ကျုပ်တို့လို လွင်ပြင်မှာ ခရီးသွားတွေ လွယ်ကူအဆင်ပြေမှာကွ .... ဒီလိုဆိုးနှင်းထူတဲ့ လွင်ပြင်မျိုးမှာ မွန်ဂိုလူမျိုးတွေ အုပ်စုဖွဲ့ပြီး နေလေ့ရှိတယ်ဆိုတာတော့ မင်းကြားဖူးမှာပေါ့ .... "

စီးချူးယင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ .... ကြားဖူးပါတယ် ဒီလောက်ဆိုးဝါးတဲ့ **ရာသီဥတု**မှာ သူတို့ဘယ်လိုနေထိုင်စားသောက်သလဲဆိုတာ .... **ကျုပ်စဉ်းစား**လို့ မရဘူး .... "

ယှဲ့တုဝေက ရှင်းပြလိုက်သည်။

"တချို့အုပ်စုတွေက ဓားပြတွေလေ .... သူတို့က လွင်ပြင်ခရီးသွားတွေကို လုယက်လေ့ရှိတယ် .... ဒါလည်း အကျင့်ပါပဲ ကျုပ်ခရီးကို ခဏခဏသွားနေတော့ ဒီခရီးလမ်းကို ကျွမ်းကျင်နေသလိုပေါ့



ဗျာ .... ဓားပြတွေလည်း ဆီးနှင်းလွင်ပြင်ထဲမှာ **သွားပါများတော့** ကျွမ်းကျင်နေတာပေါ့ကွာ .... "

ထိုစကားကြောင့် စီးချူးယင်၏မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွား၏။

သူ၏ခန္ဓာကိုယ်မှာလည်း ဆတ်ခနဲ တုန်ခါသွား၏။

ယှဲ့တုဝေက ပြုံးလိုက်သည်။

"မင်းကြောက်သွားပြီလား .... "

စီးချူးယင်မှာ ပါးစပ်ပိတ်သွားလေ၏။

ယှဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

"ဒီလောက် ကြောက်စရာမလိုပါဘူး .... ကျုပ် ဒီလမ်းခရီးကို သွားခဲ့သမျှ ဘယ်ဓားပြနဲ့မှ မတိုးခဲ့ဘူး .... ကျုပ်တို့ ရွှေဓားအာမခံဌာနကို ဒုက္ခပေးလေ့ မရှိပါဘူး .... "

ထိုအခါမှ ....

စီးချူးယင်မှာ သက်ပြင်းချနိုင်လေသည်။

ယှဲ့တုဝေက **ပခုံးတစ်ချက်တွန့်**လိုက်လေသည်။

"ကျုပ်တို့ **အာမခံဌာနတစ်ခု**ပဲ နယ်ခြားမြို့ ကျင်းမြို့တော်ကို ကြွာဆေးဝါးတွေ **တာဝန်ယူ**ပို့ပေးနေတာဆိုတော့ .... ကျုပ်တို့အဖွဲ့ကို ဥပေက္ခာပြုထားတယ်နဲ့ တူပါတယ် .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်ပါတယ် .... ဒါထက် တတိယမြင်းလှည်းက တံခါးအမြဲပိတ်ထားတယ် လူမပါဘူးလား .... "

ထိုစကားကြောင့် ယှဲ့တုဝေမှာ မျက်နှာကွက်ခနဲပျက်သွား၏။

စီးချူးယင်က အလိုက်သိစွာပင် ပြန်၍တောင်းပန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မသိလို့ မေးတာပါ .... စိတ်မရှိပါနဲ့ .... ကျုပ်ကလည်း အလုပ်ကမရှိတော့ တောင်ကြည့် မြောက်ကြည့် အားလုံး ကြည့်နေမိတော့တာပဲဗျာ ...."

ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူး .... ဒီလမ်းခရီးမှာ လျှို့ဝှက်ချက်ဆိုတာ အားလုံး မရှိပါဘူး .... အမှန်တော့ ကျုပ်တို့ဒီတစ်ခေါက် အဓိကပို့ရမှာက တတိယမြင်းလှည်းပါ .... အဲဒီမြင်းလှည်းမှာ ...."

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

သူ၏အမြင်ကို ပြောလိုက်သည်။

"မြင်းလှည်းဘီးရာက မနက်တော့ .... ကုန်ပစ္စည်းမပါဘူးဆိုတာ .... သိသာပါတယ် ...."

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ် .... အဲဒီမြင်းလှည်းဟာ လူနှစ်ယောက်ပါတယ် လူမမာတစ်ဦးနဲ့ အဖော်တစ်ဦးပဲ .... ကျုပ် သူတို့ကို စိတ်ဝင်စား မိပေမယ့် ကိုယ့်ခရီးသည်ဖြစ်နေလို့ မစပ်စုမိဘူး ...."

ထိုစကားကြောင့် စီးချူးယင်မှာ မျက်မှောင်ကြုတ်သွား၏။

"လူမမာတစ်ယောက်ဟာ ဒီလိုရာသီဥတုဆိုးရွားတဲ့ ခရီးကြမ်း ကိုသွားတာ အတော်စဉ်းစားစရာပဲ .... တကယ်တော့ အိမ်မှာပဲ သက်သက်သာသာ အနားယူနေသင့်ပါတယ် ...."

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ခက်တာက ကျုပ်က မြင်းလှည်းဘေး သွားမေးတိုင်း ကျုပ်လာတာကို မကြိုက်ဘူး .... ကိုယ့်အလုပ်ကိုယ် လုပ်ဖို့ပဲ ပြောတယ်ဗျ .... ဒီတော့ ကျုပ်လည်း မမေးတော့ဘူး



ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေရတာပဲ ...."

ထိုစကားကြောင့် စီးချူးယင်မှာ စိတ်ဝင်စားသွား၏။

"သူတို့က ဘယ်လိုလူတွေလဲဗျ ...."

ယွဲ့တုဝေက ပြုံးလိုက်သည်။

"သူတို့က ကျုပ်တို့ခရီးထွက်မယ့်ညမှာ ရောက်လာပြီး .... မြင်းလှည်းပေါ်ကို တက်သွားတာပဲ .... အခုထိ သူတို့ကို မမြင်ရသေးဘူး ...."

စီးချူးယင်က မှတ်ချက်ချလိုက်သည်။

"အတော်လျှို့ဝှက်တဲ့ လူတွေပဲနော် ...."

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ကျုပ်လည်း မြင်းလှည်းထဲမှာ ရှိမရှိသေး ရဲ့လားလို့ သံသယဝင်လို့ သွားကြည့်ရတယ် .... ကြည့်တယ်ဆိုတာ လည်း အနားကပ်သွားတာ မဟုတ်ပါဘူး .... အခြေအနေကို စောင့် ကြည့်ရတာပါပဲ .... လူတော့ရှိတယ်ဗျ ...."

စီးချူးယင်က စိတ်ဆိတ်စွာ နားစွင့်နေသည်။

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်အလုပ်က ကုန်ပစ္စည်းတွေနဲ့ ခရီးသည်တွေကို ကျင်း မြို့တော်ဆီ အရောက်ပို့ပေးဖို့ပဲ .... သူတို့နဲ့ မင်းကတော့ အပိုကိစ္စ ဆိုပါတော့ကွာ ...."

စီးချူးယင်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ကျင်းမြို့တော်ရောက်ရင် .... ခင်ဗျားတို့ ဘယ်လောက်ကြာ ကြာနေကြမလဲ ...."

ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမှန်မရှိပါဘူး .... အပြန်အတွက် ကုန်အသင့်ရှိနေရင် နှစ်ရက်လောက်နားပြီး ပြန်ထွက်လာတာပဲ .... တစ်ခါတလေ ကုန်စောင့်ရင်း တစ်လလောက်လည်း ကြာချင်ကြာတတ်တယ် .... "

စီးချူးယင်မှာ မျက်မှောင်ကြုတ်သွားသည်။

"သိပ်ကြာရင် .... ခင်ဗျားတို့အတွက် တည်းခိုစရိတ် ဘယ်သက်သာပါ့မလဲ .... "

ယဲ့တုဝေက ပြုံးလိုက်သည်။

"ကျင်းမြို့တော်မှာ ကျုပ်တို့ရွှေအေးဌာနခွဲတစ်ခုရှိပါတယ် ...."

စီးချူးယင်မှာ ယခုမှ သဘောပေါက်သွားလေသည်။

"သြော် ဒီလိုကိုး .... ကျုပ်က အချိန်မီရင် ခင်ဗျားတို့နဲ့ ပြန်လိုက်မလို့ပါ .... "

ယဲ့တုဝေက သူ့အားလှမ်းကြည့်လိုက်၏။

"မင်း ကျင်းမြို့တော်မှာ .... ဘယ်လောက်ကြာကြာနေဖို့ စိတ်ကူးထားသလဲ .... "

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျင်းမြို့တော်မှာ ကျုပ်ရဲ့အသိမိတ်ဆွေမရှိပါဘူး .... ဒါကြောင့် အဖေ့အရိုးအိုးကို ယူလာခဲ့မယ် .... အများဆုံး တစ်ပတ်လောက်နေပြီးရင် လုံလောက်ပါပြီ .... ကျုပ်အမိက ကိစ္စကတော့ အဖေ့အရိုးအိုးယူဖို့ ကိစ္စပဲ .... ဒီကိစ္စပြီးရင် ပြီးတာပါပဲဗျာ"

ယဲ့တုဝေက ခေါင်းညိတ်လိုက်၏။

"တစ်ပတ်လောက်ဆိုရင်တော့ ကျုပ်တို့စောင့်နိုင်ပါတယ် .... သိပ်များတာမှ မဟုတ်တာ .... တစ်လကိုး သီတင်းကြာရင်တော့ တစ်မျိုးပေါ့ .... "



စီးချူးယင်၏မျက်နှာမှာ ဝင်းလက်တောက်ပသွားသည်။

"ကျေးဇူးတင်ပါတယ်ဗျာ .... "

ယဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး .... ကျင်းမြို့တော်ရောက်ရင် ကျုပ်ကူညီပြီး လိုက်ပို့ပေးရမလား .... "

စီးချူးယင်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး ပြန်မေးလေ၏။

"ခင်ဗျားမှာ အလုပ်တစ်ဖက်နဲ့ မဟုတ်လား .... "

ယဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီအလုပ်တွေကို ဌာနခွဲတာဝန်ခံတွေက လုပ်ပါလိမ့်မယ် ကျုပ်က အချိန်အားပါတယ် .... "

စီးချူးယင်က အားတုံ့အားနာဖြင့် ပြောလိုက်သည်။

"ခင်ဗျားအပေါ် ကျေးဇူးတင်ရမှာ များနေပါပြီဗျာ .... "

ယဲ့တုဝေက ရယ်မောလိုက်၏။

"ဟား .... ဟား .... ဟား .... များနေလည်း ကျေးဇူးတင်မနေပါနဲ့တော့ဗျာ .... "

စီးချူးယင်ကလည်း ပေါ့ပါးစွာ ရယ်မောလိုက်သည်။

ဆီးနှင်းအနည်းငယ်လျော့ပါးစပြုပြီဖြစ်၍ မြင်းလှည်းများက ခပ်သွက်သွက် ခရီးဆက်နိုင်လေ၏။

ယဲ့တုဝေက အပြင်ဘက်သို့ ညွှန်ပြလိုက်ပြီး ....

"ကောင်းဝူးလွင်ပြင်ဟာ .... အခုတော့လည်း အေးချမ်းသလိုပဲ ဒါပေမယ့် သူဟာ မာယာများနဲ့ပြည့်နှက်နေတဲ့ ဆီးနှင်းလွင်ပြင်တစ်ခုပဲ .... "

စီးချူးယင်မှာ မျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မာယာများတယ် ဟုတ်လား ....."

ယဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ..... ဆီးနှင်းလွင်ပြင်ဟာ အပေါ်ယံကကြည့်ရင် တည်ငြိမ်တယ်လို့ ထင်ရပေမယ့် အမြဲပြောင်းလဲနေတယ် ..... နှင်းမုန်တိုင်းတွေကလည်း အချိန်မရွေး ကျရောက်နိုင်တယ် ....."

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်၏။

သူသည် နှင်းမုန်တိုင်းများအကြောင်း ကောင်းစွာမှတ်သားဖူးခဲ့သည် မဟုတ်ပါလော။

ထိုအချိန်တွင် .....

ယဲ့တုဝေက ပထမအကြိမ် သူတို့ရွှေစားအာမခံဌာနအဖွဲ့ နှင်းမုန်တိုင်းမိခဲ့သည့် အကြောင်းများကို ပြန်လည်ပြောပြနေသည်။

သူတို့အဖို့ ထိုသို့ပြောရင်း အချိန်ဖြုန်းခွင့်ရနေကြသည်။

စီးချူးယင်က တိတ်ဆိတ်စွာ နားထောင်နေ၏။

ယဲ့တုဝေ၏ စကားဆုံးသွားသောအခါမှ သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"အဲဒီတစ်ကြိမ်က ကုန်ပစ္စည်းတွေအားလုံး ဆုံးရှုံးသွားပေမယ့် လူမသေတာ ကျုပ်တို့အောင်မြင်မှုပဲ ..... ကျုပ်အတွက်လည်း နှင်းမုန်တိုင်းကို ရင်ဆိုင်ဖို့ နည်းလမ်းတွေ ရရှိလိုက်ရတယ် ..... အဲဒီအတွေ့အကြုံက နောက်ကြုံတဲ့ နှင်းမုန်တိုင်းဒဏ်က ကျုပ်လွတ်မြောက်ခဲ့တာပဲပေါ့ ....."

သူသည် ယင်းသို့ပြောပြီး ပခုံးတစ်ချက်တွန့်လိုက်၏။

"ကဲ ..... မင်းနဲ့ စကားပြောလို့တော့ ကောင်းပါတယ် ..... ဒါပေမယ့် ကျုပ်မှာ အလုပ်ရှိသေးတော့ သွားခွင့်ပြုပါဦးဗျာ ....."



စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ....."

ထို့နောက် .....

ယဲ့တုဝေသည် မြင်းလှည်းပေါ်မှဆင်းကာ သူ၏ပထမမြင်းလှည်းဆီသို့ ပြန်သွားလေတော့သည်။

အချိန်များက တရွေ့ရွေ့ကုန်ဆုံးသွား၏။

ရွှေစားအာမခံဌာနသည် ကောင်းဂူးလွင်ပြင်ကို ပျင်းရိငြီးငွေ့စွာဖြင့် ဖြတ်ကျော်လာခဲ့၏။

နောက်နှစ်ရက်ဆိုလျှင် ခရီးဆုံးပန်းတိုင်ဖြစ်သော ကျင်းမြို့တော်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ ခေါင်းပေါ်၌ အလွန်လေးလံလှသော ကျောက်တုံးကြီးတစ်တုံးလို ရွက်ထားရသကဲ့သို့ဖြစ်နေသူ ယဲ့တုဝေသည်သည် ခေါင်းအလွန်ပေါ့သွားသည်။

ယခု .....

ကျင်းမြို့တော်နှင့် နီးလာသောကြောင့် အားလုံးမှာ တက်ကြွနေကြလေတော့သည်။

စီးချူးယင်မှာလည်း အလွန်ပျင်းရိဖွယ်ကောင်းသော ခရီးကုန်ဆုံးတော့မည်ဖြစ်သောကြောင့် စိတ်သက်သာရာ ရသွားခဲ့လေသည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ညဦးယံ .... ။

နှင်းများ ကျဆင်းမှုရပ်သွား၏။

ထို့ကြောင့် .... ကောင်းကင်ပေါ်တွင် လခြမ်းပွဲကလေးရှိနေကြောင်း သိရှိနိုင်၏။

ကြယ်ကလေးများကမူ ထွန်းလင်းတောက်ပနေသည်။

ရွှေဘားအာမခံဌာန မြင်းလှည်းတန်းသည် လျှင်မြန်စွာခရီးဆက်နေလေသည်။

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်ပြီး ပြောလိုက်၏။

"ဒီနေ့ ထူးခြားတယ် .... "

ရုတ်တရက် အဆက်အစပ်မရှိ ပြောလိုက်သောကြောင့် စီးချူးယင်က ယွဲ့တုဝေကို လှည့်ကြည့်လိုက်သည်။

"ဘာထူးခြားတာလဲ .... "

ယွဲ့တုဝေက ပြုံးလိုက်သည်။

"တတိယမြင်းလှည်းက ကျုပ်ကိုခေါ်တယ်ဗျ .... "

ထိုစကားကြောင့် စီးချူးယင်မှာ စိတ်ဝင်စားသွား၏။

"ခင်ဗျား သူတို့နဲ့တွေ့ခဲ့ရတယ် .... အင်း ခင်ဗျားပြောတာ ဟုတ်နေတာပဲ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... အခုမှ သူတို့ကို သေသေချာချာ တွေ့ခဲ့ရတယ် .... "

စီးချူးယင်က နားစွင့်နေသည်။



ယွဲ့တုဝေက စကားဆက်လိုက်သည်။

"အသက်ငါးဆယ်လောက် အဘိုးအိုတစ်ယောက်နဲ့ လူလတ်ပိုင်းတစ်ယောက်ပဲ .... အဘိုးအိုက ရောဂါသည်နဲ့တူပါတယ် .... အားနည်းဖြူဖျော့နေတယ် .... "

စီးချူးယင်က မျက်မှောင်ကြုတ်သွားသည်။

"သူတို့က ခင်ဗျားကို ဘာခေါ်လိုက်တာလဲ .... "

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"ခဏနေကျရင် .... မြင်းလှည်းတန်းတွေကို ခဏရပ်ပေးဖို့ ပြောတာပဲ .... "

စီးချူးယင်က စိတ်ဝင်စားသွားသည်။

"ဘာကြောင့်လဲဗျ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း ဒီမေးခွန်းကို မေးပါတယ် .... ဒါပေမဲ့ သူတို့က မပြောဘူး .... "

စီးချူးယင်က အနည်းငယ်စဉ်းစားလိုက်ပြီး ....

"သူတို့ ဆင်းမလို့လားမသိဘူး .... "

ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး .... "

စီးချူးယင့်မှာ မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ .... "

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"ဒီနေရာက ကျင်းမြို့တော်နဲ့ နီးနေပြီဆိုပေမယ့် လမ်းလျှောက်သွားလို့ဖြစ်တာမှ မဟုတ်ဘဲ .... "

www.burmeseclassic.com

www.burmeseclassic.com



စီးချူးယင်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ဒီတော့ ခင်ဗျားက ဘာပြန်ပြောလိုက်သလဲ ...."

ယွဲ့တုဝေက ပြုံးလိုက်သည်။

"ကျုပ်တို့ဟာ ကိုယ့်ခရီးသည်တွေကို လေးစားရပါတယ် ...."

စီးချူးယင်က မျက်လုံးလှန်ကြည့်လိုက်၏။

"ဒါဆို .... ခင်ဗျားတို့က ရပ်ပေးမယ်ပေါ့ ...."

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ဒါပေမယ့် ခရီးအတွက် အနှောင့်အယှက်ဖြစ်မှာဆိုးတဲ့အတွက် အကြာကြီးရပ်မပေးနိုင်ဘူးလို့ ပြောလိုက်တယ်"

စီးချူးယင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

တစ်ခဏအကြာတွင် ....

မြင်းလှည်းတန်းသည် တုံ့ခနဲ ရပ်သွားသည်။

ယွဲ့တုဝေက သူ၏အဖွဲ့သားများအား မြင်းလှည်းရပ်တန့်ရန် အမိန့်ပေးလိုက်သည် မဟုတ်ပါလော။

ထို့နောက် ....

ယွဲ့တုဝေနှင့် စီးချူးယင်တို့သည် မြင်းလှည်းပေါ်မှ ဆင်းလိုက်ကြသည်။

သူတို့နှစ်ယောက်သည် တတိယမြင်းလှည်းဆီသို့ လှမ်းကြည့်လိုက်၏။

သူတို့ကြည့်နေစဉ်မှာပင် မြင်းလှည်းတံခါးပွင့်သွားလေ၏။

ထိုအခါ ....

မြင်းလှည်းထဲမှ အသက်သုံးဆယ်ခန့် အမျိုးသားတစ်ဦးဆင်းလာလေ၏။



ခန္ဓာကိုယ်ထွားကျိုင်းသန်မာပြီး အရပ်မြင့်မားသူတစ်ယောက်ဖြစ်သည်။

ထူးခြားသည်မှာ ....

ထိုလူ၏ခန္ဓာကိုယ်တွင် ပါးလွှာသော ဝတ်စုံရှည်တစ်ထည်ကိုသာ ဝတ်ဆင်ထားသည်။

ထို့အတူ ....

အဘိုးအိုမှာလည်း ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထား၏။

ထိုလူနှစ်ယောက်၏သွင်ပြင်ကို ကြည့်ခြင်းအားဖြင့် သူတို့သည် နှင်းများထူထပ်သိပ်သည်းနေလေ့ရှိသည့်ဒေသတွင် နေထိုင်ခဲ့ဟန်တူကြောင်း ခန့်မှန်းရ၏။

ထိုသူက အဘိုးအိုအားတွဲ၍ မြင်းလှည်းအောက်သို့ ချပေးလိုက်၏။

အဘိုးအို၏ခန္ဓာကိုယ်သည် ပိန်လှီလွန်းလှပြီး လူမမာတစ်ယောက်နှင့်ပင် တူနေသည်။

သို့သော် ....

အဘိုးအို၏ မျက်လုံးအစုံမှာမူ စူးရှတောက်ပလှသည်ကို စီးချူးယင်က သတိထားလိုက်မိ၏။

သူတို့အကဲခတ်ကြည့်နေစဉ်မှာပင် ထိုလူနှင့် အဘိုးအိုသည် ယွဲ့တုဝေအနီးသို့ ရောက်ရှိလာကြသည်။

အဘိုးအိုက လက်နှစ်ဖက်ဆုပ်လိုက်ပြီး ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ ...."

ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး .... အဲ ဒါပေမယ့် ကျုပ်တို့မြင်းလှည်းတွေ ကြာ

www.burmeseclassic.com

www.burmeseclassic.com



ကြာ မရပ်နားနိုင်တာတော့ ခွင့်လွှတ်ပါ .... ”

အဘိုးအိုက ပြုံးလိုက်သည်။

“ကျုပ်နားလည်ပါတယ် .... မင်းတို့စောင့်နေစရာ မလိုပါဘူး ခရီးဆက်နိုင်ပါတယ် .... ”

ယှဲ့တုဝေမှာ မျက်မှောင်ကြုတ်သွားသည်။

“ခင်ဗျားစကားက .... ဘာကိုဆိုလိုတာလဲ .... ”

အဘိုးအိုက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်ပြော လိုက်လေ၏။

“ကျုပ်တို့ .... ဒီမှာဆင်းနေခဲ့တော့မလို့ပါ .... ”

ထိုစကားကြောင့် ယှဲ့တုဝေ၏မျက်လုံးအုံမှာ ဝိုင်းစက်ပြူးကျယ် သွားလေ၏။

“ခင်ဗျားတို့ ဒီမှာဆင်းနေခဲ့ကြမယ် ဟုတ်လား .... ”

အဘိုးအို၏ဘေးတွင် ရပ်နေသူက ဝင်၍ပြောလိုက်၏။

“ဟုတ်ပါတယ်ဗျာ .... ကျုပ်တို့ ခရီးစဉ်က ဒီမှာပဲပြီးဆုံးသွားပါ ပြီ .... ”

ယှဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

“မဟုတ်သေးပါဘူး .... ဒီလောက် ဆီးနှင်းတွေ ထူထပ်သိပ် သည်းနေတဲ့ လွင်ပြင်ထဲမှာ ခင်ဗျားတို့ ဘယ်လိုလုပ်သွားနိုင်မှာလဲ.... ဒီအနီးအနားမှာ လူနေအိမ်ခြေလည်း မရှိဘူး .... ခင်ဗျားတို့ ဒီမှာဆင်း နေခဲ့ရင် လွင်ပြင်ထဲက လမ်းမှားပြီး ပြန်မထွက်နိုင်ဘဲ ဆီးနှင်းတောထဲ မှာ အသက်ဆုံးသွားလိမ့်မယ် .... ကျုပ်က ဒီခရီးကို လေးငါးခေါက် ရောက်ခဲ့တဲ့လူပါ .... ”

သူ၏စကားကို အဘိုးအိုက ကြောက်ရွံ့ထိတ်လန့်ဟန် မရှိပဲ



အဘိုးအိုက ပြုံး၍သာနေသည်။

ယှဲ့တုဝေမှာ ဒေါသထွက်သွားသည်။

“ခင်ဗျားတို့ ရူးမနေရင်တော့ မြင်းလှည်းပေါ်ပြန်တက်ကြပါ”

**အဘိုးအို**က ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်တို့ မရူးပါဘူး .... မင်းတို့ ခရီးဆက်နိုင်ပါပြီ .... ကဲ ကျောက်မှ ကျုပ်တို့ သွားရအောင် .... ”

ထိုအခါ ....

အဘိုးအိုအား ကျောက်မုဆိုသောသူက တွဲကာ တရွေ့ရွေ့ ထွက်ခွာသွားလေသည်။

ယှဲ့တုဝေမှာ စိတ်ပျက်သွားသည်။

“ဒုက္ခပဲ .... ဒီလူတွေ စိတ်မကောင်းရဲ့လား .... ”

သူတို့သည် စိတ်ပျက်စွာဖြင့် တီးတိုးညည်းညူလိုက်ခြင်းဖြစ်

သို့သော် ....

ယှဲ့တုဝေမှာ ဘာမျှမတတ်နိုင်ပါချေ။

ခရီးသည်များက နေရစ်ခဲ့မည်ဆိုပါလျှင် သူက ထားခဲ့ရမည် ဟုတ်ပါလော။

ထို့ကြောင့် ....

ယှဲ့တုဝေတို့ မြင်းလှည်းပေါ်သို့ ပြန်တက်လိုက်ပြီး ခရီးဆက် အမိန့်ပေးလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## ရွှေနဂါး

မြင်းလှည်းတန်းသည် ရှေ့သို့ ခရီးဆက်နေပြီဖြစ်သည်။

ယဲ့တုဝေသည် တိတ်ဆိတ်စွာပင် မြင်းလှည်းပေါ်မှ လိုက်ပါလာ၏။

စီးချူးယင်သည် ယဲ့တုဝေအား အကဲခတ်ကြည့်လိုက်ပြီး မေးခွန်းထုတ်သည်။

"ခင်ဗျား ဘာတွေ စဉ်းစားနေတာလဲ .... "

ယဲ့တုဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီခရီးသည်နှစ်ယောက်ကို သူတို့ဆန္ဒအတိုင်း ထားခဲ့တာ ကျုပ်မှားသွားသလားလို့ .... စဉ်းစားနေတာပါ ဒီနေရာဟာ ရာသီဥတုအင့်မှတန်ဆိုးဝါးတဲ့ နေရာဗျ .... "

စီးချူးယင်က ပြုံးလိုက်သည်။

"ခင်ဗျား မမှားပါဘူးဗျာ .... "

ယဲ့တုဝေက စချူးယင်အား လှည့်ကြည့်လိုက်၏။



"မင်းက ကျုပ်ကိုနှစ်သိမ့်နေတာ မဟုတ်လား .... "

စီးချူးယင်က ခေါင်းခါယမ်းလိုက်သည်။

"နှစ်သိမ့်တာ မဟုတ်ဘူး .... သူတို့နေခဲ့တာဟာ အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပေါ့ .... ဒါကို ခင်ဗျားသိဖို့ကောင်းတယ် .... "

ယဲ့တုဝေက သက်ပြင်းတစ်ချက်ချလိုက်၏။

"ဘယ်လိုအကြောင်းပဲရှိရှိ .... ဆီးနှင်းလွင်ပြင်ထဲမှာ သူတို့ဘယ်လိုစခန်းသွားမလဲ .... ဒီနေရာမှာ နှင်းကလွဲလို့ တခြားဘာမှမရှိဘူး .... "

စီးချူးယင်က လက်ကာပြလိုက်သည်။

"စိတ်မပူပါနဲ့ဗျာ .... သူတို့ကို ကြိုဆိုနေတဲ့လူတွေ ရှိမှာပါ"

ယဲ့တုဝေက မျက်မှောင်ကြုတ်သွား၏။

"မင်းက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ .... "

စီးချူးယင်က ပြုံးလိုက်သည်။

"သူတို့ဘာသာ ခရီးဆက်မယ်ဆိုရင် .... အဓိကဖြစ်တဲ့ ရိက္ခာကို ယူဆောင်သွားရလိမ့်မယ် .... အခု ရိက္ခာယူမသွားတဲ့အတွက် သူတို့ဟာ တစ်စုံတစ်ယောက်နဲ့ တွေ့ဆုံဖို့ရှိတယ်ဆိုတာ သိသာပါတယ်"

ထိုစကားကို ကြားရသောအခါ ယဲ့တုဝေ၏မျက်နှာသည် ရုတ်ခြည်း တည်ကြည်လေးနက်သွား၏။

သူသည် ရုတ်ခြည်းပင် မြင်းလှည်းကိုရပ်ရန် အမိန့်ပေးလိုက်

စီးချူးယင်မှာ မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာလုပ်မလို့လဲ .... "

ယဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ မှန် မမှန်သွားကြည့်မလို့ ...."

သူသည် ယင်းသို့ပြောပြီးသည်နှင့် မြင်းလှည်းတံခါးကိုဖွင့်က
ဆင်းသွားလေတော့သည်။

ယွဲ့တုဝေသည် ခရီးသည်နှစ်ယောက် ကျန်ခဲ့သည့်နေရာသို့ မြ
ဖြင့် အပြင်းနှင်လာလေ၏။

သူစီးလာသောမြင်းသည် အာမခံဌာနမှ အပိုယူဆောင်လာသေ
မြင်းလွတ်ဖြစ်သည်။

ဆီးနှင်းလွင်ပြင်တွင် ခရီးသွားစဉ် ရာသီဥတုဆိုးရွားမှုကြော
မြင်းများသေဆုံးတတ်သဖြင့် မြင်းလွတ်များ ခေါ်ဆောင်လာခဲ့ရ
ဖြစ်သည်။

ယွဲ့တုဝေသည် အဘိုးအိုတို့အား ချထားပေးခဲ့သော နေရာ
အရောက်တွင် မြင်းပေါ်မှဆင်းကာ ခြေလျင်ပြေးလွှားလာခဲ့၏။

နှင်းထုများ ကျဆင်းထားသဖြင့် မြေပြင်ပေါ်တွင် အဘိုးအ
ကျောက်မုတို့၏ ခြေရာများကို အထင်းသားတွေ့မြင်လိုက်ရသည်။
များလွန်စွာ မကျဆင်းသည်ကို သူကျေးဇူးတင်ရသည်။

နှင်းများကျဆင်းလျှင် ခြေရာများကို နှင်းများဖုံးလွှမ်းသွား
လိမ့်မည်။

ယွဲ့တုဝေသည် ထိုခြေရာများအတိုင်း လိုက်လာခဲ့သည်။

အတန်ကြာသောအခါ ရှေ့တွင် လူရိပ်တစ်ရိပ်ကို တွေ့မြင်
ရသဖြင့် ပြေးလွှားနေသော ကိုယ်ရှိန်ကိုရပ်ကာ လှမ်းကြည့်လိုက်
သူ ရှေ့ဆက်မတိုးတော့ပေ။ ဒူးထောက်ထိုင်ချလိုက်၏

ထိုလူရိပ်နှစ်ရိပ်မှာ အဘိုးအိုနှင့် ကျောက်မုဆိုသူပင်ဖြစ်သ

သူတို့နှစ်ယောက်သည် မြေပြင်ပေါ်တွင် ထိုင်နေကြ၏။ သူ



တစ်ယောက်ယောက်ကို စောင့်နေလေသလား။

ယွဲ့တုဝေမှာ မျက်မှောင်ကြုတ်သွားသည်။

အတန်ကြာမှ သူသည် ပုန်းကွယ်နေရာမှ ထွက်ကာ မေးမြန်း
ရန် စဉ်းစားလိုက်သည်။

ထိုစဉ်မှာပင် ....

"ခွပ် .... ခွပ် .... ခွပ် ...."

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြား
လိုက်ရလေတော့သည်။

ယွဲ့တုဝေသည် ရင်ထိတ်သွား၏။

သူသည် ပို၍လုံခြုံစိတ်ချစေရန် နှင်းထုပေါ်တွင် ဝမ်းလျား
မှောက်ချလိုက်ပြီး မြင်ကွင်းကို အကဲခတ်ကြည့်နေမိသည်။

မကြာမီ ....

မြင်းခုနစ်ကောင်သည် နှင်းလွင်ပြင်တွင် အသော့နှင်လာသည်
ကို တွေ့မြင်ရ၏။

လူငါးယောက်သည် မြင်းငါးကောင်ကို အသားကျစီးနင်းလိုက်
ပါလာသည်။

ကျန်မြင်းနှစ်ကောင်ကိုမူ မြင်းကြိုးကိုဆွဲ၍ ခေါ်ဆောင်လာခြင်း
ဖြစ်သည်။

ထိုလူငါးယောက်၏ ခန္ဓာကိုယ်ပေါ်တွင် နှင်းကာဝတ်စုံများ
ဝတ်ဆင်ထားကြ၏။

အဘိုးအိုအနီးသို့ ရောက်လာသောအခါ မြင်းများကို ရပ်တန့်
လိုက်ကြ၏။

အဘိုးအိုက ထိုင်ရာမှထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုလူများအား ကြည့်လိုက်ပြီး ....

"အချိန်အတိအကျပဲ .... "

သူက လေသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်သည်။

နှင်းကာဝတ်စုံဝတ်ဆင်ထားသူများထဲက တစ်ယောက်က ပြန်ပြောလိုက်၏။

"ဂိုဏ်းချုပ်စောင့်နေပါတယ် .... "

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ .... သွားကြတာပေါ့ .... "

သူသည် ယင်းသို့ပြောပြီးသည်နှင့် မြင်းလွတ်တစ်ကောင်ပေါ်သို့ လွှားခနဲ တက်လိုက်လေသည်။

ယွဲ့တုဝေမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

လူမမာနှင့်တူလှသော အဘိုးအိုသည် ယခု သူ့ထက်ပင် လျင်မြန်ဖျတ်လတ်နေသည် မဟုတ်ပါလား။

သူကြည့်နေဆဲမှာပင် အဘိုးနှင့်အတူပါလာသော ကျောက်မှုဆိုသူသည် ကျန်မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်လိုက်သည်။ သူလည်း လွှားခနဲ ခုန်တက်လိုက်ခြင်းဖြစ်သည်။

ထို့နောက် ....

သူတို့လူစုသည် မြင်းကိုဒုန်းစိုင်းမောင်းနှင်ကာ အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

*



ယွဲ့တုဝေသည် မြင်းလှည်းတန်းဆီသို့ ပြန်လာခဲ့သည်။

ထို့နောက် ....

သူစီးနင်းလာသောမြင်းကို အဖွဲ့သားတစ်ယောက်၏လက်ထဲသို့အပ်ကာ သူက စီးချူးယင်၏မြင်းလှည်းပေါ်သို့ တင်လာခဲ့သည်။

စီးချူးယင်သည် မြင်းလှည်းပေါ်တွင် အေးဆေးစွာထိုင်နေသည်ကို မြင်တွေ့ရသည်။

သူသည် ယွဲ့တုဝေအား တွေ့မြင်ရလျှင် ပြုံးရွှင်သောမျက်နှာထားဖြင့် မေးလိုက်၏။ တကယ်တော့ မေးခြင်းမဟုတ်ပေ။ ပြန်လာသည်ကို အသိအမှတ်ပြုလိုက်ခြင်းတည်း။

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... "

သူသည် ယင်းသို့ ပြောလိုက်ပြီး စီးချူးယင်အား စေ့စေ့ကြည့်လိုက်၏။

"သူတို့ လာကြိုမယ့်လူရှိရမယ်လို့ မင်းက ဘာကြောင့်သိနေရတာလဲ .... "

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ခင်ဗျားလည်း တွေးကြည့်ရင် နားလည်မှာပါ .... အဖြေက ရှင်းနေတာပဲ .... ဒီကိစ္စက ဘယ်သူမဆို တွေးကြည့်ရင် သိနိုင်တဲ့ကိစ္စပါဗျာ .... "

ယွဲ့တုဝေက သက်ပြင်းချလိုက်သည်။

"အဘိုးအိုက လူမမာနဲ့တူပေမယ့် ကျုပ်ထက်တောင် လျင်မြန်သလိုပဲ .... "

www.burmeseclassic.com

www.burmeseclassic.com



စီးချူးယင်က ပြုံးလိုက်သည်။

"သူ့ရဲ့မျက်လုံးတွေကိုသာ သတိထားမိရင် .... သူဟာ လူမ မဟုတ်ဘူးဆိုတာ .... ခင်ဗျားအစောကြီးကတည်းက ရိပ်မိမှာပါ — ခင်ဗျားက အမှုမဲ့အမှတ်မဲ့နေလို့ပါ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... မင်းတောင်မှ ထိပ်သီးသိုင်းသမားများ လို့ ကျုပ်က သံသယဝင်နေမိပြီဗျ .... "

စီးချူးယင်က သဘောကျစွာ ရယ်မောလိုက်သည်။

"ကျုပ်ကို ဒီလောက်အထင်မကြီးပါနဲ့ဗျာ .... ကျုပ်က သိ ပညာနည်းနည်းပါးပါးပဲ တတ်ပါတယ်ဗျာ .... ဒါကိုတော့ ကျု မလျှို့ဝှက်ပါဘူး .... "

ယွဲ့တုဝေက ပြုံးလိုက်သည်။

"ဒီတစ်ခေါက် ခရီးကတော့ အမှတ်တရပါပဲ .... ဒီလူတွေ လျှို့ဝှက်မှုကို ကျုပ်က စိတ်ဝင်စားနေပြီဗျ .... "

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်၏။

"သူလမ်းသူသွား .... ကိုယ့်လမ်းကိုယ်သွားပေါ့ဗျာ .... ဒါ ခေါင်းထဲက ထုတ်ပစ်လိုက်မှဖြစ်မယ် .... ကိုယ့်ကိစ္စမှ မဟုတ်တာ ဗျာ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... မင်းပြောတာ မှန်တယ် .... ကဲ .... ကျု ခွင့်ပြုပါဦး .... မင်းလည်း အနားယူလိုက်တော့ .... "

❋



နှစ်ရက် ....

နှစ်ရက်ဟူသော အချိန်သည် ကုန်ဆုံးသွားပြီဖြစ်၏။

နံနက်ခင်း၏နေရောင်ခြည်သည် ထူထပ်သိပ်သည်းနေသော နှင်းထုကို လျော့ပါးစပြုစေသည်။

ယွဲ့တုဝေသည် မြင်းလှည်းပြတင်းမှနေ၍ အဝေးဆီသို့ မျှော်ကြည့်လိုက်သည်။

ထို့နောက် ....

သူသည် စီးချူးယင်ဘက်လှည့်ကာ ပြောလိုက်၏။

"ဟိုရှေ့က မြင်နေရတာ ကျင်းမြို့တော်ပဲ .... "

စီးချူးယင်က လှမ်းကြည့်လိုက်၏။

အဝေးတွင် မြင့်မားသော အုတ်တံတိုင်းများဖြင့် ကာရံထားသော မြို့ရိုးတစ်ခုကို တွေ့မြင်ရသည်။

ထိုမြို့ရိုး၏နောက်ဘက်တွင် ကျင်းမြို့တော်ဆိုသော နယ်ခြား မြို့လေးရှိသည် မဟုတ်ပါလော။

ကောင်းဂူးဆီးနှင်းလွင်ပြင်အဆုံး၌ တည်ရှိနေသော မြို့လေး ပင်ဖြစ်သည်။

စီးချူးယင်က ကျင်းမြို့တော်ရှိရာသို့ လှမ်းကြည့်လိုက်ပြီး ပြော လေ၏။

"ကျင်းမြို့တော်ဟာ ခံတပ်တစ်ခုလိုပါပဲဗျာ .... မြင့်မားတဲ့ မြို့ ရိုးကြီးကို လှမ်းမြင်ရတာ စိတ်မသက်မသာစရာပါပဲလေးဗျာ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .... ကျောင်းမြို့တော်ဟာ တစ်ချိန်က ခံတပ်တစ်ခုပဲ .... "

သူတို့စကားပြောနေစဉ်မှာပင် ကျောင်းမြို့တော်နှင့် တဖြည်းဖြည်းနီးလာလေသည်။

အုတ်တံတိုင်းမှာ ပေနှစ်ဆယ်ကျော်မြင့်မားပြီး အနီရောင်သုတ်လိမ်းထား၏။

မြို့တံခါးမှာမူ ဖွင့်ထားသည်။

ထိုအခါ ....

ယွဲ့တုဝေသည် ရှေ့ဆုံးမှ မြင်းစီးကာ အာမခံဌာနကို ဦးဆောင်ပြီး ကျောင်းမြို့တော်အတွင်းသို့ ဝင်ရောက်သွားလေ၏။

မြို့သူမြို့သားများက ယဲ့တုဝေအား ဝမ်းသာအားရနှုတ်ဆက်နေကြသည်ကို စီးချူးယင် သတိထားလိုက်မိသည်။

ကျောင်းမြို့တော် ....

ကျောင်းမြို့တော်သည် သန့်ရှင်းသပ်ရပ်သော နယ်ခြားမြို့ကလေးတစ်မြို့ဖြစ်သည်။

သီးနှင်းများဖြင့် အစဉ်ဖုံးလွှမ်းနေသော ရာသီဥတုကို ပိုင်ဆိုင်ထားသည့် မြို့လည်းဖြစ်သည်။

နယ်စပ်မြို့တော်ဖြစ်သော်လည်း စည်းကမ်းစနစ်ကျနသော မြို့လေးဖြစ်သည်။

မင်းလမ်းမကြီးသည် ကျယ်ဝန်းသန့်ရှင်းလှသည်။

မင်းလမ်းမကြီး၏တစ်ဖက်ထိပ်တွင် စားသောက်ဆိုင်နှစ်ဆိုင်နှင့် တည်းခိုခန်းတစ်ခုရှိ၏။

ကျောင်းမြို့တော်သို့ လာရောက်သူနည်းပါးသည့်အတွက် တည်းခိုခန်းတစ်ခုဆိုလျှင်ပင် လုံလောက်နေပြီ မဟုတ်ပါလော။ ထိုတည်းခိုခန်းသည်ပင်လျှင် ကျိုးနှင့် ဖုတ်ဖုတ်ဖြစ်နေလေ၏။



ထိုတည်းခိုခန်း၏အမည်မှာ ရွှေနဂါးတည်းခိုခန်းဖြစ်သည်။

ရွှေနဂါးတည်းခိုခန်းသည် နှစ်ထပ်အိမ်တစ်လုံးသာဖြစ်သည်။

စီးချူးယင်သည် ရွှေနဂါးတည်းခိုခန်းရှေ့သို့ ရောက်ရှိလာ၏။ စီးချူးယင်အနေဖြင့် ထိုတည်းခိုခန်းကို မသိနိုင်ပါ။

သူ့အား ယဲ့တုဝေက ညွှန်ပြလိုက်သောကြောင့်သာ ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် ဆိုင်အတွင်းသို့ လှမ်းဝင်လာ၏။

တည်းခိုခန်းအတွင်းရှိ ဧည့်ခန်း၌ ကုလားထိုင်သုံးလုံးခန့် ချထားသည်။

ဧည့်ခန်း၏တစ်ဖက်ထောင့်တွင် အပေါ်ထပ်သို့တက်ရန် လှေကားရှိသည်။

လှေကား၏ ညာဘက်တွင် စားပွဲတစ်ခုရှိသည်။

ထိုစားပွဲတွင် လူတစ်ယောက်ထိုင်နေသည်။

ထိုလူသည် စီးချူးယင်အား တွေ့မြင်သောအခါ **ခေါင်းငုံ့ကြိုပြု**လေ၏။

"ကျောင်းမြို့တော်ကိုရောက်လာတဲ့ ဧည့်သည်ထင်ပါတယ် .... ကြွပါ .... ကြွပါ .... အထဲကို ကြွပါ .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ကျုပ်က ဒီနေ့မနက်ကျမှ ကျောင်းမြို့တော်ကို ရောက်လာတာပါ .... ဒီမှာ တည်းခိုမလို့ပါ .... "

ထိုလူက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ .... ဒီမှာ လွတ်လွတ်လပ်လပ်တည်းခိုနိုင်ပါတယ် ဧည့်သည်လည်း နည်းတဲ့အတွက် ကြိုက်တဲ့အခန်းမှာ တည်းခိုနိုင်ပါတယ် .... "

ထို့နောက် ....

စီးချူးယင်သည် တည်းခိုခငွေကို ပေးချေလိုက်၏။

ထိုလူက **သူ့အား** အခန်းသော့ကို လှမ်းပေးလိုက်သည်။

"**အဲဒီအခန်းနံ**ပါတ်အတိုင်းပါပဲ .... မကြိုက်ရင်လည်း ပြောပါ"

**စီးချူးယင်**သည် လှေကားအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့လေတော့သည်။

❋

ကျင်းမြို့တော်၏ မင်းလမ်းမ ....

ကျင်းမြို့တော်၏ အစည်ကားဆုံးသောနေရာသည် မင်းလမ်းမဖြစ်သည်။

ကျင်းမြို့တော်သည် အိမ်ခြေသုံးရာခန့်မျှရှိပြီး လူဦးရေငါးရာခန့်မျှသာ ရှိသော မြို့တစ်မြို့ဖြစ်၏။

မြို့ကွက်နှင့်စာလျှင် လူဦးရေနည်းပါးသည်။

ပြည်မ၌ ကျေးရွာကြီးတစ်ရွာဆိုလျှင်ပင် လူငါးရာမျှ နေထိုင်ကြသည် မဟုတ်ပါလား။



နယ်ခြားမြို့ဖြစ်သည်နှင့်အညီ လူစုံလှပေသည်။

သို့သော် ....

ကျင်းမြို့တော်သို့ သူစိမ်းတရံ လာရောက်ခြင်းမှာ နည်းပါးလှ

ကျင်းမြို့တော်၏ အနောက်ဘက်တွင် ရေခဲများအစဉ်ဖုံးလွှမ်းနေသည့် တောင်တန်းများရှိ၏။

ထိုတောင်ခြေတွင် ရွာငယ်လေးရှိပေသည်။

ထိုရွာငယ်လေးမှ လူများသည် ကျင်းမြို့တော်သို့ လာလေ့ရှိသော်လည်း ညအိပ်ညနေ နေလေ့မရှိပါ။

စီးချူးယင်သည် မင်းလမ်းမအတိုင်း လျှောက်လာခဲ့၏။

သူသည် နောက်တစ်နေ့နံနက်၌ 'တုံ'မျိုးနွယ်စု ဘုံကျောင်း...ာင့် ဝှချင်းတဲ့ထံ သွားမည်ဟု ဆုံးဖြတ်ထား၏။

ယနေ့တော့ မြို့အခြေအနေကို ကြည့်ချင်သေးသည်။

ဤသို့ဖြင့် ....

ဝှချူးယင်သည် မင်းလမ်းမအတိုင်း လျှောက်လာရာ ရွှေဓား...မခံဌာနအနီးသို့ ရောက်ရှိလာ၏။

ယဲ့တုဝေအား ဝင်တွေ့မည်ဟု စိတ်ကူးပြီးမှ သူ့အချည်မတွေ့တော့ဘဲ ပြန်လှည့်လာခဲ့၏။

ထို့နောက် ....

သူသည် ရွှေနဂါးတည်းခိုခန်းသို့ ပြန်လှည့်လာခဲ့သည်။

ပြီးလျှင် ....

မိမိအခန်းတွင်းသို့ဝင်ကာ အိပ်စက်အနားယူလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသော မြို့လေး၌ စီးချူးယင် အိပ်ပျော်သွားမိလေ၏။

"ဒေါက် .... ဒေါက် .... ဒေါက် .... "

တံခါးခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တံခါးခေါက်သံကြောင့် **စီးချူးယင်**မှာ အိပ်ရာမှ လန့်နိုးသွားလေ၏။

သူသည် မျက်မှောင်**ကုတ်သွားသည်**။

"ဘယ်သူများပါလိမ့် .... "

ယင်းသို့တွေးရင်း ခုတင်ပေါ်မှဆင်းကာ အခန်းတံခါးကို ဖွင့်ပေးလိုက်၏။

ထိုအခါ ....

တံခါးဝတွင် ရွှေနဂါးတည်းခိုခန်းပိုင်ရှင် ရှောက်လီကိုတွေ့မြင်လိုက်ရသည်။

"ဘာကိစ္စရှိလို့လဲဗျ .... "

ရှောက်လီက သူ့အားတစ်ချက်ကြည့်လိုက်ပြီး ....

"ရွှေစားအာမခံဌာနခွဲက ယဲတုဝေက သူ့ဆီမှာ နံနက်စာလာ**စားဖို့** မိတ်ဆွေလေးကို ဖိတ်သွားပါတယ် .... အဲဒါကို လာပြောတာပါ .... အနှောင့်အယှက်ပေးသလိုဖြစ်သွားရင် တောင်းပန်ပါတယ်"

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ .... အခုလိုလာပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ .... ဒီကိစ္စက နိုးပြီးပြောကို ပြောရမဲ့ကိစ္စမျိုးပဲဗျာ .... "

ရှောက်လီက အောက်ထပ်သို့ ပြန်ဆင်းသွားလေသည်။

စီးချူးယင်က ဝန်းကျင်အားတစ်ချက်ဝေ့ကြည့်လိုက်ရာ နေအတော်မြင့်နေပြီဖြစ်ကြောင်း တွေ့မြင်ရသည်။



ထို့ကြောင့် ....

သူသည် အလျင်အမြန် အဝတ်အစားလဲကာ ရွှေနဂါးတည်းခိုခန်းမှ ထွက်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

## ရှာမရသော အရိုးအိုး

ဘုံကျောင်း ....

ဘုံကျောင်းသည် မြို့ရွာတိုင်း၌ရှိသော အဆောက်အအုံဖြစ်၏။

မည်သည့်မြို့ရွာတွင်မဆို စုံစမ်းရန် အလွယ်ကူဆုံးသော နေရာမှာ ဘုံကျောင်းပင်ဖြစ်သည်။

စီးချူးယင်သည် တုံမျိုးနွယ်စု ဘုံကျောင်းဝင်ဖြစ်၏။

'တုံ'မျိုးနွယ်စု ဘုံကျောင်းသည် ကျင်းမြို့တော်၏အရှေ့ဘက်တွင် တည်ရှိကြောင်း သူစုံစမ်းသိရှိခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ သူသည် အရှေ့ဘက်သို့ လျှောက်လာခဲ့ခြင်းဖြစ်သည်။

မကြာမီမှာပင် ....

စီးချူးယင်သည် 'တုံ'မျိုးနွယ်စု ဘုံကျောင်းသို့ ရောက်ရှိလာသည်။

သူသည် ဘုံကျောင်းရှေ့တွင် ခြေလှမ်းရပ်တန့်ကာ ဘုံကျောင်းဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။



ဘုံကျောင်းဝင်း မြေတလင်းမှာ သန့်ရှင်းသပ်ရပ်နေသည်။

တုံမျိုးနွယ်စု ဘုံကျောင်းမှာ သန့်ရှင်းသပ်ရပ်ပြီး ကျယ်ဝန်းသည်။

ဘုံကျောင်းရှေ့ နဖူးစည်းပေါ်တွင် 'တုံ'မျိုးနွယ်စု ဘုံကျောင်းဟု ရေးသားထားသည်။

စီးချူးယင်သည် ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

ထို့နောက် ....

သူသည် ခြံဝင်းအတွင်းသို့ဝင်ကာ ဘုံကျောင်းအတွင်းသို့ လှမ်းဝင်လိုက်၏။

ဘုံကျောင်းအတွင်း၌ ခန်းမကျယ်တစ်ခုရှိ၏။

ခန်းမအတွင်း၌ နတ်ရုပ်တုများ၊ ဆင်းတုတော်များအား တွေ့မြင်ရသည်။

ထိုနတ်ရုပ်တုများရှေ့တွင် အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည်ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်နေသည်ကို တွေ့မြင်ရလေ၏။

စီးချူးယင်သည် နတ်ရုပ်တုများရှေ့သို့ လျှောက်သွားလိုက်ပြီး ခြေထောက်ဂါရဝပြုလိုက်သည်။

ထိုအချိန်တွင် ....

အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုသည် ဖယောင်းတိုင်များ ထွန်းညှိပူဇော်ပြီး သူ့အနီးသို့ လျှောက်လာလေသည်။

ထို့ကြောင့် ....

စီးချူးယင်သည် ဂါရဝပြုလိုက်ပြီးသောအခါ မတ်တတ်ထရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဘိုးအိုအား အကဲခတ်ကြည့်လိုက်၏။

အဘိုးအိုသည် ဥပဓိရုပ် ခန့်ညားပြီး သမာဓိရှိသူဖြစ်ကြောင်း သူ၏ရုပ်သွင်က ဖော်ပြနေသည်။

အဘိုးအိုက သူ့အား ပြုံးရွှင်ကြည်လင်သော မျက်နှာထားဖြင့် မေးလိုက်သည်။

"မောင်ရင်က ဂါရဝပြုတဲ့သူကိုး .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ .... ဒါနဲ့ ဘဘက ဒီဘုံကျောင်းစော ဂူချင်းတုံလား .... "

အဘိုးအိုသည် အံ့ဩသွား၏။

သူသည် စီးချူးယင်ကို စေ့စေ့ကြည့်လိုက်ပြီး ....

"ဟုတ်ပါတယ် .... ကျုပ်က တုံမျိုးနွယ်စု ဘုံကျောင်းစော စချင်းတုံပါပဲ .... "

သူသည် စီးချူးယင်အား အကဲခတ်ကြည့်နေသည်။

"ဒါနဲ့ မောင်ရင်က ဧည့်သည်ထင်တယ် .... ဒီမြို့မှာ မင်း ကျုပ် တစ်ခါမှမတွေ့ဖူးဘူး .... "

စီးချူးယင်က ပြုံးလိုက်သည်။

"ဟုတ်ပါတယ် .... ကျွန်တော်က ပြည်မကပါ .... အခု ကျွ တော့်အဖေရဲ့ အရိုးအိုး ဒီဘုံကျောင်းမှာထားရှိတယ်ဆိုလို့ လာယူ ပါဗျာ .... ခရီးအကြာကြီးကို လိုက်လာရတဲ့သူဆိုပါတော့ .... "

ဂူချင်းတုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... ဒီဘုံကျောင်းရဲ့အနောက်ဘက်ဆောင် ကွယ်လွန်သူတွေရဲ့ အရိုးအိုးတွေ ထားရှိပါတယ် .... "



စီးချူးယင်က ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဟုတ်ကဲ့ .... ကျွန်တော့်ကို အနောက်ဘက်ဆောင်ကို လိုက်ပို့ပေးပါ အဘ .... "

ဂူချင်းတုံက ပြုံးလိုက်သည်။

"ရပါတယ် .... ကဲ မင်း ကျုပ်နောက်ကသာ လိုက်ခဲ့ပါ"

ဘုံကျောင်းစောင့် စချင်းတုံသည် ယင်းသို့ပြောပြီး ဘုံကျောင်း အနောက်ဘက်ဆောင်သို့ လှမ်းထွက်သွားလေသည်။

ထိုအခါ ....

ဂူချူးယင်သည် အဘိုးအိုနောက်မှ ထက်ကြပ်မကွာ လိုက်သွားလေ၏။

မကြာမီ ....

ဘုံကျောင်း၏အနောက်ဘက်ဆောင်သို့ ရောက်ရှိလာသည်။

အနောက်ဘက်ဆောင်သည် အတန်ငယ်ကျယ်ဝန်းသော အဆောင်ငယ်တစ်ခုဖြစ်သည်။

အဘိုးအိုဂူချင်းတုံက ထိုအဆောင်ရှေ့သို့ရောက်သောအခါ ရပ်လိုက်သည်။

သူသည် စီးချူးယင်ဘက်သို့ လှည့်ကာပြောလိုက်လေ၏။

"ဒီအဆောင်ဟာ အရိုးအိုးတွေထားတဲ့ အဆောင်ပဲ .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ .... ကျေးဇူးတင်ပါတယ် အဘ .... "

ဂူချင်းတုံက ဘာမျှပြန်မပြောဘဲ သူ၏အင်္ကျီအိတ်ထဲမှ သော့ တွဲနှစ်ခုထုတ်ကာ အဆောင်တံခါးကို ဖွင့်ပေးလိုက်သည်။

"ကဲ .... အဆောင်ထဲကို ဝင်လို့ရပြီ .... အထဲမှာ မောင်ရင့်

www.burmeseclassic.com

www.burmeseclassic.com



အဖေရဲ့ အရိုးအိုးကို ရှာပြီး အပြင်ကိုယူခဲ့ပါ ….”

စီးချူးယင်က ဦးညွတ်ဂါရဝပြုလိုက်၏။

ဂူချင်းတုံသည် အရှေ့ဘက်ရှိ ဘုံကျောင်းအဆောက်အအုံသို့ ပြန်လျှောက်သွားလေတော့သည်။

စီးချူးယင်သည် အနောက်ဘက်ဆောင်အား လှည့်ပတ်အကဲခတ်လိုက်သည်။

အကဲခတ်ပြီးမှ သူသည် အဆောင်တွင်းသို့ လှမ်းဝင်လိုက်၏။

အဆောင်ထဲတွင် အခန်းဖွဲ့ထားခြင်း မရှိဘဲ ခန်းမကျယ်ကြီးသာရှိသည်။

ခန်းမကျယ်၏ **ဘေးနံရံ**တွင် သစ်သားစင်များ ထားရှိသည်။ ထိုသစ်သားစင်များ**ပေါ်တွင် မြေအိုး**ငယ်များ တန်းစီထားသည်။

မြေအိုးများ**ပေါ်တွင် အနီရောင်**ပဝါငယ်လေးများဖြင့် ဖုံးအုပ်ထား၏။

မြေအိုး၏ နံဘေးတွင် အနီရောင်မင်ရည်ဖြင့် သေဆုံးသူများ၏ အမည်၊ အသက်နှင့် နေရပ်ဇာတိမြို့ရွာများကို ရေးသားထား၏။

ထို့နောက် ….

စီးချူးယင်သည် သစ်သားစင် တစ်တန်းချင်းမှ မြေအိုးငယ်များပေါ်မှ အမည်များကို လိုက်လံဖတ်ရှုလိုက်သည်။

သူ့ဖခင်၏အမည်ကို မတွေ့ပါ။

စီးချူးယင်သည် ဒုတိယ**တန်း**ကိုဆက်၍လျှောက်ရင်း ကြည့်လိုက်၏။

သို့သော် ….

သူ့ဖခင်၏အမည်ကိုမူ မတွေ့သေးချေ။ ဘယ်လိုလဲ …. ။ သူ့



ဖခင်၏အရိုးအိုး ရှိမှရှိသေးရဲ့လား။ သူသံသယဝင်သွားသည်။

သို့သော် ….

သူသည် တတိယတန်းကို ဆက်ကြည့်လိုက်၏။

နာမည်တူပင် မပါသေးပါ။

သို့သော် ….

စီးချူးယင်က စိတ်မပျက်ဘဲ ဆက်၍လျှောက်ကြည့်လိုက်၏။

ထိုအခါ ….

သစ်သားစင်တန်းများ တစ်တန်းပြီး တစ်တန်းကုန်သွား၏။

နောက်ဆုံးသစ်သားစင်တန်းသို့ပင် ရောက်ရှိလာပြီဖြစ်သည်။

စီးချူးယင်က မြေအိုးငယ်များကို တစ်ခုချင်းကြည့်လိုက်၏။

နောက်ဆုံးတွင် ….

သစ်သားစင်များအားလုံး ကုန်စင်သွားလေသည်။

စီးချူးယင်က မျက်မှောင်ကုတ်သွား၏။

“ဟင် …. ဘယ်လိုဖြစ်တာလဲ …. ဖေဖေ့ရဲ့ အရိုးအိုးလည်း တွေ့ရပါလား …. ”

သူသည် **ခေါင်း**တစ်ချက် ခါယမ်းလိုက်၏။

“**မဟုတ်သေး**ပါဘူး …. ငါများ မျက်စိလျှမ်းသွားတာလား နောက်တစ်ခေါက် ပြန်ကြည့်ဦးမှ …. ဒီတစ်ခါတော့ သေသေချာချာကြည့်မှပဲ …. ”

စီးချူးယင်သည် သစ်သားစင်ပေါ်မှ မြေအိုးများကို နောက်တစ်ကြိမ် ပြန်လည်ရှာဖွေလေတော့သည်။

ဤတစ်ကြိမ်တွင် ….

သူက မြေအိုးငယ်များကို သေချာစွာကြည့်ရှုရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်စိလျှမ်းလျှင် ဤမြို့တော်ကို လာရကျိုးမနပ်တော့ပြီ။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

စီးချူးယင်က သက်ပြင်းချလိုက်သည်။

သူ၏ခြေထောက်အစုံမှာလည်း ညောင်းညာလှပြီဖြစ်သည်။

သို့သော် ....

သူသည် ဝေဒနာကို ဂရုမထားနိုင်ပါချေ။

"ဒုက္ခပဲ .... ဖေဖေ့အရိုးအိုးကို ဘာဖြစ်လို့ ရှာမတွေ့တာလဲ ဒီတစ်ခါ ငါ့မျက်စိလျှမ်းတာ မဟုတ်ဘူး .... တကယ့်ကို **မတွေ့တာ** သေချာတယ် .... "

စီးချူးယင်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"အရိုးအိုးကို တစ်စုံတစ်ယောက်က ယူသွားတာလား .... "

သူသည် ယင်းသို့တွေးရင်း အဘိုးအိုစုချင်းတုံအား မေးမြန်းရန် ချက်ချင်းသတိရလိုက်လေတော့သည်။

ထို့ကြောင့် ....

သူသည် အနောက်ဘက်ဆောင်ထဲမှထွက်ကာ အဘိုးအိုစုချင်း တုံအား ရှာဖွေမိလေ၏။

ဘုံကျောင်းခြံဝင်း၏ တောင်ဘက်တွင် သစ်လုံးအိမ်ငယ်လေး တစ်လုံးရှိသည်ကို တွေ့မြင်ရသည်။

အဘိုးအိုဂူချင်းတုံသည် ထိုသစ်လုံးအိမ်လေးထဲသို့ဝင်သွားသည် ကို တွေ့မြင်လိုက်ရ၏။

ဂူချင်းတုံ၏ **အိမ်ကလေးဖြစ်ပုံရသည်။**

အိမ်ကလေးကား သေးငယ်သော်လည်း သပ်ရပ်သည်။

ထို့ကြောင့် ....



စုချူးယင်သည် ထိုအိမ်လေးဆီသို့ လျှောက်လာခဲ့၏။

အိမ်ကလေးရှေ့သို့ ရောက်ရှိသောအခါ တံခါးပွင့်နေသော ကြောင့် အထဲသို့ လှမ်းဝင်လိုက်၏။

သူသည် ထုံးစံအရ **အဘိုးအိုအား** အော်ခေါ်မနေတော့ပေ။

အိမ်လေးထဲတွင် ဧည့်ခန်းငယ်တစ်ခုရှိသည်။

ဧည့်ခန်းထဲတွင် စားပွဲကုလားထိုင်များ ခင်းကျင်းထားသည်။

ဧည့်ခန်းထောင့်တွင် စီရိုများနှင့် မှတ်တမ်းစာအုပ်များတင် ထားရာစင်များကို တွေ့မြင်လိုက်ရလေ၏။

စီးချူးယင်က ချောင်းတစ်ချက်ဟန့်လိုက်သည်။ ချောင်းမဟန့် ၍ မဖြစ်တော့ပေ။

သည်တစ်ခါတော့ လူရောက်နေကြောင်းကို ပြသရပေတော့ မည်။

ထိုအခါ ....

အတွင်းခန်းကို ကာရံထားသော ယင်းကာများ လှုပ်ရှားသွား သည်။

ဂူချင်းတုံထွက်လာသည်ကို တွေ့မြင်လိုက်ရလေ၏။

ဂူချင်းတုံက ပြုံးပြလိုက်ပြီး လှမ်းမေးလေ၏။

"ဘယ့်နှယ့်လဲ .... မင်းအဖေအရိုးအိုးကို တွေ့ခဲ့သလား .... "

စီးချူးယင်က ခေါင်းခါယမ်းလိုက်သည်။

"ရှာလို့ မတွေ့ဘူးခင်ဗျာ .... "

ထိုစကားကြောင့် ဂူချင်းတုံမှာ မျက်မှောင်ကြုတ်သွားသည်။

"ရှာမတွေ့ဘူး ဟုတ်လား .... ဘယ်လိုဖြစ်တာလဲ .... "

စီးချူးယင်က ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .... အရိုးအိုးကို တစ်ယောက်ယောက်ကများ ယူသွားသလား မသိဘူး .... "

ဂူချင်းတုံ၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။

"မဖြစ်နိုင်ဘူး .... အနောက်ဘက်ဆောင်မှာရှိတဲ့ အရိုးအိုးတွေကို စာရင်းအတိအကျနဲ့ ထားရှိတာပါ .... အနောက်ဘက်ဆောင်ထဲကို ကျုပ်ရဲ့အမိန့်မရဘဲ ဘယ်သူမှ ဝင်ခွင့်မရှိဘူး .... သော့ကလည်း ကျုပ်လက်ထဲမှာပါ .... "

စီးချူးယင်က နားမလည်နိုင်ဟန်ဖြင့် ....

"ဒါဆိုရင် .... ကျုပ်အဖေရဲ့အရိုးရှိရမှာပေါ့ .... အခု မရှိဘူးဗျ"

ဂူချင်းတုံက သူ့အားစေ့စေ့ကြည့်လိုက်သည်။

"မင်းအဖေရဲ့အရိုးအိုး ဒီမှာရှိတယ်ဆိုတာ .... သေချာရဲ့လား များယွင်းနေရင် ဘယ်တွေ့နိုင်မလဲ .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ် .... ကျုပ်အဖေဟာ အခုအနားယူသွားပြီဖြစ်တဲ့ ကျင်းမြို့စားကြီး နန်းကုန်းလီရဲ့ ကိုယ်ရံတော်ငါးယောက်ထဲက တစ်ယောက်ပဲ .... နာမည်က မုယုံလီလို့ခေါ်တယ် .... နေပြည်တော်ကို ဘဏ္ဍာငွေ သွားရောက်ပို့ဆောင်ပေးရင်း လမ်းမှာပဲ ကျုပ်အဖေရယ်၊ ကျန်ကိုယ်ရံတော်လေးယောက်ရယ် .... စစ်သည်တော်တွေရယ် မသမာသူလူတစ်စုရဲ့ တိုက်ခိုက်လုယက်ခံရမှုကြောင့် သေဆုံးသွားခဲ့ရပါတယ် .... "

ဂူချင်းတုံက အတန်ကြာစဉ်းစားလိုက်ပြီးမှ ....

"အချို့ ကျင်းမြို့စားရဲ့ ရဲမက်စစ်သည်တွေကို တောင်ခြေတွေမှာ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြတယ် .... ဒီတုံမျိုးနွယ်စု ဘုံကျောင်းမှာ အရိုးပြာ



အိုးတွေ ထားရှိတယ်ဆိုတာ အတိအကျသိလို့လား .... နေပါဦး ကျုပ် စာရင်းထဲမှာ ပြန်ရှာကြည့်လိုက်မယ် .... "

သူသည် ယင်းသို့ပြောပြီး စားပွဲပေါ်မှ မှတ်တမ်းဟောင်းများကို ပြန်လည်ရှာဖွေလိုက်၏။

"ဟောဒီမှာ သေဆုံးသူအယောက်တစ်ရာ့ငါးဆယ်ရဲ့ စာရင်းပဲ မင်းအဖေနာမည်က မုယုံလီနော် .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... "

ထိုအခါ ....

ဂူချင်းတုံက မှတ်တမ်းစာအုပ်ထဲတွင် သေချာစွာ ရှာဖွေကြည့်လိုက်၏။

သို့သော် ....

သေဆုံးသူများ၏ အမည်စာရင်းတွင် မုယုံလီဆိုသော အမည် မပါရှိချေ။

ဂူချင်းတုံမှာ မျက်မှောင်ကြုတ်သွားသည်။

"မတွေ့ပါလား .... မင်းပြောတာ သေချာရဲ့လား .... ကျုပ်တို့ မှတ်တမ်းစာအုပ်ထဲမှာ ကိုယ်ရံတော်မုယုံလီဆိုတဲ့နာမည် မပါဘူးဗျ"

စီးချူးယင်က သက်ပြင်းချလိုက်သည်။

"ဖေဖေရဲ့အရိုးအိုးကို ဒီတုံမျိုးနွယ်စုဘုံကျောင်းမှာ ထားရှိတယ်ဆိုတဲ့အကြောင်း ကျုပ်တို့ဆီကို အကြောင်းကြားခဲ့တယ်ဗျ .... "

သူသည် ယင်းသို့ပြောရင်း အင်္ကျီအိတ်ထဲသို့ လက်နှိုက်ကာ ရှာဖွေလိုက်၏။

မကြာမီ စာရွက်တစ်ရွက်ပါလာသည်။

www.burmeseclassic.com

စာရွက်မှာ နှစ်ကာလကြာမြင့်လှပြီဖြစ်သောကြောင့် အဝါရောင်သန်းနေပြီး ခေါက်ရိုးများလည်း ကျိုးနေလေပြီ။

စီးချူးယင်က ထိုစာရွက်အား ငှချင်တုံကို လှမ်းပေးလိုက်၏။

ငှချင်းတုံက စာရွက်ကိုဖြန့်၍ ဖတ်ကြည့်လိုက်သည်။

ထိုစာရွက်ထဲတွင် ....

**ကိုယ်ရံတော်သိုင်းသမားများ သွားရောက်ပို့ဆောင်စဉ် ကျန်ကိုယ်ရံတော်များ၊ ရဲမက်များနှင့်အတူ မသမာသူတစ်စု၏ လုယက်တိုက်ခိုက်သတ်ဖြတ်ခြင်း ခံခဲ့ရတာယ်၊ အရိုးပြာအိုးကို တုံမျိုးနွယ်စုဘုံကျောင်းတွင် ထားရှိပါသည်။**

**တိမ်လွှာသိုင်းသမား လင်ဝီဖုန်း**

စာကား အောက်ပါအတိုင်း ဖြစ်သည်။

စီးချူးယင်က ငှချင်တုံအား လှမ်းကြည့်လိုက်ပြီး ....

"တိမ်လွှာသိုင်းသမားဆိုတာ .... အရင်က ကျင်းမြို့တော်မှာ နာမည်ကြီး အထက်လမ်းသိုင်းသမားတစ်ယောက်ပဲ .... သူ့သိုင်းပညာဟာလည်း အတော်ကလေး အစွမ်းထက်တယ် .... မကောင်းသူပယ် ကောင်းသူကယ်တဲ့ သိုင်းသမားတစ်ယောက်ပဲ .... "

ငှချင်းတုံက ခေါင်းညိတ်လိုက်သည်။

"လင်ဝီဖုန်းကို ကျုပ်သိပါတယ် .... "

စီးချူးယင်က ရှင်းပြလိုက်၏။

"အဲဒီစာဟာ .... လွန်ခဲ့တဲ့ ဆယ့်ကိုးနှစ်လောက်က ကျုပ်အမေ လက်ခံရရှိခဲ့တဲ့ စာပဲ .... ဒါကြောင့် ကျုပ်အဖေရဲ့ အရိုးအိုးကို ဒီဘုံကျောင်းမှာထားရှိတယ်ဆိုတာ သေချာပါတယ် .... "

ငှချင်းတုံက သက်ပြင်းတစ်ချက်ချလိုက်သည်။



"ခက်တာပဲ .... ကျုပ်လည်း မပြောတတ်တော့ဘူး .... ကျုပ်ဆီမှာရှိတဲ့ စာရင်းကတော့ မင်းရဲ့အဖေအရိုးအိုး ဒီမှာမရှိတာ သေချာတယ် .... ကျုပ် ဒီဘုံကျောင်းမှာ တာဝန်ယူရတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပါပြီ .... "

ထိုစကားကြောင့် စီးချူးယင်မှာ စိတ်ပျက်သွားလေသည်။

"ကျုပ်ဟာ .... ကျုပ်အဖေရဲ့ အရိုးအိုးကို ဇာတိမြို့မှာ ပြန်လည်မြှုပ်နှံဖို့အတွက် အလွန်ခရီးဝေးကွာတဲ့ ဒီကျင်းမြို့တော်ကို ရောက်လာခဲ့တာပါ .... ပြည်မကလာတဲ့ခရီးကိုလည်း မှန်းဆကြည့်ပါဦးဗျာ"

ငှချင်းတုံက ခေါင်းညိတ်လိုက်၏။

"ကျုပ်စိတ်မကောင်းပါဘူး .... မင်းကို တစ်ခုလောက်တော့ အကြံပေးပါရစေ .... တောင်ခြေရွာကလေးတွေဘက် သွားစုံစမ်းကြည့်ပါလား .... အဲဒီမှာ ထူးခြားရင် ထူးခြားလိမ့်မယ် .... "

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျင်းမြို့တော်ကို ရောက်လာပြီးမှတော့ ကျုပ်တွေ့အောင်ကြိုးစားရတော့မှာပေါ့ဗျာ .... ဒီအတိုင်း လက်ချည်းပြန်သွားရင် ကျုပ်အရှုံးပဲပေါ့ဗျာ .... "

ငှချင်တုံက ပြုံးလိုက်သည်။

"ကျုပ်လည်း တစ်ဖက်တစ်လမ်းက စုံစမ်းကြည့်ပါဦးမယ် .... မင်းမပြန်ခင် တွေ့ကြသေးတာပေါ့ .... ကျုပ်ဆီကိုလည်း လာခဲ့ပါဦး"

ထို့နောက် ....

စီးချူးယင်က ဘုံကျောင်းစောင့်အဘိုးအို ငှချင်တုံအား နှုတ်ဆက်ကာ ထွက်ခဲ့လေတော့သည်။

စီးချူးယင်သည် မင်းလမ်းမအတိုင်း ပြန်လျှောက်လာခဲ့သည်။

www.burmeseclassic.com



သူသည် ကျင်းမြို့တော်သို့ လာရောက်ခဲ့ခြင်းမှာ ဖခင်ဖြစ်သူ၏ အရိုးအိုးကို ယူဆောင်၍ မွေးရပ်ဇာတိမြေတွင် မြှုပ်နှံသင်္ဂြိုဟ်ရန်ဖြစ်သည်။

ထို့ဆန္ဒကြောင့်လည်း သူသည် အလွန်ဝေးကွာလှသော နယ်ခြားမြို့လေးဖြစ်သည့် ကျင်းမြို့တော်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ သူလာခဲ့ရသည့် ခရီးကြမ်းကိုလည်း ကြည့်ပါဦး။

**အလွန်အေးစိမ့်**သော အန္တရာယ်ပြွမ်းတီးသည့် ဆီးနှင်းလွင်ပြင်**ကြီးဖြစ်သည်။**

ယခု သူ၏မျှော်လင့်ချက်များ ပျက်သုဉ်းခဲ့ပြီ မဟုတ်ပါလား။

ထို့ကြောင့် ....

စီးချူးယင်မှာ စိတ်ပျက်လက်ပျက်နှင့် မင်းလမ်းမအတိုင်း လျှောက်လာခဲ့လေ၏။ သူ၏တစ်ကိုယ်လုံး နုံးခွေနေသည်။

ထိုစဉ် အနောက်ဘက်မှ ခေါ်သံထွက်ပေါ်လာခြင်းကို ကြားလိုက်ရသည်။

"စီးချူးယင် .... "

စီးချူးယင်အမည်ကို ခေါ်သံကြောင့် စီးချူးယင်သည် နောက်သို့ လှည့်ကြည့်လိုက်၏။

**ထိုအခါ**

**ပြုံးရွှင်**သော မျက်နှာထားဖြင့် သူ့ထံသို့ လျှောက်လာသော ယွဲ့တုဝေ**အား** တွေ့မြင်လိုက်ရလေသည်။

ယွဲ့တုဝေက သူ၏အနီးသို့ ရောက်သောအခါ ရင်းနှီးစွာ ပြောလေ၏။

"ကျုပ်ခေါ်နေတာ ကြာပြီဗျ .... "



စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်အတွေးလွန်သွားလို့ပါ .... တောင်းပန်ပါတယ်ဗျာ"

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်က **နံနက်စာစားဖို့ စောင့်နေတာ** .... မင်းမလာလို့ လိုက်လာခဲ့တာ .... "

အခုမှပင် စီးချူးယင်မှာ သတိရသွားလေသည်။

ထို့ကြောင့် ....

သူသည် ယွဲ့တုဝေအား တောင်းပန်စကားဆိုပြီး ရွှေဓားအာမခံဌာနခွဲသို့ လိုက်ပါသွားလေတော့သည်။ ရောက်သည်နှင့် ခင်းကျင်းပြင်ဆင်ထားသည့် အခန်းတွင်းသို့ စီးချူးယင်ကို ခေါ်လာခဲ့သည်။

ယွဲ့တုဝေက သူ့အား နံနက်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးလေသည်။

အရသာကောင်းမွန်သော ဟင်းလျာများဖြစ်သော်လည်း စီးချူးယင်မှာ စိတ်ညစ်ညူးနေသဖြင့် သိပ်မစားနိုင်ပါချေ။

ယွဲ့တုဝေကမူ အားပါးတရ စားသောက်နေသည်။

စီးချူးယင်က စားသောက်ရင်း တုံမျိုးနွယ်စုဘုံကျောင်းတွင် ခင်ဖြစ်သူ အရိုးအိုးရှာမတွေ့ခဲ့ကြောင်း ယွဲ့တုဝေအား ပြောပြလိုက်သည်။

ထိုအခါ ....

ယွဲ့တုဝေက မျက်မှောင်ကြုတ်သွား၏။

"အခု .... မင်းက ဘာဆက်လုပ်မယ်လို့ စဉ်းစားထားသလဲ"

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်၏။

"လုပ်စရာတစ်ခုပဲ ရှိတော့တယ် .... လင်ဝီဖန်းကို လိုက်ရှာ

www.burmeseclassic.com

www.burmeseclassic.com



တော့မှာပေါ့ဗျာ .... "

ယွဲ့တုဝေမှာ နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"လင်ဗီဖုန်း ဟုတ်လား .... ဘာဆိုင်လို့လဲဗျ .... "

စီးချူးယင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်ဗျ .... သူက ကျင်းမြို့တော်ရဲ့ဒေသခံ အထက်လမ်းသိုင်းသမားတစ်ယောက်ပဲ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်၏။

"ကျုပ်တော့ သိပ်မသိဘူး .... မင်းပြောမှပဲ ကျုပ်ကြားဖူးတာ"

စီးချူးယင်က ပြုံးလိုက်၏။

"ကိစ္စမရှိပါဘူး .... ကျုပ်စုံစမ်းလို့ရနိုင်မယ်တော့ ထင်ပါတယ်ဗျာ .... သဲလွန်စကလည်း သူပဲရှိတော့တယ် မဟုတ်လား .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"အကူအညီလိုရင် ပြောပါ .... ကျုပ်တို့အဖွဲ့ ဒီမှာဆယ်ရက်လောက် နေဦးမယ် .... "

စီးချူးယင်က ကျေနပ်စွာပြုံးလိုက်သည်။ ယွဲ့တုဝေသည် သူတစ်ပါးအား အလွန်ကူညီတတ်သောသူဖြစ်သည်ကို သူသိလာသည်။

"ကျေးဇူးတင်ပါတယ်ဗျာ .... "

ထို့နောက် ....

သူတို့သည် နေ့လယ်စာကို မြိန်ယှက်စွာ စားသောက်လိုက်လေတော့သည်။

စားသောက်ပြီးသောအခါ စီးချူးယင်သည် ရွှေစားအာမခံဌာနမှ ပြန်လာခဲ့သည်။

သူသည် တည်းခိုခန်းတွင်းသို့ ရောက်သောအခါ တည်းခိုခန်း



ပိုင်ရှင်ရှောက်လီအား စားပွဲတွင်ထိုင်နေသည်ကို တွေ့မြင်ရလေ၏။

စီးချူးယင်သည် ရှောက်လီထံသို့ လျှောက်သွားသည်၏

ရှောက်လီက သူ့အား မော့ကြည့်လိုက်ပြီး မေးမြန်းလေ၏။

"ဆရာလေး ပြန်လာပြီလား .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ .... ဒါနဲ့ ခင်ဗျားက ဒီမြို့ဇာတိလား .... "

ရှောက်လီက ပခုံးတစ်ချက်တွန့်လိုက်သည်။

"မွေးကတည်းက ကျုပ်က ဒီမြို့မှာပဲ ကြီးပြင်းလာခဲ့တာပါ ဒီမြို့က ကျုပ်က အပ်ကျတာကအစ သိပါတယ် .... "

စီးချူးယင်က သူ့အားတစ်ချက်ကြည့်လိုက်သည်။

"ဒါဆိုရင် .... ကျုပ်နည်းနည်းမေးစရာရှိလို့ .... "

ရှောက်လီက ခေါင်းညိတ်လိုက်သည်။

"မေးပါ .... ကျင်းမြို့တော်မှာ ကျုပ်လောက်သိတဲ့လူ ဘယ်သူမရှိဘူး .... ဆရာလေးက ဘာသိချင်လို့လဲ .... "

"လူတစ်ယောက်အကြောင်းပါ .... "

"ပြောပါ .... ဘယ်သူများလဲ .... "

စီးချူးယင်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"တိမ်လွှာသိုင်းသမား လင်ဗီဖုန်း .... "

ထိုအမည်ကို ကြားလိုက်သောအခါ ရှောက်လီ၏မျက်နှာမှာ ချက်ခြင်း ပျက်သွားသည်၏။

သူသည် စီးချူးယင်အား အကဲခတ်ကြည့်လိုက်ပြီး ....

"ဒီနာမည် ကျုပ်မသိပါလား .... "

www.burmeseclassic.com

www.burmeseclassic.com



သူချက်နှာပျက်သွားသည်ကို သတိပြုလိုက်မိပါက စီးချူးယင်သည် ရှောက်လီအား အတင်းအကျပ်မေးမိမည်ဖြစ်သည်။ ယခုသော် အေးအေးဆေးဆေးသာ မေးနေ၏။

စီးချူးယင်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး ....

"လင်ဝီဖုန်းဟာ .... ကျင်းမြို့တော်ရဲ့ ဒေသခံသိုင်းသမားတစ်ယောက်ပဲဗျာ .... ခင်ဗျားသိမှာပါ .... စဉ်းစားကြည့်ပါဦး .... "

ရှောက်လီက ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ကျုပ်မသိဘူးဗျ .... "

သူသည် ယင်းသို့ ခပ်ပြတ်ပြတ်ပြောပြီး ငွေများကိုရေတွက်နေလိုက်သည်။

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်၏။

တည်းခိုခန်းဆိုင်ရှင် ရှောက်လီသည် လင်ဝီဖုန်းအကြောင်း မပြောချင်ကြောင်း သူကောင်းစွာရိပ်စားမိလိုက်လေတော့သည်။

ထို့ကြောင့် ....

သူဆက်မေးနေ၍လည်း အကြောင်းထူးမည်မဟုတ်သဖြင့် မမေးတော့ပါ။

သူသည် ရှောက်လီရှေ့မှ လှည့်ထွက်ခဲ့လေတော့သည်။

* * *



## အခန်း (၅)

## ငြိမ်းချောက်သူ

နံနက်ခင်း၏ နေရောင်ခြည်တွင် ဆီးနှင်းများဖြင့် အေးချမ်းလွန်းသော ကျင်းမြို့တော်လေးအား နွေးထွေးစွာ လွှမ်းခြုံထားသည်။

စီးချူးယင်သည် မျက်လုံးများပွင့်ထွက်လာ၏။ နှစ်နှစ်ငြိ မဟုတ် နဲ့ရှာလို့ အိပ်ပျော်သည်။

တစ်ရေးမှ မနိုး။ ယခု သူနိုးလာခဲ့လေပြီ။ ထပြီး ကိုယ်လက်ဆေး၊ မျက်နှာသန့်စင်ပြီး ခေါက်ဆွဲပြုတ်တစ်ပွဲ မှာသောက်လိုက်သည်။

"အင်း .... ငါ ဂူချင်းတုံ့ဆီ ထပ်သွားရမယ် .... "

သူသည် စားသောက်ခပေးချေပြီး ထရပ်လိုက်သည်။

စီးချူးယင်သည် ဘုံကျောင်းစောင့်အဘိုးအို ဂူချင်တုံဆီကို ရောက်လာခဲ့ရလေတော့သည်။

သူသည် ဂူချင်တုံ့အား ဖခင်ဖြစ်သူကိစ္စအတွက် မေးမြန်းစုံစမ်းရန် လာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူချင်တုံသည် အတန်ကြာစဉ်းစားလိုက်ပြီးမှ ....

"ကျုပ်တစ်ခု သတိရပြီဗျ .... "

ထိုစကားကြောင့် .... စီးချူးယင်၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

"ဘာများလဲ .... "

ဝူချင်တုံက လေးနက်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

"မင်းအဖေ ကိုယ်ရံတော်မှုယုံလီရဲ့အရိုးပြာအိုးလိုပဲ ပျောက်ဆုံးနေတဲ့ အရိုးအိုးတွေ ရှိသေးတယ်ကွ .... "

သူ၏စကားကြောင့် **စီးချူးယင်မှာ မျက်လုံးပြူးသွားသည်။**

"ဗျာ .... ပျောက်ဆုံးနေတဲ့ **အရိုးအိုးတွေ ရှိ**သေးတယ် ဟုတ်လား .... "

ဝူချင်တုံက ခေါင်းညိတ်လိုက်သည်။

မ ...ဗျာ .... ပျောက်နေတဲ့ အရိုးအိုးရှိသေးတယ် ဟုတ်လား"

...ချင်တုံက ခေါင်းညိတ်လိုက်သည်။

ဟုတ်တယ် .... တစ်ခါကလည်း လူငယ်နှစ်ယောက် မင်းလိုပဲ ...ပ်ဆီရောက်လာခဲ့ဖူးတယ် .... သူတို့ဖခင်ရဲ့ အရိုးအိုးကို ရှာမတွေ့ ပြန်သွားကြရတယ် .... "

စီးချူးယင်မှာ စိတ်ဝင်စားသွားလေ၏။

ဝူချင်တုံက စကားဆက်လိုက်သည်။

"ဒီမှာရှိတဲ့ သေဆုံးသူစာရင်းဟာ အတိအကျပဲ .... သူတို့ဖခင်တွေကလည်း ဒီစာရင်းထဲမှာ မပါခဲ့ဘူးကွ .... သူတို့လည်း ခေါင်းခြောက်မတတ် စဉ်းစားရတော့တာပေါ့ကွာ .... ဒါပေမဲ့ နောက်ဆုံးတော့ လက်လျှော့သွားခဲ့ကြရတယ် .... "



စီးချူးယင်က မျက်မှောင်ကြုတ်သွား၏။

"သူတို့ဖခင်တွေက ဘယ်သူတွေလဲ .... "

ဝူချင်းတုံက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မမှတ်မိတော့ဘူး .... မင်းက သိချင်လို့လား .... "

စီးချူးယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ .... "

ဝူချင်းတုံက အနည်းငယ်စဉ်းစားလိုက်ပြီးမှ ....

"သူတို့လာခဲ့တာ သုံးနှစ်ကျော်ခဲ့ပြီပဲ .... နေဦး ကျုပ်မှတ်တမ်းတော့ ရေးထားမိတယ် .... ပြန်ပြီးရှာဖွေရရင်တော့ တွေ့နိုင်လိမ့်မယ်လို့ ထင်တယ် .... "

စီးချူးယင်က တောင်းပန်လိုက်၏။

"ကျုပ်ကို ကူညီပါလို့ တောင်းပန်ပါတယ် .... "

"ကူညီပါ့မယ် .... ကျုပ်တို့ဘုံကျောင်းရဲ့ မှားယွင်းဟုတ်မဟုတ် ကျုပ်လည်း သိချင်နေတာပါ .... ကျုပ်မှတ်တမ်းဟောင်း ပြန်ရှာလို့ တွေ့ရင် မင်းတည်းခိုတဲ့ ရွှေနဂါးတည်းခိုခန်းကို လာပြောပါ့မယ်"

ထို့နောက် ....

စီးချူးယင်သည် ဝူချင်းတုံအား ဦးညွှတ်အရိုအသေပြုပြီး ပြန်...ခဲ့လေတော့သည်။ သို့သော် သူ၏ဦးတည်ချက်ကို ပြောင်းလိုက်...သည်။

လူ၏ခြေလှမ်းများသည် ယွဲ့တုဝေရှိရာ ရွှေစားအာခံဌာနသို့ ...ည်လာနေသည် မဟုတ်ပါလော။

အဆင်သင့်ပင် ယွဲ့တုဝေကို တွေ့ရ၏။ သူလည်း ...သွား...များ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .... မင်းရောက်လာတာ အတော်ပဲ .... ကျုပ်တ
ယောက်တည်းဖြစ်နေတယ် .... "

ယွဲ့တုဝေသည် အရက်ခွက်ကိုင်၍ကာ စိုးချူးယင်အား လှမ်းမေ
လိုက်၏။

စိုးချူးယင်က ငြင်းပယ်လိုက်သဖြင့် ယွဲ့တုဝေမှာ အံ့သြသွား
လေသည်။

သို့သော် ....

သူက ဘာမှမပြောဘဲ အရက်ခွက်ကို မော့သောက်လိုက်
ပြီးမှ ....

ထိုအရက်ခွက်ကို စားပွဲပေါ်သို့ ချရင်း မေးလိုက်သည်။

"မင်းစုံစမ်းတာ ဘယ်လိုလဲ .... အခြေအနေထူးခြားပြီလား

စိုးချူးယင်က သက်ပြင်းချလိုက်သည်။

"မထူးခြားပါဘူးဗျာ .... "

"လင်ဝီဖုန်းဆိုတဲ့လူကို တွေ့ပြီလား .... "

"လင်ဝီဖုန်းရဲ့အကြောင်းကို စုံစမ်းလို့မရဘူးဗျာ .... ကျုပ်လည်
ခေါင်းခြောက်လာပြီ .... "

ယွဲ့တုဝေမှာ မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ .... "

စိုးချူးယင်က စိတ်ပျက်လက်ပျက်လေသံဖြင့် ....

"လူတိုင်းက သူ့ကိုသိပုံရပေမဲ့ သူ့အကြောင်းကို မပြောချ
ဘူးဗျ .... တော်တော့်ကို ထူးဆန်းနေတယ် .... "

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"စိတ်ဝင်စားစရာပဲ .... အဲဒါ ဘယ်လိုဖြစ်တာလဲ .... "



"ကျုပ်လည်း လက်လျှော့ရတော့မယ်ထင်ပါရဲ့ .... ခုထက်ထိ
သဲလွန်စမှ မရတာပဲဗျာ .... "

"ဒီလောက်လည်း စိတ်မပျက်ပါနဲ့ .... ကျုပ်လည်း တတ်နိုင်
သလောက် ကူညီပါ့မယ် .... "

စိုးချူးယင်က ပါးစပ်ပိတ်ထားလိုက်သည်။

ယွဲ့တုဝေက စကားဆက်လိုက်သည်။

"ကျုပ်တို့ရွာနခွဲမှာ ကျင်းမြို့သား ဒေသခံတွေရှိပါတယ် ...."

သူသည် ယင်းသို့ပြောပြီး ငယ်သားတစ်ယောက်ဘက်သို့ လှည့်
ပြီး အမိန့်ပေးလိုက်၏။

"ဟေ့ ကောက်ချူးကို သွားခေါ်စမ်း .... "

ယွဲ့တုဝေသည် ယင်းသို့ပြောပြီး စိုးချူးယင်ဘက်သို့ လှည့်
လိုက်သည်။

"ကောက်ချူးဟာ ကျင်းမြို့တော်ဇာတိပဲ .... သူဟာ ကျုပ်ရဲ့
လူယုံတစ်ယောက်ပဲ .... သူ့ဆီက မင်းသိချင်တာတွေကို မေးကြည့်
ချင် မေးနိုင်ပါတယ် .... သူက တခြားဒေသခံသွားတွေလိုတော့ မပြော
ဘဲနေမှာ မဟုတ်ပါဘူး .... "

မကြာမီ ....

အသက်သုံးဆယ်ကျော်ခန့် လူငယ်တစ်ယောက်ရောက်ရှိလာ
သည်။

ထိုလူက ကောက်ချူးပင်ဖြစ်သည်။

ကောက်ချူးက ယွဲ့တုဝေအား ဦးညွှတ်အရိုအသေပြုလိုက်ပြီး
မေးလေ၏။

"သခင်လေး ဘာကိစ္စရှိလို့လဲ .... "

www.burmeseclassic.com

www.burmeseclassic.com



ယှဲ့တုဝေက ထိုင်ရန်ညွှန်ပြလိုက်သောအခါ ကောက်ချူးက ဝ
ထိုင်လိုက်၏။

သူက ကောက်ချူးအား စေ့စေ့ကြည့်လိုက်၏။

“ခင်ဗျားကို နည်းနည်းမေးချင်လို့ပါ .... ဟောဒီက ကျုပ်မိတ်
ဆွေသိချင်တာတွေကို ကြုံးစားဖြေပေးပါလို့ ကျုပ်ပြောပါရစေ —

ကောက်ချူးက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ .... မေးစရာရှိတာ မေးနိုင်ပါတယ် .... ကျုပ်သိတာ
ဆိုရင် အတတ်နိုင်ဆုံး ဖြေပါ့မယ် .... ”

ယှဲ့တုဝေက ပြုံးလိုက်၏။

“ဟုတ်ကဲ့ .... ကျုပ် ကျွင်းမြို့တော်ရဲ့ ဒေသခံတစ်ယော
အကြောင်း သိချင်လို့ပါ .... ဒီလူအကြောင်းကို လူအတော်များမျာ
သိကြပေမယ့် မပြောချင်ကြဘူး .... ဒါကြောင့် ခင်ဗျားအနေနဲ့ မ
ချင်လည်း ရပါတယ် .... ကျုပ် ဘယ်လိုမှ သဘောမထားပါဘူး —

ကောက်ချူးက ခေါင်းညိတ်လိုက်၏။

“ရပါတယ် .... ခင်ဗျားသိချင်တဲ့လူက ဘယ်သူလဲ .... ”

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

“ကျုပ်သိချင်တာက တိမ်လွှာသိုင်းသမား လင်ဝီဖုန်းဆိုတဲ့လူ

ထိုအမည်ကို ကြားလိုက်ရသောအခါ ကောက်ချူး၏မျက်နှာ
ကွက်ခနဲ ပျက်သွားသည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

ကောက်ချူးသည် တိတ်ဆိတ်စွာထိုင်နေသည်။

သူ၏မျက်နှာပေါ်တွင် အုံ့ဩထိတ်လန့်တုန်လှုပ်သည့် အရိ
အယောင်များ ပေါ်လွင်ထင်ဟပ်နေ၏။



အတန်ကြာမှ ....

သူသည် စီးချူးယင်ကို စေ့စေ့ကြည့်လိုက်၏။

“ခင်ဗျားနဲ့ လင်ဝီဖုန်း ဘယ်လိုပတ်သက်နေလဲ .... ”

ထိုအခါ ....

စီးချူးယင်က သူ၏အကြောင်းများကို ပြန်လည်ပြောလိုက်
သည်။ ဇာတ်ကြောင်းတော့ မရှည်ခဲ့ပါ။

“ဒါကြောင့် လင်ဝီဖုန်းကိုတွေ့ချင်တာပါ .... သူနဲ့တွေ့မှ ကျုပ်
အဖေရဲ့ အကြောင်းကိုသိရမယ် မဟုတ်လား .... ”

သူ၏စကားအဆုံးတွင် ကောက်ချူး၏မျက်နှာပေါ်၌ စိတ်သက်
သာရာရသွားသော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

စီးချူးယင်က စကားဆက်လိုက်သည်။

“ဒါပေမယ့် .... ခင်ဗျားအနေနဲ့ မပြောပြရင်လည်း မပြောပါနဲ့
နဲ့ဗျာ .... ကျုပ်က အတင်းအကျပ်မေးမနေပါနဲ့ .... ”

ကောက်ချူးက သက်ပြင်းချလိုက်သည်။

“ကျုပ်တို့က သူ့အကြောင်းကို မေ့ထားလိုက်ချင်လို့ပါဗျာ ....”

သူသည် ယင်းသို့ပြောပြီး စကားဆက်လိုက်၏။

“ရှင်းရှင်းပြောရရင် .... သူ့အကြောင်းကို ပြောရမှာ ရှက်နေလို့
ပါပဲ .... ”

ထိုစကားကြောင့် စီးချူးယင်နှင့် ယှဲ့တုဝေတို့မှာ အံ့အားသင့်
သွားကြလေတော့သည်။

ကောက်ချူးက သူတို့နှစ်ယောက်အား ကြည့်လိုက်သည်။ ထို့
နောက် ယှဲ့တုဝေအား မေးလိုက်လေ၏။

“သခင်လေးတို့ အံ့ဩနေကြပြီလား .... ”

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ကွာ .... အတော်ထူးဆန်းတာပဲ .... ငါတို့က တစ်မျိုးထင်နေတာကွ .... "

ကောက်ချူးက ပခုံးတစ်ချက်တွန့်လိုက်၏။

"သူ့အကြောင်းသိချင်ရင် ဒီ့ထက်ပိုပြီး အံ့အားသင့်သွားမှာပဲ"

ယွဲ့တုဝေက ပါးစပ်ပိတ်ထားလိုက်သည်။

ကောက်ချူးက စကားဆက်လိုက်သည်။

"ကျုပ်တို့ကျင်းမြို့တော်ကလူတွေဟာ လင်ဝီဖုန်းကို အလွန်စိတ်နာကြပါတယ် .... သူဟာ ကျုပ်တို့ ကျင်းမြို့တော်အတွက် သိုးမည်းတစ်ကောင်ပါ .... သူ့ရဲ့ယုတ်မာကောက်ကျစ်မှုတွေကို ဘယ်လိုမှ မေ့လို့မရနိုင်ပါဘူး .... "

ထိုစကားကြောင့် စီးချူးယင်မှာ အံ့ဩသွားလေတော့သည်။

"လင်ဝီဖုန်းဟာ .... အထက်လမ်းသိုင်းသမားတစ်ယောက်လို့ ကျုပ်တို့သိထားကြတယ်ဗျာ .... "

ကောက်ချူးက မဲ့ပြုံးပြုံးလိုက်သည်။

"တကယ်တော့ သူဟာ အယောင်ဆောင်အထက်လမ်းသိုင်းသမားတစ်ယောက်ပဲ .... "

"ဘာ .... "

ယွဲ့တုဝေမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ကောက်ချူးက ရှုံ့မဲ့ရှုံ့မဲ့ဖြင့် စကားဆက်လိုက်သည်။

"သူဟာ တကယ်တော့ ဓားပြဂိုဏ်းခေါင်းဆောင်တစ်ယောက်ပဲ .... ကောင်းဝူးလွင်ပြင်မှာ အခြေစိုက်တည်ရှိတဲ့ သူ့ရဲ့ဓားပြအဖွဲ့ဟာ ကျင်းမြို့သူ မြို့သားတွေကို ဒုက္ခအပေးဆုံးပဲ .... နောက်တော့



သူ့အကြောင်းကို လူတိုင်းက သိသွားတဲ့အချိန်မှာ သူလည်း ခြေရာဖျောက်သွားခဲ့တယ် .... တချို့ကတော့ သူဟာ မွန်ဂိုဓားပြဂိုဏ်းနဲ့ အတူ ပါသွားသလိုပြောကြတယ် .... "

စီးချူးယင်က မျက်မှောင်ကြုတ်သွားသည်။

"ဒါဆိုရင် .... အခု ဒီမှာ လင်ဝီဖုန်း မရှိတော့ဘူးပေါ့ .... "

ကောက်ချူးက အံကိုတင်းတင်းကြိတ်လိုက်၏။

"သူရှိရင်လည်း မြို့သူမြို့သားတွေအားလုံးက သူ့ကို အမှန်ချေပစ်မှာပဲ .... သူ့အိမ်တောင် ဖျက်ဆီးထားကြတယ်လေ .... ကံကောင်းလို့ သူလွတ်သွားတာပါ .... တစ်မြို့လုံးနဲ့ တစ်ယောက်ဖြစ်ကြတာပါဗျာ .... "

စီးချူးယင်က ကောက်ချူးအား စေ့စေ့ကြည့်လိုက်သည်။

"သူ့အိမ်က ဘယ်မှာလဲ .... "

"ရွှေနဂါးတည်းခိုခန်းရဲ့ နောက်ကျောဘက်မှာပဲ .... "

"ဒီလောက်သိရတာ ကျေးဇူးတင်ပါတယ်ဗျာ .... "

ကောက်ချူးက ထိုင်ရာမှထကာ ဦးညွှတ်အရိုအသေပြုလိုက်သည်။

"သူ့အကြောင်းပြောရတာ ဒေါသထွက်လွန်းလို့ပါ .... သူ လူသတ်ခဲ့တဲ့အထဲမှာ ကျုပ်မိဘတွေလည်း ပါတယ် .... ကျုပ်မိဘတွေက လင်ဝီဖုန်းရဲ့ လက်ချက်နဲ့ သေခဲ့တာဗျ .... ကျုပ်ကို ခွင့်ပြုပါဦး .... "

သူသည် ယင်းသို့ပြောပြီး အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း .... လမ်းစတော့ ပျောက်သွားပြီဗျ .... "

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေက သူ့အားကြည့်လိုက်လေသည်။

"မင်းရဲ့အဖေက ကိုယ်ရုံတော်မှုယုံလီနော် .... "

"ဟုတ်ပါတယ် .... "

"သူ့ကို မီးသဂြိုဟ်ပြီး အရိုးအိုးကို တုံမျိုးနွယ်စုဘုံကျောင်းမှာ ထားရှိတဲ့အကြောင်း တိမ်လွှာသိုင်းသမား လင်ဝီဖုန်းက ဘာကြောင့် အကြောင်းကြားရတာလဲ .... သူနဲ့ ဒီကိစ္စ ဘယ်လိုပတ်သက်နေလို့လဲ"

စီးချူးယင်က နားမလည်နိုင်စွာဖြင့် ပြောလိုက်သည်။

"ဒီကိစ္စက ရှုပ်ထွေးနေသလိုပါလားဗျာ .... ကျုပ်လည်း မပြောတတ်တော့ပါဘူး .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။ သူလည်း ဤကိစ္စကို အလွန်စိတ်ဝင်စားလာသည်။

"ဟုတ်တယ် .... ကျုပ်တို့ လင်ဝီဖုန်းရဲ့ဂေဟာကို သွားကြည့်ကြမလား .... "

စီးချူးယင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီအကြံ မဆိုးဘူး .... သူ့ရဲ့ဂေဟာမှာ သဲလွန်စရလိုရငြား ရှာကြည့်ကြတာပေါ့ .... "

ထို့နောက် ....

သူတို့နှစ်ယောက်သည် ရွှေဓားအာမခံဌာနအတွင်းမှ ထွက်လာခဲ့ကြလေတော့သည်။

လင်ဂေဟာ ....

လင်ဂေဟာ၏ ခြံစည်းရိုးမှာ ပြိုပျက်နေသည်။

ခြံဝင်းအတွင်း၌ မြက်ပင်ချုံနွယ်များက ဖုံးလွှမ်းနေ၏။



ဂေဟာဆီသို့ သွားရာလမ်းတွင် မြက်ရိုင်းပင်များက လူတစ်ရပ်နီးပါး ရှည်လျားစွာ ပေါက်ရောက်နေသည်။

လင်ဂေဟာသည် အတော်ပင် ကြီးမားလှသည်။

ဂေဟာကို ပြိုပျက်ထားသော်လည်း သူတောင်းစားတို့ ခိုလှုံနိုင်သေး၏။

အမိုးများ ပေါက်ပြဲနေပြီး တံခါးများမှာ ကျိုးပဲ့ပျက်စီးနေသည်။

ယွဲ့တုဝေနှင့် စီးချူးယင်တို့မှာ ဂေဟာအတွင်းသို့ ဝင်လိုက်ကြသည်။

ဂေဟာအတွင်းရှိ ကြမ်းပြင်များမှာ ကြာပြီဖြစ်သောကြောင့် အနံ့ဆိုးများလည်း ထွက်ပေါ်နေသည်။

ဂေဟာအတွင်းရှိ ပရိဘောဂများမှာ တစ်ခုမှ အကောင်းမရှိချေ။

ပရိဘောဂအားလုံးမှာ ရစရာမရှိ ဖျက်ဆီးထားသည်ကို တွေ့မြင်ရလေသည်။

ယွဲ့တုဝေသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီပုံအတိုင်းဆိုရင် .... ကျုပ်တို့ ဘာသဲလွန်စမှ ရမယ်မထင်ဘူး .... "

စီးချူးယင်က ခေါင်းညိတ်၍ ထောက်ခံလိုက်၏။

ထို့နောက် ....

သူတို့နှစ်ယောက်သည် လင်ဂေဟာအတွင်း၌ လှည့်လည်ကြည့်ရှုကြသည်။

ဖျက်ဆီးထားခြင်းခံရသော ပစ္စည်းများကိုသာ တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်စာရွက်စာတမ်းမှ မတွေ့ရပါချေ။ မီးမရှို့လိုက်၍သာ ဤအပျက်အစီးများကို တွေ့မြင်နေရခြင်းဖြစ်သည်။

ထို့အတူ ....

လင်ဝီဖုန်းနှင့် ပတ်သက်၍ အထောက်အထားတစ်ခုတလေမျှပင် မတွေ့ရပါချေ။

နောက်ဆုံး သူတို့နှစ်ယောက်သည် လက်လျှော့ကာ ဂေဟာအတွင်းမှ ပြန်ထွက်လာခဲ့ကြသည်။

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း .... ကောက်ရိုးပုံထဲကျသွားတဲ့ အပ်ကို လိုက်ရှာရသလိုဖြစ်နေပြီထင်တယ် .... အင်း .... ကျုပ်တော့ မရှိတဲ့ အရိုးအိုးကို ရှာသလိုဖြစ်နေပြီ .... "

ယဲ့တုဝေက သူ့အားလှည့်ကြည့်လိုက်သည်။

"မင်း ဆက်ပြီးစုံစမ်းဦးမှာလား .... "

စီးချူးယင်က ခေါင်းခါယမ်းလိုက်သည်။

"မစုံစမ်းတော့ပါဘူးဗျာ .... လင်ဝီဖုန်းကို ဘယ်လိုရှာမလဲ .... သူ့ကိုရှာဖို့ တွေ့ဖို့လွယ်တဲ့ ကိစ္စမှမဟုတ်တာ .... ဒီလိုကိစ္စမျိုးက လိုသူလည်းရှိ .... မလိုသူလည်း ရှိမှ စုံစမ်းလို့ရတာဗျ .... အခုဟာက သူ့ကို တစ်မြို့လုံးက မလိုကြဘူး .... "

ယဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်တို့မပြန်ခင် တတ်နိုင်သလောက် ကြိုးစားကြည့်ကြတာပေါ့ .... "

သူသည် စီးချူးယင်ကို အားပေးနှစ်သိမ့်လိုက်သည်။

ထို့နောက် ....



ယဲ့တုဝေသည် စီးချူးယင်အား တည်းခိုခန်းသို့ လိုက်ပို့ကာ ပြန်သွားလေတော့သည်။

*

သန်းခေါင်ယံကျော်လွန်သွားခဲ့ချေပြီ။

ကျင်းမြို့တော်လေးသည် ဆီးနှင်းများအောက်တွင် တိတ်ဆိတ်စွာ အိပ်မောကျနေ၏။

မြောက်ပြန်လေက ကြမ်းတမ်းစွာ ဝှေ့ယမ်းတိုက်ခတ်နေသည်။

လခြမ်းပဲ့ကလေးသည် မသဲမကွဲ အလင်းရောင်မျှသာ ပေးစွမ်းနိုင်သည်။

ထိုစဉ် ....

"တုံ .... တုံ .... "

အဝေးဆီမှ အုန်းမောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာသည်။

ကျင်းမြို့လေးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုအချိန်တွင် ....

အနက်ရောင်လူရိပ်တစ်ရိပ်သည် အမှောင်ထုကို အကာအကွယ်ယူကာ လှုပ်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မသဲမကွဲသော လရောင်အောက်ဝယ် ထိုလူသည် အနက်ရောင် မျက်နှာဖုံးစွပ်ထားသည်ကို တွေ့မြင်နိုင်သည်။ ကျောင်းမြို့တော်၌ မှောင်ရိပ်ခိုသည့်လူ ရှိနေချေတကား။

ထိုလူရိပ်သည် အမှောင်ရိပ်ကိုခိုရင်း အဆောက်အအုံတစ်ခုအနီးသို့ ချဉ်းကပ်သွား၏။

ထိုအဆောက်**အအုံ**ကား 'ရွှေနဂါး'တည်းခိုခန်းပင် ဖြစ်ပါသည်။

စီးချူးယင်မှာ **အိပ်မော**ကျနေသည်။

ရုတ်တရက် ....

သူသည် ဖျတ်ခနဲ လန့်နိုးလာလေသည်။

သူ၏စိတ်ထဲ၌ ခန္ဓာကိုယ်တစ်ခုလုံး တင်းကျပ်နေသကဲ့သို့ ခံစားလိုက်ရလေသည်။

အေးစိမ့်သော ခံစားမှုကိုလည်း တစ်ပြိုင်နက်ဆိုသလိုပင် ခံစားလိုက်ရသည်။

စီးချူးယင်မှာ ထိတ်လန့်သောစိတ်များ ရုတ်ခြည်း ဖြစ်ပေါ်လာ၏။

**ထို့ကြောင့်** ....

**သူသည်** အိပ်ရာထက်မှ ထမည်အပြုတွင် ....

"မလှုပ်နဲ့ .... ငြိမ်ငြိမ်နေစမ်း .... "

အေးစက်ခက်ထန်သော အသံတစ်သံက သူ၏ခေါင်းရင်းဘက်မှ ရုတ်တရက် ထွက်ပေါ်လာလေ၏။

ထိုစကားသံကြောင့် စီးချူးယင်၏ခန္ဓာကိုယ်မှာ တစ်**ချက်**တုန်ခါသွားသည်။

သူ၏မျက်လုံးအစုံမှာလည်း ဝိုင်းစက်ပြူးကျယ်သွားသည်။



"ခင် .... ခင်ဗျား ဘယ်သူလဲ .... "

လူကိုမမြင်ရဘဲ အသံသာကြားနေရသဖြင့် စီးချူးယင်က မေးလိုက်သည်။

အသံရှင်က စကားဆက်လိုက်၏။

"မင်း ငြိမ်ငြိမ်နေ .... ကျုပ်စကားနားထောင်စမ်း .... "

စီးချူးယင်က ပါးစပ်ပိတ်ထားလိုက်သည်။

သူသည် အသံရှင်ကိုလှည့်ကြည့်လိုသော်လည်း မလှုပ်ရှားဝံ့ပါ။

ထိုလူသည် မည်သူနည်း။

ထိုလူသည် သူ၏အခန်းတွင်းသို့ မည်သည့်အတွက် ရောက်ရှိလာရပါသနည်း။

ထိုစဉ် ....

အေးစက်ခက်ထန်သော စကားသံထွက်ပေါ်လာသည်။

"မင်း .... ကျောင်းမြို့တော်က အမြန်ဆုံးထွက်သွားပါ .... "

**ထိုစကား**ကြောင့် စီးချူးယင်မှာ အလွန်အံ့အားသင့်သွားလေသည်။

"ဘာ .... ဘာဖြစ်လို့လဲ .... "

အသံရှင်က ....

"လင်ဝီဖုန်း သေပြီပဲ .... လင်ဝီဖုန်းအကြောင်း စုံစမ်းမနေနဲ့တော့ .... မင်း ကျုပ်ပြောစကား နားမထောင်ရင် ဒုက္ခရောက်လိမ့်မယ် .... "

စီးချူးယင်မှာ စဉ်းစားရခက်သွားသည်။

"ကျုပ် .... ကျုပ် .... "

အသံရှင်က ....

www.burmeseclassic.com

www.burmeseclassic.com



"မင်း .... သုံးရက်အတွင်း ကျင်းမြို့တော်က မထွက်ခွာရင် မင်းအသက် ဖက်နဲ့ထုပ်ထားပေတော့ .... ငါ့စကားကို မြဲမြဲမှတ်ထား"

ထိုစကားကြောင့် စီးချူးယင်မှာ နားမလည်နိုင်ဘဲဖြစ်သွားသည်။

"ကျုပ်ကို ဘာကြောင့် နှင်ရတာလဲ .... ကျုပ်က ဘယ်သူ့ကိုမှ ဒုက္ခပေးဖို့ ရောက်လာတာ မဟုတ်ပါဘူး .... "

သို့သော် သူ၏နောက်မှ တုံ့ပြန်သံကို မကြားရတော့ချေ။ အသံလုံးဝတိတ်သွားသည်။

စီးချူးယင်မှာ မျက်မှောင်ကြုတ်သွား၏။

သူသည် နောက်သို့ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ခုတင်ခေါင်းရင်း၌ မည်သူမျှရှိမနေတော့ချေတကား။

စီးချူးယင်သည် ချက်ချင်းပင် ခုတင်ပေါ်မှဆင်းကာ အခန်းတွင်းသို့ လှည့်ပတ်ကြည့်ရှုလိုက်သည်။

မည်သည့်လူရိပ်လူယောင်မျှပင် မတွေ့ရချေ။

စီးချူးယင်သည် သက်ပြင်းသာချလိုက်ပြီး မီးအိမ်ကို ထွန်းညှိလိုက်သည်။

သူသည် ခုတင်ပေါ်တွင် ပြန်ထိုင်လိုက်၏။

သူ၏ဦးခေါင်းတစ်ခုလုံး အတွေးများဖြင့် ရှုပ်ထွေးနေ၏။

"ဒီလူ ဘယ်သူလဲ .... ဘာကြောင့် ငါ့ကိုလာပြီး ခြိမ်းခြောက်ရတာလဲ .... ဒီလူဟာ လင်ဝီဖုန်းပဲလား .... သူက လင်ဝီဖုန်းသေပြီလို့ ဘာကြောင့် ပြောရတာလဲ .... "

သူသည် ခေါင်းတစ်ချက် ခါယမ်းလိုက်၏။

"လင်ဝီဖုန်းကို ငါရှာတွေ့မှာစိုးလို့လား .... ဒီကိစ္စမှာ လျှို့ဝှက်



ချက်တော့ ရှိရမယ် .... လင်ဝီဖုန်းနဲ့ ပတ်သက်ပြီး တစ်ခုခုရှိနေတာတော့ သေချာပြီ .... "

သူသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

"မင်းက ခြိမ်းခြောက်မှ ကျုပ်က လက်လျှော့တဲ့စိတ်ပျောက်သွားပြီ .... လင်ဝီဖုန်းကို မတွေ့ တွေ့အောင်ရှာမယ် .... "

ထိုအကြောင်းများကို ယွဲ့တုဝေအား ပြောပြမည်ဟု စိတ်ကူးလိုက်သည်။

ယွဲ့တုဝေက ထိုကိစ္စများကို မလွဲမသွေ စိတ်ဝင်စားမည်ဟုသည်း သိနေ၏။

ယွဲ့တုဝေအကြောင်း တွေးလိုက်မိသည်နှင့် သူသည် စိတ်သက်သာရာရသွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

## ထောင်ချောက်

နံနက်ခင်း နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးအား နွေ
ထွေးစွာ လွှမ်းခြုံထားသည်။

မိုးစင်စင်လင်းသည်နှင့် စီးချူးယင်သည် ယွဲ့တုဝေရှိရာ ရွှေ
အာမခံဌာနသို့ ထွက်လာခဲ့သည်။

အာမခံဌာနသို့ရောက်သည်နှင့် ယွဲ့တုဝေအား ညကဖြစ်ပျက်
သည့် ကိစ္စများကို ပြောပြလေသည်။

ထိုအခါ ....

ယွဲ့တုဝေ၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အယော
များ ပေါ်လာလေသည်။

"ဒီအတိုင်းဆိုရင် မင်းမှာအန္တရာယ်ရှိနေပြီကွ .... "

စီးချူးယင်က ပခုံးတစ်ချက်တွန့်သည်။ ထို့နောက် တည်ငြိမ်
ပြောလေ၏။



"ကျုပ် မကြောက်ပါဘူး .... "

"ရန်သူနဲ့ ရင်ဆိုင်တဲ့အခါ ရန်သူ ဘယ်သူဘယ်ဝါဆိုတာ ....
သိရတဲ့အတွက် ပိုပြီးအန္တရာယ်များတယ် .... မင်းပေါ့ပေါ့ဆဆသဘော
ထားသင့်ဘူး .... ကိုယ်က အလင်းထဲမှာ ရန်သူက အမှောင်ထဲမှာ
ဆိုတော့ ကိုယ့်အတွက် ပိုဆိုးတာပေါ့ .... "

"ကျုပ်နားလည်ပါတယ် .... "

"မင်း ဘာဆက်လုပ်မယ် စိတ်ကူးလဲ .... သန်ဘက်ခါ ဒီက
ပြန်တော့မလား .... "

"ကျုပ် မပြန်သေးဘူး .... လင်ဝီဖုန်းကို ရှာမတွေ့နိုင်လို့ ....
ဆက်လျှော့ဖို့ စဉ်းစားခဲ့တယ် .... အခုအတိုင်းဆိုရင် လင်ဝီဖုန်းကို
တွေ့နိုင်မယ့် သဲလွန်စရလာပြီ .... သူတို့ ဘယ်လိုပဲ ခြိမ်းခြောက်ပါစေ
ကျုပ် ဂရုမစိုက်ဘူး .... မရရအောင် ရှာဖို့ ဆုံးဖြတ်လိုက်ပါပြီ ....
လို မခြိမ်းခြောက်ခင်ကတော့ ကျုပ်ပြန်ဖို့ စဉ်းစားခဲ့ပါတယ် .... "

ယွဲ့တုဝေက ခေါင်းကိုခါယမ်းလိုက်သည်။

"ဒါပေမယ့် မင်းကို ကျုပ် စိတ်မချဘူး .... "

ထိုစကားကြောင့် စီးချူးယင်၏မျက်နှာ ရဲခနဲဖြစ်သွားသည်။

ယွဲ့တုဝေက စကားဆက်လိုက်သည်။

"ကျုပ် မင်းကို ကူညီမယ် .... လင်ဝီဖုန်းကို မင်းနဲ့အတူ ရှာခွင့်
ပေးပါ .... "

"ခင်ဗျားမှာ အာမခံဌာနက အလုပ်တွေရှိသေးတာပဲ .... "

"ကျုပ်တို့ပြန်ဖို့ရက်က လိုပါသေးတယ် .... ကုန်ပြည့်သွားရင်
လည်း ကျုပ်မလိုက်ဘဲနေခဲ့လို့ ဖြစ်ပါတယ် .... "

www.burmeseclassic.com

www.burmeseclassic.com



စီးချူးယင်သည် ယဲ့တုဝေအား ကျေးဇူးတင်စွာဖြင့် ပြောလိုက်သည်။

"ကျုပ် .... ခင်ဗျားကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး .... "

ယဲ့တုဝေသည် ဘာမျှပြန်မပြောတော့ပါ။

သူသည်ပြုံး၍သာ စီးချူးယင်အား ငေးကြည့်နေလေတော့သည်။

ထိုစဉ် အခန်းပြင်မှ တံခါးခေါက်သံကို ကြားလိုက်ရတော့၏။

"ဒေါက် .... ဒေါက် .... ဒေါက် .... "

အခန်းတံခါး ခေါက်သံ ထွက်ပေါ်လာ၏။

ယဲ့တုဝေက တံခါးထဖွင့်ပေးလိုက်ရာ တံခါးဝတွင် ဘုံကျောင်းစောင့် ဂူချင်းတုံကို တွေ့မြင်လိုက်ရလေသည်။

ဂူချင်းတုံက သူ့အား စေ့စေ့ကြည့်လိုက်ပြီး ....

"စီးချူးယင်ဆိုတဲ့ လူငယ် .... ဒီမှာရှိတယ်ကြားတယ် မဟုတ်လားကွယ် .... "

ယဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ရှိပါတယ် အဘ .... အထဲကို ဝင်ပါ .... "

ဂူချင်းတုံက အခန်းတွင်းသို့ လှမ်းဝင်လိုက်၏။

စီးချူးယင်က ဦးညွှတ်အရိုအသေပြု၍ နှုတ်ဆက်လိုက်သည်။

"အဘဂူပါလား .... ကျုပ်ကို ပြောစရာရှိလို့ထင်တယ် .... "

ဂူချင်းတုံက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ဟုတ်တယ် .... ကျုပ်မှတ်တမ်းတွေ ပြန်ရှာတော့ တွေ့တယ်"

ထိုစကားကြောင့် စီးချူးယင်မှာ စိတ်ဝင်စားသွား၏။



ထို့ကြောင့် အလောတကြီး မေးလိုက်သည်။

"ဟုတ်လား .... ဘယ်သူတွေလဲ .... "

"အဲဒီလူရွယ်နှစ်ယောက်လာရှာတဲ့လူတွေက ကုစန်းထုံနဲ့ ကျိုးဝမ်ဖုံးပဲ .... "

စီးချူးယင်၏ မျက်လုံးများ အရောင်တောက်သွား၏။

"ဟုတ်ပြီ .... ကုစန်းထုံနဲ့ ကျိုးဝမ်ဖုံးဆိုတဲ့ လူနှစ်ယောက်ဟာ ကျုပ်အဖေနဲ့အတူ ကျင်းမြို့စားကြီး နန်းကုန်းလီဆီမှာ အမှုတော်ထမ်းခဲ့တဲ့ ကိုယ်ရံတော်တွေပဲ .... ကျုပ်အဖေနဲ့အတူ ကုစန်းထုံ .... ကျိုဝမ်ဖုံး .... ပေ့စမ်းလု .... လီရှဲထင်းဆိုတဲ့လူတွေဟာ ကျင်းမြို့စားကြီးရဲ့ အယုံကြည်ဆုံး ကိုယ်ရံတော်တွေပဲ .... "

ဂူချင်းတုံက ပြုံးလိုက်သည်။

"မင်းလိုအပ်ရင် ယူသွားဖို့ .... ပေဝမ်းလုံနဲ့ လီရှဲထင်းရဲ့သားနှစ်ယောက် လိပ်စာကို ကျုပ်ယူလာခဲ့ပါတယ် .... "

ဂူချင်းတုံက အမြော်အမြင်ရှိသော အဘိုးအိုဖြစ်သည်။

သူသည် ယင်းသို့ပြောပြီး စာရွက်တစ်ရွက်အား လှမ်းပေးလိုက်၏။

စီးချူးယင်က စာရွက်ကို တစ်ချက်ကြည့်ကာ သိမ်းဆည်းလိုက်၏။

ဂူချင်းတုံက စကားဆက်လိုက်သည်။

"ဒီလို အရိုးအိုးတွေပျောက်တာ ကျုပ်တို့ဘုံကျောင်းမှာ မရှိဖူးပါဘူး .... ဒါကြောင့် မင်းတို့ဖခင်တွေရဲ့ အရိုးအိုး ဒီဘုံကျောင်းမှာ အားရှိတယ်ဆိုတာ မှားယွင်းလိမ့်မယ်လို့ ကျုပ်ယူဆပါတယ် .... "

ထိုစကားကြောင့် စီးချူးယင်မှာ စဉ်းစားရခက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူချင်းတုံက ထိုင်ရာမှ ထလိုက်သည်။

"ကဲ .... ကျုပ်ကို သွားခွင့်ပြုပါဦး .... ကူညီနိုင်သမျှ ကျုပ်ကူညီခဲ့ပြီးပါပြီ .... "

သူသည် ယင်းသို့ပြောပြီး အခန်းတွင်းမှ ထွက်ခွာသွားလေ၏။

စီးချူးယင်မှာ ငိုင်တွေစွာဖြင့် ထိုင်နေမိလေ၏။

ယဲ့တုဝေက သူ့အားလှမ်းကြည့်လိုက်သည်။

"မင်း ဘာဆက်လုပ်မလဲ .... "

စီးချူးယင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"လင်ဝီဖုန်းရဲ့သတင်းကိုရအောင် စုံစမ်းရတာပေါ့ .... ဂူချင်းတုံလည်း လင်ဝီဖုန်းအကြောင်း သိတယ်လို့ ပြောဖူးတယ် .... ကျုပ် သူ့ကို မေးဖို့ မေ့သွားတယ် .... "

ယဲ့တုဝေက ပြုံးလိုက်၏။

"မေးဖို့ အချိန်ရှိပါသေးတယ် .... "

စီးချူးယင်သည် ထိုင်ရာမှ ထလိုက်၏။

"ကဲ .... ကျုပ်ပြန်လိုက်ဦးမယ် .... ညနေမှ ဂူချင်းတုံဆီကို သွားကြတာပေါ့ .... "

"ဒါဖြင့် .... ကျုပ်လည်း တည်းခိုခန်းကို ပြန်မယ် .... "

"ကောင်းပြီ .... ကောင်းပြီ .... ညနေကျတော့ ဂူချင်းတုံဆီ သွားကြတာပေါ့ .... "

စီးချူးယင်သည် ရွှေနဂါးတည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာသည်။

သူသည် လှေကားအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။

ထိုစဉ် ....



"ဆရာလေး .... "

ခေါ်သံတစ်သံ ထွက်ပေါ်လာသည်။

ထိုခေါ်သံကြောင့် **စီးချူးယင်**သည် နောက်သို့လှည့်ကြည့်လိုက်မိ၏။

ထိုအခါ ....

တည်းခိုခန်းပိုင်ရှင် ရှောက်လီအား တွေ့မြင်လိုက်ရသည်။

စီးချူးယင်က မျက်မှောင်ကြုတ်သွား၏။

"ကျုပ်ကို ခေါ်တာလား .... "

ရှောက်လီက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် .... "

"ဘာကိစ္စများလဲ .... "

"ဆရာလေး လင်ဝီဖုန်းရဲ့အကြောင်း သိခဲ့ပြီလား .... "

စီးချူးယင်က ခေါင်းညိတ်လိုက်၏။

ရှောက်လီက ပြုံးလိုက်သည်။

"လင်ဝီဖုန်းအကြောင်း ကျင်းမြို့တော်မှာ ဘယ်သူကမှ မပြောချင်ကြတာကို နားလည်ပြီပေါ့ .... ကျုပ်လည်း ဆရာလေးကို မပြောချင်တာ အဲဒီအကြောင်းကြောင့်ပါပဲ .... "

စီးချူးယင်က သူ့အားစေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားမှာ အခြားပြောစရာရှိသေးလို့လား .... "

"လင်ဝီဖုန်းအကြောင်း သခင်လေး သေသေချာချာသိချင်ရင် စီနန်တောင်ခြေ ရွာကိုသွားပါလို့ ပြောချင်လို့ပါ .... ကျုပ်လည်း ဆရာလေးကို တတ်နိုင်သမျှ ကူညီတာပါ .... "

"စီနန်တောင်ခြေရွာ ဟုတ်လား .... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် .... အဲဒီရွာမှာ လင်ဝီဖုန်းရဲ့ အစ်ကိုရှိတယ် .... အဲဒါ အကောင်းဆုံး သဲလွန်စပေါ့ .... "

"ဘယ်သူလဲ .... "

ရောက်လီက လေသံနိမ့်၍ ပြောလိုက်သည်။

"လင်ရှုပင်လို့ ခေါ်ပါတယ် .... သူ့အိမ်က ရွာအရှေ့ဘက်က တောင်ကုန်းလေးပေါ်မှာ ရှိပါတယ် .... တစ်သီးတခြားပဲ .... အဲဒီကို ဆရာလေးသွားပါ .... "

"ကျုံးမြို့တော်နဲ့ စီနန်တောင်ခြေရွာ ဘယ်လောက်ဝေးသလဲ"

"ကျုံးမြို့တော်က အခုအချိန်ထွက်သွားရင် ညနေလောက် ပြန်လာနိုင်ပါတယ် .... သိပ်မဝေးပါဘူး .... "

စီးချူးယင်မှာ မျက်မှောင်ကြုတ်သွားသည်။

သတင်းရရိုက် အချိန်မဆွဲဘဲ သွားကြည့်လျှင် ကောင်းမည်ဟု တွေးလိုက်မိသည်။

ထိုသို့ တွေးလိုက်မိသည်နှင့် သူသည် တည်းခိုခန်းတွင်းမှ ထွက်လာခဲ့လေတော့သည်။ ဤကိစ္စကို ယဲ့တုဝေနှင့် တိုင်ပင်လျှင် ကောင်းမည်ဟု စီးချူးယင် တွေး၏။ ဤသို့ဖြင့် သူသည် ရွှေဓားအာမခံဌာနသို့ ရောက်ရှိလာလေတော့သည်။

ရွှေဓားအာမခံဌာန၏ရှေ့၌ အာမခံဌာနသားနှစ်ဦးသည် ဓားရှည်ကိုယ်စီကိုင်ကာ စောင့်ကြပ်နေကြသည်။

သူတို့သည် စီးချူးယင်ရောက်လာသည်ကို တွေ့မြင်သောအခါ ချက်ချင်းပင် အရိုအသေ ပြုလိုက်ကြ၏။ စီးချူးယင်ကို သူတို့ရင်းနှီးနေကြပြီ မဟုတ်ပါလား။

စီးချူးယင်က သူတို့အား လှမ်းမေးလိုက်သည်။



"မင်းတို့ သခင်လေးရှိတယ် မဟုတ်လား .... "

အစောင့်တစ်ယောက်က ပြန်ဖြေလိုက်၏။

"သခင်လေး အခုပဲ ထွက်သွားပါတယ် .... အထဲကို ဝင်စောင့်ရင် စောင့်နေပါလား .... "

"မင်းတို့သခင်လေးက ကြာမှာလား .... "

"ကြာမယ် ထင်တယ်ဗျ .... သခင်လေးကို ဘာပြောလိုက်ရမလဲ .... "

စီးချူးယင်က ယဲ့တုဝေအား မှာကြားခဲ့ရန် စဉ်းစားမိပြီး စာတစ်စောင် ရေးပေးလိုက်၏။

"မင်းတို့ သခင်လေး ပြန်လာရင် .... ဒီစာပေးလိုက်ပါ .... ဒါထက် ကျုပ်ကို မြင်းတစ်ကောင်လောက် ပေးနိုင်မလား .... "

"ရပါတယ် ယူသွားပါ .... "

အစောင့်က ယင်းသို့ပြောပြီး ချက်ချင်းပင် မြင်းတစ်ကောင်ကို ဆွဲကာ စီးချူးယင်အား ပေးလိုက်သည်။

စီးချူးယင်က မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး စီနန်တောင်ခြေရွာသို့ ဦးတည်၍ထွက်လာခဲ့လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



စိနန်တောင်။

စိနန်တောင်သည် ကျင်းမြို့တော်နှင့် အနီးဆုံးသော တောင်တစ်လုံးဖြစ်သည်။ အဝေးမှကြည့်လျှင် ကျင်းမြို့တော်၏နောက်ခံတောင်သည် စိနန်တောင်ပင် ဖြစ်လေ၏။

စိနန်တောင်တစ်ခုလုံးမှာ အစဉ်အမြဲ ရေခဲများဖုံးလွှမ်းနေသည်။

စီးချူးယင်မှာ မြင်းကိုခုန်းစိုင်းမောင်းနှင်လာ၏။

မကြာမီ သူသည် ....

စိနန်တောင်ခြေရှိ ရွာအရှေ့ဘက်သို့ မြင်းကိုဦးတည်လိုက်၏။

မကြာမီ ရွာအရှေ့ဘက်တွင် တောင်ကုန်းတစ်ခုရှိသည်ကို တွေ့မြင်လိုက်ရ၏။

ထိုတောင်ကုန်းပေါ်တွင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံးရှိသည်။

"ရှောက်လီပြောလိုက်တာ ဒီအိမ်ပဲဖြစ်မယ် .... "

သူသည် ယင်းသို့တွေးရင်း ထိုအိမ်ဆီသို့ မောင်းနှင်လာ၏။

စီးချူးယင်သည် မြင်းကို တံခါးဝတွင် ရပ်လိုက်ပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ခြံစည်းရိုးမှာ ဖြစ်ရုံသာ ကာရံထားခြင်းဖြစ်ပြီး ကျိုးပဲ့ပျက်စီးနေသည်။

တံခါးမှာလည်း ယိုင်နဲ့ ယိုယွင်းနေ၏။

စီးချူးယင်သည် တံခါးကို အသာတွန်းဖွင့်လိုက်ပြီး ခြံဝင်းအတွင်းသို့ လှမ်းဝင်လိုက်၏။



ထို့နောက် ....

လှေကားထစ်များအတိုင်း တောင်ကုန်းပေါ်သို့ တက်လာခဲ့၏။

တောင်ကုန်းပေါ်သို့ ရောက်သောအခါ အိမ်တံခါးကို အသာခေါက်လိုက်သည်။

"အိမ်ရှင်တို့ .... အိမ်ရှင်တို့ .... "

သူ၏စကားသံဆုံးသည်နှင့် အတွင်းမှအသံကြားလိုက်ရသည်။

"ဘယ်သူလဲ ဝင်လာခဲ့ပါ .... တံခါးဖွင့်ထားတယ် .... "

အေးစက်ခက်ထန်သော စကားသံပင်ဖြစ်သည်။

စီးချူးယင်သည် တံခါးကို အသာတွန်းကြည့်လိုက်ရာ တံခါးပွင့်သွားသည်။

အိမ်တွင်း၌ အလင်းရောင်လုံလောက်စွာ မရရှိပေ။

စီးချူးယင်က အိမ်ထဲသို့ ဝင်လိုက်၏။

"ထိုင်ပါ .... "

စီးချူးယင်သည် အသင့်တွေ့နေရသော ကုလားထိုင်တွင် ထိုင်ရင်း အခန်းတွင်းသို့ အသာအကဲခတ်ကြည့်လိုက်၏။

သူအား ကျောပေးကာ ထိုင်နေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ အဘယ်ကြောင့် အိမ်ရှင်သည် ကျောပေးထိုင်နေရသနည်း။ ဤသို့ မဖြစ်သင့်ချေ။

စီးချူးယင်မှာ မျက်မှောင်ကြုတ်သွား၏။

"ဦးက လင်ရှုပင်လား .... "

ထိုလူက အေးတိအေးစက်လေသံဖြင့် တုံ့ပြန်၏။

"မင်းက လင်ရှုပင်ကို အလွန်တွေ့ချင်နေပုံပဲ .... "

"ဗျာ .... ခင်ဗျားက လင်ရှုပင် မဟုတ်ဘူးလား .... "

www.burmeseclassic.com

www.burmeseclassic.com



စီးချူးယင်မှာ အံ့အားသင့်သွားသည်။

ထိုစဉ် ....

ကျောပေးထိုင်နေသူသည် သူ့ဘက်သို့ လှည့်လာလေ၏။

ယခုမှ ထိုလူ၏မျက်နှာပေါ်တွင် ကြေးဝါရောင်မျက်နှာဖုံးစွပ်တစ်ခု စွပ်ထားသည်ကို တွေ့မြင်ရသည်။

ထိုလူအား သူက စေ့စေ့ကြည့်လိုက်သည်။

"မင်းက ဘာကြောင့် လင်ဝီဖုန်းရဲ့သတင်းကို စုံစမ်းနေရတာလဲ ....မင်း ဘယ်လိုမှစုံစမ်းခွင့်မရပါဘူး .... မင်း ဒီကိုရောက်လာတာဟာ ကိုယ့်သေတွင်း ကိုယ်တူးခဲ့တာပဲ .... မင်းက လင်ဝီဖုန်းကို စုံစမ်းဖို့ရောက်လာတဲ့ နေပြည်တော်က ကြီးကြပ်စုံစမ်းရေးမှူးတစ်ယောက်ပဲမဟုတ်လား .... "

စီးချူးယင်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး .... ကျုပ်က ကျုပ်အဖေနဲ့ပတ်သက်ပြီး လင်ဝီဖုန်းကို ရှာနေတာဗျ .... "

ထိုလူက သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... မင်း အခုမှ လိမ်ညာဖို့ မကြိုးစားပါနဲ့တော့ .... မင်းက အရင်လွှတ်လိုက်တဲ့ သတင်းစုံစမ်းရေးမှူးသုံးယောက်လည်း ငရဲပြည်ရောက်သွားပြီ .... အခုလည်း မင်းရောက်လာမယ်ဆိုတဲ့အကြောင်း ကျုပ်က ကြိုတင်သိပြီးသားပါ .... "

"ခင်ဗျား အထင်လွဲနေပြီဗျ .... ခင်ဗျားက လင်ဝီဖုန်းပဲလား"

"မင်း ဘာမှသိစရာမလိုဘူး .... မင်းလက်နက်ထုတ်ပါ .... "

စီးချူးယင်မှာ စိတ်ရှုပ်ထွေးသွားသည်။

"ကျုပ်ရှင်းပြတာကို နားထောင်ပါဦး .... "



ထိုလူက ထိုင်ရာမှ ထရပ်လိုက်၏။

"မင်းအခွင့်အရေးရတုန်း လက်နက်မထုတ်ရင် ကျုပ်အဆိုးမဆိုပါနဲ့ .... "

သူသည် ယင်းသို့ပြောပြီးသည်နှင့် လက်ဝါးနှစ်ဖက်ကို တွန်းထုတ်ပြီး စတင်တိုက်ခိုက်လိုက်လေ၏။

စီးချူးယင် ထိတ်လန့်သွားသည်။

သူသည် ကပျာကယာ ကြမ်းပြင်ပေါ်သို့ လှဲချကာ ရှောင်တိမ်းလိုက်ရသည်။ သူက အရှောင်မြန်သွားသည်။ တိုက်ချက်ကား ပြင်းထန်လှသည်။

ထိုလူ၏လက်ဝါးမှာ ကုလားထိုင်ကို ထိမှန်သွားသည်။

"ဝုန်း .... "

ကုလားထိုင်ကျိုးပဲ့ပျက်စီးသွားသည်။

ထိုလူသည် ဆက်တိုက်ဆိုသလိုပင် တိုက်ခိုက်လာသည်။

စီးချူးယင်က ထိုလူ၏တိုက်ခိုက်မှုများမှ လွတ်အောင် ရှောင်တိမ်းလိုက်ရင်း အော်ဟစ်လိုက်၏။

"နေပါဦး .... ကျုပ်ရှင်းပြတာ နားထောင်ပါဦး .... "

ထိုလူက ဂရုပင် မစိုက်ဘဲ တိုက်ခိုက်နေသည်။

စီးချူးယင်မှာ ဒေါသထွက်သွားလေ၏။

"ခင်ဗျားက ရန်လိုလှချည်လား .... "

သူသည် ယင်းသို့ပြောပြီး လက်ဝါးနှစ်ဖက်ဖြင့် တုံ့ပြန်တိုက်ခိုက်လိုက်၏။

ထိုလူက ရယ်မောရင်း ....

"မင်းတို့လို သတင်းစုံစမ်းရေးမှူးတွေကို ကျုပ်ရှင်းပစ်ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



များလှပြီ .... မင်းလည်း မင်းရဲ့လူတွေနောက်ကို လိုက်ပေဦးတော့ မင်းလူတွေ ဧရာ စောင့်နေလိမ့်မယ် .... ”

**သူသည်** ပြောရင်း တိုက်ခိုက်မှုအရှိန်ကို မြှင့်တင်လိုက်သည်။

**ထို့ကြောင့်** စီးချူးယင်၏အခြေအနေမှာ တဖြည်းဖြည်းဆိုးရွား **လာလေ၏။**

သိုင်းပညာတွင် သူသည် ကိုယ်ဖော့ပညာလောက်ကိုသာ ကျွမ်းကျင်ခဲ့သည် မဟုတ်ပါလား။

သူသည် ကြိုးစားရှောင်တိမ်းရင်းမှ မောဟိုက်လာသည်။

ထိုစဉ် ....

ထိုလူ၏ လက်ဝါးရိုက်ချက်သည် သူ့ထံသို့ တိုးဝင်လာ၏။

“ဝုန်း .... ”

စီးချူးယင်မှာ ထိုလူ၏ လက်ဝါးတစ်ချက်ထိမှန်ကာ နောက်သို့ လွင့်စဉ်သွားသည်။

သူက လဲကျရာမှ ထမည်ပြုစဉ် .... ထိုလူက ရုတ်ခြည်းရောက်ရှိလာပြီး သူ၏ဦးခေါင်းအား လက်ဝါးဖြင့်ရိုက်ချရန် ရွယ်လိုက်၏။

“သေပေတော့ .... ”

**စီးချူးယင်**မှာ အလွန်ထိတ်လန့်သွားသည်။

**ထိုလူ**လက်ဝါး ရိုက်**ချရန် ဟန်**ပြင်လိုက်စဉ်မှာပင် ....

“ခွပ် .... ခွပ် .... ခွပ် .... ”

“ခွပ် .... ခွပ် .... ခွပ် .... ”

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ထိုမြင်းခွာသံမှာ တောင်ကုန်းလေးအတိုင်း တက်လာခြင်းဖြစ်ကြောင်း သိနိုင်သည်။



ထိုလူက တက်တစ်ချက်ခေါက်လိုက်ပြီး အိမ်အနောက်ဘက်သို့ လျင်မြန်စွာ ထွက်ပြေးသွားသည်။ စီးချူးယင်လည်း သတိလစ်သွားတော့သည်။

❋

“ဟင်း .... ဟင်း .... ”

စီးချူးယင်၏ခန္ဓာကိုယ်သည် စတင်လှုပ်ရှားလာ၏။

“မင်း သတိရလာပြီလား .... ဘာမှမကြောက်နဲ့ ကျုပ် မင်းအနားမှာရှိတယ် .... ”

နူးညံ့ညင်သာသော စကားသံတစ်သံ ထွက်ပေါ်လာသည်။

စီးချူးယင်သည် မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

ထိုအခါ ....

သူသည် အခန်းတစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

သူ့အနီးတွင်ထိုင်နေသော ယွဲ့တုဝေကိုလည်း တွေ့မြင်လိုက်ရသည်။

ယွဲ့တုဝေ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ပေါ်လွင်ထင်ဟပ်နေသည်။

“မင်း သတိရပြီနော် .... ကျုပ်ဖြင့် မင်းအတွက် စိတ်ပူလိုက်ရတာ .... ”

www.burmeseclassic.com

www.burmeseclassic.com



စီးချုံးယင်က ခေါင်းအသာညိတ်လိုက်ရင်း မိမိကိုယ် မိမိပြန်

ကြည့်လိုက်၏။

ထိုအခါ ....

သ၏ခန္ဓာကိုယ်ပေါ်တွင် မိန်းကလေးအဝတ်အစားများ လဲ

ထားသည်ကို တွေ့မြင်လိုက်ရ၏။

စီးချုံးယင်၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

"ဟင် .... ဒါ .... ဒါတွေဟာ .... "

ထိုစကားကြောင့် ယဲ့တုဝေက ....

"ကျုပ် .... ကျုပ်ဟာ မင်းကို မိန်းကလေးမှန်း**မသိလို့ပါ** —

နောက် .... နောက်မှ ကျုပ်ငယ်သားရဲ့ဇနီးကို ခေါ်ပြီးအဝတ်အစား

လဲခိုင်းထားတာပါ .... "

ယဲ့တုဝေက အထစ်ထစ်အငေါ့ငေါ့နှင့် ရှင်းပြလိုက်၏။

စီးချုံးယင်က သက်ပြင်းချလိုက်၏။

ယခုမှ ဖုံးကွယ်နေရန်လည်း အကြောင်းမရှိတော့ပါ။

"ကျွန်မကို တိုက်ခိုက်တဲ့လူက ဘယ်သူလဲရှင့် .... "

ယဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း မေးမလို့ပါ .... ကျုပ်ရောက်တော့ မင်းသတိမေ့

လဲကျနေတာပဲ တွေ့တယ် .... တခြား ဘယ်သူမှ မတွေ့ရဘူး —

ဘယ်လိုဖြစ်တာလဲ .... မင်း အဲဒီလူကို မတွေ့လိုက်ရဘူးလား .... "

"ကျွန်မနာမည်က မှုယုံချင်းချင်းပါ .... ဒီလောက်ဝေးလံ

ခရီးကြမ်းကိုလာတဲ့အခါ မိန်းကလေးတစ်ယောက်အတွက် ဘယ်လို

မသင့်လျော်ပါဘူး .... ဒါကြောင့် ယောကျ်ားလေးတစ်ယောက်ဟန်

ဆောင်ပြီး ယောကျ်ားလေးလို ဝတ်လာခဲ့တာပါ .... ဒီလိုဟန်ဆောင်



ထားမှ ဘေးကင်းလိမ့်မယ်လို့ ကျွန်မယူဆထားလို့ပါ .... "

ထို့နောက် ....

သူမက အဖြစ်အပျက်အားလုံးကို ပြောပြလိုက်၏။ ထို့နောက်

ယဲ့တုဝေအား ပြန်မေးလိုက်သည်။

"ရှင်ကကော စီနန်တောင်ခြေရွာကို ဘယ်လိုလုပ်ရောက်လာ

တာလဲ .... "

ယဲ့တုဝေက ပြုံးလိုက်သည်။

"ကျုပ်ပြန်လာတော့ မင်းရဲ့စာတွေ့တယ်လေ .... ကံကောင်း

ချင်တော့ ကျုပ်နားမှာ ကောက်ချူးက ရှိနေတယ် .... ကောက်ချူးက

လင်ဝီဖုန်းအကြောင်း ကောင်းကောင်းသိတယ် .... လင်ဝီဖုန်းမှာ ညီ

အစ်ကိုတစ်ယောက်မှ မရှိဘူးဆိုတာ သူသိတယ် .... ကျုပ် မင်းအတွက်

စိတ်ပူသွားတယ် .... ဒါဟာ ကောင်ချောက်တစ်ခုဖြစ်နိုင်တယ်လို့ ချက်

ချင်းတွေးလိုက်မိတယ် .... ဒါကြောင့် မင်းနောက်ကို ကျုပ်လိုက်ခဲ့တာ

ဟိုရောက်တော့ မင်းက ဒဏ်ရာနဲ့ မေ့မြောနေတာကို တွေ့လိုက်ရတာ

ပဲ .... **တခြား ဘယ်သူ့**ကိုမှ မတွေ့ဘူး .... "

**မှုယုံချင်းချင်းက** ခေါင်းညိတ်လိုက်၏။

"**ကျွန်မကို** ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ယဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်က ကျေးဇူးတင်ခံချင်လို့ မဟုတ်ပါဘူး .... မင်းကို ကူညီ

ယ်လို့ ကတိပေးထားပြီးပဲ .... နေဦး .... မင်း ဗိုက်ဆာနေလောက်

ပြီ .... "

သူသည် ယင်းသို့ပြောပြီး အခန်းတွင်းမှ ထွက်သွား၏။

မကြာမီ ....

www.burmeseclassic.com

www.burmeseclassic.com



သူသည် အခန်းတွင်းသို့ ယှဲ့တုဝေလာလေ၏။

သူ့လက်ထဲတွင် ပန်းကန်တစ်လုံးပါလာပြီး ပန်းကန်ထဲတွင် အငွေ့ထောင်းထောင်းထနေသော ခေါက်ဆွဲပြုတ်များ ပါလာသည်။

ယှဲ့တုဝေက ခေါက်ဆွဲပြုတ်ပန်းကန်ကို လှမ်းပေးလိုက်သည်။

"ခေါက်ဆွဲပြုတ် သောက်လိုက်ပါဦး ...."

မုယုံချင်းချင်းသည် ယခုမှ သူ့အလွန်ဆာလောင်နေကြောင်း သတိထားလိုက်မိ၏။

ထို့ကြောင့် ....

သူမသည် ဟန်ပင်မဆောင်နိုင်တော့ဘဲ စားသောက်လိုက်လေတော့သည်။

ယှဲ့တုဝေက သူမအား ငေးကြည့်နေမိသည်။ မုယုံချင်းချင်း၏ မျက်နှာမှာ မိန်းကလေးကဲ့သို့ ဝတ်စားလိုက်သောအခါမှ အလှပေါ်လွင်လာ၏။

မုယုံချင်းချင်းမှာ လှပသော မျက်နှာကလေးကို ကြည့်မဝနိုင်သကဲ့သို့ ဖြစ်နေမိသည်။

မုယုံချင်းချင်းမှာ ယှဲ့တုဝေ၏အကြည့်ကြောင့် ရှက်သွေးဖြာသွားသည်။

ယှဲ့တုဝေက သူ့အကြည့်လွန်သွားကြောင်း သိလိုက်သဖြင့် မျက်နှာလွှဲနေလိုက်၏။

အတန်ကြာမှ မုယုံချင်းချင်းမှာ စားသောက်ပြီးသွား၏။

ထိုအခါမှ ယှဲ့တုဝေက လှမ်းမေးလိုက်သည်။

"ကျုပ်အရေးကြီးတာ မေ့နေတယ် ...."

မုယုံချင်းချင်းမှာ မျက်မှောင်ကြုတ်သွားသည်။



"ဘာများလဲ ...."

"မင်းကို လင်ဝီဖုန်းရဲ့အစ်ကို စီနန်တောင်ခြေရွာမှာ ရှိတယ်လို့ ဘယ်သူကပြောတာလဲ ...."

"ရွှေနဂါးတည်းခိုခန်းပိုင်ရှင် ရှောက်လီပဲ ...."

ယှဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"အဲဒီလူဟာ တရားခံပဲ .... ကျုပ် သူ့ဆီ သွားလိုက်ဦးမယ်"

မုယုံချင်းချင်းက ပခုံးတစ်ချက်တွန့်လိုက်၏။

"ရှင်နဲ့အတူ ကျွန်မလည်း လိုက်မှာပေါ့ .... ဒီကိစ္စကို စာရင်းရှင်းဦးမယ်ဆိုတာ ကျွန်မသိပါတယ် ...."

ယှဲ့တုဝေက လက်ကာပြလိုက်သည်။

"မင်းအနားယူလိုက်ပါဦး .... အားအင်ပြည့်မှ လုပ်ရှားလို့ကောင်းတယ် ...."

မုယုံချင်းချင်းက ပြုံးလိုက်သည်။

"ကျွန်မသက်သာပါပြီ ...."

ယှဲ့တုဝေက သူမအား လှမ်းကြည့်လိုက်ပြီး ....

"မင်းယောကျ်ားလေးလို ပြန်ဝတ်ဦးမှာလား ...."

မုယုံချင်းချင်းက သက်ပြင်းတစ်ချက်ချကာ ပြောလိုက်သည်။

"စီးချူးယင်က လင်ဝီဖုန်းရဲ့လက်ချက်နဲ့ သေပြီလို့ပဲ သဘောထားလိုက်ပါ ...."

ယှဲ့တုဝေက သူမအား အတန်ကြာငေးကြည့်လိုက်သည်။

"မင်းက မိန်းကလေးအဝတ်အစားနဲ့ ပိုလှပါတယ်ကွာ ...."

ထိုစကားကြောင့် မုယုံချင်းချင်း၏မျက်နှာတစ်ခုလုံးမှာ ပန်းသွေးရောင် တောက်ပသွားး၏။

www.burmeseclassic.com

www.burmeseclassic.com



ယဲ့တုဝေက မုယုံချင်းချင်းရှက်သွားမှန်း သိလိုက်သဖြင့် ချက်ချင်း စကားလွှဲသည်။

"ကဲ .... မင်းသက်သာရင်လည်း လိုက်ခဲ့ပေါ့ .... သွားကြမယ်"

ထိုအခါ ....

မုယုံချင်းချင်းသည် အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်၏။

ထို့နောက် ....

ယဲ့တုဝေနှင့်အတူ ရွှေနဂါးတည်းခိုခန်းဆီသို့ ထွက်လာခဲ့လေတော့သည်။

* * *



## အခန်း (၇)

## သဲလွန်စ

ရွှေနဂါးတည်းခိုခန်း။

ယဲ့တုဝေနှင့် မုယုံချင်းချင်းတို့သည် ရွှေနဂါးတည်းခိုခန်းသို့ ရောက်ရှိလာသည်။

သူတို့သည် တည်းခိုခန်းပိုင်ရှင် ရှောက်လီအား စားပွဲတွင် ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

သူတို့နှစ်ယောက်သည် စားပွဲဆီသို့ လျှောက်သွားကြသည်။

ရှောက်လီက မုယုံချင်းချင်းအား မမှတ်မိပါ။ မုယုံချင်းချင်းမှာ မိန်းကလေးဖြစ်နေပြီ မဟုတ်ပါလော။

"မိန်းကလေး အခန်းလိုချင်လို့လား .... "

ယဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး .... ခင်ဗျားကို မေးစရာရှိလို့ဗျ .... "

ထိုစကားကြောင့် ရှောက်လီမှာ မျက်မှောင်ကြုတ်သွား၏။ ယဲ့တုဝေအား မလိုတမာအကြည့်ဖြင့် ကြည့်ပြီး ပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယှဲ့တုဝေက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားဆီမှ တည်းခိုနေတဲ့ စီးချူးယင် ဘယ်ရောက်သွားသလဲ ...."

ရှောက်လီ၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။ သူ့စနက်ပါနေသည် မဟုတ်ပါလော။

သို့သော် ....

သူသည် ကပျာကယာ ဣန္ဒြေဆည်လိုက်ပြီး ပြောလိုက်၏။

"ကျုပ် မသိဘူး .... သူပြန်မလာတာ သုံးရက်လောက်ရှိနေပြီ ကျုပ်လည်း တာဝန်ရှိသူတွေဆီကို သွားအကြောင်းကြားရကောင်းမလား စဉ်းစားနေတာ .... ကျုပ်ဆီမှာလည်း တည်းခိုနေတဲ့လူတွေဟာ ဒီလိုပဲ ပျောက်ပျောက်သွားတော့ အကြောင်းမကြားဘဲ နေမိတာပေါ့ဗျာ .... "

ယှဲ့တုဝေက မျက်မှောင်ကြုတ်သွားသည်။

"သူ ဘယ်သွားမယ်ပြောသွားသလဲ .... "

ရှောက်လီက ပခုံးတစ်ချက်တွန့်လိုက်သည်။

"မသိဘူးဗျ .... သူက လူငယ်တစ်ယောက်ပဲ .... အလည်လွန်တာလည်း ဖြစ်နိုင်ပါတယ် .... "

ယှဲ့တုဝေမှာ စိတ်မရှည်တော့ပါ။

"ရှောက်လီ .... ခင်ဗျားလိမ်ပြောတာတွေ နားထောင်ဖို့ ကျုပ်လာတာ မဟုတ်ဘူး .... "

ရှောက်လီက နားမလည်ဟန်ဖြင့် ပြန်မေးသည်။

"သခင်လေးယှဲ့က ကျုပ်ကိုဘာလို့ ပြောရတာလဲ .... သူ ဘယ်သွားတယ်ဆိုတာ ကျုပ်ဘယ်သိမလဲ .... သူ့ရဲ့အုပ်ထိန်းသူလည်း မဟုတ်ဘူး .... "

ယှဲ့တုဝေက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက လင်ဇီဖုန်းရဲ့အစ်ကိုဆီ သူ့ကိုလမ်းညွှန်လိုက်တယ်ဆိုတာ ကျုပ်သိထားတယ် .... "

ထိုစကားကြောင့် ရှောက်လီ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

ယှဲ့တုဝေက စကားဆက်လိုက်၏။

"ဟိုမှာ သူ့ကို လုပ်ကြံမယ့်သူက အသင့်စောင့်နေတယ်လေ ခင်ဗျား ဘာပြောင်းမလဲ .... "

ရှောက်လီ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

"သူ .... သူသေသွားပြီလား .... "

ယှဲ့တုဝေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... ခင်ဗျားကို ဘယ်သူခိုင်းသလဲ ပြောစမ်း"

ရှောက်လီက ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ....

"ကျုပ် .... ကျုပ်က .... ဒီလိုဖြစ်မယ်မှန်း မသိလို့ပါ .... ဒီလိုမှ မပြောရင် လူတစ်ယောက်က ကျုပ်ကိုသတ်မယ်ဆိုလို့ပါ .... ကျုပ်က သူ့ကို မကောင်းကြံတာ မဟုတ်ပါဘူး .... ကျုပ်ရဲ့အသက်ဘေးကြောင့် ဒီလိုပြောရတာပါ .... "

ယှဲ့တုဝေမှာ စိတ်ဝင်စားသွားသည်။ သဲလွန်စပေါ်လာပြီဟုလည်း တွေးမိသည်။

ထို့ကြောင့် သူက ခပ်ဆတ်ဆတ် မေးလိုက်လေ၏။

ရှောက်လီက သက်ပြင်းချလိုက်သည်။

"ကြေးစားမယ် မေဟွားပါ .... "



www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ .... ခင်ဗျားစကားမမှန်ရင်တော့ အာဏာသား တွေလက်ထဲ ကျုပ်ထည့်ရမယ် .... ဟိုခမျာ ခင်ဗျားကြောင့် သေသွား ရှာပြီဗျ .... "

ရှောက်လီမှာ အလွန်ထိတ်လန့်သွားဟန်ဖြင့် လက်ကာပြလိုက် သည်။

"မလုပ်ပါနဲ့ .... ကျုပ်က ကြောက်ပြီး သူခိုင်းတဲ့အတိုင်း ပြောရ တာပါ .... "

မုယုံချင်းချင်းက ကြားဝင်မေးလိုက်သည်။

"အခု မေဟွားဘယ်မှာရှိမလဲ .... "

ရှောက်လီက အနည်းငယ်စဉ်းစားလိုက်ပြီး ပြန်ဖြေလေ၏။

"အခုအချိန်ဆိုလျှင် သူ့အိမ်မှာ ရှိပါတယ် .... "

မုယုံချင်းချင်းက ဆက်မေးရန် ဟန်ပြင်လိုက်၏။

သို့သော် ....

ရှောက်လီက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်သိတယ် .... လာ သွားကြစို့ .... "

သူတို့နှစ်ယောက်သည် တည်းခိုခန်းအတွင်းမှ လျင်မြန်စွာ ထွက် သွားကြလေတော့သည်။

မေဟွား .... ။

မေဟွားသည် အသက်သုံးဆယ်ကျော်ခန့်ရှိ၏။

ချောမောလှပသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

သူမအား အသက်သုံးဆယ်ကျော်ခန့်ရှိသော အမျိုးသမီးတစ် ယောက်ဟု မထင်ကြချေ။



အလွန်နုပျိုချောမောသော မိန်းကလေးတစ်ဦးဟုသာ ထင်ကြ လေသည်။

သူမသည် လှပချောမောသော မိန်းကလေးတစ်ယောက်ဖြစ် သော်လည်း ကြေးတန်းစားမယ်ဘဝနှင့်သာ ပျော်မွေ့နေရ၏။

ကျင်းမြို့တော်တွင် မေဟွားအား မသိသူမရှိပါ။

မေဟွား၏အလှနှင့် ဗျပ်စောင်းသံကို ကြားလိုသူများစွာသည် အမြဲပင် စောင့်ဆိုင်းနေကြ၏။

ဗျပ်စောင်းလက်သံတွင် သူမအား မီမည့်သူမရှိပါ။

မေဟွား၏ဂေဟာသည် ကျင်းမြို့တော်၏ တောင်ဘက်တွင် တည်ရှိပါသည်။

ယွဲ့တုဝေသည် ကြီးမားသော ဂေဟာရှေ့တွင် ရပ်လိုက်၏။

မုယုံချင်းချင်းကလည်း သူ့နံဘေးတွင် ရပ်လိုက်သည်။

သူမသည် အံ့သြဟန်ဖြင့် မေးလိုက်သည်။

"ဒါ .... သူ့အိမ်ဟုတ်လား .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... သူ့အိမ်ပါ .... "

ဂေဟာကြီးသည် အလွန်ပင် ခမ်းနားလှပေ၏။

ယွဲ့တုဝေက ပြုံးလိုက်သည်။

"အထဲရောက်ရင် .... မင်း ပိုအံ့သြသွားမယ် .... အပြင်ထက်ပို ပြီး ခမ်းနားတယ် .... "

မုယုံချင်းချင်းက သူ့အား စေ့စေ့ကြည့်လိုက်၏။

"ရှင်ရောက်ဖူးတယ် ဟုတ်လား .... "

ယွဲ့တုဝေ၏မျက်နှာမှာ နီရဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် .... ကျုပ် သူ့ရဲ့ဇာပ်စောင်းသံကို လာနားထောင်ဖူးတာပါ .... "

မုယုံချင်းချင်းက ပြုံးလိုက်သည်။

"အဲဒီအမျိုးသမီးက တော်တော်ချောသလားဟင် .... "

ယွဲ့တုဝေက လေးနက်စွာ မေးသည်။

"အမှန်ပြောရရင်တော့ မေဟွားဟာ ချောပါတယ် .... ဒါပေမယ့် မင်းရဲ့အလှကိုတော့ မမီပါဘူး .... သူချောတာက တစ်မျိုးပါ"

မုယုံချင်းချင်းက နှာခေါင်းရှုံ့လိုက်သည်။

"ရှင်က စကားပြောကောင်းသားပဲ .... "

ယွဲ့တုဝေက ပြန်ပြောမည်အပြုတွင် မုယုံချင်းချင်းက မြို့ဝင်းအတွင်းသို့ ဝင်ရောက်သွားလေ၏။

မုယုံချင်းချင်းက တံခါးမကြီးဆီသို့ လျှောက်သွားပြီး အသာခေါက်လိုက်၏။

"ခေါက် .... ခေါက် .... ခေါက် .... "

တံခါးခေါက်သံအဆုံး၌ တံခါးပွင့်သွားပြီးအဘွားအိုတစ်ယောက်ထွက်လာ၏။

"ဘာကိစ္စလဲ .... "

မုယုံချင်းချင်းက လာရင်းကိစ္စကို ပြောလိုက်သည်။

"မေဟွားနဲ့ တွေ့ချင်လို့ပါ .... "

အဘွားအိုက မျက်နှာထားခပ်တင်းတင်းဖြင့် ပြောလိုက်သည်။

"သခင်မလေး အနားယူနေတယ် .... သူနဲ့တွေ့ချင်ရင် ညကျမှလာခဲ့ပါ .... "

အဘွားအိုသည် တံခါးကို ဆောင့်ပိတ်လိုက်သည်။



သို့သော် ....

ယွဲ့တုဝေက ခြေထောက်ထိုးခံလိုက်သည့်အတွက် ပိတ်မရဘဲဖြစ်သွား၏။

ခြေထောက်ကန့်လန့်ခံထားသော တံခါးသည် အဘယ်မှာလျှင် ပိတ်၍ရပါအံ့နည်း။

အဘွားအိုမှာ ဒေါသထွက်သွား၏။

"မင်းတို့ ဘယ်လိုလူတွေလဲ .... သခင်မလေးက မနက်မှာ ဘယ်ဧည့်သည်မှ လက်မခံဘူးဆိုတာ .... နားမလည်ဘူးလား .... "

ယွဲ့တုဝေက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ကိုတော့ လက်မခံလို့ မရဘူးဗျ .... "

သူသည် ယင်းသို့ပြောပြီး အတွင်းသို့ လှမ်းဝင်လိုက်၏။ အဘွားအိုမှာ ယွဲ့တုဝေ၏အင်အားကို တောင့်မခံနိုင်ပါ။ သူနောက်ဆုတ်သွားရသည်။

အဘွားအိုသည် ဒေါသအမျက်ချောင်းချောင်းထွက်သွားသည်။

"မင်းတို့ လွန်လာပြီ .... အခုချက်ချင်း ဒီကထွက်သွားကြစမ်း"

ယွဲ့တုဝေက အဘွားအိုအား စေ့စေ့ကြည့်လိုက်ပြီး လေသံမာမာဖြင့် ပြောလိုက်၏။

"ကျုပ်တို့ ဒီကသွားမှာမဟုတ်ဘူး .... ခင်ဗျားရဲ့ သခင်မလေးကိုသာ ကျုပ်တို့ရောက်နေတဲ့အကြောင်း ပြောပြလိုက်စမ်းပါ .... ခင်ဗျား .... ဘာကြောင့် ဒီလောက်ဒေါသကြီးနေတရတာလဲ .... ခင်ဗျားတို့ အလုပ်နဲ့ ဒေါသ မအပ်စပ်ဘူးဗျ .... "

ထိုစဉ် ....

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းမှ ချိုလွင်သာယာသော စကားသံတစ်သံထွက်ပေါ်လာ၏။

"အပြင်မှာ ဘာတွေဖြစ်နေတာလဲ .... "

အဘွားအိုသည် ချက်ချင်း လေသံပြောင်းသွားသည်။

အလွန်ရိုသေလေးစားသော လေသံဖြင့် ပြောလိုက်သည်။

"ဒီမှာ သခင်မလေးနဲ့ တွေ့ချင်လို့တဲ့ .... ကျွန်မက ညကျမှလာလို့ပြောတာ .... ဖွတ်ဝင်လာပါတယ် .... ဘယ်လိုမှ တားလို့မရပါဘူး .... "

အဘွားအို၏စကားသံ ပြန်လည်ထွက်ပေါ်လာသည်။

"ကောင်းပြီလေ .... သူတို့ကို လွှတ်လိုက်ပါ .... "

ယွဲ့တုဝေက အဘွားအိုအား ပြုံးပြလိုက်၏။

အဘွားအိုက မကျေမနပ်လေသံဖြင့် ပြောရင်း လက်ညိုးညွှန်ပြလေ၏။

"ဟောဟိုက အခန်းထဲမှာ စောင့်နေကြပါ .... "

သူမသည် လွန်စွာဒေါသထွက်နေ၏။ **သူ့သခင်မကသာ ခွင့်မပြုလျှင်** သူတို့အား ရိုက်ထုတ်လိမ့်မည်ဟု **ထင်မိသည်။**

ယွဲ့တုဝေနှင့် မုယုံချင်းချင်းတို့သည် **အဘွားအိုညွှန်ပြရာ** အခန်း**တွင်းသို့** ဝင်ထိုင်လိုက်ကြလေ၏။

မုယုံချင်းချင်းက အခန်းထဲသို့ အသာအကဲခတ်ကြည့်လိုက်၏။

အခန်းကြမ်းပြင်တစ်ခုလုံး မွေးပွ**ကော်ဇော**အပြည့် ခင်းထား၏။

အခန်းနံရံတွင် လက်ရာမြောက်လှသော ပန်းချီကားများ ချိတ်ဆွဲထားသည်။



အခန်းတွင်း၌ အဖိုးတန်ပရိဘောဂများနှင့်သာ မွမ်းမံထားသည်။

အခန်းတစ်ဖက်တွင် တံခါးပေါက်တစ်ခုရှိသည်။

ထိုတံခါးတွင် ဝါးယင်းကာဖြင့် ကာထားပေသည်။

သူတို့**နှစ်ယောက်ထိုင်နေစဉ်** သင်းပျံ့သော ရနံ့တစ်ချက် မွှေးပျံ့သွားသည်။ **မေဟွားအသုံးပြုသည့်** ရေမွှေးပင် ဖြစ်ပေလိမ့်မည်။

ထိုစဉ် ....

ဝါးယင်း**ကာ**မှာ ရွေ့လျားသွားပြီး အမျိုးသမီးတစ်ယောက်ထွက်လာလေ၏။

ထိုအမျိုးသမီးအား တွေ့မြင်ရသောအခါ မုယုံချင်းချင်း၏ မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေ၏။ ရင်သပ်ရှုမောငေးမောမိလေ၏။

"စော်တော်လှတဲ့ အမျိုးသမီးပါလား .... "

မှန်ပေသည်။ မြင်ရသူတိုင်း ငေးမောကြည့်လောက်သည့် အလှဖြစ်ပေသည်။

မေဟွားအား တွေ့မြင်သူတိုင်းက လှပသည်ဟု ဝန်ခံသွားရသည် သာဖြစ်သည်။

သူမ၏မျက်နှာတစ်ခုလုံး မည်သည့်နေရာမှ အပြစ်ဆိုဖွယ်မရှိပေ။

နက်မှောင်လှသော ဆံကေသာများကလည်း သူမ၏အလှကို ပို၍ ပေါ်လွင်သွားစေသည်။

ဝါဝင်းစိုပြည်သော အသားအရေနှင့် အနီရောင်ဝတ်စုံရှည်မှာ ပို၍လိုက်ဖက်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှဲ့နှောင်းစွာ လမ်းလျှောက်လိုက်တိုင်း သူ၏ခန္ဓာကိုယ်အလှကို ပေါ်လွင်သွားသည်။

မေဟွားက ယွဲ့တုဝေအား ပြုံးပြလိုက်၏။

သူမ၏အပြုံးသည် ယောကျ်ားသားများအပေါ် ဆွဲဆောင်မှု ရှိလှသည်ဟု ထင်မိ၏။

"အင်း .... ငါလှတယ်ဆိုတာ မေဟွားဆိုတဲ့ အမျိုးသမီးရဲ့ ခြေဖျားတောင် မမီသေးပါလား .... "

မွယ်ချင်းချင်းက ယင်းသို့စိတ်ထဲ၌ ကျိတ်၍မှတ်ချက်ချလိုက်သည်။

မှန်သည်။

မေဟွားသည် အလွန်လှပသော အမျိုးသမီးတစ်ယောက်ပင် မဟုတ်ပါလော။

ထိုစဉ် ....

မေဟွားက သူတို့နှင့် အနီးဆုံးကုလားထိုင်တွင် ဝင်ထိုင်လိုက်လေ၏။

သူမက စားပွဲပေါ်တွင် အသင့်တင်ထားသော ဇာပ်စောင်းကို အသာ မ,ယူလိုက်လေ၏။

ယွဲ့တုဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြောလိုက်၏။

"ကျုပ်တို့ရောက်လာတာ ခင်ဗျားရဲ့ ဇာပ်စောင်းလက်သံနားထောင်ဖို့ မဟုတ်ပါဘူး .... ကျေးဇူးပြုပြီး ကျုပ်တို့ပြောစကားကို နားထောင်ပါ .... "

ထိုအခါ ....

မေဟွားမှာ မျက်မှောင်ကြုတ်သွားသည်။



"ကျွန်မဆီရောက်လာတဲ့လူမှန်သမျှ ကျွန်မရဲ့ ဇာပ်စောင်းသံကို နားထောင်ဖို့ပဲ .... ရှင်တို့က ဇာပ်စောင်းသံကို နားမထောင်ချင်ဘူးဆိုတော့ ကျွန်မဆီလာလို့ အပိုပါပဲ .... "

မွယ်ချင်းချင်းက ကြားဝင်ပြောလိုက်သည်။

"ကျွန်မတို့က မမနဲ့ စကားပြောချင်လို့ပါ .... လိပ်ပတ်လည်သွားရင်တော့ မမက ကျွန်မတို့နဲ့ စကားပြောချင်လာမှာပါ .... "

မေဟွားက ဇာပ်စောင်းကို အသာပြန်ချလိုက်ပြီး မေးလိုက်လေ၏။

"ကျွန်မ အချိန်သိပ်မပေးနိုင်ဘူး .... ရှင်တို့ ဘာများပြောချင်တာလဲ .... "

ယွဲ့တုဝေက မေဟွားအား အကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျားက ရွှေနဂါးတည်းခိုခန်းပိုင်ရှင် ရှောက်လီကို သိတယ်မဟုတ်လား .... "

မေဟွားက ခေါင်းညိတ်လိုက်သည်။

"သိပါတယ် .... "

ယွဲ့တုဝေက သူမအား စေ့စေ့ကြည့်လိုက်၏။

"ခင်ဗျားက သူ့ကိုဘာကြောင့် စီးချူးယင်ကို သတ်ဖို့ခိုင်းလိုက်တာလဲ .... "

သူသည် တည့်တိုးပင် မေးလိုက်လေ၏။

ဤအမျိုးသမီးကို ကွေ့ဝိုက်လှည့်ပတ် မေးနေဖို့ မလိုပါ။

ထိုအခါ ....

မေဟွားမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။ ယွဲ့တုဝေ၏စကားသည် ဒက်ခနဲ ပစ်မှတ်ကို ထိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ....

သူမသည် ချက်ချင်းပင် ပြန်ဖြေပြန်ဆည်လိုက်ပြီး ပြန်မေးလေ၏။

"ရှင်တို့ ဘယ်သူတွေလဲ .... "

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်တို့ ဘယ်သူတွေလဲဆိုတာ ခင်ဗျားသိစရာမလိုဘူး .... ခင်ဗျားကသာ ကျုပ်တို့မေးတာကို ဖြေဖို့လိုတယ် .... "

မေဟွားမှာ မျက်မှောင်ကြုတ်သွားသည်။

"ဘာကြောင့် ကျွန်မကိုလာစွပ်စွဲရတာလဲ .... စီးချူးယင်ဆိုတာ ဘယ်သူလဲ .... ကျွန်မ ဘာမှမသိဘူး .... "

ယွဲ့တုဝေက မဲ့ပြုံး ပြုံးလိုက်၏။

"ခင်ဗျားကို ကျုပ်တစ်ခုပဲ မေးမယ် .... လင်ဝီဖုန်း ဘယ်မှာလဲ .... "

မေဟွားမှာ ဒေါသထွက်သွားသည်။ သူမက ချက်ချင်းထအော်သည်။ စောစောက ယဉ်ကျေးသိမ်မွေ့သော အမူအရာများသည် မည်သို့ပျောက်သွားသည် မသိပေ။

"ရှင်တို့ အခုချက်ချင်း ထွက်သွားစမ်း .... "

ယွဲ့တုဝေက ကျေနပ်စွာ ပြုံးလိုက်သည်။

"ခင်ဗျားက လင်ဝီဖုန်းကို သိနေတာ သေချာတယ် .... ခင်ဗျားမပြောရင် ကျုပ်တို့က အတင်းအကျပ် မေးရလိမ့်မယ် .... "

မေဟွား၏မျက်နှာမှာ နီရဲသွားသည်။

သူမသည် ဒေါသတကြီးဖြင့် အနီးရှိ မောင်းကလေးအား တီးခတ်လိုက်သည်။



"ဒူ .... ဟူ .... ဟူ .... "

ကျယ်လောင်သော မောင်းသံထွက်ပေါ်လာသည်။

ငွေမောင်းသံအဆုံး၌ လူငါးယောက် အခန်းတွင်းသို့ ရောက်ရှိလာ၏။

အစောင့်အကြပ်များပေတည်း။

ထိုလူအားလုံးသည် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသည်။

သိုင်းသမားများဖြစ်ကြောင်း ကြည့်ရုံနှင့် သိနိုင်ပေသည်။

မေဟွားက အေးစက်စက်ထန်သောလေသံဖြင့် အမိန့်ပေးလိုက်၏။

"သူတို့ကို ပြန်ပို့လိုက်စမ်း .... "

ထို့နောက် ....

သူမသည် အခန်းတွင်းမှ ချာခနဲ လှည့်ထွက်သွား၏။

ယွဲ့တုဝေက ဟန့်တားလိုက်သည်။

"မေဟွား .... ခဏနေဦး .... "

သိုင်းသမားတစ်ဦးက ခြေလှမ်းတိုးထွက်လာပြီး လေသံမာမာဖြင့် မေးလိုက်၏။

"ဒီမှာ .... ကျုပ်တို့သခင်မလေးကို နှောင့်ယှက်ဖို့ မကြိုးစားပါနဲ့ ခင်ဗျားတို့နှစ်ယောက် အခန်းထဲက အေးအေးဆေးဆေး ထွက်သွားကြ .... ကျုပ်တို့ဓားမှာ မျက်စိမပါဘူး .... "

ထိုအခါ ....

ယွဲ့တုဝေမှာ ဒေါသထွက်သွားသည်။

www.burmeseclassic.com

မုယုံချင်းချင်းက ယွဲ့တုဝေအား ဟန့်တားလိုက်ပြီး သိုင်းသမားများဘက်သို့ လှည့်ကာ ဦးညွှတ်အရိုအသေပြုလိုက်၏။

"ကျွန်မတို့ နှောင့်ယှက်သလိုဖြစ်သွားရင် ခွင့်လွှတ်ပါရှင်"

"ကဲ .... လာ .... ကျွန်မတို့ ပြန်ကြစို့ .... "

မုယုံချင်းချင်းက ယွဲ့တုဝေ၏လက်ကိုဆွဲကာ ဂေဟာအတွင်းသို့ ထွက်လာခဲ့တော့၏။

မုယုံချင်းချင်းနှင့် ယွဲ့တုဝေတို့သည် မေဟွား၏ဂေဟာအတွင်းမှ ထွက်လာခဲ့သည်။

လမ်းမပေါ်သို့ ရောက်သောအခါ မုယုံချင်းချင်းက ပြောသည်။

"အစ်ကို သူ့ဂေဟာထဲမှာ ဒီလိုသွားလုပ်ရင် ဘာသိရမှာလဲ"

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"သူ့ကို လှည့်ပတ်မေးလို့ကော သိရမယ် ထင်လား .... "

မုယုံချင်းချင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါပေမယ့် .... "

ယွဲ့တုဝေမျက်နှာမှာ တည်ကြည်လေးနက်သွားလေသည်။

"အခုဆိုရင် .... သူဟာ လင်ဝီဖုန်းနဲ့ ပတ်သက်မှုရှိနေတယ်ဆိုတာ ပေါ်လွင်သွားပြီ .... သူ့ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်ရင်း လင်ဝီဖုန်းကို မလွဲမသွေ တွေ့ရမှာပဲ .... "

မုယုံချင်းချင်းမှာ ယခုမှ ယွဲ့တုဝေ၏အကြံကို သဘောကျသွားလေ၏။

ယွဲ့တုဝေက စကားဆက်လိုက်သည်။

"မကြာခင် သူဟာ လင်ဝီဖုန်းနဲ့ ဆက်သွယ်မှာပဲ .... ကျုပ်တို့ အခုချိန်ကစပြီး သူ့ရဲ့လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ် စောင့်ကြည့်ရ



မယ် .... ကျုပ်တို့ လွယ်လွယ်နဲ့ ထွက်လာတာ ကောင်းတယ် .... သူက ကျုပ်တို့ကို အထင်သေးမှ သူ့ကို စောင့်ကြည့်ဖို့လွယ်မယ် ...."

မုယုံချင်းချင်းမှာ ယခုမှ ယွဲ့တုဝေ၏အကြံကို သဘောကျသွားလေ၏။

ယွဲ့တုဝေက စကားဆက်လိုက်၏။

"မကြာခင် သူဟာ လင်ဝီဖုန်းနဲ့ ဆက်သွယ်မှာပဲ .... ကျုပ်တို့ အခုချိန်ကစပြီး သူ့ရဲ့လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ် စောင့်ကြည့်ရမယ် .... ကျုပ်တို့ လွယ်လွယ်နဲ့ ထွက်လာတာ ကောင်းတယ် .... သူက ကျုပ်တို့ကို အထင်သေးမှ သူ့ကို စောင့်ကြည့်လို့ လွယ်မယ်"

ထိုအကြံကို မုယုံချင်းချင်းက သဘောတူလက်ခံလိုက်လေတော့သည်။

* * *

www.burmeseclassic.com



## အခန်း (၈)

## နှုတ်ပိတ်ခြင်း

ည .... ။

**လဝန်းသည် ကောင်းကင်ပေါ်တွင် ထိန်ထိန်သာနေ၏။**

**ထို့အတူ ....**

မေဟွား၏ဂေဟာတွင်လည်း မီးများထိန်ထိန်လင်းနေသည်။

ခြည့်သည်အမျိုးသားများလည်း ဝင်ထွက်သွားလာနေကြ၏။ မြို့တော်၏လူဦးရေနှင့်စာလျှင် ဤဂေဟာထဲရောက်ရှိနေသည့် လူဦးရေအချိုးအစား လွန်စွာများပြားနေသည်။

ထိုအထဲတွင် ရွှေနဂါးတည်းခိုခန်းပိုင်ရှင် ရောက်လီလည်း အပါအဝင်ဖြစ်သည်။

ရောက်လီမှာ မေဟွား၏ဂေဟာအတွင်းသို့ ဝင်သွားပြီး မကြာမီ ပြန်လည်ထွက်၏။

သူသည် ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးမှ ခပ်သုတ်သုတ်လျှောက်သွားသည်။



ယဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကဲ .... ကျုပ်တို့လိုက်ဖို့ အချိန်တန်ပြီ .... လမ်းဆုံးရင် ရှာတွေ့မှာပဲ .... "

မုယုံချင်းချင်းက ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ....

သူတို့နှစ်ယောက်သည် အမှောင်ထုကို အကာအကွယ်ယူကာ ရောက်လီနောက်မှ နောက်ယောင်ခံလိုက်လာကြသည်။

ထိုစဉ် ....

ရောက်လီမှာ လမ်းတွင် ခေတ္တရပ်တန့်လိုက်ပြီးမှ ရှေ့ဆက်လျှောက်သွားပြန်သည်။

ဤသို့ဖြင့် ....

တဖြည်းဖြည်း မြို့ပြင်သို့ ရောက်မှန်းမသိ ရောက်ရှိလာလေတော့သည်။ ဤလူ မည်သို့သွားမည် မသိပေ။ ယဲ့တုဝေ၏ တာဝန်ကတော့ လိုက်ရမည့် တာဝန်သာရှိသည်။

ရောက်လီက နောက်လှည့်မကြည့်ဘဲ ခပ်သွက်သွက်လျှောက်သွားနေ၏။

တဖြည်းဖြည်း မြို့ပြင်တောအုပ်အတွင်းသို့ ရောက်ရှိလာ၏။

ထိုအခါ ....

ရောက်လီက ခြေလှမ်းရပ်တန့်လိုက်၏။

သူက နောက်သို့လှည့်ကြည့်ပြီး အော်ပြောတော့သည်။

"ထွက်လာခဲ့ပါ .... ကျုပ်က မင်းတို့ကို စောင့်နေပါတယ်"

ထိုစကားကြောင့် ယဲ့တုဝေနှင့် မုယုံချင်းချင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ....

ရှောက်လူ၏အဆိပ်ဟစ်ပြောဆိုသံ ထွက်ပေါ်လာပြန်သည်။

"ယဲ့တုဝေ .... မင်းပုန်းမနေပါနဲ့တော့ .... သတ္တိရှိရင်တော့ ထွက်ခဲ့ .... မင်း ငါ့ကိုနောက်ယောင်ခံလိုက်လာမှန်း ငါသိတယ်"

ထိုစကားကြောင့် ယဲ့တုဝေမှာ မျက်လုံးပြူးသွားသည်။

ရှောက်လီသည် လွန်စွာပါးနပ်သောလူတစ်ယောက်ဖြစ်သည် ဟုလည်း တွေးလိုက်မိ၏။

ထူအသည့် ပုံစံရှိတိုင်း ထူအသူမဟုတ်မှန်း ယဲ့တုဝေ သိလိုက်လေပြီ။

ယခု ....

သူတို့သည် ဆက်လက်ပုန်းကွယ်နေ၍ မဖြစ်တော့ပါ။

ထို့ကြောင့် ....

ယဲ့တုဝေသည် မုယုံချင်းချင်းနှင့်အတူ လှမ်းထွက်လိုက်ကြသည်။

ထိုအခါ ....

ရှောက်လီက အားပါးတရ ရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... မင်းတို့ ကျုပ်နောက် လိုက်လာမယ်မှန်းသိလို့ ဒီအထိ ခေါ်လာတာပဲ .... "

ယဲ့တုဝေမှာ မိမိကိုယ်မိမိ ဒေါသထွက်သွားမိသည်။

သူသည် မိမိကိုယ်ကို ပါးနပ်လှသည်ဟု ထင်ခဲ့မိသည်။

ယခု ....

မိမိသည် အလွန်မပါးနပ်သူဖြစ်ပြီး သူတစ်ပါးဆင်ထားသော ထောင်ချောက်အတွင်းသို့ ကျရောက်ခဲ့ရပြီ မဟုတ်ပါလား။



ရှောက်လီ ယဲ့တုဝေအား စေ့စေ့ကြည့်လိုက်၏။

"ယဲ့တုဝေ .... မင်းက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မစွက်ခဲ့ရင် သေရမှာ မဟုတ်ဘူး .... "

ယဲ့တုဝေက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို သတ်နိုင်လို့လား .... "

ရှောက်လီက အေးစက်ခက်ထန်သောလေသံဖြင့် ပြောသည်။

"မင်းကို သတ်ဖို့မဟုတ်ရင် .... ကျုပ်က ဒီအထိ မြှားခေါ်လာမှာ မဟုတ်ပါဘူး .... မင်းက သေမင်းနောက်ကို ကပ်လိုက်လာတာကိုး .... "

ထိုစကားကြောင့် ယဲ့တုဝေ၏ရင်ထဲ၌ လေးလံသွားသည်။

ရှောက်လီသည် စိတ်ချပိုင်နိုင်သောလေသံဖြင့် ပြောဆိုနေသည် မဟုတ်ပါလား။

ယဲ့တုဝေက ရှောက်လီအား အကဲခတ်ကြည့်ပြီး မေးလိုက်မိ၏။ သူ့အနေဖြင့် ကြာရှည်အချိန်ဆွဲထားရန် လိုအပ်ပေသည်။

"ကျုပ်ကို ဘာကြောင့် သတ်ချင်ရတာလဲ .... "

ရှောက်လီက စဉ်းလဲစွာ ပြုံးလိုက်၏။

"လင်ဝီဖုန်းကို အားလုံးက မေ့နေရမယ် .... မမေ့ဘဲနဲ့ စုံစမ်းတဲ့သူရှိရင် သေရမှာပဲ .... "

ယဲ့တုဝေမှာ မျက်မှောင်ကုတ်သွားသည်။

"လင်ဝီဖုန်းက ဘာဖြစ်နေလို့လဲ .... "

ရှောက်လီက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက မသိဟန်ဆောင်မနေပါနဲ့ .... မင်းက လင်ဝီဖုန်းကို ဖမ်းဆီးအရေးယူဖို့ စီးချူးယင်နဲ့အတူ စုံစမ်းနေတဲ့သူပဲ .... "

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားပြောတာတွေ ကျုပ် ဘာမှနားမလည်ဘူး .... "

ရှောက်လီက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါဆိုလည်း ကျုပ်ကပဲ ရှင်းပြရမှာပေါ့ .... "

ထိုအသံမှာ ရှောက်လီ၏အသံ မဟုတ်ပေ။ အမှောင်ထဲမှ ထွက်ပေါ်လာသည့် အသံဖြစ်သည်။

အမှောင်ထုအတွင်းမှ အေးစက်စက်ထန်သော စကားသံတစ်သံထွက်ပေါ်လာသည်။

"ရှောက်လီ .... မင်းစကားပြောတာ များနေပြီ .... လုပ်စရာရှိတာ ဆက်လုပ်ပါ .... "

ထိုစကားသံကို ကြားရသောအခါ ရှောက်လီ၏မျက်နှာမှာ စက်ထန်ကြမ်းတမ်းလာလေသည်။

သူသည် ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

"ယွဲ့တုဝေ မင်းလက်နက်ထုတ်လိုက်ပါ .... "

ယွဲ့တုဝေသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

အမှောင်ထုအတွင်း၌ ရှောက်လီ၏အဖော်များရှိသည် မဟုတ်ပါလော။ ယခု သူမှာ ပူပန်ရမည့်သူ ရှိနေလေပြီ။

မုယုံချင်းချင်းအတွက် စိုးရိမ်နေသည်။

သူသည် မုယုံချင်းချင်းဘက်သို့ လှည့်ကာ လေသံဖြင့် ပြောလေ၏။

"ညီမ အလွတ်ပြေးတော့ အစ်ကို သူတို့ကို ခုခံထားလိုက်မယ်"

မုယုံချင်းချင်းက ခေါင်းခါယမ်းလိုက်သည်။



"ဒီကိစ္စဟာ ကျွန်မကြောင့် အစ်ကိုပါလာရတာပဲ .... ကျွန်မ အစ်ကို့ကိုထားပြီး မပြေးနိုင်ဘူး .... "

ယွဲ့တုဝေကလည်း ခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးဘူး .... ညီမလွတ်မှ ကျုပ် သူတို့ကို စိတ်ချလက်ချ တိုက်ခိုက်နိုင်မှာ .... "

မုယုံချင်းချင်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျွန်မအတွက် စိတ်မပူပါနဲ့ .... သူတို့ကို ကျွန်မ မကြောက်ပါဘူး .... "

ယွဲ့တုဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဒီနေရာဟာ အန္တရာယ်တွေ ဝိုင်းနေတယ် .... အစ်ကို့စကားကို နားထောင်ပါ ညီမ သွားပါတော့ .... "

မုယုံချင်းချင်းက ခေါင်းခါယမ်းလိုက်သည်။

"မသွားဘူးလို့ ကျွန်မဆုံးဖြတ်ထားပြီးပြီ .... အစ်ကို ဘာမှ မပြောနဲ့တော့ .... "

"ဟား .... ဟား .... ဟား .... မင်းတို့ တစ်ယောက်မှ ဒီက ထွက်သွားလို့ မရတော့ဘူးကွ .... "

စကားသံနှင့်အတူ အမှောင်ထုတွင်းမှ လူတစ်ယောက်ထွက်ပေါ်လာသည်။

ထိုလူသည် အနက်ရောင်ကိုယ်ကျပ်ဝတ်စုံကို ဝတ်ဆင်ထား၏။ ခန္ဓာကိုယ်ထွားကျိုင်းသန်မာပြီး ရုပ်ရည်ကြမ်းတမ်းသူဖြစ်၏။ ထိုလူအား တွေ့မြင်ရသောအခါ ယွဲ့တုဝေမှာ မျက်လုံးပြူးသွားသည်။

"ဟင် .... ပင့်ကူနက် ကွမ်ယိကျန် .... "

www.burmeseclassic.com

www.burmeseclassic.com



သူသည် လွှတ်ခနဲ ရှေ့ထွက်လိုက်မိတော့သည်။

ထိုအခါ ....

အနက်ရောင်ဝတ်ဆင်ထားသူက အားပါးတရ ရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... မင်းက ကျုပ်ကိုသိနေတာကိုး မင်း ဘယ်ဆိုးလို့လဲ .... သိုင်းလောက ဗဟုသုတရှိတာပဲ .... "

ယွဲ့တုဝေက မဲ့ပြုံး ပြုံးလိုက်သည်။

"ခင်ဗျားလို လမ်းဓားပြကို ကျုပ်က ဆုံးမချင်တာနဲ့ အတော်ပဲ"

အနက်ရောင်ဝတ်ဆင်သူ မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဆို .... ဘာကြောင့် စကားပြောနေတာလဲ .... "

ယွဲ့တုဝေသည် မှယုံချင်းချင်းအား လှမ်းကြည့်လိုက်ပြီး သတိပေးလိုက်သည်။

"ညီမ အစ်ကို့**နောက်မှာ**ပဲနေ .... "

သူသည် **ကွမ်ယိကျွန်အား** တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။

**သို့သော် ....**

ရှောက်လီက **ကြားဝင်**လာသည်။

"ကျုပ်ရှိသေးတယ်**လေ ....** "

ယွဲ့တုဝေသည် **ဘာမှပြန်**မပြောတော့ပါ။

သူသည် **ခါးတွင်ချိတ်**ထားသော ရွှေဓားကို ဖော့ယမ်းကာ ရှောက်လီအား **တိုက်ခိုက်လိုက်**လေတော့သည်။

"ချွမ်း .... ချွမ်း .... ချွမ်း .... "

"ဖန်း .... ဖန်း .... ထန်း .... "

သံ့သံချင်း ထိခိုက်သံများ ဆူညံစွာ ထွက်ပေါ်နေသည်။



မှယုံချင်းချင်းမှာ တိုက်ပွဲကို **အကဲခတ်နေ၏**။

ရှောက်လီ၏တိုက်ခိုက်**မှုများမှာ** သွက်လက်ထက်မြက်လှသည်။

ဤလူကို သိုင်းပညာမတတ်ဟု သူမ ထင်ခဲ့သည်။ အမှုမဲ့ အမှတ်မဲ့ အကဲခတ်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

ယွဲ့တုဝေ၏ဓားပညာမှာလည်း ကောင်းမွန်လှသည်။

သူသည် အေးဆေးတည်ငြိမ်စွာဖြင့် တုံ့ပြန်တိုက်ခိုက်နေ၏။

"ချွမ်း .... ချွမ်း .... ချွမ်း .... "

"ထန်း .... ထန်း .... ထန်း .... "

သိုင်းကွက် နှစ်ဆယ်ကျော်သွားပြီဖြစ်သည်။

သို့သော် ....

ရှောက်လီသည် ယွဲ့တုဝေအား အသာရအောင် တိုက်ခိုက်နိုင်ခြင်း မရှိပါချေ။ သူ့သိုင်းကွက်များက ယွဲ့တုဝေအား ချောက်ချားအောင် မပြုနိုင်ခဲ့ပေ။

ယွဲ့တုဝေက မဲ့ပြုံး ပြုံးလိုက်သည်။

"ရှောက်လီ .... ခင်ဗျား ကျုပ်**ကို မသတ်နိုင်**ပါဘူး .... "

ထိုစကားကြောင့် ရှောက်လီ**၏မျက်နှာ ကွက်**ခနဲ ပျက်သွား၏။

သို့သော် ....

သူသည် ချက်ချင်းပင် ဣန္ဒြေ**ဆည်၍** ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ဟား .... ကျုပ်က မင်းကို မသတ်နိုင်ရင် ပင်ကူနက် ကွမ်ယိကျွန်က မင်းကိုသတ်လိမ့်မယ် .... "

ယွဲ့တုဝေက နှာခေါင်းရှုံ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့နှစ်ယောက် ဝိုင်းတိုက်တာကို ကျုပ်က ခံရမှာလား"

သူ၏စကားအဆုံးတွင် ကွမ်ယိကျန်က တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာလေသည်။

ထိုအခါ ....

မုယုံချင်းချင်းက ဟန့်တားလိုက်၏။

"ဒီလိုလုပ်လို့ ဘယ်ရမလဲ .... ကျွန်မရှိသေးတယ်လေ .... "

ကွမ်ယိကျန်မှာ ဒေါသထွက်သွားသည်။

သူသည် ဒေါသတကြီးဖြင့် မုယုံချင်းချင်းအား ဓားဖြင့် ခုတ်ချလိုက်၏။

မုယုံချင်းချင်းက ရှောင်တိမ်းလိုက်ပြီး ဓားနှင့်ပြန်လည် တိုက်ခိုက်လိုက်၏။

ကွမ်ယိကျန်က ဓားကွက်သုံးကွက်မျှ တိုက်ခိုက်ပြီး ရှောက်လီအား လှမ်းပြော၏။

"ရှောက်လီ .... မင်း ဒီဘက်လာ .... "

ထို့နောက် ....

သူတို့သည် လူချင်းလဲလိုက်၏။

ယွဲ့တုဝေက စိုးရိမ်တကြီးဖြင့် သတိပေးသည်။

"ညီမ သတိထား .... "

သူသည် ကွမ်ယိကျန်အား တိုက်ခိုက်လိုက်လေ၏။

ဤသို့ဖြင့် ....

တိုက်ပွဲနှစ်ပွဲသည် ပြင်းထန်စွာ ဖြစ်ပေါ်လာလေတော့သည်။

မုယုံချင်းချင်းမှာ ရှောက်လီ၏ဓားကွက်များကို တွေ့မြင်ခဲ့ရပြီးဖြစ်သည်။



ထို့ကြောင့် သူမသည် ရှောက်လီ၏ဓားချက်များကို မည်သို့ရှောင်တိမ်းရမည်ကို ကြိုတင်သိမြင်သလိုရှိနေသည်။

သူမသည် ရှောက်လီအား လှည့်ပတ်တိုက်ခိုက်ရင်း အချိန်ဆွဲထားရန် စဉ်းစားလိုက်သည်။

သူမ၏ဓားပညာမှာ မကောင်းလှချေ။

သို့သော် ....

ကိုယ်ဖော့ပညာကမူ ကောင်းမွန်လှ၏။

သူမသည် ပျံလွှားတစ်ကောင်ပမာ လှည့်ပတ်ကာ ရှောက်လီအား တိုက်ခိုက်လိုက်လေတော့သည်။ သူမသည် အချိန်ဆွဲနည်းဗျူဟာကို ကျင့်သုံးတိုက်ခိုက်နေတော့သည်။

ထိုအချိန်တွင် ယွဲ့တုဝေနှင့် ကွမ်ယိကျန်တို့တိုက်ခိုက်နေကြလေပြီ။

"ချွမ်း .... ချွမ်း .... "

"ထန် .... ထန် .... "

ရွှေရောင်အလင်းတန်းများ လင်းလက်တောက်ပသွားသည်။

နှစ်ယောက်စလုံးမှာ နောက်ကိုပြိုင်တူဆုတ်သွားရလေ၏။ ကွမ်ယိကျန်၏ဓားချက်သည် အလွန်ပြင်းထန်လှသည်။

ယွဲ့တုဝေမှာ ကွမ်ယိကျန်အား အထင်မသေးဝံ့တော့ပါ။

သူသည် သတိကြီးစွာဖြင့် တိုက်ခိုက်လေတော့သည်။

ဤသို့ဖြင့် ....

တစ်ခဏအတွင်းမှာပင် သိုင်းကွက်နှစ်ဆယ်ခန့်မျှ ယှဉ်ပြိုင်မိသွား၏။

သို့သော် ....

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ အသာမရပါချေ။

ယွဲ့တုဝေသည် အံကိုတင်းတင်းကြိတ်လိုက်၏။

သူသည် တိုက်ပွဲကို အချိန်ဆွဲနေ၍ မဖြစ်တော့ပါ။

အချိန်ကြာလာလျှင် ကွမ်ယီကျုန်တို့ဘက်က အကူအညီရောက်လာနိုင်သည်။ ထိုအချက်ကို သူအစောကြီးကတည်းက တွေးမိပြီးဖြစ်သည်။

ထို့ကြောင့် ....

သူက တိုက်ပွဲကို အမြန်ဆုံးအဆုံးသတ်ရန် ဆုံးဖြတ်လိုက်၏။

သူသည် ရွှေဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ တရကြမ်းတိုက်ခိုက်လေတော့သည်။

ယွဲ့တုဝေ၏ တိုက်ကွက်များမှာ ပြင်းထန်လှ၏။

ထို့ကြောင့် ....

ကွမ်ယီကျုန်မှာ ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် ယွဲ့တုဝေ၏ဓားကွက်များကို အသေအလဲ ခုခံနေရ၏။

ယွဲ့တုဝေသည် ရွှေဓားအမခံဌာနမှူး ယွဲ့ဝမ်းဟို၏တစ်ဦးတည်းသော သားဖြစ်သည်။

ထို့ကြောင့် ....

ယွဲ့တုဝေ၏ ရွှေဓားသိုင်းကွက်မှာ ထက်မြက်လှသည်။

ယွဲ့တုဝေ၏ဓားပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ဆန်းကြယ်နေသည်။ သူ၏နောက်ဆုံးတိုက်ကွက်များ ထုတ်ဖော်တိုက်ခိုက်လေသောအခါ ကွမ်ယီကျုန် အသေအလဲ ခုခံလာရသည်။

သို့ဖြင့် ကွမ်ယီကျုန်သည် တစ်စတစ်စရှုံးနိမ့်လာသည်။

သူသည် အလွန်ထိတ်လန့်တုန်လှုပ်လာသည်။



ကွမ်ယီကျုန်သည် နောက်ဆုတ်ထွက်ပြေးလိုသော်လည်း ယွဲ့တုဝေ၏ ဓားချက်အောက်မှ လွတ်အောင် ရုန်းမထွက်နိုင်ကြောင်းရိပ်မိသဖြင့် အံကိုတင်းတင်းကြိတ်ကာ တရကြမ်း ပြန်လည်တိုက်ခိုက်နေရတော့သည်။

သို့သော် ....

သူ၏တုံ့ပြန်တိုက်ခိုက်မှုများမှာ ယွဲ့တုဝေ၏ ဓားချက်အောက်ဝယ် အရာမထင်သကဲ့သို့ ဖြစ်နေလေတော့သည်။

ထို့အတူ ....

ယွဲ့တုဝေကလည်း အသာရလာသည်နှင့် ပို၍ဖိကာ တိုက်ခိုက်လေ၏။

ဤသို့ဖြင့် ....

သိုင်းကွက်ငါးဆယ်ကျော်လာသောအခါ .... ကွမ်ယီကျုန် ဟာကွက် ပေါ်လာတော့သည်။

"အား .... "

ယွဲ့တုဝေ၏ဓားသည် ကွမ်ယီကျုန်၏ရင်ဝသို့ တည့်မတ်စွာ ထိုးဖောက်ဝင်ရောက်သွားသည်။

ကွမ်ယီကျုန်သည် စူးရှနာကျင်စွာ အော်ဟစ်လိုက်ပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

ထိုအခါ ....

ယွဲ့တုဝေသည် ရှောက်လီဘက်သို့ လှည့်လိုက်၏။

ရှောက်လီ၏မျက်နှာတစ်ခုလုံးမှာ ထိတ်လန့်တုန်လှုပ်မှုကြောင့် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

သူ နောက်လှည့်ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ....

ယွဲ့တုဝေကား သူ၏ခြေလှမ်းကို ဝိတ်ဆို့ထားလေသည်။

ရှောက်လီ၏ ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်ယင်နေသည်။

ယွဲ့တုဝေက မဲ့ပြုံး ပြုံးလိုက်သည်။

"ခင်ဗျား ပြေးလို့ မလွတ်တော့ဘူး .... "

ရှောက်လီက ကြောက်ရွံ့ထိတ်လန့်စွာ မေးလေ၏။

"မင်း .... မင်းက ကျုပ်ကို သတ်မှာလား .... "

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"ခင်ဗျားအပေါ် မူတည်ပါတယ် .... ခင်ဗျားက သေချင်ရင်တော့ ကျုပ်လည်း မတတ်နိုင်ဘူး .... "

ရှောက်လီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘယ်သူကမှ မသေချင်ပါဘူး .... ကျုပ်ကို ခွင့်လွှတ်ပါ — ကျုပ်က သူတို့ခိုင်းတာ လုပ်ရတဲ့သူပါ .... "

မုယုံချင်းချင်းက နှာခေါင်းရှုံ့လိုက်သည်။

"ရှင်က ကျွန်မတို့ကို သတ်ဖို့ကြိုးစားခဲ့တာကို မေ့ပစ်ရမယ်ပေါ့"

ရှောက်လီက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် .... မင်းတို့ကို သတ်ချင်လို့ မဟုတ်ပါဘူး .... ကျုပ် သူတို့ခိုင်းတာကို မလုပ်ရင် ကျုပ်အသက်ခံရမှာစိုးလို့ပါ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ .... ကျုပ်တို့မေးတာ မှန်မှန်ဖြေရင် ခင်ဗျားကို လွှတ်ပေးပါ့မယ် .... "

ထိုစကားကို ကြားရသောအခါ ရှောက်လီ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။



"မင်း .... မင်း တကယ်ပြောတာလား .... "

ယွဲ့တုဝေက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"ခင်ဗျား မှန်မှန်ဖြေဖို့ အရေးကြီးတယ် .... "

ရှောက်လီက မျက်မှောင်ကြုတ်သွားသည်။

"မင်းတို့ ဘာသိချင်သလဲ .... "

ယွဲ့တုဝေက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"လင်ဝီဖုန်းရဲ့အကြောင်း .... "

ထိုစကားကြောင့် ရှောင်လီမှာ မျက်နှာကွက်ခနဲ ပျက်သွား၏။

မုယုံချင်းချင်းက စကားဆက်လိုက်သည်။

"သူ့အကြောင်းကို အားလုံးပြောပြပါ .... အခု သူဘယ်မှာရှိသလဲ .... "

ရှောက်လီက ခေါင်းခါယမ်းလိုက်၏။

"လင်ဝီဖုန်း မသေသေးပါဘူး .... အခု .... သူ .... "

သူ၏စကားမဆုံးမီမှာပင် ငွေရောင်အလင်းတန်းတစ်ခုသည် အမှောင်ထုတွင်းမှ ရုတ်တရက် ထွက်ပေါ်လာ၏။

ယွဲ့တုဝေက ရင်ထိတ်သွား၏။

"သတိထား .... "

သူသည် ယင်းသို့ပြောပြီး မုယုံချင်းချင်းအား ဆွဲဖယ်လိုက်လေသည်။

ထိုစဉ် ....

"အား .... "

ရှောက်လီမှာ နာကျင်စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားလေတော့သည်။

ယွဲ့တုဝေသည် ရှောက်လီထံသို့ ပြေးသွား၏။

ထိုအခါ ....

ရှောက်လီ၏လည်မျိုတွင် ဓားပါးကလေးတစ်လက် **စိုက်ဝင်**နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *



## အခန်း (၉)

## ပျောက်ဆုံးခြင်း

ယွဲ့တုဝေသည် ဓားပါးလွင့်ပျံထွက်လာသည့် သစ်ပင်ဆီသို့ ပြေးဝင်သွား၏။

မုယုံချင်းချင်းကလည်း သူ့နောက်မှ ပြေးလိုက်သွားသည်။

သို့သော် ....

သူတို့သစ်ပင်များဆီသို့ ရောက်လာသောအခါ လူရိပ်လူယောင်ပင် မတွေ့ရတော့ပါချေ။

ယွဲ့တုဝေမှာ တက်တစ်ချက် ခေါက်လိုက်၏။

"တောက် .... လွတ်သွားတာ နာတာပဲ .... "

မုယုံချင်းချင်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ရှောက်လီကို သူကနှုတ်ပိတ်သွားတာကိုး .... "

ယွဲ့တုဝေမှာ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲ .... လင်ဝီဖုန်းလား .... "

www.burmeseclassic.com

www.burmeseclassic.com



မုယုံချင်းချင်းက သွက်လက်စွာပင် ပြန်ဖြေလိုက်သည်။

"မေဟွား ..."

ယဲ့တုဝေမှာ အံ့အားသင့်သွားသည်။ **မုယုံချင်းချင်သည် သူ** မထင်မှတ်ထားသည့်ကို စဉ်းစားနိုင်ကြောင်း **သူသိလိုက်သည်။**

"ညီမက ဘယ်လိုလုပ်သိသလဲ ..."

မုယုံချင်းချင်းက ပြုံးလိုက်၏။

"ဒီအနီးအနားမှာ မေဟွားအသုံးပြုတဲ့ အမွှေးနံ့က ကျန်နေတုန်း ပဲရှင့် ..."

ထိုအခါ ...

ယဲ့တုဝေက အသာရှူရှိုက်လိုက်လေသည်။

လေထဲတွင် သင်းပျံ့သော မွှေးရနံ့ကို ရှူရှိုက်လိုက်၏။

ထိုအမွှေးနံ့သည် မေဟွားအသုံးပြုနေကျ အမွှေးနံ့ဖြစ်သည်ကို သိလိုက်သည်။

မုယုံချင်းချင်းက ယဲ့တုဝေအား လှမ်းကြည့်နေသည်။

"ကဲ ... ကျွန်မတို့ သွားရအောင် ..."

ယဲ့တုဝေက နားမလည်နိုင်စွာဖြင့် မေးသည်။ သူ မည်သူ့ဆီ သွားရမည်ကို မစဉ်းစားနိုင်ပါ ... ။

"ဘယ်ကိုလဲ ..."

သူက ပြန်မေးဖို့လို၏။

မုယုံချင်းချင်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး **တစ်လုံးချင်းပြော** လိုက်လေ၏။

"မေဟွားဆီကို ..."

သူတို့သည် မြို့ဆီသို့ အလျင်အမြန်ပြေးကြသည်။ သို့မှသာ မေ



ဟွားကို အုပ်မိပေလိမ့်မည်။ မကြာမီ မေဟွားတို့ ဂေဟာဆီသို့ ရောက်ရှိလာကြ၏။

"ဝှန်း ..."

ယဲ့တုဝေက ဒေါသတကြီးဖြင့် တံခါးကို ကန်ဖွင့်လိုက်၏။

သူသည် **ဓားကိုအသင့်**ပြင်ထားပြီး အခန်းတွင်း ခုန်ဝင်လိုက်သည်။

မည်သူ့ကိုမျှ မတွေ့ရချေ။

သို့သော် ...

ယဲ့တုဝေက သတိကြီးစွာထား၍ ထားလိုက်ပြီး အခန်းထဲသို့ **သုတ်ဝင်လိုက်သေလသည်။**

သူသည် မုယုံချင်းချင်းနှင့်အတူ တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေလိုက်၏။ မေဟွားကို အရိပ်အယောင်မျှ မတွေ့ရတော့ချေ။ ပြေးပြီ။ မေဟွား လစ်သွားပြီ။

အခန်းတစ်ခုတွင်းသို့ ရောက်သောအခါ အသင့်ထိုင်နေသော လူသုံးယောက်ကို တွေ့မြင်လိုက်ရသည်။

ထိုလူသုံးယောက်သည် မေဟွား၏ ကိုယ်ရံတော်များဖြစ်ကြသည်ကို သိရှိမိကြသည်။

ယဲ့တုဝေက ထိုလူသုံးယောက်အား အကဲခတ်ကြည့်လိုက်ပြီး မေးလိုက်၏။

"မေဟွား ဘယ်မှာလဲ ..."

သို့သော် ...

ကိုယ်ရံတော်များက ဘာမျှပြန်မပြောပါ။

သူတို့သည် ခုန်ထပြီး နေရာယူလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ....

ယဲ့တုဝေတို့အား စိုင်းရံထားလိုက်သကဲ့သို့ ဖြစ်သွားလေ၏။

ယဲ့တုဝေက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ကို ကျုပ်မသတ်ချင်ဘူး .... မေဟွား ဘယ်မှာလဲ သာ ပြောပါ .... "

ကိုယ်ရံတော်တစ်ယောက်က အေးစက်စွာ ပြောလေ၏။

"မင်း တို့သခင်မလေးကို ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ပါဘူး .... "

ထိုစဉ် ....

မြင်းလှည်းတစ်စီး ထွက်ခွာသွားသည့်အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထို့ကြောင့် ....

ယဲ့တုဝေက အခန်းတွင်းမှ ပြန်ထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ....

ကိုယ်ရံတော်များက ပိတ်ဆို့ဝိုင်းရံလိုက်သည်။

"ရောက်လာမှတော့ .... ဒီလိုပြန်လို့ ဘယ်ရမလဲ .... "

ယဲ့တုဝေသည် နားလည်လိုက်၏။ သူတို့သည် သူ့ကိုတတ်နိုင်သမျှ အချိန်ဆွဲ တိုက်ခိုက်ကြပေတော့မည်။ သို့မှသာ မေဟွား စိတ်နှင့်လက်ရှိ ပြေးလွှားနိုင်မည် မဟုတ်ပါလား။

သူမနောက်ကို လိုက်မမီစေရန် ကိုယ်ရံတော်များက အသေခံပိတ်ဆို့ကြမည်ဖြစ်သည်။

ယဲ့တုဝေသည် မေဟွားနောက်သို့ လိုက်နိုင်မည်မဟုတ်တော့ပါ။



မေဟွားအား မမိသည့်အတူတူ ထိုလူများအား မတိုက်ခိုက်လိုတော့ပါ။

သို့သော် ....

သူ့အနေနှင့် မတိုက်ခိုက်၍လည်း မရတော့ပါ။

အဘယ်ကြောင့်ဆိုသော် ....

ကိုယ်ရံတော်များက လက်နက်များကို ဖွေယမ်းလိုက်ကြသောကြောင့်ဖြစ်ပါသည်။

ယဲ့တုဝေက သက်ပြင်းချလိုက်၏။

"မေဟွားမှ မရှိတော့ဘဲ ခင်ဗျားတို့နဲ့ ကျုပ်တိုက်ခိုက်စရာ .... မလိုတော့ပါဘူး .... "

ကိုယ်ရံတော် ခေါင်းဆောင်ဖြစ်သူက မဲ့ပြုံးပြုံးလိုက်သည်။

"မရဘူး .... "

ယဲ့တုဝေက မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ .... "

ကိုယ်ရံတော်ခေါင်းဆောင်က အေးစက်ခက်ထန်သော လေသံဖြင့် ပြတ်သားစွာ ပြောလာ၏။

"သခင်မလေးက မင်းတို့ကို သတ်မိန့်ပေးသွားလို့ပဲ .... "

ယဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။ သူ မတိုက်ခိုက်လိုပါ။ အသက်တစ်ချောင်းကို အကြောင်းမဲ့ မဖျက်ဆီးချင်ပါ။

သူသည် တိုက်ပွဲကို ရှောင်လွှဲ၍ မရတော့ပါ။

ထို့ကြောင့် ....

ယဲ့တုဝေသည် သူ၏ရွှေဓားကို ဆွဲထုတ်ကာ တိုက်ပွဲကို စတင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ....

ကိုယ်ရံတော်သုံးယောက်ကလည်း တရကြမ်းပင် တုံ့ပြန်တိုက်ခိုက်လိုက်ကြလေတော့သည်။

**တစ်ခဏအတွင်းမှာပင် ....**

အခန်းတွင်း၌ ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်လာလေတော့၏။

"ထန်း .... ထန်း .... ထန်း .... "

"ချွမ်း .... ချွမ်း .... ချွမ်း .... "

သံ,သံချင်း ထိခတ်သံများ ဆူညံစွာထွက်ပေါ်နေသည်။

တိုက်ပွဲမှာ ပြင်းထန်လှသည်။

သိုင်းကွက်ဆယ်ကွက်ခန့် တိုက်ခိုက်ပြီးသောအခါ ကိုယ်ရံတော်သုံးယောက်မှာ ဒဏ်ရာရသွားကြ၏။

ယွဲ့တုဝေက သူတို့အား အကဲခတ်ကြည့်လိုက်သည်။

"မင်းတို့ ကျုပ်ကို ဟန့်တားကြီးမှာလား .... "

ကိုယ်ရံတော်များက ဘာမျှပြန်မပြောပေ။

သူတို့သည် ဆက်လက်၍သာ သဲကြီးမဲကြီးတိုက်ခိုက်လေ၏။ အတော်သစ္စာရှိသောကြောင့် ယွဲ့တုဝေမှာ ဒေါသထွက်သွားသည်။

ထို့ကြောင့် ....

သူသည် ဓားကို ဝှေ့ယမ်းကာ ပြင်းထန်စွာ တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

ကိုယ်ရံတော်များ၏ ဓားပညာမှာ အဆင့်မမြင့်လှပါ။

ကြေးစားမယ်တစ်ယောက်သည် အဆင့်မြင့်သိုင်းသမားများကို ကိုယ်ရံတော်အဖြစ် မငှားနိုင်ပါ။



သူတို့သည် ယွဲ့တုဝေ၏ဓားချက်ကို ကာကွယ်ရန် မတတ်နိုင်ကြပါချေ။

သို့သော် ဤမျှခံနေရလျက်ကပင် ယွဲ့တုဝေအား သတ်ဖြတ်ရန်ကြိုးစားနေကြ၏။

ယွဲ့တုဝေအား အသေသတ်ရန်သာ အသက်စွန့်ကြိုးပမ်းနေကြ၏

ထို့ကြောင့် ....

ယွဲ့တုဝေက အလျှော့ပေး၍ မဖြစ်တော့ပါ။

သူသည် ကိုယ်ရံတော်များအား မထိခိုက်စေလိုလျှင် ကိုယ်ရံတော်များ၏ ဓားချက်ကြောင့် သူသေဆုံးသွားနိုင်၏။

ဤသို့ဖြင့် ....

ယွဲ့တုဝေသည် ဒေါသတကြီးဖြင့် ဆက်လက်တိုက်ခိုက်လိုက်၏။

"အား .... "

"အင့် .... "

"အွန့် .... "

ကိုယ်ရံတော်သုံးယောက်မှာ သူ၏ဓားချက်ကြောင့် ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။

ယွဲ့တုဝေသည် ဓားကို ပြန်လည်ရုတ်သိမ်းလိုက်တော့သည်။ ကိစ္စက ပြတ်ပြီ။

"ခင်ဗျားတို့ တိုက်ခိုက်ဦးမှာလား .... "

ကိုယ်ရံတော်ခေါင်းဆောင်မှာ ကြမ်းပြင်ပေါ်က မထနိုင်ပါ။ သေလုမျောပါး ဒဏ်ရာရရှိသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဓားပညာနဲ့ ကျုပ်ကို မယှဉ်နိုင်ပါဘူး .... "

ယွဲ့တုဝေက ထိုလူအား စေ့စေ့ကြည့်လိုက်သည်။

"မေဟွား ဘယ်သွားသလဲ .... "

ကိုယ်ရံတော်ခေါင်းဆောင်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမေးခွန်းကို ကျုပ်တို့ ဘယ်တော့မှပြောမှာ မဟုတ်ဘူး"

ယွဲ့တုဝေက နှာခေါင်းရှုံ့လိုက်၏။

"ခင်ဗျားတို့ မပြောလို့ မရဘူး .... ကျုပ်မှာစစ်ဆေးမေးမြန်းတဲ့နည်းလမ်းတွေ အများကြီးရှိပါတယ် .... "

ကိုယ်ရံတော်ခေါင်းဆောင်က အေးတိအေးစက်လေသံဖြင့် ....

"မင်းမှာ နည်းလမ်းဘယ်လောက်ပဲရှိရှိ .... ကျုပ်တို့ကိုတော့ မေးလို့ရမှာ မဟုတ်ဘူး .... "

ထိုစကားကြောင့် မုယုံချင်းချင်းမှာ ဒေါသထွက်သွားသည်။

"ရှင်တို့ အပြောကြီးလှချည်လား .... "

ကိုယ်ရံတော်ခေါင်းဆောင်က ခေါင်းခါယမ်းလိုက်၏။

"အပြောကြီးတာ မဟုတ်ပါဘူး .... လူသေကို စစ်ဆေးမေးမြန်းတဲ့နည်းလမ်း ,မင်းတို့မှာ ရှိလိမ့်မယ်မထင်လို့ပါ .... "

သူ၏ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။

ဒုတိယကိုယ်ရံတော် ပါးစပ်မှလည်း သွေးမည်းများ ယိုစီးကျလာပြီး သေဆုံးသွားပြန်၏။

နောက်ဆုံးကျန်နေသည့် ကိုယ်ရံတော်က ....

"ကျုပ်တို့ကို မေးဖို့ နည်းလမ်း မင်းတို့မှာ လုံးဝမရှိနိုင်ရဘူး"

သူကလည်း စကားအဆုံးတွင် ပထမကိုယ်ရံတော်ကဲ့သို့ပင်



သေဆုံးသွားလေတော့သည်။ သူတို့ အဆိပ်မမိလျှင်လည်း ဓားဒဏ်ရာကြောင့် သေဆုံးကြမည်သာ ဖြစ်သည်။ ယခုသော် အားလုံးအဆိပ်ဖြင့် အသေခံသွားကြ၏။

မုယုံချင်းချင်း၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွား၏။

သူမ၏မျက်နှာပေါ်တွင် အံ့သြထိတ်လန့်သည့် အရိပ်အယောင်များ ပေါ်လွင်ထင်ဟပ်နေမိ၏။

ကိုယ်ရံတော်များ၏ ခန္ဓာကိုယ်တစ်ခုလုံး ချက်ချင်းပြာနှမ်းလာသည်ကို တွေ့မြင်လိုက်ရသည်။

ယွဲ့တုဝေသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"တော်တော်ပြင်းထန်တဲ့အဆိပ်ပဲ .... "

မုယုံချင်းချင်းမှာ မျက်မှောင်ကြုတ်သွား၏။

"သူတို့က ဘာကြောင့် ကိုယ့်ကိုယ်ကို သတ်သေရတာလဲ"

ယွဲ့တုဝေက ပြုံးလိုက်၏။

"မေဟွားတစ်ယောက် ဘယ်ကိုထွက်သွားတယ်ဆိုတာ ကျုပ်တို့မသိရအောင်လို့ပါ .... လျှို့ဝှက်တဲ့သဘောပေါ့ .... "

မုယုံချင်းချင်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီကိစ္စ ဒီလောက်တောင် မလိုပါဘူး .... သူတို့ ဒီလောက် သတ္တိရှိဖို့ မလိုပါဘူး .... "

ယွဲ့တုဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သိုင်းသမားအချို့ဟာ ဒီလိုပဲ ကိုယ့်ရဲ့သခင်အပေါ် အသက်နှင့်ကာကွယ်တတ်တယ် .... ဒါကလည်း လူကို လိုက်လို့ပါ .... တချို့လည်း သစ္စာဖောက်ကြတာပါပဲ .... "

မုယုံချင်းချင်းက စိတ်မကောင်းစွာဖြင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ မှားတာပဲ .... "

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"သူတို့က မေဟွားရဲ့ အခကြေးငွေကိုယူထားတယ်လေ .... ဒါကြောင့် မှားတယ်လို့ မဆိုနိုင်ပါဘူး .... သူ့ဆန်စား ရဲရမှာပေါ့လေ"

မုယုံချင်းချင်းက ခေါင်းညိတ်လိုက်သည်။

"ထားပါတော့ရှင် .... ကျွန်မတို့ ဒီကသွားကြစို့ .... သူတို့ကို ကြည့်ပြီး ကျွန်မစိတ်မကောင်းဖြစ်ရတယ် .... "

သူတို့ ပြန်ခဲ့ကြသည်။

မုယုံချင်းချင်းသည် ရွှေနဂါးတည်းခိုခန်းမှာ သူ၏ပစ္စည်းများကို ပြန်ယူကာ ရွှေဓားအာမခံဌာနသို့ ယွဲ့တုဝေနှင့်အတူ လိုက်ပါလာသည်။

ယွဲ့တုဝေက သူမအတွက်အခန်းတစ်ခု သီးသန့်စီစဉ်ပေးသည်။

မုယုံချင်းချင်းမှာ ပင်ပန်းလာသဖြင့် အနားယူလိုက်ရာ အိပ်ပျော်သွားလေ၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပါ။

တံခါးခေါက်သံကြားသောအခါမှ သူမပြန်လည်နိုးလာသည်။

မုယုံချင်းချင်းသည် ခုတင်ပေါ်မှ ဆင်းကာ တံခါးဖွင့်ပေးလိုက်သည်။

တံခါးဝတွင် ယွဲ့တုဝေအား တွေ့မြင်ရသည်။

ယွဲ့တုဝေ၏ လက်ထဲတွင် လက်ပန်းတစ်ချက်ဖြင့် စားသောက်ဖွယ်ရာများ ယူဆောင်လာသည်။

"မင်း နိုးလာပြီလား .... စားလိုက်ကြရအောင် .... "

သူသည် ယင်းသို့ပြောပြီး အခန်းတွင်းသို့လှမ်းဝင်လာ၏။

ထို့နောက် ....



သူတို့သည်စားသောက်ဖွယ်ရာများကို အားပါးတရ စားသောက်ကြသည်။

မုယုံချင်းချင်းက စားသောက်ရင်း မေးလိုက်၏။

"ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ အခုတော့ လက်စပျောက်နေပြီနော် .... "

ယွဲ့တုဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မေဟွား ထွက်ပြေးသွားတဲ့အတွက် ကျုပ်တို့ လင်ဝီဖုန်းကို ရှာဖို့ .... သဲလွန်စပါ ပျောက်ဆုံးသွားတာပါ .... မနေ့က ကျုပ်တို့ အချိန်မီရောက်တာပဲ .... ဟိုသုံးယောက်က တားဆီးနေလို့ ဒီလိုဖြစ်သွားတာ .... "

မုယုံချင်းချင်းက မေးလေ၏။

"ကျွန်မတို့ကို လင်ဝီဖုန်းက ဘာကြောင့် လုပ်ကြံရတာလဲ"

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်တို့က သူတို့အကြောင်း စုံစမ်းတာကို သူကမစုံစမ်းစေချင်ဘူးလေ .... "

မုယုံချင်းချင်းမှာ နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"သူ့အကြောင်းကို စုံစမ်းရုံနဲ့ ဘာကြောင့် ကျွန်မတို့ကို လုပ်ကြံမှာလဲ .... "

ယွဲ့တုဝေက အနည်းငယ်စဉ်းစားလိုက်ပြီးမှ လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"ဟုတ်ပြီ .... လင်ဝီဖုန်း ပုန်းကွယ်နေရတဲ့ကိစ္စတစ်ခုရှိမှာ သေချာတယ် .... "

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပုန်းကွယ်နေရသည့် အကြောင်းရင်းကို ရှာဖွေတွေ့သွားသလိုလို ရှိနေသည်။ သို့သော် မရေရာပါ။

မုယုံချင်းချင်းက သူ့အားစေ့စေ့ကြည့်လိုက်သည်။

"သူ့ကို တွေ့သွားရင် .... ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်ပေါက်ကြားသွားမှာစိုးလို့ ဟုတ်လား .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ပြီးတော့ လင်ဝီဖုန်းနဲ့ မင်းရဲ့အဖေ မုယုံလီတို့ဟာလည်း ဒီလျှို့ဝှက်ချက်နဲ့ ပတ်သက်နေနိုင်တယ် .... ကျုပ် အကြမ်းဖျင်း ခန့်မှန်းလို့ရတာတော့ .... ဒါပဲ .... "

မုယုံချင်းချင်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဒီလျှို့ဝှက်ချက်ကို ကျွန်မသိအောင် ကြိုးစားမယ် .... "

ယွဲ့တုဝေက ပြုံးလိုက်သည်။

"ကျုပ်လည်း ဒီအရှုပ်အရှင်းထဲ ပါ**နေပြီပဲ .... အဖြေ**ရအောင် ရှာရတော့မှာပေါ့ .... မင်းကို ကူညီတဲ့ **သဘောပေါ့ကွာ** .... နှစ်ယောက်ပေါင်း စုံစမ်းရင် ဒီအဖြေသိ**ရမှာပဲ ....** "

မုယုံချင်းချင်းမှာ မျက်**မှောင်ကြုတ်နေ**သည်။

"ကျွန်မတို့ ဘယ်က**စပြီး စုံစမ်း**မှာလဲ .... "

ယွဲ့တုဝေက ပခုံး**တစ်ချက်တွန့်**လိုက်၏။

"နောက်ကြောင်း**ပြန်လှန်ရမယ်** .... "

မုယုံချင်းချင်းမှာ **နားမလည်နိုင်ဘဲ**ဖြစ်သွားသည်။

"နောက်ကြောင်း ပြန်လှန်မယ် ဟုတ်လား .... ဘယ်လိုနောက်ကြောင်းလှန်ရမှာလဲ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ် .... လွန်ခဲ့တဲ့ ဆယ့်ကိုးနှစ်ကျော်ကာလက ကိစ္စတွေကို စုံစမ်းရမယ် .... "

မုယုံချင်းချင်းက ကျေနပ်စွာ ပြုံးလိုက်၏။

"ဒီအကြံကောင်းတယ် .... "

ယွဲ့တုဝေက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်ပြော၏။

"အဓိကကတော့ မင်းအဖေအဝါအဝင် ကိုယ်ရံတော်ငါးယောက်ကိစ္စကိုစပြီး စုံစမ်းရမယ် .... "

မုယုံချင်းချင်းမှာ မျက်မှောင်ကြုတ်ပြီး ပြန်မေးသည်။

"ဘယ်လိုစုံစမ်းမှာလဲ .... "

ယွဲ့တုဝေက အနည်းငယ်စဉ်းစားလိုက်ပြီးမှ ....

"လွန်ခဲ့တဲ့ ဆယ့်ကိုးနှစ်က ကျင်းမြို့စားအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ မြို့စားကြီးနန်းကုန်းလီဟာ အခုပြည်ပမှာ ရောက်နေတယ် သူ့ဆီက စပြီး သတင်းစုံစမ်းရမယ် .... ဒီတော့ ကျုပ်တို့ ပြည်မကို ပြန်သွားကြရမယ် .... "

မုယုံချင်းချင်းက ပြုံးလိုသည်။

"ဒါဆို .... ကျွန်မတို့ ပြည်မကို ပြန်ရမှာပေါ့ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... သန်ဘက်ခါ ကျုပ်တို့အဖွဲ့ ပြည်မကို ပြန်ကြမယ် .... ပြီးမှ ပြန်လာကြတာပေါ့ .... ပြည်မမှာ စတယ် .... ဒီမှာ လင်ဝီဖုန်းရှိတော့ ဒီမှာဇာတ်သိမ်းမှာပေါ့ .... "

မုယုံချင်းချင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်ကောင်းသလိုသာ ဆုံးဖြတ်ပါတော့ .... "

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေက ဘာမျှမပြောတော့ပေ။

သူသည် မယုံချင်းချမ်း၏မျက်နှာလေးကိုသာ ငေးစိုက်ကြည့်နေလေတော့သည်။

❋ ❋ ❋



# အခန်း (၁၀)

## အညှာခံခြင်း

ဆီးနှင်းများထူထပ်စွာ ကျဆင်းနေသည်။

ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော ဆီးနှင်းများအောက်တွင် မြင်းလှည်းဆယ်စီးသည် တရွေ့ရွေ့ခရီးဆက်နေ၏။

သူတို့သည် မည်သူတို့နည်း။

သူတို့အကြောင်း သိရဖို့ ဘာမှမခက်ပါ။

ရှေ့ဆုံးမှ မြင်းလှည်းထိပ်တွင် ရွှေဓားအာမခံဌာနအလံမှာ တလူလူလွင့်ပျံနေသည်။

ညနေစောင်းပြီဖြစ်၍ အအေးဓာတ်ကပို၍လွန်ကဲလာသည်။

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်တို့ ဒီနှုန်းအတိုင်းသာ သွားနိုင်ရင် နောက်ဆုံးရက်ဆိုရင် ဖြည်မကိုရောက်မယ် .... အခုခရီးတစ်ဝက်ကျိုးလာပြီ ...."

မယုံချင်းက ယွဲ့တုဝေဘက်သို့လှည့်လိုက်ပြီး မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းမြို့စားကြီးဆီက ကျွန်မတို့ ဘာသိနိုင်မလဲ .... သူလည်း အဲဒီကိစ္စကို မေ့နေလောက်ပြီလို့ ကျွန်မထင်တယ် .... "

ယွဲ့တုဝေက ပြုံးလိုက်သည်။

"ကျုပ်တို့ ဘာမှမသိတာထက်စာရင်တော့ အနည်းအကျဉ်းသိ လာနိုင်တာပဲ မဟုတ်လား .... သူလည်း ဘဝနဲ့ ရင်းထားရတဲ့ကိစ္စဖြစ် နေရင် မမေ့လောက်ပါဘူး .... "

မုယုံချင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ....

"သူတို့က ကျွန်မတို့ကို သတင်းစုံစမ်းရေးမှူးနဲ့ မှားခဲ့တယ် .... သူတို့ကို လိုက်စုံစမ်းနေတဲ့ သတင်းစုံစမ်းရေးမှူးတွေ တကယ်ရှိနေ သလား ဟင် .... "

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"မသိနိုင်တဲ့အရာတွေကို ခေါင်းခြောက်ခံပြီး တွေးမနေပါနဲ့ တော့ .... တဖြည်းဖြည်း ကျုပ်တို့သိလာရမှာပဲ .... လျှို့ဝှက်တဲ့ကိစ္စ တစ်ခုဟာ ဘယ်သူမှ မသိဘဲနဲ့ တိမ်မြုပ်ပျောက်ကွယ်သွားတယ်ဆိုတာ မရှိပါဘူး .... "

မုယုံချင်းချင်းက ယွဲ့တုဝေအား စေ့စေ့ကြည့်လိုက်၏။

"ကျွန်မတို့ ပြည်မကို ပြန်ရောက်ရင် ကုန်းတုံနဲ့ ကျိုဝမ်းပုံး ရဲ့ မိသားစုနဲ့ သွားတွေ့ရမယ် .... သူတို့လည်း တစ်စုံတစ်ရာကို တွေ့ မယ်လို့ ထင်တယ် .... "

ယွဲ့တုဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာကိစ္စလဲ လင်ဝီဖုန်းကိစ္စလား .... "

မုယုံချင်းချင်းက ရှင်းပြသည်။

"သူတို့လည်း ကျွန်မလိုပဲ လင်ဝီဖုန်းဆီက အကြောင်းကြား



သလား သိချင်လို့ပါ .... "

ယွဲ့တုဝေက သူမအား လှမ်းကြည့်လိုက်၏။

"မင်းအဖေကိစ္စကို သံသယဝင်နေသလား .... "

မုယုံချင်းချင်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"အခုအချိန်မှာ လင်ဝီဖုန်းနဲ့ ဆက်သွယ်နေတဲ့အရာအားလုံးဟာ သံသယဝင်စရာပဲ မဟုတ်လား .... သူက အားလုံးကို ဒုက္ခပေးခဲ့တာ လေ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်၏။

ထိုစဉ်မှာပင် ....

အချက်ပေးခရာသံစူးရှကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုအသံနှင့်အတူ အာမခံဌာနအဖွဲ့သားတစ်ဦးသည် မြင်းနှင့် စိုင်းမောင်းနှင်ကာ သူတို့မြင်းလှည်းအနီးသို့ ရောက်လာပြီး သတင်း ပို့လိုက်၏။

"သခင်လေး .... လွင်ပြင်မြောက်ဘက်မှာ လူတစ်စုလာနေ တာတွေ့ရပါတယ် .... အားလုံး ဆယ်ယောက်ကျော်ရှိတယ် .... မြင်း စီးသမားတွေပဲ .... "

ယွဲ့တုဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ခရီးသွားတွေထင်ပါရဲ့ .... သတိတော့ ရှိပါစေ .... "

ထို့နောက် ....

သူသည် မြင်းလှည်းတန်းကို အရှိန်လျှော့စေပြီး အခြေအနေကို အကဲခတ်လိုက်၏။

သူတို့မြင်းလှည်းများကို တဖြည်းဖြည်းမောင်းသည်။

မကြာမီ မြင်းစီးသမားများနှင့် နီးကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း အယောက်နှစ်ဆယ်မျှရှိကြောင်း တွေ့မြင်ရသည်။

ထိုမြင်းစီးသမားများသည် သူတို့မြင်းလှည်းတန်းဆီသို့ ဦးတည်ကာ ဒုန်းစိုင်းမောင်းနှင်လာသည်ကို တွေ့မြင်လိုက်ရ၏။

ယုဲတုဝေမှာ ရင်ထိတ်သွားသည်။

အခြေအနေသည် စိုးရိမ်ဖွယ်ရာဟု ချက်ချင်းသိလိုက်၏။

ရွှေဓားအာမခံဌာနအား မည်သည့် ဓားပြအဖွဲ့ကမှ အန္တရာယ်ပြုလေ့မရှိပါ။

ယခု လူစုသည် ဓားပြအဖွဲ့ဖြစ်နိုင်၏။

ထို့ကြောင့် ....

သူက ချက်ချင်းပင် အမိန့်ပေးလိုက်သည်။

"မြင်းလှည်းတွေ ရပ်လိုက် .... အသင့်ပြင်ထားကြ .... "

သူ၏စကားသံအဆုံးတွင် မြင်းလှည်းတန်းရပ်သွားသည်။

ယုဲတုဝေက အောက်သို့ ခုန်ဆင်းလိုက်၏။

ထိုစဉ် ....

မြင်းစီးသမားများမှာ တစ်စတစ်စ နီးကပ်လာပြီဖြစ်သည်။

ယုဲတုဝေသည် ရွှေဓားအာမခံဌာနအလံကို ဝှေ့ယမ်းလိုက်ပြီး

"ရွှေဓားအာမခံဌာန ရန်သူမရှိ .... "

သူ့အော်သံက လွင်ပြင်ထဲ ပျံ့ဝဲသွား၏။

သို့သော် ....

မြင်းစီးသမားများက အရှိန်မလျှော့ဘဲ တိုးဝင်လာသည်။

ယုဲတုဝေက ထိတ်လန့်သွားလေ၏။

"ရန်သူ .... အသင့်ပြင် .... "

သူ၏အမိန့်ပေးသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏



ထိုအခါ ....

အာမခံဌာနသားများက ချက်ချင်းပင် လက်နက်ကိုယ်စီထုတ်ကာ ရန်သူကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

ဓားကိုင်သူက ဓား၊ လှံကိုင်သူက လှံ။

အားလုံးအသင့်ပြင်ကြသည်။

သူတို့က ဓားဖြင့် ဝင်ရောက်တိုက်ခိုက်မည်ဟု ထင်သည်။

တကယ်တော့ အထင်နှင့် အမြင် လွဲမှားသွားသည်။

မြင်းစီးသမားများက လေးနှင့် မြားကိုအသုံးပြုကာ စတင်တိုက်ခိုက်လာလေတော့၏။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

မြားတံများသည် မြင်းလှည်းတန်းဆီသို့ ကျရောက်လာ၏။

"အား .... "

"အင့် .... "

"အွန့် .... "

အာမခံဌာနသားအချို့မှာ မြားချက်ထိမှန်သွားကြသည်။

အချို့သေသည်။ အချို့ဒဏ်ရာရသည်။

ယုဲတုဝေက အော်ဟစ်အမိန့်ပေးလိုက်သည်။

"မြင်းလှည်းကို အကာအကွယ်ယူကြ .... "

အာမခံဌာနသားအားလုံးမှာ မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ အကာအကွယ်ယူလိုက်မှ မြားချက်မှ လွတ်ကင်းသွား၏။

ယုဲတုဝေမှာ ဒေါသချောင်းချောင်းထွက်သွားသည်။

သူသည် ရွှေဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။

သို့သော် ....

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားများက အနားသို့ ကပ်မလာပါ။

သူတို့သည် အဝေးမှ လှည့်ပတ်ရင်းမြားများဖြင့်သာ တိုက်ခိုက်နေသည်။

ရန်သူတို့၏မြားချက်သည် အာမခံဌာနသားများကို မထိခိုက်နိုင်တော့ပါ။

သို့သော် ....

မြင်းများကိုမူ ထိမှန်ကုန်လေသည်။

ယှဲ့တုဝေမှာ ဒေါသကို မနည်းချုပ်ထိန်းထားရသည်။

သူသည် ရန်သူများနှင့် သူသေကိုယ်သေ ရင်ဆိုင်တိုက်ခိုက်လိုသော်လည်း အခြေအနေမပေးပါ။

သူတို့သည် အကာအကွယ်အောက်မှထွက်သည်နှင့် ရန်သူထံမရောက်မီ ရန်သူ၏မြားချက်ကြောင့် အသက်ဆုံးကြမည်သာဖြစ်ပေသည်။

ယခု ....

ရန်သူ၏ တိုက်ခိုက်မှုကို ငုံ့ခံနေရုံမှတစ်ပါး အခြားနည်းလမ်းမရှိတော့ပါ။

ဤသို့ဖြင့် ....

ရန်သူမြင်းစီးသမားများသည် စိတ်တိုင်းကျ မြားမိုးရွာပြီးနောက် ချက်ချင်းပင် ပြန်လည်ထွက်ခွာသွားသည်။

တစ်ခဏအတွင်းမှာပင် ....

ကောင်းဝူးဆီးနှင်းလွင်ပြင်အတွင်း ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော ဆီးနှင်းများအောက်တွင် တိုးဝင်ပျောက်ကွယ်သွားလေသည်။



ယှဲ့တုဝေက ပုန်းကွယ်ရာမှ ထွက်ကာ အပျက်အဆီးများကို စစ်ဆေးလိုက်သည်။

မြင်းလှည်းတိုင်းတွင် မြားအစင်းနှစ်ဆယ်မက စိုက်နေသည်။

မြားချက်များကြောင့် ငယ်သားငါးယောက်ခန့် သေဆုံးရသကဲ့သို့ မြင်းများအားလုံး ဆုံးရှုံးရပေသည်။

"တောက် .... "

ယှဲ့တုဝေသည် ဒေါသတကြီးဖြင့် တက်ခေါက်လိုက်၏။

ယုတ်မာရိုင်းစိုင်းသော ရန်သူများပါပေ။

လူကိုမနိုင်သည်နှင့် မြင်းများကို မြားနှင့်ပစ်ပြီး ထွက်ခွာသွားသည်။

ထိုစဉ် ....

အာမခံဌာနသားဆယ်ယောက်က စုရုံးရောက်ရှိလာ၏။

"သခင်လေး ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ .... "

သူတို့က မေးမြန်းကြလေသည်။

ယှဲ့တုဝေက သက်ပြင်းချလိုက်သည်။

"ကျန်တာတွေကို စွန့်လွှတ်ရတော့မှာပေါ့ .... အားလုံး ရိက္ခာကိုသာ တတ်နိုင်သမျှ သယ်ကြ .... "

မယုံ့ချင်းချင်းက မျက်မှောင်ကုတ်သွားသည်။

"ခြေလျင်ခရီးဆက်မယ် ဟုတ်လား .... "

ယှဲ့တုဝေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... ခြေလျင်ခရီးမဆက်ရင် ကျုပ်တို့ သဲကန္တာရထဲမှာ သေသွားမှာပေါ့ .... ဘာလဲ မင်းတို့ဒီမှာနေပြီး အသေခံမလို့လား .... "

www.burmeseclassic.com



မယုံချင်းချင်းက စိုးရိမ်ထိတ်လန့်ဟန်ဖြင့် ....

"သူတို့ နောက်တစ်ခေါက် ပြန်မလာဘူးလို့ ပြောလို့ရမလား ဟင် .... အဲဒီလိုဆိုရင် ဘယ်လိုလုပ်မလဲ .... "

ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

"ဓားပြတွေက ကျုပ်တို့သယ်လာတဲ့ ကုန်စည်တွေကိုရသွားရင် လူကို ဒုက္ခပေးလိမ့်မယ်လို့ မထင်ပါဘူး .... "

မယုံချင်းချင်းက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မတော့ ဒီလိုမထင်ဘူး .... "

ယွဲ့တုဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ .... "

မယုံချင်းချင်းက **တည်ကြည်**လေးနက်သော မျက်နှာထားဖြင့်

"ဘယ်ဓားပြ**အဖွဲ့မှ** ရှင်တို့အာမခံဌာနကို ဒုက္ခမပေးဘူးဆို .... အခု လူတွေက ဓားပြတွေဟုတ်ပါ့မလား .... ကျွန်မကတော့ သူတို့ကို ဓားပြအဖွဲ့လို့ မထင်ဘူး .... "

ယွဲ့တုဝေက မယုံချင်းချင်းအား စေ့စေ့ကြည့်လိုက်သည်။

"မင်းဆိုလိုတာက .... "

မယုံချင်းချင်းက ခေါင်းညိတ်လိုက်သည်။

"ရှင်သိပါတယ် .... "

ယွဲ့တုဝေမှာ မျက်မှောင်ကုတ်သွားသည်။

"သူတို့က ကျုပ်တို့ကို မပေးဘဲ လိုက်သတ်တယ်ဆိုပါတော့"

မယုံချင်းချင်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် .... အကာအကွယ်မဲ့တဲ့ ဆီးနှင်းလွင်ပြင်အလယ်မှာ သူတို့စိတ်ချမ်းမြေ့မှုနိုင်တော့မှာပဲ .... "



ယွဲ့တုဝေက မဲ့ပြုံးပြုံးလိုက်၏။

"ကောင်းပြီလေ .... ကျုပ်မသေသရွေ့ မင်းကို မထိခိုက်စေရဘူး .... "

မယုံချင်းချင်း ပြုံးလိုက်သည်။

"ကျွန်မသေရမှာ မကြောက်ပါဘူး .... ဒါပေမယ့် **ဘာမှန်းမသိ**ဘဲ သေရမှာတော့ .... "

ယွဲ့တုဝေက အံကိုတင်းတင်းကြိတ်လိုက်၏။

"ကျုပ်အတတ်နိုင်ဆုံး သူတို့ကို ခုခံထားမယ် .... ဘာမှအားမငယ်နဲ့ .... "

သူသည်ယယ်သားများအား ခရီးဆက်ရန် အမိန့်ပေးလိုက်လေသည်။

မယုံချင်းချင်းအား အာမခံဌာနသားများအားလုံး၏အလယ်တွင် ဘထားကာ သူက ရှေ့ဆုံးမှ ခရီးဆက်လာခဲ့လေတော့သည်။

ရန်သူ၏လက်မှ လွတ်ရန် ဆီးနှင်းလွင်ပြင်ကို ကျော်ဖြတ်နိုင်မှ ဖြစ်ပေမည်။

ယခု ....

ခြေလျင်သွားရမည်ဖြစ်၍ မူလက မျှော်မှန်းထားသလို သုံးရက်နှင့် ကျော်ဖြတ်နိုင်တော့မည် မဟုတ်ပါ။

သူတို့၏မြင်းများ ဆုံးရှုံးသွားရပြီ မဟုတ်ပါလား။

ဤသို့ ခြေကျင်ခရီးနှင်ရသဖြင့် သတ်မှတ်ရက်ထက် ပိုကြာပေမည်။

ရှစ်ရက်ခန့်ကြာမြင့်တော့မည် ဖြစ်၏။

ထိုရှစ်ရက်အတွင်းတွင် ရန်သူနှင့် အချိန်မရွေး တွေ့နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က အစစအရာရာကို သတိထားမှ ဖြစ်ပေတော့မည်။

ယွဲ့တုဝေက အံကိုတင်းတင်းကြိတ်လိုက်၏။

သူ့အား ရန်သူက လွယ်လွယ်ကူကူနှင့် မသုတ်သင်နိုင်စေရပါ။

ထိုက်တန်သော ပေးဆပ်မှုရှိရမည်ဟု စိတ်ထဲမှ ကျိတ်၍ပြုံးမိသည်။

အအေးဓာတ်က ပို၍လွန်ကဲလာသည်။

ထူထပ်သိပ်သည်းစွာကျဆင်းနေသော ဆီးနှင်းများက ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံလာသည်။

ယွဲ့တုဝေသည် အသင့်ပါလာသော ရွက်ထည်တဲငယ်များကို ထိုးကာ အားလုံးယူကြရန် အမိန့်ပေးလိုက်၏။

ယနေ့ဆိုလျှင် ....

သူတို့ခရီးဆက်လာသည်နှင့် တစ်ညနှင့် နေ့ဝက်ရှိပြီဖြစ်သည်။

မည်သည့်အန္တရာယ်မျှ မတွေ့ရပါ။

သို့သော် ....

မည်သူကိုမျှ မပေါ့ဆရဲချေ။

အားလုံး သတိရှိကြသည်။ နီးကြားမှုသည် အသက်ရှင်သန်ရန် အကာအကွယ်ပင် မဟုတ်ပါလော။

အနားယူစဉ်အတွင်း အလှည့်ကျကင်းစောင့် တာဝန်ထားရှိရသည်။

ရိက္ခာခြောက်များကို ချွေတာစွာ စားသောက်လိုက်ကြသည်။

အားလုံး သိရှိကြသည်။ အားလုံးစနစ်တကျ ဝေမျှစားသောက်ကြသည်။ နေ့ဘက်၌ ရန်သူများ လာလိမ့်မည် မဟုတ်ပါ။ ညဘက်မှာသာ ရန်သူများလာပေလိမ့်မည်။ အမှောင်သည် သူတို့၏အကာအကွယ်



မဟုတ်ပါလော။

ည ....

အအေးဓာတ်သည် လွန်ကဲစွာ အေးခဲနေသည်။

ရေခဲစ၊ ရေခဲမှုန်များ ပါဝင်သော လေအေး၏ တိုက်ခတ်မှုကလည်း ဆိုးရွားလှသည်။

အရိုးကွဲမတတ် ချမ်းစိမ့်မှုပင် မဟုတ်ပါလော။

ယွဲ့တုဝေတို့လူစုမှာ တရွေ့ရွေ့နှင့် ခရီးဆက်လာကြသည်။

သူတို့သည် ကြမ်းတမ်းဆိုးရွားသော ရာသီဥတုကို အံတုကာ ခရီးဆက်နေခြင်းဖြစ်သည်။

သူတို့သည် တမင်ပင် ညဘက်ခရီးဆက်ခြင်းဖြစ်သည်။ နေ့ဘက်နားပြီး ညဘက်ခရီးဆက်ခြင်းဖြစ်သည်။

မုယုံချင်းချင်းမှာ နုနယ်သောမိန်းကလေးတစ်ယောက်ဖြစ်၏။

သူမသည် အေးစိမ့်လှသော ဆီးနှင်းလွင်ပြင်၏ အတွေ့အကြုံကို ခါးသီးစွာ ခံစားနေရသည်။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေသည်။

သူမ၏ နှုတ်ခမ်းအစုံမှာ ပြာနှမ်းနေလေသည်။

မြူနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော နှင်းလွင်ပြင်တွင် ခြေလှမ်းမလှမ်းနိုင်အောင်ပင် အေးစိမ့်လှပေ၏။

သို့သော် ....

သူမသည် အံကိုတင်းတင်းကြိတ်ကာ သူများနည်းတူ ခရီးဆက်နေ၏။

အေးခဲလွန်းလှသဖြင့် မလျှောက်နိုင်ဘဲ နားနေ၍မဖြစ်ပါ။ နားနေလျှင် သွေးခဲ၍ သေဆုံးသွားရပေမည်။

www.burmeseclassic.com



ထို့ပြင် သူမအတွက် အာမခံဌာနအဖွဲ့သားအားလုံး နှောင့်နှေးကုန်မည် မဟုတ်ပါလော။

ယွဲ့တုဝေက သူမဘက်သို့ လှည့်လိုက်၏။

“ညီမ လျှောက်နိုင်ရဲ့လား .... မောရင် ခဏနားလေ .... ”

မုယုံချင်းချင်းက ခေါင်းခါယမ်းလိုက်၏။

သူမက ကြိုးစား၍သာ လျှောက်နေလိုက်သည်။

ခြေတစ်လှမ်း လှမ်းတိုင်း အန္တရာယ်မှ တစ်လှမ်းလွတ်မြောက်ခြင်းဟု သူမနားလည်နေသည် မဟုတ်ပါလား။

*

လပြည့်ည ....

ယနေ့ည လပြည့်ညဖြစ်သည်။

လရောင်အောက်ဝယ် ယွဲ့တုဝေတို့လူစုမှာ တရွေ့ရွေ့သွားနေကြ၏။

ယွဲ့တုဝေမှာ ငယ်သားများအား သတိနှင့် ခရီးဆက်ရန် တီးတိုးမှာကြားထားသည်။

သူကိုယ်တိုင်လည်း ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကာ လျှောက်လာခဲ့၏။

ထိုအခိုက် ....

သူ၏နားစည်အတွင်း၌ မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။



သေချာစွာ နားစွင့်ကြည့်ရာ အသံပျောက်သွား၏။

မြင်းခွာသံများက အရှေ့ဘက်မှ အလိုလိုကြားလိုက်ရသဖြင့် ရင်ထဲ၌ လေးလံသွား၏။

“အားလုံး သတိထား .... ”

ငယ်သားများကို သတိနှင့် ချီတက်ရန် အမိန့်ပေးလိုက်မိလေတော့သည်။

သို့ဖြင့် သူတရွေ့ရွေ့ချီတက်လာကြလေသည်။

ညဥ့်အတော်နက်လာပြီဖြစ်သည်။

ယွဲ့တုဝေတို့လူစုမှာ ခရီးအတော်ပေါက်လာ၏။

ယွဲ့တုဝေက မုယုံချင်းချင်းဘက်သို့ အသာလှည့်ကြည့်လိုက်သည်။

မုယုံချင်းချင်းမှာ အားတင်းကာ သူများနည်းတူလျှောက်နေသည်ကို တွေ့မြင်လိုက်ရ၏။

မုယုံချင်းချင်း၏ နုနယ်သော မျက်နှာကလေးမှာ နွမ်းနယ်နေဟန်ရှိသည်။

ယွဲ့တုဝေ၏ရင်ထဲ၌ အလွန်ပင် ကရုဏာသက်သွားသည်။

ကြမ်းတမ်းသောခရီးကိုဖြတ်ကာ ဖခင်၏အရိုးအိုးအား လာရောက်ယူဆောင်သော မိန်းကလေးသည် ယခုတော့ ရန်သူ့လက်မှ အသက်လုပြေးနေရပြီ ဖြစ်၏။

ရန်သူသည် အဘယ်ကြောင့်သူတို့အား သတ်လိုပါသနည်း။

ယွဲ့တုဝေသည် အံကိုတင်းတင်းကြိတ်လိုက်၏။

ထိုသူများကို သူမရရအောင် စုံစမ်းဖော်ထုတ်မည်ဟုလည်း ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်လေတော့သည်။

နေသေးသပ ချုံထဲက ချိုသွေးလို့ တမြမြဟူသော စကား အတိုင်း အခက်အခဲနှင့် ကြုံနေစဉ် ရန်သူလက်မှ လွတ်မြောက်ရန်သာ ရှေးဦးစွာ ကြိုးစားနေရသည်။

နောင်တစ်ချိန်ကျလျှင်တော့ ရန်သူကို အမှန့်ချေရန် သန္နိဋ္ဌာန် ချမိသည်။

ယွဲ့တုဝေတို့ လူစုသည် တရွေ့ရွေ့ခရီးဆက်နေ၏။

သူတို့သည် တစ်ယောက်ချင်း စီတန်း၍ တစ်ဦးနှင့်တစ်ဦး လက်တစ်ကမ်းအကွာမှ လိုက်ပါလာသည်။

ထိုစဉ် ....

သူတို့ရှေ့ဘက်ရှိ နှင်းထုလွှင်ပြင်မှာ နှင်းခဲများ ဖွာခနဲလွင့်စဉ် သွား၏။

ထို့နောက် ....

နှင်းလွှင်ပြင်အောက်မှ အရိပ်များ ခုန်ထွက်လာပြီး အလင်း ရောင်တန်းများလည်း ပေါ်ထွက်လာသည်။

ထို့နောက် လေတိုးသံများ ကြားလိုက်ရ၏။

"ရှီး .... ရွမ်း .... ချလွမ် .... "

"အား .... "

"အင့် .... "

"အွန့် .... "

ရှေ့ဆုံးမှ ကင်းထောက်သဖွယ်သွားနေသုံးယောက်မှာ နာ ကျင်စွာ အော်ဟစ်လိုက်ပြီး လဲကျသွားလေ၏။

"ရန်သူ .... ရန်သူ .... "



ယွဲ့တုဝေတို့လူစုမှာ ချက်ချင်းပင် လက်နက်များကို အသင့်ပြင် လိုက်ကြသည်။

ထိုစဉ် ....

နှင်းကာဝတ်စုံများဝတ်ဆင်ထားသူများသည် နှင်းထုလွှင်ပြင် ထဲမှ ထွက်ပေါ်လာသည်။

ယွဲ့တုဝေသည် အံကိုတင်းတင်းကြိတ်လိုက်၏။

သူသည် ရှေ့သို့ တိုးထွက်လိုက်ပြီး အော်ဟစ်မေးမြန်းလိုက် သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ .... "

ထိုလူများအနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသူက ....

"မင်းတို့ရဲ့ သေမင်းပဲ .... "

သူသည် ယင်းသို့ပြောပြီး **လက်ကို**အသာဝှေ့ယမ်းလိုက်၏။

ထိုအခါ ....

နှင်းကာဝတ်စုံဝတ်**ဆင်ထားသူများ**သည် ရှေ့သို့တက်လာကြ တော့သည်။

ယွဲ့တုဝေက အံကိုတင်းတင်းကြိတ်လိုက်ပြီး အော်ဟစ်အမိန့် ပေးလိုက်ရလေ၏။

"အားလုံး တိုက်ကြ .... "

သူကိုယ်တိုင်ကလည်း ရွှေဓားကို ဝှေ့ယမ်းကာ နှင်းကာဝတ်စုံ ဝတ်ဝင်ထားသူများထံသို့ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

တဒင်္ဂအချိန်အတွင်းမှာပင်

တိတ်ဆိတ်နေသော ညဥ့်ယံတွင် တိုက်ခိုက်သံများက ဆူညံ သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထန် .... ထန် .... ထန် .... "

"ချလွမ် .... ချွမ်း .... ချလွမ်း .... "

တိုက်ပွဲမှာ မြန်ဆန်လှပေသည်။

ရွှေအာအမခံဌာနသားများသည် ကြမ်းတမ်းဆိုးရွားသော ခရီးရှည်ကို လျှောက်ခဲ့ရသည့်အတွက် မောပမ်းနေ၏။

ထို့အပြင် ....

အစာရေစာ မလုံလောက်မှုကြောင့် အားအင်ဆုတ်ယုတ်နေကြ၏။

ထို့ကြောင့် ....

သူတို့သည် သွက်လက်ထက်မြက်ပြီး အင်အားများသော ရန်သူများကို ကြာရှည်စွာ မခုခံနိုင်ပါ။

ဤသို့ဖြင့် ....

ရွှေအာအမခံဌာနသားများသည် တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြရသည်။

ယွဲ့တုဝေမှာ ဒေါသချောင်းချောင်းထွက်သွားသည်။

သူ၏ယဲသားများ ကျဆုံးသွားရသည့်အတွက် နှင်းကာဝတ်စုံဝတ်ဆင်ထားသူများအား တရကြမ်း တုံ့ပြန်တိုက်ခိုက်နေ၏။

သူ၏သွက်လက်လှသော ဓားချက်ကြောင့် နှင်းကာဝတ်စုံဝတ်ဆင်ထားသူငါးယောက်ခန့် ကျဆုံးသွားသည်။

ထို့နောက် ....

ယွဲ့တုဝေက နှင်းကာဝတ်စုံဝတ်ဆင်ထားကြသူများ၏ ခေါင်းဆောင်နှင့် ရင်ဆိုင်ရလိုက်သည်။

ထိုလူသည် အသက်ငါးဆယ်ခန့်ရှိမည်။



ယွဲ့တုဝေသည် ခေါင်းဆောင်ဖြစ်သူအား တရကြမ်းဝင်ရောက်တိုက်ခိုက်လိုက်၏။

ထိုအခါ ....

ခေါင်းဆောင်ဖြစ်သူကလည်း ဓားနှင့် ခုခံလိုက်ပြီး ချက်ချင်းပင် နောက်ဆုတ်သွား၏။

ကျွန်ယဲသားများက ယွဲ့တုဝေကို ဟန့်တားကြသည်။

ခေါင်းဆောင်ဖြစ်သူက စဉ်းလဲစွာ ပြုံးလိုက်သည်။

"မင်းရဲ့ ယဲသားတွေအားလုံး သေဆုံးကုန်ပြီ .... မင်းလက်မလျှော့သေးဘူးလား .... "

ယွဲ့တုဝေက အံကိုတင်းတင်းကြိတ်လိုက်၏။

"ဒီအတွက် .... ခင်များအသက်ကို အလျော်ပေးရမယ် .... "

ခေါင်းဆောင်ဖြစ်သူက အားပါးတရ ရယ်မောလိုက်၏။

"ဟား .... ဟား .... ဟား .... ဘယ်သူသေမလဲဆိုတာ မကြာခင် သိရတော့မှာပါ .... ကဲ မင်းနောက်ကို ပြန်ကြည့်လိုက်ပါဦး"

ထိုစကားကြောင့် ယွဲ့တုဝေမှာ ရင်ထိတ်သွားသည်။

သူသည် နောက်သို့ချာခနဲလှည့်ကြည့်လိုက်၏။

ထိုအခါ ....

မယုံချင်းချင်းအား နှင်းကာဝတ်စုံဝတ်ဆင်ထားသူတစ်ယောက်က ဓားနှင့် ထောက်ထားသည်ကို တွေ့မြင်လိုက်ရ၏။

ခေါင်းဆောင်ဖြစ်သူက မဲ့ပြုံး ပြုံးလိုက်သည်။

"ကဲ... မိန်းကလေး မသေစေချင်ရင် မင်းအညံ့ခံလိုက်ပါ။"

ယွဲ့တုဝေမှာ တွေဝေသွားသည်။

မယုံချင်းချင်းက အော်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို အညှံ့မခံနဲ့၊ သူတို့ကိုတိုက်၊ အသက်အသေခံပြီးတိုက်၊ ကျွန်မကိုလည်း အရှင်ထားမှာမဟုတ်ဘူး .... "

ခေါင်းဆောင်ဖြစ်သူ၏ မျက်နှာမှာတင်းမာခက်ထန်သွားသည်။

'မင်း လှုပ်ရှားလိုက်တာနဲ့အရင်ဆုံး သေရမှာက မိန်းကလေးပဲ ဆိုတာ မင်းနားလည်ထားပါ ...., ဟော့ကောင်တွေ လက်စွမ်းပြလိုက်ကြစမ်း .... "

မုယုံချင့်ချင်း၏ စကားသံထွက်ပေါ်လာပြန်သည်။

သူမသည် အလွန်ရဲရင့်သူဖြစ်လေ၏။

အံကြိတ်ပြီး အော်ပြောသည်။

"အစ်ကို အညှံ့မခံနဲ့၊ အညှံ့ခံရင် နှစ်ယောက်စလုံး သေရမှာပဲ"

ခေါင်းဆောင်ဖြစ်သူက ယွဲ့တုဝေအား စေ့စေ့ကြည့်လိုက်သည်။

"ကဲ .... မင်းလက်နက်ချတော့မလား။ ကျုပ်ကြာကြာမစောင့်နိုင်ဘူး .... "

ယွဲ့တုဝေသည် အံကို တင်းတင်းကြိတ်လိုက်၏။

သူ့ကြောင့် မုယုံချင်းချင်း သေဆုံးရမည့်အရေးကို သူတွေးပင် မတွေးရဲပါ။

မုယုံချင်းချင်းသည် သူ့နှလုံးသားထဲတွင် စိုးမိုးနေသော မိန်းကလေးဖြစ်သည် မဟုတ်ပါလား။

မည်သူမဆို ....

အသက်အန္တရာယ်နှင့်ကြုံတွေ့လာလျှင် မိမိချစ်သူကို အကာအကွယ်ပေးကြမည်သာဖြစ်သည်။

ယွဲ့တုဝေသည် ယင်းသို့တွေးပြီး လက်ထဲမှ ရွှေဓားကို နှင်းဆီလွင်ပြင်ပေါ်သို့ ပစ်ချလိုက်၏။



"ဟား .... ဟား .... ဟား .... မင်းလိမ္မာတယ် .... "

ခေါင်းဆောင်ဖြစ်သူက ကျေနပ်အားရစွာ ရယ်မောလိုက်သည်။

သူ၏ ရယ်မောသံသည် ဆီးနှင်းလွင်ပြင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## ခြေရာကောက်

မိုးစင်စင်လင်းလေပြီ။

သို့သော် ....

အအေးဓာတ်ကမူ စိုးမိုးနေဆဲဖြစ်၏။

နှင်းပွင့်များ တဖွဲဖွဲကျနေဆဲဖြစ်၏။

ထိုဆီးနှင်းများအောက်ဝယ် ယွဲ့တုဝေနှင့် မုယုံချင်းချင်းတို့ရှိနေသည်။

သူတို့နှစ်ဦးသည် နှင်းထုပြင်ပေါ်တွင် ထိုင်နေကြခြင်းဖြစ်သည်။

လွတ်လပ်စွာ လဲလျောင်းနေခြင်းကား မဟုတ်ပါ။

လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကို ကြိုးချည်ကာ **ငုပ်တိုင်နှင့် တုပ်နှောင်ထား**ပေသည်။

**မု**ယုံချင်းချင်းက ယွဲ့တုဝေအား စေ့စေ့**ကြည့်လိုက်၏။**

"ကျွန်မပြောသလို ရှင်အညွှံမခံရင် .... ဒီလို**သေရတာမျိုးနဲ့ သေ**ရမှာ မဟုတ်ဘူး .... "



ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

"မင်းနားမလည်ပါဘူး .... ကျုပ်ဆက်တိုက်လို့ မင်းအသေခံရတယ်ဆိုတာ .... ကျုပ် ဘယ်လိုမှ လက်မခံနိုင်ဘူး .... "

မုယုံချင်းချင်းက သက်ပြင်းတစ်ချက်ချလိုက်**၏။**

"**ဒါကြောင့်** .... ရှင်အခု သေရတော့မှာပေါ့ .... "

**ယွဲ့တု**ဝေက ရယ်မောလိုက်သည်။

"**ဟား** .... ဟား .... ဟား .... ဘာဖြစ်သလဲ .... တစ်ယောက်**တစ်ကွဲ** သေရတဲ့အဖြစ်မျိုးကို ကျုပ်မလိုဘူး .... နှစ်ယောက်တွဲပြီး သေရင် ပြီးတာပါပဲကွာ .... "

ထိုစကားကြောင့် မုယုံချင်းချင်း၏ မျက်နှာကလေးမှာ ရဲခနဲဖြစ်သွားသည်။ မိမိအတွက် သူအသက်သေမည်ကို မနှမြောဘဲ ရယ်မောနိုင်နေသေးသည်။ မိမိအပေါ် အလွန်တရာ အနွံတာခံသူဖြစ်နေလေသည်တကား။

မုယုံချင်းချင်းမှာ ခေါင်းငုံ့လိုက်ရတော့သည်။

အအေးဓာတ်သည် ပို၍လွန်ကဲလာသည်။

ဆီးနှင်းများကလည်း ပို၍ထူထပ်သိပ်သည်းစွာ ကျဆင်းလာ၏။

အရိုးကွဲမတတ် အေးစိမ့်သည့်ဒဏ်၊ ဆာလောင်သည့်ဒဏ်သည်များကို စု၍ခံစားနေရသည်။

အချိန်ကြာလာသောအခါ မုယုံချင်းချင်းမှာ ထိုဝေဒနာများကို မခံစားနိုင်တော့ပါ။

သူမသည် မိမိအဖြစ်ကို ဝမ်းနည်းအားငယ်စွာ ငိုရှိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေကလည်း နှစ်သိမ့်ရန်စကားမရှိပါ။

သူတို့သည် ဒုက္ခကြီးစွာခံစားရင်း သေဆုံးရတော့မည် မဟုတ်ပါလား။

လူသားချင်း ရက်စက်လှသော ထိုလူများကို တွေးကာ ဒေါသထွက်နေမိလေတော့သည်။

အချိန်မည်မျှ ကြာသွားသည်မသိပါ။

မယုံချင်းချင်းသည် ပြန်လည်သတိရလာ၏။

သူသတိရစဉ် ပထမဦးဆုံးခံစားလိုက်ရသည်မှာ အအေးဒဏ်ပင်ဖြစ်လေ၏။

နောက်မှ ....

ယွဲ့တုဝေ၏စကားသံကို ကြားလိုက်ရသည်။

"ညီမလေး သတိရလာပြီလား ...."

မယုံချင်းချင်းသည် မျက်လုံးကို အားယူ၍ဖွင့်ကြည့်လိုက်၏။

ယခုမှ အဖြစ်အပျက်များအားလုံးကို သတိရလာ၏။

မိမိတို့အား ရန်သူက ကြိုးနှင့်တုပ်ကာ ဆီးနှင်းလွင်ပြင်အလယ်တွင် ပစ်ထားခဲ့သည် မဟုတ်ပါလား။

အအေးဒဏ်ကြောင့်လည်းကောင်း နှင်းကိုက်၍လည်းကောင်း မိမိတို့ သေဆုံးနိုင်သည်။

သူမက လက်ကို အသာမလိုက်၏။

သူမ၏လက်များကို လွတ်လပ်စွာ လှုပ်ရှား၍ ရနေ၏။

မယုံချင်းချင်းမှာ အံ့သြသွားသည်။

သူမအား စိုးရိမ်စွာကြည့်နေသော ယွဲ့တုဝေကို တွေ့မြင်လိုက်သည်။



မယုံချင်းချင်းမှာ မိမိမျက်စိကိုပင် မိမိမယုံကြည်နိုင်သလိုဖြစ်သွားရသည်။

"အစ်ကို .... ကျွန်မတို့ မသေဘူးနော် ...."

ယွဲ့တုဝေက ခေါင်းညိတ်လိုက်၏။

"မသေပါဘူး .... ကျုပ်တို့ သေတွင်းက လွတ်ခဲ့ပါပြီ ...."

မယုံချင်းချင်းမှာ မျက်မှောင်ကုတ်သွားသည်။

"ကျွန်မတို့ကို ဘယ်သူကယ်ခဲ့တာလဲ ...."

ယွဲ့တုဝေက တစ်ဖက်သို့ ကြည့်လိုက်၏။

မယုံချင်းချင်းက ယွဲ့တုဝေကြည့်ရာသို့ လှည့်ကြည့်လိုက်ရာ အဖြူရောင်ဝတ်စုံရှည် ဝတ်ဆင်ထားသူတစ်ယောက်အား တွေ့မြင်လိုက်ရသည်။

ထိုလူသည် ခမောက်တစ်လုံးကို ဆောင်းထားသည်။

ကောက်ရိုးဖိနပ်ရှည်ကို ဝတ်ဆင်ထားသည်။

ထိုလူ၏ဝတ်စားဆင်ယင်ပုံမှာ မွန်ဂိုလူမျိုးတစ်ယောက်နှင့် တူလှသည်။

မြက်ခမောက်ကို မျက်နှာတစ်ဝက်ဖုံးအုပ်အောင် ဆောင်းထားသဖြင့် မည်သူမည်ဝါမှန်း မသိနိုင်ချေ။

မယုံချင်းချင်းသည် လူးလဲထလိုက်ပြီး ထိုလူအား ဦးညွှတ်ဂါရဝပြုလိုက်၏။

"ကျွန်မတို့ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ထိုလူက အေးတိအေးစက်လေသံဖြင့် ပြောလိုက်လေ၏။

"မင်း သတိရရင် .... ဒီက အမြန်ဆုံးသွားကြတော့ နောက်နောင် ကျွင်းမြို့တော်ကို မလာခဲ့ပါနဲ့ ...."

www.burmeseclassic.com

www.burmeseclassic.com



မုယုံချင်းချင်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ .... "

ထိုလူက စကားဆက်လိုက်သည်။

"ကျုပ်စကားကို နားထောင်ပါ — **ကျွန်းမြို့တော်**ဟာ မင်းတို့အတွက် သေမင်းပဲ .... ဒါကြောင့် **ကျွန်းမြို့တော်နဲ့ ဝေးရာမှာ** နေကြပါ .... မင်းတို့ နီးလာရင် သေမင်း**နဲ့ နီးလာတာပဲ မှတ်ပါ** — "

မုယုံချင်းချင်းမှာ တွေးမရအောင်**ဖြစ်နေလေ၏။**

ထိုလူ၏အသံကို ကြားဖူးသည်ဟု **သူမက ထင်မိသည်။**

သူမသည် အလျှင်အမြန် စဉ်းစားလိုက်၏။

ထိုအခါ ပြန်လည်သတိရလာသည်။ သူမက ချက်ချင်းပြောသည်။

"သိပြီ .... ရှင်ဟာ ရွှေနဂါးတည်းခိုခန်းမှာ ကျွန်မကို ကျွန်းမြို့တော်က ထွက်ခွာသွားဖို့ သတိလာပေးတဲ့ လူပဲ .... "

ထိုလူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ် .... မင်းတို့ ကျုပ်စကားကို နားမထောင်လို့ ဒုက္ခရောက်တာပဲ .... "

မုယုံချင်းက မျက်မှောင်ကုတ်သွား၏။

"ကျွန်မတို့ကို လုပ်ကြံတာ လင်ဝီဖုန်းလား .... အဲဒါကို ကျွန်မ **သိချင်**တယ် .... "

ထိုလူက သူမ၏အမေးကို **အဖြေဘဲ** ဆက်ပြောလိုက်သည်။

"အခုတစ်ကြိမ် မင်းတို့ကို **ကျုပ်အချိန်မီ** ကယ်တင်နိုင်ပေမယ့် နောင်ကယ်ဖို့ အခွင့်အရေး ရှိချင်မှ ရှိမယ် — မင်းတို့ အမြန်ဆုံးသွား**ကြပေတော့ — ကျုပ်ကို** ကျေးဇူးတင်**တယ်ဆိုရင်** ဒီက **အမြန်ဆုံး**



ထွက်သွားကြပါတော့ .... "

သူသည် ယင်းသို့ပြောပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။

မုယုံချင်းချင်းက သူ့အား မော့ကြည့်လိုက်သည်။

"ဦးက သွားတော့မလို့လား .... "

ထိုလူက သူမအား ပြန်လှည့်ကြည့်လိုက်၏။

မြက်ခမောက် ဦးထုပ်အောက်မှ မျက်ဝန်းတစ်**စုံမှ ဝမ်းနည်း** ကြေကွဲရိပ်များ ပေါ်လွင်ထင်ဟပ်နေသည်။

အတန်ကြာမှ ....

ထိုလူသည် ချာခနဲလှည့်ကာ နှင်းထုလွင်ပြင်အတွင်း ပြေးလွှားသွားလေတော့သည်။

သူ၏ကိုယ်ဖော့ပညာမှာ အလွန်ကောင်းလှပေသည်။

တစ်ခဏအတွင်းမှာပင် အဝေးသို့ ရောက်ရှိသွားလေ၏။

မုယုံချင်းချင်းမှာ ထိုလူထွက်ခွာသွားရာဘက်သို့ ငေးမောကြည့်နေမိသည်။

ထိုစဉ် ....

ယွဲ့တုဝေ၏စကားသံ ထွက်ပေါ်လာသည်။

**"ကဲ .... ညီမ အစ်ကိုတို့လည်း အချိန်ရှိတုန်း သွားကြစို့"**

**မုယုံချင်းချင်း**က ခေါင်းညိတ်လိုက်၏။

**ယွဲ့တုဝေက** အနီးရှိမြင်းပေါ်သို့ ခုန်တက်လိုက်သည်။

**ထိုမြင်းမှာ မြက်ခ**မောက်ဆောင်းထားသူက ပေးသွားသော မြင်းဖြစ်ပေ**သည်။**

ဤနှင်းထုလွင်ပြင်ထဲ၌ မြင်းမရှိဘဲ ခရီးသွားသူသည် သေလမ်းသွားသူကဲ့သို့ ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မှယုံချင်းချင်းကိုပါ တက်နိုင်းလိုက်ပြီး ပြည်မစာက်သို့ ဦးတည်ထွက်ခွာသွားခဲ့လေတော့သည်။

❋

ကျွမ်းပေ့မြို့ ....

ကျွမ်းပေ့မြို့သည် မြို့ကြီးတစ်မြို့ဖြစ်၏။

ကုန်သည်ပွဲစားများ စုစည်းရာမြို့ဖြစ်သောကြောင့်လည်း အလွန်စည်ကားလှသည်။

ကျွမ်းပေ့မြို့တွင် အစည်ကားဆုံးသောနေရာသည် ဈေးလမ်းမကြီးပင်ဖြစ်သည်။

ထိုဈေးလမ်းမသည် နေ့ညမပြတ် လူသွားလူလာများလှသည်။

အဘယ်ကြောင့်ဆိုသော် ဝယ်စရာ ခြမ်းစရာ ဈေးဆိုင်များ ပြည့်နှက်နေသောကြောင့် ဖြစ်ပေသည်။

နံနက်ခင်းအချိန်ဖြစ်၍ ....

ဈေးလမ်းမသည် အလွန်စည်ကားနေ၏။

လူသွားလူလာများ ရှုပ်ထွေးနေသည်။

ဈေးလမ်းမအတိုင်း လူရွယ်တစ်ယောက်က မြင်းကိုဆွဲကာ လျှောက်လာနေ၏။

ထိုလူရွယ်၏အဝတ်အစားများမှာ ညစ်ပေနေသည်။



မြင်းပေါ်တွင် မိန်းကလေးတစ်ယောက် ထိုင်လျက်ပါလာသည်။

ထိုမိန်းကလေး၏ အဝတ်အစားများမှာလည်း ညစ်ပေနေ၏။

သို့သော် ....

ချောမောလှပသော သူမ၏မျက်နှာကလေးမှာ ဝင်းပနေသည်။

သူတို့၏ပုံဟန်ကို ကြည့်ခြင်းဖြင့် ခရီးဝေးမှ နှင်လာသူများဖြစ်ကြောင်း သိသာလှသည်။

လူရွယ်သည် မြင်းကိုဆွဲကာ လူများကြားမှ တိုးဝှေ့ရင်း ဈေးလမ်းမကို ကျော်ဖြတ်လာ၏။ လူတော်တော်များများကို တိုးဝှေ့ဖြတ်ကျော်လာရ၏။ အတန်ကြာ လျှောက်မိသောအခါ တဖြည်းဖြည်းလူရှင်းသွားသည်။

လူရှင်းရမည်လေ။ ဈေးရပ်ကွက်လွန်လာသဖြင့် လူကုံထံများသာ နေထိုင်သည့် ရပ်ကွက်သို့ ရောက်ရှိလာသောကြောင့်တည်း။

အိမ်ဂေဟာများကလည်း အလွန်ကောင်းမွန်လှသောကြောင့် ငွေကြေးချမ်းသာသော လူကုံထံများနေသောနေရာဖြစ်ကြောင်းသိသာလှပေသည်။

မကြာမီ မြင်းဆွဲလာသော လူရွယ်သည် ခြံဝင်းကျယ်တစ်ခုရှေ့တွင် မြင်းကို ရပ်လိုက်၏။

ခြံဝင်းထိပ်တွင် ရွှေရောင်ဖောင်းကြွစာလုံးဖြင့် ရေးသားထားသော ဆိုင်းဘုတ်ကြီးရှိလေ၏။

"ရွှေစားအာမခံဌာနအဖွဲ့ချုပ်"

မြင်းဆွဲလာသော လူရွယ်သည် ပွင့်နေသော ခြံဝင်းတံခါးမှ ခြံတွင်းသို့ လှမ်းဝင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ....

"ရပ်လိုက် .... "

လှံရှည်ကိုင် အစောင့်တစ်ယောက်က ဟန့်တားလိုက်သည်။

"ဘာကိစ္စလဲ .... "

မြင်းဆွဲလာသော လူရွယ်က ပြုံးလိုက်သည်။

"မင်းက ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလားကွ .... "

ထိုအခါမှ အစောင့်သည် မြင်းဆွဲလာသူအား သေချာစွာ ကြည့်လိုက်၏။

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

"ဟင် .... သခင်လေး .... "

သူသည် ချက်ချင်းပင် ဝမ်းသာအားရဖြင့် အော်ဟစ်လိုက်၏။

"သခင်လေး ပြန်လာပြီဟေ့ .... "

အစောင့်၏အသံကြောင့် အဆောက်အအုံထဲမှလူများ ပြေးထွက်လာကြသည်။

ထိုလူအားလုံးက ဝမ်းသာအားရဖြင့် ဝိုင်းဝန်းနှုတ်ဆက်လိုက်ကြ၏။

မြင်းဆွဲလာသူမှာ ယှဲ့တုဝေဖြစ်ပြီး မိန်းကလေးမှာ မုယုံချင်းချင်းပင်ဖြစ်ပါသည်။

ယှဲ့တုဝေသည် မုယုံချင်းချင်းနှင့်အတူ အဆောက်အအုံထဲသို့ လှမ်းဝင်လိုက်၏။

ထိုအခါ ....

ဧည့်ခန်းတွင် အသင့်စောင့်နေသော အသက်ငါးဆယ်ခန့်ရှိသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။



ထိုလူသည် ကြည်ညိုလေးစားဖွယ်ရာ ဥပဓိရုပ်ရှိသူဖြစ်၏။

ယှဲ့တုဝေသည် အထိုအမျိုးသားကြီးအား ဒူးထောက်ဂါရဝပြုလိုက်သည်။

"ဖေဖေ .... "

မုယုံချင်းချင်းမှာ ထိုအမျိုးသားကြီးသည် ရွှေဓားအာမခံဌာနမှူး ယှဲ့ဝမ်းဟိုဖြစ်ကြောင်း နားလည်လိုက်လေ၏။

ယှဲ့ဝမ်ဟိုက သားဖြစ်သူအား ဖေးမကာ ထူလိုက်သည်။

"ငါ့သားရောက်ချိန်တန်ပြီး ရောက်မလာလို့ စိတ်ပူနေတာကွယ် .... အန္တရာယ် တစ်စုံတစ်ခုကြုံနေရပြီဆိုတာ .... ဖေဖေ သိလိုက်တယ် .... ဒီကနေ့ပဲ အဖွဲ့တစ်ဖွဲ့ လွှတ်တော့မလို့ .... "

ယှဲ့တုဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အားလုံး ဆုံးရှုံးသွားပြီ ဖေဖေ .... "

ယှဲ့ဝမ်ဟိုက ခေါင်းညိတ်လိုက်၏။

"သား ပင်ပန်းလာတယ် မဟုတ်လား .... ပြီးမှ စကားပြောကြတာပေါ့ .... အနားယူလိုက်ပါဦး .... "

သူသည် ယင်းသို့ပြောပြီး မုယုံချင်းချင်းအား လှမ်းကြည့်လိုက်သည်။

"ဧည့်သည်ပါလာတာကိုး .... "

ယှဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဖေဖေ .... "

သူသည် မုယုံချင်းချင်းနှင့် ဖခင်ဖြစ်သူအား မိတ်ဆက်ပေးလိုက်သည်။

"ဖေဖေ .... ဒါက ကျင်းမြို့တော်ခရီးကို ကျွန်တော်တို့ အာမခံ

www.burmeseclassic.com

www.burmeseclassic.com



ဦးနဲ့ လိုက်လာခဲ့တဲ့ မိန်းကလေး မုယုံချင်းချင်းပါ ဖေဖေ .... ”

ယွဲ့ဝမ်ဟိုသည် အလွန်ရည်မွန်သူဖြစ်၏။

“ဟုတ်လား .... မိန်းကလေးလည်း ပင်ပန်းလာပုံရတယ် .... ဦးရဲ့သားတောင် ဒီလိုပုံပေါက်နေမှတော့ မိန်းကလေးအဖို့ ဘယ်လိုရှိတော့မှာတုန်း .... ကဲ .... ကဲ အနားယူကြပါ .... နောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့ .... ”

မုယုံချင်းချင်းသည် အလွန်တရာသိနားလည်မှုရှိသော ယွဲ့ဝမ်ဟို အား ဦးညွှတ်ဂါရဝပြုလိုက်မိလေ၏။

ယွဲ့ဝမ်ဟိုက လိုက်လံ့စွာပင် နှုတ်ဆက်ပြီး .... မုယုံချင်းချင်း အတွက် အနားယူရန် အခန်းတစ်ခန်း ချက်ချင်းစီစဉ်ပေးလိုက်လေ တော့သည်။

❋

ယွဲ့ဝမ်ဟိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ယွဲ့တုဝေက အဖြစ်အပျက်များကို ပြန်ပြောရင်း မောသွားဟန် ဖြင့် ရေနွေးတစ်ခွက် သောက်လိုက်သည်။

ယွဲ့ဝမ်ဟိုက သားဖြစ်သူအား ကြည့်လိုက်ပြီး ....

“ဒါဆို .... သားတို့ ကံကောင်းလို့ လွတ်မြောက်လာတာပဲ ဒါ ကြောင့်မို့ ကံသာလျှင် အမိ .... ကံသာလျှင် အဖလို့ ပြောကြတာ”

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။



“ဟုတ်ပါတယ် ဖေဖေ .... ”

ယွဲ့ဝမ်ဟိုက သားဖြစ်သူအား အားပေးနှစ်သိမ့်လိုက်၏။

“ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့တော့ .... သေဆုံးသွားတဲ့ ငယ်သားတွေကိစ္စကို ဖေဖေစီစဉ်ပါ့မယ် .... သူတို့မိသားစုတွေကို ပစ်ပယ်ထားလို့ မဖြစ်ဘူးလေ .... ဒါဟာ တို့ရွှေဘားအာမခံဌာနရဲ့ အစဉ်အလာပဲလေ .... သူတို့ကျေနပ်လောက်အောင် ခံစားခွင့်ပေးကြရမှာပေါ့ .... ”

မုယုံချင်းချင်းက သက်ပြင်းချလိုက်၏။

သူမက တောင်းပန်စကားဆိုသည်။

“ကျွန်မကြောင့် ဦးတို့ထိခိုက်နစ်နာရတာကို ကျွန်မ ဘယ်လို တောင်းပန်ရမှန်းတောင် မသိတော့ပါဘူးရှင် .... ”

ယွဲ့ဝမ်ဟိုက ခေါင်းခါယမ်းလိုက်သည်။

“ဒီကိစ္စဟာ မိန်းကလေးရဲ့အပြစ်မဟုတ်ပါဘူး .... ရန်သူဟာ မဆင်မခြင်ရမ်းကားခဲ့တာပဲ.... ဦးဟာ သိုင်းလောကသားတစ်ယောက်ပါ .... အကျိုးနဲ့ အပြစ်ကို ခွဲခြားသိပါတယ် .... ”

ယွဲ့တုဝေက ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ် .... သူတို့မှာ အလွန်လျှို့ဝှက်တဲ့ကိစ္စ တစ်စုံတစ် ရာတော့ ရှိမှာသေချာတယ် ဖေဖေ .... ဒါကို မပေါ်အောင် ကျွန်တော် တို့ကို လက်စတုံးလုပ်ကြတာ .... ”

မုယုံချင်းချင်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

“ကျွန်မတို့ကို မွန်ဂိုလူမျိုးဝတ်စုံ ဝတ်ဆင်ထားတဲ့ လူက ပြန် မလာနဲ့ဆိုပေမယ့် ကျွန်မကတော့ ပြန်သွားမယ်လို့ ဆုံးဖြတ်ထားတယ်”

ယွဲ့ဝမ်ဟိုက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးရဲ့သတ္တိကိုတော့ ကျုပ်တကယ်ပဲ သဘောကျတယ် .... ဒါပေမယ့် ဘာမှမသိဘဲနဲ့ စွန့်စားမှု မပြုရဘူးကွယ့် .... အရင်ဆုံး တစ်ခုခုတော့သိအောင် လုပ်ရလိမ့်မယ် .... "

မုယုံချင်းချင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ .... ကျွန်မ သူတို့အကြောင်းကိုသိအောင် ကြိုးစားဦးမှာပါ .... "

ယွဲ့ဝမ်ဟိုက ပခုံးတစ်ချက်တွန့်လိုက်သည်။

"အခုကိစ္စဟာ .... မိန်းကလေးတစ်ယောက်တည်းရဲ့ ကိစ္စမဟုတ်တော့ပါဘူး .... ရန်သူဟာ ကျုပ်တို့ရွှေဓားအာမခံဌာနကို ထိပါးလာခဲ့ပြီပဲ .... သူတို့ကို ကျုပ်တို့ကလည်း ထိုက်တန်တဲ့ တုံ့ပြန်မှုတော့ ပေးရမှာပဲ .... ဒီတော့ ကျွဲကူးရေပါဆိုသလို ကျုပ်တို့လှုပ်ရှားရင် မိန်းကလေးလည်း ကျုပ်တို့နဲ့အတူ လှုပ်ရှားပေတော့ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... ညီမနဲ့အတူ အစ်ကိုတို့ ရွှေဓားအာမခံဌာနက ပါ .... ဒီကိစ္စကို မရရအောင် ဖော်ထုတ်မယလို့ ကတိပြုပါတယ် .... "

ထိုစကားကို ကြားရသောအခါ မုယုံချင်းချင်းမှာ ဝမ်းသာသွားသည်။

ယွဲ့ဝမ်ဟိုက ပြုံးလိုက်သည်။

"မိန်းကလေး .... ဦးတို့ရဲ့ ရွှေဓားအာမခံဌာနမှာ အဆင့်သုံးဆင့်ရှိတယ် .... အနီရောင်အဆင့် .... အပြာရောင်အဆင့်နဲ့ အညိုရောင်အဆင့် သုံးဆင့်ရှိတယ် .... အနီရောင်အဆင့်ဟာ ရွှေဓားအာမခံဌာနရဲ့ အရေးအကြီးဆုံး တုံ့ပြန်ရမယ့်အဆင့်ပါပဲ .... အခု ရွှေဓားအာမခံဌာနဟာ အနီရောင်အဆင့်ကို ဝင်သွားပါပြီ .... "



မုယုံချင်းချင်းက ဦးညွှတ်ဂါရဝပြုလိုက်လေ၏။

"ကျေးဇူးတင်ပါတယ်ရှင် .... "

✱

ယွဲ့တုဝေနှင့် မုယုံချင်းချင်းတို့သည် လမ်းသွယ်တစ်ခုအတွင်းသို့ ချိုးဝင်လိုက်ကြ၏။

လမ်းတစ်ဖက်တွင် ပျဉ်ထောင်အိမ်လေးများ တည်ရှိသည်။

မုယုံချင်းချင်းက လက်ညှိုးညွှန်ပြလိုက်သည်။

"လိပ်စာအရ .... ဒီအိမ်ပဲ .... "

သူတို့နှစ်ယောက်သည် ထိုအိမ်ရှေ့တွင်ရပ်လိုက်ပြီး တံခါးကို အသာခေါက်လိုက်၏။

တံခါးပွင့်သွားပြီး အသက်နှစ်ဆယ့်ငါးနှစ်ခန့် လူတစ်ယောက် ထွက်လာသည်။

ယွဲ့တုဝေက လက်နှစ်ဖက်ဆုပ်လိုက်ပြီး ဂါရဝပြုကာ လာရင်းကိစ္စကို ပြောလေ၏။

"ကုစန်းထုံရဲ့သား .... ကုစုဟန်နဲ့ တွေ့ချင်လို့ပါ .... "

ထိုလူရွယ်က ယွဲ့တုဝေနှင့် မုယုံချင်းချင်းတို့အား တစ်ချက်ကြည့်လိုက်၏။ သူသည် အံ့သြဟန်ပေါ်နေသည်။

"ကုစုဟန်ဆိုတာ .... ကျုပ်ပဲဗျ .... ဘာကိစ္စရှိလို့ပဲ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .... ခင်ဗျားအဖေနဲ့ ပတ်သက်ပြီး **အေးချမ်းအစောရလေး** တွေ ရှိနေလို့ပါ .... "

ကုစုဟာန်က ဖိတ်ခေါ်လိုက်သည်။

"အိမ်ထဲကို ဝင်ကြပါဦး .... "

ယွဲ့တုဝေနှင့် မုယုံချင်းချင်းတို့သည် အိမ်ထဲသို့ လိုက်ဝင်သွားကြလေ၏။

အိမ်ကလေးမှာ သေးငယ်လှသည်။

သို့သော် ....

ဧည့်ခန်းကိုမူ သပ်သပ်ရပ်ရပ်ပင် ပြုလုပ်ထား၏။

ကုစုဟာန်က အံ့သြစွာဖြင့် ပြောလိုက်သည်။

"ကျုပ်အဖေ ကွယ်လွန်သွားတာ အတော်ကြာပြီဗျ .... ခင်ဗျားတို့က ကျုပ်အဖေနဲ့ ဘယ်လိုပတ်သက်သလဲ .... "

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ .... ကျင်းမြို့တော်မှာ ကွယ်လွန်သွားခဲ့တယ် မဟုတ်လား .... "

ကုစုဟာန်မှာ မျက်လုံးပြူးသွားသည်။

"ဟုတ်ပါတယ် .... ခင်ဗျားတို့က ဘယ်လိုသိတာလဲ .... "

မုယုံချင်းချင်းက ကြားဝင်ပြောလိုက်သည်။

"ကျွန်မအဖေက ရှင့်အဖေနဲ့အတူတူ ကျင်းမြို့စားကြီးနန်းကုန်းလီဆီမှာ .... ကိုယ်ရံတော်တာဝန်ထမ်းဆောင်ခဲ့တာပါ .... ဒါကြောင့် ကျွန်မ သိနေတာပါ .... "

ကုစုဟာန်မှာ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်လည်း အဖေ့အကြောင်း သိပ်မသိဘူးဗျ .... ခင်ဗျားတို့



က ဘာသိချင်တာလဲ .... "

မုယုံချင်းချင်းက သူ့အားစေ့စေ့ကြည့်လိုက်၏။

"ရှင့်အဖေရဲ့ အရိုးအိုးက ကျင်းမြို့တော်မှာ မရှိဘူးမဟုတ်လား"

ကုစုဟာန်မှာ မျက်လုံးပြူးသွားသည်။

"မင်းက ဘယ်လိုလုပ်သိတာလဲ .... "

မုယုံချင်းချင်းက ပြုံးလိုက်၏။

"ကျွန်မ ကျင်းမြို့တော်က ပြန်လာတာပါ .... ကျွန်မအဖေရဲ့ အရိုးအိုးလည်း .... တုံမျိုးနွယ်စုဘုံကျောင်းမှာ မရှိဘူးရှင့် .... ဘယ်လောက်ထူးဆန်းသလဲ .... "

ကုစုဟာန်က ခေါင်းခါယမ်းလိုက်သည်။

"ဒါက ထူးဆန်းမှု မဟုတ်ပါဘူး .... မြေမြှုပ်သင်္ဂြိုဟ်လိုက်တာလည်း ဖြစ်နိုင်ပါတယ် .... "

မုယုံချင်းချင်းက လက်မခံပေ။

"မဟုတ်သေးဘူးရှင့် .... ကျွန်မတို့အဖေ့လိုပဲ ကိုယ်ရံတော်ကျိုဝမ်းဖုံးရဲ့ အရိုးအိုးလည်း ပျောက်နေတယ် .... ရှင်းရှင်းပြောရရင် ကျွန်မနဲ့ ရှင်တို့အဖေတွေပါဝင်တဲ့ ကိုယ်ရံတော်ငါးယောက်စလုံးရဲ့ အရိုးအိုးတွေ ပျောက်နေတယ်ရှင့် .... "

ကုစုဟာန်မှာ မျက်မှောင်ကြုတ်သွားသည်။

"မင်းက သူတို့အသက်ရှင်တုန်းပဲလို့ ထင်လို့လား .... "

မုယုံချင်းချင်းက ပါးစပ်ပိတ်ထားလိုက်၏။

ကုစုဟာန်က စကားဆက်လိုက်သည်။

"သူတို့ မသေရင် .... သူတို့မိသားစုဆီကို ပြန်လာမှာပေါ့ဗျာ သူတို့ရဲ့ အရိုးအိုး မတွေ့တာနဲ့ဘဲ အသက်ရှင်တယ်လို့ယူဆဖို့ မသင့်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး .... တစ်ခါတစ်ခါကျတော့ သိပ်အတွေးမလွန်သင့်ဘူးဗျ .... ”

မုယုံချင်းချင်းက ခေါင်းခါယမ်းလိုက်သည်။

“ကျွန်မက သူတို့ အသက်ရှင်သေးတယ်လို့ မယူဆရပါဘူး .... တိုက်ဆိုင်မှုကို ပြောတာပါ .... ရှင့်အဖေရဲ့ အရိုးအိုး တုံမျိုးနွယ်စု ဘုံကျောင်းမှာ ရှိတယ်ဆိုတာ .... ရှင် ဘယ်လိုလုပ် သိတာလဲ .... ”

ကုစုဟန်က ပခုံးတစ်ချက်တွန့်လိုက်သည်။

“ကျုပ်အမေ ပြောပြလို့ပါ .... ”

မုယုံချင်းချင်းက ....

“ဒီလိုစာမျိုး ရဖူးသလား .... ”

သူက ယင်းသို့ပြောပြီး လင်ဝီဖုန်းထံမှစာကို ထုတ်ပြလိုက်၏။

ကုစုဟန်က ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်လည်း မသိဘူးဗျ .... ကျုပ်အမေပြောလို့သိတာပဲ ရှိတယ် .... ပြီးတော့ ကျင်းမြို့တော်ကိုလည်း ကြုံလို့ရောက်တုန်းဝင်ပြီး အရိုးအိုးကို ယူဆောင်ဖို့ သွားခဲ့တာပါ .... မတွေ့တော့လည်း ဘယ်ကတတ်နိုင်မလဲ .... ကျုပ်လည်း တတ်နိုင်သမျှတော့ လုပ်ခဲ့တာပါပဲ”

မုယုံချင်းချင်းမှာ မျက်မှောင်ကြုတ်သွားသည်။

“ရှင့်အမေကော .... ”

ကုစုဟန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

“သူ ကွယ်လွန်သွားပါပြီ .... ကျုပ်အမေရှိနေသေးရင်တော့ ကျုပ်ထက် ပြည့်ပြည့်စုံစုံ ပြောနိုင်မှာ သေချာပါတယ် .... ကျုပ်ကတော့ ဘာဆို ဘာမှမသိပါဘူးဗျာ .... အဖေက ကျုပ်ငယ်ငယ်ကတည်းက မရှိခဲ့တာဆိုတော့ မေ့သလိုတောင် ဖြစ်နေပါပြီ .... ”

မုယုံချင်းချင်းက ယွဲ့တုဝေဘက်သို့ လှည့်ကြည့်လိုက်၏။



ယွဲ့တုဝေက ကုစုဟန်အား ပြုံးပြပြီး နှုတ်ဆက်လိုက်၏။

“အခုလောက် ကူညီတာပဲ ကျေးဇူးတင်ပါတယ်ဗျာ .... ကျုပ်တို့ကို သွားခွင့်ပြုပါဦး .... ”

သူတို့ အိမ်ကလေးထဲမှ ပြန်ထွက်လာကြ၏။

နောက်တစ်နေ့နံနက်တွင် ....

ယွဲ့တုဝေနှင့် မုယုံချင်းချင်းတို့သည် အဆောက်အအုံတစ်ခုရှေ့သို့ ရောက်ရှိလာကြ၏။

ယွဲ့တုဝေက အဆောက်အအုံအား အကဲခတ်ကြည့်လိုက်၏။

အဆောက်အအုံမှာ အတော်ပင် ဟောင်းနွမ်းနေပြီဖြစ်သည်။ ဆေးသားများလည်း ကွာကျနေပြီ။ ခြံစည်းရိုးလည်း မကောင်းတော့ပေ။

မုယုံချင်းချင်းက ခေါင်းညိတ်လိုက်သည်။

“လိပ်စာအရ ဒီအိမ်ပဲ .... ”

ယွဲ့တုဝေက တံခါးရှေ့တွင် ရပ်လိုက်ပြီး တံခါးကို အသာအယာ ခေါက်လိုက်၏။

“ဒီတစ်ခါတော့ .... နည်းနည်းပါးပါး သိပါရစေလို့ ဆုတောင်းရမှာပဲ .... ”

“ဒေါက် .... ဒေါက် .... ဒေါက် .... ”

မကြာမီ ....

တံခါးပွင့်သွားသည်။

အသက်နှစ်ဆယ်ကျော် လူရွယ်တစ်ယောက် လှမ်းထွက်လာ၏။ လူကတော့ ရည်ရည်မွန်မွန်ပင်။ သူသည် တံခါးခေါက်သူများကို အကဲခတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေက ထိုလူရွယ်အားကြည့်ကာ မေးလိုက်၏။

"ကျိုဝမ်ဖုံးရဲ့သား ကျိုယွင်ဖန်ဆိုတာများလား .... "

ထိုလူရွယ်က ခေါင်းညိတ်လိုက်သည်။

"ကျိုယွင်ဖန်ဆိုတာ ကျုပ်ပါပဲ .... ဒါနဲ့ ခင်ဗျားက ရွှေအားအာမခံဌာနက သခင်လေးယွဲ့တုဝေ မဟုတ်လား .... "

အံ့ဩစရာစကားဖြင့် ကျိုယွင်ဖန်က ပြန်မေးလိုက်သည်။

ယွဲ့တုဝေက ခေါင်းညိတ်ပြလိုက်ရ၏။

ကျိုယွင်ဖန်၏ မျက်နှာမှာ ပြုံးရွှင်သွားသည်။

"သခင်လေးကို ကျုပ်အမြဲအားကျနေတာပါ .... ကဲ .... အထဲကို ဝင်ကြပါဦးဗျာ .... "

သူသည် ပျူငှာစွာ ဖိတ်ခေါ်လိုက်လေတော့သည်။

ဧည့်ခန်းကို သပ်ရပ်စွာ ပြင်ဆင်ထားသည်။

ကျိုယွင်ဖန်က ယွဲ့တုဝေတို့အား နေရာထိုင်ခင်းပေးလိုက်၏။ ပြီးမှ ....

သူက စတင်မေးလိုက်သည်။

"သခင်လေးတို့ ဘာကိစ္စများ ရှိလို့လဲ .... ကျုပ်ကို ဘာမှအားနာစရာမရှိပါဘူး .... မေးချင်ရာ မေးပါ .... ပြောချင်ရာကို ပြောပါ .... "

ယွဲ့တုဝေက ပြောပြလိုက်၏။

"မင်းအဖေ ကျိုဝမ်ဖုံးနဲ့ ပတ်သက်လို့ သိချင်တာ နည်းနည်းရှိလို့ပါ .... "

ကျိုယွင်ဖန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဖေဖေဟာ ကျုပ်ငယ်စဉ်ကတည်းက ကွယ်လွန်ခဲ့တာပါ"



ယွဲ့တုဝေသည် ပြုံးလိုက်ပြီး ....

"ကျုပ်သိပါတယ် .... မင်း ကျင်းမြို့တော်အထိ သွားပြီး မင်းအဖေရဲ့ အရိုးအိုးကို သွားရှာတယ် မဟုတ်လား .... "

"ဟုတ်ပါတယ် .... ဘယ်လိုလုပ်သိတာလဲ .... အံ့ဩစရာပါလား .... "

"မင်းအဖေရဲ့ အရိုးအိုးတွေကို မတွေ့ခဲ့ဘူး မဟုတ်လား .... "

ကျိုယွင်ဖန်မှာ အံ့အားသင့်သွား၏။

မှယုံချင်းချင်းက ကြားဝင်ပြောလိုက်သည်။

"ကျွန်မတို့ သိနေလို့ မအံ့ဩပါနဲ့ .... ကျွန်မက ကိုယ်ရံတော်မှယုံလီရဲ့ သမီးပါ .... ကျင်းမြို့တော်မှာ ကျွန်မအဖေရဲ့ အရိုးအိုးလည်း မတွေ့ခဲ့ရပါဘူးရှင် .... "

ကျိုယွင်ဖန်က ခေါင်းညိတ်လိုက်၏။ သူသည် မအံ့ဩတော့ပေ။

"ဟုတ်ကဲ့ .... ကျုပ်လည်း ကျင်းမြို့တော်ကိုသွားပြီး ကျုပ်အဖေရဲ့ အရိုးအိုးကို ရှာခဲ့သေးတယ် .... ဒါနဲ့ သခင်လေးတို့က ဘာသိချင်တာလဲ .... အရိုးအိုးကိစ္စပဲလား .... "

ယွဲ့တုဝေက ကျိုယွင်ဖန်အား စေ့စေ့ကြည့်လိုက်သည်။

"မင်းအဖေရဲ့ အရိုးအိုး တုံမျိုးနွယ်စု ဘုံကျောင်းမှာ ရှိတယ်လို့ ခင်းဘာကြောင့် ယုံကြည်ရတာလဲ .... "

ကျိုယွင်ဖန်က ပခုံးတစ်ချက်တွန့်လိုက်ပြီး ....

"ဒီအကြောင်းကို ကျင်းမြို့တော်က အဖြူရောင်သိုင်းသမားတစ်ယောက်ဖြစ်တဲ့ တိမ်လွှာသိုင်းသမားလင်ဝီဖုန်းက အကြောင်းကြားခဲ့လို့ သိခဲ့ရတာဗျ .... "

ထိုစကားကို ကြားရသောအခါ ယွဲ့တုဝေတို့နှစ်ယောက်၏ မျက်

www.burmeseclassic.com

www.burmeseclassic.com



လုံးအစုံမှာ ဝင်းလက်တောက်ပသွားကြလေတော့သည်။ သူတို့သည် ဤအချက်ကိုပင် ရှာဖွေခဲ့ကြသည်။

ယခု သူတို့သိချင်သော အကြောင်းအရာကို သိရပြီမဟုတ်ပါလော။

ယုံတုဝေတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြတော့သည်။

* * *



## အခန်း (၁၂)

## လျှို့ဝှက်လွင်ပြင်

ယုံဝမ်ဟိုဏ်မျက်နှာသည် **တည်ကြည်**လေးနက်သွား၏။

သူသည် ခေါင်းကို တဆတ်**ဆတ်ညိ**တ်လိုက်ပြီး ....

"ဒီအတိုင်းဆိုရင် .... ကိုယ်ရံ**တော်ငါး**ယောက်နဲ့ လင်ဝီဖုန်းဟာ ပတ်သက်မှုရှိနေပြီ .... "

ယုံဝမ်ဟိုကဲ့သို့သော ခေါင်း**ဆောင်မျိုး**သည် အလွန်**အ**တွေးအခေါ်ကောင်းသည်။

သူ၏ကောက်ချက်ကို တလေး**တစား** နားထောင်**နေကြ**ရသည်။

မုယုံချင်းချင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... လင်ဝီဖုန်းဟာ ကိုယ်ရံတော်ငါးယောက်လုံးရဲ့ အိမ်တွေကို ဒီလိုပဲ အကြောင်းကြားလိမ့်မယ်လို့ ယူဆပါတယ်"

ယုံဝမ်ဟိုက ပြန်မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာကြောင့် ဒီလိုအကြောင်းကြားရတာလဲ .... "

မုယုံချင်းချင်းက ပါးစပ်ပိတ်သွားသည်။ အကြောင်းရင်းကို သူမ မသိပေ။

**ယွဲ့ဝမ်ဟိုက** အနည်းငယ်စဉ်းစားလိုက်ပြီး ....

"**ကျူပ်တွေးမိသလောက်က** ကိုယ်ရံတော်ငါးယောက်စလုံး **ဝေးလံတဲ့** ကျင်းမြို့တော်မှာ သေဆုံးသွားပြီလို့ မိသားစုတွေက ယုံ**ကြည်**အောင်လို့ပဲ ဟုတ်တယ် မဟုတ်လား .... ဒီလိုပဲ တွေးကြရမယ်"

ယွဲ့တုဝေက ဖခင်ဖြစ်သူအား မော့ကြည့်လိုက်သည်။

"ဘာကြောင့် .... အဖေက ဒီလိုတွေးရတာလဲ .... "

ယွဲ့ဝမ်ဟိုက လေးနက်စွာ ပြောလေ၏။

"မင်းတို့စုံစမ်းခဲ့သလို လင်ဝီဖုန်းဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာ .... ခိုင်လုံနေပြီ .... ဒီတော့ သူက စေတနာနဲ့ အခုလို အကြောင်းကြားတာမျိုး လုပ်ပုံ့မလား .... "

မုယုံချင်းချင်း၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

"ဒါဆိုရင် .... ဖေဖေတို့ မသေဆုံးသေးဘူးပေါ့ ဟုတ်လား"

ယွဲ့ဝမ်ဟိုက ခေါင်းခါယမ်းလိုက်သည်။

"ဒါကို အတပ်ပြောလို့ မရသေးဘူး .... သူတို့အသက်ရှင်နေရင်တော့ မိသားစုနဲ့ ဆက်သွယ်မှာပဲ .... မဆက်သွယ်တာကိုလည်း ထည့်စဉ်းစားရမယ် .... "

ယွဲ့တုဝေက အနည်းငယ်စဉ်းစားလိုက်ပြီးမှ ....

"သူတို့က ဓာတ်မြှုပ်သွားတာဆိုရင်ကော .... "

ယွဲ့ဝမ်ဟိုက ခေါင်းညိတ်လိုက်သည်။



"ကိုယ်ရံတော်ငါးယောက်နဲ့ လင်ဝီဖုန်းရဲ့ပတ်သက်မှုကို **စုံစမ်း**ရမယ် .... မနက်ဖြန် ကျင်းမြို့စားဟောင်း နန်းကုန်းလီနဲ့တွေ့ဖို့ **ချိန်းထားတယ်** .... မင်းတို့ပါ လိုက်ခဲ့ကြပေါ့ .... သူ့ရဲ့ကိုယ်ရံတော်**တွေနဲ့ ပတ်သက်ပြီး** သူပဲပြောပြနိုင်မှာ .... "

မုယုံချင်းခဈူးမှာ အလွန်ပင် စိတ်ဝင်စားသွားလေသည်။

သူမဖခင်၏ကိစ္စသည် အလွန်လျှို့ဝှက်သည် မဟုတ်ပါလား။

❋

နံနက်ခင်းအချိန် ....

ကျင်းမြို့စားကြီးနန်းကုန်းလီ၏ ဂေဟာအတွင်း ....

မုယုံချင်းချင်းသည် ကျင်းမြို့စားကြီးနန်းကုန်းလီအား သေချာစွာ အကဲခတ်ကြည့်လိုက်လေ၏။

ကျင်းမြို့စားကြီးသည် ယခုအခါ အနားယူထားပြီး အသက်ခုနစ်ဆယ်ကျော်ပင် ရှိပြီဖြစ်သည်။

သူသည် ယွဲ့ဝမ်ဟိုနှင့် စကားလက်ဆုံကျနေ၏။

အတန်ကြာမှ ယွဲ့ဝမ်ဟိုက စကားလမ်းကြောင်းပြောင်းမေးလိုက်သည်။

"ဒါနဲ့ မြို့စားကြီးရဲ့ ငယ်သားတွေ ကျင်းမြို့တော်မှာရှိလား"

နန်းကုန်းလီက သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တချို့လည်း ကျောင်းမြို့တော်မှာ ရှိပါသေးတယ် .... တချို့က တော့ သေဆုံးကုန်ပါပြီ .... "

မုယုံချင်းချင်းက ကြားဝင်ပြောလိုက်သည်။

"ငယ်သားတွေကို မှတ်မိသေးလား .... "

နန်းကုန်းလီက ခေါင်းခါယမ်းလိုက်သည်။

"အကုန်လုံးတော့ မှတ်မိမယ် မထင်ဘူး .... အဲထက်နဲ့ အောက်ပဲလေ .... ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပေါ့ .... "

ယွဲ့တုဝေက စကားစလိုက်သည်။

"ကိုယ်ရံတော်မုယုံလီကိုကော မှတ်မိသေးလား .... သူက အရေးပါပါတယ် .... "

"မှတ်မိပါတယ် .... "

"သူ့အကြောင်း မှတ်မိသလောက် ပြောပြပါလား ခင်ဗျာ"

"မုယုံလီဟာ ရဲရင့်ထက်မြက်တဲ့ ကိုယ်ရံတော်ကောင်းတစ် ယောက်ပဲ .... သူ့အကြောင်းတွေအကုန်လုံးတော့ ကျုပ်မသိဘူး .... သူတို့အုပ်စုက ငါးယောက် .... သူတို့ကိုယ်ရံတော်ငါးယောက်စလုံး လင်ဝီဖုန်းနဲ့ တွဲလွန်းလို့ ကျုပ်ကတောင် တားမြစ်ခဲ့ရသေးတယ် .... ကျုပ်က လင်ဝီဖုန်းကို သဘောမကျဘူးလေ .... "

မုယုံချင်းချင်းက မေးလိုက်သည်။

"မုယုံလီသေဆုံးတော့ သူ့ရဲ့အရိုးအိုးကို ဘယ်မှာထားရှိခဲ့သလဲ ရှင် .... "

"ကျုပ်သေသေချာချာ မသိဘူး .... ဒါနဲ့ ဘာဖြစ်လို့ မင်းတို့က သူ့ကို ဒီလောက်စိတ်ဝင်စားရတာလဲ .... ကိုယ်ရံတော်က ငါးယောက် တောင်မှပဲ .... "



မုယုံချင်းချင်းက ရှင်းပြလိုက်သည်။

"ကိုယ်ရံတော် မုယုံလီဟာ ကျွန်မအဖေပါပဲရှင် .... "

ယခုမှ နန်းကုန်းလီမှာ သဘောပေါက်သွားသည်။

"ဪ .... မုယုံလီဟာ မင်းအဖေကိုး .... ကျောင်းမြို့တော်မှာ သူ့မိတ်ဆွေစာပေသမား **ချန်လျှံဆင်း**ရှိသေးတယ်လေ .... သူကတော့ စာပေသမားပီပီ ရိုးသား**အေးဆေးတယ်** .... လင်ဝီဖုန်းသာ ခါးပြဖြစ် နေတာလေ .... "

မုယုံချင်းချင်းက **နန်းကုန်းလီ**အား အားကိုးတကြီးဖြင့် ကြည့် လိုက်သည်။

"ကျွန်မအဖေအ**ကြောင်းကို** သိချင်ပါတယ် .... "

နန်းကုန်းလီက **ခေါင်းခါ**ယမ်းလိုက်သည်။

"ကျုပ်လည်း သူ့အ**ကြောင်းများများ** စားစားမသိပါဘူး .... သူကွယ်လွန်သွားတာလည်း **နှစ်တွေကြာလှပြီ** မဟုတ်လား .... "

သူ၏မျက်နှာပေါ်တွင် ဆ**က်လက်ပြောလိုဟန်** မရှိပါချေ။

ထို့ကြောင့် ....

မုယုံချင်းချင်းနှင့် ယွဲ့တုဝေတို့သည် လက်လျှော့လိုက်ရ၏။

ယွဲ့ဝမ်ဟိုက အခြားအကြောင်းများ ပြောဆိုလိုက်ပြီး အတန် ကြာသောအခါ ကျောင်းမြို့စားကြီး နန်းကုန်းလီအား နှုတ်ဆက်၍ ပြန် လာခဲ့ကြလေတော့သည်။

သူတို့ ခရီးသွားအာမခံဌာနချုပ်သို့ ပြန်ရောက်သောအခါ ချုံး ယောက်သား ခေါင်းချင်းဆိုင် ထိုင်မိသည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

ယွဲ့ဝမ်ဟိုက သူ့ရှေ့တွင် ထိုင်နေကြသော ယွဲ့တုဝေနှင့် မုယုံချင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်းတို့အား ကြည့်ကာမေးလိုက်သည်။

"မင်းတို့ ဘယ်လိုယူဆသလဲ .... "

ယွဲ့တုဝေက သက်ပြင်းတစ်ချက်ချလိုက်၏။

"မြို့စားကြီးက ဒီအကြောင်းတွေသိလျက်နဲ့ ဖုံးကွယ်ထားသလိုပဲ .... သူသိထားတာတွေကို သူပြည့်ပြည့်စုံစုံ မပြောဘူးလို့ထင်တယ်"

မယုံချင်းချင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... သူ့စကားအရဆိုရင် ကျွန်မအဖေရဲ့ အလောင်းကို သူတွေ့ခဲ့ရပုံ မပေါ်ဘူး .... "

ယွဲ့ဝမ်ဟိုကလည်း ထောက်ခံလိုက်၏။

"မင်းပြောတာ မှန်တယ် .... မြို့စားကြီးဟာ တစ်စုံတစ်ခုကို ဖုံးကွယ်ထားတယ် .... ဒါဟာ **အလွန်အရေးကြီး**တယ် .... အဲဒီဖုံးကွယ်ထားချက်ဟာ တို့သိချင်တာပဲ**ဖြစ်ရမယ်** .... "

ယွဲ့တုဝေက ဝင်**ပြောလိုက်သည်**။

"ကိုယ်ရံတော်မှ**ယွဲ့လီနဲ့** လင်ဝီဖုန်းတို့ ခင်မင်ရင်းနှီးကြတယ်ဆိုတာတော့ သေချာသွား**ပြီ** .... "

မယုံချင်းချင်း**က ခေါင်း**ညိတ်လိုက်သည်။

"အခုသိရသ**လောက်က** ကိုယ်ရံတော်ငါးယောက်လုံး ပျောက်သွားတယ်ဆိုတာပဲ .... "

ယွဲ့ဝမ်ဟိုက **စကားဆက်**လိုက်သည်။

"အဲဒီအကြောင်း သေချာသိရအောင် အဖြေပေါ်ပါပြီ .... "

ယွဲ့တုဝေက ဖခင်ဖြစ်သူအား မော့ကြည့်လိုက်ပြီး မေးလိုက်လေသည်။

"မြို့စားကြီးဆီက မသိနိုင်တော့ဘူးလားဟင် .... "



ယွဲ့ဝမ်ဟိုက ခေါင်းခါယမ်းလိုက်သည်။

"သူက အကြောင်းရှိလို့ ဖုံးကွယ်ထားလိုက်တာပဲ .... ဘယ်လိုမှ မေးလို့ရမယ် မထင်ဘူး .... "

မယုံချင်းချင်းမှာ မျက်မှောင်ကုတ်သွား၏။

"ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ .... "

ယွဲ့ဝမ်ဟိုက တည်ကြည်လေးနက်စွာဖြင့် ပြောလိုက်လေသည်။

"ပြဿနာက ကျင်းမြို့တော်က စတာပဲ .... ကျင်းမြို့တော်ကို သွားကြတာပေါ့ .... "

❋

ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်။

ရေခဲစ ရေခဲမှုန်များအား သယ်ဆောင်လာသော လေသည် ကြမ်းတမ်းစွာ တိုက်ခတ်နေသည်။

အရိုးကွဲမတတ် အေးစိမ့်မှုက ကြောက်ခမန်းလိလိပင်။

ကောင်းပူးလွင်ပြင်၏ ဆိုးရွားလှသော ရာသီဥတုသည် ခရီးသွားသူများအဖို့ အရိုးကွဲ၍ သေဆုံးသွားနိုင်သည်။

ယခု ....

www.burmeseclassic.com

www.burmeseclassic.com



ဤမြူဆိုးရှားလှသော ဆီးနှင်းလွင်ပြင်တွင် ရွက်ထည်တဲတစ်ခု ယာယီတည်ဆောက်ထား၏။

ရွက်ထည်တဲ၏ အရှေ့ဘက်တွင် အစောင့်တစ်ဦး စောင့်ကြပ်နေသည်။

ထိုစဉ် ....

အစောင့်သည် ဓားကိုမြှောက်ကာ ဦးညွှတ်အရိုအသေပေးလိုက်သည်။

အသက်ငါးဆယ်ခန့်ရှိသော လူတစ်ယောက်သည် ရွက်ထည်တဲအတွင်းသို့ ဝင်သွားလေသည်။

ဤမျှ အေးခဲနေသောအချိန်တွင် ထိုလူ၏ကိုယ်ပေါ်၌ ဖျင်ကြမ်းအင်္ကျီဝတ်စုံကိုသာ ဝတ်ဆင်ထားသည်။

သူ၏အသားအရေများမှာ လူမမာကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

အေးဆေးတည်ငြိမ်သော အမူအရာနှင့် စူးရှတောက်ပသော မျက်လုံးအစုံက အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။

ထိုလူပုံပုံဟန်ကို ကြည့်ရုံဖြင့် ရေခဲလွင်ပြင်တွင် နှစ်ရှည်လများနေထိုင်လာခဲ့သူဖြစ်ကြောင်း သိသာသည်။

ရွက်ဖျင်တဲထဲ၌ မီးအိမ်ငယ်တစ်ခု ထွန်းညှိထားသည်။

တဲအတွင်း၌ လူခြောက်ယောက်ထိုင်နေသည်။

ထိုလူများမှာ အသက်ငါးဆယ်ခန့်ရှိသူများချည်းဖြစ်သည်။

ထိုလူများထဲ၌ တစ်ခါက ရွှေဓားအာမခံဌာနနှင့်အတူ လိုက်ပါလာသည့် လူမမာအဘိုးအိုလည်း အပါအဝင်ဖြစ်သည်။



လူမမာနှင့်တူသူက စကားစလိုက်၏။

"အမှတ်စဉ်လေးက ရွှေဓားအာမခံဌာနကို မတိုက်ခိုက်သင့်ဘူးလို့ ဆိုတယ် .... "

အမှတ်စဉ်လေးဆိုသူမှာ မျက်နှာရှည်ရှည်နှင့် ဖြစ်သည်။

အမှတ်စဉ်လေးက ....

"လင်ဝီဖုန်းက သတ်မိန့်ထုတ်ခဲ့တာပဲ .... "

လင်ဝီဖုန်းဆိုသူမှာ စောစောကပင် ရွက်ဖျင်တဲထဲသို့ ဝင်လာသူဖြစ်သည်။

တစ်ချိန်က ကျင်းမြို့တော်တွင် တိမ်လွှာသိုင်းသမားအဖြစ် ကျော်ကြားခဲ့သူ မဟုတ်ပါလား။

လင်ဝီဖုန်းက အေးတိအေးစက်လေသံဖြင့် ....

"ကောင်းဝူးလွင်ပြင်မှာ ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး"

လူမမာနှင့်တူသူက မဝံ့မရဲဖြင့် ပြောလိုက်သည်။

"အန္တရာယ်များလာမှာ စိုးလို့ပါ .... "

လင်ဝီဖုန်းက စဉ်းလဲစွာ ပြုံးလိုက်၏။

"သူတို့က တုံ့ပြန်မယ်ဆိုရင် သူတို့သင်္ချိုင်းက ကောင်းဝူးလွင်ပြင်ထဲမှာ ဖြစ်သွားမှာပေါ့ .... "

အမှတ်တစ်က ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေက အရေးမကြီးပါဘူး .... အမှတ်စဉ်သုံးအကြောင်း သိပြီလား .... "

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ကျုပ်တို့ သူ့ကိုစောင့်နေတာ နှစ်တွေကြာလှပြီ .... "

www.burmeseclassic.com

www.burmeseclassic.com



အမှတ်စဉ်တစ်က ....

"သူရှိသေးရဲ့လား .... "

လူမမာနှင့်တူသူက ....

"သူ့အကြောင်း ကျုပ်အားလုံးစုံစမ်းခဲ့ပါတယ် .... "

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်၏။

"ပြောစမ်းပါဦး .... "

"သူဟာ ဒေါသကြောင့် အမှားကျူးလွန်ပြီး လူသတ်မှုဖြစ်ခဲ့တယ် .... အခု ဂူနန်အကျဉ်းထောင်ထဲမှာ ရှိတယ် .... ဒါကြောင့် ကျုပ်တို့ အချိန်မီမလာနိုင်ခဲ့တာပဲဗျ .... "

"သူလွှတ်လာဖို့သင့်ပြီ .... ဆယ့်ငါးနှစ်ကာလဆိုတာ မနည်းလှပါဘူး .... "

"ကျုပ်အခုပြောတာက သူတစ်ခါထောင်ကျတယ် .... လွှတ်လာပြီး ကျုပ်တို့ဆီအလာ ထပ်ပြီး လူသတ်မှုဖြစ်လို့ ဂူနန်အကျဉ်းထောင်မှာ အကျဉ်းကျခံရတာကို ပြောတာ .... အခု ငါးနှစ်ရှိပြီ — နောက်ငါးနှစ်ကြာမှ လွှတ်လိမ့်မယ်ဗျ .... "

လင်ဝီဖုန်းမှာ ဒေါသထွက်သွားသည်။

သူသည် စားပွဲကို လက်ဝါးနှင့် ရိုက်ချလိုက်၏။

"ကျုပ် ဒီလောက်အထိ မစောင့်နိုင်တော့ဘူး .... "

အမှတ်စဉ်တစ်က ....

"ဆယ့်ငါးနှစ်အချိန်ဖြုန်းခဲ့ပြီးပြီပဲ .... "

လင်ဝီဖုန်းက အံကို တင်းတင်းကြိတ်လိုက်၏။

"သူ့အတွက်နဲ့ ကျုပ်တို့အားလုံး နစ်နာနေရတယ် .... သူ့ကို ဆုံးမမှဖြစ်မယ် .... သူတစ်လအတွင်း လွှတ်စေရမယ် .... "



လူမမာနှင့် တူသူမှာ မျက်မှောင်ကုတ်သွား၏။

"တစ်လ ဘယ်လိုလွှတ်မှာလဲ .... သူက ပြစ်ဒဏ်ခံဖို့ နောက်ငါးနှစ်ရှိသေးတယ်ဗျ .... "

လင်ဝီဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါက ဥပဒေအရကိုး .... "

လူမမာနှင့် တူသူက ....

"အခြားနည်းကော ရှိသေးသလား .... "

လင်ဝီဖုန်းက ရယ်မောလိုက်၏။

"ဟား .... ဟား .... ဟား .... သိပ်ရှိတာပေါ့ .... သူ့ကို ကျုပ်တို့ပဲ အပြင်ထုတ်ပေးကြတာပေါ့ .... "

လူမမာနှင့်တူသူက ....

"ခင်ဗျားအကြံက ထောင်ဖောက်မလို့လား .... "

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... "

"လွယ်ပါ့မလား .... "

"ကျုပ်တို့ လင်စုကွမ်းမြို့ကို သွားကြမယ် .... အမှတ်တစ် လက်ရွေးစင်နှစ်ဆယ်ကို စုစည်းထားပါ .... "

အမှတ်တစ်က ခေါင်းညိတ်ပြလိုက်သည်။

လင်ဝီဖုန်းက စကားဆက်လိုက်သည်။

"အမှတ်နှစ် ခင်ဗျားက စခန်းကို ကျုပ်ပြန်လာတဲ့အထိ တာဝန်ယူပါ .... "

အမှတ်လေးက ....

"ကျုပ်ကကော .... "

www.burmeseclassic.com

www.burmeseclassic.com



လင်ဝီဖုန်းက ....

"မင်းလည်း ကျုပ်နဲ့ လိုက်ခဲ့ရမယ် .... အမှတ်ငါးက အမှတ်နှင်ကို ကူညီဖို့နေခဲ့ ...."

သူသည် အားလုံးကို အစီအစဉ်ချလိုက်လေသည်။

* * *



## အခန်း (၁၃)

## ရက်စက်သော အကျဉ်းထောင်

ဝူနန်အကျဉ်းထောင် ....

အလွန်တရာ ခိုင်ခံ့သည့် ထောင်ဖြစ်သည်။

အကျဉ်းထောင်အတွင်း၌ ခိုင်ခံ့သော အချုပ်ခန်းပေါင်းငါးဆယ်ခန့်ရှိ၏။

အခန်းတစ်ခုတွင် အချုပ်သားငါးဦးသာ ထားသည်။

သို့သော် ....

အခန်းတစ်ခုတွင် အကျဉ်းသားတစ်ဦးသာရှိသည်။

ထိုအကျဉ်းသားမှာ ကောက်ရိုးမွေ့ယာပေါ် လဲလျောင်းနေသည်။

ထိုလူ၏ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတို့ကား ရှည်လျားလှသည်။

သူ၏ စူးရှတောက်ပသော မျက်လုံးအစုံသည် အမြဲပင် ရက်စက်မည့်ဟန်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကျဉ်းသားအား တစ်နေရာမှ စောင့်ကြည့်နေသူနှစ်ဦးရှိသည်။

ထိုလူနှစ်ဦးကား ဂူနန်အကျဉ်းထောင်မှ လူဆိုးထိန်းခေါင်းဆောင်နှင့် နေပြည်တော်မှ သတင်းစုံစမ်းမှုး ထိဖုံးပင်ဖြစ်သည်။

လူဆိုးထိန်းခေါင်းဆောင်က အကျဉ်းသားအား ညွှန်ပြလိုက်သည်။

"ကျုပ်ပြောတာ ချန်စန်းပဲ .... ဒီကောင် အင်မတန် ရက်စက်တယ် .... သွေးလည်း ဆာတယ် .... "

ထိဖုံးမှာ မျက်မှောင်ကြုတ်လိုက်သည်။

"သူက ကျုပ်တို့နဲ့ ဆွေးနွေးချင်တယ် ဟုတ်လား .... "

လူဆိုးထိန်းခေါင်းဆောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... "

ထိဖုံးမှာ စိတ်ဝင်စားသွားသည်။

"ဘာကိစ္စလဲ .... အကျဉ်းသားက ဘာကိစ္စဆွေးနွေးချင်ရတာလဲ .... "

လူဆိုးထိန်းခေါင်းဆောင်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျင်းမြို့စားရဲ့ ဘဏ္ဍာငွေကိစ္စလို့ပဲ ပြောပါတယ် .... "

ထိဖုံး၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

လူဆိုးထိန်းခေါင်းဆောင်က ထိဖုံးအား သတိပေးလိုက်သည်။

"ချန်စန်းဟာ ကောက်ကျစ်ရက်စက်တဲ့ လူတစ်ယောက် .... သူ့ကို သတိထားဆက်ဆံစေချင်ပါတယ် .... ကျုပ်က သတိပေးတာနော် .... "

ထိဖုံးက ခေါင်းညိတ်လိုက်သည်။



"ကျုပ်နားလည်ပါတယ် .... ကဲ .... မနက်ဖြန်မှ တွေ့ကြတာပေါ့ .... "

သူသည် လှည့်ထွက်သွားရာမှ ခဏရပ်လိုက်ပြီး လူဆိုးထိန်းခေါင်းဆောင်ကို ပြောသည်။

"ခင်ဗျားကို ကျုပ်ကျေးဇူးတင်ပါတယ်.... ကျုပ်ရာထူးကိုလည်း ခင်ဗျားအမှတ်ရစမ်းပါလို့ ပြောပါရစေ .... "

လူဆိုးထိန်းခေါင်းဆောင်က ခေါင်းညိတ်လိုက်လေ၏။

ဤသို့ဖြင့် တစ်နေ့ကူးသွား၏။ ထိုနေ့နံနက်တွင် ....

လူဆိုးထိန်းငါးယောက်က ချန်စန်းအား အချုပ်ခန်းထဲမှ ခေါ်ထုတ်လာကြသည်။

ထို့နောက် ....

အကျဉ်းထောင်အတွင်းရှိ အခန်းတစ်ခုထဲတွင် သွင်းထားလိုက်သည်။

မကြာမီအခန်းတွင်းသို့ ထောက်လှမ်းရေးမှုး ထိဖုံး ရောက်ရှိလာသည်။

ထောက်လှမ်းရေးမှုး ထိဖုံးက ချန်စန်းနှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်သည်။

သူသည် ချန်စန်းအား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်နဲ့ တွေ့ချင်တယ်လို့ပြောတယ် .... အဲဒါဟုတ်သလား .... "

ချန်စင်းက ခေါင်းညိတ်သည်။ သူ့လေသံကတော့ ခပ်မာမာပင် နှစ်ကြိမ်ကျထောင်သားဖြစ်သည်နှင့်အညီ အသံက အေးစက်နေ၏။

"ဟုတ်တယ် .... "

www.burmeseclassic.com

www.burmeseclassic.com



ထိဖိုးက ချန့်စန်းအား အကဲခတ်ကြည့်လိုက်ပြီး ....

"ဘာကိစ္စလဲ .... "

"ကျုပ်က အပေးအယူလုပ်ချင်လို့ပါ .... "

"ဘာအပေးအယူလဲ .... "

ချန့်စန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျုပ်အကျဉ်းထောင်ထဲမှာ မနေချင်တော့ဘူး .... "

ထောက်လှမ်းရေးမှူးထိဖိုးက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားအပြစ်နဲ့ ခင်ဗျားပဲ .... ဘယ်သူက ခင်ဗျားကို အပြစ်မရှိဘဲ အတင်းအကျပ် ထောင်ထဲသွင်းထားတာ မဟုတ်ဘူး .... "

ထိုစကားကြောင့် ချန့်စန်းမှာ ဒေါသထွက်သွားသည်။

သို့သော် ....

ယခုအခြေအနေတွင် သူသည် အကျဉ်းသားတစ်ယောက်ဘဝသို့ ရောက်ရှိနေပြီမဟုတ်ပါလော။

ထို့ကြောင့် ....

သူသည် သူ၏စိတ်ကို ထိန်းချုပ်လိုက်ရသည်။

ထောက်လှမ်းရေးမှူးထိဖိုးအား ယှဉ်ပြိုင်မပြောဆိုနိုင်ပါ။

"ဟုတ်ကဲ့ .... ကျုပ်ဘဝသက်တမ်းအတော်များများ အကျဉ်းထောင်ထဲမှာ ကုန်ခဲ့ရပြီ ကျုပ်နောင်တရနေပါပြီ .... "

ထောက်လှမ်းရေး ထိဖိုးက လက်ငါးချောင်းထောင်ပြလိုက်သည်။

"ခင်ဗျားပြစ်ဒဏ်က နောက်ငါးနှစ်ပဲ ကျန်တော့တယ် .... ခင်ဗျား ကောင်းကောင်းမွန်မွန်နေရင် ရက်လျှော့ပြီး လွှတ်နိုင်ပါတယ်"

ချန့်စန်းက ခေါင်းခါယမ်းလိုက်သည်။



"ကျုပ် နောက်ငါးနှစ်အထိ မနေချင်တော့လို့ အခုလို အပေးအယူလုပ်ဖို့ တောင်းဆိုတာပါ .... "

ထိဖိုးမှာ စိတ်ဝင်စားသွားသည်။

"ခင်ဗျားကိစ္စ ပြောပါဦး .... "

"အပေးအယူသဘောတူရင် ကျုပ်ကို မင်းက လွှတ်ပေးနိုင်လို့လား .... "

"ကျုပ်တာဝန်ယူနိုင်ပါတယ် .... ခင်ဗျားရဲ့ကိစ္စကလည်း ထိုက်တန်မှုဖြစ်မယ် .... ခင်ဗျားကို လွှတ်ဖို့ကိစ္စက သိပ်လွယ်တာ မဟုတ်ဘူး .... ဒါပေမဲ့ တန်ဖိုးချင်းညီရင်တော့ ဖြစ်နိုင်ပါတယ် .... "

"သိပ်ညီတာပေါ့ကွာ .... "

"ပြောစမ်းပါဦး .... "

ချန့်စန်းက ထိဖိုးအား စေ့စေ့ကြည့်လိုက်ပြီး တည်ငြိမ်စွာ ပြောလိုက်၏။

"ကျွင်းမြို့စားရဲ့ ဘဏ္ဍာငွေကိစ္စ .... "

ထိုစကားကို ကြားရသောအခါ ထောက်လှမ်းရေးမှူးထိဖိုး၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

ချန့်စန်းကလည်း သူစိတ်ဝင်စားသည်ကို သိသည်။

သူသည် ချန့်စန်းအား သေချာစွာ စိုက်ကြည့်လိုက်သည်။

ချန့်စန်းက စကားဆက်လိုက်သည်။

"ဒီကိစ္စတွေကို ကျုပ်အပြင်လောကရောက်မှသာ ပြောပြနိုင်မယ် .... "

ထောက်လှမ်းရေးမှူး ထိဖိုးမှာ မျက်မှောင်ကုတ်သွား၏။

"ခင်ဗျား ဘယ်လောက်သိထားလို့လဲ .... "

www.burmeseclassic.com

www.burmeseclassic.com



ချန်စန်းက မိမိကိုယ်ကို ယုံကြည်စိတ်ချသောလေသံဖြင့် ....

"ကျုပ်က ဘဏ္ဍာငွေတွေအားလုံး ပြန်ရတဲ့အထိ ကူညီနိုင်ပါတယ် .... "

ထိဖုံးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ .... ပြောပေတော့ .... "

ချန်စန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ပြောပြီးပြီပဲ .... ကျုပ်ကို အရင်လွှတ်မှ ဒီကိစ္စကို ပြောနိုင်မယ် .... "

ထိဖုံးက အားပါးတရ ရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... ခင်ဗျားမပြောရင် ဒုက္ခပိုရောက်သွားမှာပေါ့ .... "

ချန်စန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ထိဖုံးက မျက်လုံးလှန်ကြည့်လိုက်သည်။

"ခင်ဗျားကို လွှတ်ပြီးမှ မပြောရင် .... ကျုပ်တို့ ရှုံးပြီပေါ့ .... ကျုပ်က ဒီလောက်မရူးမိုက်သေးပါဘူး .... "

ချန်စန်းက ထိဖုံးအား စူးစိုက်ကြည့်လိုက်၏။

"ပြောပြီးမှ မလွှတ်ရင်ကော .... "

"တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိမှဖြစ်လိမ့်မယ် .... ကျုပ်သတင်းကို ခင်ဗျားကြားဖူးရင် ဒီစကားကို ခင်ဗျားပြောနေမှာမဟုတ်ဘူး .... "

"ကျုပ်ကတော့ အရင်လွှတ်ဖို့ပဲ တောင်းဆိုမယ် .... "

ထိဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

သူက အေးစက်စွာ ပြောလိုက်၏။



"ကျုပ်မှာ စစ်ဆေးတဲ့နည်းလမ်းမျိုးစုံ ရှိတယ်ဆိုတာ .... ခင်ဗျားနားလည်ထားပါ .... "

ချန်စန်းက ဘာမျှပြန်မပြောပေ။

ထိဖုံးက စကားဆက်လိုက်သည်။

"ဒီကိစ္စအတွက် နေပြည်တော်က သိပ်သိချင်နေတယ် .... ခင်ဗျားမပြောရင်တော့ ကျုပ်က ခင်ဗျားကိုညှာတာမှာ မဟုတ်ဘူး ကျုပ်ရက်စက်ရင် ခံစားရမယ့် ဝေဒနာကို ခင်ဗျားခံစားဖူးပါတယ်ဗျာ နေပြည်တော်ဟာ ဒီကိစ္စကိုရဖို့အတွက် ဘာကိုမဆို စွန့်စားဖို့ အသင့်ရှိတယ်ဆိုတာ .... ခင်ဗျားသိထားရင် ပြီးပြီ .... "

ချန်စန်းမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"မင်း .... မင်း ကတိမတည်ပါလား .... "

ထိဖုံးက နှာခေါင်းရှုံ့လိုက်၏။

"ခင်ဗျားတို့လို ရာဇဝတ်သားအပေါ် ကတိနဲ့ ဆက်ဆံလို့ကော ဖြစ်မလား .... "

ချန်စန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ထိဖုံးက ချန်စန်းအား စေ့စေ့ကြည့်လိုက်ပြီး ....

"ခင်ဗျားပြောတော့မလား .... ခင်ဗျားပြောရရင်တော့ ခင်ဗျားကို လွှတ်ပေးဖို့ ကျုပ်ကြိုးစားဆောင်ရွက်ပေးမယ် .... "

ချန်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

ထိဖုံးမှာ ဒေါသထွက်သွားသည်။

"ခင်ဗျားတို့လို ရာဇဝတ်သားတွေကို ခပ်ပျော့ပျော့ ဆက်ဆံလို့ မရဘူးဆိုတာ .... ကျုပ်ကောင်းကောင်းနားလည်ထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့ပြောပြီးသည်နှင့် လက်ခုပ်တစ်ချက်တီးလိုက်၏။

လူဆိုးထိန်းငါးယောက်ခန့် ဝင်လာပြီး ချန်စန်းအား ချုပ်နှောင်ကာ နံရံတွင် ကွင်းများဖြင့် ချည်နှောင်လိုက်သည်။

ထောက်လှမ်းရေးမှူး ထိဖုံးက သူ၏ခါးတွင် ပတ်ထားသော ကြာပွတ်ကို ဆွဲချွတ်လိုက်၏။

ထို့နောက် ကြာပွတ်ကို ဝှေ့ယမ်းလိုက်ပြီး ....

"ချန်စန်း .... ကျုပ် နောက်ဆုံးတစ်ခွန်းမေးမယ် .... မင်းအသားမနာချင်ရင် ပြောတော့ .... "

ချန်စန်းက အံကိုတင်းတင်းကြိတ်ထားသည်။

ထိဖုံးမှာ ဒေါသထွက်သွားသည်။

"ခင်ဗျားက အသားနာချင်နေတာကိုး .... "

ကြာပွတ်ကို ဝှေ့ယမ်းကာ ရိုက်ချလိုက်သည်။

"ရွမ်း .... "

ကျာပွတ်ရိုက်ချက်ကြောင့် ချန်စန်း၏အဝတ်အစားများ စုတ်ပြဲသွားသည်။

သူ၏ခန္ဓာကိုယ်တွင် အနီစင်းတစ်ခုပေါ်ထွက်လာသည်။

ထောက်လှမ်းရေးမှူးထိဖုံးက ကျာပွတ်ဖြင့် သုံးလေးချက်ခန့် ဆက်တိုက်ရိုက်ချလိုက်လေသည်။

"ရွမ်း .... ရွမ်း .... ရွမ်း .... "

သတင်းစုံစမ်းရေးမှူး ထိဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"သူတို့ကို ဒီလိုပဲဆက်ဆံရတယ် .... "

လူဆိုးထိန်းခေါင်းဆောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။



"နှိပ်စက်ရုံနဲ့ သူက ပြောပါ့မလား .... ချန်စန်းက ခေါင်းမာတယ်ဗျ .... "

"သူ့ထက် ခေါင်းမာတဲ့လူ အတော်များများကို ကျုပ်ကရအောင်စစ်ဆေးနိုင်ပါတယ် .... သူကော ဘာသားနဲ့ ထုထားတာမို့လည်း တစ်ပတ်အတွင်း ကျုပ်သိအောင် စစ်ဆေးပြမယ် .... "

"အကျဉ်းသားတစ်ဦးကို ရက်ရက်စက်စက် ညှင်းပန်းပြီး စစ်မေးတာ ကျုပ်မလိုလားဘူး .... "

ထိဖုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"သူက ရွှင်းချက်ပဲ .... "

လူဆိုးထိန်းခေါင်းဆောင်က ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားသူ့ကို နှိပ်စက်ဦးမယ်ဆိုရင် .... ခင်ဗျားကို စစ်ဆေးဖို့ ခွင့်မပြုနိုင်ဘူး .... အခု ခင်ဗျားနှိပ်စက်တာ အတော်လွန်နေပြီ"

ထိဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး နေပြည်တော်က ကျုပ်ကို အာဏာကုန်လွှဲအပ်လိုက်တယ်ဆိုတာ ခင်ဗျားသိထားရင် .... လုံလောက်ပါတယ် ကျုပ်ပြောမယ်ဗျာ .... ခင်ဗျား ဒီရာထူးနဲ့ ထိုက်တန်သလား မထိုက်တန်ဘူးလားဆိုတာ အထက်သိ တက်ချင်တက်မှာပဲဗျ .... "

လူဆိုးထိန်းခေါင်းဆောင်မှာ ပါးစပ်ပိတ်သွားသည်။

သူ၏မျက်နှာပေါ်တွင် မကျေနပ်သောဟန်များက ပေါ်လာသည်။

သတင်းစုံစမ်းရေးမှူး ထိခုံးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ....

"ခင်ဗျားက အခြေအနေမှန်ကို မသိလို့ပါ .... ဒီလူဟာ ချန်

www.burmeseclassic.com

www.burmeseclassic.com



စန်းမဟုတ်ဘူး .... "

ထိုစကားကြောင့် လူဆိုးထိန်းခေါင်းဆောင်မှာ အံ့အားသင့်သွားသည်။

ထိဖုံးက စကားဆက်လိုက်သည်။

"သူ့ရဲ့နာမည်အရင်းဟာ ထန်ယဲဆိုရင် .... မင်း ကျုပ်ကိုနားလည်နိုင်မယ် ထင်ပါတယ် .... "

လူဆိုးထိန်းခေါင်းဆောင်မှာ ပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။

အတန်ကြာမှ ....

သူသည် ထောက်လှမ်းရေးမှူး ထိခုံးအား ဦးညွှတ်အရိုအသေပြုလိုက်၏။

"ကျုပ်မသိလို့ ဟန့်တားလိုက်မိတာကို ခွင့်လွှတ်ပါခင်ဗျာ"

ထိဖုံးက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး .... ကျုပ်တို့ သူတို့ကို တွေ့ရဖို့ကြိုးစားခဲ့တာကြာပြီ .... ပထမအကြိမ် သူထောင်ကျစဉ်က ထန်ယဲမှန်းမသိခဲ့ဘူး နောက်ကြောင်းတွေ စုံစမ်းရင်းနဲ့ ထန်ယဲဟာ ချန်စန်းအဖြစ် ဟန်ဆောင်နေတာ သိလိုက်ရတာ .... "

လူဆိုးထိန်းခေါင်းဆောင်က ခေါင်းညိတ်လိုက်၏။

"ခင်ဗျား စိတ်ကြိုက်သာ ဆောင်ရွက်ပါ .... ကျုပ်မနှောင့်ယှက်တော့ပါဘူးဗျာ .... "

ထိဖုံးက ခေါင်းခါယမ်းလိုက်သည်။

လူဆိုးထိန်းခေါင်းဆောင်က ပြုံးလိုက်သည်။

"ကျုပ်လည်း ဘယ်နှိပ်စက်ချင်မလဲဗျာ .... ကျုပ်ဟာ ခင်ဗျား



လို အသွေးအသားနဲ့ တည်ဆောက်ထားတဲ့ လူသားပါ .... ကျုပ်ကို ခင်ဗျားက အပ်နဲ့ထိုးကြည့်စမ်း .... ကျုပ်နာတတ်ပါတယ်ဗျာ .... "

ထိခုံးသည် အခန်းနံရံကို ငေးစိုက်ကြည့်လိုက်၏။ သူ့အမြင်များသည် အခန်းနံရံကို ထိုးဖောက်ပြီး အဝေးကြီးမြင်နေရသည်။

"သူဟာ လူသားပဲ .... ဒါပေမဲ့ အင်မတန် ခိုးဆိုးတိုက်ခိုက်နေတဲ့ လူသားဗျ .... သူတို့ကို ဒီလိုမှမစစ်ဆေးရင် လျှို့ဝှက်ချက်ကို ဘယ်လိုမှ သိနိုင်မှာ မဟုတ်တော့ဘူး .... "

"ကျုပ်နားလည်ပါပြီဗျာ .... လဲ .... ကျုပ်တို့သွားကြရအောင်"

✳

ချန်စန်း (ဝါ) ထန်ယဲမှာ အံကိုတင်းတင်းကြိတ်ထားသည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်နိုင်အောင် နာကျင်နေသည်။ ထိဖုံးသည် သူ့အား ဘာမျှမမေးတော့ပါ။

နေ့စဉ် ခေါ်၍ ကျာပွတ်ဖြင့် နှိပ်စက်နေသည်မှာ ရက်သတ္တပတ်ကျော်ပြီဖြစ်၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး အရှိုးရာများဖြင့် ပြည့်နှက်နေသည်။ သူသည် အံကိုကြိတ်ခံရလွန်းသဖြင့် နှုတ်ခမ်းများလည်း ပေါက်ပြဲနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲမှာ နောင်တရနေမိသည်။

သူကသာ ကျင်းမြို့စား၏ဘဏ္ဍာငွေကိစ္စ မပြောလျှင် သူ၏ညီ အနှိပ်စက်ခံရမည် မဟုတ်ပါ။

ထိုစဉ် ....

ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်၏။

ထန်ယဲ၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

ထိဖုံးသည် သူ့အား နှိပ်စက်ရန်လာပြီ မဟုတ်ပါလား။

သူသည် လဲလျောင်းနေရာမှ မျက်လုံးကို အသာဖွင့်ကြည့်လိုက် ၏။

ထိုအခါ ....

သံတိုင်များ အနီးတွင်ရပ်နေသော ထိဖုံးကို တွေ့မြင်လိုက်ရ သည်။

ထိဖုံးက ချိုသာစွာ မေးလိုက်သည်။

"ကျင်းမြို့စားရဲ့ ဘဏ္ဍာငွေကိစ္စ ပြောတော့မလား .... "

ထန်ယဲက ပါးစပ်ပိတ်ထားလေသည်။

သူ့အကြည့်ကိုလည်း လွှဲလိုက်သည်။

ထိဖုံးက မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါဆိုရင် .... နှိပ်စက်နည်း နောက်တစ်မျိုးကို ပြောင်းဦးမှ ထင်ပါရဲ့ .... "

ထန်ယဲက မလှုပ်ဘဲ ငြိမ်သက်နေဆဲဖြစ်သည်။

ထိဖုံးက သူ့အား စူးစိုက်ကြည့်လိုက်ပြီး ....

"ထန်ယဲ .... ခင်ဗျားဟာ ကျုပ်ထင်တာထက်တောင် ခေါင်း မာနေပါလား .... "



ထိုစကားကြောင့် ထန်ယဲ၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါ သွားသည်။

သူသည် လဲလျောင်းနေရာမှ ငေါက်ခနဲ ထထိုင်လိုက်၏။

ထိဖုံးက သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... ခင်ဗျားဟာ ဟန်ဆောင် လူ ရွေးတာ မှားသွားတဲ့အတွက် ခံလိုက်ရတာပဲ .... "

ထန်ယဲက အံကိုတင်းတင်းကြိတ်ထားလိုက်သည်။

ထိဖုံးက မဲ့ပြုံးပြုံးလိုက်ပြီး ....

"ခင်ဗျား စဉ်းစားပါ .... ကျုပ်က လူမသေအောင် နည်းမျိုးစုံ နဲ့ နှိပ်စက်တတ်ပါတယ် .... ပြီးတော့ ခင်ဗျားကိုလည်း တစ်သက်လုံး ထောင်ထဲက မထွက်နိုင်အောင် လုပ်နိုင်တယ်ဆိုတာ နားလည်ထား ပါ .... "

သူသည် စကားဆုံးသည်နှင့် လှည့်ထွက်သွားသည်။

ယန်ယဲမှာ ထိဖုံး၏ နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ် ခဲ့၏။

ထို့နောက် အလွန်ခက်ထန်ရက်စက်လှပါသည်ဆိုသော ထန်ယဲ သည် ချုံးပွဲချ ငိုကြွေးလေတော့သည်။ သူသည် အတန်ကြာငိုပြီး အသံ တိတ်သွား၏။

ဒေါသတကြီးဖြင့် တက်ခေါက်လိုက်သည်။

ကောက်ရိုးမွေ့ရာအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

သူသည် မိမိကိုယ်မိမိ မကျေမနပ်ဖြင့် အပြစ်တင်လိုက်သည်။

"ထန်ယဲ .... မင်းလောက်အသုံးမကျတာ မင်းပဲ .... မင်း ဒုက္ခ မင်းရှာတာ ခံပေဦးတော့ .... "

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့ပြောလိုက်ပြီး ချန်စန်းအား သတိရလာသည်။

"တောက် .... ငါနှယ် ကံဆိုးပြီး ချန်စန်းဟန်ဆောင်ခဲ့မိတယ် ချန်စန်း .... မင်းက ကျုပ်ကို သေတာတောင် ဒုက္ခပေးသွားပါလား"

သူသည် ယင်းသို့ ရေရွတ်ရင်း အတိတ်ကအဖြစ်အပျက်များအား ပြန်လည်မြင်ယောင်လာလေတော့သည်။

* * *



## အခန်း (၁၄)

## အတိတ်ကြေးမုံ

"ခွပ် .... ခွပ် .... ခွပ် .... "

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

ထန်ယဲမှာ မြင်းကိုဒုန်းစိုင်းစီးရင်း မြို့တွင်းသို့ ဝင်လာခဲ့၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာခရီးဝေးမှပြန်လာရသူတစ်ယောက်ကဲ့သို့ ညစ်ပေနေသည်။

မှန်ပေသည်။

သူသည် ကောင်းဗ္ဗးလွင်ပြင်ကိုဖြတ်ကာ ခရီးပြင်းနှင်လာခဲ့ရသည် မဟုတ်ပါလား။

ထန်ယဲမှာ အရက်ဆိုင်ကလေးတစ်ဆိုင်ရှေ့တွင် မြင်းကို ရပ်တန့်လိုက်သည်။

ထို့နောက် ....

ဆိုင်တွင်းသို့ ဝင်ကာ အရက်တစ်အိုးနှင့် စားသောက်ဖွယ်ရာများ မှာကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စားသောက်ရင်းမှ တွေးလိုက်မိလေ၏။

“အင်း .... ငါ့ကို အခုအချိန်ဆို လင်ဗီဖုန်းကို ရှာနေလောက်ပြီ .... ကိစ္စမရှိပါဘူး သူတို့နဲ့ ချိန်းထားတာ တစ်လလောက် လိုသေးတာပဲ .... ”

တစ်ဆက်တည်းမှာပင် သူ၏အိမ်ကို သတိရလာသည်။

“အင်း .... အခုဆိုရင် စုယဉ်တစ်ယောက် ဘယ်လိုနေရှာမလဲ ရင်လေးစရာပဲလေ .... ဘာပဲဖြစ်ဖြစ် သူ့ကို ငါတွေ့ရမယ် .... ”

စုယဉ်မှာ သူ၏ဇနီးဖြစ်သည်။

ဇနီးဖြစ်သူကို တွေ့လိုဇောဖြင့် သူသည် ဤခရီးပြင်းကို နှင်၍ပြန်လာခြင်းဖြစ်သည်။

“စုယဉ်ရေ .... မကြာခင် ကျုပ်တို့ချမ်းသာတော့မှာပါ .... မင်းကို ကောင်းကောင်းမွန်မွန်ထားနိုင်ပါပြီ .... ”

သူသည် ယင်းသို့တွေးရင်း ပြုံးလိုက်မိ၏။

“အင်း .... ငါ့ကို ဒီရုပ်နဲ့တွေ့လို့ စုယဉ်မှတ်မိမှာ မဟုတ်ဘူး ပါးမြိုင်းမွေးတွေ ရိတ်ဦးမှာပဲ .... ”

“အို .... မဖြစ်သေးပါဘူး .... တော်ကြာ ငါ့ကို သူများတွေ မှတ်မိသွားဦးမယ် .... ”

အတန်ကြာမှ ....

သူသည် စားသောက်ခြင်းကို ရပ်ကာ ကျသင့်ငွေကို ရှင်းပြီး ထွက်လာခဲ့လေတော့သည်။

သူသည် ခရီးဆက်ခဲ့သည်။

စိမ်းလန်းစိုပြေသော တောအုပ်ငယ်လေးကို ဖြတ်ကျော်ခရီးနှင်နေခြင်းဖြစ်သည်။



ထန်ယဲမှာ မြင်းကိုအသော့နှင်နေ၏။

ထိုတောအုပ်လွန်လျှင် စုယဉ်နေထိုင်သော ရွာကလေးသို့ ရောက်ပြီမဟုတ်ပါလား။

ရွာကလေးဆီသို့ ညဥ့်နက်ပိုင်းရောက်မှ ဖြစ်ပေမည်။

သူက အချိန်ကိုတွက်ဆကြည့်ရင်းမှ မြင်းကိုအရှိန်လျှော့ချလိုက်၏။

ယခုအခြေအနေတွင် အစစအရာရာ သတိနှင့် လှုပ်ရှားရမည် မဟုတ်ပါလား။

ထိုစဉ်မှာပင် ....

သူ၏အရှေ့ဘက် သစ်ပင်များကြားမှ တိုက်ခိုက်သံများကိုကြားလိုက်ရသည်။

ထန်ယဲမှာ မျက်မှောင်ကြုတ်သွားသည်။

သူသည် တိုက်ပွဲသံကြားရာသို့ သွားမည်ပြုပြီးမှ စိတ်ပြောင်းသွား၏။

“မဖြစ်သေးပါဘူး .... ကိုယ်နဲ့မဆိုင်တာ မပတ်သက်တာ အကောင်းဆုံးပဲ .... ”

သူသည် ယင်းသို့တွေးရင်း မိမိလမ်းကိုဆက်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော် သူက သွား၍မရတော့ဘဲ ဖြစ်သွားသည်။

လူတစ်ယောက်သည် သစ်ပင်များကြားမှ ပြေးထွက်လာပြီး ထိုလူသည် သူ့အနီးသို့ အရောက်တွင် မြေပေါ်သို့ လဲကျသွား၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နက်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ထိုလူသည် ဒဏ်ရာများကြားမှ လူးလိမ့်ထလိုက်ပြီး ....

"ကျုပ် .... ကျုပ်ကို ကူ .... ကူညီ .... "

ထိုစဉ် သစ်ပင်များကြားမှ လူသုံးယောက် ထွက်ပေါ်လာလေသည်။

"ချန်စန်း .... မင်းပြေးလို့ မလွတ်ပါဘူး .... "

ချန်စန်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

သူက ဓားကိုဝှေ့ယမ်းရင်း ခုခံတိုက်ခိုက်လိုက်သည်။

တိုက်ပွဲမှာ တစ်ဖက်သတ်ဆန်လှသည်။

ချန်စန်းဆိုသူသည် ဒဏ်ရာရနေသဖြင့် ထိုလူသုံးယောက်၏ တိုက်ခိုက်မှုကို အလူးအလဲ ခံစားနေရလေ၏။

ထန်ယဲမှာ မနေသာတော့ပါ။

"ရပ်လိုက် .... "

သူ၏အော်ဟစ်ဟန့်တားသံကြောင့် တိုက်ပွဲမှာ ရုတ်တရက် ရပ်သွား၏။

ထန်ယဲက ထိုလူများအား အော်ပြောလိုက်၏။

"သူရှုံးနေပြီပဲ .... ဆက်ပြီး မတိုက်ခိုက်သင့်တော့ပါဘူး"

ထိုလူထဲမှ ခေါင်းဆောင်ဖြစ်သူက ခပ်ကြမ်းကြမ်းပြောလိုက်သည်။

"မင်းနဲ့မဆိုင်ရင် ဝင်မစွက်ပါနဲ့ .... ကိုယ့်လမ်းကိုယ်သွားပါ ဒါမှမဟုတ်ရင် မင်းကိုပါ သတ်ပစ်ရလိမ့်မယ် .... ငါတို့ကိစ္စကို ဝင်ရှုပ်သူမှန်သမျှ သေနေ့မရွေးဘဲ သေရတာချည်းပဲ .... "

ထန်ယဲမှာ စိတ်ဆတ်သူဖြစ်သည်။



ထိုလူ၏ မောက်မာသောစကားကို ကြားလိုက်ရသောအခါ ဒေါသအမျက် ချောင်းချောင်းထွက်သွားလေသည်။

"ခင်ဗျားတို့ ရမ်းကားလှချည်လား .... "

ထိုလူက လေသံမာမာဖြင့် ....

"မိတ်ဆွေ ကျုပ်တို့အလုပ် ဝင်မရှုပ်စမ်းပါနဲ့ .... "

ထန်ယဲက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"ကျုပ်က ဝင်ရှုပ်မယ်ဆိုရင်ကော ခင်ဗျားတို့က ဘာလုပ်ချင်လဲ .... "

ထိုလူသုံးယောက်သည် တစ်ဦးနှင့်တစ်ဦး အချက်ပြလိုက်၏။

ထို့နောက် ထန်ယဲအား ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

မောက်မာသော လူစုကို ဆုံးမရုံမှတစ်ပါး အခြားမရှိတော့ပြီ။

ထန်ယဲကလည်း ဓားကိုဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်၏။

တစ်ခဏအတွင်းမှာပင် ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပွားသွားတော့သည်။

ဓားရောင်များ ဝင်းလက်သွားသည်။

ဓားပညာတွင် ထိုလူသုံးယောက်မှာ ထန်ယဲအား မယှဉ်သာချေ။

သိုင်းကွက်နှစ်ဆယ်အတွင်း ထိုလူသုံးယောက်မှာ ထန်ယဲ၏ ဓားချက်ကြောင့် လဲကျသေဆုံးသွားသည်။

ထန်ယဲက ဓားကို ပြန်ရုပ်သိမ်းလိုက်သည်။

ထိုအခါ ဒဏ်ရာရနေသူ ချန်စန်းဆိုသူက သူ့အား ဦးညွှတ်အရို

www.burmeseclassic.com

www.burmeseclassic.com



အသေပေးသည်။

"မိတ်ဆွေကို ကျေးဇူးတင်ပါတယ်ဗျာ .... "

ထန်ယဲမှာ ချန်စန်းအား ကြည့်ရင်း မျက်မှောင်ကြုတ်သွားသည်။

ချန်စန်း၏ရုပ်ရည်သည် သူနှင့် အနည်းငယ်ဆင်နေသည်။

ထန်ယဲမှာ ရုတ်တရက် အကြံတစ်ခုရသွား၏။

ယန်ယဲက ဓာတ်မြူပ်လိုလျှင် ချင်စန်း၏ဘဝကို ဖန်တီး၍ရနိုင်သည် မဟုတ်ပါလော။

ချန်စန်းက သူ့အား မေးလိုက်သည်။

"မိတ်ဆွေရဲ့နာမည်ကို ပြောပြပါလား .... ကျုပ် တစ်ချိန်ချိန် ကျေးဇူးဆပ်ချင်လို့ပါ .... "

ထန်ယဲက ခေါင်းခါယမ်းလိုက်သည်။

"မလိုပါဘူးဗျာ .... "

သူသည် ယင်းသို့ပြောပြီး မြင်းပေါ်သို့တက်လိုက်ပြီး ဆက်လက်ထွက်ခွာသွားခဲ့လေတော့သည်။

❋



ည ....

ကောင်းကင်ပေါ်တွင် လဝန်းမရှိပါ။

ထို့ကြောင့် အမှောင်ထုက ပို၍သိပ်သည်းစွာ ကျရောက်နေသည်။

ထန်ယဲက မြင်းကို သစ်ပင်အောက်တွင် ချည်ထားလိုက်ပြီး ညအမှောင်ထုအောက်တွင် ရွာကလေးကို အကဲခတ်ကြည့်လိုက်သည်။

လွန်ခဲ့သော သုံးနှစ်ကျော်က သူထွက်လာခဲ့စဉ်ကကဲ့သို့ပင် ဘာမှ ပြောင်းလဲမှု မရှိပါ။

ဤရွာကလေးတွင် သူကြီးပြင်းခဲ့သည်။

ဤရွာသူ စုယဉ်နှင့်ပင် လက်ထပ်ခဲ့သည်။

သူသည် ဝေးလံသီခေါင်သော ကျင်းမြို့တော်တွင် ကျင်းမြို့စားနန်းကုန်းလီထံတွင် အမှုထမ်းခဲ့သည်။

ယခု သူပြန်လာခဲ့လေပြီ။

သူနှင့်အတူ အောင်မြင်မှုများ ပါလာခဲ့၏။

မကြာခင်မှာပင်

သူသည် စုယဉ်နေ့ထိုင်လိုသော ဘဝကို ဖန်တီးပေးနိုင်ပေတော့မည် မဟုတ်ပါလော။

စုယဉ်သာ ထိုအကြောင်းများကို သိလျှင် အလွန်ဝမ်းသာ သွားလိမ့်မည်ဟု သူက တွေးလိုက်၏။

ထန်ယဲက ပြုံးရင်း အတွေးစများကို ဖြတ်တောက်လိုက်သည်။

သူသည် ရွာကလေးထဲသို့ တိတ်တဆိတ် ဝင်လာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးအိမ်ငယ်လေး ....

သစ်လုံးအိမ်ငယ်လေးသည် အနည်းငယ်ပျက်စီးယိုယွင်းနေပြီ ဖြစ်သည်။

ထိုအိမ်ကလေးသည် ထန်ယဲ၏အိမ်ပင်ဖြစ်ပါသည်။

ထန်ယဲသည် အိမ်တံခါးခေါက်ရန် စဉ်းစားပြီး မခေါက်ဖြစ်လိုက်ပါ။

ညအချိန်မတော် တံခါးခေါက်သံကြားလိုက်ရပါက ဝန်းကျင်၏ စုံစမ်းမှုကို ခံရမည်မဟုတ်ပါလော။

သူရောက်လာသည်ကို မည်သူမျှ မသိမှဖြစ်ပေမည်။

ထန်ယဲက အိမ်အနောက်ဘက် အသာလှည့်သွား၏။

အနောက်ဘက်တံခါးကို သူက ကောင်းစွာဖွင့်တတ်သည် မဟုတ်ပါလား။

ထန်ယဲက နောက်ဘက်တံခါးကို လက်လျှိုကာ ဖွင့်လိုက်သည်။

ထို့နောက် အိမ်ထဲသို့ လှမ်းဝင်ခဲ့၏။

မှောင်နေသော်လည်း တစ်သက်လုံးနေထိုင်ခဲ့ရာ အိမ်ဖြစ်သောကြောင့် အခက်အခဲမရှိပါ။

ထန်ယဲသည် မီးအိမ်ကို ထွန်းညှိလိုက်၏။

အခန်းတွင်း၌ မီးရောင်လင်းထိန်သွားသည်။

ထို့နောက် သူက မီးအိမ်ကို ကိုင်ကာ အိပ်ခန်းတံခါးကို အသာ တွန်းလိုက်သည်။

တံခါးပွင့်သွားလေသည်။

အလင်းရောင်က အခန်းတွင်းသို့ ထိုးကျသွား၏။



ထန်ယဲ၏ မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

သူ၏အသားများ တဆတ်ဆတ်တုန်ယင်လာသည်။ ကမ္ဘာမြေကြီးအိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားသည်ဟု ထင်မှတ်လိုက်မိသည်။ သူ့တစ်ကိုယ်လုံး မီးကဲ့သို့ ပူလောင်လာသည်။

သူ၏မျက်လုံးများမှာလည်း ချက်ချင်းနီရဲသွားသည်။ ည အမှောင်ထဲ၌ပင် အနီရောင်တောက်နေသည်။ သူ့အာခေါင်များခြောက်သွေ့သွားသော်လည်း သူပြောချင်ကိုတော့ ပြောလိုက်နိုင်သည်။

"သစ္စာဖောက်မ .... "

သူ၏ဒေါသတကြီးနှင့် ကြုံးဝါးသံကြောင့် အခန်းတွင်းရှိ အိပ်နေသူများ လန့်နိုးလာသည်။

စုယဉ်မှာ အမျိုးသားတစ်ဦးနှင့် အိပ်စက်နေသည်။

စုယဉ်သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ....

"ရှင် ဘယ်သူလဲ .... "

ထန်ယဲမှာ ဒေါသချောင်းချောင်းထွက်သွားသည်။

"သစ္စာဖောက်မ .... ငါ့ကို သေသေချာချာကြည့်စမ်း .... "

စုယဉ်မှာ အံ့အားသင့်သွားသည်။

"ဟင် .... ရှင် .... ရှင် .... ထန် .... ထန်ယဲ .... သ .... သရဲ"

သူမသည် လင်ဝီဖုန်းထံမှ ထန်ယဲသေဆုံးကြောင်း စာတစ်စောင်ရခဲ့၏။

ထို့ကြောင့် ယခုလို ထန်ယဲအား တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်စွာ အော်ဟစ်လိုက်ခြင်းဖြစ်သည်။

ထန်ယဲမှာ ဒေါသကို မထိန်းနိုင်တော့ပါ။

သူ သတိပြန်ဝင်လာသောအခါ သူ၏ဓားမြှောက်အောက်ဝယ် န

www.burmeseclassic.com

www.burmeseclassic.com



ယဉ်နှင့် အမျိုးသားမှာ သေဆုံးနေပြီဖြစ်သည်။

ထိုစဉ်မှာပင် ရွာသားများ၏အသံကို ကြားလိုက်ရ၏။

ထန်ယံမှာ ထိတ်လန့်သွားသည်။

သူသည် ဤနေရာတွင် ဆက်နေ၍ မဖြစ်တော့ပါ။

ဤနေရာမှ အမြန်ဆုံးထွက်ပေးရတော့မည် မဟုတ်ပါလော။

ထန်ယံသည် အံကိုတင်းတင်းကြိတ်လိုက်၏။

သူ၏လက်ထဲမှ မီးအိမ်ကား အိပ်ခန်းအတွင်းသို့ ပစ်ပေါက်လိုက်၏။

ရုတ်ခြည်းပင် မီးစွဲလောင်သွားလေသည်။

ထန်ယံသည် အိမ်ကလေးထဲမှ ချာခနဲလှည့်ပြီး ပြေးထွက်လာခဲ့သည်။

သူ၏နောက်တွင် ဆူညံသော ရွာသားများ အသံကိုကြားလိုက်ရသည်။

ရွာသားများမှာ မီးကို ဂရုစိုက်၍ ငြိမ်းသတ်နေသဖြင့် ထန်ယံကို မတွေ့လိုက်ရပါချေ။

ထန်ယံမှာ ရွာပြင်သို့ အမြန်ဆုံးပြေးလာကာ မြင်းကိုသစ်ပင်မှ ဖြုတ်ကာ ရွာနှင့် ဝေးရာသို့ ပြေးထွက်သွားခဲ့လေတော့သည်။

❋



အရက်အိုးများ ကစားပွဲပေါ်တွင် ပုံနေ၏။

"ဟေ့ကောင်တွေ .... ငါ ပိုက်ဆံပေးထားတယ် .... အရက်ကို လိုသလောက် ပေးစမ်း .... "

သူ မည်မျှအထိ သောက်နေမိသည် မသိပါ။

ခေါင်းပင် မထူနိုင်တော့ချေ။

နောက်ဆုံး အရက်ဆိုင်ရှင်မှာ ထန်ယံကိုကြည့်ပြီး မှာခေါင်းရှုံ့လိုက်သည်။

"ဟေ့ .... သူ့ကို ဆွဲထုတ်သွားကြစမ်း .... "

ဆိုင်လုလင်များက ထန်ယံအား ဆွဲထုတ်ကာ ဆိုင်ပြင်သို့ ပစ်ချလိုက်ကြလေ၏။

ထန်ယံမှာ မြေပေါ်သို့ လဲကျသွားသည်။

ထန်ယံသည် အာလေးလျှာလေးဖြင့် ဆိုင်လုလင်အား ပြန်လည်အော်ဟစ်နေသည်။ သို့သော် သူ့အသံက ဘာမျှမပီသတော့ပါ။

ထိုစဉ် စကားသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"မိတ်ဆွေကြီးပါလား .... "

ထန်ယံသည် မော့ကြည့်လိုက်၏။

သို့သော် ....

သူသည် ခေါင်းပင်မထူနိုင်တော့ဘဲ အမူးလွန်ကာ သတိလစ်သွားလေတော့သည်။

အချိန်မည်မျှ ကြာသွားသည် မသိပေ။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲမှာ သတိရလာလေ၏။

သူ၏ဦးခေါင်းတစ်ခုလုံး အုံ့ဖွဲ့ကိုက်ခဲနေသည်။

သူသည် မျက်လုံးဖွင့်ကြည့်လိုက်ရာ အခန်းတစ်ခုအတွင်း ရောက်ရှိနေသည်သည်ကို တွေ့မြင်လိုက်ရသည်။

အခန်းမှာ သပ်ရပ်ခမ်းနားလှသည်။

"ဒါ တည်းခိုခန်းတော့ မဟုတ်ဘူး .... ဘယ်နေရာလဲ .... ငါ ဘယ်လိုရောက်နေတာလဲ .... "

သူသည် ယင်းသို့တွေးရင်း ခုတင်ပေါ်မှ ရုတ်ခြည်းထလိုက်၏။

သူ၏ကိုယ်ပေါ်တွင် မူလအဝတ်အစားများ မဟုတ်တော့သည်ကို သတိပြုမိသည်။

အဖိုးတန်ဝတ်စုံများဖြင့် လဲလှယ်ထားသည် မဟုတ်ပါလော။

ထန်ယဲမှာ မျက်လုံးပြူးသွားသည်။

"ငါပစ္စည်းတွေကော .... "

ထိုစဉ် အခန်းတံခါးပွင့်သွားပြီး အသံတစ်သံထွက်ပေါ်လာသည်။

"မိတ်ဆွေကြီး နိုးနေပြီကိုး .... "

အသံနှင့်အတူ အဖိုးတန် ပိုးဝတ်စုံဝတ်ဆင်ထားသူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ သူကယ်တင်ခဲ့ရသော ချုန်စန်းဖြစ်ပါလေ၏။

"ခင်ဗျားကိုး .... "

ချင်စန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... မိတ်ဆွေကြီးကိုကြည့်ရတာ တော်တော် စိတ်ထိခိုက်နေပုံရတယ် .... "



ထိုစကားကြောင့် ထန်ယဲက သက်ပြင်းတစ်ချက်ချလိုက်၏။

"ပြီးတာတွေ ပြီးသွားပါပြီဗျာ .... "

ချုန်စန်းက ပြုံးလိုက်သည်။

"ကဲ မိတ်ဆွေ .... ကျုပ်တို့ဆီမှာ ကြိုက်သလောက်နေပါ .... မိတ်ဆွေစိတ်တိုင်းကျဖြစ်အောင် ကျုပ်က ပြုစုပါရစေ .... "

ထန်ယဲက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ .... ဒါနဲ့ ကျုပ်ပစ္စည်းတွေ ဘယ်မှာလဲ"

ချုန်စန်းသည် မျက်မှောင်ကြုတ်သွားပြီးမှ ....

"သြော် .... ဓားတစ်လက် .... စာရွက်တစ်ရွက်နဲ့ ငွေနည်းနည်း ပဲတွေ့တယ် .... ခုတင်အောက်မှာပါ .... "

ထိုပစ္စည်းများသည် ချုန်စန်းအတွက်တော့ တန်ဖိုးမရှိပါ။

သို့သော် ထန်ယဲအတွက် တန်ဖိုးရှိပါသည်။

ထန်ယဲက ချက်ချင်းပင် ရှာဖွေလိုက်သည်။

သူသည် စာရွက်ကိုဖြန့်၍ စစ်ဆေးကြည့်ပြီး သိမ်းဆည်းလိုက်၏။

ချုန်စန်းက ....

"ကဲ .... မိတ်ဆွေကြီး စိတ်ချမ်းသာစေရန် လိုလေသေးမရှိ စီစဉ်ထားပါတယ် .... ကျုပ်ကိစ္စလေးနည်းနည်းရှိလို့ ခွင့်ပြုပါဦး .... "

သူသည် နှုတ်ဆက်ပြီး ထွက်ခွာသွားသည်။

ချုန်စန်းထွက်ခွာသွားသည်နှင့် ငယ်ရွယ်ချောမောသော မိန်းကလေးသုံးယောက်က စားသောက်ဖွယ်ရာများနှင့်အတူ ရောက်ရှိလာ၏။

သူမတို့သည် ထန်ယဲအား ခြံရံလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီးက ရှင့်ကိုအစွမ်းကုန် ပြုစုရမယ်လို့ မှာသွားပါတယ် ရှင့် .... "

ထန်ယဲမှာ ကျေနပ်စွာ ပြုံးလိုက်သည်။

"အင်း .... သစ္စာမရှိတဲ့ မိန်းမတစ်ယောက်အတွက်နဲ့များ ငါ့ဘဝကို ပျက်စီးခံရမှာလား .... လောကမှာ ပျော်ပျော်နေတာ အကောင်းဆုံးပဲ .... "

သူသည် ယင်းသို့တွေးရင်း အနီးသို့ တိုးကပ်လာသော မိန်းကလေးအား အသာပွေ့ဖက်လိုက်လေတော့သည်။

ဤသို့ဖြင့် ချန်စန်း၏ ဂေဟာတွင် သူသည်ဆယ်ရက်ခန့် ကြာမြင့်သွားလေ၏။

ဆယ်ရက်ဟူသောအချိန်မှာ လျင်မြန်စွာ ကုန်ဆုံးသွားခြင်းဖြစ်သည်။

ထန်ယဲသည်ချန်စန်းဆိုသူ၏အကြောင်းကိုသေချာစွာမသိသေးပါ။

သို့သော် ....

ချန်စန်းသည် ချမ်းသာကြွယ်ဝသော လူတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းမိသည်။

ထန်ယဲမှာ ဆယ်ရက်အတွင်း ချန်စန်း၏ မိန်းကလေးများနှင့်သာ အချိန်ကုန်နေခဲ့၏။

သူသည် ချန်စန်းကိုကြည့်ကာ အားကျမိသည်။

ချန်စန်း၏ဘဝကိုသာ သူပိုင်ဆိုင်လျှင်လည်း ကောင်းလေစွဟု တွေးလိုက်မိသည်။

ထန်ယဲမှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများကို ရိတ်လိုက်၏။



ထိုအခါ သူ၏ရုပ်ရည်မှာ ပို၍နုပျိုလာ၏။

သူက အနည်းငယ် ပြုပြင်ဖန်တီးလိုက်လျှင် ချန်စန်းနှင့် တူသွားနိုင်သည်ဟု တွေးလိုက်မိ၏။

ထန်ယဲ၏ ကောက်ကျစ်သောစိတ်ထားက ပြန်လည်ထွက်ပေါ်လာသည်။

သူသည် ဝေစုခွဲပြီးလျှင် အလွန်ချမ်းသာတော့မည်ဖြစ်၏။

ထို့ကြောင့် မူလဘဝနှင့် နေထိုင်၍ မဖြစ်ပါ။ သူ့ဘဝကို ပြောင်းလဲပစ်ရပါမည်။

ဘဝသစ်တစ်ခု တည်ဆောက်ရန် လိုအပ်နေသည်။ ထိုဘဝသည် ခံစားစံစားရသော ဘဝဖြစ်ပါက အလွန်ကောင်းမွန်လိမ့်မည်။

ချန်စန်း၏ဘဝသည် သူ့အတွက် ဘဝသစ်တည်ဆောက်ရန် အကောင်းဆုံးဟု တွေးလိုက်မိလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

## ကံမခိုင် သံတိုင်အိပ်ဆောက်ခြင်း

ည ....

ထန်ယဲသည် အိပ်ရာမှ လန့်နိုးလာ၏။ သူ ဤသို့ပင် မကြာခဏ လန့်နိုးဖူးသည်။

လရောင်အခန်းတွင်းသို့ ကျရောက်နေသည်။

ထန်ယဲသည် အိပ်ရာမှ ထလိုက်၏။

ထို့နောက် အဝတ်အစားများကို ပြုပြင်ကာ ခုတင်ပေါ်မှ ဆင်းလိုက်သည်။

ညဦးက အရက်သောက်မှာ များသွားသဖြင့် အာခေါင်များ ခြောက်၍ ရင်ပူနေ၏။

စားပွဲပေါ်မှ ရေချိုင့်ကို ယူလိုက်၏။ သို့သော် ရေရှိမနေချေ သူသောက်ထားသဖြင့် ကုန်နေပေသည်။

ထန်ယဲသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး အခန်းတွင်းမှ အပြင်သို့ လှမ်းထွက်လိုက်၏။



ထိုစဉ် ....

အခန်းတစ်ခုတွင်းမှ စကားသံသဲ့သဲ့ ထွက်ပေါ်နေသည်ကို ကြားလိုက်ရ၏။

ထန်ယဲမှာ မျက်မှောင်ကြုတ်သွားသည်။

သူသည် အသံထွက်ပေါ်လာရာ အခန်းဆီသို့ အသံမထွက်အောင် လျှောက်သွားလိုက်မိလေသည်။

အခန်းထဲမှ မီးရောင်သည် အပြင်ဘက်သို့ ဖြာကျနေ၏။

ထန်ယဲသည် အခန်းတံခါးကို အသာတွန်းဖွင့်လိုက်လေ၏။

အခန်းတံခါးကြားမှ အတွင်းဘက်သို့ ချောင်းကြည့်လိုက်သည်။

အခန်းတွင်း၌ လူငါးယောက်ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

ချန်စန်းနှင့် သူ၏လူယုံများပင်ဖြစ်သည်။ ဆယ်ရက်ခန့် နေထိုင်ခဲ့စဉ်အတွင်း ထိုလူယုံများကို သူသိမြင်မှတ်မိခဲ့သည်။

ချန်စန်းက ....

"ဒီတာဝန်ကို မင်းတို့ယူရမယ် .... ငါပြောတာ ကြားကြရဲ့လား .... "

လူယုံများက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ .... ကျွန်တော်တို့ တာဝန်ထားပါ .... "

ချန်စန်းက ခေါင်းခါယမ်းလိုက်ပြီး ....

"သူ့ကို အထင်မသေးနဲ့ .... သူ့ရဲ့သိုင်းပညာဟာ အလွန်ထွေးတယ် .... ငါ သူ့ရဲ့သိုင်းပညာကို တွေ့ခဲ့ဖူးတယ် .... သူ့ကို မင်းတို့ ရိုးရိုးလုပ်ကြဲလို့ရမှာ မဟုတ်ဘူး .... "

လူယုံများက ပခုံးတစ်ချက်တွန့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူက တစ်ယောက်တည်းပဲ .... "

ချန်စန်း၏မျက်နှာမှာ တည်ငြိမ်သွား၏။

"မင်းတို့ လိုပကြံတာ အောင်မြင်မှဖြစ်မယ် .... မအောင်မြင်ရင် ဒုက္ခရောက်မှာကွ .... ဒီလိုလုပ် .... ငါက သူ့ကို ကြိုတင်အဆိပ်ခပ်ပေးမယ် .... ဒါဆိုရင် မင်းတို့အတွက် လွယ်သွားပါလိမ့်မယ် ...."

ချန်စန်းသည် တွေးတွေးဆဆဖြင့် ပြောလိုက်သည်။ ထိုစကားပြောလိုက်ပြီးမှ သူသည် သူ့စကားကို လွန်စွာသဘောကျသွား၏။

"ဟုတ်တယ် .... အဆိပ်ခတ်ရမယ် .... "

သူသည် သူ့လက်ဝါးနှစ်ဖက်ကို ကျေနပ်စွာ ပွတ်လိုက်သည်။

လူယုံများက ပြုံးလိုက်သည်။

"ဒါဆိုရင်တော့ .... မအောင်မြင်စရာ အကြောင်းမရှိတော့ဘူး"

ချန်စန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း .... ငါက သူ့ကိုမရှင်းချင်ပေမယ့် ငါ့မှာ မဖြစ်တော့လို့ရှင်းရမှာ .... "

လူယုံများက ခေါင်းညိတ်လိုက်သည်။

"သူ့ကို ရှင်းတာတော့ ဟုတ်ပါပြီ .... ဒီလိုရှင်းတဲ့အတွက် ဘာအကျိုးကျေးဇူးရမှာလဲ .... "

ချန်စန်းက ပြုံးလိုက်သည်။

"သူ့ဆီမှာ ရတနာမြေပုံရှိနေတယ်လေ .... "

ထန်ယဲမှာ နားထောင်ရင်း မျက်လုံးပြူးသွား၏။

"လက်စသတ်တော့ ချန်စန်း .... မင်းက ကျုပ်ကိုရှင်းပစ်ဖို့ကြံစည်နေတာကိုး .... "

သူသည် ယင်းသို့တွေးရင်း မဲ့ပြုံးပြုံးလိုက်၏။



"တွေ့ကြသေးတာပေါ့ကွာ .... ဘယ်သူက ရှင်းနိုင်မလဲလို့"

ပြီးနောက် ....

သူသည် ခြေကို ဖွဖွနင်း၍ကာ မိမိအခန်းသို့ ပြန်လာခဲ့လေတော့သည်။

ထန်ယဲသည် ပြန်လည်၍ အိပ်ရာပေါ် လှဲလိုက်၏။ သူအိပ်မပျော်သော်လည်း အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

မိုးလင်းသောအခါ ထန်ယဲမှာ အိပ်ရာမှ ထလာသည်။

သူသည် ခုတင်ပေါ်မှ ဆင်းလိုက်၏။

ထိုစဉ် ....

"ဒေါက် .... ဒေါက် .... ဒေါက် .... "

တံခါးခေါက်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

လာပြီ။ လာပြီ။ သူတို့ လာကြပြီ။

ထန်ယဲက တံခါးဖွင့်ပေးလိုက်သည်။

ချန်စန်း၏ လူယုံတစ်ယောက်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထန်ယဲမှာ မျက်မှောင်ကြုတ်သွားသည်။

"ဘာကိစ္စလဲ .... "

ထိုလူယုံက ဦးညွှတ်အရိုအသေပြုလိုက်၏။

"သခင်ကြီးက နံနက်စာကို စားဖို့ သီးသန့်ခန်းမှာ စောင့်နေပါတယ် .... "

ထန်ယဲက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ .... ကျုပ် အခုပဲ လာခဲ့ပါ့မယ် .... "

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲသည် ကိုယ်လက်သုတ်သင်ပြီးသောအခါ ချန်စန်းဖိတ်ခေါ်သည့် အခန်းသို့ လျှောက်လာလေ၏။

ချန်စန်းက ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောသည်။

"ကဲ .... ကြိုက်နှစ်သက်ရာ စားဗျာ .... "

စားသောက်ဖွယ်ရာများကို စတင်စားသောက်လိုက်၏။

ထန်ယဲက ကျိတ်ပြုံးလိုက်သည်။

သူသည် အသင့်ယူလာသော ငွေအပ်လေးကို မသိမသာ ထုတ်ယူပြီး အစားအသောက်များကို ထိုးစိုက်ကြည့်သည်။ သူစမ်းသပ်သည်မှာ မာန်ပါလှသဖြင့် ချန်စန်းမရိပ်မိချေ။

ဟင်းပန်းကန်များတွင် အဆိပ်မရှိချေ။

ထို့ကြောင့် ထန်ယဲက အားပါးတရ စားသောက်လိုက်၏။

"ကျေးဇူးပဲဗျာ .... ကျုပ်ကို ဒီလိုကျွေးမွေးဧည့်ခံတာကို ကျုပ်ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး .... "

ချန်စန်းက ပြုံးလိုက်သည်။

ရပါတယ်ဗျာ .... တကယ်တော့ ခင်ဗျားက ကျုပ်ရဲ့ကျေးဇူးရှင်ပဲ .... ဒီလောက်ပြုစုခွင့်ရတာကို ကျုပ်က ကျေနပ်သေးတာ မဟုတ်ဘူး .... "

ထန်ယဲမှာ စားသောက်ရင်းမှ အကဲခတ်နေ၏။

သူ့အား အဆိပ်ခတ်ရန် အရက်ထဲ၌ အဆိပ်ကြိုတင်ခပ်ထားနိုင်ပေသည်။

သို့သော် ....

အရက်အိုးမှာ တစ်အိုးတည်းသာ ရှိသဖြင့် သူစဉ်းစားမရဘဲ ဖြစ်သွားသည်။



ချန်စန်းက သူ့အား အရက်တိုက်လျှင် ချန်စန်းပါ သောက်ရမည်ဖြစ်သည်။

သူက စားရင်း တွေးနေစဉ်မှာပင် ချန်စန်းက အရက်ငှဲ့လိုက်သည်။

လိမ္မာပါးနပ်လှသော ထန်ယဲ၏မျက်လုံးများက ချန်စန်း၏လက်သည်းကြားမှ အမှုန့်ကလေးများ သူ၏အရက်ခွက်အတွင်း ကျသွားသည်ကို တွေ့မြင်လိုက်မိသည်။

ထန်ယဲက ကျိတ်၍ပြုံးလိုက်ပြီး စိတ်ထဲမှ ကြုံးဝါးလိုက်မိ၏။

"ချန်စန်း .... မင်းရဲ့အဆိပ်ခတ်ပညာက အလွန်ညံ့လှပါလား"

သူသည် ယင်းသို့ စဉ်းစားရင်းမှ ရုတ်တရက် ခေါ်လိုက်သည်။

"ဒီမှာ ချန်စန်း .... "

ချန်စန်းမှာ ရုတ်တရက် ခေါ်သံကြောင့် လန့်သွားလေသည်။

ထန်ယဲက သူ့အားစိုက်ကြည့်လိုက်သည်။

"ကျုပ်ခင်ဗျားကို တိုင်ပင်မလို့ဗျ .... ကျုပ်မှာ ရတနာတွေနဲ့ ပတ်သက်တဲ့ မြေပုံတစ်ခုရှိတယ်ဗျ .... "

ချန်စန်း၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

သူက လျှို့ဝှက်မည်ဟု ထင်သည်။

ထန်ယဲက မလျှို့ဝှက်ပါချေ။ သူ့ပွပေါက်တိုးပြီဟု ထင်လိုက်သည်။

"ဟုတ်လား .... "

ထန်ယဲက သူ၏အိတ်ထဲမှ စာရွက်ခေါက်လေးကို ထုတ်လိုက်ပြီး ....

"ကျုပ် ကိုယ်နဲ့မခွာ အမြဲဆောင်ထားတာဗျ .... ဟောဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောရင်း ချန်စန်းအား လှမ်းပေးလိုက်သည်။

ထို့နောက် ....

သူသည် မတော်တဆဟန်ဖြင့် စားပွဲအောက်သို့ ကျသွားစေရန် လွှတ်ချလိုက်သည်။

ချန်စန်းက ငုံ၍ ကောက်ယူလိုက်စဉ် အရက်ခွက်ချင်း အသာလဲလှယ်လိုက်လေ၏။

ခွက်ချင်း လဲပြီးချိန်တွင် ချန်းစန်း ကုန်းထလာသည်။

ချန်စန်းက စာရွက်ခေါက်ကို ဖွင့်ကာကြည့်လိုက်၏။

ထို့နောက် ထန်ယဲအား ပြန်ပေးလိုက်ပြီး ....

"ဘာတွေမှန်းလဲ မသိဘူးဗျ .... "

ထန်ယဲက ခေါင်းခါယမ်းလိုက်သည်။

"ဒါဟာ အပြည့်အစုံမဟုတ်သေးဘူးလေ .... "

"ဒါဆိုရင် .... "

"ဒါက မြေပုံတစ်ပိုင်းဗျ .... နောက်ထပ် မြေပုံတွေနဲ့ ဆက်စပ်ပြီးမှ သိနိုင်မယ် .... "

ချန်စန်းမှာ မျက်မှောင်ကြုတ်သွား၏။

"နောက်ထပ်မြေပုံတွေ ဘယ်မှာလဲ .... "

ထန်ယဲက ပြုံးလိုက်သည်။

"ကျုပ်က ဒီအကြောင်း တိုင်ပင်ချင်လို့ပါ .... "

ချန်စန်း၏မျက်နှာပေါ်တွင် အလွန်စိတ်ဝင်စားသည့်ဟန်များ အထင်းသားပေါ်လွင်လာ၏။

"ပြောပါ .... ကျုပ်တတ်နိုင်သလောက် ကူညီပါ့မယ် .... "

ထန်ယဲက အစားအသောက်များကို လက်စသတ်လိုက်၏။



ထို့နောက် အရက်ခွက်ကို ကောက်ယူလိုက်သည်။

"ကဲ .... ကျုပ်တို့ပူးပေါင်းမှုအတွက် .... "

ချန်စန်းကလည်း အရက်ခွက်ကို ကောက်ယူလိုက်၏။

ထို့နောက် နှစ်ယောက်စလုံး အရက်ခွက်များ ပြိုင်တူမော့ချလိုက်သည်။

ချန်စန်းက အရက်ခွက်ကို ပြန်ချရင်း ပြုံး၍ကြည့်လိုက်သည်။

ထန်ယဲကလည်း သူ့အား ပြုံး၍ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ချန်စန်းမှာ ရင်ထိတ်သွားသည်။

ထန်ယဲ၏အပြုံးတွင် လျှို့ဝှက်ကောက်ကျစ်သော အရိပ်အယောင်များ ပါဝင်နေသည် မဟုတ်ပါလော။

ထိုစဉ် ....

ထန်ယဲ၏ စကားသံထွက်ပေါ်လာသည်။

"ဒီအရက်အလွန်ကောင်းတာပဲ .... လက်သည်းကြားက အဆိပ်ကြောင့် ပိုပြီးအရသာရှိသွားတယ် .... "

"ဟင် .... "

ချင်စန်းမျက်နှာ ကွက်ခနဲပျက်သွားသည်။

"ခင် .... ခင်ဗျားသိနေ .... "

ထန်ယဲက ပြုံးလိုက်သည်။

"ဒီအရက် အရသာတယ်လိုလဲဗျ .... "

ချန်စန်းမှာ ထန်ယဲက အဆိပ်ကိုမမှုသည့်အတွက် ပြည့်နေမိစဉ် သူ၏ရင်ထဲ၌ စူးရှနာကျင်မှုတစ်ရပ်ကို ချက်ချင်းခံစားရလေသည်။

ချန်စန်းမှာ အသွေးထိတ်လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အ .... အဆိပ် .... "

ထန်ယဲက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ကိုယ့်အဆိပ်ကိုယ်ပြန်သောက်တယ်ဆိုတော့ ခင်ဗျားဟာ တော်တော်မိုက်မဲတာပဲ .... ကျုပ်တော့ ကိုယ့်ဗိုက်ကိုယ် ဓားနဲ့ထိုးတဲ့လူကို မြင်ဖူးသွားပြီပေါ့ဗျာ .... "

ချန်စန်းမှာ ဖောချွေးများပင် ပြန်လာသည်။

ထန်ယဲက စကားဆက်လိုက်သည်။

"ချန်စန်း .... မင်းက ကျုပ်ကို လုပ်ကြံမယ်ဆိုတာကို ကျုပ်က ကံကောင်းပြီး ကြိုသိနေခဲ့တယ် .... အခု သေရမယ့်သူဟာ ကျုပ် မဟုတ်တော့ဘူး .... ဒါပေမဲ့ လူတိုင်းကတော့ ကျုပ် သေသွားတယ် လို့သာထင်ကြမှာပဲ .... "

ချင်စန်းမှာ အဆိပ်ဝေဒနာကိုခံစားရင်း ထန်ယဲအား ဒေါသ တကြီးဖြင့် ကြည့်နေ၏။

ထန်ယဲက မိမိအိတ်ထဲမှ ရုပ်ဖျက်ပစ္စည်းများကိုထုတ်ကာ မိမိ ကိုယ်ကို မိမိ ရုပ်ဖျက်လိုက်သည်။

သူ၏မျက်နှာသည် ချင်စန်းနှင့် သိပ်မကွာလှသဖြင့် တစ်ခဏ ချင်းပင် ချန်စန်း၏မျက်နှာအတိုင်း ဖြစ်သွားသည်။

ထန်ယဲက ပြုံးလိုက်သည်။

"ကျုပ်ကလည်း ဘဝသစ်တစ်ခုလိုချင်နေတာ .... ဘယ်လိုလဲ၊ မင်းနဲ့အတော်တူတယ် မဟုတ်လား .... "

ချင်စန်းက ထိတ်လန့်တုန်လှုပ်စွာဖြင့် ....

"မင်း .... မင်းလူယုတ်မာ .... "

ထန်ယဲက မဲ့ပြုံးပြုံးလိုက်၏။



"အတူတူပါပဲ .... ကျုပ်မလျှင်ရင် .... မင်း လက်ဦးသွားမှာပဲ မဟုတ်လား .... "

ချင်စန်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

ထန်ယဲက စကားဆက်လိုက်သည်။

"အခုချိန်ကစပြီး ကျုပ်က ချင်စန်းအနေနဲ့ ဖိမ်ကျကျနေရတော့ မယ် .... ခင်ဗျားကတော့ ထန်ယဲပေါ့လေ .... မကောင်းဘူးလား.... ကျုပ်အဖို့ လူတစ်ကိုယ်နှစ်ဘဝပေါ့ဗျာ .... "

ထိုစကားကို ကြားရသောအခါ ထန်ယဲ၏မျက်နှာမှာ ဖြူဖပ် ဖြူရော်ဖြစ်သွားသည်။

ထန်ယဲ စိတ်မရှည်တော့ပါ။

ချန်စန်း၏သွေးကြောကို ထိုးပိတ်လိုက်သည်။

ထို့နောက် ....

ချန်စန်း၏မျက်နှာကို သူနှင့်တူစေရန် ပြုပြင်ပေးလိုက်သည်။

သူ၏လှုပ်ရှားမှုများ ပြီးဆုံးသည်နှင့် အချိန်ကိုက်ဆိုသလိုပင် **ချန်စန်း**၏ကိုယ်ရံတော်များ ရောက်ရှိလာလေ၏။

**ထန်**ယဲက လက်ဖွေ့ယမ်းလိုက်ပြီး အေးစက်စွာအမိန့်ပေးလိုက် **သည်။**

"သူ့ကိုခေါ်သွားပြီး ရှင်းပစ်လိုက် .... "

လူယုံများက ချန်စန်းအား သူတို့၏သခင်မှန်းမသိဘဲ ဆွဲခေါ် ထုတ်သွားလေတော့သည်။ သွေးကြောပိတ်ခံရသော ချင်စန်းခမျာ ဘာမျှ မပြောနိုင်ဘဲ ဆွဲခေါ်ရာပါသွားရှာ၏။

မကြာမီ လူယုံများ ပြန်လည်ရောက်ရှိလာကြသည်။

ထန်ယဲက သူတို့အား မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြီးပြီလား .... "

လူယုံများက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ .... အလောင်းကိုလည်း ဖျောက်ဖျက်လိုက်ပါပြီ"

ထန်ယဲကျ **သဘောကျစွာ** ရယ်မောလိုက်သည်။

"**ဟား .... ဟား** .... ဟား .... ကောင်းတယ် .... သိပ်**ကောင်းတယ်**"

လူယုံများက ....

"ဒါနဲ့ သခင်ကြီး .... သူ့ဆီက မြေပုံရရဲ့လား"

ထန်ယဲက ခေါင်းညိတ်လိုက်၏။

"ရပါတယ် .... "

လူယုံတစ်ဦးက ....

"ဒါဆို ကျုပ်တို့ ဒီကအမြန်ဆုံးထွက်သွားကြရင် ကောင်းမယ် သခင်ကြီး .... "

ထန်ယဲမှာ မျက်မှောင်ကြုတ်သွားသည်။

"ဘာလို့ ဒီကသွားရမှာလဲ .... မသွားဘူး .... "

လူယုံက သက်ပြင်းချလိုက်သည်။

"မသွားလို့ မဖြစ်ဘူးဆိုတာ သခင်ကြီးသိပါတယ် .... ဒီအချိန်ဟာ ကျုပ်တို့အဖို့ အရေးအကြီးဆုံးအချိန်ပါ .... "

ထန်ယဲမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

သို့သော် ....

သူက ဟန်မပျက်ဆက်ပြောလိုက်သည်။

"ကျုပ်မှာ လုပ်စရာတွေ ကျန်နေသေးတယ် .... "

"သခင်ကြီး စဉ်းစားပါဦး .... "



"ဘာမှမစဉ်းစားစရာ မလိုပါဘူး .... "

လူယုံမှာ မျက်**နှာပျက်သွားသည်**။

"ပြဿနာက .... "

ထန်ယဲက လက်**ကာပြလိုက်၏**။

"ဘာပြဿနာမှ ကြောက်စရာ**မလိုပါဘူး** .... ကျုပ် ရင်ဆိုင်ဖြေရှင်းပစ်နိုင်ပါတယ် .... "

လူယုံများက ပို၍မျက်နှာပျ**က်သွားကြ**သည်။

ထန်ယဲက လက်ဝှေ့ယမ်း**ပြလိုက်သည်**။

"မင်းတို့သွားနိုင်ပြီ .... **ညနေကျမှ** တွေ့ကြတာပေါ့"

လူယုံများက ချက်ချင်းပင် **အခန်း**ထဲမှထွက်ခွာသွားကြလေတော့သည်။

"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

ထန်ယဲမှာ သဘောကျစွာ အော်ဟစ်ရယ်မောလိုက်လေတော့သည်။

ထိုအချိန်တွင် သူ့အား မည်သူကမျှ ထန်ယဲဟု သိကြမည်မဟုတ်ပါ။

သူ့ဌေးကြီးချန်စန်းဟုသာ သိကြပေတော့မည်။

သူ၏ဟန်ဆောင်ဘဝသည် အလွန်ပင် ကောင်းမွန်လှသည်ဟု တွေးလိုက်မိ၏။

ထန်ယဲက သက်ပြင်းချလိုက်၏။

ချန်စန်း၏ အယောင်ဆောင်ခြင်းကို သူကပိရိစွာ ဟန်ဆောင်နိုင်ခဲ့သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သို့သော် ....

ချန်စန်း၏ ပြင်ပဆက်ဆံမှုများကို သူမသိသေးပါ။ သူကြိုးစား ပြီး သိနားလည်အောင် ကြိုးစားရပေဦးမည်။

**ထန်**ယဲကား ထိုအရေးကို လုံးဝမမှုပါ။

လူယုံများရှိနေသည့်အတွက် ထိုလူယုံများကိုကြည့်ပြီး အလိုက် သင့် လှုပ်ရှားသွားနိုင်မည်ဟု ယုံကြည်မိ၏။

ယခုလည်း ချန်စန်းသည် ပြဿနာတစ်ခုရှိဟန်တူသည်။

ထိုပြဿနာကို သူမသိပါ။

တစ်ကြိမ်က ချန်စန်းအား လုပ်ကြံသူရှိခဲ့သည်ကို သတိရလာ ၏။

ထန်ယဲသည် သဘောကျစွာ ပြုံးလိုက်၏။

တော်ရုံ ရန်သူဆိုလျှင် သူက မှုစရာလိုမည်မဟုတ်ပါလော။

✳

**နောက်တစ်နေ့** နေ့လယ်ခင်း .... ။

**ထန်**ယဲမှာ အိမ်ထဲတွင်နေရင်း ပျင်းလာသည်။

ထို့ကြောင့် ....

သူသည် အပြင်ထွက်ရန် ပြင်ဆင်လိုက်၏။

ထို့နောက် ....

လူယုံများကိုပါ ခေါ်သွားရန် စဉ်းစားလိုက်ပြီး ငွေမောင်း ကလေးကို အသာထုလိုက်သည်။



အတန်ကြာသည်အထိ မည်သူမျှရောက်မလာကြချေ။

ထန်ယဲက နောက်တစ်ကြိမ်ထပ်မံ၍ ဟီးခတ်လိုက်ပြန်သည်။

ဤတစ်ကြိမ်တွင် သူက ခေါသဲတကြီးဖြင့် ကြမ်းတမ်းစွာ တီး ခတ်လိုက်သည်။

ငွေမောင်းသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော် ....

မည်သည့်လူယုံမျှ ရောက်မလာချေ။

ထန်ယဲမှာ မျက်မှောင်ကြုတ်သွားသည်။

"ဒီလူတွေ တကယ်ပဲ နားပင်းနေကြပြီလား .... "

သူသည် ထိုသို့ ရေရွတ်လိုက်သည်။

ထို့နောက် ....

သူသည် အခြားအခန်းများသို့ လိုက်ကြည့်ရန် ထိုင်ရာမှ ထရ လေတော့၏။

လူယုံများကား တစ်ယောက်မျှ မရှိတော့ပါ။

ထန်ယဲမှာ ဧည့်ခန်းထဲတွင် ရပ်နေ၏။

သူသည် မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ သူ့အဖို့ စဉ်း စားရမည့်အချိန်ရောက်နေပြီ မဟုတ်ပါလော။

ထန်ယဲက လက်နှစ်ဖက်ကို နောက်ပစ်ကာ ဧည့်ခန်းတွင်း၌ ခေါက်တုံ့**ခေါက်ပြန်** လျှောက်နေမိသည်။

"**ဘယ်လိုဖြစ်**တာလဲ .... လူယုံတွေ ဘယ်ရောက်ကုန်ပြီလဲ"

ထိုမေးခွန်းကို သူစဉ်းစားနေခဲ့ခြင်းဖြစ်၏။

ထန်ယဲ၏ လူယုံတစ်ယောက်မျှ မတွေ့ရချေ။ အခြားအစေခံ များလည်း မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပစ္စည်းပစ္စများပါ ယူဆောင်၍ ထွက်သွားခြင်းဖြစ်သည်။

"သူတို့ ဘာကြောင့် ထွက်ပြေးသွားတာလဲ .... သူတို့က ငါဟန်ဆောင်ထားတာ သိသွားလို့လား .... မဖြစ်နိုင်ဘူး .... ငါဟန်ဆောင်ထားတာ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး .... ဒါဆိုရင် .... "

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"ဟုတ်ပြီ .... သူတို့ဟာ ပြဿနာတစ်ခုကို ကြောက်ရွံ့နေပုံရတယ်.... ဒီပြဿနာဟာ ဘာများလဲ .... ဒီလူတွေ ထွက်ပြေးရလောက်အောင် ဘယ်လောက်ကြီးကျယ်တဲ့ပြဿနာလဲ .... "

ချန်စန်းဘဝသည် သူ့အတွက် လုံခြုံမည်ဟု ယုံကြည်ခဲ့၏။

ယခုမူ ချန်စန်းဘဝအစတွင်ပင် ရှုပ်ထွေးမှုရှိနေသည်ဟု သူတွေ့ရှိရသည်။

သူသည် စိတ်မသက်သာစွာ ပင့်သက်ရှိုက်မိလေတော့၏။

ဤသို့ဖြင့် ညဉ့်နက်လာသည်။

ထန်ယဲမှာ မအိပ်သေးပါ။

စတုတ္ထမြောက်အရက်ခွက်ကို မော့သောက်ပြီး ပြန်ချလိုက်၏။

သူ၏ ချန်စန်းဘဝကို ကူညီမည့် လူယုံများမရှိတော့ပါ။

ချန်စန်းဘဝကို သူဆက်လက်ဟန်ဆောင်နိုင်ပါမည်**လော။**

ထန်ယဲ့က ပြုံးလိုက်သည်။

သူ့ကိုယ်သူ အလွန်ယုံကြည်ထားသည်။

သူလုပ်လျှင် ဘာမဆိုဖြစ်ရပေမည်။

မည်သည့်အကူအညီမျှမယူဘဲ ချန်စန်းဘဝကို သူကောင်းစွာ ရပ်တည်နိုင်ရမည်။



ထန်ယဲက သဘောကျစွာ ပြုံးရင်း ပဉ္စမမြောက် အရက်ခွက်ကို သောက်လိုက်သည်။

ထိုစဉ် ....

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ခွပ် .... ခွပ် .... ခွပ် .... "

မြင်းများ ဂေဟာရှေ့တွင် ရပ်သွားသည်ကို သူသိလိုက်သည်။

မကြာမီ ....

"ဒေါက် .... ဒေါက် .... ဒေါက် .... "

တံခါးခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

**ထန်ယဲမှာ မျက်မှောင်ကြုတ်သွား**သည်။

သူ၏အတွေ့အကြုံအရ မြင်းခွာသံများကို နားထောင်ကြည့်ရာ မြင်းအကောင်နှစ်ဆယ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ဤမျှများပြားသော လူတို့သည် ရန်သူဖြစ်ကောင်းဖြစ်နိုင်သည်။

သူက ချန်စန်းဘဝကိုယူလျှင် အဆိုးအကောင်းသူက ခံရမည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့နောက် ....

သူသည် တံခါးဆီသို့ လျှောက်သွားကာ ဖွင့်ပေးလိုက်သည်။

ထိုအခါ ....

ထန်ယဲမှာ မျက်လုံးပြူးသွားသည်။

အဘယ်ကြောင့်နည်း။

တံခါးဝတွင် လုံခြုံရေးတပ်သား နှစ်ဆယ်ခန့်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"**ချန်စန်း**ဆိုတာ ခင်ဗျားလား .... "

ထန်ယဲက ခေါင်းညိတ်လိုက်သည်။

"ကျုပ်ပါပဲ .... ဘာကိစ္စများ ရှိလို့လဲ .... "

လုံခြုံရေးတပ်သားက ခေါင်းညိတ်လိုက်၏၏။

"ကျုပ်တို့ ခေါင်းဆောင်က ခေါ်ခိုင်းလိုက်လို့ပါ .... "

ထန်ယဲက ပြုံးလိုက်သည်။

"ကောင်းပြီလေ .... ကျုပ်လိုက်ခဲ့ပါ့မယ် .... "

သူသည် လုံခြုံရေးတပ်သားများနှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်၏။ ဘာမလိုက်ရဲစရာရှိသလဲ။ လူချမ်းသာ ချန်စန်းသည် အရာရာကို ဖြေရှင်းနိုင်ရပေမည်။

ချန်စန်းသည် ဤမြို့တွင် သူဌေးတစ်ဦးဖြစ်သည်။

ခေါင်းဆောင်နှင့် တွေ့ဆုံခြင်းသည် မည်သို့မျှ အန္တရာယ်မရှိဟု တွေးလိုက်မိသည် မဟုတ်ပါလော။

သူသည် ဤသို့ဖြင့် လုံခြုံရေးတပ်ဖွဲ့၏ ခေါင်းဆောင်ထံသို့ ရောက်ရှိသွားလေ၏။

ထိုခေါင်းဆောင်က ပြုံးလိုက်၏။

"ချန်စန်း .... မင်းက သတ္တိကောင်းသားပဲ .... "

ထန်ယဲက လုံခြုံရေးတပ်ဖွဲ့ခေါင်းဆောင်အား ပြန်ကြည့်လိုက်သည်။

"ခင်ဗျားဘာတွေ ပြောနေတာလဲ .... "

လုံခြုံရေးတပ်ဖွဲ့ခေါင်းဆောင်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက သတ္တိကောင်းရုံမကဘူး .... ဟန်ဆောင်လည်း ကောင်းတာကိုး .... "



ထန်ယဲမှာ နားမလည်နိုင်ဘဲဖြစ်သွား၏။

"ခင်ဗျား ပွင့်ပွင့်လင်းလင်းပြောပါ .... ကျုပ် ဘာမှနားမလည်ဘူးဗျ .... "

ထိုခေါင်းဆောင်မှာ ဒေါသထွက်သွားသည်။

"ကောင်းပြီလေ .... မင်းက ပွင့်ပွင့်လင်းလင်းပြောဆိုတော့လည်း ပြောရသေးတာပေါ့ .... မင်းဟာ သူဌေးဟန်ဆောင်ထားတဲ့ ဓားပြခေါင်းဆောင်ပဲ .... "

"ဗျာ .... "

ထန်ယဲမှာ အံ့ဩသွား၏။

အာဏာသားခေါင်းဆောင်မှာ ရယ်မောလိုက်၏။

"ဟား .... ဟား .... ဟား .... မင်းက အံ့ဩဟန်ဆောင်မနေနဲ့ မင်းထွက်ပြေးမယ့်လမ်းအကုန်ပိတ်ထားပြီးသားပဲ .... မင်းရဲ့လူယုံတွေလည်း ဖမ်းထားပြီးပါပြီ .... "

ထန်ယဲက သက်ပြင်းတစ်ချက်ချလိုက်သည်။

သူက ရှင်းပြရန် စဉ်းစားလိုက်၏။

"ကျုပ်ရှင်းပြပါရစေဦး .... "

သူ၏စကားအဆုံး၌ အာဏာသားခေါင်းဆောင်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ဘာလိမ်ညာမလို့လဲ .... "

ထန်ယဲက ....

"ကျုပ် .... ချန်စန်း .... "

သူက ချန်စန်းမဟုတ်ကြောင်း ရှင်းပြရန်ဖြစ်သော်လည်း ထန်ယဲဖြစ်ကြောင်းမည်သို့ပြောရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲဟုပြောပါက သူ၏အခြေအနေမှာ ပို၍ဆိုးရွားသွားမည် မဟုတ်ပါလော။

လုံခြုံရေးခေါင်းဆောင်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်း .... ချန်စန်းဆိုတာ လူတိုင်းသိနေတာပဲ .... မင်းက ကျုပ်ရဲ့ လူတစ်ယောက်ကို လုပ်ကြံပေမဲ့ မသေခဲ့ဘူး .... မင်းအကြောင်း အားလုံးကို ဖော်ထုတ်နိုင်ခဲ့တယ် .... ဒါကို မင်းလည်း သိတာပဲ .... ဒါပေမယ့် ထွက်မပြေးတဲ့ မင်းကိုတော့ ချီးကျူးပါတယ်ကွာ .... "

ထန်ယဲမှာ ခေါင်းငိုက်စိုက်ကျသွားသည်။ ကံမနိုင် သံတိုင်အိမ် ဆောက်တော့ ကံမှောက်လျှင် ကျိုးဆိုသည့်အဖြစ်ကို သူကြုံခဲ့ရလေပြီ။

သူ မည်သို့မျှ မရှင်းနိုင်တော့ပြီ မဟုတ်ပါလား။

လုံခြုံရေးတပ်ဖွဲ့ခေါင်းဆောင်က တပ်သားများဘက်သို့ လှည့်ကာ အမိန့်ပေးလိုက်၏။

"ဟေ့ .... သူ့ကို အချုပ်ခန်းထဲ ခေါ်သွားကြစမ်း .... "

တပ်သားများက ထန်ယဲအား ဝိုင်းချုပ်လိုက်သည်။

လုံခြုံရေးတပ်ဖွဲ့ခေါင်းဆောင်က ကျေနပ်စွာ ပြုံးလိုက်သည်။

"မင်းကတော့ ထောင်ထဲအနည်းဆုံး ဆယ်နှစ်ဝင်ရမှာ အသေအချာပါပဲ .... "

*

"ဟား .... ဟား .... ဟား .... "

ထန်ယဲက သူ့အဖြစ်ကိုတွေးကာ ရယ်မောလိုက်၏။

သူသည် ချန်စန်းအယောင်ဆောင်မိသည့်အတွက် ထောင်ဆယ်နှစ်ကျခဲ့ရသည် မဟုတ်ပါလား။

ထန်ယဲက အတိတ်မှအဖြစ်အပျက်များကို တွေးကာ မရယ်ဘဲ မနေနိုင်အောင် ဖြစ်မိသည်။

ချန်စန်း ဒဏ္ဍက ထိုမျှမကသေးပါချေ။

သူသည် ထောင်မှလွတ်မြောက်အောင် ကြိုးစားသော်လည်း မရခဲ့ပါပေ။

နောက်ဆုံး ....

ဆယ်နှစ်ပြည့်မှပင် လွတ်မြောက်လာခဲ့လေသည်။

ထောင်မှထွက်လာလျှင် ထွက်လာချင်း သူက ချန်စန်းနေထိုင်ရာအိမ်သို့ ပြန်ရန် ပြင်ဆင်လိုက်သည်။

ထိုအိမ်တွင် သူ၏ရတနာမြေပုံတစ်ပိုင်းတစ်စ ကျန်ရစ်ခဲ့သည် မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြေပုံကိုသွားယူရင်းနှင့်ပင် နောက်တစ်ကြိမ် ထောင်တွင်းသို့ ဝင်ခဲ့ရပြန်သည်။

ထန်ယဲမှာ သက်ပြင်းချလိုက်၏။

“အင်း ကံဆိုးရင် .... ဘာမှလုပ်လို့ မဖြစ်ဘူးဆိုတာ မှန်တာပဲ”

ပထမပိုင်းပြီး၏

ဒုတိယပိုင်း(ဇာတ်သိမ်း)ဆက်လက်ဖတ်ရှုပါရန်

**တက္ကသိုလ်နေဝင်းအောင်**

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေ့လင်းအောင်

# အပ္ပဒကါခဆီးနှင်းရှင်ပြင်

[ဒု-ဇာတ်သိမ်းပိုင်း]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၂၈/၂၀၀၄ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၂၈/၂၀၀၄ (၆)

●

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မာသီလလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ မိုးဝအောဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



အခန်း(၁၆)

## ဝူနန်အကျဉ်းသား

"ခွပ် .... ခွပ် .... ခွပ် .... "
"ခွပ် .... ခွပ် .... ခွပ် .... "

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

တိတ်ဆိတ်နေသော ညဥ့်ယံတွင် မြင်းခွာသံများက ကျယ်လောင်လှသည်။

ညအမှောင်ထုအောက်ဝယ် လင်စုကျွမ်းမြို့တောင်ဘက်ရှိ ဂေဟာတစ်ခုလုံးမှာ တိတ်ဆိတ်စွာတည်ရှိနေသည်။

မြင်းစီးသမားသည် မြင်းကိုဒုန်းစိုင်းမောင်းနှင်လာရင်း ထိုဂေဟာရှေ့သို့အရောက်တွင် မြင်းကိုရပ်တန့်လိုက်၏။

ထို့နောက် ....

မြင်းပေါ်မှဆင်းကာ ဂေဟာအနီးသို့ညင်သာစွာ ချဉ်းကပ်သွားလေသည်။ သူသည် သတိကြီးစွာထားပြီး ခြေကို ဖော့နင်းသွားသည်။

ထိုစဉ် ....

www.burmeseclassic.com



ဂေဟာထဲမှ ညင်သာသော လှုပ်ရှားမှုတစ်ခုကို ကြားလိုက်ရသည်။

မြင်းစီးသမားမှာ မျက်မှောင်ကြုတ်သွားသည်။

ထို့နောက် သူသည် တံခါးကိုတွန်းဖွင့်လိုက်၏။

ရုတ်တရက် မီးများ လင်းထိန်သွားသည်။

မြင်းစီးသမားသည် ရုတ်တရက်ထွက်ပေါ်လာသော မီးရောင်များကြောင့် ထိတ်လန့်သွားပြီး နောက်သို့ ကပျာကယာ ဆုတ်လိုက်မိသည်။

ထိုစဉ်....

"သခင်ကြီး .... "

ဝမ်းသာအားရအော်ခေါ်သံ ထွက်ပေါ်လာလေ၏။

"သခင်ကြီး လွတ်လာပြီနော်.... "

ထိုမြင်းစီးသမားမှာ အခြားသူမဟုတ်ပါ။

ချန်စန်းဟု အမည်ခံထားသော ထန်ယဲပင်ဖြစ်ပါသည်။ ထိုသူ မည်သူနည်း။

မိမိ၏လက်အောက်မှ လူတစ်ဦးဦး ဖြစ်နိုင်သည်ဟု သူထင်သည်။

ထန်ယဲကကြည့်လိုက်ရာ ချန်စန်း၏လူယုံတော်များအနက် တစ်ဦးဦးဖြစ်သည်ကို တွေ့မြင်လိုက်ရ၏။

ထန်ယဲ့က မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ကျုပ်ကိုပစ်ပြေးပြီးမှ ဒီမှာစိမ်လာကျနေတာပေါ့ ဟုတ်လား.... "



လူယုံတော်မှာ မျက်နှာပျက်သွားသည်။ သူ့မှာအပြစ်ရှိနေသည် မဟုတ်ပါလား။

"မ.... မဟုတ်ပါဘူး .... "

ထန်ယဲက အံကြိတ်လိုက်၏။

"ဘာမဟုတ်ရတာလဲ၊ မင်းတစ်ယောက်ပဲလွတ်ပြီး အားလုံးမိခဲ့တာ ဘာကြောင့်လဲ၊ အဲဒါ ရှင်းလင်းချက်ထုတ်စမ်းပါဦး"

လူယုံတော်၏မျက်နှာမှာ ပိုဖြူလျော်သွား၏။

ထန်ယဲက စကားဆက်လိုက်သည်။

"မင်း ဖော်ကောင်လုပ်လို့ အားလုံး ဒုက္ခရောက်ရတာပဲ မဟုတ်လား.... "

လူယုံတော်က သက်ပြင်းချလိုက်၏။ သူက ရှင်းပြသည်။

သူ့ရှင်းပြချက်ကလည်း ခိုင်လုံပေ၏။

"လုံခြုံရေးတပ်သားတွေက လာဖမ်းတော့မယ်ဆိုတာ .... ကျွန်တော်တို့ သိရုံမကဘူး .... သခင်ကြီးလည်း သိတာပဲ .... အဲဒါကို ကျွန်တော်တို့ သတိပေးခဲ့တယ်လေ .... သခင်ကြီးက အရေးမကြီးဘူး ချရှင်းမယ်ဆိုပြီး ဖွတ်နေခဲ့တာပဲ .... "

သူက သူ့အပြစ်ကို ဝန်ခံရင်း ဆက်ပြော၏။

"ကျွန်တော်တို့ ထွက်ပြေးပေမယ့် ဖမ်းမိသွားတာပဲ .... ဖမ်းမိတော့လည်း ဝန်ခံရတော့တာပေါ့ .... ဝန်မခံချင်ရင်လည်း လုံခြုံရေးတပ်သားတွေ လက်ထဲက လွတ်မှာမဟုတ်ဘူး .... "

ထန်ယဲ့က မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ဝန်ခံတော့ကော ငါ့လက်က လွတ်မှာတဲ့လား.... "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်.... ကျွန်တော် .... "

"ကျုပ်အနေနဲ့ သစ္စာဖောက်တွေကို အလိုမရှိဘူး၊ သစ္စာဖောက်တွေရဲ့သွားရာလမ်းက တစ်ခုပဲရှိတယ် .... အဲဒါဟာ သေလမ်းပဲ ...."

လူယုံတော်က ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော်က သစ္စာဖောက်တာမှမဟုတ်ဘဲ .... တကယ်ဆိုရင် သခင်ကြီးကို ကူညီတာပါ .... "

ထန်ယဲမှာ ကြောင်သွား၏။ သူ ဘာတွေပြောနေသနည်း။

လူယုံတော်ထန်ယဲအား စေ့စေ့ကြည့်လိုက်ပြီး ....

"တကယ်တော့ ခင်ဗျားဟာ ကျွန်တော့်သခင် ချန်စန်းမဟုတ်ဘူး...."

ထိုစကားကြောင့် ထန်ယဲမှာ မျက်လုံးပြူးသွားသည်။

"မင်း.... မင်း .... "

လူယုံတော်က စကားဆက်လိုက်၏။

"ကျွန်တော်က ချန်စန်းဆီမှာ အမှုထမ်းခဲ့တာကြာပြီ.... ချန်စန်းဟာ ခင်ဗျားကိုရှင်းပြီးတာနဲ့ ကျွန်တော်တို့ကိုပါ ရှင်းပြီး ဖောက်မြ တော့မယ်ဆိုတာ ကျွန်တော်ကြိုသိနေတယ်.... ခင်ဗျားက ချန်စန်း ရှင်းပြီး ချန်စန်းဟန်ဆောင်ခဲ့တော့ ကျွန်တော်က မသိဟန်ဆောင် တယ် .... ဒါမှ နှစ်ဦးနှစ်ဖက် အကျိုးရှိမှာပေါ့ .... "

ထန်ယဲက သက်ပြင်းချလိုက်သည်။

"မင်းက ကျုပ် ချန်စန်းမဟုတ်မှန်း ဘယ်လိုသိလဲ.... ချန် အဖြစ် ရုပ်ဖျက်ထားတဲ့ ငါ့မှာ ဘယ်လိုချွတ်ယွင်းချက် ရှိနေလို့လဲ—"

လူယုံတော်က မဲ့ပြုံးပြုံးလိုက်၏။

"ချန်စန်းရဲ့လည်ပင်းမှာ မှဲ့မရှိဘူးလေ...."



ထန်ယဲက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ.... မင်းကို ကျုပ် ရှင်းပစ်လိုက်ရင် ဘယ်သူမှငါ့ကို မသိတော့ပါဘူး .... "

လူယုံတော်က ခေါင်းခါယမ်းလိုက်၏။

"မရဘူး .... ကျွန်တော့်ကိုရှင်းပစ်လိုက်တာနဲ့ ခင်ဗျားဟာ ထန်ယဲဆိုတာ အာဏာပိုင်သိသွားအောင် ကျွန်တော် စီမံထားတယ်"

ထန်ယဲမှာ မျက်မှောင်ကြုတ်သွားသည်။

လူယုံတော်သည် အလွန်ကောက်ကျစ်သူဖြစ်ကြောင်း သူက နားလည်လိုက်၏။

ထန်ယဲက မဲ့ပြုံးပြုံးလိုက်ပြီး ....

"ကျုပ်က ထန်ယဲဆိုတော့ကော ဘာဖြစ်သလဲ...."

လူယုံတော်က စဉ်းလဲစွာပြုံးလိုက်သည်။

"ထန်ယဲဆိုတဲ့လူ ဘာတွေလုပ်ကိုင်ခဲ့တယ်ဆိုတာ ကျွန်တော် စုံစမ်းပြီးပါပြီ.... လုံခြုံရေးတပ်သားတွေ ဘယ်လောက်အလိုရှိနေသလဲဆိုတာ .... ကျွန်တော် သိခဲ့ပြီးပြီ .... "

ထန်ယဲက သက်ပြင်းချလိုက်၏။

"မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ...."

လူယုံတော်က စကားဆက်လိုက်သည်။

"ခင်ဗျားနဲ့ကျွန်တော်ဟာ ဆရာတပည့်အဖြစ်နဲ့ ဆက်ပြီး နေထိုင်ကြမယ်လေ...."

ထန်ယဲက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းရဲ့ရည်ရွယ်ချက်က ဒီထက်မက ရှိလိမ့်မယ်လို့ ကျုပ်ထင်တယ် လူယုံတော်က ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်.... ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် ရတနာတွေကို အတူတကွ ရှာကြဖို့ပဲ ရည်ရွယ်ထားပါတယ်....ဒါတော့ အဓိက ရည်ရွယ်ချက်ပေါ့ ...."

ထန်ယဲက လူယုံတော်အား စေ့စေ့ကြည့်လိုက်သည်။

"ကျုပ်က သဘောမတူရင်ကော ...."

လူယုံတော်က ပခုံးတစ်ချက် တွန့်လိုက်သည်။ သူက အေးအေးဆေးဆေးပင်။ သူ စီစဉ်ထားသမျှ အားလုံးဖြစ်ရမည်ဟု ယုံကြည်ထားပုံရသည်။

"ခင်ဗျားဟာ ကျုပ်ဆရာအဖြစ် ဘဝတစ်ခုလုံး အေးချမ်းစွာ နေလို့မရတော့ဘူးပေါ့...."

"သဘောတူခဲ့ရင်...."

"ခင်ဗျားဟာ ထန်ယဲဖြစ်တဲ့အကြောင်း ကျုပ် မေ့ပစ်လိုက်မယ်...."

"ဒီလောက်နဲ့မလုံလောက်ဘူး...."

"ခင်ဗျားက ဘယ်လောက်အထိ ကတိလိုချင်သလဲ...."

ထန်ယဲက ပြုံးလိုက်သည်။

"ကျုပ် ထန်ယဲဆိုတဲ့ အထောက်အထား မကျန်ချင်ဘူး...."

လူယုံတော်က ခေါင်းညိတ်လိုက်၏။

"ကျုပ်တို့ရတနာတွေရပြီးတဲ့အခါ ကျုပ် မိတ်ဆွေဆီပို့ထားတဲ့ စာရွက်ပြန်ယူပေးမယ်၊ ဒီစာမရှိရင် ခင်ဗျားအတွက် လုံခြုံပါပြီ...."

ထန်ယဲက သက်ပြင်းတစ်ချက် ချလိုက်သည်။

ယခုလောလောဆယ် လူယုံတော်အား သုတ်သင်လိုက်လျှင် ထိုစာကြောင့် သူ ဒုက္ခရောက်ပေမည်။



လူယုံတော်သည် သေချာစေ့စပ်စွာ ထောင်ချောက်ပြုလုပ်ထားပေသည်။

ထိုစာကိုရမှသာ လူယုံတော်အား သုတ်သင်ရပေမည်။

အရေးကြီးသည်မှာ ထိုစာမည်သူ့ထံတွင်ရှိကြောင်း သိရန်ပင် မဟုတ်ပါလော။

ထန်ယဲက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ.... ဒီစာ ဘယ်သူ့ဆီမှာထားသလဲ...."

လူယုံတော်က မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ် မိတ်ဆွေက ထိုက်လုလို့ခေါ်တယ်...သူဟာ သိုင်းပညာ ထက်မြက်တဲ့ အထက်လမ်းသိုင်းသမားတစ်ယောက်ပဲ.... ကျုပ် သေပြီဆိုတာနဲ့ သူက စာကိုဖွင့်ကြည့်လိမ့်မယ်၊ ဒါဆိုရင် ခင်ဗျားပြေးဖို့ မလွတ်တော့ပါဘူး...."

ထန်ယဲက အံကိုတင်းတင်းကြိတ်လိုက်၏။

"ကျုပ် ထန်ယဲဟန်ဆောင်လို့ တစ်ကြိမ်ဒုက္ခရောက်ခဲ့ပြီးပြီ.... နောက်တစ်ကြိမ် ဒုက္ခမလိုချင်တော့ဘူး .... ဒီတော့ မင်းသေမှဖြစ်တော့မယ်...."

သူသည် ယင်းသို့ပြောပြီးသည်နှင့် လျှပ်တစ်ပြက် ဓားကိုဆွဲထုတ်ကာ လူယုံတော်အား ခုတ်ချလိုက်လေတော့၏။

လူယုံတော်မှာ သိုင်းပညာအရာ၌ ထန်ယဲကိုမမီကြောင်း သိထားသည်။ ထို့ကြောင့် သူသည် ဘာမှပြင်ဆင်မထားချေ။ ဓားနှင့် ခုတ်လိုက်သောအခါ သူ မရှောင်နိုင်ချေ။

"အား ...."

www.burmeseclassic.com

www.burmeseclassic.com



စူးရှနာကျင်စွာ အော်ဟစ်လိုက်သော အော်ဟစ်သံထွက်ပေါ်လာသည်။

လူယုံတော်မှာ အရုပ်ကြိုးပြတ် လဲကျသွား၏။

ထန်ယဲ့က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို ဘယ်သူမှ ကြောလို့မရပါဘူး.... ထိုက်လုကိုရှင်းပစ်ပြီးရင် ကျုပ်ဘဝ လုံခြုံပြီပဲ .... ဘယ်သူကမှ မင်းကို ကျုပ်သတ်တယ်လို့ ထင်ကြမှာမဟုတ်ဘူး.... မင်းက ကျုပ်ကို နဖားကြိုးထိုးလို့ ဘယ်ရမလဲ.... ကျုပ်က နွားမဟုတ်ဘူး"

သို့သော်....

သူ၏စကားများကို လူယုံတော်က ကြားနိုင်တော့မည် မဟုတ်ချေ။

သူ အချိန်မဖြုန်းတော့ပေ.... ရန်ကြွင်းကို သူမထားလိုပေ။ သူသည် ချက်ချင်းပင် ခရီးဆက်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ည၏အမှောင်ထုကို အကာအကွယ်ယူကာ ထန်ယဲသည် ဂေဟာတစ်ခုဆီသို့ ချဉ်းကပ်လာ၏။

ထိုဂေဟာသည် ထိုက်လုဆိုသော အထက်လမ်းဆိုင်းသမား၏ ဂေဟာပင်ဖြစ်သည်။

ယခု သူသည် ချန်စန်းဘဝတွင် မနေလိုတော့ပါ။

ထို့ကြောင့်....

ထိုက်လုအား ရှင်းပြီး အထောက်အထားများ ဖျောက်ဖျက်ကာ ပြန်ရန် စိတ်ကူးထား၏။



ဤသို့စိတ်ကူးခြင်းသည် မလိုလားအပ်သောအရာကို စွန့်စားခြင်းဟု သူသိထား၏။

သို့သော်....

ထန်ယဲ အသက်ရှင်လျက်ရှိသည်ကို ဤလောကကြီး၏ မည်သူမျှ မသိစေလိုပါ။

ထန်ယဲသည် ထိုက်လု၏ဂေဟာကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။

တစ်အိမ်သားလုံး အိပ်မောကျနေဟန်တူသည်။

ထန်ယဲက ကျေနပ်စွာပြုံးလိုက်ပြီး ဂေဟာအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

"ချက်...."

အသံနှင့်အတူ ပြတင်းတံခါး ပွင့်သွား၏။

ထန်ယဲသည် အသာနားစွင့်နေလိုက်သည်။ အထဲက ဘာသံမှ မကြားရပါ။

ဂေဟာတွင်း၌ ငြိမ်သက်တိတ်ဆိတ်နေသည်။ စိတ်ချောက်ချားဖွယ်ရာပင်။

သူသည် စိတ်ချသောအခါမှ ပြတင်းတံခါးကိုဖွင့်ကာ အထဲသို့ ခိုဝင်လိုက်၏။

ထို့နောက် ပြတင်းတံခါးကို အသာပြန်ပိတ်လိုက်သည်။

ပြီးလျှင် အမှောင်ထုအတွင်း မျက်လုံးကျင့်သားရစေရန် ခေတ္တငြိမ်သက်စွာ နေလိုက်၏။

သူ၏စူးရှသော မျက်လုံးများက အမှောင်ထုအတွင်း အတန်အသင့် ကျင့်သားရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲသည် ဂေဟာအတွင်း လျှောက်သွားကြည့်လိုက်၏။

ဂေဟာညာဘက်တွင် အခန်းတစ်ခုရှိသည်ကို တွေ့၍ ဖွင့်ကြည့်လိုက်ရာ စာကြည့်ခန်းဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။ စာကြည့်ခန်းဖြစ်ကြောင်း သူသိသောအခါ လွန်စွာစိတ်ဝင်စားသွားသည်။ လူယုံတော်ပေးလိုက်သောစာသည် ဤအခန်းထဲ၌ပင် ရှိနိုင်သည်။

ထန်ယဲက အခန်းတွင်းဝင်ပြီး အတန်ကြာ ရှာဖွေကြည့်လိုက်၏။

ရေနွေးတစ်အိုးကျက်ခန့် အချိန်ကုန်သောအခါ စာအိတ်တစ်အိတ်ကို တွေ့လိုက်ရသည်။

စာအိတ်ပေါ်တွင် စာတစ်ကြောင်း ရေးသားထားသည်။

"ကျွန်ုပ် သေဆုံးချိန်တွင် ဖွင့်ရန်"

ထန်ယဲမှာ အလွန်ဝမ်းသာသွား၏။

လူယုံတော်၏စာကို တွေ့ရပြီ မဟုတ်ပါလော....

ဤအတိုင်းဆိုလျှင် ထိုက်လုကို သူကရှင်းပစ်ရန် မလိုတော့ပါ....ရှင်းပစ်နေလျှင် သူ့အတွက် ပြစ်မှုတစ်ခု တိုးသွားပေလိမ့်မည်။

ထိုစာကိုဖျက်ဆီးပစ်လိုက်လျှင် သူ၏ဘဝဟောင်း ပျောက်ပျက်သွားပြီမဟုတ်ပါလော....

ထန်ယဲက သဘောကျစွာ ပြုံးလိုက်ပြီး စာကိုမီးရှို့လိုက်၏။

ထိုစဉ်....

"ဘယ်သူလဲ...."

ဟူသောအသံနှင့်အတူ လူပ်ရှားသံများ ပေါ်ထွက်လာလေတော့သည်။

ထန်ယဲမှာ ထိတ်လန့်သွား၏။



သူသည် ကပျာကယာ အခန်းထဲမှထွက်စဉ် လူရိပ်တစ်ရိပ်နှင့် တိုးမိသွား၏။

"ဘယ်သူလဲ...."

အသံနှင့်အတူ လျင်မြန်သောတိုက်ခိုက်မှုက ရောက်ရှိလာသည်။

ထန်ယဲကလည်း လက်မနှေးပါ။

သူသည် ချက်ချင်းပင်ဓားနှင့် ပြန်လှည့်တိုက်ခိုက်လိုက်၏။

ထိုလူမှာ နောက်သို့ဆုတ်သွားပြီး....

"ရန်သူ....ရန်သူ ...."

ကျယ်လောင်သော အော်ဟစ်သံသည် ပတ်ဝန်းကျင်၌ ပျံ့လွင့်သွားလေ၏။

ထိုအခါ....

ထန်ယဲမှာ အကြီးအကျယ် ထိတ်လန့်သွားသည်။

သူသည် ဆက်လက်တိုက်ခိုက်မနေတော့ဘဲ ဂေဟာအတွင်းမှ ကိုယ်လွတ်ရုန်းကာ ပြေးထွက်လာခဲ့လေတော့သည်။

ထန်ယဲမှာ ကိုယ်ဖော့ပညာကို သုံးကာ ပြေးလွှားနေ၏။

သူသည် ဤမြို့မှအမြန်ဆုံး ထွက်သွားရတော့မည်ကို နားလည်လိုက်၏။

သူ၏အလောတကြီး မဆင်မခြင်ပြုမူမှုက ဒုက္ခရောက်စေပြီ မဟုတ်ပါလော.... လူတို့သည် ဤသို့သော အမှတ်မထင်ပြုမိသော အမှားကလေးကြောင့် ဒုက္ခရောက်ကြသည်။

သူက မြို့ပြင်သို့ပြေးရန် စိတ်ကူးပြီးမှ မြေပုံမပါရသေးသည်ကို သတိရလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမြို့ကလေးသို့ နောက်တစ်ကြိမ် မလာလိုတော့ပါ။

မြေပုံယူပြီး တစ်ခါတည်းထွက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

ရန်သူ ထွက်ပြေးသွားသောအခါ ထိုက်လုသည် ဂေဟာတွင်း၌ မီးများထွန်းညှိလိုက်၏။

ထိုအခါ....

စာကြည့်ခန်းတွင်းရှိ ကြမ်းပြင်ပေါ်တွင် ပြုတ်ကျနေသော စာအိတ်တစ်အိတ်ကို တွေ့မြင်သွားသည်။

ထိုက်လု၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

"ဒါ လူယုံတော်ရဲ့စာအိတ်ပါလား...."

သူသည် တွေးရင်း စာအိတ်ကို ကောက်ယူကြည့်လိုက်၏။

စာအိတ်ထဲ၌ စာရွက်မရှိတော့ပါ။

ထိုက်လုမှာ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီလူ ဘယ်သူလဲ.... ဘာကြောင့် ဒီစာကိုလာပြီး ဖျက်ဆီးရတာလဲ...."

သူသည် ယင်းသို့တွေးရင်း မျက်လုံးပြူးသွားလေ၏။

"ဟင် ဒီအတိုင်းဆိုရင် လူယုံတော်ဒုက္ခရောက်နေပြီနဲ့တူတယ်"

ထိုက်လုသည် ချက်ချင်းပင် အစောင့်သိုင်းသမားများကို ဆင့်ခေါ်လိုက်လေတော့သည်။

❋



ထန်ယဲသည် ချန်စန်း၏ဂေဟာတွင်းသို့ လျင်မြန်စွာဝင်လိုက်၏။

လူယုံတော်အလောင်းက ကြမ်းပြင်ပေါ်တွင် ရှိဆဲပင်ဖြစ်သည်။

သူက လူယုံတော်၏အလောင်းကို ခွကျော်ကာ ယခင်က သူနေခဲ့သောအခန်းရှိရာသို့ လျှောက်လာခဲ့သည်။

အခန်းတံခါးမှာ သော့ပိတ်ထားလေသည်။

သူက အခန်းတံခါးကို ဖျက်ရန်ကြံရွယ်စဉ် မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထန်ယဲမှာ ထိတ်လန့်သွား၏။

"ထိုက်လုက လုံခြုံရေးတပ်သားတွေကို ခေါ်လာပြီထင်တယ်၊ ဒုက္ခပါပဲ.... ဘယ်လိုလုပ်ရမလဲ...."

သူသည် အလျင်အမြန်စဉ်းစားလိုက်၏။ အရေးကြုံလာသောအခါ ဦးနှောက်ကပူလာသည်။

ရုတ်ခြည်းပင် အကြံတစ်ခုရလာသည်။

လောလောဆယ်တွင် သူသည် ထန်ယဲမဟုတ်ပါ...

ချန်စန်းသာဖြစ်သည်။ ချန်စန်းသည် သူ့ဂေဟာ၌သူ ရှိနေသည်။ ဒါဆန်းသလား ....။

ချန်စန်းသည် သူ၏ဂေဟာ၌ ရှိခြင်းသည်မဆန်းပါ။

အရေးကြီးသည်က လူယုံတော်၏အလောင်းပင် ဖြစ်၏။

လူယုံတော်၏အလောင်းကို ဖျောက်ဖျက်နိုင်လျှင် ပြီးပြီမဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အာဏာသားများက လူယုံတော်အား မေးလာလျှင် မိမိကအလုပ်မှထုတ်ပစ်လိုက်ကြောင်း ပြောလိုက်လျှင် ပြီးပြီမဟုတ်ပါလား....

ထန်ယဲ့မှာ သူ၏အကြံကို သဘောကျသွား၏။

ထို့နောက်....

သူသည် ဧည့်ခန်းအတွင်းသို့ ပြန်ဝင်လာပြီး အလောင်းကို မ,ကာ ပခုံးပေါ်တွင် ထမ်းလိုက်သည်။

ဂေဟာအနောက်ဘက် ရေတွင်းသည် အလောင်းဖျောက်ရန် အကောင်းဆုံးနေရာပင် ဖြစ်သည်။ သူသည် အလောင်းကို ရေတွင်းထဲပစ်ချရန် အလောင်းကိုထမ်းကာ ရေတွင်းဆီသို့ လျင်မြန်စွာ လျှောက်လာခဲ့၏။

သူသည် လျှောက်လာရင်း မြင်းခွာသံများ ပျောက်သွားသည်ကို ထူးဆန်းသည်ဟု ထင်မိ၏။

သို့သော် တွေးမနေအားပါ။

သူ့အတွက် အရေးကြီးဆုံးအလုပ်မှာ လူယုံတော်၏အလောင်းကို ဖျောက်ဖျက်ပစ်ရန်ပင် မဟုတ်ပါလော....

ထို့ကြောင့် ထန်ယဲသည် ရေတွင်းဆီသို့ ခပ်သွက်သွက် လျှောက်လိုက်လာ၏။

ထိုစဉ်မှာပင်....

"ရပ်လိုက်...."

အသံနှင့်အတူ အမှောင်ထုတွင်းမှ ထိုက်လုနှင့် လုံခြုံရေးတပ်သားများ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။ ထန်ယဲမှာ မျက်နှာပျက်သွား၏။



လူယုံတော်၏အလောင်းကို ရေတွင်းထဲပစ်ချပြီး ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။ သို့သော် ပြေးပေါက်မရှိအောင် အာဏာသားများက စနစ်တကျ ပိတ်ဆို့ထားသည်ကို တွေ့မြင်လိုက်ရသည်။ ထိုက်လုက ရှေ့တိုးလာလေသည်။

"လက်စသတ်တော့ ချန်စန်းကို.... ခင်ဗျားက လူယုံတော်ကို ဖော်ကောင်လုပ်တယ်ဆိုပြီး ရှင်းပစ်လိုက်တာပဲပေါ့...."

ထန်ယဲသည် ပါးစပ်ပိတ်ထားလိုက်၏။

သူရှင်းပြလည်း အပိုပင်ဖြစ်သည်။ သူသည် ထန်ယဲမဟုတ်ဘဲ ချန်စန်းဖြစ်နေသည် မဟုတ်ပါလား.... သူ့အား အလောင်းနှင့်အတူ လက်ပူးလက်ကြပ်ဖမ်းမိနေပြီ မဟုတ်ပါလား.... ထန်ယဲသည် အံကို တင်းတင်းကြိတ်လိုက်၏။

"ချန်စန်း.... မင်းကသေသွားတာတောင် ကျုပ်ကို ဒုက္ခပေးပါလား...."

မှန်ပေသည်.... ချန်စန်း၏ဒုက္ခပေးမှုကို သူသည် မည်သည့်အချိန်ထိ ခါးစည်းခံနေရမည်ဆိုသည်ကို သူကိုယ်တိုင်လည်း မစဉ်းစားတော့ချေ။

❋

www.burmeseclassic.com

www.burmeseclassic.com



"ဟား....ဟား....ဟား ...."

ထန်ယဲမှာ မိမိအကြောင်းကို ပြန်တွေးရင်း သဘောကျစွာ ရယ်မောလိုက်ပြန်သည်.... သူသည် အားပါးတရ ဆက်ရယ်လေသည်။ ထန်ယဲရူးသွပ်သွားပြီးလားမသိပေ။ လူဆိုးထိန်းက မှတ်ချက်ချလိုက်သည်။

"ဒီကောင်နှိပ်စက်ခံရလွန်းလို့ ရူးသွားပြီနဲ့တူတယ်...."

သူသည် ချက်ချင်း ပြန်ထွက်သွားသည်။ ထန်ယဲမှာ လူဆိုးထိန်းစကားကိုကြားရသောအခါ အကြံတစ်ခုရလာသည်။ သူက ရူးသွပ်ဟန်ဆောင်ပြီး လွတ်လမ်းရှာဖွေရန်ပင် ဖြစ်သည်။ သူသည် မရပ်မနား ရယ်မောနေလေတော့၏။

* * *



အခန်း(၁၇)

## တောင်ပြိုခြင်း

ထန်ယဲသည် အရူးတစ်ယောက်ကဲ့သို့ ပြုမူနေ၏။

သူသည် တစ်နေ့လုံး ထမင်းမစားပါ။

မရပ်မနားရယ်မောနေပြီး တွေ့ကရာစကားများ လျှောက်ပြောနေသည်။

အကျဉ်းထောင်စောင့် လူဆိုးထိန်းများက သူ့အား ရူးသွပ်နေပြီဟု ယူဆသွားကြသည်။

မကြာမီ သတင်းစုံစမ်းရေးမှူး ထိဖုံးရောက်ရှိလာပြီး အချုပ်ခန်းအပြင်မှ အကဲခတ်နေ၏။

ထန်ယဲကလည်း ဟန်မပျက်ပင် ရူးသွပ်နေသူတစ်ဦးကဲ့သို့ ဟန်ဆောင်နေလိုက်၏။

ထိဖုံးက သူ့အား သေချာစွာ စူးစိုက်ကြည့်လိုက်ပြီး ပြုံးသားစွာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထန်ယဲ .... ခင်ဗျားသရုပ်ဆောင်တာက မပီပြင်သေးဘူးဗျ ကျုပ် တကယ်ရူးသွပ်တဲ့လူတွေကို တွေ့ဖူးပါတယ်.... ခင်ဗျားရဲ့မျက်လုံးကရှိတဲ့ အရောင်တွေပျောက်ပစ်ဖို့ ခင်ဗျားမေ့နေတယ်၊ ဒီအချက်ကိုသာ ကျုပ် သတိမထားမိရင်တော့ ခင်ဗျားကို တကယ်ပဲရူးသွပ်သွားပြီလို့ ယူဆမိမှာပဲ...."

ထိုစကားကြောင့် ထန်ယဲမှာ စိတ်ဓာတ်ကျသွား၏။

ထိဖုံးသည် ပါးနပ်လွန်းလှသည် မဟုတ်ပါလား....

ထိဖုံးက မဲ့ပြုံးပြုံးလိုက်ပြီး နှုတ်ဆက်လိုက်၏။

"ကဲ.... ကဲ.... ခင်ဗျား အားမွေးထားဦး၊ ညကျရင် ကျောပွတ်အရသာခံစားဖို့ အားမရှိဘဲနေဦးမယ်...."

သူသည် စကားဆုံးသည်နှင့် ထွက်သွားလေတော့၏။

"တောက်...."

ထန်ယဲက ဒေါသတကြီးဖြင့် တက်ခေါက်လိုက်၏။

သူကြိုးစားသမျှ သဲထဲရေသွန် ဖြစ်ရပြီမဟုတ်ပါလား....

သို့သော်....

သူက ပခုံးနှင့်ပတ်သက်၍ ထူးခြားချက်ကို သတိပြုမိလိုက်၏။

ထိုထူးခြားချက်မှာ တခြားမဟုတ်ပါ။

ထိဖုံးသည် မိမိကို အထင်ကြီးလှသည့်အချက်ပင် ဖြစ်သည်။

မိမိကိုယ်ကို အထင်ကြီးခြင်းသည် အမှန်စင်စစ် အားနည်းမှုတစ်ရပ်ပင်ဖြစ်၏။

သူသည် ထိဖုံး၏အားနည်းချက်ကို မည်သို့အသုံးချရမည်ကို တွေးတောနေလိုက်လေတော့သည်။

❋



"အား.... ကျွတ်.... ကျွတ်...."

ထန်ယဲမှာ အသံထွက်အောင်ပင် ညည်းညူနေမိ၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး နာကျင်နေသည်။

ကျောပွတ်ဒဏ်ကြောင့် သူ၏ကျောပြင်တစ်ခုလုံး ယောင်ကိုင်းနေပေသည်။

သူမည်မျှ တောင့်ခံနိုင်မည်နည်း....

ယခုထိ သူ့အား ထောက်လှမ်းရေးမှူး ထိဖုံးက မေးမြန်းခြင်းမပြုသေးပါ။

စိမ်ပြေနပြေ ကျောပွတ်စာကျွေးနေဆဲပင် ဖြစ်သည်။

ထန်ယဲက သက်ပြင်းချလိုက်၏။

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။

သူစွန့်စားရပေမည်။

သူ၏စွန့်စားမှု အောင်မြင်လျှင် သူနိုင်မည်။

သူ၏စွန့်စားမှု အအောင်မြင်လျှင် အရှုံးနှင့်ရင်ဆိုင်ရမည်။

သူ အောင်မြင်ခဲ့လျှင်....

အတွေးနှင့်အတူ တက်ကြွလာလေတော့သည်။

ထိဖုံး၏အားနည်းချက်ကို သူ့အတွက် အခွင့်အရေးအဖြစ် အသုံးချရမည် မဟုတ်ပါလား....

ထန်ယဲသည် ထိုအတွေးနှင့်အတူ စိတ်ဓာတ်တက်ကြွနေလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ထိဖုံးမှာ စားပွဲပေါ်ရှိ စာရွက်စာတမ်းများကို ဖတ်ရှုနေသည်။

ထိုစဉ်....

အခန်းထဲသို့ လူဆိုးထိန်းတစ်ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဘာကိစ္စလဲ...."

လူဆိုးထိန်းက ဦးညွှတ်အရိုအသေပြုလိုက်ပြီး....

"ထန်ယဲက တွေ့ခွင့်တောင်းနေပါတယ် သတင်းစုံစမ်းရေးမှူး ခင်ဗျား...."

ထိခုံးမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာကိစ္စတဲ့လဲ...."

လူဆိုးထိန်းက ခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူး....သူက တော်တော်ကို စိတ်ဓာတ်ကျနေပြီ....ဖွင့်ပြောဖို့နဲ့တူပါတယ်...."

ထိခုံးက သဘောကျစွာ ရယ်မောလိုက်၏။

"ဟား....ဟား....ဟား....နောက်ဆုံးတော့ ထန်ယဲလည်း သာမန်လူတစ်ယောက်နဲ့ မခြားတော့ပါဘူး....ဒါဟာ စစ်ဆေးတဲ့ပညာတစ်ခုပဲ၊ သူတို့ကို ဘာမှမမေးဘဲ နေ့စဉ်နှိပ်စက်နေတော့ ကြာလာတဲ့အခါ စိတ်ဓာတ်ပျက်ပြားလာကြတာပေါ့...."

လူဆိုးထိန်းက ဦးညွှတ်အရိုအသေပြုကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။



မကြာမီ လူဆိုးထိန်းသည် ထန်ယဲ့ကို ခေါ်ဆောင်လာခဲ့သည်။

ထိဖုံးက ထန်ယဲ့အား နေရာပေးသည်။

ထိဖုံးက ပြုံးပြသည်။

"ကဲ....စားလိုက်ကြပါဦး ...."

ထန်ယဲ့က ဘာမှမပြောပါ။

သူသည် စားသောက်ဖွယ်ရာများကို တစ်ချက်ကြည့်လိုက်၏။

အနံ့အရသာ ကောင်းမွန်လှသော စားသောက်ဖွယ်ရာများပင်ဖြစ်သည်။

ထန်ယဲ့က သဘောကျစွာပြုံးလိုက်ပြီး စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်လိုက်၏။

သူ၏စွန့်စားမှုအတွက် အားအင်ပြည့်ဝနေရမည် မဟုတ်ပါလား....

ထိဖုံးက သူ စားသောက်နေသည်ကို အေးဆေးစွာပင် ကြည့်နေ၏။

သူသည် ထန်ယဲစားသောက်၍ ပြီးစီးသွားသောအခါ စကားစလိုက်သည်။

"ခင်ဗျားက ကျုပ်ကို တွေ့ချင်တယ်ဆိုတာ .... ဘာကိစ္စများလဲ...."

ထန်ယဲက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"ကျုပ် ကျာပွတ်ဒဏ်ကို မခံနိုင်တော့ဘူး...."

ထိဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား.... ရွေးချယ်ခဲ့တဲ့လမ်းပဲ...."

ထန်ယဲမှာ မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် တခြားနည်းလမ်းပြန်ရွေးလို့ မရတော့ဘူးလား...."

ထိခုံးက ခေါင်းညိတ်လေ၏။

"ခင်ဗျား ဘယ်လိုနည်းလမ်းရွေးချင်သလဲ.... ခင်ဗျား လွတ်မြောက်ဖို့တော့ မရနိုင်တော့ဘူး ...."

"ကျုပ် နားလည်ပါတယ်....ကျုပ် ထောင်ထဲမှာ အေး....အေးဆေး....ဆေး နေရရင်တော်ပါပြီ...."

"ဒါကိုတော့ ကျုပ်တာဝန်ယူနိုင်ပါတယ်...."

"ကောင်းပြီ.... ကျုပ် အားလုံးပြောပါ့မယ်...."

သူသည် ယင်းသို့မပြောသေးဘဲ အစောင့်များဘက် တစ်ချက်ဝေ့ကြည့်လိုက်၏။

ထိခုံးက လူဆိုးများဘက်သို့လှည့်ကာ အမိန့်ပေးလိုက်လေ၏။

"မင်းတို့ သွားနိုင်ပြီ...."

ထိုအခါ....

လူဆိုးထိန်းများက အရိုအသေပြုကာ အခန်းတွင်းမှထွက်သွားကြသည်။

ထိခုံးက ထန်ယွဲ့အား စေ့စေ့ကြည့်လိုက်၏။

"ကဲ.... ခင်ဗျား ပြောပေတော့...."

ထန်ယွဲ့က ခေါင်းခါယမ်းလိုက်သည်။

"အခန်းထဲမှာ လူမကုန်သေးဘူး....ကျုပ်က ဒီကိစ္စကို တခြားမသိစေချင်ဘူး...."

ထိခုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘယ်သူမှ မရှိတော့ပါဘူး...."

ထန်ယွဲ့က မဲ့ပြုံးပြုံးလိုက်၏။



"ခင်ဗျားရဲ့နောက် ဗီရိုကြားမှာ .... အစောင့်တစ်ယောက်ရှိတာ .... ကျုပ်မသိဘဲ နေမလား...."

ထိခုံးက မျက်မှောင်ကုတ်သွားသည်။

"မဟုတ်သေးပါဘူး....ဘယ်သူမှ မရှိတော့ပါဘူးဗျ...."

သူက ယင်းသို့ပြောပြီး နောက်ဘက်သို့လှည့်ကြည့်လိုက်၏။

သူ၏အနောက်ဘက်တွင် ဗီရိုများသာရှိသည်။

မည်သည့်လူဆိုးထိန်းမျှ မရှိပါချေ။

ထိုစဉ် သူက ရုတ်ခြည်းသတိရလိုက်၏။

သူ အဘယ်ကြောင့် မရှိသည်ကို အရှိပြောရသနည်း....

ထန်ယဲ၏အငိုက်ဖမ်းခြင်းလော....

သူသည် ထန်ယဲ၏ပရိယာယ်ကို ရိပ်မိလိုက်၏။

သူက ထန်ယဲဘက်သို့ အလျင်အမြန် ပြန်လှည့်လိုက်သည်။

သို့သော် သူ နောက်ကျသွားပြီဖြစ်သည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ထုံကျဉ်သွားပြီး လှုပ်ရှား၍မရတော့ဘဲ ဖြစ်သွားလေတော့သည်။

"တောက်...."

ထိဖုံးမှာ အသံမထွက်နိုင်ဘဲ တက်ခေါက်လိုက်၏။

သူ့အား ပြုံး၍ကြည့်နေသော ထန်ယဲအား ရှုံ့မုန်းစွာကြည့်လိုက်သည်။

ထန်ယဲက မဲ့ပြုံးပြုံးလိုက်သည်။

"မင်း စိတ်ထဲမှာ .... ကျုပ်ကို လက်ခုပ်ထဲကရေလို သဘောထားတာ မှားတာပဲ...."

ထိခုံးက အေးစက်ခက်ထန်သော လေသံဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီကထွက်သွားလို့မရပါဘူး...."

ထန်ယဲ့က ပခုံးတစ်ချက် တွန့်လိုက်သည်။

"သိပ်ရတာပေ့ါ...ကျုပ်ကို အကျဉ်းထောင်အပြင်ဘက် လိုက်ပို့မယ်လို့လူရှိနေပြီပဲ...."

ထောက်လှမ်းရေးမှူး ထိဖုံးမှာ မျက်နှာပျက်သွားလေသည်။

ထန်ယဲ့က ထောက်လှမ်းရေးမှူးထိခုံးအား အေးစက်စွာစိုက်ကြည့်လိုက်၏။

"မင်းတို့အနိုင်ယူဖို့ ဒီလောက်လွယ်ကူလိမ့်မယ်လို့ ကျုပ် မမျှော်လင့်ခဲ့ဘူး...မင်းက ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းလို့ အလစ်ခံလိုက်ရတာပဲ ကဲ ကျုပ်ကို လိုက်ပို့ပေတော့...."

ထိခုံးက အံကိုတင်းတင်းကြိတ်လိုက်၏။

"ခင်ဗျားကို ကျုပ် ဘယ်တော့မှလိုက်မပို့ဘူး....ကျုပ် လိုက်ပို့မယ်လို့ထင်ရင်တော့ .... ခင်ဗျားအမှားကြီး မှားနေပြီ...."

ထန်ယဲက စဉ်းလဲစွာပြုံးလိုက်၏။

"ကျုပ်က နှိပ်စက်နည်းတွေကို မင်းလောက်မတတ်ဘူး....ဒါပေမယ့် လူတစ်ယောက်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဒုက္ခိတဖြစ်အောင်တော့ ဘယ်လိုလုပ်ရမယ်ဆိုတာ ကောင်းကောင်းနားလည်ပါတယ်...."

ထိုစကားကြောင့် ထိဖုံး၏မျက်နှာမှာ သွေးဆုတ်ဖြူရော်သွားသည်။

ထန်ယဲက သူ့အား စူးစိုက်ကြည့်လိုက်၏။

ထို့နောက် အေးစက်သောလေသံဖြင့် ခြိမ်းခြောက်လိုက်လေသည်။



"ခင်ဗျား ဒုက္ခိတဘဝနဲ့ တစ်သက်လုံးနေချင်သလား....ကျုပ်ကို လိုက်ပို့မလား...."

ထိဖုံး၏မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ ထွက်ပေါ်လာလေ၏။

ထန်ယဲက ထိခုံး၏ဓားကို ယူလိုက်သည်။

"တော်တော်ကောင်းတဲ့ ဓားပဲ...."

သူသည် ယင်းသို့ပြောပြီး ဓားသွားကို ထိဖုံး၏မျက်နှာပေါ် အသာတင်လိုက်သည်။

ထိဖုံးက သက်ပြင်းချလိုက်၏။

ထန်ယဲက သဘောကျစွာရယ်မောလိုက်သည်။

"ဟား.... ဟား.... ဟား.... ဒီလိုပဲဖြစ်ရမှာပေ့ါ.... ကဲ မင်းက ရှေ့ကထွက်ပေတော့...."

ထန်ယဲ့က ထိဖုံးလမ်းလျှောက်နိုင်ရုံ သွေးကြောကိုဖွင့်ပေးလိုက်ပြီး လက်များမလှုပ်နိုင်အောင် သွေးကြောများပိတ်ထားလိုက်၏။

ထို့နောက် ဓားသွားကို ထိဖုံး၏လည်မျိုပေါ်သို့ကပ်လျက် အခန်းတွင်းမှ လှမ်းထွက်လိုက်လေတော့သည်။

ရုတ်တရက် တွေ့လိုက်ရသောမြင်ကွင်းကြောင့် လူဆိုးထိန်းများ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

အချက်ပေးခရာသံများ ဆူညံစွာထွက်ပေါ်သွားသည်။

လူဆိုးထိန်းများသည် လက်နက်ကိုယ်စီဖြင့် ထန်ယဲအား အထပ်ထပ်ဝိုင်းရံလိုက်လေ၏။

သို့သော်....

ထန်ယဲက ခြေလှမ်းတုံ့မသွားပါ။

www.burmeseclassic.com

www.burmeseclassic.com



ဤအခြေအနေမျိုးနှင့် တွေ့ကြုံရမည်ကို စောစောကပင် တွေးတောထားပြီးဖြစ်သည်။

ထန်ယဲကပြုံးလိုက်သည်။

"သတင်းစုံစမ်းရေးမှူးကြီး လမ်းရှင်းလိုက်ပါဦး...."

ထိဖုံးက အံကိုတင်းတင်းကြိတ်လိုက်ပြီး မေးလိုက်၏။

ထို့နောက်....

"အားလုံး နောက်ဆုတ်ကြစမ်း...."

လူဆိုးထိန်းများမှာ ထိဖုံး၏အမိန့်ကြောင့် မည်သို့လုပ်ရမှန်း မသိ ဖြစ်သွားကြ၏။

သူတို့သည် ပိုင်းရံထားခြင်းကို ဖယ်ရကောင်းနိုးနှင့် တွေဝေနေကြသည်။

ထန်ယဲက ရယ်မောလိုက်သည်။

"ဟား.... ဟား.... ဟား.... မင်းတို့ရဲ့သတင်းစုံစမ်းရေးမှူး မသေချင်ရင် နောက်ဆုတ်လိုက်ကြစမ်း...."

ထိုစဉ်.... လူဆိုးထိန်းခေါင်းဆောင် ရောက်ရှိလာ၏။

"ထန်ယဲ ခင်ဗျား လက်နက်ချပါ...နို့မဟုတ်ရင် ခင်ဗျားအတွက် ပြစ်ဒဏ်ပိုကြီးလာမယ်...."

ထန်ယဲက မဲ့ပြုံးပြုံးလိုက်သည်။

"လက်နက်ချရမှာ ကျုပ် မဟုတ်ဘူး....မင်းတို့ နောက်မဆုတ်ရင် သတင်းစုံစမ်းရေးမှူးကို ကျုပ် အရသတ်ရလိမ့်မယ်...."

လူဆိုးထိန်းခေါင်းဆောင်က ခေါင်းခါယမ်းလိုက်၏။

"ထန်ယဲ....ခင်ဗျား ဒီလိုလုပ်လို့မရဘူး....ရာဇဝတ်ဘေး ပြေးမလွတ်ဘူး...."



ထန်ယဲ၏မျက်နှာမှာ တင်းမာခက်ထန်သွားသည်။

"စကားမရှည်နဲ့ နောက်ဆုတ်ကြစမ်း.... ကျုပ်က သေလူပဲ အသက်ချင်း လဲဖို့ ဝန်မလေးဘူးဗျ...."

လူဆိုးထိန်းမှာ မျက်နှာပျက်သွား၏။

ထန်ယဲက ထိဖုံးအား ဓားနှင့်ပို၍ ဖိကပ်လိုက်လေသည်။

လည်ပင်းထဲသို့ ဓားသွားအနည်းငယ် နစ်ဝင်သွားသဖြင့် သွေးများ ဖြာထွက်လာ၏။

"အား...."

ထိဖုံးကနာကျင်စူးရှစွာ အော်ဟစ်လိုက်မိ၏။

ထန်ယဲက အေးစက်သောလေသံဖြင့် ပြောလိုက်၏။

"အားလုံး နောက်ဆုတ်ကြစမ်း.... ကျုပ် စိတ်မရှည်ချင်တော့ဘူး...."

ထိဖုံးက သက်ပြင်းချလိုက်သည်။

ထို့နောက် အားလုံးကို အမိန့်ပေးလိုက်၏။

"အားလုံး လမ်းဖယ်ပေးလိုက်ကြ...."

လူဆိုးထိန်းခေါင်းဆောင်မှာ တွေဝေသွားသည်။

သူသည် မည်သို့လုပ်ရမည်ကို မသိဖြစ်နေသည်။

ထန်ယဲသည် အရေးကြီးသော အကျဉ်းသားတစ်ယောက် ဖြစ်ပေသည်။

ထန်ယဲ လွတ်သွား၍မဖြစ်ပါ။

ထို့အတူ ထိဖုံးမှာလည်း သူ့အထက်မှအရာရှိ ဖြစ်ပါသည်။

ထောက်လှမ်းရေးမှူး ထိဖုံး၏အသက်မှာ ထန်ယဲ၏လက်တွင်းသို့ ကျရောက်နေချေပြီ....။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲသည် ခြိမ်းခြောက်သည့်အတိုင်း အမှန်တကယ် ပြုလုပ်မည်ဖြစ်သည်ကို သူသိထား၏။

ထိုစဉ်.... ထန်ယဲစကားသံ ထွက်ပေါ်လာသည်။

"မင်းတို့ လမ်းမဖယ်ကြသေးဘူးလား...."

လူဆိုးထိန်းခေါင်းဆောင်က စိတ်လျှော့လိုက်၏။

သူသည် လက်ထဲမှ ဓားကိုပစ်ချပြီး အမိန့်ပေးလိုက်၏။

"အားလုံး ဖယ်ပေးလိုက်ကြ...."

ထိုစဉ်.... လူဆိုးထိန်းများမှာ လက်နက်များပစ်ချလိုက်ပြီး ဝိုင်းရံထားခြင်းကို ရုပ်သိမ်းပေးလိုက်ကြသည်။

ထန်ယဲက ထိဖုံးအား ဓားစာခံအဖြစ်ခေါ်ကာ အကျဉ်းထောင်အတွင်းမှထွက်လာသည်။

ထို့နောက် လူဆိုးထိန်းများ၏ အကောင်းဆုံးမြင်းတစ်ကောင်ကို ယူ၍....

"ကဲ.... အားလုံး နေခဲ့ကြ....ကျုပ်လွတ်ရာရောက်မှ မင်းတို့ရဲ့သတင်းစုံစမ်းရေးမှူးကို ပြန်လွှတ်လိုက်ပါ့မယ်...."

သူသည် ယင်းသို့ပြောပြီး မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး — ထောက်လှမ်းရေးမှူး ထိဖုံးအား မြင်းပေါ်သို့ဆွဲတင်လိုက်၏။

တစ်ဆက်တည်းမှာပင် ဝူနန်အကျဉ်းထောင်ရှေ့မှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

မြင်းသည် တစ်ဟုန်ထိုး ပြေးလွှားသွားလေသည်။

ထန်ယဲက အေးစက်စွာပြုံးရင် ပြောသည်။

"ပထမတော့ ကျုပ်ကို နှိပ်စက်ခဲ့တဲ့ မင်းကို လက်တုံ့ပြန်မယ်ပဲ...."



ထိုစကားကြောင့် ထိဖုံးမှာ ရင်ထိတ်သွားသည်။

သူသည် ထန်ယဲပြုသမျှ နေရမည့်အနေအထားသို့ ရောက်ရှိနေသည် မဟုတ်ပါလော။

ထိဖုံးသည် အံကိုတင်းတင်းကြိတ်လိုက်၏။

ထိန်ယဲက ရယ်မောလိုက်သည်။

"မင်းအလှည့်မှာ ကတိမတည်ပေမယ့်...ကျုပ်အလှည့်ကတော့ င်းလို မဟုတ်ပါဘူး...ကျုပ်ကတိတည်ကြောင်း ပြတဲ့အနေနဲ့ မင်းကို သတ်ဘဲ ပြန်လွှတ်ပေးလိုက်ပါ့မယ်...."

ထိုစကားကြောင့် ထိဖုံးမှာသက်ရှုချောင်သွား၏။

ထန်ယဲက စကားဆက်လိုက်၏။

"တစ်ခုတော့ ကျုပ်မှာလိုက်မယ်.... ကျုပ်တို့အကြောင်းကို မေ့ပစ်လိုက်ကြပါ....ကျုပ်နောက်ကိုလိုက်ပြီး စုံစမ်းမယ် ကြံစည်မယ်ဆိုရင်....စုံစမ်းတဲ့လူမှန်သ[illegible] သေရမှာပဲ....ဒါကို မြဲမြဲမှတ်ထားပါ"

ဘေးလွတ်ကင်းရာအရပ်သို့ ရောက်သောအခါ ထိဖုံးကို မြင်းပေါ်မှ တွန်းချလိုက်၏။ ဓားကိုလည်း ပစ်ချပေးလိုက်သည်။

"ကဲ.... ကျုပ်သွားမယ်.... မကြာခင် ခင်ဗျားရဲ့ယေသားတွေ ရောက်လာပါလိမ့်မယ်...."

သူသည် ယင်းသို့ပြောပြီး မြင်းပေါ်သို့ခုန်တက်လိုက်၏။

ထို့နောက်....

ဝူနန်အကျဉ်းထောင်နှင့် ဆန့်ကျင်ဘက်အရပ်သို့ ဦးတည်သွား တော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ညနေဆည်းဆာအချိန်....။

ကောင်းကင်လွင်ပြင်တစ်ခုလုံး ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်။

လွင်ပြင်တစ်နေရာတွင်တော့....

ရွက်ဖျင်တဲတစ်ခု တည်ဆောက်ထား၏။

နှင်းကာဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်သည် နှင်း ထုလွင်ပြင်ထဲတွင် ပြေးလွှားနေ၏။

သူသည် ရွက်ဖျင်တဲဆီသို့ ဦးတည်ပြေးလွှားနေခြင်း ဖြစ်သည်

ထိုလူ၏ကိုယ်ဖော့ပညာကို ကြည့်ခြင်းအားဖြင့် သိုင်းပညာ အဆင့်မြင့်သူတစ်ယောက်မှန်း သိသာသည်။

ထိုလူ ရွက်ဖျင်တဲအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် အတွင်း စကားသံထွက်ပေါ်လာ၏။

"အမှတ်ငါး ပြန်လာပြီလား...."

ထိုလူက ခေါင်းညိတ်ရင်း လွတ်နေသောခုံတွင် ဝင်ရောက်ထိုင် လိုက်သည်။

ရွက်ဖျင်တဲအတွင်း၌ လူသုံးယောက်ရှိနေ၏။

အလယ်မှလူသည် လင်ဝီဖုန်းပင်ဖြစ်သည်။

လင်ဝီဖုန်းက မေးလိုက်သည်။

"ပြောပါဦး...."

အမှတ်ငါးဆိုသူက....

"အားလုံး လူနှစ်ရာကျော် စုစည်းပြီးပါပြီ...ဒီညအကျဉ်းထော စီးနင်းတိုက်ခိုက်ဖို့ စီစဉ်ထားပါတယ်...."



လင်ဝီဖုန်းက ကျေနပ်စွာပြုံးလိုက်၏။

"ကောင်းတယ်....ကောင်းတယ်....ကျုပ်တို့စီစဉ်ရင် မအောင်မြင်တဲ့ကိစ္စဆိုလို့ ဘယ်မှာရှိလို့လဲ...."

အမှတ်ငါးက စကားဆက်လိုက်သည်။

"ထိခိုက်မှုတော့ ရှိမှာသေချာတယ်...."

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်....အရေးကြီးတာ ကျုပ်တို့အားလုံး ဘေးမသီရန်မခ အားလုံးစခန်းကို ပြန်ရောက်ဖို့ပဲ...."

အမှတ်ငါးက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"အခြေအနေ မဟန်ရင်ကော...."

လင်ဝီဖုန်းဟာ ပခုံးတစ်ချက် တွန့်လိုက်သည်။

"အခြေအနေမဟန်ရင် ဆုတ်ခွာလာခဲ့ပါ....ဒါပေမယ့် အလစ်တိုက်ခိုက်မယ်ဆိုရင်တော့ ကျုပ်တို့ အခြေအနေကောင်းမှာပါ...."

အမှတ်ငါးက စိတ်ချယုံကြည်သော မျက်နှာထားဖြင့်....

"အစီအစဉ်က ပိရိပါတယ်....ဘယ်လူဆိုးထိန်းကမှ အကျဉ်းထောင်ကို ရုတ်တရက်စီးနင်းလာမယ်လို့ မျှော်လင့်ကြမှာမဟုတ်ပါဘူး....ဘာဖြစ်လို့လဲဆိုတော့ သူတို့အကျဉ်းထောင်ကြီးဟာ တကယ်လုံခြုံတယ်လို့ သူတို့ထင်ထားကြလို့ပဲ...."

လင်ဝီဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"သတိဆိုတာ ပိုတယ်မရှိဘူး....ခင်ဗျားတို့တာဝန်က တိုက်ပွဲနဲ့ မဆိုင်ဘူး သူ့ကိုအမြန်ဆုံး ခေါ်ထုတ်လာဖို့ပဲ...."

အားလုံးက ခေါင်းညိတ်လိုက်ကြသည်။

လင်ဝီဖုန်းက လက်ဖော့ယမ်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ.... မနက်အရုဏ်တက်မှ ဒီမှာပြန်ဆုံမယ်.... ကိုယ့်တာဝန် ကိုယ်ယူကြပေတော့...."

အားလုံးထွက်ခွာသွားကြလေ၏။

✷

"ဒေါင်...."

ကင်းမျှော်စင်မှ သံချောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

ညဉ့်နက်လှပြီဖြစ်သည်။

ည၏အမှောင်ထုအောက်တွင် ဝူနန်အကျဉ်းထောင်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။

အမှောင်ထုက ဝန်းကျင်တစ်ခုလုံးကို ကြီးစိုးထား၏။

အကျဉ်းထောင်တံခါးအနီးဝယ် အစောင့်လေးယောက်က စောင့်ကြပ်နေကြ၏။

အစောင့်များသည် ညဉ့်နက်နေပြီဖြစ်၍ အိပ်ငိုက်နေကြသည်။

ထုံးစံအတိုင်း တစ်ယောက်သာစောင့်၍ သုံးယောက်က အိပ်စက်ရန် ပြင်ဆင်လိုက်ကြသည်။

ထိုအချိန်တွင်....



အကျဉ်းထောင်၏ထောင့်ဘက်မှ လူတစ်စုက ဖြည်းညင်းစွာ ချဉ်းကပ်လာနေကြသည်။

ထိုလူစု၏လှုပ်ရှားမှုများက ညင်သာသော်လည်း သွက်လက်မြန်ဆန်ကြပေသည်။

တစ်ခဏအတွင်းမှာပင် အကျဉ်းထောင်အနီး ရောက်ရှိလာ၏။

သူတို့သည် ပတ်ဝန်းကျင်ကို ခေတ္တရပ်ကာ အကဲခတ်ပြီးနောက် နှစ်ဦးက ရှေ့သို့ပြေးထွက်သွားသည်။

ထို့နောက်....

အလင်းတန်းတစ်ချက် ပေါ်ထွက်သွားပြီး တံခါးစောင့်လေးယောက်မှာ အသံပင်မထွက်နိုင်ဘဲ သေဆုံးသွားကြလေသည်။

ထိုလူနှစ်ယောက်က အကျဉ်းထောင်တံခါးကို ဖွင့်ပေးလိုက်၏။

ထိုစဉ်....

အမှောင်ထုအတွင်း ပုန်းခိုနေသူများက.... တစ်ရှိန်ထိုးပင် အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်သွားကြလေတော့သည်။

"ချွန်း.... ချလွမ်း.... ထန်း...."

"ထန်း.... ထန်း.... ချလွမ်း...."

ရုတ်ခြည်းပင် တိုက်ပွဲများ ဖြစ်ပေါ်လာလေတော့သည်။

"ဒေါင်.... ဒေါင်.... ဒေါင်...."

အချက်ပေးသံချောင်း ခေါက်သံများ ဆူညံစွာထွက်ပေါ်လာသည်။

အကျဉ်းထောင်အတွင်း နေရာအနှံ့တိုက်ပွဲများ ဖြစ်ပေါ်နေသည်။

ထိုစဉ်....

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက်မှာ အချုပ်ခန်းများကို ဖွင့်ကာ အကျဉ်းသားများကို လွှတ်ပေးရင်း တွေ့လိုသောသူကို ရှာဖွေနေကြ၏။

အခြေအနေမှာ လွန်စွာရှုပ်ထွေးနေ၏။

မီးများကလည်း နေရာအနှံ့ လောင်ကျွမ်းလာ၏။

အော်ဟစ်တိုက်ခိုက်သံများကလည်း ငရဲပွက်နေသကဲ့သို့ပင် ယခု....

အကျဉ်းသားများနှင့် လူဆိုးထိန်းများ လုံးထွေးသတ်ပုတ်နေကြသည်။

လူဆိုးထိန်းများသည် ရုတ်တရက် အငိုက်မိသွားသော်လည်း ချက်ချင်းပင် ပြန်လည်စုစည်းသွားကြ၏။

ထို့နောက် လုံခြုံရေးတပ်သားများကလည်း ဝင်ရောက်ကူညီလာသည်။

လူဆိုးထိန်းများက ပိတ်ဆို့ကာ တိုက်ခိုက်မှုများ ပြန်လည်လုပ်လာကြလေတော့သည်။

ထိဖိုးမှာ အရေးပေါ်သံချောင်း ခေါက်သံကြောင့် လန့်နိုး၏။

ထိုအခါ....

ဆူညံသောတိုက်ခိုက်သံများကို ကြားလိုက်ရလေသည်။

ထိဖိုးမှာ မျက်လုံးပြူးသွားသည်။

"ဟင်.... ဘာတွေဖြစ်ကုန်တာလဲ...."

သူသည် ယင်းသို့တွေးရင်း ကပျာကယာ အခန်းတွင်းမှထ မည်အပြု ရုတ်ခြည်းဆိုသလိုပင် လူရိပ်နှစ်ခုက သူ့အား တိုက်ခိုက်လေ၏။



ထောက်လှမ်းရေးမှူး ထိဖိုးမှာ အငိုက်မိသွားသည်။

ရန်သူ၏ဓားဦးက သူ၏ရင်ဝသို့ ထောက်မိသွားလေပြီ....

ထိဖိုးမှာ ရန်သူအား လှမ်းကြည့်လိုက်၏။

ဝတ်စုံနက်များ ဝတ်ဆင်ထားပြီး မျက်နှာတွင်လည်း အနက်ရောင်မျက်နှာဖုံးစွပ်များ စွပ်ထားကြသည်။

ထောက်လှမ်းရေးမှူးထိဖိုးမှာ မျက်မှောင်ကုတ်သွား၏။

"မင်းတို့ ဘယ်သူလဲ...."

ဝတ်စုံနက်တစ်ယောက်က လေသံမာမာဖြင့်....

"တိတ်စမ်း.... ချန်စန်းကို ဘယ်မှာချုပ်ထားသလဲ...."

ထိဖိုးမှာ မျက်လုံးပြူးသွားသည်။

"ချန်စန်း ဟုတ်လား.... သူထွက်သွားပြီ...."

သူသည် ယင်းသို့လွှတ်ခနဲ ပြောမိပြီးမှ ပါးစပ်ပိတ်လိုက်သည်။

ဝတ်စုံနက်က ဓားသွားကိုပို၍ အားစိုက်ထောက်ထားလိုက်ပြီး....

"ဘယ်တုန်းက လွှတ်သွားတာလဲ...."

ထိဖိုးက သက်ပြင်းချလိုက်၏။

"နေ့လယ်ကပဲ....သူက ကျုပ်ကို ဓားစာခံလုပ်ပြီး ထွက်ပြေးသွားတယ်...."

သူ၏စကားအဆုံးတွင် ခြေကန်ချက်တစ်ချက်က သူ့ဆီသို့ ဝင်လာပြီး သူလွင့်စဉ်သွားသည်။

"အား...."

သူက လူးလဲထချိန်တွင် ဝတ်စုံနက်နှစ်ဦးမှာ ပျောက်ကွယ်သွားခဲ့လေပြီ....

www.burmeseclassic.com

www.burmeseclassic.com



ထိဖုံးမှာ ဒေါသချောင်းချောင်း ထွက်သွားပြီး စားကိုဆွဲကာ ထိုသူများနောက်သို့ ပြေးလိုက်သွားလေ၏။

မကြာမီ ....

အကျဉ်းထောင်မှာ မူလအတိုင်း ပြန်လည်ငြိမ်သက်သွားသည်။

ရန်သူများကိုလည်း စနစ်တကျ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည်။

ထိဖုံး၏မျက်နှာမှာ သုန်မှုန်နေပေသည်။

လူဆိုးထိန်းခေါင်းဆောင်က သတင်းပို့လာလေ၏။

"ရန်သူခုနစ်ယောက်သေပြီး ဆယ်ယောက်ဖမ်းမိပါတယ် လူဆိုးထိန်းဆယ်ယောက်နဲ့ အကျဉ်းသားအယောက်နှစ်ဆယ် သေဆုံးသွားပါတယ်...."

ထိဖုံးက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"လွတ်သွားတဲ့အကျဉ်းသား ရှိသလား...."

လူဆိုးထိန်းခေါင်းဆောင်က မဝံ့မရဲ လေသံဖြင့်....

"အကျဉ်းသားဆယ်ယောက်နဲ့ ရန်သူဆယ်ယောက် လွတ်သွားပါတယ်...သူတို့နောက်ကို လူဆိုးထိန်းတွေ လိုက်သွားပါတယ် သတင်းစုံစမ်းရေးမှူး...."

ထိဖုံးက အံကိုတင်းတင်းကြိတ်လိုက်၏။

လူဆိုးထိန်းခေါင်းဆောင်က သက်ပြင်းချလိုက်ပြီး ....

"ရန်သူတွေကို စစ်ဖို့...."

ထောက်လှမ်းရေးမှူး ထိဖုံးက လက်ကာပြလိုက်သည်။

"ဒီလူတွေဟာ ကြေးစားတွေပဲ...ချန်းစန်းလို့ခေါ်တဲ့ ထန်ယဲ့ကံကို ကယ်တင်ဖို့ ရောက်လာကြတဲ့လူတွေပဲ...."



လူဆိုးထိန်းခေါင်းဆောင်က ခေါင်းငုံ့၍ နားစွင့်နေသည်။

ထိဖုံးက စကားဆက်လိုက်သည်။

"သူတို့ ပုန်းကွယ်နေရာက လှုပ်ရှားလာကြပြီး...ကျုပ် ငြိမ်နေလို့မဖြစ်တော့ဘူး.... သူတို့ကိုရအောင် ဖော်ထုတ်ရတော့မယ်...."

လူဆိုးထိန်းခေါင်းဆောင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့.... လူဆိုးထိန်းဘယ်နှစ်ဦး ခေါ်သွားချင်ပါသလဲ...."

ထိခုံးက ခေါင်းခါယမ်းလိုက်၏။

"ဘယ်သူမှ ခေါ်မသွားဘူး.... ကျုပ် တစ်ယောက်တည်းပဲ သွားတော့မယ်...."

သူသည် စကားဆုံးသည်နှင့် သတင်းစုံစမ်းရေးမှူး ဝတ်စုံကို ချွတ်ပစ်လိုက်သည်။

ထို့နောက်....

အကျဉ်းသားဝတ်စုံကို လဲလှယ်ဝတ်ဆင်လိုက်ပြီး....

"သူတို့နဲ့ရောနှောလိုက်သွားနိုင်ဖို့ ကျုပ် အမြန်လိုက်သွားမှ ဖြစ်မယ်...."

စကားဆုံးသည်နှင့် ပြတင်းတံခါးပေါက်မှ ခုန်ထွက်ကာ အမှောင်အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

အမှောင်ထုကို အကာအကွယ်ယူ၍ ထောင်ကိုဝင်စီးခြင်း ဖြစ်သည်။

ည၏အမှောင်ထုအောက်ဝယ် ပြေးလွှားနေသူ အများအပြား ရှိနေ၏။

လူအားလုံးမှာ နောက်လှည့်မကြည့်တမ်း ပြေးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ပါးနှင့်ဖဝါး တစ်သားတည်း ဖြစ်အောင် ပြေးလွှားနေကြသည်။

လမ်းဘေးချုံနွယ်များကြားမှ လူတစ်ယောက်က အခြေအနေကို အကဲခတ်ကြည့်ရှုနေပေသည်။

အတန်ကြာမှ....

သူက ပြေးလွှားနေသူတစ်ဦးနှင့်အတူ ရောနှောကာ ပြေးလိုက်သွားလေတော့သည်။

သူသည် ပြေးလွှားနေသူများနှင့် မခြားနားလှပါ။

အဘယ်ကြောင့်ဆိုသော် သူလည်း အကျဉ်းသားဝတ်စုံနှင့် ဖြစ်နေသည် မဟုတ်ပါသလော....။

အကျဉ်းသားတစ်စုနှင့် ဝတ်စုံနက်အချို့မှာ အတန်ကြာ ပြေးလွှားလာပြီးနောက် ရပ်တန့်လိုက်ကြ၏။

ထို့နောက်....

အားလုံးသည် မြေပေါ်တွင် ခြေပစ်လက်ပစ်လဲလျောင်းလိုက်ကြသည်။

အကျဉ်းသားတစ်ဦးက ထပြီး စကားပြောလေ၏။

ထိုအကျဉ်းသားမှာ အလွန်လူရည်လည်သော အကျဉ်းသားဖြစ်သည်။

"ကျုပ်တို့ကို ကယ်တင်ခဲ့တဲ့မိတ်ဆွေတွေကို ကျေးဇူးတင်ပါတယ်ဗျာ...."

ဝတ်စုံနက်တစ်ဦးက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး...."



ဒုတိယအကျဉ်းသားတစ်ဦးက နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

"ခင်ဗျားတို့ကို ကျုပ်တို့ မသိပါလား.... ဘာကြောင့် အခုလို ကျုပ်တို့ကို ဝင်ကယ်ရတာလဲ...."

ဝတ်စုံနက်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ရှင်းရှင်းပြောရရင် ငွေရလို့ပါ...."

ထိုစကားကြောင့် အကျဉ်းသားအားလုံးမှာ အံ့အားသင့်သွားကြ၏။

သူတို့က တအံ့တသြဖြင့် ပြန်မေးကြသည်။

"ငွေရလို့ဟုတ်လား...."

ဝတ်စုံနက်က ခေါင်းညိတ်လိုက်မိ၏။

"ဟုတ်ပါတယ်...."

အကျဉ်းသားတစ်ဦးက မေးလိုက်သည်။

"ဘယ်သူက ငွေပေးတာလဲ...."

ဝတ်စုံနက်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်တို့လည်း မသိဘူး....ဒါပေမယ့် ဒီလူတွေဟာ အဝေးက လာခဲ့ပုံပဲ.... ခင်ဗျားတို့အကျဉ်းသားထဲက တစ်ယောက်ကိုကယ်ချင်လို့ပါ...."

ထိုအခါ....

အကျဉ်းသားများက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ဝတ်စုံနက်က လက်ဝှေ့ယမ်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ....ခင်ဗျားတို့ ကျုပ်တို့နောက် ဆက်လိုက်ဖို့မလိုတော့ဘူး ကိုယ့်လွတ်လမ်းကိုယ်ရှာကြပါ.... ထောင်ကလွတ်မှတော့ ကိုယ်ဘေးကင်းရာ ကိုယ်ရောက်ဖို့ ကြိုးစားကြပါ ခင်ဗျားတို့နောက်ကို လူဆိုးထိန်းတွေ လိုက်လာကြလိမ့်မယ်...."

အကျဉ်းသားတစ်ဦးက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ.... ဒါထက် ကယ်တင်ရှင်တွေဟာ ဘယ်ကလာတဲ့လူတွေဆိုတာ ခင်ဗျားတို့ မခန့်မှန်းနိုင်ဘူးလား.... ကျုပ်တို့သိတဲ့လူဖြစ်နေရင် ဆက်သွယ်ရမှာမို့ပါ...."

ဝတ်စုံနက်က အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

"ကျုပ်အထင်တော့.... ဒီလူတွေဟာ ရေခဲလွင်ပြင်ကလာခဲ့ပုံပဲကဲ.... ကျုပ်တို့သွားမယ်၊ ခင်ဗျားတို့လည်း သွားကြပေတော့ လူဆိုးထိန်းတွေက မကြာခင် လိုက်လာကြမှာ သေချာတယ်...."

ထို့နောက်....

ဝတ်စုံနက်များသည် အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားကြလေ၏။

အကျဉ်းသားများကလည်း အစုလိုက်သော်လည်းကောင်း.... တစ်ယောက်ချင်းသော်လည်းကောင်း အသီးသီး ထွက်ခွာသွားကြလေတော့သည်။

* * *



အခန်း(၁၈)

## လိုက်လေ ပြေးလေ

လင်စီဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ့စိတ်ထဲ၌ စိတ်ပျက်သွားသော်လည်း ထိုအမူအရာကို ...က်နှာပေါ်၌ မပေါ်အောင် ထိန်းချုပ်ထားနိုင်သည်။

"ကျုပ်တို့ကြိုးစားမှု အချည်းနှီးဖြစ်သွားရတယ်...."

သူက သူတို့၏ကြိုးပမ်းမှုကို သုံးသပ်လိုက်သည်။

အမှတ်နှစ်က ပြုံးလိုက်သည်။

"အချည်းနှီးမဖြစ်ပါဘူး.... အကျိုးရှိပါတယ်...."

လင်စီဖုန်း အံ့သြသွားသည်။ သူက ချက်ချင်းပြန်မေး၏။

"ဘယ်လိုအကျိုးရှိတာလဲ....ကျုပ်တို့ အချိန်ကုန် ငွေကုန် လူပင်...း ရကျိုးမှမနပ်ဘဲ...."

အမှတ်နှစ်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဘာပဲပြောပြော ထန်ယဲထွက်သွားပြီပဲ....သူ မကြာခင် ကျုပ်...သို ပြန်ရောက်လာမှာပါ...."

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် လင်ဝီဖုန်းမှာ တွေဝေသွားသည်။

အတန်ကြာမှ ....

သူသည် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ....

"ဟုတ်တယ် .... ဟုတ်တယ် .... မင်းပြောတာ အမှန်ပဲ .... ကျုပ်တို့ဆီ ပြန်ရောက်လာမှာ သေချာတယ် ...."

အမှတ်နှစ်က လင်ဝီဖုန်းအား လှမ်းကြည့်လိုက်ပြီး ....

"ဒါဖြင့် ကျုပ်တို့ ဒီမှာဆက်နေလို့လည်း အပိုပဲပေါ့ ...."

လင်ဝီဖုန်းက လက်ဝှေ့ယမ်းပြလိုက်သည်။

"မနက်ဖြန် မင်းတို့ပြန်ကြပေတော့ ...."

အမှတ်နှစ်မှာ မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားကော မပြန်သေးဘူးလား ...."

လင်ဝီဖုန်းက ပခုံးတစ်ချက် တွန့်ပြလိုက်၏။

"ကျုပ်က ထန်ယဲ့သတင်း စုံစမ်းဦးမယ် .... သူကိုတွေ့ရင် အပါခေါ်လာခဲ့မယ် ...."

အမှတ်နှစ်က အနည်းငယ်စဉ်းစားပြီး ပြန်မေးခွန်းထုတ်လေ၏။

"သူက ဟိုပြန်ရောက်နေရင်ကော ...."

လင်ဝီဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ ဒီမှာကြာကြာမနေသင့်ဘူး .... မကြာခင်ပြန်လာခဲ့မှာပါ ...."

အမှတ်နှစ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ .... ကျုပ်တို့အားလုံး လူစုံဖို့ပဲအရေးကြီးတယ်"

လင်ဝီဖုန်းက လက်ကာပြလိုက်၏။



"ကျုပ်အတွက် မပူပါနဲ့ .... ကျုပ်က အန္တရာယ်တောထဲကို တိုးဝင်မယ့်လူ မဟုတ်ပါဘူး ...."

အမှတ်နှစ်က ပြုံးလိုက်သည်။

"ကျုပ်က သတိပေးတာပါ .... ဆယ့်ငါးနှစ်လောက် စောင့်ခဲ့တုန်းက စိတ်ရှည်ပေမယ့် အခုတော့ ရက်ပိုင်းလေးကိုပဲ စိတ်မရှည်နိုင်သလို ဖြစ်နေပြီဗျ ...."

လင်ဝီဖုန်းက လက်ဝှေ့ယမ်းပြလိုက်၏။

"ကဲ .... မင်းတို့ ပြန်ကြပေတော့ .... ကျုပ်ပဲသွားမယ် ...."

သူတို့လူစုသည် ဆန့်ကျင်ဘက်အရပ်များဆီသို့ ဦးတည် ထွက်ခွာသွားကြလေတော့သည်။

❋

ထိဖုံးသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ....

အဝတ်တန်းပေါ်တွင် လှန်းထားသောဝတ်စုံကို ချွတ်ကာ လဲလှယ်လိုက်၏။

ယခု ....

သူက အကျဉ်းသားဟန်ဆောင်စရာ မလိုတော့ပါ။

မိမိနေရာသို့ပြန်ပြီး နယ်ခြားမှလူများကို ရှာဖွေတော့မည် မဟုတ်ပါလား ....။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ....

အိမ်ကလေးအတွင်းမှ စကားသံကို ကြားလိုက်ရသဖြင့် ထွက်ပြေးလာခဲ့ရတော့သည်။

သူသည် မိမိကိုယ်**မိမိ** **တွေး**ကာရယ်မိ၏။

မိမိသည်လည်း **စောရတစ်ယောက်**ဘဝ ရောက်ခဲ့သည်မဟုတ်ပါလား....။

စောရမှ တကယ့်စောရ ဖြစ်တော့၏။

ထိဖုံးသည် သူ ရောက်ရှိနေသည့် မြို့ကလေး၏လုံခြုံရေးဌာနသို့သွားရောက်လေ၏။

လူဆိုးထိန်းခေါင်းဆောင်က သက်ပြင်းတစ်ချက်ချသည်။

သူသည် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ပြောသည်။

"သိပ်တော့မလွယ်လှဘူး ခင်ဗျာ...."

ထိဖုံးမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာကြောင့် မလွယ်ရမှာလဲ...."

လူဆိုးထိန်းခေါင်းဆောင်က မဝံ့မရဲ လေသံဖြင့်....

"ဒီမြို့မှာ လူတွေအများကြီးပဲ....နယ်ခြားကလူကို ဘယ်လိုရှာမလဲ....နယ်ခြားကလူဆိုပြီး ချိပေါက်နေတာမှ မဟုတ်တာ....ကျွန်တော် စကားပြောကြမ်းရင် ခွင့်လွှတ်ပါဗျာ...."

ထိဖုံးက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

"သူတို့ဟာ ရေခဲလွင်ပြင်က လာခဲ့တယ်....ဒီအရပ်ဒေသမှာ သိကျွမ်းသူမရှိနိုင်ဘူး....သူတို့ဟာ တည်းခိုခန်းတွေမှာ တည်းခိုရမှာပဲ...."



လူဆိုးထိန်းခေါင်းဆောင်က **ခေါင်းညိတ်လိုက်**သည်။

"ကျွန်တော်နားလည်ပါပြီ....**သတင်းစုံစမ်းရေး**မှူးအနေနဲ့ အခုအလုပ်မလဲ ခင်ဗျာ...."

ထိဖုံးသည် အံကိုတင်းတင်းကြိတ်လိုက်၏။

"ကျုပ်က ထန်သတင်း စုံစမ်းရဦးမယ်...."

လူဆိုးထိန်းခေါင်းဆောင်က ဘာမျှမပြောတော့ပါ။

သူသည် အရိုအသေပြုပြီး ထွက်ခွာသွားလေတော့၏။

ထိဖုံးက ထိုင်ရာမှထလိုက်သည်။

အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်၏။

သူသည် ထန်ယဲနေရာမှနေ၍ စဉ်းစားခြင်းဖြစ်ပေ၏။

အတန်ကြာသောအခါ သူ၏မျက်နှာပြုံးရွှင်သွားသည်။

သူ အတွေးတစ်ခု ရခဲ့လေပြီ....။

"ဟုတ်ပြီ....သူဟာ ပထမ**အကြိမ်** **အကျဉ်း**ထောင်က လွတ်ခဲ့ကလည်း ချန်စန်းရဲ့ဂေဟာကို **ပြန်သွားခဲ့**တယ်....အခုတစ်ကြိမ်မှာ ချန်စန်းရဲ့ဂေဟာကို ပြန်**မသွား**ဘူးလို့ ပြောနိုင်မလား....အဲဒီမှာ သူ တစ်ခုခုလိုချင်တာ **ရှိ**နေပြီ...."

ထောက်လှမ်းရေးမှူး ထိဖုံးက အံကိုတင်းတင်း ကြိတ်လိုက်၏။

"ဘာပဲဖြစ်ဖြစ် သွားစောင့်ကြည့်တာ အကျိုးမယုတ်နိုင်ပါဘူး"

သူသည် ယင်းသို့တွေးမိသည်နှင့် ချက်ချင်းပင် အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းပျက်….။

ဘုံကျောင်းပျက်ဆိုသည့်အတိုင်း အတော်ပျက်စီးနေသော ဘုံ
ကျောင်းဖြစ်သည်။

ယင်းဘုံကျောင်းပျက်သည် လူများ စွန့်ပစ်ထားသည်မှာ
ကြာလှပြီ….။

တည်းခိုရန်မရအောင် ပျက်စီးနေပေပြီ….

သို့သော်….

ဘုံကျောင်းပျက်ထဲတွင် လူရှိဟန်တူ၏။

မီးခိုးငွေ့ကလေးများ ထွက်ပေါ်လာသည်ကို တွေ့မြင်
ခြင်းက လူရှိကြောင်း ဖော်ပြနေသည်။

ထိုစဉ်မှာပင်….

ဘုံကျောင်းပျက်အတွင်းမှ လူတစ်ယောက်ထွက်လာ၏

သူသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး
ဘုံကျောင်းပျက်ထဲသို့ ပြေးဝင်သွား၏။

ထိုလူ၏အဝတ်အစားကို ကြည့်ခြင်းအားဖြင့် အကျဉ်း
တစ်ဦးဖြစ်ကြောင်း သိသာလှသည်။

ထိုအကျဉ်းသား မည်သူနည်း….

ထိုလူသည် ချုန်စန်း အယောင်ဆောင်ထားသော ထန်
တည်း….

ထန်ယဲမှာ အကျဉ်းထောင်မှထွက်ပြေးလာခဲ့ပြီး ဤဘုံကျော
ကလေး၌ ခိုအောင်းနေခြင်းပင်ဖြစ်သည်။



သူသည် ဤအဝတ်အစားများနှင့် ခရီးဆက်သွား၍ မဖြစ်နိုင်
ကြောင်း သိထား၏။

ယခု….

သူသည် ဝတ်စုံလဲလှယ်ရန် အခက်ကြုံနေရ၏။

ပြီးလျှင် သူက ချုန်စန်းဂေဟာသို့ ပြန်ရပေဦးမည်။

ချုန်စန်းဂေဟာတွင် သူသိမ်းဆည်းထားခဲ့သော မြေပုံတစ်ပိုင်း
ကျန်နေသေးသည် မဟုတ်ပါလော….။

မြေပုံယူပြီးလျှင် ပြည်မသို့ အမြန်အတန်ကြာသည်အထိ ခြေဦး
မလှည့်တော့ဟုလည်း ဆုံးဖြတ်ထားသည်။

ထန်ယဲမှာ ဝန်းကျင်ကို အကဲခတ်နေသည်။

ထိုစဉ်….

"ခွပ်….ခွပ်….ခွပ်….ခွပ်….ခွပ်….ခွပ်….ခွပ်…."

မြင်းခွာသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၍
အမှောင်ထဲသို့ တိုးဝင်သွားလေတော့သည်။

"ခွပ်….ခွပ်….ခွပ်…."

"ခွပ်….ခွပ်….ခွပ်…."

မြင်းတစ်ကောင်သည် ဒုန်းစိုင်းပြေးလာ၏။

မြင်းပေါ်တွင် လူငယ်တစ်ယောက် လိုက်ပါလာသည်။

သူ၏ခါးတွင် သစ်လွင်တောက်ပသော ဓားတစ်လက် ချိတ်ဆွဲ
ထား၏။

ထို့အတူ….

သူ၏ဝတ်စုံများကလည်း တောက်ပသော ပိုးထည်ဝတ်စုံပင်
ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်အား ကြည့်လိုက်သည်နှင့် သူဗြေးသားတစ်ယောက်မှန်း သိသာပေသည်။

လူငယ်သည် မြင်းကိုအသားကျစီးနင်းရင်းက သီချင်းတစ် ပုဒ်ကို ညည်းလာသည်။

ထိုစဉ်မှာပင်....

သစ်ပင်များကြားမှ လူတစ်ယောက် တိုးထွက်လာပြီး လမ်း ပိတ်ဆို့လိုက်သည်ကို တွေ့လိုက်ရလေ၏။

လူငယ်က မြင်းကိုရပ်တန့်လိုက်၏။

သူသည် နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး....

"ခင်ဗျားက သေချင်လို့ လမ်းပိတ်ထားရသလား...."

ရုတ်တရက်....

သူသည် မျက်မှောင်ကုတ်သွားသည်။

ထိုလူ၏ဝတ်စုံမှာ အကျဉ်းသားဝတ်စုံ ဖြစ်နေသည်မဟုတ်ပါ လော။

လူငယ်က ပြုံးလိုက်သည်။

"လက်စသတ်တော့ အကျဉ်းသားကိုး.... ကျုပ်နဲ့တွေ့တာ ကံဆိုးပြီမှတ် ခင်ဗျားလို အကျဉ်းသားကို ထောင်ထဲပြန်ပို့ပေးရမယ်ဗျ"

လူငယ်က ယင်းသို့ပြောရင်း မြင်းပေါ်မှခုန်ဆင်းလိုက်၏။

ထို့နောက်....

သူသည် ဓားရှည်ကိုဆွဲထုတ်ပြီး ခြိမ်းခြောက်လိုက်လေ၏။

"ဟေ့.... အကျဉ်းသား ခုခံမယ်မကြံနဲ့...."

ထန်ယဲမှာ လူငယ်အား ကြည့်ရင်း ရယ်ချင်သွား၏။

သို့သော် မရယ်မိပါ....။



လူငယ်၏ဓားကိုင်ဟန်အရ သိုင်းပညာ သင်ကြားသည်မှာ မကြာသေးကြောင်း သူ သိလိုက်၍ဖြစ်ပါသည်။

ထန်ယဲက မဲ့ပြုံးပြုံးလိုက်ပြီး ခပ်သွက်သွက်ပြောလိုက်၏။

"ဒီမှာ သူငယ်.... ကျုပ် မျက်စိနောက်အောင် လုပ်မနေနဲ့.... မင်းအဝတ်အစားတွေ ချွတ်စမ်း...."

ထိုစကားကြောင့် လူငယ်မှာ ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

သူသည် ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး....

"တခြားလူကို ခြိမ်းခြောက်လို့ရပေမယ့် ကျုပ်ကိုတော့ ခြိမ်း ခြောက်လို့ရမယ်မထင်နဲ့.... ခင်ဗျားသာ ထောင်ထဲပြန်ဝင်ဖို့ စဉ်းစား ပေတော့...."

လူငယ်၏စကားကြောင့် ထန်ယဲ့မှာ ဒေါသထွက်သွားသည်။ သူ လျင်မြန်စွာလှုပ်ရှားလိုက်သည်။

သူသည် လူငယ်၏လက်တွင်းမှဓားကို ဆတ်ခနဲ ဆွဲလုယူ လိုက်၏။

လူငယ်မှာ ထိတ်လန့်ပြီး ရှောင်တိမ်းလိုက်သော်လည်း လျင် မြန်လှသော ထန်ယဲ၏လက်တွင်းသို့ သူ၏ဓားက ရောက်ရှိသွားလေ ၏။

လူငယ်၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

"ခင်.... ခင်ဗျား...."

ထန်ယဲ့က လူငယ်အား စိုက်ကြည့်လိုက်ပြီ....

"ကျုပ်ကို လူသတ်ချင့်စိတ်ပေါက်အောင် မလုပ်စမ်းပါနဲ့.... မင်းရဲ့အဝတ်အစားတွေ ကျုပ်ကိုပေးစမ်း...."

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲက အေးစက်စွာပြောလိုက်၏။

ထိုအခါ....

လူငယ်မှာ အလွန်ထိတ်လန့်သွားသည်။

သူသည် ထန်ယဲ၏စကားကို မလွန်ဆန်ရဲတော့ပါ။

ထို့ကြောင့်....

အဝတ်အစားများကို ချက်ချင်း ချွတ်ပေးလေတော့သည်။

ထန်ယဲက အကျဉ်းသားဝတ်စုံနှင့် လဲလှယ်ဝတ်ဆင်လိုက်၏။

ထို့နောက်.... လူငယ်အား ခြိမ်းခြောက်လိုက်၏။

"မင်း....ငါ့အကြောင်း လျှောက်ပြောရင်....မင်းလျှာကို ငါလာဖြတ်မယ်...."

လူငယ်မှာ ထိတ်လန့်တုန်လှုပ်စွာ ခေါင်းတညိတ်ညိတ်ဖြင့် ပြော့သည်။

"ဟုတ်....ဟုတ်ကဲ့...."

သူသည် အလွန်ကြောက်လန့်နေသည်။

ထိုအခါ....

ထန်ယဲက လူငယ်၏မြင်းပေါ်သို့ ခုန်တက်ကာ တောလမ်းလေးအတိုင်း ထွက်လာခဲ့တော့သည်။

❋



ထိဖုံးသည် ချန်စန်း၏အိမ်ဂေဟာသို့ ရောက်ရှိလာသည်။

အိမ်ဂေဟာမှာ ပြိုပြင်ထိန်းသိမ်းမည့်သူ မရှိသောကြောင့် အတော်ပင် ယိုယွင်းပျက်စီးနေပြီဖြစ်၏။

ထိဖုံးက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

သူ့အား မည်သူက အာရုံစူးစိုက်နေသနည်း....

သူ့အား အာရုံစူးစိုက်သူ တစ်ဦးမှမရှိပါ။

ထိဖုံးသည် အိမ်အတွင်းသို့ လှမ်းဝင်သွားလေ၏။

ဂေဟာသည်အပြင်ဘက်၌ ယိုယွင်းပျက်စီးနေသော်လည်း အတွင်း၌ကမူ အတော်ပင်ကောင်းမွန်သေးသည်။

"အင်း.... အတွင်းကတော့ တော်တော်ကောင်းနေသေးတာ...."

သူသည် အိမ်တွင်း၌ လှည့်ပတ်ကြည့်ရှုသည်။

လူမနေသည်မှာ ကြာပြီဖြစ်၍ ဖုန်များအလိပ်လိုက်တက်နေသည်။

သူ့အရင် တစ်စုံတစ်ယောက်ကမှ ဤဂေဟာသို့ ရောက်ခဲ့ဟန်တူပါ။

ထောက်လှမ်းရေးမှူး ထိဖုံးက ကျေနပ်စွာပြုံးလိုက်သည်။

သူက ရိက္ခာခြောက်များ ဝယ်ပြီးမှပြန်လာရန် ဆုံးဖြတ်လိုက်လေတော့သည်။

သူသည် မြို့ထဲသို့ထွက်ခဲ့သည်။ လိုအပ်သောရိက္ခာခြောက်များ ယ်ကာ ချန်စန်းဂေဟာသို့ ပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်တစ်ချောင်၌တိုင်ကာ **ရိက္ခာခြောက်များကို** ဝါးစားေ

လေတော့၏။

ဤသို့ဖြင့် ဤအိမ်၌ ငါးရက်တည်းလိုက်သော **အချိန်က**

ဆုံးသွားသည်။

ထိဖုံးသည် ဂေဟာနံရံကိုမှီကာ ထိုင်နေသည်။

သူသည် တစ်ယောက်တည်း ပျင်းရိငြီးငွေ့ဖွယ်အချိန်များက

ကျော်ဖြတ်ခဲ့ရ၏။

"အင်း, ငါးရက်ရှိပြီ ..... ငါယူဆထားတဲ့အတိုင်း ထန်ယဲ ဒီ

ပြန်လာပါဦးမလား ....."

သူသည် ယင်းသို့တွေးရင်း စိတ်ဓာတ်ကျလာ၏။

နေ့စဉ် မအိပ်ဘဲ စောင့်နေခဲ့သည့်**အတွက်** မျက်လုံးများ

လည်း ကျိန်းစပ်နေပေသည်။

ထိဖုံးမှာ ခါးတစ်ချက်ဆန့်လိုက်၏။

"ရိက္ခာလည်း နည်းနည်းပဲကျန်တော့မယ် ..... ဒီညမှမလာရင်

တော့ ငါ့အစီအစဉ်ကို ပြန်ပြောင်းပစ်ရတော့မယ် ....."

သူ၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ရမည်ကို သူသိလိုက်သည်။

သို့သော် ....

ထိုတစ်ညတာ ကုန်ဆုံးလျှင် သူ့အစီအစဉ် ပြင်ဆင်ရတော့

မည်ဟူသော ဆုံးဖြတ်ချက်မှာ ပျက်ယွင်းသွားလေ၏။

ည ..........။

ညဉ့်နက်လှပြီဖြစ်သည်။

ထိဖုံးသည် ဧည့်ခန်းအတွင်းခုံပေါ်တွင် ထိုင်နေသည်။

သူသည် အိပ်ငိုက်နေသည်။



ထိုစဉ် ....

သူ၏နားအတွင်းသို့ တိုးညင်းသောအသံ**တစ်သံ** တိုးဝင်လာ

သည်ကို ကြားလိုက်ရသည်။

သူသည် အလေ့အကျင့်များသူဖြစ်၍ **ထိုအသံသည်** သူ့အား

လှုပ်နှိုးသလိုဖြစ်သွားသည်။

ထိဖုံးမှာ ဆတ်ခနဲခေါင်းထောင်သွား၏။

သူ သေချာစွာနားစွင့်လိုက်ရာ ပြတင်းပေါက်တံခါးကို တစ်စုံ

တစ်ယောက်က ဖွင့်နေသည့်အသံဖြစ်ကြောင်း သိလိုက်ရသည်။

ထောက်လှမ်းရေးမှူး ထိဖုံး၏ခန္ဓာကိုယ်မှာ တောင့်တင်းသွား

သည်။

သူ့အကြောအချင်များ အရေးကြုံလာလျှင် ဤသို့ပင် တောင့်

တင်းလာတတ်သည်။

သူသည် နံဘေးတွင် ချထားသောဓားကိုလည်း အသင့်

ကောက်ကိုင်လိုက်မိလေ၏။

သူ၏မျက်လုံးများက အမှောင်တွင်း၌ ကျင့်သားရနေပြီဖြစ်

သည်။

သူ ဤအိမ်၌ အိပ်စက်ခဲ့ရသည်မှာ ငါးညပင်ရှိနေခဲ့ပြီ မဟုတ်

ပါလော။

ထို့ကြောင့် ....

ပြတင်းပေါက်တံခါး တဖြည်းဖြည်း ပွင့်သွားသည်ကို ကောင်း

စွာတွေ့မြင်နေရသည်။

မကြာမီ ပြတင်းပေါက်မှ လူတစ်ယောက်ဝင်လာသည်ကို

တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ....

ထိဖုံး၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

ထိုလူ၏ကိုယ်ဟန်အနေအထားကို တွေ့လိုက်သည်နှင့် ထန်ယဲ ဖြစ်ကြောင်း သူ သိလိုက်ရ၍ဖြစ်ပါသည်။

ထိဖုံးက ရုတ်ခြည်းထကာ တိုက်ခိုက်လိုက်လေသည်။

"ထန်ယဲ ခင်ဗျား ကျူပ်လက်ကမလွတ်ပါဘူး...."

ထန်ယဲမှာ ဂေဟာသို့ဝင်မိစဉ်မှာပင် စကားသံနှင့်အတူ တိုက်ခိုက်မှုကို ရုတ်တရက်ခံလိုက်ရ၏။

သူက အမြန်ရှောင်တိမ်းလိုက်ရာ အမှောင်တွင်းမှ ဓားချက်က သူ၏ပခုံးကို ရှပ်ထိသွားသည်။

ထန်ယဲမှာ ထိတ်လန့်သွားသည်။

သူသည် အလျှင်အမြန်နောက်ကျွမ်းပစ်ကာ အပြင်သို့ခုန်ထွက်လိုက်၏။

မြေပေါ်ခြေကျသည်နှင့် တစ်ဆက်တည်း ပြေးလွှားရန်ဟန်ပြင်လိုက်လေသည်။

သို့သော်....

လူရိပ်တစ်ရိပ်က သူ့အား ပိတ်ဆို့ထားလိုက်လေပြီ....

ထန်ယဲက အံ့သြစွာ ရေရွတ်မိသည်။

"ဟင်....သတင်းစုံစမ်းရေးမှူး ထိဖုံး...."

ထိဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"ထန်ယဲ့ ခင်ဗျား ဘယ်ပြေးဦးမှာလဲ...."

ထန်ယဲက အံကိုတင်းတင်း ကြိတ်လိုက်၏။

သူသည် ဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ထိဖုံး၏ရင်ဝသို့



ထိုးသွင်းလိုက်သည်။

သူ၏လှုပ်ရှားမှုက အလွန်ပင် လျင်မြန်လှပေသည်။

သို့သော်....

ထိဖုံးက ထန်ယဲ ဤသို့တိုက်ခိုက်လာမည်ကို မျှော်လင့်ထားသည်။

သူ့ဓားဝင်လာသည်နှင့် ရှောင်တိမ်းပြီးဖြစ်နေသည်။

ထို့နောက် ထန်ယဲ၏ဓားကို ရိုက်ထုတ်လိုက်သည်။

တစ်ဆက်တည်းပင် တုံ့ပြန်တိုက်ခိုက်ရာ ထန်ယဲမှာ ရင်ထိတ်သွားသည်။

သူ၏လွတ်မြောက်ရေးအတွက် ထိဖုံးကိုရှင်းပစ်မှ ဖြစ်ပေတော့မည်။

ထို့ကြောင့်....

ထန်ယဲ၏ တစ်သက်တာ၌ အပြင်းထန်ဆုံး တိုက်ပွဲတစ်ပွဲကို တိုက်ခိုက်ရလေတော့သည်။

"ထန်း....ထန်း....ထန်း...."

"ချွမ်း....ချွမ်း....ချွမ်း...."

သံ့သံချင်း ထိခတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ထန်ယဲမှာ ထိတ်လန့်လာသည်။

ထိဖုံး၏ဓားပညာသည် သူထင်သည်ထက် ပိုမိုမြင့်မားနေသည် မဟုတ်ပါလား....။

သူ၏ဓားပညာမှာ မဆိုးလှပါ....ထိပ်တန်းဓားပညာပင်ဖြစ်ပါသည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



**ထိန်း**ကိုတော့ အနိုင်မယူနိုင်ပါ။

သူသည် တိုက်ရင်း တဖြည်းဖြည်း ထိလာသည်။

ထို့ကြောင့် ....

ထန်ယဲက နောက်ဆုတ်ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

ထိဖုံးကလည်း ထန်ယဲ့၏အတွင်းစိတ်ကို သိနေသည့်အလား ပြေးလမ်းများကို ပိတ်ဆို့တိုက်ခိုက်လိုက်သည်။

လမ်းများကို ပိတ်ဆို့တိုက်ခိုက်လိုက်သည်။

ထန်ယဲမှာ ပြေး၍မရဘဲ ဖြစ်သွား၏။

သူသည် ဒေါသအမျက်ချောင်းချောင်း ထွက်သွားပြီး အသက်စွန့်ကာ တရကြမ်း တိုက်ခိုက်လိုက်ပြန်သည်။

သို့သော် ....

သူ၏ဓားချက်တို့သည် ထိဖုံး၏ဓားချက်အောက်ဝယ် ကြေမွက်သွားပေသည်။

ထိဖုံးက မဲ့ပြုံးပြုံးလိုက်၏။

"ထန်ယဲ....ခင်ဗျား ကျုပ်လက်က ဘယ်လိုမှမလွတ်နိုင်တော့ပါဘူး...."

ထန်ယဲမှာ **စိတ်ဓာတ်**ကျသွားသည်။

**ထိဖုံးပြောသလို သူ့အတွက်** လွတ်လမ်းမရှိတော့ပြီ မဟုတ်ပါလား....

**ထိုစဉ် ....**

ထန်ယဲ၏မျက်လုံးအစုံမှာ ရုတ်တရက် ဝင်းလက်တောက်ပသွားသည်။

သူသည် ကျေနပ်စွာပြုံးလိုက်ပြီး ....



"ဒီနေ့အဖို့ မင်း ကျုပ်ကို မဖမ်းနိုင်တော့ပါဘူးဗျာ...."

ထိဖုံးက နှာခေါင်းရှုံ့လိုက်၏။

သူက အေးစက်စွာပြောသည်။

"ခင်ဗျား ပြောတာမှန်တယ်....ဒါပေမယ့် ကျုပ်အဖော်ရောက်လာတော့ မင်း ဘယ်လိုမှကျုပ်ကို အနိုင်မယူနိုင်တော့ဘူး.... ဒီတစ်ခါလည်း ကျုပ် လွတ်သွားပါပြီ...."

ထောက်လှမ်းရေးမှူး ထိဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

ထန်ယဲ့က စကားဆက်လိုက်၏။

"ကျုပ်ပြောတာ မယုံရင် နောက်လှည့်ကြည့်လိုက်ပါ...."

ထိခုံးမှာ ဒေါသချောင်းချောင်း ထွက်သွား၏။

"ထန်ယဲ.... ခင်ဗျား ကျုပ်ကို တစ်ကြိမ်ပညာလို့ရမယ်ဗျ....ဟား.... ဟား...."

သူသည် ရယ်မောနေရာမှ အရယ်ရပ်သွားသည်။

အဘယ်ကြောင့်နည်း....။

သူ၏နောက်ကျောသို့ အေးစိမ့်**သော အငွေ့**အသက်တစ်ခု ရောက်ရှိလာသည်ကို သူ ခံစားလိုက်၍ဖြစ်ပါ**သည်**။

ထိဖုံးသည် လက်ဖြန့်ဓားချက်သုံးကာ **အမြန်ဆုံး** ပြန်လည်တိုက်ခိုက်လိုက်၏။

"ချွမ်း...."

သူသည် နောက်သို့လှည့်ကြည့်လိုက်၏။

ထိုလူသည် ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထားသည်။

သူ၏မျက်နှာပေါ်တွင် မျက်နှာဖုံးစွပ်တစ်ခုကို စွပ်ထားသည်။

ထိဖုံးမှာ မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သူလဲ...."

ထိုလူက အေးတိအေးစက် လေသံဖြင့်....

"တိမ်လွှာသိုင်းသမား...."

စကားအဆုံးတွင် ဓားသွားကလည်း ထိဖုံးထံ ရောက်ရှိလာ၏။

ထိဖုံးကလည်း ချက်ချင်းပင် တုံ့ပြန်တိုက်ခိုက်လိုက်သည်။

တစ်ခဏအတွင်းမှာပင်....

သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ်ပြိုင်မိသွားကြလေသည်။

တစ်ဦးအခြေအနေကို တစ်ဦးက ကောင်းစွာရိပ်စားမိသွားကြသည်။

မည်သူမျှ အနိုင်ရရန် မလွယ်ကူပါ....။

တိမ်လွှာသိုင်းသမားက လက်ဖွေ့ယမ်းပြလိုက်သည်။

"ထန်ယဲ မင်းသွားနှင့်....ကျုပ်လိုက်ခဲ့မယ်...."

ထန်ယဲက ခေါင်းညိတ်လိုက်ပြီး လှည့်ထွက်သွားလေတော့၏။

ထိဖုံးမှာ ဒေါသထွက်သွားသည်။ဤကဲ့သို့ ထန်ယဲအား လွယ်လွယ်နှင့် သွားခွင့်ပြုနိုင်ပါရိုးလား....။

သူသည် ဒေါသတကြီးဖြင့် အော်ငေါက်လိုက်၏။

"ခင်ဗျား သွားချင်တိုင်း သွားလို့ရမလား...."

သူသည် ဓားဖြင့်တိုက်ခိုက်လိုက်၏။

တိမ်လွှာသိုင်းသမားက....

"ဒီမှာ ကျုပ် ရှိပါသေးတယ်...."

သူက ထိဖုံး၏ဓားချက်ကို ကြားမှဝင်၍ ခုခံပေးလိုက်သည်။

ထန်ယဲက ပြုံးပြရင်း ပြောလိုက်သည်။



"နောက်မှ တွေ့ကြတာပေါ့...."

သူသည် ထွက်ပြေးသွားလေတော့၏။

ထိဖုံးမှာ ဒေါသချောင်းချောင်း ထွက်သွား၏။

သူသည် တိမ်လွှာသိုင်းသမားအား ပြင်းထန်စွာတိုက်ခိုက်လိုက်လေတော့သည်။

ထောက်လှမ်းရေးမှူး ထိဖုံး၏တစ်ကိုယ်လုံး ချွေးများဖြင့် ရွဲစိုနေသည်။

သူ၏ဓားချက်များကလည်း နှေးကွေးလာသည်။

သူတို့နှစ်ဦး တိုက်ခိုက်ခဲ့သည်မှာ သိုင်းကွက်တစ်ရာနီးပါး ရောက်ရှိနေပြီဖြစ်၏။

မည်သူမျှ အသာမရခဲ့ပါ။

တိမ်လွှာသိုင်းသမားသည် နောက်သို့နှစ်လမ်းခန့် ဆုတ်သွားပြီး ပြောလိုက်၏။

"ကျုပ်တို့ ဘယ်သူမှ အနိုင်ရမှာ မဟုတ်ဘူး....ဘာဖြစ်လို့လဲ ဆိုတော့ လက်ရည်ချင်း ညီနေလို့ပဲ...."

ထိဖုံးက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်....ခင်ဗျားကို ကျုပ်အလွတ်မပေးနိုင်ဘူး...."

တိမ်လွှာသိုင်းသမားက ခေါင်းခါယမ်းလိုက်သည်။

"မင်း ကျုပ်တို့ကို မဟန့်တားနိုင်ပါဘူးကွာ....အခြေအနေကို ကြည့်ဦးမှပေါ့ ကိုယ့်ထင်ရာကို မပြောနဲ့...."

သူသည် ယင်းသို့ပြောပြီးသည်နှင့် လျှပ်တစ်ပြက် နောက်ကျွမ်းပစ်ကာ ခြံဝင်းအတွင်းမှခုန်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးမှူး ထိဖုံးက အော်ဟစ်လိုက်၏။

"ခင်ဗျား ပြေးလို့လွတ်မလား...."

သူသည် နောက်မှထက်ကြပ်မကွာ ပြေးလိုက်သွားတော့သည်။

* * *



အခန်း(၁၉)

## အလှည့်အပတ် အရောင်အတိမ်း

လူဆိုးထိန်းခေါင်းဆောင်နှင့် လူဆိုးထိန်းတစ်စုတို့သည် မြို့တွင်းမှတည်းခိုခန်းများကို စနစ်တကျ ရှာဖွေနေကြ၏။

သူတို့က ခန့်မှန်းထားသည့်အတိုင်းပင် တည်းခိုခန်းများ၌ နယ်စပ်မှလူများ လာရောက်တည်းခိုကြောင်း သိလိုက်ရ၏။ ထိခုံး၏ ပြောကြားချက်များသည် မှန်ကန်သည်။

သို့သော်....

အများစုမှာ ပြန်သွားကြပြီဖြစ်သည်။

လူဆိုးထိန်းခေါင်းဆောင်မှာ မချင့်မရဲဖြစ်သွား၏။

သူသည် လူဆိုးထိန်းများကို ခေါ်၍ပြန်သွားရသည်။

ထိုစဉ်....

သူသည် ရုတ်တရက် သတိရလာလေ၏။

လမ်းကြားလေးထဲရှိ တည်းခိုခန်းတစ်ခုကို သတိရလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတည်းခိုခန်းမှာ ဤမြို့ကလေး၏ အညံ့ဆုံးသော တည်းခိုခန်းတစ်ခုဖြစ်သည်။

သန့်ရှင်းမှုလည်း မရှိပေ။

**အခန်းများကလည်း ကျဉ်းသည်။**

**ဆင်းရဲသားအများစုသာ တည်းခိုတတ်သော နေရာဖြစ်၏။**

လူဆိုးထိပ်ခေါင်းဆောင်က ထိုတည်း**ခိုခန်းအား စစ်ဆေးရန်** စဉ်းစားပြီးမှ မစစ်ဆေးတော့ဘဲ ကျော်ထွက်သွား**သည်**။

ဤသည်မှာ လူဆိုးထိပ်ခေါင်းဆောင်၏လွဲ**ချော်သော** အမှားဖြစ်လေသည်။

နယ်ခြားမှလူများသည် ငွေကိုဖောသီစွာ သုံးစွဲခဲ့၏။

ဤမျှစုတ်ပြတ်သော တည်းခိုခန်းတွင် တည်းခိုလိမ့်**မည်**ဟု သူမထင်ခဲ့မိချေ။

အကယ်၍သာ....

သူသည် ထိုတည်းခိုခန်းအား ဝင်ရောက်စစ်ဆေးမိမည်ဆိုလျှင် တည်းခိုခန်းတွင်း၌ ထန်ယဲနှင့်တိမ်လွှာသိုင်းသမား လင်ဝီဖု**န်း**တို့အား တွေ့ခဲ့မည်မှာ မလွဲပါချေ။

ထိုအချိန်၌ သတင်းစုံးစမ်းရေးမှူး ထိဖုံးမှာ ထန်ယဲအား တိမ်လွှာဓားသမားကို သူ့လက်တွင်းမှလွတ်မြောက်သွားသဖြင့် ပေါက်ကွဲနေသည်။

ထိဖုံးသည် ဒေါသထွက်သွားပြီး အနီးရှိသစ်ကိုင်းတစ်ကိုင်းအား ဓားနှင့်ခုတ်ချလိုက်၏။

"ဝုန်း...."

သစ်ကိုင်းမှာ ကျိုးပြတ်သွားသည်။



သူသည် အံကိုတင်းတင်း ကြိတ်ထား၏။

"ထန်ယဲ....ခင်ဗျားတို့ ကျုပ်လက်က **လွတ်အောင်** ပြေးထားဦးပေါ့...."

သူသည် တိမ်လွှာသိုင်းသမား လင်ဝီဖု**န်းနောက်**လိုက်ရင်း မျက်ခြည်ပြတ်သွားခဲ့ရသည် မဟုတ်ပါလား....။

ထိဖုံး**က ဓားကို**ပြန်သိမ်းလိုက်ပြီး မြို့တွင်းသို့ **ပြန်**လျှောက်လာခဲ့လေ**သည်**။

**တစ်လမ်းလုံး** တွေးတောစဉ်းစားလာခဲ့၏။

"**ထန်ယဲ**ဟာ.... ဘာကြောင့် ချ**န်စန်းဂေ**ဟာကို ပြန်လာခဲ့ရ**သလဲ....**"

"သူဟာ အကြောင်းမဲ့ပြန်**လာတာ**တော့ မဖြစ်နိုင်ဘူး.... ဒါဆို **ဘာ**အကြောင်းကြောင့်လဲ...."

"ဖြစ်နိုင်တာတစ်ခုပဲရှိတယ်....သူဟာ ဂေဟာက တစ်စုံတစ်ခု**ယူဖို့ပဲ....**"

ထိဖုံးသည် ယင်းသို့တွေးရင်း တက်ကြွလာ၏။

ထန်ယဲအား နောက်တစ်ကြိမ် ထောင်ချောက်ဆင်ရန် အခွင့်အရေးတစ်ရပ် ရှိနေသေးသည်မဟုတ်ပါလော။

စိတ်ရွှင်လန်းလျှင် လူက တက်ကြွနေတတ်သည်။

သူ၏ခြေလှမ်းများက အလွန်သွက်လက်သွားသည်။

ဤတစ်ကြိမ်တွင် ထန်ယဲအား မိအောင်ဖမ်းမည်ဟုလည်း ခိုင်ခိုင်မာမာဆုံးဖြတ်ချက် ချထားလိုက်လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲက အရက်ခွက်ကို စားပွဲပေါ်သို့ပြန်ချလိုက်၏။

ထို့နောက် ....

သူသည် တိမ်လွှာသိုင်းသမား လင်ဝီဖုန်းအား ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"ခင်ဗျား ဘယ်လိုလုပ်ရောက်လာတာလဲ....ကျုပ်ဖြင့် အံ့ရော"

လင်ဝီဖုန်းက သူ့အား စူးစိုက်ကြည့်လိုက်သည်။

"မင်းကို စောင့်နေရတာကြာပြီ ...."

ထန်ယဲက ရယ်မောလိုက်၏။

"ဟား .... ဟား .... ဟား .... ကျုပ်သာ ဒီကနေ့ထွက်မလာရင် ထောင်ထဲမှာ တစ်သက်လုံး နေသွားရမှာဗျ ...."

လင်ဝီဖုန်းက ပြောလိုက်သည်။

"ကျုပ်တို့ ဟိုတစ်နေ့ကပဲ ထောင်ဖောက်သေးတယ် .... မင်းလွတ်သွားပြီဆိုတာသိလိုက်တယ် .... ဒါတွေကို မင်း မသိဘူး မဟုတ်လား .... ငါတို့ အတော်ပင်ပန်းသွားတယ် ...."

ထန်ယဲ့မှာ မျက်မှောင်ကုတ်သွား၏။

"ဒီည .... ခင်ဗျား ဘယ်လိုလုပ် ကျုပ်ကို ခြေရာခံမိတာလဲ ...."

လင်ဝီဖုန်းက ပြုံးလိုက်သည်။

"ညနေကတည်းက မင်းကိုတွေ့ခဲ့တယ်...အခွင့်မသာလို့ ကျုပ်က မဆက်သွယ်ခဲ့တာ ...."

ထန်ယဲက ပခုံးတစ်ချက်တွန့်လိုက်သည်။

"တော်သေးတာပေ့ါ .... ခင်ဗျားသာ ရောက်မလာရင် .... ကျုပ် ထောင်ထဲပြန်သွားရတော့မှာ ...."



လင်ဝီဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မင်းကို ကျုပ်တို့ထပ်ပြီး စောင့်မနေနိုင်တော့ဘူး .... တစ်ချိန်ကမိတ်ဆွေဆိုတဲ့ အကြောင်းတစ်ခုတည်းကြောင့် ခုထက်ထိအသက်ရှင်နေတာ ...."

ထန်ယဲ့၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

လင်ဝီဖုန်းသည် အလွန်ရက်စက်သူတစ်ယောက်ဖြစ်ကြောင်း သူ ကောင်းစွာသိထားခဲ့သည် မဟုတ်ပါလား ....

နောက်ပြီး ပြောသလိုလည်း လုပ်တတ်သေးသည်။

လင်ဝီဖုန်းက အေးတိအေးစက် လေသံဖြင့် ....

"မင်းဟာ အချိန်တွေဖြုန်းတီးပစ်ခဲ့တယ် .... မင်းကြောင့် ကျုပ်တို့ရဲ့အချိန်တွေ ဆုံးရှုံးခဲ့တယ်...မင်းကို ရှာဖွေနေရလို့ ကျုပ်တို့တစ်တွေ ပင်ပန်းခဲ့ရတယ် ...."

ထန်ယဲ့က သက်ပြင်းချလိုက်၏။

"ကျုပ်တောင်းပန်ပါတယ် .... ကျုပ်ဟာလည်း မမျှော်လင့်ဘဲ အဖမ်းခံခဲ့ရတဲ့အတွက် ခင်ဗျားတို့ကို ဘယ်လိုမှ မဆက်သွယ်နိုင်ခဲ့ဘူး"

လင်ဝီဖုန်းက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"အားလုံးက မင်းကို မကျေနပ်ကြဘူး ...."

ထန်ယဲက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျုပ်အားလုံးကို ရှင်းပြပြီး .... တောင်းပန်ပါ့မယ် ...."

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်၏။

"ထားပါတော့လေ .... ကျုပ်တို့ ဒီကအမြန်ဆုံးထွက်မှဖြစ်မယ်"

ထန်ယဲက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်သေးဘူးဗျ ...."

www.burmeseclassic.com

www.burmeseclassic.com



လင်ဇီဖုန်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ ...."

ထန်ယဲက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ် ချန်စန်းဂေဟာမှာ ယူစရာတစ်ခုရှိသေးတယ်ဗျ...."

လင်ဇီဖုန်း၏မျက်နှာမှာ အေးစက်ခက်ထန်သွားသည်။

သူက အလွန်တင်းမာသော လေသံဖြင့်ပြောသည်။

"မင်းက တမင်အချိန်နှေးအောင် လုပ်နေတာပါလား...."

ထန်ယဲက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ...."

လင်ဇီဖုန်းက လက်ကာပြလိုက်သည်။

"ဒါဆို .... မင်းပစ္စည်းကို မက်မောမနေပါနဲ့.... ပစ္စည်းဆိုတာ လွယ်လွယ်ကလေးပါ.... ငါတို့အတွက် ဘာမှမခက်ပါဘူး...."

ထန်ယဲက သက်ပြင်းချလိုက်သည်။

"မမက်လို့ မဖြစ်ဘူးဗျ...."

လင်ဇီဖုန်းက ထန်ယဲအား အေးစက်သော မျက်လုံးများဖြ[င့်] စိုက်ကြည့်လိုက်သည်။

ထန်ယဲက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီပစ္စည်းမရှိရင်....ခင်ဗျားတို့အားလုံး မျှော်လင့်ချက်တွေ ပျ[က်]သုဉ်းသွားရလိမ့်မယ်...."

လင်ဇီဖုန်း၏မျက်နှာ၌ အံ့ဩရိပ်များ ယှက်သန်းသွားသည်။

လင်ဇီဖုန်းက သူ့အား စေ့စေ့ကြည့်လိုက်၏။

"မြေပုံမဟုတ်လား...."

ထန်ယဲက ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်....ကျုပ်ထောင်ထဲမဝင်ခင် ချန်စန်းဂေဟာထဲမှာ ထားခဲ့တာဗျ...."

လင်ဇီဖုန်းက ပြုံးလိုက်၏။

"ညကတည်းက ဝင်ယူလိုက်ရင် ပြီးနေပြီ...."

ထန်ယဲက နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားပဲ အလွတ်ပြေးနိုင်ဆိုဗျ...အသည်းအသန်တိုက်နေချိန် ဖြစ်တော့ ကျုပ်လည်း ပြေးရတာပေါ့....ခင်ဗျား လွယ်လွယ်မပြောပါနဲ့...."

လင်ဇီဖုန်းက ပါးစပ်ပိတ်သွား၏။

သူသည် ထန်ယဲ့အား သတ်ပစ်ချင်စိတ်ပေါက်နေမိသည်။

သို့သော် စိတ်ကိုချုပ်တည်းလိုက်ပြီး ပြောလိုက်ရသည်။

"ကောင်းပြီလေ မြေပုံပြန်ယူပြီးရင် တို့သွားကြရအောင်...."

ထန်ယဲ့ကလည်း ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်လည်း ဒီမြို့မှာ တစ်ခဏလေးတောင် နေချင်စိတ်မရှိပါဘူးဗျာ...."

ထန်ယဲသည် တကယ်ပင် ဤမြို့မှ ပြေးချင်စိတ်ပေါက်နေသည်။

သူသည် ညအချိန်ရောက်အောင်တော့ စိတ်ရှည်လက်ရှည် စောင့်ကြရသည်။

ည.... ....။

ကောင်းကင်ပေါ်တွင် လကွေးလေးရှိသည်။

လရောင်သည် ဝန်းကျင်တစ်ခုလုံးအား အလင်းရောင်မပေး နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ညအမှောင်ထုအောက်ဝယ် လှုရိပ်နှစ်ရိပ်မှာ ညင်သာစွာလှုပ်ရှားနေသည်။ ကြောင်တစ်ကောင်အလား ညင်သာလှ၏။

ထိုလှုရိပ်နှစ်ရိပ်မှာ လင်ဇီဖုန်းနှင့် ထန်ယဲ့ပင်ဖြစ်သည်။

ထန်ယဲက သစ်ပင်အကွယ်မှနေ၍ အဆောက်အဦတစ်ခုအားအကဲခတ်ကြည့်နေ၏။

အဆောက်အဦမှာ မှောင်မည်းနေသည်။

လှုရိပ်လှုယောင်ပင် လုံးဝမတွေ့ရပါ။

"အင်း.... ထိဖုံးက ငါ ဒီကိုပြန်လာမယ်လို့ ထင်မှာမဟုတ်ပါဘူး...."

သူသည် ယင်းသို့တွေးရင်း သစ်ပင်အကွယ်မှထွက်ရန် ဟန်ပြင်လိုက်လေသည်။

လင်ဇီဖုန်းက သူ၏လက်မောင်းကို အသာဆွဲထားလိုက်သည်။

ထန်ယဲမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ...."

လင်ဇီဖုန်းက လေသံဖြင့်သတိပေးလိုက်၏။

"အရမ်းမသွားနဲ့.... ကင်းပုန်းရှိတယ်...."

ထန်ယဲမှာ မျက်မှောင်ကုတ်သွားသည်။

သူက အဆောက်အဦကို တစ်ဖန်ပြန်ကြည့်လိုက်၏။

မည်သည့်အရာကိုမျှ မတွေ့ရပါချေ။

ထန်ယဲ့က တအံ့တသြဖြင့် ပြောလိုက်သည်။

"ဘာမှမတွေ့ပါလား...."

လင်ဇီဖုန်းက ညွှန်ပြလိုက်၏။



"အဆောက်အဦရဲ့ ညာဘက်တံစက်မြိတ်ကြားထဲမှာ လှုရှိတယ် သေသေချာချာကြည့်စမ်း...."

ထန်ယဲ့က လင်ဇီဖုန်းပြရာသို့ ဂရုစိုက်ကြည့်လိုက်၏။

တံစက်မြိတ်နှင့် ခေါင်မိုးအကြားမှ မသိမသာ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်။

"ဒုက္ခပဲ.... ငါ့အကြံ သူများသိနေသလား...."

ထန်ယဲက သက်ပြင်းချလိုက်သည်။

လင်ဇီဖုန်းက စိတ်ပျက်သော လေသံဖြင့်....

"အဆောက်အဦထဲမှာလည်း လူတွေရှိနိုင်တယ်...."

ထန်ယဲမှာ မျက်မှောင်ကုတ်သွားသည်။

"ကျုပ်တို့ ဘယ်လိုလုပ်မလဲ...."

လင်ဇီဖုန်းက ပခုံးတစ်ချက် တွန့်လိုက်၏။

သူက ဆုံးဖြတ်ပြီးဖြစ်ပုံရသည်။

ထို့ကြောင့် လျင်မြန်စွာပြောသည်။

"ပြန်ရုံပေါ့...."

ထန်ယဲက ခေါင်းခါယမ်းလိုက်သည်။

"ပြန်လို့ မဖြစ်ဘူး.... မြေပုံရမှ ဖြစ်မှာဗျ...."

လင်ဇီဖုန်းက မဲ့ပြုံးပြုံးလိုက်၏။

"အခုချိန်ဝင်ရင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်နေမှာပေါ့ မြေပုံမရဘဲ ဓားရနေမှာကွ...."

ထန်ယဲက ပါးစပ်ပိတ်သွားသည်။

အတန်ကြာမှ....

"ကျုပ်အပြစ်ပဲ.... ကျုပ်မရရအောင် ပြန်ယူပါမယ်...."

www.burmeseclassic.com

www.burmeseclassic.com



ထန်ယဲက ပြတ်သားစွာပြောလိုက်လေ၏။

လင်ဝီဖုန်းက လက်ကာပြလိုက်၏။

"မင်းက မလိုလားအပ်ဘဲ အရဲမစွန့်ချင်နဲ့ပြန်မယ်.... တို့ မြေပုံယူဖို့ နည်းလမ်းရှာကြသေးတာပေါ့...."

ထန်ယဲမှာ သက်ပြင်းချရင်း ခေါင်းညိတ်လိုက်ရလေတော့သည်။

ထို့နောက်....

နှစ်ဦးစလုံး အဆောက်အဦအနီးမှ ထွက်ခွာသွားကြလေ၏။

နံနက်လင်းသောအခါ ထိဖုံးသည် လုပ်ငန်းစလေတော့၏။

သူ့လုပ်ငန်းမှာ ဝန်းကျင်ကို ဂရုစိုက်စစ်ဆေးခြင်းပင် ဖြစ်သည်။

ဂေဟာ၏အနောက်ဘက်ထောင့်၌ ထင်ရှားသော ခြေရာနှစ်ခုကို တွေ့မြင်လိုက်ရသည်။

သူ၏မျက်နှာပေါ်တွင် ကျေနပ်သောအရိပ်အယောင်များ ပေါ်ထွက်လာသည်။

"ထန်ယဲ.... ခင်ဗျား ဒီကိုမလာဘဲ မနေနိုင်ခဲ့ဘူး မဟုတ်လားဒါပေမယ့် ခင်ဗျားရဲ့ပါးနပ်မှုကိုတော့ ကျုပ်ချီးကျူးပါတယ်...."

ထိဖုံးသည် သူ၏ထောင်ချောက်ကို ထန်ယဲရိပ်စားမိသွားသည့်အတွက် ချီးကျူးလိုက်၏။

သူသည် ချက်ချင်းပင် အစီအစဉ်သစ်များ ချမှတ်လိုက်၏။

သူ့အစီအစဉ်များကတော့ .... ရေပက်မဝင်လောက်အောင် ကောင်းသည်။

သူ၏ကင်းပုန်းများကို ထန်ယဲက ရိပ်စားမိခဲ့သည်။

ထို့ကြောင့် ....



သူက ပုန်းထားစရာ မလိုအပ်တော့ပါ။

ထင်ထင်ပေါ်ပေါ်ပင် ဂေဟာကို အစောင့်အကြပ်များထားရန်....

ထို့နောက် ....

သူကိုယ်တိုင်ဦးစီးပြီး မြို့တွင်းအနှံ့ လှည့်လည်ရှာဖွေရန် ထွက်ခွာသွားလေတော့သည်။

*

နံနက်ခင်းအချိန်ဖြစ်သည်။

လယ်သမားနှစ်ဦးသည် ပေါက်တူးကိုယ်စီထမ်းကာ လမ်းမကြီးအတိုင်း လျှောက်လာနေကြ၏။

သူတို့သည် ညစ်ပတ်ပေရေနေကြသည်။

သူတို့သည် ချန်စန်းဂေဟာအနီး အရောက်တွင် မသိမသာလှမ်းကြည့်လိုက်ကြလေ၏။

ဂေဟာတွင်စောင့်ကြပ်နေကြသော လုံခြုံရေးတပ်သား ဆယ်ယောက်ခန့်ကို တွေ့မြင်လိုက်ရသည်။

လယ်သမားနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး မင်းလမ်းမကြီးဆီသို့ ခပ်သွက်သွက်လျှောက်သွားကြလေတော့၏။

နံနက်ခင်းအချိန်ဖြစ်ကြောင့် မင်းလမ်းမပေါ်၌ လူများစည်ကားနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိဖုံးဦးဆောင်သော လုံခြုံရေးတပ်သားတစ်စုသည် တစ်အိမ်ဝင် တစ်အိမ်ထွက် ရှာဖွေနေကြ၏။

သူတို့၏အင်အားမှာ များပြားသောကြောင့် နေ့ဝက်ခန့်နှင့် တစ်မြို့လုံးစစ်ဆေးနိုင်မည်ဟု ယူဆထားပေသည်။

သို့သော်....

နံနက်ခင်း စစ်ဆေးသည်ဖြစ်၍ လူအကုန်မစစ်နိုင်ဘဲ လမ်းေ ဟာမှ ရှိနိုင်သည်ကို ထိဖုံးက နားလည်ပြီးဖြစ်သည်။

သူက တကယ်စစ်ဆေးခြင်း မဟုတ်ပါ။

သူ ဤသို့စစ်ဆေးခြင်းဖြင့် ထန်ယဲတို့အား တွေ့မည်မဟုတ်ဟု ယူဆ၏။

ဤသို့စစ်ဆေးခြင်းသည် ထန်ယဲတို့အား ခြိမ်းခြောက်လိုက်ခြင်းပင်ဖြစ်သည်။

ထန်ယဲသည် မင်းလမ်းမထိပ်၌ရပ်ရင်း ရှာဖွေစစ်ဆေးမှုများကို အကဲခတ်ကြည့်နေ၏။

သူ၏မျက်လုံးများသည် စူးရှလှ၏။

ပတ်ဝန်းကျင်ကို သိမ်းကျုံးကြည့်နေသည်။

သူ၏လုံခြုံရေးတပ်သားများက တစ်လမ်းဝင်တစ်လမ်းထွက် စစ်ဆေးနေသည်။

ထိုအခိုက် လယ်သမားနှစ်ယောက်သည် မင်းလမ်းမအတိုင်း လျှောက်လာရင်း တုံ့ခနဲ ရပ်တန့်သွား၏။

ထို့နောက်.... ရှေ့ဆက်လျှောက်သွားကြသည်။

ထိဖုံးက ထိုလယ်သမားနှစ်ယောက်တို့ကို လှမ်းမြင်လိုက်သည်။



သူတို့အား အကဲခတ်နေသည်။

ထိုလူနှစ်ယောက်သည် မြို့ပြင်ရှိလယ်တောသို့ သွားကြသော လယ်သမားနှစ်ယောက် ဖြစ်ပေလိမ့်မည်။

ထိဖုံး၏မျက်စိများသည် လယ်သမားများကို ခေါင်းမှကိုယ်.... ကိုယ်မှခြေထောက်များအထိ မျက်စိရောက်သွား၏။

ထိုအခါ.... သူ့မျက်လုံးအစုံသည် ပြူးသွားသည်။

ဖိနပ်များသည် အဖိုးတန်အဝတ်ဖိနပ်ဖြစ်နေသည်။

ထိဖုံး ခေါင်းတဆတ်ဆတ် ညိတ်မိ၏။

လယ်သမားများသည် အဖိုးတန်အဝတ်ဖိနပ်ကို ဝတ်ဆင်ပါမည်လော....။

လယ်သမားနှစ်ယောက်သည် သူတို့အား သတင်းစုံစမ်းရေးမှူး ထိဖုံးက အကဲခတ်နေကြောင်း သိသွားသည်။

ထို့ကြောင့်....

သူတို့သည် ဂူကြားထဲသို့တိုးဝင်ရန် ဟန်ပြင်လိုက်၏။

ထိုအခါ.... ထိဖုံးက ဟန့်တားလိုက်သည်။

"ရပ်လိုက်...."

လယ်သမားနှစ်ယောက်မှာ မျက်နှာကွက်ခနဲပျက်သွားကြပြီး ခြေလှမ်းများ ရပ်တန့်သွားလေ၏။

ထိုစဉ်မှာပင် ဆူဆူညံညံများ ထွက်ပေါ်လာသည်။

ထိဖုံးက လှမ်းကြည့်လိုက်ရာ အိမ်တစ်အိမ်ပေါ်မှ လူတစ်ယောက်ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

လုံခြုံရေးတပ်သားများသည် ထိုလူအား ဟန့်တားပိုက်နိုက် သည်ကို တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ဓားပညာမဆိုးလှပါချေ။

ထောက်လှမ်းရေးမှူး ထိဖုံးမှာ မနေသာတော့ပါချေ။

သူသည် ချက်ချင်းပင် တိုက်ပွဲအတွင်းသို့ ပြေးရတော့သည်။

ရန်သူမှာ အခြားသူမဟုတ်ပါ....။

ဂူစံနှိအကျဉ်းထောင်အား ထောင်ဖောက်ပြေးစဉ်က လွတ်မြောက်သွားသော အကျဉ်းသားတစ်ယောက်ပင်ဖြစ်သည်။

ထိုလူသည် လမ်းဓားပြ ချောင်ထင်းဖြစ်၏။

ချောင်ထင်းမှာ ထောက်လှမ်းရေးမှူး ထိဖုံးဝင်လာသည်ကို တွေ့မြင်လိုက်သည်နှင့် ဓားနှင့်ဆီးကြိုခုတ်ချလိုက်လေသည်။

"ဂွစ်...."

ဓားချက်က ပြင်းထန်လှသည်။

ဓားချက်ထိမှန်သည်နှင့် အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲသွားမည်သာဖြစ်သည်။

ထောက်လှမ်းရေးမှူး ထိဖုံးမှာ ဓားချက်ကိုလွတ်ရုံသာ ရှောင်တိမ်းလိုက်ပြီး ချောင်ထင်းဓားကိုင်လက်ကို ဖမ်းဆွဲလိုက်သည်။

ချောင်ထင်းက နောက်ဘက်သို့အသာလှည့်ပြီး ညာခြေဖြင့် ထောက်လှမ်းရေးမှူး ထိဖုံး၏ဦးကို နင်းချလိုက်သည်။

ထိဖုံးက ခြေကိုကွေးကာ ရှောင်တိမ်းလိုက်ပြီး လက်ညှိုးနှင့် လက်ခလယ်ကို အသုံးပြုကာ ကန်လိုက်သောကြောင့် ခြေထောက်ကို ထိုးချလိုက်၏။

"အား...."

ချောင်ထင်းမှာ နာကျင်စွာအော်ဟစ်လိုက်ပြီး နောက်သို့ယိုင်သွား၏။



သို့သော် ချက်ချင်းပင် ဓားကိုဝှေ့ယမ်းပြီး သူ့ခန္ဓာကိုယ်အား မတိုက်ခိုက်နိုင်ရန် ကာကွယ်ထားသည်။

ထိဖုံးက ချောင်ထင်းထက် လျင်မြန်စွာပင် လှုပ်ရှားလိုက်၏။

သူ၏လက်ဝါးက အကာအကွယ်မဲ့သော ချောင်ထင်း၏ရင်ဝကို ရိုက်ချလိုက်သည်။

"ဝုန်း...."

ချောင်ထင်းမှာ ဓားတခြား လူတခြား လွင့်စဉ်သွားလေသည်။

ထောက်လှမ်းရေးမှူး ထိဖုံးမှာ ချောင်ထင်းအား ကြည့်မနေတော့ပါ။

"သူ့ကိုဖမ်းခေါ်သွား...."

လုံခြုံရေးတပ်သားများအား အမိန့်ပေးလိုက်ပြီး ဈေးလမ်းမဘက်သို့ပြန်၍ ပြေးထွက်လာ၏။

မင်းလမ်းမသို့ရောက်သောအခါ တစ်ချက်ဝှေ့ကြည့်လိုက် သည်။

စောစောက လယ်သမားနှစ်ယောက်အား မတွေ့ရတော့ပါ။

ထိဖုံးသည် လူများကြားတိုးဝင်ကာ ရှာဖွေလိုက်၏။

မင်းလမ်းမဘက်အထိသို့သာ ရောက်ရှိလာသည်။

ထိုလယ်သမားနှစ်ယောက်အား လုံးဝမတွေ့ရတော့ပါ....။

"တောက်...."

ထောက်လှမ်းရေးမှူး ထိဖုံးက မကျေမချမ်းနှင့် တက်တစ်ချက် ခေါက်လိုက်မိလေတော့သည်။

ထိုအချိန်တွင် လင်ဝီဖုန်းနှင့်ထန်ယဲတို့က ရယ်မောနေကြလေပြီ....။

"ဟား.... ဟား.... ဟား...."

www.burmeseclassic.com

www.burmeseclassic.com



လင်ဝီဖုန်းက ခေါင်းညိတ်လိုက်သည်။

"သူက ကျုပ်တို့ဖိနပ်တွေကို သတိထားမိတယ်.... ကျုပ်တို့ကလည်း ဒီအချက်ကို မေ့သွားခဲ့တာကိုးဗျ....ဒီကောင့်ကို လွှတ်လို့မရဘူး...."

ထန်ယဲက ပခုံးတစ်ချက် တွန့်လိုက်၏။

"ပြဿနာတစ်ခုဖြစ်သွားလိုသာ ကျုပ်တို့ ထွက်ခဲ့တာပဲ.... မဟုတ်ရင်တော့ တိုက်ရခိုက်ရဦးမှာ သေချာတယ်...."

"ဝေးပါသေးတယ်....ဒီလိုတော့ အမိခံပါ့မလား....နောက်ဆုံးတိုက်ပွဲတစ်ပွဲဖြစ်ရုံပေါ့....ဒီကောင် ကျုပ်တို့ကို မဖမ်းနိုင်ပါဘူး...."

ထန်ယဲက ခေါင်းခါယမ်းလိုက်သည်။

"လုံခြုံရေးသမားတွေပါ ပူးပေါင်းခဲ့ရင်တော့ လွတ်လမ်းမမြင်ဘူးဗျ...."

လင်ဝီဖုန်းက မဲ့ပြုံးပြုံးလိုက်၏။

"ဒါဟာ မင်းကြောင့် ဖြစ်ရတာတွေပဲ...."

ထန်ယဲက ခေါင်းငုံ့သွားသည်။

လင်ဝီဖုန်းက ထန်ယဲအား စေ့စေ့ကြည့်လိုက်သည်။

"တစ်ခုတော့ရှိတယ်.... မင်းကိုသူက ချုန်စန်းဂေဟာထဲ အင်စွန့်ဝင်လာအောင် မျှော်လင့်နေပုံပဲ.... ကျုပ်တို့ကလည်း သူမျှော်လင့်တဲ့အတိုင်း သွားကြရမှာပေါ့ဗျာ...."

ထန်ယဲက မဝံ့မရဲဟန်ဖြင့်....

"ဖြစ်ပါ့မလား....ချုန်စန်းဂေဟာမှာ အစောင့်တွေကမနည်းဘူးဗျ....သွားရင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်နေမယ်.... ခင်ဗျားပဲပြောခဲ့တာပဲ...."



လင်ဝီဖုန်းက အလေးအနက်ပြောခြင်းဖြစ်သည်ကို တွေ့မြင်လိုက်ရသည်။

ထန်ယဲက ခေါင်းညိတ်လိုက်ပြီး....

"စိတ်ချ ကျုပ်ဘာလုပ်ရမလဲ....ဘယ်တော့သွားရမလဲ...."

"မနက်ဖြန်မနက်...."

"မနက် ဟုတ်လား...."

"ဟုတ်တယ်.... အစောင့်အကြပ်တွေ ချထားတဲ့နောက်မှာတော့ လင်းလင်းချင်းချင်း သွားရတာက ပိုပြီးအန္တရာယ်ကင်းပါတယ်"

ထန်ယဲ့က ပါးစပ်ပိတ်သွားသည်။

လင်ဝီဖုန်းတွင် ပီရိသောအကြံအစည်တစ်ခု ရှိနေပြီဖြစ်ကြောင်း ကောင်းစွာနားလည်လိုက်မိလေတော့သည်။

မည်သည့်အကြံအစည်နည်း.... မည်သို့ပင်ဖြစ်စေ ထိုအကြံအစည်အတိုင်း သူလိုက်နာရမည်မှာ အသေအချာပင်ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၀)

# လှည့်ကွက်

နံနက်ခင်း....။

နောက်တစ်နေ့ နံနက်ခင်းဖြစ်ပါ၏။

ချုန်စန်းဂေဟာအတွင်း၌ လုံခြုံရေးတပ်သားနှစ်ဆယ်ခန့်က ဖြ
ကျက်နေရာယူထားကြ၏။

ဧည့်ခန်းထဲ၌ ထိဖုံးနှင့်လူဆိုးထိန်းခေါင်းဆောင်တို့ ထိုင်နေ
ကြသည်။

လူဆိုးထိန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"လုံခြုံရေးတပ်သားတွေ ဒီလောက်ချထားတဲ့နောက်တော့
ထန်ယဲက လာရဲတော့မလား...."

ထိဖုံးက ပြုံးလိုက်သည်။

"ကျုပ်က ဒီမြို့မှာပုန်းခိုမနေနိုင်အောင် လုပ်နေပြီဗျ....သူ့ဒီ
မစွန့်ခွာရင် ကျုပ်တို့နဲ့ ထိပ်တိုက်တိုးမှာပဲ....သူတို့က စွန့်ခွာမယ်ဆို
ဒီဂေဟာကို မလွဲမသွေရောက်လာမယ် .... ဘာကြောင့်လဲဆိုတော့



သူဟာ ဒီဂေဟာထဲမှာ ယူစရာပစ္စည်းရှိနေလို့ပဲ...."

လူဆိုးထိန်းခေါင်းဆောင်မှာ မျက်မှောင်ကုတ်သွား၏။

"ဘာပစ္စည်းများလဲ...."

ထောက်လှမ်းရေးမှူး ထိဖုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဘယ်သိပါ့မလဲဗျာ...."

"ကျုပ်သိတဲ့နောက်တော့ ယူထားပြီးပြီပေါ့ဗျ...."

လူဆိုးထိန်းခေါင်းဆောင်က ပါးစပ်ပိတ်သွားတော့သည်။

ထိဖုံးက စကားဆက်လိုက်၏။

"အခု ကျုပ်တို့ရဲ့တပ်သားတွေဟာ တစ်လမ်းဝင်တစ်လမ်း
ထွက်ရှာဖွေနေကြတယ်.... မကြာခင် သူတို့ ပြန်လှုပ်ရှားလာမယ်လို့
ကျုပ်ယူဆတယ်.... ဒါကတော့ ကြွက်တွင်းတွေကို မီးရှို့တာပဲ...."

လူဆိုးထိန်းခေါင်းဆောင်က မယုံကြည်ပါ။

လုံခြုံရေးတပ်သားများ စောင့်ကြပ်နေသော ဤနေရာသို့
ထန်ယဲ လာရဲမည်မဟုတ်ဟု တွေးနေမိသည်။

သို့သော်....

သူသည် ထိဖုံးအား မပြောရဲပါချေ။

ထိဖုံးက လက်ဖွေ့ယမ်းပြလိုက်သည်။

"အားလုံး သတိဝိရိယထားပြီး စောင့်ကြပ်ကြပါ...."

လူဆိုးထိန်းခေါင်းဆောင်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ပါ.... အမိန့်အတိုင်း ကျုပ်တို့ စောင့်ပါမယ်...."

ထိဖုံးက ထိုင်ရာမှထလိုက်သည်။

"ကျုပ် မြို့ထဲထွက်ပြီး စနည်းနာလိုက်ဦးမယ်....ဒီကောင်တွေ
ဒီ မိရမှာပေါ့ဗျာ...."

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးထိန်းခေါ်းဆောင်က ဦးညွှတ်အရိုအသေပြုလိုက်ေ
တော့သည်။

ထိဖုံးထွက်လာပြီး နှစ်လမ်းမျှအကျော်တွင် ရုတ်တရ
လူတစ်ယောက်ထွက်ပေါ်လာ၏။

"မင်းသတ္တိရှိရင် ကျုပ်နောက်လိုက်ခဲ့...."

ထိုသူသည် ရန်စပြီး လမ်းကြားတွင်းသို့ ပြေးဝင်သွား၏။

ထောက်လှမ်းရေးမှူး ထိဖုံး၏မျက်နှာမှာ နီရဲသွားသည်။

တစ်ကိုယ်လုံးရှိသွေးများလည်း ဆူကြွလာသည်။

သူ့အား စိန်ခေါ်လိုက်သူမှာ ထန်ယဲပင် မဟုတ်ပါလော။

"ထန်ယဲ.... ခင်ဗျားပြေးလို့ လွတ်မလား...."

သူသည် အော်ဟစ်ရင်း ထန်ယဲနောက်မှ ပြေးလိုက်သွား

ထန်ယဲနှင့် ထောက်လှမ်းရေးမှူးတို့မှာ ရှေ့ဆင့်နောက်
ပြေးလွှားလာကြရာ မကြာမီ မြို့စွန်ရှိ ဘုံကျောင်းပျက်တစ်ခုအနီး
ရောက်ရှိလာကြသည်။

ဘုံကျောင်းပျက်ရှေ့ မြေကွက်လပ်သို့ရောက်သောအ
ထန်ယဲက ရပ်တန့်လိုက်၏။

ထိဖုံးက မဲ့ပြုံးပြုံးလိုက်ပြီး....

"ထန်ယဲ....ခင်ဗျားက သတ္တိကောင်းသားပဲ....ကျုပ် ဖမ်းမှာ
မရှောင်ဘဲ ရဲရဲဝံ့ဝံ့စိန်ခေါ်ဝံ့တယ်...."

ထန်ယဲက ပခုံးတစ်ချက် တွန့်လိုက်သည်။

"စကားအပိုမပြောဘဲ ကျုပ်တို့ ယှဉ်လိုက်ကြရအောင်...."

ထိဖုံးက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်
၏။



ပုန်းအောင်းနေသောသူ ရှိဟန်မတူပါ....ဤနေရာသည်လည်း
ထောင်ချောက်ဖြစ်နိုင်သည် မဟုတ်ပါလား....။

ထိဖုံးသည် ဓားကိုဆွဲထုတ်လိုက်၏။

"ထန်ယဲ....ဒီကနေ့ ခင်ဗျားရဲ့ဓားပညာကို တွေ့ရစေမယ်...."

ထန်ယဲကလည်း ဓားကိုဆွဲထုတ်လိုက်သည်။

သူတို့နှစ်ယောက်သည် ဓားကိုအသင့်ပြင်ထားသော်လည်း
တိုက်ခိုက်ကြသေးချေ။

တစ်ယောက်နှင့် တစ်ယောက် အကဲခတ်နေ၏။

ထိဖုံးမှာ ထန်ယဲအား တိုက်ခိုက်ရန် ချောင်းမြောင်းနေရင်းက
မျက်မှောင်ကြုတ်သွားသည်။ သူသည် ဖုံးကွယ်မှုအား သိမြင်ခဲ့ချေပြီ....

"ခင်.... ခင်ဗျား ထန်ယဲမဟုတ်ဘူး...."

"ဟား.... ဟား.... ဟား...."

"မင်း.... တော်တယ်...."

ထန်ယဲက ရယ်မောရင်း မျက်နှာကိုပွတ်သက်လိုက်ရာ သား
ရေတုမျက်နှာဖုံးစွပ် ကျွတ်သွားလေ၏။

သားရေတုမျက်နှာဖုံးစွပ် ကျွတ်သွားသည်နှင့် လူစိမ်းတစ်
ယောက်၏မျက်နှာ ပေါ်လာသည်။

ထိဖုံးမှာ ထိုလူ၏မျက်လုံးများကို တွေ့ဖူးသည်ဟု ထင်မိ၏။

ထိုလူ၏မျက်လုံးသည် သာမန်မျက်လုံးများနှင့်မတူပါ။

စူးရှတောက်ပရုံမျှမက ရက်စက်လိုသော.... ကောက်ကျစ်လို
သော အရိပ်အယောင်များ ရောယှက်ပေါ်လွင်နေသည်။

ထောက်လှမ်းရေးမှူး ထိခုံးက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိပြီ...."

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ မျက်မှောင်ကြုတ်သွား၏။

"ကျုပ် ....ဘယ်သူလဲ...."

"ခင်ဗျား တိမ်လွှာသိုင်းသမားပဲ...."

မှန်ပေသည်။

ထိုလူသည် တိမ်လွှာသိုင်းသမား လင်ဝီဖုန်းပင် မဟုတ်ပါ လော။

လင်ဝီဖုန်းမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

ဤထောက်လှမ်းရေးမှူး ထိဖုံးနှင့် တစ်ကြိမ်တွေ့ဆုံခဲ့ဖူးသည်။

ထိုစဉ်က သူသည် မျက်နှာဖုံးစွပ်တစ်ခုကို စွပ်ထားခဲ့သည်။

သူ့အား မှတ်မိနိုင်စရာ အကြောင်းမရှိပါ။

ယခုထောက်လှမ်းရေးမှူး ထိဖုံးမှာ သူ့အား ချက်ချင်းပင် မှတ်မိ သွား၏။

ဤမျှ ထက်မြက်လှသော သတင်းစုံစမ်းရေးမှူးအား ရှင်းပစ်မှ ဖြစ်မည်ဟု တွေးလိုက်မိ၏။

ထိုစဉ်....

ထိဖုံး၏စကားသံ ထွက်ပေါ်လာသည်။

"ခင်ဗျား ဘယ်သူလဲ.... ထန်ယဲနဲ့ဘယ်လိုပတ်သက်နေသလဲ"

လင်ဝီဖုန်းက အံကိုတင်းတင်း ကြိတ်လိုက်၏။

"ကျုပ်အကြောင်းသိချင်ရင် ကျုပ်ဓားကိုအနိုင်ရမှ ဖြစ်လိမ့် မယ်...."

ထိဖုံးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ....ခင်ဗျားရဲ့ပညာကို ကြည့်ရသေးတာပေါ့— ဒီတစ်ကြိမ်တော့ ခင်ဗျာနဲ့ကျုပ် အရှုံးအနိုင်ကွဲပြားမှဖြစ်တော့မယ်—



**လင်ဝီဖုန်းက ဘာမျှ** ပြန်မပြောတော့ပါ။

သူသည် **ဓားကိုဝှေ့ယမ်းကာ** စတင်တိုက်ခိုက်လေတော့သည်။

ထိဖုံးကလည်း ဓားကိုဝှေ့ယမ်းကာ တရကြမ်း တုံ့ပြန်တိုက် ခိုက်လေ၏။

တစ်ခဏချင်းပင် ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာ လေတော့သည်။

တိုက်ပွဲ၏အကျိုးဆက်ကား မည်သို့နည်း....

ထိဖုံးမှာ သိုင်းကွက်နှစ်ဆယ်ခန့် တိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။

လင်ဝီဖုန်းသည် သူ့ထက် အတွင်းအားနှင့် ကိုယ်ဖော့ပညာတွင် သာလွန်ကြောင်း သိထား၏။

ဓားပညာတွင်မူ သူက အနည်းငယ်သာသည်။

လင်ဝီဖုန်းကလည်း ဟိုအချက်ကို ကောင်းစွာနားလည်ဟန် တူ၏။

အတွင်းအားကိုအသုံးပြုကာ တိုက်ခိုက်နေသည်။

ထိဖုံးမှာ လင်ဝီဖုန်းနှင့်တိုက်ခိုက်နေရင်းမှ ထန်ယဲအား သတိ ရလာ၏။

ထန်ယဲ မည်သည့်နေရာတွင် ရောက်နေပါသနည်း....

သူက ယင်းသို့တွေးရင်း ခန္ဓာကိုယ်တစ်ချက် တုန်ခါသွား၏။

ထန်ယဲသည် ရုပ်ဖျက်ပညာ**တော်**ကြောင်း သူကသိသည်။

တိုက်ပွဲ၏အကျိုးဆက်ကို **သူ ရိပ်မိသွား၏**။

သူသည် လင်ဝီဖုန်းနှင့် တိုက်ခိုက်လိုစိတ်မရှိတော့ပါ။

ထိဖုံးသည် နောက်ဆုတ်ရန် ဟန်ပြင်လိုက်၏။

လင်ဝီဖုန်းက ရယ်မောလိုက်ပြီး ....ဟန့်တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား.... ဟား.... ဟား.... မင်း ထွက်သွားလို့မဖြစ်သေးဘူး"

ထိခိုးမှာ ဒေါသချောင်းချောင်း ထွက်သွားသည်။

"ထန်ယဲ ဘယ်မှာလဲ...."

လင်ဝီဖုန်းက မဲ့ပြုံးပြုံးလိုက်၏။

"အခုအချိန်ဆိုရင် မင်းရဲ့ငယ်သားတွေကို အမိန့်ပေးနေရော့ပေါ့...."

ထောက်လှမ်းရေးမှူး ထိဖုံးမှာ မျက်နှာပျက်သွားသည်။

သူ၏ထင်မြင်ချက် မှန်နေပြီမဟုတ်ပါလား....။

သူသည် ထန်ယဲအား အချိန်မီတွေ့နိုင်ရန် လင်ဝီဖုန်းအားအမြန်ဆုံးရှင်းပစ်နိုင်မှဖြစ်မည်ဟု နားလည်လိုက်၏။

အမြန်ဆုံးရှင်းရမည်....အမြန်ဆုံးဖြိုရမည်။

သို့သော်.... လင်ဝီဖုန်းက ခေသူမဟုတ်ပါ....

သူသည် ယင်းသို့တွေးရင်း ဒေါသပိုထွက်လာ၏။

သူ၏တိုက်ခိုက်မှုများကလည်း ပို၍ပြင်းထန်လာလေတော့သည်။

ထိုအချိန်တွင် ချန်ဂေဟာ၌ တစ်စုံတစ်ခုသောထူးခြားမှု ဖြစ်နေလေပြီ....

လူဆိုးထိန်းခေါင်းဆောင်မှာ အိပ်ငိုက်နေ၏။

သူသည် သုံးလေးရက်မကအိပ်ရေးပျက်ခဲ့ပြီး ကင်းပုန်းစောင့်ခဲ့ရသည် မဟုတ်ပါလော။

ယခုလို နံနက်ခင်းမျိုး၌ ထန်ယဲတို့ လာဝံ့မည်ဟု မထင်ပါ

အစောင့်အာဏာသားများ အပြည့်ရှိသော ဤနေရာသို့လာခြင်းသည် ကိုယ့်သေတွင်းကိုယ်တူးခြင်းဟု သူက ယုံကြည်ထား၏



ထို့ကြောင့် ဖွပန်ခြင်းမရှိဘဲ စိတ်ချလက်ချ ငိုက်နေခြင်းပင်ဖြစ်၏။

ရန်သူရောက်လာလျှင်လည်း အာဏာသားများရှိနေသည် မဟုတ်ပါလော။

လူဆိုးထိန်းခေါင်းဆောင်မှာ အိပ်ငိုက်နေဆဲ ရုတ်တရက် စကားသံကို ကြားလိုက်ရလေသည်။

"ကောင်းပါ့ဗျာ.... ခင်ဗျားက အိပ်နေတာကိုး...."

လူဆိုးထိန်းခေါင်းဆောင်မှာ လန့်နိုးသွား၏။

သူသည် ထိဖုံးအား တွေ့မြင်လိုက်သောအခါ မျက်နှာပျက်သွားသည်။

ထိခိုးက နှာခေါင်းရှုံ့လိုက်၏။

"ခင်ဗျား....တာဝန်ကို ပေါ့ဆလှချည်လား...."

လူဆိုးထိန်းခေါင်းဆောင်မှာ ခေါင်းငုံ့သွားလေသည်။

ထိဖုံးသည် ဤမျှလျင်မြန်စွာ ရောက်ရှိလာခဲ့သည် မဟုတ်ပါလား....

ထိခိုးက ဒေါသသံနှင့်ပြော၏။ သူက အပြစ်တင်သည်။

"ကျုပ် စိတ်မချလို့ပြန်ဝင်လာတာ ထင်တဲ့အတိုင်းပါလား...."

လူဆိုးထိန်းခေါင်းဆောင်က ကြောက်ရွံ့စွာဖြင့်....

"ကျုပ်.... ကျုပ်...."

ထိခိုးက လက်ကာပြလိုက်သည်။

"ဘာမှပြောမနေနဲ့ လုံခြုံရေးတပ်သားတွေ အကုန်ခေါ်သွားပြီ မြောက်ဘက်တောင်ကုန်းမှာ ထန်ယဲတို့လူစုရှိတယ်...."

လူဆိုးထိန်းခေါင်းဆောင်မှာ မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိဖုံးက စကားဆက်လိုက်၏။

"ရှိသမျှ လုံခြုံရေးတပ်သားတွေ ခေါ်သွား တောင်ခြေကနေ ထွက်ပေါက်မရှိအောင် ပိတ်ဆို့ထား....သွား....အမြန်ဆုံးသွားကြ...."

လူဆိုးထိန်းခေါင်းဆောင်မှာ ချက်ချင်းပင် တပ်သားများကို စုစည်းလိုက်၏။

ထို့နောက်....

မြို့၏မြောက်ဘက်သို့ ကတိုက်ကရိုက် ထွက်ခွာသွားကြလေတော့သည်။

လူဆိုးထိန်းခေါင်းဆောင်နှင့်လုံခြုံရေးတပ်သားများ ထွက်သွားသောအခါ ထိဖုံးသည် သဘောကျစွာရယ်မောလေတော့၏။

"ဟား....ဟား....ဟား...."

သူသည် မျက်နှာတုကိုဆွဲချွတ်လိုက်ရာ ထန်ယဲ၏မျက်နှာ ပေါ်လာသည်။

ထန်ယဲ့က ချက်ချင်းပင် ပိတ်ထားသောတံခါးကို ခြေထောက်နှင့် ကန်ဖွင့်လိုက်သည်။

"ဝုန်း...."

တံခါးရွက်မှာ ပွင့်ထွက်သွားသည်။

ထန်ယဲသည် အခန်းဝမှရပ်ကြည့်လိုက်၏။

အခန်းမှာ ပြောင်းလဲခြင်းမရှိပါ။

သူနေခဲ့စဉ်ကအတိုင်းပင် ဖြစ်သည်။

ထန်ယဲ့က အခန်းတွင်းသို့လှမ်းဝင်လိုက်၏။

အခန်းမှာ အစဉ်အမြဲပိတ်ထားပြီး လုံကျင်းခြင်းမရှိသဖြင့် အောက်သိုးသိုးအနံ့ ထွက်ပေါ်နေပေသည်။



ထန်ယဲ့မှာ အနံ့ဆိုးများကို ဂရုမစိုက်အားပါ။

သူသည် အခန်းတွင်းရှိ ခုတင်ကို မွှေနှောက်ရှာဖွေလိုက်၏။

မကြာမီ သူထားရစ်ခဲ့သော မြေပုံစာရွက်ကို ပြန်လည်တွေ့မြင်လိုက်ရသည်။

ထန်ယဲက စာရွက်ကို အင်္ကျီအိတ်ထဲသို့ တရိုတသေခေါက်လိုက်ပြီး.... ဂေဟာထဲမှ သွက်လက်စွာထွက်ခွာခဲ့လေတော့သည်။

ထန်ယဲထွက်လာသောအချိန်၌ ထိခိုးတစ်ယောက်မှာ ရန်သူ၏လှည့်ကွက်အတွင်း ဝင်မိရုံမျှမက သူသေကိုယ်သေ တိုက်ပွဲတစ်ပွဲ ဆင်နွှဲနေရသည်။

"ချွမ်း...."

လင်ဝီဖုန်း၏လက်မှာ ထုံကျင်သွားသည်။

**နှစ်ဦးစလုံးအလွန်မောပန်းနေပြီဖြစ်သည်။**

**ထောက်လှမ်းရေးမှူး ထိဖုံးက** ဓားကွက်ပြောင်းလဲရန် ဟန်ပြင်လိုက်သည်။

လင်ဝီဖုန်းက **တိုက်ခိုက်ခြင်းကို** ရပ်တန့်လိုက်သည်။

"ကျုပ်တို့ ဒီလောက်ယှဉ်**ရရင် တော်**ပါပြီဗျာ...."

ထိဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီကနေ့အဖို့ ခင်ဗျားကို **အလွတ်**မပေးနိုင်တော့ဘူး....ခင်ဗျားသွားရင် ကျုပ်ကို အနိုင်ယူသွားမှပဲရလိမ့်မယ်...."

လင်ဝီဖုန်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်က ပြေးလမ်းကို စီစဉ်ထားပြီးသားပါ....မင်းဘယ်လိုမှ ကျုပ်ကို မဟန့်တားနိုင်ပါဘူး...."

ထိုစကားကြောင့် ထိဖုံးမှာ ခံပြင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လင်ဝီဖုန်းအား ပြင်းထန်စွာတိုက်ခိုက်ရန် စဉ်းစားလိုက်၏။

သူ၏အကောင်းဆုံးတားကွက်များ ဖော်ထုတ်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ....

လင်ဝီဖုန်းသည် ဆက်လက်တိုက်ခိုက်ရန် မစဉ်းစားတော့ပါ။

သူသည် နောက်ကျွမ်းပစ်ကာ ခုန်ထွက်လိုက်၏။

ချုံပုတ်အတွင်း ခုန်ဝင်သွားခြင်းဖြစ်သည်။

ထိဖုံးကလည်း အလွတ်မပေးဘဲ ပြေးလမ်းကိုပိတ်ဆို့လိုက်ပါသည်။

သို့သော် ....

ချုံထဲ၌ ထိဖုံးအသိမြင်နိုင်သော တိရိစ္ဆာန်တစ်ကောင်ရှိနေ၏။

မြင်းတစ်ကောင်ပေတည်း ....

လင်ဝီဖုန်းသည် ချုံကွယ်ကြားမှ မြင်းပေါ်သို့ခုန်တက်ပြီး မြင်းကို တရကြမ်း မောင်းနှင်ထွက်ပြေးသွားသည်ဟု သူက မမျှော်လင့်ခဲ့ပါ။

လင်ဝီဖုန်းသည် မြင်း၏တင်ပါးကို တရကြမ်း ရိုက်လေ၏။

ထိဖုံးသည် လင်ဝီဖုန်းအား မည်သို့မျှ မဟန့်တားနိုင်တော့ပါ။

လက်ပိုက်ကြည့်နေလိုက်ရလေတော့သည်။

သူ၏ရင်ထဲ၌ ဒေါသချောင်းချောင်း ထွက်နေသည်။

ရန်သူက သူ့ထက်ဉာဏ်ရည်သာသွားသည် မဟုတ်ပါလေ

ထိဖုံးမှာ ချက်ချင်းပင် မြို့တွင်းသို့ ပြန်လည်ပြေးဝင်လာခဲ့လေတော့သည်။



သူ၏စိတ်ထဲတွင် ထန်ယဲအား မိလိမ့်မည်ဟု မမျှော်လင့်ချေ။

သူသည် ချန်စန်းဂေဟာသို့ အမြန်ဆုံး ပြန်ပြေးလာသည်။

ထိဖုံးသည် ချန်စန်းဂေဟာအတွင်းသို့ ပြေးလွှားဝင်ရောက်လာသည်။

ဂေဟာတွင်း၌ အစောင့်တပ်သားများ တစ်ယောက်မျှ မတွေ့ရသည့်အတွက် အံ့အားသင့်သွား၏။

သူ၏ရင်ထဲ၌ ခံပြင်းခြင်း....ဒေါသဖြစ်ခြင်း....ရှက်ခြင်း စသည့် ခံစားချက်များ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာလေတော့သည်။

"သွားပြီး ငါအသုံးမကျတာ .... ထန်ယဲရဲ့လှည့်ကွက်ထဲ ငါဝင်ခဲ့မိတာ ငါ့အမှားပဲ...."

သူသည် ငြီးထွားလိုက်မိလေ၏။

သူ၏မျှော်လင့်ချက်တို့ ပြိုကွဲသွားပြီဖြစ်၏။

ထန်ယဲကိစ္စတွင် သူက တာဝန်အရှိဆုံး ဖြစ်သည်။

သူသည် အံကိုတင်းတင်း ကြိတ်လိုက်၏။

"ထန်ယဲ ခင်ဗျား လွတ်အောင်ပြေးတော့....ခင်ဗျားနောက်ကို ကျုပ် ရေဆုံးမြေဆုံး လိုက်ခဲ့မယ်...."

သူသည် အော်ဟစ်ကြိမ်းဝါးလိုက်လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



တောလမ်းကလေး....။

တောလမ်းဆိုသည့်အတိုင်း ဘေးဘီနှစ်ဖက်၌ သစ်ပင်များ ပြည့်နှက်နေသည်။

တောလမ်းကလေးအတိုင်း မြင်းတစ်စီး အသော့နှင်လာ၏။

မြင်းပေါ်တွင် လူတစ်ယောက် စီးနှင်းလိုက်ပါလာသည်။

ထိုလူမှာ လင်ဝီဖုန်းပင်တည်း....

လင်ဝီဖုန်းမှာ မြင်းကိုဒုန်းစိုင်းနှင်လာရာ မကြာမီ လမ်းခွဆုံး တစ်ခုသို့ ရောက်ရှိလာသည်။

လင်ဝီဖုန်းသည် လမ်းခွဆုံသို့ ရောက်သည်နှင့် မြင်းကို တုံ့ခနဲ ရပ်လိုက်၏။

သူသည် ချုံနွယ်ကြားမှ မြင်းကိုဆွဲကာ ထန်ယဲကထွက်လာ သည်။

ထန်ယဲ၏မျက်နှာမှာ ပြုံးရွှင်နေသည်။

လင်ဝီဖုန်းမှာ ထန်ယဲအောင်မြင်ခဲ့ကြောင်း မမေးဘဲနှင့် သိ လိုက်၏။

ထို့ကြောင့် သူက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

"ကဲ....ကျုပ်တို့ သွားကြစို့...."

ထန်ယဲက မြင်းပေါ်သို့ခုန်တက်လိုက်ပြီး လင်ဝီဖုန်းနှင့်စီးနှင်း လိုက်၏။

ထို့နောက် သူက သဘောကျစွာရယ်မောလိုက်လေသည်။

"ဟား....ဟား....ဟား...."

လင်ဝီဖုန်းမှာ မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့ ဒီလောက်ရယ်နေရတာလဲ...."



ထန်ယဲက ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး....

"သဘောကျလို့ဗျ...."

လင်ဝီဖုန်းက ပြုံးလိုက်သည်။

"လုံခြုံရေးတပ်သားတွေကို မင်းက ကောင်းကောင်း တစ်ပတ် ရိုက်နိုင်ခဲ့လို့.... ကျေနပ်ပြီး ရယ်မောနေတာလား...."

ထန်ယဲ့က ပခုံးတစ်ချက်တွန့်လိုက်၏။

"တစ်ပတ်ရိုက်ရုံတင်မကဘူး....ချောက်ပါတွန်းခဲ့တယ်ဗျ...."

သူက ရယ်မောရင်း လူဆိုးထိန်းခေါင်းဆောင်နှင့် လုံခြုံရေး တပ်သားများအား လူမရှိသောတောင်ကုန်းအား ဝိုင်းရံထားရန် အမိန့် ပေးခဲ့ပုံများကို ပြန်လည်ပြောပြလိုက်၏။

ထန်ယဲက ကျေနပ်စွာပြုံးလိုက်၏။

"သူတို့တစ်တွေတော့ ထိပ်ုးမသွားမချင်း ဝိုင်းရံနေကြမှာ သေ ချာတယ်....တို့က ကျောက်တုံးကျောက်ခဲတွေကို ဝိုင်းစောင့်နေကြ တာလေ...."

သူသည် ပြောရင်း သဘောကျစွာရယ်မောလေတော့သည်။

ဤတစ်ကြိမ်တွင်တော့....

လင်ဝီဖုန်းလည်း မနေနိုင်တော့ပါ။

သူသည် အားရပါးရ ရယ်မောလိုက်လေတော့သည်။

သူတို့နှစ်ဦး၏ရယ်သံများကား တောလမ်းကလေးအတွင်း ပျံ့လွင့်သွားလေတော့သည်။

"ဟား....ဟား....ဟား...."

နှစ်ယောက်ပေါင်းရယ်လိုက်သဖြင့် ချုံပုတ်အတွင်းမှငှက် ကလေးများ လန့်ဖျပ်ပျံသွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူတို့ လှည့်စားမှုဒဏ်ကို လုံခြုံရေးတပ်သားများ ခံစားနေရသည်။

နေပင်ဝင်တော့မည်ဖြစ်သည်။

လူဆိုးထိန်းခေါင်းဆောင်မှာ တောင်ကုန်းလေးအား ဝိုင်းရံထားရင်း ထိဖုံးအား စောင့်မျှော်နေ၏။

အချိန်များသာ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့သည်။

ထိခုံးကား ပေါ်မလာချေ။

လူဆိုးထိန်းခေါင်းဆောင်မှာ စိတ်မရှည်တော့ပါ။

သူသည် လုံခြုံရေးတပ်သားများနှင့်အတူ တောင်ကုန်းပေါ်သို့ တက်လာခဲ့၏။

တောင်ကုန်းပေါ်တွင် တဲငယ်ကလေးတစ်လုံး ရှိပြီး .... မည်သည့်လူတစ်စုံတစ်ယောက်မှ မတွေ့ရပါချေ။

"တောက် ...."

လူဆိုးထိန်းခေါင်းဆောင်မှာ ဒေါသထွက်သွားသည်။

သူ၏မျက်နှာသည် ဒေါသကြောင့် တင်းမာခက်ထန်နေသည်။

"ဒါ ငါ့ကို သက်သက်အရှက်ခွဲတာပဲ ...."

သူသည် ယင်းသို့တွေးရင်း သတင်းစုံစမ်းရေးမှူး ထိဖုံးအပေါ် မကျေမနပ်ဖြစ်သွားသည်။

သူ ခဏမျှ အိပ်ငိုက်ခဲ့ရုံဖြင့် ယခုကဲ့သို့ ဒုက္ခမပေးသင့်ဟု ယူဆလိုက်မိ၏။

သူ့အား မည်သူမျှမရှိသော တောင်ကုန်းအား ဝိုင်းရံထားရန် အမိန့်ပေးခြင်းမျိုး မပြုသင့်ပါ။



အထက်အရာရှိပင် ဖြစ်သော်လည်း ဤမျှ သဘောထားမသေးသိမ်သင့်ပါ။

လူဆိုးထိန်းခေါင်းဆောင်မှာ ဒေါသချောင်းချောင်း ထွက်သွားသည်။

သူသည် ကျန်ဗိုလ်ခွဲကို ထိဖုံးနှင့် ရင်ဆိုင်ရှင်းရန်လည်း ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

သူသည် ချက်ချင်းပင် သူတို့၏စခန်းသို့ ပြန်လာခဲ့၏။

လူဆိုးထိန်းခေါင်းဆောင်မှာ အခန်းတွင်းသို့ လှမ်းဝင်လိုက်၏။

အခန်းထဲ၌ထိုင်နေသော ထိဖုံးက သူ့အား မော့ကြည့်လိုက်ပြီး မေးလိုက်သည်။

"ခင်ဗျား အခုမှ ဘယ်ကပြန်လာတာလဲ ...."

ထိုအခါ ....

လူဆိုးထိန်းခေါင်းဆောင်မှာ ပို၍ ဒေါသထွက်သွားသည်။

"ခင်ဗျား ဘာသဘောနဲ့ အခုလိုလုပ်ရတာလဲ ...."

ထိဖုံးမှာ မျက်မှောင်ကုတ်သွားသည်။

"ကျုပ် ဘာလုပ်လို့လဲ .... ထန်ယဲလွတ်သွားလို့ စိတ်ရှုပ်နေရတဲ့အထဲ .... ခင်ဗျားက ဘာတွေလာပြောနေတာလဲ ...."

လူဆိုးထိန်းခေါင်းဆောင်က နှာခေါင်းရှုံ့လိုက်၏။

"ခင်ဗျား ဘာအခုမှ မသိချင်ယောင်ဆောင်နေရတာလဲ ...."

ထိဖုံးမှာ ဒေါသထွက်သွားသည်။

"ခင်ဗျား .... ကျုပ်ကိုဆက်ဆံတာ ရိုင်းစိုင်းလှချည်လား .... ဒီအတွက် ခင်ဗျားတာဝန်ယူရမယ် ...."

www.burmeseclassic.com

www.burmeseclassic.com



လှူဆိုးထိန်းခေါင်းဆောင်၏မျက်နှာမှာ တင်းမာခက်ထန်နေ၏။

"ခင်ဗျား လုပ်ပုံကောင်းရဲ့လား...ဘယ်သူမှမရှိတဲ့ တောင်ကုန်းတစ်ခုကို ဘာသဘောနဲ့ တစ်နေကုန် ဝိုင်းထားခိုင်းရတာလဲ...လုံခြုံရေးတပ်သားတွေ ဒီကိစ္စကို မကျေနပ်ကြဘူး ကျုပ်လည်း မကျေနပ်ဘူး"

ထိဖုံးက သက်ပြင်းချလိုက်သည်။

ယခုမှ သူကောင်းစွာ နားလည်သွားမိ၏။

ထန်ယဲ၏လှည့်စားချက်တွင် သူတို့အဖွဲ့ ချာချာလည်ခဲ့ရပြီ....

ထန်ယဲက သူ့ဟန်ဆောင်ကာ လှူဆိုးထိန်းခေါင်းဆောင်အားလှည့်ဖျားသွားခြင်းပင် မဟုတ်ပါလား....။

သို့သော်....

သူက ရှင်းပြလိုစိတ် မရှိတော့ပါ။

လှူဆိုးထိန်းခေါင်းဆောင်က ဒေါသတကြီးဖြင့် စကားဆက်လိုက်သည်။

"ခင်ဗျားက အာဏာရှိတယ်ဆိုပြီး .... ဒီလိုလုပ်တာကို ကျုပ်မကျေနပ်ဘူး...ဒီကိစ္စကို နေပြည်တော်အထိ တိုင်ကြားရလိမ့်မယ်..."

ထောက်လှမ်းရေးမှူး ထိဖုံးက လှူဆိုးထိန်းခေါင်းဆောင်အားစိုက်ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"ခင်ဗျား စကားဆုံးပြီလား...."

လှူဆိုးထိန်းခေါင်းဆောင်က ပါးစပ်ပိတ်သွားသည်။ တစ်ခုခုတစ်ခု ထူးခြားနေပြီဆိုတာတော့ သူရိပ်မိသည်။



သူ စဉ်းစားနေစဉ် ထိဖုံးက တည်ကြည်လေးနက်သောမျက်နှာထားဖြင့် ....

"ခင်ဗျား စကားပြီးပြီဆိုရင် ကျုပ် ပြောမယ်...ခင်ဗျား နေပြည်တော်ကို အစီရင်ခံရင် ကျုပ် ကျင်းမြို့တော်ကို ထွက်သွားပြီဆိုတာကိုပါ ထည့်ပြီး အကြောင်းကြားလိုက်ပါ...."

သူသည် စကားဆုံးသည်နှင့် ထိုနေရာမှထကာ အခန်းတွင်းမှ လျှင်မြန်စွာထွက်သွားလေတော့သည်။ လှူဆိုးခေါင်းဆောင်မှာ ပါးစပ်အဟောင်းသားဖြစ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၁)

## ပဟေဠိ တည်းခိုခန်း

ကျင်းမြို့တော်....။

ကျင်းမြို့တော်တွင် **တစ်ခုတည်းသော** တည်းခိုခန်းဖြစ်သည့် ရွှေနဂါးတည်းခိုခန်း မရှိတော့ပါ။

အကြောင်းမှာ....

တည်းခိုခန်းပိုင်ရှင် ရှောက်လီ သေဆုံးသွားသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်....

တည်းခိုကြမည့်ဧည့်သည်များ အခက်တွေ့နေရသည်။

တည်းခိုခန်းမရှိလျှင် မည်သည့်အရပ်၌ တည်းခိုရမည်နည်း—

ယခုအချိန်တွင်....

ထိုအခက်အခဲ ပြေလည်သွားပြီဖြစ်၏။

ကျင်းမြို့တော်၏ မြို့လည်ခေါင်တွင်လည်း တည်းခိုခန်းတစ်ခု ဖွင့်လှစ်လိုက်သောကြောင့်ပင် ဖြစ်ပါသည်။



တည်းခိုခန်းအမည်မှာ "နှင်းပန်း" ဟု အမည်ပေးထား၏။

နှင်းပန်းတည်းခိုခန်း၏ အောက်ထပ်တစ်ခုလုံးကို စားသောက်ခန်းမအဖြစ် ဖွင့်လှစ်ထား၏။

ရေခဲများဖြင့် အစဉ်အေးခဲနေတတ်သော ကျင်းမြို့တော်၌ **နှင်းပန်း**တည်းခိုခန်းအကြောင်းသည် သတင်းထူးတစ်ခုနှယ်ပင်....

ကျင်းမြို့တော်သည် တရုတ်ပြည် မြောက်ဖျားပိုင်းတွင်ရှိသော နယ်ခြားမြို့လေးဖြစ်သည်။

ကောင်းကူးဆီးနှင်းလွင်ပြင်က ဆီးကားထားသောကြောင့် ကျင်းမြို့တော်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းလှသည်။

လူသွားလူလာဟူ၍ ကျင်းမြို့တော်အနီးမှ တောင်ခြေရွာကလေးများသာရှိသည်။

ယခု....

ကျင်းမြို့တော်တွင် စားသောက်ဆိုင်နှင့်တည်းခိုခန်း ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

မည်သူက မည်သည့်စိတ်ကူးနှင့် ဖွင့်လှစ်နိုင်ပါမည်နည်း။

"နှင်းပန်း" စားသောက်ဆိုင်နှင့် တည်းခိုခန်း....

ကြီးမားသောဆိုင်းဘုတ်တစ်ခုက အဝင်တံခါးပေါက်အထက်၌ ချိတ်ဆွဲထား၏။

ခန်းမထဲတွင် စားပွဲဆယ်လုံးခန့် ခင်းကျင်းထားသည်။

နံရံပေါ်တွင် လှပသောရှုခင်းပန်းချီကားများ ချိတ်ဆွဲထားသည်။

ဆိုင်ထောင့်တွင် စားပွဲတစ်လုံးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲတစ်လုံးတွင်မူ ခန္ဓာကိုယ်သန်မာထွားကြိုင်းသော ဆိုင်လုလင်တစ်ယောက်က စားသောက်သူများအား **စောင့်မျှော်နေ၏။**

ယနေ့အထိ "နှင်းပန်း" တည်းခိုခန်း **ဖွင့်သည်မှာ ဆယ်ရက်**ပင်ရှိပြီဖြစ်သော်လည်း တည်းခိုမည့်**သူတစ်ဦး မရသကဲ့သို့ စားသောက်**သူ ဘယ်လောက်ရမည်ဟု **မည်သူမျှမထင်ကြချေ။**

သို့သော်....

နှင်းပန်းစားသောက်ဆိုင်အား ဒိုင်ခံကြော်ငြာပေးနေသူ တစ်ယောက်တော့ရှိပေသည်။

သူကား မည်သူနည်း....

ယို့ကျန်း....

ကျင်းမြို့တော်တွင် ယို့ကျန်းအား မသိသူမရှိပါ။

ယို့ကျန်းသည် ထူးချွန်ထက်မြက်သော သိုင်းသမားတစ်ယောက် မဟုတ်ပါ....။

သူသည် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ပြီး သတင်းစုံစမ်းရာတွင် တကျသေချာသူ တစ်ယောက်သာဖြစ်သည်။

သတင်းလိုသူများသည် ယို့ကျန်းအား ချဉ်းကပ်ကြရသည်။

ယခုလည်း ယို့ကျန်းက သူနှင့်ခင်မင်ရင်းနှီးသော မိတ်ဆွေများအား "နှင်းပန်း"စားသောက်ဆိုင်မှ ချောမောလှပသောမိန်းကလေးနှင့် ကောင်းမွန်သော ဟင်းလျာများအကြောင်း ပြောနေပေသည်။

ကြော်ငြာပေးနေသည်....။

ဤသို့ဖြင့်....

ယို့ကျန်း၏ကြော်ငြာမှုကြောင့် နှင်းပန်းစားသောက်ဆိုင်နှင့် လှပသောမိန်းကလေးသည် ကျင်းမြို့တော်တွင် လူအများ စိတ်ဝင်စား



ခြင်းကို ခံလာရပေတော့သည်။

စိတ်ဝင်စားခံရသော နှင်းပန်းစားသောက်ဆိုင်၏ အခြေအနေသည် ပြောင်းလဲသွားလေ၏။

မီးထွန်းချိန်....။

နှင်းပန်းစားသောက်ဆိုင်မှ ဆိုင်လုလင်သည် စားသောက်ခန်းမတံခါးကိုဖွင့်လိုက်၏။

သူသည် မီးအိမ်ကလေးများ ချိတ်ဆွဲလိုက်၏။

မကြာမီ ဆိုင်တွင်းသို့ လူများ တစ်ယောက်စနှစ်ယောက်စနှင့် ရောက်ရှိလာကြ၏။

လာရောက်သူအများစုမှာ လူရွယ်များသာဖြစ်သည်။

သူတို့သည် အစားအသောက်ကို အဓိကမထားကြချေ။

စားပွဲမှ မိန်းမလှလေးအား ကြည့်လို၍သာဖြစ်ပေသည်။

သူတို့သည် ဖျိုရွယ်သောလူငယ်များ မဟုတ်ပါလား....။

ဆိုင်ထောင့်ဘက်ကျသော စားပွဲတွင် လူတစ်ယောက်ထိုင်နေ၏။

ထိုလူသည် အသက်ငါးဆယ်ခန့်ရှိ၏။

ထိုလူသည်လည်း မိန်းကလေးအား ငေးမော၍ကြည့်နေသည်။

ထိုလူ၏ရှေ့တွင် နှင်းပန်းစားသောက်ဆိုင်၏ နာမည်ကျော်ဟင်းလျာများရှိ၏။

အငွေ့သေပြီး အေးစက်နေပြီဖြစ်သော်လည်း အရာမယွင်းသေးချေ။

ထိုလူသည်လည်း လူငယ်ကလေးများကဲ့သို့ပင် မိန်းမလှကလေးအား လာကြည့်ခြင်းပင်လော။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် လူတစ်ယောက် စားသောက်ခန်းမထဲသို့ ဝင်ရောက်လာ၏။

ထိုလူသည် စားပွဲများအား တစ်ချက်စေ့ကြည့်ပြီးနောက် ဆိုင်ထောင့်စားပွဲဆီသို့ လျှောက်လာကာ ဝင်ထိုင်လိုက်သည်။

"ဟင်းလျာကောင်းလား...."

ပထမလူက....

"တကယ်ကောင်းမယ့်ပုံပဲ...."

ဒုတိယလူက....

"ကောင်းမယ့်ပုံဆိုပေမယ့် အရာမယွင်းပါလား...."

ပထမလူက....

"ကျုပ် စဉ်းစားမရလို့ဗျ...."

ဒုတိယက....

"ဘာစဉ်းစားမရတာလဲ...."

ပထမလူက....

"စားပွဲမှာထိုင်နေတဲ့မိန်းကလေးကို မင်း သိသလား...."

ဒုတိယလူက....

"လှတော့ အတော်လှပါတယ်...."

ပထမလူက ခေါင်းခါယမ်းလိုက်သည်။

"ဒါကို ပြောတာမဟုတ်ဘူး....ကျင်းမြို့တော်မှာ ပြောတာ...."

ဒုတိယလူက အတန်ကြာ မိန်းကလေးအား ကြည့်လိုက်ပြီးနောက်....

"မတွေ့ဖူးဘူး....ဒီမိန်းကလေးဟာ ကျင်းမြို့တော်က မဟုတ်နိုင်ဘူးဗျ...."



ပထမလူက ခေါင်းညိတ်လိုက်၏။

"ဘယ်သူက ဒီလိုဝေးလံခေါင်းဖျားတဲ့နေရာမှာ စားသောက်ဆိုင်လာဖွင့်မှာလဲ...."

ဒုတိယလူက ပထမလူအား စေ့စေ့ကြည့်လိုက်ပြီး....

"ဒီကိစ္စဟာ ရိုးသားမှုမရှိဘူးလို့ ခင်ဗျားက ထင်လို့လား...."

ပထမလူက....

"ဆိုင်ရှင် ဘယ်သူဘယ်ဝါဆိုတာတော့ ကျုပ်တို့ သိထားသင့်တယ်...."

ဒုတိယလူက....

"ကျုပ် မသိမသာ မေးကြည့်မယ်...."

ပထမလူက ဟန့်တားမည်ပြုသော်လည်း မမီတော့ပါ။

ဒုတိယလူက ပြောပြောဆိုဆိုနှင့် စားပွဲဆီသို့လျှောက်သွားနေပြီဖြစ်သည်။

မိန်းကလေးက ချိုသာစွာပြုံးပြပြီး ရိုသေစွာမေးလေ၏။

"ဘာများ လိုအပ်ပါသလဲရှင်...."

ထိုလူက မေးလိုက်သည်။

"မိန်းကလေးက ဆိုင်ရှင်လား...."

မိန်းကလေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့.... ဒါပေမယ့် ကျွန်မဦးလေးရှိပါတယ်.... ဘာကိစ္စများရှိလို့ပါလဲရှင်...."

ထိုလူက ပြုံးလိုက်သည်။

မိန်းကလေးက သွက်လက်စွာပင် ပြန်ဖြေလိုက်၏။

"ဟုတ်ကဲ့.... ကျွန်မဦးလေးနဲ့ ခရီးထွက်လာတုန်း ဦးလေးက

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာလေး သဘောကျလို့ဆိုပြီး အခြေချဖို့ စီစဉ်ခဲ့တာပါ၊ ကျွန်မတို့ဆိုင်ရဲ့ဟင်းလျာတွေကို ဝေဖန်ပါဦးရှင်....”

ထိုလူက ခေါင်းညိတ်ကာ....

“ကောင်းပါတယ်.... ကောင်းပါတယ်....”

မိန်းကလေးက ပြုံး၍ စကားဆက်လိုက်၏။

“ကျွန်မတို့ဆိုင်က ဖောက်သည်ရှာနေတာပါ.... နောက်လည်း ကျွန်မတို့ဆိုင်ကို လာရောက်အားပေးပါရှင်.... ကျွန်မတို့က အစဉ်အမြဲ ဖိတ်ခေါ်ကြိုဆိုနေပါတယ်....”

ထိုလူက ခေါင်းညိတ်ပြကာ ကောင်တာရှေ့မှ ခွာလာခဲ့သည်။

ပထမလူက လှမ်းမေးလိုက်၏။

“ခင်ဗျား ဘာသိခဲ့ရလဲ....”

ဒုတိယလူက နှာခေါင်းရှုံ့လိုက်၏။

“ယို့ကျွန်းကိုခေါ်လိုက်ရင် ခင်ဗျား သိချင်တာတွေ အလွယ်တကူသိလာမှာပဲဗျ....”

ဒုတိယလူက ပြုံးလိုက်သည်။

“ဟုတ်သားပဲ...ဒီဆိုင်ကို ယို့ကျွန်းက အမြဲလာတတ်သားပဲ....”

သူတို့ စကားပြောနေစဉ်မှာပင် ယို့ကျွန်းသည် ဆိုင်တွင်းသို့ ဝင်ရောက်လာလေ၏။

ထိုအခါ....

ဒုတိယလူက ယို့ကျွန်းကိုတွေ့လိုက်ရသောအခါ မျက်နှာပျက်သွားသည်။

ပထမလူက လှမ်းခေါ်လိုက်၏။

“ယို့ကျွန်း .... ကျုပ်တို့က မင်းကိုပြုစုမလို့ပါ....”



ယို့ကျွန်းက သူတို့အနီးသို့ လျှောက်လာပြီး ခပ်တည်တည်ဖြင့် မေးသည်။

“ကျုပ်ကို စကားအလှဆင်ပြီး ပြောမနေပါနဲ့ဗျာ.... ခင်ဗျားတို့ ဘာသိချင်လို့လဲ.... ခင်ဗျားတို့ ပါးစပ်ဟလိုက်ကတည်းက ဝမ်းထဲမှာ အူဘယ်နှစ်ချောင်းရှိတယ်ဆိုတာ ကျုပ်သိတယ်....”

ပထမလူက ယို့ကျွန်းအား စေ့စေ့ကြည့်လိုက်သည်။

“နှင်းပန်းစားသောက်ဆိုင်ပိုင်ရှင် ဘယ်သူလဲ....”

ထိုစကားကြောင့် ယို့ကျွန်းမှာ မျက်လုံးပြူးသွား၏။

“ခင်.... ခင်ဗျားတို့ သူတို့ကို ဒုက္ခပေးမလို့လား....”

ပထမလူက ခေါင်းခါယမ်းလိုက်သည်။

“ဒါလေးမေးတာနဲ့ ဒုက္ခပေးသတဲ့လားကွာ.... ငါတို့က ဒုက္ခမပေးပါဘူး ....”

ယို့ကျွန်းက လက်ကာပြလိုက်၏။

“သူတို့ကို ဒုက္ခမပေးပါနဲ့ဗျာ...သူတို့က လူကောင်းတွေပါ...”

ပထမလူက မျက်လုံး လှန်ကြည့်လိုက်သည်။

“ကျုပ်မေးတာ မဖြေရသေးဘူးနော်....”

ဒုတိယလူက ကြားဝင်ဖြေလိုက်သည်။

“ဒီမှာစားသောက်ဆိုင်ဖွင့်တာ စိတ်ဝင်စားစရာပဲဗျ.... ဒီလောက် လူနေနည်းနည်း လူနေကျဲကျဲ အပျော်အပါးမရှိတဲ့မြို့မှာ လာဖွင့်တာ မဆန်းဘူးလားကွာ....”

ယို့ကျွန်းက လက်ကာပြလိုက်၏။

“အထင်မလွဲပါနဲ့ ဆိုင်ရှင်ဟာ စာပေသမားတစ်ယောက်ပါ...

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်က စိန့်ထင်းရီလို့ခေါ်တယ်.... သူ့တူမလေးနာမည်က စိန့်ယုံယုံလို့ခေါ်ပါတယ်.... အဲဒါ ကျုပ် သိသလောက်ပါပဲဗျာ...."

ပထမလူမှာ မျက်မှောင်ကုတ်သွားသည်။

"သေချာရဲ့လား...."

ယို့ကျန်းက ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ်....သူတို့စားသောက်ဆိုင်ဖွင့်တာလည်း တလဲ့မထင်ပါနဲ့.... ကျုပ်က အကြံပေးလိုက်လို့ပါ၊ ရွှေနဂါးတည်းခိုခန်းပြုတ်သွားပြီ မဟုတ်လား.... ဘာပဲဖြစ်ဖြစ် မြို့တစ်မြို့မှာ တည်းခိုခန်းတစ်ခုတော့ရှိသင့်တယ် မဟုတ်ဘူးလားဗျာ...."

ဒုတိယလူက ပြုံးလိုက်၏။

"မင်းက အကြံပေးတာ ဟုတ်လား...."

ယို့ကျန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်.... သူတို့ဒီကိုရောက်လာပြီး အခြေချဖို့ နေရာရှာတော့ ကျုပ်က ဒီအိမ်ကိုဝယ်ဖို့နဲ့ ဒီလိုဆိုင်မျိုး ဖွင့်သင့်တယ်လို့ အကြံပေးလိုက်တယ်....ဒါမှလည်း ကျုပ်က ပွဲခရမယ်မဟုတ်လား.... သူတို့က ကျုပ်ပြောတာ အဟုတ်ထင်ပြီး တကယ်လုပ်နေကြတာဗျ...."

ပထမလူက သဘောကျစွာပြုံးလိုက်သည်။

ယို့ကျန်းက သက်ပြင်းတစ်ချက်ချပြီး ပြောလိုက်လေ၏။

"ကျုပ်လဲ သိပ်ရိုးသားတဲ့ သူတို့မြေးအဘိုးကိုကြည့်ပြီး သနားတာနဲ့ ဒီဆိုင်နာမည်လေးရလာအောင် လိုက်ပြီးကြော်ငြာပေးနေမိတာပဲဗျ...."

ထိုအခါ....

ဒုတိယလူက မနေနိုင်ဘဲ ရယ်မောလိုက်လေတော့သည်။



"မင်းက ဒက္ခပေးပြီးမှ .... ကယ်တင်ချင်နေတာကိုး.... ဟားဟား ...."

ထိုလူနှစ်ယောက်သည် ရယ်မောပြီး ဆိုင်ထဲမှထွက်ခွာသွားလေတော့သည်။

ယို့ကျန်းသည် ထွက်သွားသောလူနှစ်ယောက်ကို ကြည့်ရင်း သက်ပြင်းချလိုက်၏။

ထို့နောက် ....

သူတို့သည် အရက်ခွက်ကိုယူကာ မော့သောက်လိုက်၏။

ထိုစဉ်....

နှင်းပန်းစားသောက်ဆိုင်၏ တစ်ဦးတည်းသောဆိုင်လုလင်က သူ့အနီးသို့ ရောက်ရှိလာသည်။

ဆိုင်လုလင်က အရိုအသေပြုလိုက်ပြီး....

"ခင်ဗျားကို သခင်ကြီးက တွေ့ချင်လို့စောင့်နေပါတယ်...."

ယို့ကျန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ် အခုပဲ သွားတွေ့လိုက်ပါ့မယ်...."

သူသည် စားပွဲမှထကာ ဆိုင်အတွင်းဘက်သို့ လျှောက်သွားလေ၏။

ထို့နောက် ....

အခန်းတစ်ခုအတွင်း၌ ဥပဓိရုပ်ခန့်ညားသော အမျိုးသားကြီးတစ်ယောက်ထိုင်နေ၏။

"ထိုင်ပါ...."

ထိုအမျိုးသားကြီးသည် နှင်းပန်းစားသောက်ဆိုင်၏ ပိုင်ရှင် စိန့်သင်းရီပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယို့ကျန်းက စိန့်ထင်းရီရှေ့တွင် ဝင်ထိုင်လိုက်၏။

စားပွဲပေါ်တွင် ဟင်းလျာများနှင့် ဝါးရွက်စိမ်း အရက်တစ်အိုး အသင့်ပြင်ထားသည်ကို တွေ့မြင်လိုက်ရသည်။

စိန့်ထင်းရီက ပြုံးလိုက်သည်။

"မင်းပေးတဲ့အကြံအတိုင်း ဆောင်ရွက်ခဲ့တာ အခု အတော်လေး အဆင်ပြေလာပါပြီ...."

ထိုအခါ....

ယို့ကျန်းက စိတ်မသက်မသာနှင့် ပြုံးလိုက်၏။

"ဒီလိုကြားရတာ ဝမ်းသာပါတယ်ဗျာ...."

စိန်ထင်းရီက ဟင်းလျာများကို ညွှန်ပြကာ ပြောလိုက်၏။

"မိတ်ဆွေကို ကျေးဇူးတင်လွန်းလို့ ပြင်ဆင်ထားတာပါ....သုံး ဆောင်ပါဦး...."

ယို့ကျန်းက အားနာစွာဖြင့် ငြင်းပယ်လိုက်သည်။

"ဒုက္ခရှာလို့ဗျာ...."

စိန့်ထင်းရီက ပြုံးလိုက်သည်။

"ဒုက္ခ ဘယ်ဟုတ်မလဲ...မိတ်ဆွေကောင်းတစ်ယောက်ကို ပြုစု ရမှာပေါ့...."

သူသည် ယင်းသို့ပြောပြီး အရက်များငှဲ့ပေးလိုက်၏။

ယို့ကျန်းက အားနာစွာဖြင့် စားသောက်လေတော့သည်။

စိန့်ထင်းရီက စကားစလိုက်သည်။

"ကျုပ် ဒီမြို့မှာ ကြားတာတစ်ခုရှိတယ်ဗျ...."

ယို့ကျန်းမှာ မျက်မှောင်ကုတ်သွား၏။



"ဘာများလဲ...."

စိန့်ထင်းရီက ယို့ကျန်းအား စေ့စေ့ကြည့်လိုက်သည်။

"ဒီမြို့မှာ အရာရာအကုန်သိဆိုတဲ့ ဘွဲ့ဟာ မင်းရဲ့ဘွဲ့တစ်ခုပဲတဲ့"

ယို့ကျန်းက ရယ်မောလိုက်သည်။

"ဟား.... ဟား.... ဟား.... ဒါက လူတွေက ပြောကြတာပါ ဗျာ.... ကျုပ်က ဒီလောက်မဟုတ်ပါဘူး.... ဒီမြို့ကကျဉ်းကျဉ်းလေး လူဦးရေကလည်း နည်းနည်းလေးဆိုတော့ ကျုပ် သိတာဘာဆန်း သလဲ....တခြားလူတွေလည်း ကျုပ်လိုသိတာပဲ...."

စိန့်ထင်းရီက ပြုံးလိုက်သည်။

"လူတွေက မဟုတ်ဘဲနဲ့ ဘွဲ့ပေးကြမှာမဟုတ်ပါဘူး...."

ထိုစကားကြောင့် ယို့ကျန်းမှာ မိမိကိုယ်ကို အထင်ကြီးသွား သည်။

စိန့်ထင်းရီက စကားဆက်လိုက်သည်။

"ကျုပ်က မြို့ကလူတွေနဲ့ သိပ်မသိကျွမ်းသေးတဲ့အတွက် စား သောက်ဆိုင်ကိုလာတဲ့ လူတွေကိုပဲကြည့်ပြီး မိတ်ဆွေဖွဲ့နေရတယ်.... ဒါပေမယ့် စားသောက်ဆိုင်ကို လူငယ်တွေပဲအလာများတော့ ခက် သားပဲ....ဒီကနေ့မှ လူကြီးနှစ်ယောက်လာတာ တွေ့လိုက်ရတယ်...."

ထိုစကားကြောင့် ယို့ကျန်းမှာ မျက်နှာပျက်သွား၏။

စိန့်ထင်းရီက စကားဆက်လိုက်သည်။

"ဒီလူနှစ်ယောက်ဟာ ဘယ်သူတွေလဲ .... ကျုပ်က သူတို့ကို မိတ်ဆွေဖွဲ့မလို့ဘဲ .... သူတို့ပြန်သွားတာ မြန်သွားတော့ မိတ်ဆွေဖွဲ့ လို့ မရတော့ဘူး .... သူတို့ဟာ ရင့်ကျက်တဲ့လူတွေ ဖြစ်မှာနော်"

www.burmeseclassic.com

www.burmeseclassic.com



ယို့ကျန်းက လက်ကာပြလိုက်သည်။

“သူတို့နဲ့ ဝေးဝေးရှောင်နေတာ အကောင်းဆုံးပါပဲဗျာ .... အဲဒါ ကျုပ်ရဲ့ အကောင်းဆုံးအကြံဉာဏ်ပါပဲ .... ”

စိန့်ထင်းရီမှာ မျက်မှောင်ကုတ်သွား၏။

“ဘာဖြစ်လို့လဲ .... ရှင်းပြပါဦး .... ”

ယို့ကျန်းက ခေါင်းခါယမ်းပြလိုက်သည်။

“သူတို့ဟာ လူကောင်းတွေ မဟုတ်ဘူးဗျ .... သူတို့နဲ့ ဘယ်သူမှ ရင်းရင်းနှီးနှီး စကားမပြောချင်ကြဘူး .... တိုတိုပြောလိုက်ဗျာ .... သူတို့ဟာ ဓားပြတွေဗျ .... ”

စိန့်ထင်းရီမှာ နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

“ဒါ .... ဒါဆိုရင် သူတို့ကို ဘာဖြစ်လို့ မြို့ထဲအဝင်ခံရတာလဲ”

ယို့ကျန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

“ဒါ .... ဒါဆိုရင် .... သူတို့ကို ဘာဖြစ်လို့ မြို့ထဲကို အဝင်ခံရတာလဲ .... ”

ယို့ကျန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

“ကျုပ်က မခက်ပါဘူးဗျာ .... ခင်ဗျားဆီက သတင်းပလင်းလေး ရမှ .... လူတကာကို ဘယ်လိုဆက်ဆံရမလဲဆိုတာကို သိမှာပေါ့ဗျာ .... ”

“ဒီလိုဆိုရင် အခု ကျုပ်ပြောတဲ့စကားကို ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့ဗျာ .... ကျုပ်ပြောတယ်ဆိုတာကိုသာ သူတို့သိသွားရင် ကျုပ်ကိုအရေခွံနွှာကြလိမ့်မယ် .... သူတို့ဟာ ကြောက်စရာကောင်းတဲ့ လူတွေပဲဗျ .... ”



“အင်း .... ကြောက်စရာကောင်းတဲ့လူတွေ ဆိုတာတော့ ကျုပ်နားလည်သွားပါပြီ .... ”

“ကျုပ်က ခင်ဗျားကို စေတနာနဲ့ ပြောပြတာပါ .... ”

စိန့်ထင်းရီက ခေါင်းညိတ်လိုက်ပြီး ....

“စိတ်ချပါဗျာ .... ဒါထက် သူတို့က ဒီမှာမနေတော့ ဘယ်မှာ နေကြသလဲ .... ပတ်ဝန်းကျင်မှာ လွင်ပြင်တွေပဲ .... ”

ယို့ကျန်းက ခေါင်းခါယမ်းလိုက်သည်။

“သူတို့နေရာ အတိအကျတော့ ကျုပ်လည်း မသိဘူး .... သူတို့ဟာ မြို့ရဲ့အနောက်တောင်ဘက်က ထွက်လာတာတတ်တယ် .... တကယ့်ကိုယ်ပျောက်လူတွေပဲဗျာ .... ”

စိန့်ထင်းရီက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

“အင်း.... နောက်ကိုသတိထားရမှာပေါ့.... ”

ယို့ကျန်းက ခေါင်းညိတ်လိုက်သည်။

“**ဟုတ်တယ်....သူတို့**ကို မသိဟန်ဆောင်ပြီး အလိုက်အထိုက် ဆက်ဆံတာ **အကောင်းဆုံး**ပါပဲ....ဒါဆိုရင် ခင်ဗျားလည်း အဆင်ပြေမှာပါ.... ”

စိန့်ထင်းရီက ကျေးဇူးတင်သောမျက်နှာထားဖြင့်....

“အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ...ဒါထက် ဒီမှာ ချန်လျှံဆင်းဆိုတဲ့ အမည်ကြားဖူးသလား.... ”

ယို့ကျန်းက တစ်ချက်စဉ်းစားပြီး ပြောလိုက်လေ၏။

“စာပေသမားချန်လျှံဆင်းကတော့ ကျုပ်သိတယ်.... ဟုတ်ပါတယ် .... ဒီမြို့မှာ ချန်လျှံဆင်း နှစ်ယောက်မရှိပါဘူးဗျာ.... ”

www.burmeseclassic.com

www.burmeseclassic.com



စိန့်ထင်းရီက ပြုံးလိုက်၏။

"သိပ်မှန်တာပေါ့ဗျာ ...."

ယို့ကျန်းက ခေါင်းညိတ်လိုက်သည်။

"ရှိပါတယ်....မြို့ရဲ့အနောက်ဘက်မှာ ဘယ်သူမေးမေး သိနိုင်ပါတယ်...."

ယို့ကျန်းလည်း ပြီးစီးအောင် စားသောက်လေ၏။

ပြီးသောအခါ ကျေးဇူးတင်စကားပြောပြီး ပြန်သွားသည်။

ညသို့ဖြင့် ညဉ့်နက်လာသည်။

နှင်းပန်းစားသောက်ဆိုင်မှာလည်း ပိတ်သွားခဲ့ရလေပြီ....။

တည်းခိုသူတစ်ယောက်မျှ မရှိသဖြင့် ဆိုင်တံခါးကိုပါ ပိတ်ထားလိုက်သည်။

မိန်းကလေးသည် စိန့်ထင်းရီရှိရာ အခန်းတွင်းသို့ ဝင်ရောက်သွားသည်။

အခန်းတွင်း၌ စိန့်ထင်းရီနှင့်ဆိုင်လုလင်လူရွယ်တို့ စားသောက်နေကြသည်။

စိန့်ထင်းရီက မိန်းကလေးအား ပြုံးပြလိုက်၏။

"သမီးလည်း မောနေပြီထင်တယ်...."

စိန့်ယုံယုံဆိုသော မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"မမောပါဘူး ဦးလေးရယ်...."

သူမက ယင်းသို့ပြောရင်း စားပွဲတွင်ဝင်ထိုင်လိုက်၏။

"ဦးလေး ဒီနေ့ လူစိမ်းနှစ်ယောက် ဆိုင်ကိုလာတာသတိထားမိသလား.... ပုံပန်းကြည့်ရတာတော့ သိပ်ဟန်ပုံမရဘူး...."



စိန့်ထင်းရီက ခေါင်းညိတ်လိုက်ပြီး ....

"ယို့ကျန်းကိုမေးကြည့်ပြီးပြီ.... လမ်းစားပြတွေတဲ့ ...."

စိန့်ယုံယုံက အနည်းငယ်စဉ်းစားလိုက်သည်။ ပြီးမှ....

"သူတို့ဟာ သာမန်လမ်းစားပြတွေထက်တော့ သိုင်းပညာမြင့်မားတာ သေချာတယ်...."

ဆိုင်လုလင်က ဝင်ပြောလိုက်၏။

"အစ်ကိုလည်း သတိထားကြည့်ခဲ့တယ်.... သူတို့ဟာ သိုင်းပညာကို အဆင့်မြင့်တတ်ထားပုံပဲ...."

စိန့်ထင်းရီက ခေါင်းညိတ်လိုက်သည်။

"သူတို့ကို ရအောင်စုံစမ်းရမှာပေါ့.... မကြာခဏလာပါစေလို့ ဆုတောင်းရမယ်...ဒါပေမယ့် ယို့ကျန်းရဲ့စကားအရ သူတို့ဟာ တစ်ခါတစ်ရံမှသာ လာတတ်ကြတယ်...."

ဆိုင်လုလင်က လှမ်းမေးလိုက်၏။

"သူတို့ ဘယ်ကလာတယ်ဆိုတာ ယို့ကျန်းကို မေးမကြည့်ဘူးလား...."

စိန့်ထင်းရီက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"သူတို့ဟာ ကောင်းငှူးလွင်ပြင်ထဲက လာကြတာပဲ...."

ဆိုင်လုလင်က အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

"ဒါဆို သူတို့ဟာ တစ်ဖွဲ့ထဲဖြစ်ရမယ်...."

စိန့်ထင်းရီက ခေါင်းညိတ်လိုက်သည်။

"ဒီလိုပဲယူဆရမှာပဲ.... မနက်ဖြန်နေ့လယ် ချန်လျှံစေ့ဆီကို သွားကြ သူ့ဆီကသိချင်တာလေးတွေ သိရရင်မဆိုးဘူး...."

www.burmeseclassic.com

www.burmeseclassic.com



စိန္နယုံယုံက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ ဦးလေး...."

စိန္နယုံယုံသည် ခေါင်းကလေးညိတ်လိုက်လေ၏။

* * *



အခန်း(၂၂)

## အရှုပ်ဝက်ပါ

သပ်ရပ်ကျယ်ဝန်းသော ခြံဝင်းတစ်ခု....။

ခြံဝင်းအတွင်း၌ သစ်လုံးအိမ်တစ်လုံး တည်ရှိနေသည်။

**စိန္နယုံယုံသည်** ခြံဝင်းရှေ့တွင် ရပ်တန့်လိုက်၏။

**ထို့နောက်....**

ခြံဝင်းအတွင်းသို့ အကဲခတ်ကြည့်လိုက်ပြီးမှ ခြံဝင်းအတွင်းသို့ သုမ်းဝင်လိုက်၏။

သူမသည် သစ်လုံးအိမ်တံခါးကို ခေါက်မည်အပြုတွင်....

"ဝင်ခဲ့ပါ မိန်းကလေး...."

အိမ်အတွင်းမှ စကားသံကိုကြားလိုက်ရသည်။

စိန္နယုံယုံမှာ မျက်မှောင်ကုတ်သွား၏။

သူမက အိမ်တံခါးကို အသာတွန်းဖွင့်ပြီး အတွင်းသို့ဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းမှာ သေးငယ်လှသည်။

ဧည့်ခန်းထဲတွင် ကောက်ရိုးဖျာတစ်ချပ် ခင်းထားသည်ကို တွေ့မြင်ရသည်။

ကောက်ရိုးများပေါ်တွင် စားပွဲပုတစ်ခုချထားပြီး စားပွဲပု၏နောက်တွင် အမျိုးသားကြီးတစ်ယောက် ထိုင်နေ၏။

စားပွဲပေါ်တွင် စာရွက်များချထားသည်ကို တွေ့ရသည်။

စိန့်ယုံယုံက ထိုအမျိုးသားကြီးအား ဦးညွှတ်အရိုအသေပြုလိုက်ပြီး ဝင်ထိုင်လိုက်၏။

ထိုလူက စိန့်ယုံယုံအား ပြုံးပြလိုက်သည်။

"မိန်းကလေးရောက်လာတာ တွေ့လိုက်လို့ ခေါ်လိုက်မိတာပါ...."

စိန့်ယုံယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့.... အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါရှင်...."

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး...ဒါထက်မိန်းကလေးကို ကျုပ် မမြင်ဖူးပါလား ဧည့်သည်ထင်ပါရဲ့...."

စိန့်ယုံယုံက ပြုံးလိုက်၏။

"ဟုတ်ကဲ့....ဦးလေးက စာပေသမားချန်လျှံဆင်း ဆိုတာလားရှင်.... ကျွန်မမသိလို့ မေးတာပါနော်...."

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်.... မိန်းကလေးက ကျုပ်ကို သိလို့လား...."

စိန့်ယုံယုံက စကားဆက်လိုက်၏။

"ဦးလေးရဲ့ ကျော်ကြားတဲ့ စာပေပညာသတင်းက.... ကျွင်းမြို့



တော်မှာ လျှံနေပါတယ်ရှင်...."

ချန်လျှံဆင်းက ရယ်မောလိုက်သည်။

"ဟား....ဟား....ဟား....ဒီလောက်လည်း မဟုတ်ပါဘူးကွယ် မိန်းကလေးက စာပေပညာ ဝါသနာပါတယ်နဲ့တူတယ်...."

စိန့်ယုံယုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့...စာပေပညာက ကျွန်မငယ်ငယ်ကတည်းက စိတ်ပါဝင်စားပါတယ်ရှင်...."

ချန်လျှံဆင်းက စိန့်ယုံယုံအား စေ့စေ့ကြည့်လိုက်ပြီး....ရုတ်တရက်ပြောသည်။

"မိန်းကလေးရဲ့မျက်လုံးတွေကို ကျုပ် သိသလိုပဲ.... ကျုပ်နဲ့ မိန်းကလေး တစ်ခါမှမတွေ့ဖူးဘူးတာတော့ သေချာပါတယ်...."

စိန့်ယုံယုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့.... ကျွန်မတို့ တစ်ခါမှမတွေ့ခဲ့ပါဘူး.... ဦးလေးရဲ့ မိတ်ဆွေ ဘယ်သူလဲဆိုတာ စဉ်းစားလို့ရပြီလား...."

ချန်လျှံဆင်းက သက်ပြင်းချလိုက်ရင်း ခေါင်းညိတ်ပြလိုက်၏။

စိန့်ယုံယုံက အလောတကြီး မေးလိုက်သည်။

"အဲဒီလူဟာ ကိုယ်ရဲ့တော်မှုယုံလီများ ဖြစ်နေမလား မသိပါဘူးရှင်....မှားရင်လည်း သည်းခံပါနော်...."

"ဟင်...."

ချန်လျှံဆင်း၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

သူသည် စိန့်ယုံယုံအား သေချာစွာစိုက်ကြည့်လိုက်၏။

"မိန်းကလေး....မင်း ဘယ်သူလဲ...."

စိန့်ယုံယုံက သက်ပြင်းချလိုက်ပြီး....

www.burmeseclassic.com

"ကျွန်မဘယ်သူဘယ်ဝါဆိုတာ နောက်တော့ပြောပါ့မယ်.... ကျွန်မမေးတာ မှန်ပါသလား...."

ချန်လျှံဆင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်.... မင်း ဘယ်သူလဲဆိုတာလည်း ကျုပ် ခန့်မှန်းနိုင်ပါပြီ...."

စိန့်ယုံယုံက ချန်လျှံဆင်းအား ဦးညွှတ်အရိုအသေ ပြုလိုက်၏။

"ကျွန်မကို ကိုယ်ရံတော်မုယုံလီအကြောင်း ပြောပြဖို့ တောင်းပန်ပါတယ်ရှင်...."

ချန်လျှံဆင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး တီးတိုးရေရွတ်နေလေ၏။

"မုယုံလီ.... မုယုံလီ...."

ထို့နောက်....

သူသည် စိန့်ယုံယုံအား စိုက်ကြည့်လိုက်ပြီး....

"မိန်းကလေး သူနဲ့တစ်ကြိမ်မှ မတွေ့ခဲ့ဘူးပေါ့...."

စိန့်ယုံယုံက ခေါင်းခါယမ်းလိုက်၏။

"မတွေ့ခဲ့ရပါဘူး.... သူသေပြီလို့ပဲ သိခဲ့ရပါတယ်.... သူ သူ အသက်ရှင်လျက် ရှိသေးသလားဟင်...."

ချန်လျှံဆင်းက စိတ်မသက်သာဟန်ဖြင့်....

"ပြောရခက်တယ်ကွယ် သူနဲ့မတွေ့တာ နှစ်ပေါင်းကြာလှပြီ သူဟာ မသေဘဲရှိနိုင်သလို သေလည်း သေသွားနိုင်ပါတယ်.... ဒါကို ဘယ်သူမှအသေအချာ မပြောနိုင်ပါဘူးကွယ်...."

စိန့်ယုံယုံမှာ စိတ်ဝင်စားသွားသည်။

"ဦးလေးသိသမျှ ပြောပြပါလား...."



ချန်လျှံဆင်းက ခေါင်းညိတ်လိုက်၏။

"ပြောပြပါ့မယ်....မုယုံလီဟာ တကယ်စိတ်ထားကောင်းတဲ့လူ တစ်ယောက်ပါ....ပြီးတော့ မိတ်ဆွေအပေါင်းအသင်းကိုလည်း အလွန် ခင်တွယ်တတ်တဲ့ လူတစ်ယောက်ကွယ်...."

သူသည် ယင်းသို့ပြောရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျင်းမြို့တော်မှာ သူနဲ့ကျုပ် အလွန်ခင်မင်ရင်းနှီးခဲ့ကြတယ်.... သူဟာ သိုင်းပညာတော်ရုံမကဘူး....စာပေပညာမှာလည်း ကျွမ်းကျင် တယ်.... သူဟာ ကိုယ်ရံတော်ဘဝက အနားယူရင်း စာပေပညာနဲ့ပဲ ပျော်မွေ့မယ်တဲ့....အင်း....မုယုံလီ....မုယုံလီ....သူဟာ ကျုပ်စကားကို နားမထောင်လို့ ဒုက္ခတွေ့တာပဲ....ဒီလိုပါပဲလေ ကြမ္မာငင်ချင်ရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်...."

စိန့်ယုံယုံမှာ စိတ်ဝင်စားစွာ နားစွင့်နေ၏။

ချန်လျှံဆင်းက စကားဆက်လိုက်သည်။

"သူဟာ မြို့စားကြီး နန်းကုန်းလီရဲ့ကိုယ်ရံတော်ဆိုပေမယ့် အချိန်ပြည့်တာဝန်ထမ်းဆောင်နေရတာ မဟုတ်ဘူး.... ဒီတော့ အား လပ်တဲ့အချိန်တွေမှာ လွတ်လပ်စွာနေခွင့်ရတယ်.... သူဟာ မိတ်ဆွေ အလွန်များတယ်.... ဒီအထဲမှာ တိမ်လွှာသိုင်းသမား လင်ဝီဖုန်းနဲ့ ပေါင်းသင်းခဲ့တာ အမှားဆုံးပဲ....ဘဝမှာ အကြီးဆုံးအမှားပဲ ထင်ပါရဲ့ ကွယ်...."

စိန့်ယုံယုံမှာ မျက်မှောင်ကုတ်သွား၏။

"လင်ဝီဖုန်း ဟုတ်လား...."

ချန်လျှံဆင်းက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်....လင်ဝီဖုန်းဟာ ကျင်းမြို့တော်အတွက် အမည်း

www.burmeseclassic.com



ဇက်ဖါပဲ သူဟာ လမ်းဓားပြတစ်ယောက်ပဲ.... ကောင်းဝူးဆီးနှင်းလွင်ပြင်ကိုသွားလာတာ အလွန်ကျွမ်းကျင်တဲ့လူတစ်ယောက်ပေါ့.... **ကျုပ်က** သူနဲ့ လင်ဝီဖုန်း ပေါင်းသင်းနေတဲ့အတွက် ဟန့်တားခဲ့ပေမယ့် **သူက** ကျုပ်စကားကို နားမထောင်ခဲ့ဘူး...."

စိန့်ယုံယုံက ချန်လျှံဆင်းအား စေ့စေ့ကြည့်ကာ မေးလိုက်**လေ၏**။

"ဆက်ပြောပါဦး.... ဦးလေး...."

ချန်လျှံဆင်းသည် ပြောရင်း အတိတ်ကိုသတိရဟန်ဖြင့် မျက်နှာအိုသွားသည်။

သူသည် အံကိုတင်းတင်း ကြိတ်ပြီး....

"လင်ဝီဖုန်းဟာ ဟန်ဆောင်ကောင်းတဲ့လူတစ်ယောက်ပဲ.... သူဟာ လမ်းဓားပြတစ်ယောက်ဆိုတာ ကျင်းမြို့တော်မှာ ဘယ်သူမှ မသိခဲ့ကြဘူး.... သူဟာဆီးနှင်းလွင်ပြင်ထဲက ခရီးသွားတွေကို ဓားပြတိုက်လုယက်ခဲ့တယ် သတ်ဖြတ်ခဲ့တယ်....ကျင်းမြို့တော်ဟာ သားဆိုးတစ်ယောက် မွေးခဲ့ရသလိုပါပဲကွယ်...."

စိန့်ယုံယုံက စိတ်မရှည်နိုင်တော့ဘဲ....

"လင်ဝီဖုန်းအကြောင်းထက် မုယုံလီအကြောင်းသာ ပြောပါဦးလေး...."

ထိုစကားကြောင့် ချန်လျှံဆင်းက ပြုံးလိုက်သည်။

"လင်ဝီဖုန်းနဲ့ မုယုံလီဟာ ခွဲမရအောင်ဘဲလေ.... လင်ဝီဖုန်းရဲ့ လုပ်ရှားမှုတိုင်းမှာ မုယုံလီပါနေတယ်ဆိုတာ ဘယ်သူမှမသိပေမယ့် ကျုပ်က ရိပ်စားမိခဲ့တယ်...."

စိန့်ယုံယုံမှာ မျက်မှောင်ကုတ်သွားသည်။



"ဘာဖြစ်လို့လဲ...."

ချန်လျှံဆင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ်က ကိုယ်ရံတော်မုယုံလီကို ဖွင့်မေးဖို့ဆုံးဖြတ်ချိန်မှာပဲ လင်ဝီဖုန်းဟာ ဓားပြတစ်ဦးဆိုတာ.... ကျင်းမြို့တော်က သိသွားပြီး လင်ဝီဖုန်းဟာ ကျင်းမြို့တော်ကို စွန့်ခွာသွားခဲ့တာပါပဲ...."

စိန့်ယုံယုံမှာ စိုးရိမ်ထိတ်လန့်စွာဖြင့် မေးလိုက်မိလေ၏။

"**ကိုယ်ရံတော် မုယုံလီကကော....**"

ချန်လျှံဆင်းက **ခေါင်းညိတ်လိုက်**သည်။

"လင်ဝီဖုန်းထွက်ပြေးသွားပြီး တစ်လလောက်အကြာမှာ ကိုယ်ရံတော်မုယုံလီ ဦးဆောင်တဲ့အဖွဲ့ဟာ ကျင်းမြို့တော်ရဲ့ များပြားလှတဲ့ဘဏ္ဍာငွေကို ပြည်မကိုပို့ဆောင်ဖို့ တာဝန်နဲ့ထွက်သွားခဲ့တယ်.... သူတို့အဖွဲ့ဟာ ဆီးနှင်းလွင်ပြင်ထဲမှာတင် ပျောက်ကွယ်သွားကြတယ်...."

စိန့်ယုံယုံမှာ မျက်မှောင်ကုတ်သွား၏။

"သူတို့ ဘာဖြစ်သွားကြလဲဟင်.... ဘယ်လိုများ သတင်းကြားပါသလဲဟင်...."

ချန်လျှံဆင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"တချို့ကတော့ နှင်းမုန်တိုင်းမိလို့ သေဆုံးသွားတယ်လို့ထင်တယ်.... လူတချို့ကတော့ ဓားပြတွေရဲ့ လုယက်တိုက်ခိုက်သတ်ဖြတ်**တဲ့** **အန္တရာယ်**နဲ့ ရင်ဆိုင်သွားရတယ်လို့ထင်တယ်.... အခုထက်ထိ **အဖြေ**ရှာမရသေးတဲ့ ပဟေဠိတစ်ပုဒ်ပါပဲ...."

စိန့်ယုံယုံက စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်၏။

ချန်လျှံဆင်း၏လေသံကို ကိုယ်ရံတော် မုယုံလီတို့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားခြင်းသည် **သွေးရိုးသားရိုး**မဟုတ်ကြောင်း သိလိုက်၏။

ထိုဖြစ်စဉ်ကို ကြားရသူများသည်လည်း ထိုသို့သုံးသပ်ကြမည်သာ ဖြစ်သည်။

ထို့အပြင်....

သူတို့ တွေ့ကြုံခဲ့ရသော အခြေအနေများအရ ထိုကိစ္စသည် ရိုးသားမှုမရှိမှန်း နားလည်လိုက်သည်။

စိန့်ယုံယုံမှာ တွေးရင်း ရင်လေးသွားမိ၏။

“ဘဏ္ဍာငွေများ....”

“ကိုယ်ရံတော်မုယုံလီနှင့် သူ၏အဖွဲ့....”

“လင်ဝီဖုန်းဟာ လမ်းစားပြတစ်ယောက်....”

ထိုစကားလုံးများသာ ရင်ထဲ၌ ပွဲတင်ထပ်နေတော့သည်။

ထိုစဉ်....

ချန်လျှံ**ဆင်း၏စကားသံ ထွက်**ပေါ်လာသည်ကို ကြားလိုက်ရသည်။

“**လင်ဝီဖုန်းဟာ** အလွန်ကောက်ကျစ်ပြီး ရက်စက်ရာမှာ လက်မရွံ့တဲ့**လူတစ်**ယောက်ပဲ သူဟာ ကိုယ်ရံတော်မုယုံလီတို့အဖွဲ့ ဘဏ္ဍာငွေနဲ့ခရီးထွက်မှာကို ကြိုတင်သိထားနိုင်တယ်.... သူ့ကို လမ်းစားပြတစ်ဦးဟာ ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်ခံမှာ မဟုတ်ပါဘူးကွယ်....”

စိန့်ယုံယုံက ခေါင်းအသာညိတ်လိုက်၏။

ချန်လျှံဆင်းက စကားဆက်လိုက်သည်။

“ပြီးတော့ သူဟာ ဆီးနှင်းလွင်ပြင်ကို အလွန်ကျွမ်းကျင်တဲ့လူပဲ....မုယုံလီရဲ့တပ်ဖွဲ့ကို သူတို့လမ်းစားပြအဖွဲ့က ဆီးနှင်းလွင်ပြင်ထဲမှာ အလွယ်တကူအနိုင်ယူနိုင်ပါပဲ....ကျုပ်အထင်တော့ မုယုံလီဟာ လင်ဝီဖုန်းရဲ့လက်ချက်နဲ့ ကျဆုံးသွားခဲ့မယ်လို့ထင်ပါတယ်....”



စိန့်ယုံယုံက အံကိုတင်းတင်း ကြိတ်လိုက်၏။

“အခု ....လင်ဝီဖုန်း ရှိသေးသလား....”

ချန်လျှံဆင်းက ခေါင်းခါယမ်းလိုက်ပြီး....

“သူ့သတင်း မကြားရတာကြာခဲ့ပြီ....သူဟာ ပြည်မကို ထွက်သွားလောက်ပြီထင်တယ်....”

စိန့်ယုံယုံက ကျေးဇူးတင်စကား ပြောလိုက်သည်။

“အခုလိုပြောပြတဲ့အတွက် ဦးလေးကို ကျေးဇူးတင်ပါတယ်ရှင်”

ချန်လျှံဆင်းက ရှင်းပြလိုက်၏။

“တကယ်တော့ ကိုယ်ရံတော် မုယုံလီဟာ အပေါင်းအသင်းမှားသွားတာပဲ...အပေါင်းအသင်းမှားရင် လူဆိုတာ ပျက်တာပဲ...ပင်လယ်ဆားငံရေနဲ့ ရေချိုရောလိုက်သလိုပါပဲကွယ်....”

သူသည် ယင်းသို့ပြောပြီး စိန့်ယုံယုံအား **စေ့စေ့ကြည့်**လိုက်သည်။

“ဒါထက် မိန်းကလေးက ဘယ်တော့ပြန်မှာလဲ....”

စိန့်ယုံယုံက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

“မကြာခင် ပြန်မှာပါ....”

ချန်လျှံဆင်းက ပြုံးလိုက်သည်။

“မပြန်ခင်တစ်ရက်....ကျုပ်ဆီကို နံနက်စာ လာစားဖို့ ဖိတ်ပါရစေ....”

စိန့်ယုံယုံက ခေါင်းညိတ်လိုက်၏။

“ကောင်းပါပြီရှင်....ကျွန်မကို သွားခွင့်ပြုပါဦး....”

www.burmeseclassic.com

www.burmeseclassic.com



သူမက ချုန်လှုံဆင်းအား ဂါရဝပြုလိုက်ပြီး အိမ်ကလေးထဲမှ ထွက်လာခဲ့လေတော့သည်။

စိန့်ယုံယုံမှာ "နှင်းပန်း" စားသောက်ဆိုင်သို့ ပြန်ရောက်လာ၏။

သူမက စိန့်ထင်းရှီအခန်းသို့ သွားမည်အပြုတွင် ဆိုင်တွင်းသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့မြင်လိုက်ရလေ၏။

စိန့်ယုံယုံက ပြုံးပြလိုက်ပြီး....

"ဘာများ အလိုရှိပါသလဲရှင်...."

သူက မေးမေးချင်း ထိုလူအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူသည် အသက်သုံးဆယ်ခန့်ရှိမည်ဖြစ်၏။

သူ၏အဝတ်အစားများမှာ ညစ်ပတ်ပေရေနေသည်။

ထို့ကြောင့်....

ခရီးဝေးသို့မဟုတ် ပြည်မကလာသူတစ်ဦးဖြစ်နိုင်သည်ဟု တွက်ဆမိလိုက်၏။

ထိုလူက ပြုံးလိုက်ပြီး **မေးမြန်းသည်**။

"ကျုပ် အခန်း**တစ်ခန်း လို**ချင်လို့ပါ.... ရနိုင်ပါသလား...."

စိန့်ယုံယုံက **ခေါင်းညိတ်**လိုက်သည်။

"ရပါတယ်ရှင်...."

သူမက ဆိုင်လုလင်အား လှမ်းခေါ်လိုက်ပြီး....

"ဒီကဆရာလေးအတွက် အခန်းတစ်ခု စီစဉ်ပေးလိုက်ပါ..."

ဆိုင်လုလင်က....

"ဆရာလေး ကျုပ်နောက်က လိုက်ခဲ့ပါ.... အခန်းလိုက်ပြမယ်...."



သူက ဦးဆောင်ခေါ်သွားလေ၏။

**စိန့်ယုံယုံ**မှာ ထိုလူ၏နောက်ကျောအား တစ်ချက်ကြည့်လိုက်ပြီး....

**စိန့်ထင်းရှီ**ထံသို့သွားမည်အပြု စိန့်ထင်းရှီထွက်လာသည်ကို လှမ်းတွေ့လိုက်ရသည်။

စိန့်ထင်းရှီက သူမအား ကြည့်ကာမေးလိုက်၏။

"သမီး အဆင်ပြေရဲ့လား...."

စိန့်ယုံယုံက ခေါင်းညိတ်ပြလိုက်၏။

သူမက ပြောပြမည်အပြုတွင် ညနေစာစားသောက်မည့်သူများ ရောက်ရှိလာကြသည်။

စိန့်ထင်းရှီက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"ညကျမှပဲ အေး.... အေး.... ဆေး.... **ဆေး.... စကားပြောကြ**တာပေါ့...."

စိန့်ယုံယုံက ခေါင်းညိတ်ပြလိုက်ပြီး စားပွဲနောက်တွင် ဝင်ထိုင်နေလိုက်လေတော့သည်။

ဤသို့ဖြင့် ညအချိန်သို့ ရောက်ရှိလာလေ၏။

စားသောက်ခန်းအတွင်း၌ လူအသင့်အတင့် ရှိနေသည်။

ယို့ကျန်းကလည်း ထုံးစံအတိုင်း လာရောက်စားသောက်နေသည်။

ထိုစဉ်....

သူ၏စားပွဲသို့ လူတစ်ယောက် ရောက်ရှိလာပြီး ထိုင်ခွင့်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ထိုင်ခွင့်ပြုပါ...."

ယို့ကျန်းက ခေါင်းညိတ်ပြလိုက်၏။

ထိုလူက လက်နှစ်ဘက်ဆုပ်လိုက်ပြီး ဂါရဝပြုသည်။

"ကျုပ်နာမည် **ထင်းမိန်လို့**ခေါ်ပါတယ်....ဒီ "နှင်းပန်း" တည်းခိုခန်းမှာ တည်းခိုနေတဲ့**သူပါ....**"

သူသည် မိမိကိုယ်**ကို မိတ်**ဆက်ရင်း ယို့ကျန်းအား အရက်အိုးနှင့် ငှဲ့ခံလိုက်၏။

ထို့နောက်....

သူသည် တွေရာလေးပါးပြောရင်းမှ ယို့ကျန်းထံမှ တည်းခိုခန်းပိုင်ရှင်အကြောင်း မသိမသာ မေးမြန်းလိုက်လေသည်။

ထိုအချိန်တွင်....

ယို့ကျန်းမှာလည်း အရက်အနည်းငယ် ဝင်သည်နှင့် စကားပြောကောင်းလာ၏။

သူသည် တည်းခိုခန်းပိုင်ရှင်အကြောင်းများကို စိတ်ရှည်လက်**ရှည်** ရှင်းပြလေတော့သည်။

နောက်ဆုံး ဆိုင်ပိတ်မှ ယို့ကျန်းလည်း ထွက်ခွာသွားတော့**သည်**။

နှင်းပန်းစားသောက်ခန်းမတွင် လူမရှိတော့ပါ။

ဆိုင်လုလင်မှာ ခုံများကိုသိမ်းကာ လှဲကျင်း**နေသည်**။

စိန့်ယုံယုံမှာ ငွေများနေတွက်နေ၏။

တစ်ခဏအကြာတွင်....

ဆိုင်တံခါးပိတ်လိုက်ကြပြီး....စိန့်ထင်းရီ၏အခန်းတွင်းသို့ ဝင်



သွားကြလေတော့သည်။

ထို့နောက်....

စိန့်ထင်းရီ၊ စိန့်ယုံယုံနှင့် ဆိုင်လုလင်တို့သည် ညစာကို အားပါးတရ စားသောက်ကြလေ၏။

ထိုအချိန်တွင်နှင်းပန်းသစားသောက်ဆိုင်၏ ငှဲ့သည် ထင်းမိန်မှာ ခုတင်ထက်၌ လဲလျောင်းနေ၏။

သူသည် ယို့ကျန်းဆိုသူပြောခဲ့သည်များကို ပြန်လည်စဉ်းစားနေလေသည်။

ယို့ကျန်း**သည် သူ**အမှန် တွေ့သင့်သူဖြစ်ကြောင်း သူသိလိုက်သည်။

"တည်း**ခိုခန်းပိုင်ရှင် စိန့်ထင်းရီ**ဟာ....စာပေပညာရှင်တစ်ယောက် ဆိုပါလား...."

"အင်း....ငါလည်း တစ်ခါမှမကြားဖူးပါလား...."

"ဒီလူ ဘယ်သူလဲ....ဘာကြောင့် ဒီလိုဟန်ဆောင်ထားရတာလဲ...."

"မိန်းကလေးနဲ့ဆိုင်လုလင်ရဲ့ လှုပ်ရှားမှုမှာ သိုင်းပညာတတ်တဲ့လူရဲ့ သွင်ပြင်လက္ခဏာတွေ ပါနေတာတွေ့ရတယ်...."

"သူတို့ဟာ စိတ်ဝင်စားစရာကောင်းတဲ့လူတွေပဲ...."

ထိုသို့တွေးရင်း ထင်းမိန်သည် အိပ်ရာပေါ်မှထလိုက်၏။

ထို့နောက်....

သူသည် အနက်ရောင်ကိုယ်ကျပ်ဝတ်စုံကို လဲလှယ်ဝတ်ဆင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို အသာတွန်းဖွင့်ကာ ခြေဖော့နင်းပြီး ထွက်ခဲ့လေတော့သည်။

❋

စိန့်ယုံယုံက ချန်လျှံဆင်းထံမှ ကြားသိခဲ့ရသမျှကို စိန့်ထင်းအား ပြောပြလိုက်၏။

ထိုအခါ....

စိန့်ထင်းရီမှာ မျက်မှောင်ကုတ်သွားသည်။

"ကိုယ်ရံတော်မှုယုံလီ သေမသေဆိုတာ မသေချာဘူးပေါ့"

စိန့်ယုံယုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ဦးလေး.... ဒါပေမယ့် ချန်လျှံဆင်းကတော့ လင်ဖုန်းဟာ ကိုယ်ရံတော်မှုယုံလီတို့အဖွဲ့ကို လုပ်ကြံလိုက်တယ်လို့ပဲ ယူဆထားပါတယ်...."

စိန့်ထင်းရီ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

သူသည် တစ်စုံတစ်ရာပြောမည်ပြုပြီးမှ မျက်မှောင်ကုတ်သွားလေ၏။

"ဘယ်သူလဲ...."

တစ်ချက်အော်ငေါက်လိုက်ပြီး စားပွဲပေါ်မှတူနှစ်ချောင်းကို ပြတင်းပေါက်သို့ ပစ်လွှင့်လိုက်၏။

"ဝှစ်....ဝှစ်...."

"ချွမ်း...."



ဆိုင်လုလင်လည်း လျှင်မြန်စွာပင် ပြတင်းပေါက်မှခုန်ထွက်လိုက်သည်။

သို့သော်....

အပြင်တွင် မည်သည့်လူရိပ်လူယောင်မျှ မတွေ့ရပါ။

ဆိုင်လုလင်က ဝန်းကျင်ကို လှည့်ပတ်ရှာဖွေကြည့်လိုက်လေ၏။

ဝန်းကျင်တစ်ခုလုံး ရှင်းနေသည်။

"ဘယ်သူမှ မရှိပါလား...."

သူက ပြတင်းတံခါးအနီးသို့ ပြန်လျှောက်လာလိုက်သည်။

ထိုအခါ....

ပြတင်းတံခါးအနီး မြေပေါ်၌ကျနေသော အရာတစ်ခုကို တွေ့မြင်လိုက်ရသောအခါ သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

သူသည် ထိုအရာကိုကောက်ယူပြီး.... စိန့်ထင်းရီ၏အခန်းတွင်းသို့ ပြန်ဝင်လာ၏။

သူသည် သူယူလာသောအရာကို စားပွဲပေါ်တင်လိုက်သည်။

စိန့်ယုံယုံက သက်ပြင်းချလိုက်၏။

သူတို့အားလုံး၏မျက်လုံးများသည် စားပွဲပေါ်သို့လာရောက်နေလေတော့သည်။

စားပွဲပေါ်တွင် တူတစ်စုံရှိ၏။

သို့သော်....

တူအကောင်း မဟုတ်ပါချေ....

ကျိုးပဲ့ပြတ်တောက်နေသော တူတစ်စုံသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန့်ထင်းရှိက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်....

"ကျုပ်တို့ အစစအရာရာ သတိထားရတော့မယ်...."

ထိုစကားကို သူက မပြောခဲ့လျှင်လည်း အားလုံးက သိရှိနားလည်ထားပြီးဖြစ်သည်။

ဆိုင်လုလင်က မှတ်ချက်ချလိုက်၏။

"ဒီလူရဲ့ဓားပညာဟာ တကယ်ကောင်းတာပဲ...."

စိန့်ယုံယုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်...သူသာ ရန်သူဆိုရင် ကျွန်မတို့အတွက် အတော်ကြောက်စရာကောင်းတဲ့ရန်သူပဲ...."

ဆိုင်လုလင်က တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် ပြောလိုက်သည်။

"သူများဖြစ်နေမလား မသိဘူး...."

ထိုစကားကြောင့် စိန့်ယုံယုံမှာ မျက်မှောင်ကုတ်သွား၏။

"ဘယ်သူလဲ...."

ဆိုင်လုလင်က ဘာမျှပြန်မပြောပါ။

သူသည် အခန်းတွင်းမှပြေးထွက်သွား၏။

ဆိုင်လုလင်၏ကိုယ်ဖော့ပညာမှာ ကောင်းလှပေသည်။

သူသည် အပေါ်ထပ်သို့ လျင်မြန်စွာတက်သွား၏။ သူ့ခြေသံကို တော်ရုံတန်ရုံလူမကြားနိုင်ပါ...ခြေသံဖွဖွကလေးသာ ထွက်သည်။

ထို့နောက်....

အခန်းတစ်ခုဆီသို့ တိတ်ဆိတ်စွာချဉ်းကပ်ကာ အတွင်းသို့ချောင်းကြည့်လိုက်သည်။

ထိုအခါ....



"နှင်းပန်း"တည်းခိုခန်း၏ တစ်ဦးတည်းသောညွှန်သည်မှာ အိပ်မောကျနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၃)

## အန္တရာယ်

စိန့်ထင်းရှီဆိုသူမှာ မည်သူနည်း....အခြားသူမဟုတ်ပါ။

ရွှေမားအာမခံဌာနပိုင်ရှင် "ယွဲ့ဝမ်ဟို"ပင်ဖြစ်ပါသည်။

ထို့အတူ....

ဆိုင်လုလင်မှာ ယွဲ့တုဝေဖြစ်ပြီး စိန့်ယုံယုံဆိုသောမိန်းကလေးမှာ ကိုယ်ရံတော်မုယုံလီ၏သမီး မုယုံချင်းချင်းပင်ဖြစ်သည်။

သူတို့သည် ကျင်းမြို့တော်သို့ ရုပ်ဖျက်ကာ ပြန်လည်ရောက်ရှိလာကြခြင်းဖြစ်သည်။

ယွဲ့ဝမ်ဟို သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"လင်ဝီဖုန်းဟာ ဘဏ္ဍာငွေတွေကို တိုက်ခိုက်လုယက်ခဲ့တာကတော့ သံသယဝင်စရာ မလိုတော့ဘူး...."

ယွဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့်သာ သူတို့စုံစမ်းတဲ့လူမှန်သမျှကို လိုက်လံလုပ်ကြံနေတာဖြစ်လိမ့်မယ်...."



မုယုံချင်းချင်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဒီတိုင်းဆိုရင်.... လင်ဝီဖုန်းဟာ ဆီးနှင်းလွင်ပြင်ထဲမှာ ရှိနေတုန်းပဲ နေလိမ့်မယ်...."

ယွဲ့ဝမ်းဟိုက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်ပြောသည်။

"သဲလွန်စတော့ရပြီ...ကျုပ်တို့ ဘာဆက်လုပ်ကြမလဲဆိုတာကို စဉ်းစားရမယ်...."

ယွဲ့တုဝေက အံကိုတင်းတင်း ကြိတ်လိုက်၏။

"လင်ဝီဖုန်းဟာ ကျွန်တော်တို့ကို ဒုက္ခပေးခဲ့တယ်..., သူ့ကို ပြန်ပြီး တိုက်ခိုက်ဖို့ခွင်းပစ်ရမယ်...."

ယွဲ့ဝမ်းဟိုက ခေါင်းခါယမ်းလိုက်သည်။

"ဒါဟာအဆန်းမဟုတ်ပါဘူး.... အဲဒါဆိုရင် ငါတို့ ဟန်ဆောင်စရာမလိုတော့ပါဘူး...."

မုယုံချင်းချင်းက ခေါင်းညိတ်ပြီး ပြောသည်။

"ဟုတ်တယ်...ကျွန်မအဖေအတွက် သူ့ကို ထိုက်တန်တဲ့အပြစ်ပေးရမယ်...."

ယွဲ့တုဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျွန်တော်တို့ မနက်ဖြန်ဘဲသွားကြရအောင်...."

ယွဲ့ဝမ်းဟိုက လက်ကာပြလိုက်သည်။

"မလောနဲ့သား.... ဘယ်ကိစ္စမဆို ခေါင်း.... အေး.... အေး.... ထား....စဉ်စားလုပ်တာ မမှားဘူး...."

ယွဲ့တုဝေမှာ မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ...."

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝမ်းဟိုက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်—

"လင်ဝီဖုန်းဟာ ဒီနယ်ကလူ.... ဆီးနှင်းလွင်ပြင်ကို အလွန်ကျွမ်းကျင်တဲ့အပြင် နောက်လိုက်တွေကများနိုင်တယ်.... ဒီတော့ ဖေဖေတို့ သုံးယောက်တည်းနဲ့ ဖြိုခွဲနိုင်မှာမဟုတ်ဘူး.... သူကသာ ငါတို့ကို အလွယ်တကူချေမှုန်းသွားလိမ့်မယ်...."

မုယုံချင်းချင်းက ယွဲ့ဝမ်းဟိုအား စေ့စေ့ကြည့်လိုက်၏။

"ဒါဆို ကျွန်မတို့ ဘယ်လိုလုပ်မလဲ.... သူက ကျွန်မတို့ကို သိသွားလောက်ပြီ...."

ယွဲ့ဝမ်းဟိုက ပြုံးလိုက်၏။

"သိသွားပေမယ့် ဒီကိုတော့ လူစုလူဝေးနဲ့လာတိုက်ရဲမယ် မထင်ဘူး....ငါတို့ ဟန်မပျက်နေရမယ်....ဟန်ကိုယ့်ဖို့ ဟန်သူ့ဖို့ဆိုတာ ဒီအချိန်မျိုးပဲ...."

ယွဲ့တုံဝေက အနည်းငယ်စဉ်းစားလိုက်ပြီးမှ မှတ်ချက်ချလိုက်သည်။

"အန္တရာယ်တော့ များလိမ့်မယ်...."

ယွဲ့ဝမ်းဟိုက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး.... မနက်ကျရင် ဖေဖေတို့ အာမခံဌာနကို အကြောင်းကြားရလိမ့်မယ်.... သူတို့ရောက်မှ ဆီးနှင်းလွင်ပြင်ထဲ လိုက်ရှာဖွေကြတာပေါ့.... ဒီတစ်ခါတော့ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီပေါ့...."

အားလုံးက ယွဲ့ဝမ်းဟို၏အစီအစဉ်ကို ထောက်ခံလိုက်လေတော့သည်။

ထိုအချိန်၌ ထင်းမိန်ပြုံးနေပေပြီ....။



စောစောကတက်လာသော အခန်းဆီမှခြေသံသည် ညင်သာလွန်းလှသည်။

ပြီးမှ သူက ကျိတ်၍ရယ်မောလိုက်သည်။

"ဟား.... ဟား.... ဟား...."

အသံမထွက်ပါ.... ကျိတ်၍ရယ်မောနေခြင်းသာ ဖြစ်ပါသည်။

ထင်းမိန်မှာ ခုတင်ထက်တွင် လဲလျောင်းရင်းမှ စိန့်ထင်းရှိတို့အကြောင်း တွေးလိုက်မိသည်။

"သူတို့ဟာ ဘယ်သူတွေလဲ....ကိုယ်ရံတော် မုယုံလီနဲ့ ဘဏ္ဍာငွေတွေအကြောင်း ဘာလို့ သိနေတာလဲ...."

ထင်းမိန်ဆိုသူမှာလည်း အခြားသူမဟုတ်ပါ....

သတင်းစုံစမ်းရေးမှူး ထိဖုံးပင်ဖြစ်ပါသည်။

သူသည် ထန်ယဲသတင်းစုံစမ်းရင်း ကျင်းမြို့တော်အထိ လိုက်လာခဲ့ခြင်းဖြစ်သည်။

ထိဖုံးက ဆက်လက်တွေးတောနေသည်။

"ဒီလူတွေဟာ ထန်ယဲရဲ့အဆက်အသွယ်တွေပဲလား....ဘာဘဲဖြစ်ဖြစ် သူတို့ကို စောင့်ကြည့်ရင် ထန်ယဲတို့ ခြေရာခံနိုင်မှာသေချာတယ်....ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ လင်ဝီဖုန်းနောက်ကို လိုက်နေကြတဲ့လူတွေမို့လို့ပါ...."

သူသည် စိန့်ထင်းရှိတို့ကိုသာ စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်၏။

ကျုန်ကျင်းမြို့တော်တွင် လူစိမ်းတစ်ယောက်ဖြစ်သော သူ့အတွက် မထင်မပေါ်နေမှသာ စုံစမ်းရလွယ်ပေလိမ့်မည်။

လိုက်လံမစုံစမ်းဘဲ စိန့်ထင်းရှိတို့ကို အကဲခတ်နေခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ပို၍ကောင်းသည်ဟုလည်း ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

နောက်ရက်များတွင် စိန့်ထင်းရှီသည် သူ၏အာမခံဌာနသား များအား ကျင်းမြို့တော်သို့လိုက်လာရန် မှာကြားလိုက်၏။

ထိုရက်များအတွင်း ဟန်မပျက်ပင် စားသောက်ဆိုင်ကို ဖွင့်လှစ် ထားသည်။

ဤရက်ပိုင်းအတွင်း အန္တရာယ်နှင့် တွေ့ကြုံရလိမ့်မည်ဟု မျှော်လင့်ခဲ့ပြီး အားလုံးပင် သတိဝိရိယနှင့်နေထိုင်ကြသည်။

သို့သော် ....

ငါးရက်ဟူသော အချိန်သာကုန်ဆုံးသွားသည်။

မည်သည့်အန္တရာယ်နှင့်မျှ မကြုံတွေ့ခဲ့ရချေ။

မုယုံချင်းချင်းမှာ နေ့စဉ် စာပေသမားချန်လျှံဆင်းထံသို့ သွား ရောက်ခဲ့၏။

သူမ၏ဖခင် ကိုယ်ရံတော်မုယုံလီနှင့် ပတ်သက်၍ သဲလွန်စ ရလိုရငြား သွားပြီးမေးမြန်းနေခြင်း ဖြစ်သည်။

သဲလွန်စမရသော်လည်း သူမသိခဲ့ရသော ဖခင်ဖြစ်သူ၏ အကြောင်းများကို ကြားသိခဲ့ရ၏။

ကျင်းမြို့တော်တွင် နေစဉ်ကာလ ဖခင်၏အကြောင်းများကို တစ်စထက်တစ်စ သိလာရသည်။

ချန်လျှံဆင်းမှာ စာပေပညာရှင်တစ်ယောက်ဖြစ်ပြီး စကားပြော ကောင်းသူတစ်ယောက်ဖြစ်၏။

မုယုံလီအကြောင်းများကို နားထောင်ကောင်းအောင် ပြောပြ နိုင်သည်။

ထို့ကြောင့် ....



မုယုံချင်းချင်းသည် ချန်လျှံဆင်းထံ နေ့စဉ်သွားလေ့ရှိသည်။

ယနေ့လည်း နံနက်စာစားပြီးချိန်တွင် ချန်လျှံဆင်းထံသို့ ထွက်လာခဲ့သည်။

ထိုစဉ် ....

မြို့တွင်းသို့ဝင်လာသော မြင်းတစ်စီးကို တွေ့မြင်လိုက်ရလေ သည်။

မုယုံချင်းချင်းက လမ်းဘေးနံဘေး ကပ်ကာ အသာကြည့်လိုက် မိ၏။

မြင်းစီးသမားသည် အဖြူရောင်ဝတ်စုံဝတ်ထားပြီး မြက် ခမောက်တစ်လုံးကို ဆောင်ထားသည်။

ကောက်ရိုးဖိနပ်ကို စီးထား၏။

ထိုလူ၏ဝတ်စားဆင်ယင်ပုံမှာ မွန်ဂိုတစ်ယောက်နှင့် တူသည်။

ထိုလူသည် မြင်းကိုမှန်မှန်စီးရင်း မုယုံချင်းချင်းအား ဖြတ်ကျော် သွားလေသည်။

ထိုလူသည် လမ်းနံဘေးတွင်ရပ်နေသော မုယုံချင်းချင်းအား သတိပင် မထားမိပါ။

ထို့ကြောင့် ....

မုယုံချင်းချင်းက ထိုလူအား ကောင်းစွာအကဲခတ်နိုင်ခဲ့သည်။

သူမသည် ထိုလူအား တစ်နေရာရာတွင် တွေ့ဖူးသည်ဟု ထင်မိ၏။

မုယုံချင်းချင်းသည် မျက်မှောင်ကုတ်၍ စဉ်းစားနေမိသည်။

“ငါ သူကို ဘယ်မှာမြင်ဖူးခဲ့ပါလိမ့် ....”

www.burmeseclassic.com



သူမက စဉ်းစားမရသည့်အဆုံးတွင် ချန်လျှံဆင်း၏အိမ်ဘက်သို့ လျှောက်လာခဲ့သည်။

ချန်လျှံဆင်း၏အိမ်ခြံဝင်းတံခါးကို အဝင်တွင် ရုတ်တရက် သူက လူတစ်ယောက်ကို သတိရလာလေသည်။

"ဟုတ်ပြီ.... ဒီလူပဲ...."

သူမ ကောင်းစွာမှတ်မိသွားလေသည်။

ထိုလူသည် တစ်ချိန်က ဆီးနှင်းလွင်ပြင်ထဲ၌ သူမနှင့်ယုံတုဝေအား ကယ်တင်ခဲ့ဖူးသူပင် မဟုတ်ပါလော။ တကယ်တော့ သူတို့၏ ကျေးဇူးရှင်ကို သူမ မမှတ်မိခြင်းဖြစ်သည်။

ထိုစဉ်....

ချန်လျှံဆင်းသည် အိမ်ရှေ့သို့ထွက်လာလေသည်။

"မိန်းကလေး ဝင်လေ ဘာရပ်လုပ်နေတာလဲ....ကျုပ်က မင်းကို မျှော်နေတာ...."

မုယုံချင်းချင်းက ခေါင်းခါယမ်းလိုက်၏။

"မဝင်တော့ဘူး ဦးလေး...."

ချန်လျှံဆင်းမှာ မျက်မှောင်ကုတ်သွားသည်။

"မင်း ကျုပ်ဆီကိုလာတာ မဟုတ်ဘူးလား...."

မုယုံချင်းချင်းက ပြုံးလိုက်သည်။

"ဟုတ်ကဲ့....ဦးလေး ဒီကိုလာတာပါဘဲ ဒါပေမယ့် ကျွန်မသွားစရာတစ်ခုသတိရလာလို့ ဒါကြောင့် ဦးလေးကျွန်မကို မြင်းတစ်ကောင်လောက်ငှားလိုက်ပါလား...."

"ရပါတယ်....မြင်းဇောင်းထဲမှာ ယူသွားပါ...."



မုယုံချင်းချင်းက ချန်လျှံဆင်းအား ဦးညွှတ်အရိုအသေပြုကာ မြင်းဇောင်းထဲသို့ဝင်လာ၏။

ထို့နောက် ....

အကောင်းဆုံး မွန်ဂိုမြင်းတစ်ကောင်ကို ရွေးချယ်ယူလိုက်သည်။

မုယုံချင်းချင်းသည် ချန်လျှံဆင်းအား နှုတ်ဆက်ပြီး မြင်းပေါ်သို့တက်ကာ ထွက်ခဲ့လေတော့သည်။

မုယုံချင်းချင်းမှာ မြင်းကိုခပ်မှန်မှန်စီးလာရင်း ဝန်းကျင်ကို အကဲခတ်လာခဲ့၏။

သူမက မြင်းကိုစီးနှင်းလာရင်း ဈေးတန်းဘက်သို့ ရောက်လာသောအခါ သူမ၏မျက်နှာမှာ ဝင်းလက်သွားသည်။ ရတနာကိုတွေ့ရှိသူကဲ့သို့ ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူမ ရှာဖွေနေသူ တွေ့ပြီမဟုတ်ပါလော။

မုယုံချင်းချင်းကြည့်နေစဉ် ထိုလူက မြင်းပေါ်သို့တက်ကာ ထွက်ခွာသွားလေ၏။

"အင်း.... သူက ရိက္ခာလာဝယ်တာကိုး...."

ထိုလူက မြင်းဝမ်းဗိုက်တစ်ဘက်တစ်ချက်တွင် ရိက္ခာထည့်သော တောင်းများချိတ်ဆွဲထားကြောင်း တွေ့ရှိလိုက်ရသည်။

ထိုလူသည် နောက်ပင်လှည့်မကြည့်ဘဲ မြို့ပြင်ဘက်သို့ ဦးတည်ထွက်ခွာသွား၏။

မုယုံချင်းချင်းမှာ အလျင်အမြန် စဉ်းစားလိုက်သည်။

"အစ်ကိုယုံတုဝေကို ခေါ်ပြီး.... သူ့နောက်ကို လိုက်သွားရကောင်းမလား...."

www.burmeseclassic.com

www.burmeseclassic.com



"အိုး....မဖြစ်သေးပါဘူး....သူ့ကိုပြန်ခေါ်နေရင် နောက်ကျသွား လိမ့်မယ် ငါဟဲ နောက်ယောင်ခံလိုက်သွားမယ် ဒါမှ သူတို့စခန်း တွေ့မှာ...."

သူမက ရုတ်ခြည်း ဆုံးဖြတ်ချက်ချလိုက်၏။

ထို့နောက် ထိုလူနောက်သို့ ခပ်ခွာခွာမှ လိုက်သွားလေတော့ သည်။

မုယုံချင်းချင်းသည် အတွေ့အကြုံနုနယ်သူ တစ်ယောက်ဖြ ၏။

သူမသည် နောက်ယောင်ခံခြင်း အတတ်ပညာကို မတတ်ကျွ ပါ။

ယခုတစ်ကြိမ် ပထမဆုံးအကြိမ်အဖြစ် သူတစ်ပါးနောက် နောက်ယောင်ခံလိုက်ခြင်းဖြစ်၏။

မုယုံချင်းချင်းမှာ စိတ်လှုပ်ရှားနေသည်။

ဆီးနှင်းလွင်ပြင်တွင် နောက်ယောင်ခံလိုက်ရခြင်းမှာ အလွန် ခဲယဉ်းလှသည်။

မြင်ကွင်းက ရှင်းနေသဖြင့် ထိုလူက အလွယ်တကူပင် ရိ သွားနိုင်သည်။

ထို့ကြောင့်....

မုယုံချင်းချင်းမှာ ထိုလူပျောက်ကွယ်သွားသောအခါ ဒု ရောက်သွားတော့သည်။

"အို....မြင်းခွာရာကို ကြည့်ပြီး လိုက်မယ်...."

နှင်းထုလွင်ပြင်ပေါ်တွင် မြင်းခွာရာတို့က ထင်းနေ၏။

မုယုံချင်းချင်းသည် ကျေနပ်စွာပြုံးလိုက်၏။



ဤအတိုင်းဆိုလျှင်....

သူမက ကောင်းစွာနောက်ယောင်ခံလိုက်နိုင်မည်ဟု ယုံကြည် မိလေသည်။

သို့သော်....

သူမ မသိသေးသည်က ဆီးနှင်းလွင်ပြင်သည် အလွန်မာယာ များသည်ဆိုသော အချက်ပင်တည်း။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ညနေစောင်းအချိန်သို့ပင် ရောက်ရှိလာပြီဖြစ်သည်။

အအေးဓာတ်က ပို၍လွန်ကဲလာသည်။

ဆီးနှင်းများကလည်း သိပ်သည်းစွာကျဆင်းလာသည်။

မုယုံချင်းချင်းမှာ ပိုးထည်ဝတ်စုံရှည်ကိုသာ ဝတ်ဆင်ထားသော ကြောင့် အလွန်ချမ်းအေးလာသည်။

သူမသည် စိတ်ကိုကြိုးစားတင်းလိုက်၏။

ရှေ့မှမြင်းခွာရာများကိုသာ အာရုံပြုလိုက်ပြီး ချမ်းအေးမှုကို မေ့ပျောက်လိုက်သည်။

ထိုစဉ်....

လေသည် ကြမ်းတမ်းစွာ တစ်ချက်ဝှေ့ယမ်း တိုက်ခတ်လာ လေသည်။

ရေခဲစ၊ ရေခဲမှုန့်များနှင့် နှင်းပွင့်များသည် လေနှင့်အတူ လွင့် မျောလာသည်။

လေသည် တစ်စထက်တစ်စ ပို၍ကြမ်းတမ်းလာသည်။

မုယုံချင်းချင်းမှာ ထိတ်လန့်သွားသည်။

"နှင်းမုန်တိုင်းများလား...."

www.burmeseclassic.com

www.burmeseclassic.com



နှင်းမုန်တိုင်းများသည် ဆီးနှင်းလွင်ပြင်များတွင် ကြောက်စရာကောင်းလှသော အန္တရာယ်ဆိုးတစ်ခုပင် ဖြစ်ပါသည်။

ခရီးသည်တိုင်း ကြောက်ရွံ့ကြသည်။

သူမသည် မြင်းဇက်ကြိုးကို တင်းတင်းဆွဲရင်း ခရီးဆက်လိုက်၏။

သို့သော် ....

လေအရှိန်က ပို၍ပြင်းလာသည်။

လေထဲတွင် ရေခဲစများ၊ ဆီးနှင်းပွင့်များ ရောထွေးပါနေ၏။

ထိုအချိန်တွင် ....

ချန်လျှံဆင်း တစ်ခါက ပြောခဲ့ဖူးသည် ဆီးနှင်းလွင်ပြင်အကြောင်းများကို သတိရမိလေသည်။

"ဆီးနှင်းလွင်ပြင်မှာ နှင်းမုန်တိုင်းဟာ အချိန်မရွေးဖြစ်ပေါ်လာနိုင်တယ်...နှင်းမုန်တိုင်းနဲ့ ရင်ဆိုင်ရတဲ့အခါမှာ စိတ်မလောရဘူး....နှင်းမုန်တိုင်းကို ထိုးဖောက်ထွက်ဖို့ မကြိုးစားရဘူး .... အန္တရာယ်များတယ် ရောက်တဲ့နေရာမှာ အကာအကွယ်ထားပါ.... ဘာအကာအကွယ်မှမရှိခဲ့ဘူးဆိုရင် စီးလာတဲ့မြင်းကို ဆွဲလှဲပြီး မြင်းနံဘေးမှာ ဝပ်နေပါ...."

ချန်လျှံဆင်း၏စကားကို သတိရလိုက်ခြင်း သူမအသက်ကို ကယ်သလို ဖြစ်သွားသည်။

မုယုံချင်းချင်းမှာ ချက်ချင်းပင် မြင်းပေါ်မှခုန်ဆင်း၏။ မြင်းကို ဆွဲလှဲပြီး မြင်းဘေးတွင် အသာဝပ်နေလိုက်၏။

သူက ကံကောင်းပေသည်။

သူမ တွေ့ကြုံရသည်မှာ နှင်းမုန်တိုင်းငယ်လေးတစ်ခုသာ ဖြစ်သည်။ မုန်တိုင်းကြီးဆိုလျှင်တော့ သူမ အသက်ရှင်းပါလေ့ဖို့ ..... အခုလောက် အတန်ကြာသောအခါ လေမှာငြိမ်သက်သွားသည်။ ဘယ်လိုထိုအခါမှ ....



မုယုံချင်းချင်းက ထရပ်လိုက်ပြီး ကိုယ်ပေါ်မှ ဆီးနှင်းပွင့်များကို ရှာချလိုက်၏။

မြင်းကလည်း ထရပ်လာသည်။

ထို့နောက် ....

မုယုံချင်းချင်းက ခရီးဆက်ရန် မြင်းပေါ်သို့တက်လိုက်၏။

လေး .... ငါး .... လှမ်း .... ခရီးဆက်ပြီး .... နောက် သူမမှာ မျက်မှောင်ကြုတ်သွားလေသည်။

အကြောင်းမှာ ....

သူမရှေ့ နှင်းလွင်ပြင်သည် ညီညာနေ၏။

မည်သည့်မြင်းခွာရာမှ မရှိတော့ပါ။

မုယုံချင်းချင်း စိတ်ပျက်သွားသည်။

စောစောက တိုက်ခတ်နေသော နှင်းမုန်တိုင်းငယ်ကြောင့် မြင်းခွာရာများ ပျောက်ပျက်ကုန်ပြီ မဟုတ်ပါလား ....

ခဲလေသမျှ သဲရေကျ်ရပြီ မဟုတ်ပါလား ....

မုယုံချင်းချင်းသည် ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

မည်သည့်အရာကိုမျှ မတွေ့မြင်ရပါချေ။

ဆီးနှင်းလွင်ပြင်သည် အဆုံးအစမဲ့စွာ တည်ရှိနေလေတော့သည်။ တကယ်မာယာများသော ဆီးနှင်းလွင်ပြင်သာ ဖြစ်ပါလေ၏။

❋

www.burmeseclassic.com

www.burmeseclassic.com



နှင်းမှုန်တို့ [illegible]များသည် မြင်းကရုဝ်တန့်သွား၏။

ကောင်းလှချေ... မြင်းပေါ်မှလူက ဆင်းလိုက်၏။

နှင်းကာဝတ်စုံ ဝတ်ဆင်ထားသူများက မြင်းပေါ်မှရိက္ခာများကို သယ်ယူသွားကြသည်။

မြင်းစီးသမားက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး ရွက်ဖျင်တဲအတွင်းသို့ လှမ်းဝင်လိုက်၏။

ရွက်ဖျင်တဲအတွင်း၌ လင်ဗီဖုန်းနှင့် လူလေးယောက်က ထိုင်၍ စကားပြောနေကြသည်ကို တွေ့ရသည်။

လင်ဗီဖုန်းက လှမ်းမေးလိုက်သည်။

"အမှတ်တစ် အဆင်ပြေရဲ့လား...."

အမှတ်တစ်က ခေါင်းညိတ်လိုက်၏။

"ရိက္ခာအပြည့်အစုံ ဝယ်လာခဲ့တယ် ဘာမှမကျန်ပါဘူး...."

လင်ဗီဖုန်းက ပြုံးလိုက်၏။

"ကောင်းတယ် ကျုပ်တို့ သဘက်ခါ ခရီးထွက်ကြတာပေါ့...."

အမှတ်တစ်က ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက်....

သူသည် အမှတ်သုံးဘက်သို့လှည့်ကာ ပြောလိုက်၏။

"ကျုပ်နောက်မှာ လိုက်လာတဲ့လူရှိတယ်...သူ့ကို ဖမ်းခေါ်လာခဲ့ပါ...."

အမှတ်သုံးက မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားနောက်က လူပါလာတယ် ဟုတ်လား...."

အမှတ်တစ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် တစ်ယောက်တည်းပါ.... ကျုပ်တို့အတွက် ဒီ



အန္တရာယ်ရှိပုံ မရဘူး.... အတွေ့အကြုံနုလွန်းပါတယ်.... အခုလောက် ဆိုရင် လွင်ပြင်ထဲမှာ မျက်စိလည်နေလောက်ပြီ.... ဒါဆိုရင် ဘယ်လို ရန်သူမျိုးလဲဆိုတာ သိလောက်ရောပေါ့...."

အမှတ်သုံးက သဘောကျစွာရယ်မောလိုက်၏။

"ဟား.... ဟား.... ဟား.... ကောင်းတယ် ကျုပ်ရှင်းလိုက်ပါ့မယ်ဗျာ...."

အမှတ်တစ်က မျက်နှာပေါ်တွင် မနှစ်သက်သည့်အသွင်အပြင်များ ပေါ်လာသည်။

"ထစ်ခနဲဆို လူမသတ်ချင်စမ်းပါနဲ့ ကျုပ် မကြိုက်ဘူး...."

အမှတ်သုံးက နှာခေါင်းရှုံ့လိုက်သည်။

"ဖမ်းထားတာက ကျုပ်တို့အတွက် အလုပ်ရှုပ်တယ်.... ဝန်ပိုတယ်...."

အမှတ်တစ်က ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"မကြာခင် ကျုပ်တို့ ဒီကထွက်ခွာတော့မှာဘဲ ဘာမှစိတ်မပူမနေပါနဲ့...."

အမှတ်သုံးက ခေါင်းညိတ်သဘောတူလိုက်သည်။

"ကောင်းပါပြီလေ...."

သူသည် စကားဆုံးသည်နှင့် ချက်ချင်းပင် တဲအပြင်ဘက်သို့ ထွက်သွား၏။

ထို့နောက်....

နှင်းကာဝတ်စုံ ဝတ်ဆင်ထားသူ ဆယ်ယောက်ခန့်ကို ခေါ်ကာ ထွက်သွားကြလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်....ဒေါက်....ဒေါက်...."

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ချန်လျှံဆင်းက စာရေးစုတ်တံကို အသာချလိုက်ပြီး....တံခါး ဖွင့်ပေးလိုက်လေ၏။

တံခါးဝတွင် လူရွယ်တစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ချန်လျှံဆင်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာကိစ္စများလဲကွယ်...."

လူရွယ်က သူ့အား အကဲခတ်ကြည့်လိုက်ပြီး မေးသည်။

"ဒီကို စိန့်ယုံယုံများ လာသလား ခင်ဗျာ...."

သူက ရိုသေလေးစားသောအသံဖြင့် မေးခြင်းဖြစ်သည်။

ချန်လျှံဆင်းက လူရွယ်အား ပြန်ကြည့်လိုက်သည်။ သူက သေချာအောင်မေးသည်။

"မုယုံချင်းချင်းကို ပြောတာလားကွယ်...."

လူရွယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်....သူ အခုထိ ပြန်မလာသေးလို့ လိုက်လာတာပါ...."

ချန်လျှံဆင်းမှာ အံ့အားသင့်သွား၏။

"ဘာ...."

လူရွယ်က စကားဆက်လိုက်သည်။

"မုယုံချင်းချင်းကို လာရှာတာပါ....သူ အခုအထိ အိမ်ပြန် မရောက်သေးပါဘူး...."

ချန်လျှံဆင်းက ခေါင်းညိတ်လိုက်၏။



"သူ ကျူပ်ဆီက မြင်းငှားပြီး ထွက်သွားတာဘဲ....ခုထက်ထိ ပြန်မရောက်သေးဘူး ဟုတ်လား....အင်း....သူတစ်နေရာရာကို သွားဖို့ ကြံတာလား မသိဘူး....သူ တစ်ခါမှ ဒီလိုမြင်းကို မငှားသွားဘူး...."

လူရွယ်၏မျက်နှာပေါ်တွင် စိုးရိမ်ဟန်များ အထင်းသားပေါ် လွင်လာသည်။

"ဒါဆို ဒုက္ခပါပဲ...."

သူသည် ချက်ချင်းပင် လှည့်ပြေးထက်သွားလေ၏။

ချန်လျှံဆင်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဘယ်လိုပါလိမ့် ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး....မိန်းကလေး က ဘယ်တွေများ လျှောက်သွားနေသလဲ...."

သူသည် ညည်းတွားလိုက်လေတော့သည်။

ယွဲ့ဝမ်းဟိုက အပြေးအလွှားဝင်လာသော ယွဲ့ကုဝေကိုကြည့်ပြီး မေးလိုက်လေ၏။

"သား....သူကို တွေ့ခဲ့လား...."

ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်၏။

"မတွေ့ဘူး ဖေဖေ....သူ့ နေ့လယ်ကတည်းက မြင်းငှားပြီး ထွက်သွားတယ်လို့သိရတယ်...."

ယွဲ့ဝမ်ဟိုမှာ မျက်မှောင်ကုတ်သွားသည်။

"သူ ဘယ်သွားစရာရှိသလဲ...."

ယွဲ့တုဝေက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"သူ့ ကျင်းမြို့တော်မှာ အခြားအသိအကျွမ်း မရှိပါဘူး....သွားလည်း သွားမယ်မထင်ဘူး....ဒီအချိန်ဆို ပြန်လာသင့်ပြီ....အခု ပြန်

www.burmeseclassic.com

www.burmeseclassic.com



မလာပုံထောက်ရင် အန္တရာယ်တွေ့နေပြီထင်တယ်...."

ယုဲ့ဝမ်ဟို၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။

သူက တွေးတွေးဆဆဖြင့် ပြောသည်။ အတွေ့အကြုံရင့်ကျက်သူများ၏ စကားသည် မှန်ကန်လှ၏။

"မိန်းကလေးဟာ တစ်စုံတစ်ခု သဲလွန်စတွေ့လို့ ချန်လှျံဆင်းဆီက မြင်းငှားသွားခဲ့တာ ဖြစ်မယ်.... ကျုပ်တို့ စောင့်ကြည့်သင့်တယ်...."

ယုဲ့တုဝေ၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သော အရိပ်အရောင်များ ပေါ်လွင်နေ၏။

"သူ အန္တရာယ်တွေ့နေရင်ကော...."

ယုဲ့စန်းဟိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူ တကယ်ပဲ.... အန္တရာယ်နဲ့တွေ့ခဲ့ရင်လည်း အခုချိန်မှာ ဖေဖေတို့ ဘာများတတ်နိုင်မှာလဲ...."

ယုဲ့တုဝေက အံကိုတင်းတင်း ကြိတ်လိုက်၏။

"မယုံချင်းချင်းသာ တစ်ခုခုဖြစ်ရင် သူတို့ကို ကျွန်တော့်လက်နဲ့ အကုန်သတ်ပစ်မယ်...."

ဟု ကြုံးဝါးလိုက်၏။

* * *



အခန်း(၂၄)

## အဖေနှင့် သမီး

ထိဖုံးသည် အခန်းတွင်း၌ထိုင်နေသည်။

"အင်း.... သူတို့တွေ လှုပ်လှုပ်ရှားရှားဖြစ်နေပြီး မိန်းကလေးလည်း မတွေ့မိဘူး...."

သူသည် ယင်းသို့တွေးရင်း ကြမ်းပေါက်မှချောင်းကြည့်လိုက်၏။

ထိုအခါ....

အောက်ထပ်၌ ယုဲ့တုဝေသည် စိတ်လှုပ်ရှားစွာဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို တွေ့မြင်နေရသည်။

ထိခုံး မျက်မှောင်ကုတ်သွား၏။

"အင်း....သတိထားမှပဲ....သူတို့ကြည့်ရတာ မကြာခင် လှုပ်ရှားတော့မယ့်ပုံပဲ.... သူတို့ ထွက်သွားတာနဲ့ အမီလိုက်သွားရမယ်...."

ထိဖုံးသည် ကျင့်သားရနေသော သတင်းစုံစမ်းရေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သုံးလေးရက်မအိပ်ဘဲလည်း နေနိုင်သည်။ ယခုကိစ္စမှာ သုံးလေးရက်မအိပ်ဘဲ စောင့်ရမည့်ကိစ္စ မဟုတ်ချေ။ သူသည် ယုံ့တုဝေတို့အား အခါမလပ် စောင့်ကြည့်နေတော့သည်။

ဤသို့ဖြင့် တဖြည်းဖြည်း ညဉ့်နက်လာလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်။

အအေးဓာတ်က ကောင်းကင်လွင်ပြင်တစ်ခုလုံးအား လွှမ်းခြုံထားသည်။

မုယုံချင်းချင်းမှာ အရိုးကွဲမတတ် အေးစိမ့်မှုဓာတ်ကို ခံစားနေရသည်။ မဆင်မခြင် သူမ၏နောက်ယောင်ခံလိုက်မှုဒဏ်ကို သူပြန်ခံနေရခြင်းဖြစ်သည်။

သူ၏နှုတ်ခမ်းအစုံမှာ ချမ်းစိမ့်မှုကြောင့် တဆတ်ဆတ်တုန်ယင်နေသည်။

ကြောက်ရွံ့သည့် ဝေဒနာကိုလည်း ခံစားနေရသည်။

သူမသည် ဆီးနှင်းလွင်ပြင်အလယ် မျက်စိလည်နေပြီ မဟုတ်ပါလား....

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ကြီးစိုးနေသည်။

အရှေ့အနောက် တောင်မြောက် သူမ မည်သို့မျှ မခွဲခြားနိုင်တော့ချေ။

ယခုအချိန်တွင်....

သူမသည် ရန်သူကို ခြေရာခံလိုက်ရန် လုံးဝ မစဉ်းစားတော့ပါ။



သူမအနေနှင့် ကျင်းမြို့တော်သို့ပြန်သွားရန်သာ ကြိုးစားနေခြင်းသာဖြစ်ပေသည်။

သို့သော်....

ကျင်းမြို့တော်သည် မည်သည့်နေရာတွင်ရှိကြောင်း သူမ မခန့်မှန်းနိုင်ဘဲ ရှိနေ၏။

မုယုံချင်းချင်းမှာ ခြေကုန်လက်ပန်းကျလာ၏။

သူ၏မြင်းမှာလည်း အေးချမ်းလွန်းသော ရာသီဥတုကြောင့် ခရီးမဆက်နိုင်တော့ပါ။

မုယုံချင်းချင်းမှာ မျက်ရည်မကျစေရန် အနည်းငယ်ပင် အားတင်းထားရသည်။

သူမ၏မဆင်မခြင်ပြုမှုက သူမအား ဆီးနှင်းလွင်ပြင်အတွင်း၌ သေဆုံးစေတော့မည် မဟုတ်ပါလား....

မုယုံချင်းချင်းသည် မြင်းပေါ်မှဆင်းလိုက်၏။

သူမ၏ဒူးများပင် ညွတ်ကျလာရ၏။

ဆာလောင်မှု၊ မောပန်းမှု၊ အေးချမ်းမှု စသည့်ဝေဒနာများ တစ်ပြိုင်တည်း ခံစားနေရသည်။

သူမသည် နှင်းထုလွင်ပြင်ပေါ်တွင် လှဲချလိုက်၏။

နုနယ်ငယ်ရွယ်သော သူမအဖို့ ခရီးကြမ်းတာကို မခံနိုင်တော့ပါ။

ထိုစဉ်....

သူ၏နားတွင်း၌ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"မြင်းခွာသံတွေပါလား...."

www.burmeseclassic.com

www.burmeseclassic.com



မုယုံချင်းချင်းမှာ ဝမ်းသာသွား၏။

သူမသည် လဲလျောင်းနေရာမှထလိုက်သည်။

ထို့နောက် ....

ဝန်းကျင်တစ်ခုလုံးအား လှည့်ပတ်ကြည့်လိုက်သည်။ သို့သော် ဘာမျှမမြင်ရပါ။

ပတ်ဝန်းကျင်တွင် အမှောင်ထုက ကြီးစိုးနေသည်။

"ငါများ နားကြားလွဲနေတာလား...."

သူမသည် စိတ်ပျက်စွာဖြင့် ညည်းတွားလိုက်ပြီး နှင်းထုလွှင်ပြင်ပေါ်တွင် ပြန်လှဲချလိုက်မိသည်။

ထိုအခါ....

မြင်းခွာသံများကို ထပ်မံကြားလိုက်ရပြန်လေသည်။

ဤတစ်ကြိမ်တွင်....

သူမက ဂရုတစိုက် နားထောင်လိုက်၏။

"မြင်းခွာသံမှာ မြင်းခွာသံအစစ်ပဲ ပိုနီးလာပြီ...."

မုယုံချင်းချင်းမှာ အလွန်ဝမ်းသာသွား၏။

မြင်းစီးသမားများနှင့် တွေ့လျှင် သူမအတွက် ရိက္ခာရမည်မဟုတ်ပါလား....။

ထိုအတူ....

ကျင်းမြို့တော်သို့ ပြန်ရန်လမ်းကိုလည်း သိနိုင်သည် မဟုတ်ပါလား....။

သူမလည်း မြင်းခွာသံများကို ဆက်၍နားစွင့်လိုက်သည်။

မြင်းခွာသံများသည် တစ်စထက်တစ်စ ပို၍ကျယ်လောင်လာသည်။



မကြာမီ သူမအနီးသို့ ရောက်လာတော့မည်ဟု သိလိုက်၏။

ထို့ကြောင့် ....

သူမက ထထိုင်လိုက်ပြီး...အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြစ်စေရန် ဆွဲဆန့်လိုက်၏။

သူသည် အသံကြားရာသို့ လှမ်းမျှော်ကြည့်လိုက်၏။

အမှောင်ထုအတွင်း တိတ်ဆိတ်စွာလှုပ်ရှားနေသော အရိပ်များကို တွေ့မြင်လိုက်ရလေတော့သည်။

မြင်းစီးသမားများက သူမအနီးသို့ရောက်ရှိလာပြီး ရပ်တန့်သွား၏။

မုယုံချင်းချင်းမှာ ဝမ်းသာအားရနှင့် မြင်းစီးသမားများကို ကြည့်လိုက်သည်။

ထိုအခါ....

သူမ၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

နှင်းကာဝတ်စုံဝတ်ဆင်ထားသူများပင် မဟုတ်ပါလော။

သူမက ကြောက်ရွံ့စိတ်ကို မျိုသိပ်၍အသနားခံလိုက်၏။

"ကျွန်မကို ကူညီပါရှင် ကျင်းမြို့တော်ကိုသွားဖို့ လမ်းစပျောက်နေလို့ပါ ပြီးတော့ ရိက္ခာလည်း မရှိလို့ပါ...."

ထန်ယဲမှာ အလွန်နုနယ်လှပသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရသောအခါ အံ့အားသင့်သွားသည်။

"အမှတ်တစ်နောက်ကို လိုက်လာတာ.... မိန်းကလေးတစ်ယောက်ပါလား...."

သူသည် ယင်းသို့တွေးရင်း အသင့်ယူဆောင်လာသော အသားလွှတ်ပေါက်စီကို မိန်းကလေးအား လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မုယုံချင်းချင်းမှာ အသားလွတ်ပေါက်စီကို အားပါးတရစား သောက်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင် ...."

ထန်ယဲ့က မုယုံချင်းချင်းအား အကဲခတ်ကြည့်ပြောလိုက်လေ၏။

"မင်း ကျင်းမြို့တော်ကို သွားမယ်ဆိုရင်....ကျုပ်တို့နဲ့လိုက်ခဲ့ပါလား...."

မုယုံချင်းချင်းမှာ ရင်ထိတ်သွားသည်။

သူမသည် ကပျာကယာ ခေါင်းခါယမ်းလိုက်ပြီး....

"ကိစ္စမရှိပါဘူး....လမ်းညွှန်ရင်ပဲရပါပြီ...."

ထန်ယဲ့က ပြုံးလိုက်သည်။

"ဆီးနှင်းလွင်ပြင်ထဲမှာ လမ်းညွှန်ရုံနဲ့ သွားလို့ရမှာမဟုတ်ဘူး.... ကျုပ်တို့နဲ့သာလိုက်ခဲ့ .... မိန်းကလေးသွားချင်တဲ့နေရာကို ရောက်စေရမယ်...."

ထိုစကားကြောင့် မုယုံချင်းချင်းမှာ တွေဝေသွား၏။

ထိုလူများသည် သူမ၏ရန်သူများ ဖြစ်၏။

သို့သော်....

သူမကို မှတ်မိဟန်မတူဟု မှတ်ထင်လိုက်မိသည်။

ထို့ကြောင့်....

သူမအနေဖြင့် ငြင်းပယ်ရန် မသင့်ပါ။ ဤဆီးနှင်းလွင်ပြင်အတွင်း ဖွတ်ခြင်းနေပါကလည်း သဘာဝကျမည်မဟုတ်ပါ။

ငြင်းပယ်လျှင် ပို၍သံသယမကင်းဖွယ် ဖြစ်သွားနိုင်သည်ဟု တွေးမိလိုက်၏။



ထို့ကြောင့်....

သူမက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီရှင်...."

မုယုံချင်းချင်းသည် ယင်းသို့ပြောပြီး မြင်းပေါ်သို့ခုန်တက်လိုက်၏။

ထို့နောက်....

ထန်ယဲ့တို့လူစုနှင့်အတူ လိုက်ပါသွားလေတော့သည်။

ထန်ယဲ့တို့သည် မြင်းများကို အပြင်းစိုင်းနှင်ကြလေ၏။

အမှောင်ထုအောက်ဝယ် မီးရောင်များလင်းလက်နေသည်ကို တွေ့မြင်လိုက်ရသောအခါ မုယုံချင်းချင်းမှာ မျက်မှောင်ကုတ်သွားသည်။

"မီးရောင်တွေပါလား...."

သူမ၏စိတ်ထဲ၌ သံသယစိတ်များ ဖြစ်ပေါ်လာသည်။

ထိုနေရာသည် ကျင်းမြို့တော်မဟုတ်ဟု အလိုလိုသိနေ၏။ စိတ်ထဲက သိနေခြင်း ဖြစ်သည်။

သူမက မေးမြန်းလိုသော်လည်း မမေးဝံ့ချေ။

ထန်ယဲ့ကလည်း မသိဟန်ဆောင်ကာ ရှေ့ဆုံးမှသွားနေသည်။

ကျန်လူများကလည်း သူမနံဘေးမှညှပ်၍ လိုက်ပါလာနေကြသည်။

မုယုံချင်းချင်းမှာ ရင်ထဲ၌လေးလံလာ၏။

မကြာမီ မီးရောင်များလင်းလက်နေသော နေရာအနီးသို့ ရောက်ရှိလာ၏။

ထိုအခါ....

www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖျင်တဲတစ်ခုအား တွေ့မြင်လိုက်ရသည်။

မယုံချင်းချင်းမှာ ချက်ချင်းသိလိုက်၏။

ဤနေရာသည် ကျင်းမြို့တော်မဟုတ်ပါ။

လမ်းဓားပြများ၏ စခန်းတစ်ခုသာ ဖြစ်ပေသည်။

သူမက အလန့်တကြား ထန်ယဲ့အား မော့ကြည့်လိုက်မိသည်။

ထန်ယဲက ပြုံးရွှင်သောမျက်နှာထားဖြင့် ပြောလိုက်၏။

"မိန်းကလေးက ဒီကိုလာချင်တယ် မဟုတ်လား.... ဒါကြောင့် ကျုပ်က ခေါ်လာတာပဲ...."

"ရှင်.... ရှင်...."

မယုံချင်းချင်းမှာ အလွန်ထိတ်လန့်သွားသည်။

သူမက ထွက်ပြေးရန်ကြိုးစားလိုက်၏။

သို့သော်....

နှင်းကာဝတ်စုံဝတ်ဆင်ထားသော သူများက သူမအား ညှပ်၍ ဝိုင်းထားသဖြင့် မည်သို့မည်မျှထွက်ပြေးရန် မရတော့ပါချေ။

ထန်ယဲမှာ သဘောကျစွာရယ်မောလိုက်၏။

"မိန်းကလေးက ကျုပ်တို့နောက်ကို နောက်ယောင်ခံလိုက်ခဲ့ရပြီးမှ ဘာကြောင့် ထွက်ပြေးဖို့ကြိုးစားနေရတာလဲ.... ဟား.... ဟား.... ဟား...."

ယခုအခြေအနေတွင်....

မယုံချင်းချင်းမှာ သူတို့ပြုသမျှလည်စင်းခံရုံမှတစ်ပါး ဘာမှ မတတ်နိုင်တော့ပါချေ။

"ဟား.... ဟား.... ဟား...."

ရယ်မောသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။



မယုံချင်းချင်းသည် အံကိုတင်းတင်း ကြိတ်ထား၏။

သူမသည် တစ်ယောက်ချင်းစီကို စေ့စေ့ကြည့်လိုက်သည်။

လူငါးယောက်တွင် သူမတို့ဆိုင်သို့ တစ်ကြိမ်လာရောက်ခဲ့ဖူးသော လူနှစ်ယောက်ကိုလည်း တွေ့မြင်ရလေသည်။

ထို့အပြင်....

ရွှေဓားအာမခံဌာနနှင့် တစ်ခါက လိုက်ပါခဲ့ဖူးသော လူမမာ နှင့်တူသူကိုလည်း တွေ့မြင်လိုက်ရပြန်သည်။

အမှတ်လေးက မေးလိုက်၏။

"အမှတ်ငါး....သူက နှင်းပန်းစားသောက်ဆိုင်က မဟုတ်လား"

အမှတ်ငါးက ခေါင်းညိတ်လိုက်သည်။

"အမှတ်ငါးက ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့ မိန်းကလေး မင်း ဘယ်သူလဲ....ဘာကြောင့် ကျုပ်တို့နောက်ကို လိုက်လာခဲ့ရတာလဲ...."

မယုံချင်းချင်းက ပါးစပ်ပိတ်ထားလိုက်သည်။

ထန်ယဲ့မှာ ဒေါသထွက်သွား၏။

"မိန်းကလေး မင်းမပြောရင် ဒုက္ခရောက်သွားမယ်နော်...."

မယုံချင်းချင်းက အံကိုတင်းတင်း ကြိတ်လိုက်၏။

ယခု....

သူမသည် ရန်သူ့လက်တွင်းသို့ ကျရောက်နေပြီဖြစ်၏။

သို့သော်....

မယုံချင်းချင်းမှာ အလျှော့ပေးရန် မစဉ်းစားပါ။

သူမသည် ရဲဝံ့စွာပင် အသေခံရန် ဆုံးဖြတ်ချက်ချပြီး ဖြစ်သည်။

အမှတ်လေးမှာ စိတ်မရှည်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် စိတ်မရှည်ချင်တော့ဘူး မိန်းကလေး....မင်းတို့ ဘယ်သူတွေလဲ.... ဘာကြောင့်ကျင်းမြို့တော်ကို ရောက်လာရတာလဲ...."

မုယုံချင်းချင်းမှာ ပါးစပ်ပိတ်ထားဆဲပင်....

ထိုစဉ်....

အေးစက်ခက်ထန်သော စကားသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားသိလိုက်ရသည်။

"မင်းတို့ မေးနေလို့လဲ အပိုပဲ...."

ထိုစကားသံကြားလျှင် အားလုံးက လှည့်ကြည့်လိုက်သည်။

ထိုအခါ....

ရှက်ဖျင်တဲအတွင်းသို့ လူတစ်ယောက်ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။

**ထိုလူမှာ** လင်ဝီဖုန်းပင်ဖြစ်သည်။

**လင်ဝီဖုန်း**သည် မုယုံချင်းချင်းအား စိုက်ကြည့်လိုက်ပြီး မှတ်ချက်ချလေ၏။

"အင်း....မိန်းကလေးက အသက်ပြင်းသားပဲ...."

အမှတ်နှစ်မှာ အံ့အားသင့်သွားသည်။

"ခင်ဗျားက သူ့ကိုသိလို့လား...."

လင်ဝီဖုန်းက ပြုံးလိုက်၏။

"ရွှေဓားအာမခံဌာနပိုင်ရှင် ယဲ့ဝမ်းဟိုရဲ့သား ယဲ့တုဝေနဲ့သူကိုဆီးနှင်းလွင်ပြင်ထဲမှာ တစ်ခါထားခဲ့တယ်.... သူမသေဘဲ အခုထိအသက်ရှင်နေတာ အံ့သြစရာပဲ...."

အမှတ်နှစ်မှာ မျက်မှောင်ကုတ်သွားသည်။

"သြော်....ဒီမိန်းကလေးကိုး....ဟုတ်ပြီ....ကျုပ် မှတ်မိပြီ—"



လင်ဝီဖုန်းက ရယ်မောလိုက်၏။

"ဟား....ဟား....ဟား....မိန်းကလေးက သေချင်လို့လိုက်လာတာပဲ...."

အမှတ်လေးက အနည်းငယ်စဉ်းစားလိုက်ပြီး....

"ဒါဆိုရင် စားသောက်ဆိုင်က...."

လင်ဝီဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ရွှေဓားအာမခံဌာနကပဲ ဖြစ်မှာပေါ့...."

သူသည် ယင်းသို့ပြောပြီး.... မုယုံချင်းချင်းအား စိုက်ကြည့်လိုက်၏။

သူ၏မျက်နှာပေါ်တွင် ရက်စက်လိုသောအရိပ်အယောင်များထွက်ပေါ်လာလေသည်။

မုယုံချင်းချင်းက မဲ့လိုက်ပြီး....ရဲဝံ့စွာပင် လင်ဝီဖုန်းအား ပြန်ကြည့်လိုက်လေသည်။

"ရှင်ဟာ တိမ်လွှာသိုင်းသမား လင်ဝီဖုန်းဆိုတာပဲ ဖြစ်ရမယ်"

လင်ဝီဖုန်းက ပြုံးလိုက်သည်။

"မိန်းကလေးမဆိုးဘူး ကျုပ်က လင်ဝီဖုန်းပါပဲ....မိန်းကလေးဘာကြောင့် ကျုပ်ကို စုံစမ်းနေရတာလဲ...."

မုယုံချင်းချင်းက အံကိုတင်းတင်း ကြိတ်လိုက်ပြီး တစ်လုံးချင်းပြောလေသည်။

"ရှင့်ကို သတ်မလို့...."

"ဟား....ဟား....ဟား...."

"ဟား....ဟား....ဟား...."

လင်ဝီဖုန်းက အားပါးတရ ရယ်မောလိုက်လေသည်။

www.burmeseclassic.com



"ဟား....ဟား....ဟား....မင်းက ကျုပ်ကို သတ်မလို့ ဟုတ်လား....သနားစရာပဲ....အခုတော့ မင်း သေရတော့မယ် ပထမက မင်းကိုသတ်ဖို့ အစီအစဉ်မရှိပေမယ့် မင်းက ကျုပ်ကိုသိနေပြီ....ဒါကြောင့် မင်းကို နှုတ်ပိတ်ပစ်ရတော့မယ် ငယ်ငယ်ရွယ်ရွယ်နဲ့ လောကကြီးက ထွက်သွားရမှာကိုတော့ ကျုပ် စိတ်မကောင်းပါဘူး...."

သူသည် အမှတ်လေးဘက်သို့ လှည့်လိုက်၏။

"အမှတ်လေး....သူ့ကိုရှင်းပစ်လိုက်၊ အချိန်မရှိဘူး....ယွဲ့ဝမ်းဟိုတို့ အန္တရာယ်ကိုရင်ဆိုင်ဖို့ ကျန်သေးတယ်....သူတို့ ကျုပ်တို့နောက်ကိုလိုက်လာမယ်ဆိုတာ ဗေဒင်မေးနေစရာမလိုဘူး...."

အမှတ်လေးက ခေါင်းညိတ်လိုက်သည်။

"ယွဲ့ဝမ်ဟိုတို့ကို ကျုပ်တာဝန်ယူပါတယ်....ဒီမိန်းကလေးကိုလည်း ကျုပ်ပဲ ရှင်းလိုက်ပါ့မယ်...."

သူသည် ယင်းသို့ပြောပြီးသည်နှင့် ဓားကိုဆွဲထုတ်လိုက်လေသည်။

"ချွမ်း...."

မီးရောင်အောက်၌ ဓားရောင်မှာလင်းလက်နေသည်။

မုယုံ့ချင်းချင်း၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

သူသည် အမှန်တကယ်ပင် သေဆုံးရတော့မည် မဟုတ်ပါလော။

သေခြင်းတရား၏အရသာသည် ခါးသီးလှသည်။

သူမသည် သေရမည်ကိုမကြောက်ဟု စိတ်တင်းထားသော်လည်း မရပါ။

ဇောချွေးများ ပြန်လာလေသည်။ ဒူးများတုန်လာသည်။



ထို့နောက် အသားများ တဆတ်ဆတ်တုန်လာသည်။

အမှတ်လေးက ဓားကိုချိန်ရွယ်လိုက်၏။

"မိန်းကလေးတစ်ယောက်ကို သတ်ရမှာမကောင်းလှပါဘူး....ဒါပေမယ့် မင်းက ကျုပ်တို့အတွက် အန္တရာယ်ဖြစ်လာမှာဆိုတော့ မသတ်လို့ မဖြစ်ဘူး...."

သူသည် စကားဆုံးသည်နှင့် မုယုံ့ချင်းချင်း၏ရင်ဝသို့ ဓားတစ်ချက်ထိုးသွင်းလိုက်လေသည်။

မုယုံ့ချင်းချင်းမှာ မျက်လုံးအစုံကို မှိတ်ထားလိုက်၏။

ထိုစဉ်....

အလင်းရောင်တစ်ချက် လင်းလက်သွားသည်။

"ချွမ်း...."

ကျယ်လောင်သော ဓားချင်းထိခတ်သံတစ်ချက် ထွက်ပေါ်လာလေတော့သည်။

ဓားချက်သည် မည်သို့ခံစားရမည်နည်း။

သေခြင်းတရားသည် မည်သို့နည်း။

မုယုံ့ချင်းချင်းမှာ မျက်စိအစုံမှိတ်ရင်း တွေးတောနေ၏။

သို့သော်....

သူမ မျှော်လင့်ထားသော ဓားချက်က သူမထံသို့ ရောက်ရှိမလာပါ။

မုယုံ့ချင်းချင်းမှာ အံ့အားသင့်သွားသည်။

သူမသည် မျက်လုံးကိုဖွင့်ကြည့်လိုက်၏။

ထိုအခါ....

သူမ၏မျက်လုံးအစုံကို ဝိုင်းစက်ပြူးကျယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအမြင်ကို မယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

မြင်ကွင်းမှာ ထူးဆန်းလှပေ၏။

အမှတ်လေးလက်ထဲတွင် ဓားမရှိတော့ပါ။

အမှတ်လေး၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်နေသည်။

သူ၏မျက်နှာပေါ်တွင် အံ့သြသည့်အရိပ်အယောင်များ ပေါ်လွင်နေသည်။

မုယုံချင်းချင်းက အမှတ်လေးအား ဓားနှင့်ထောက်ထားသူကို ကြည့်လိုက်၏။

ထိုလူမှာ သူမအား တစ်ချိန်က ကယ်တင်ခဲ့သူ....

သူမက နောက်ယောင်ခံကာလိုက်လာခဲ့သော လူတစ်ယောက်ပင်ဖြစ်သည်။

အခြေအနေတို့ မည်သို့ဖြစ်ကုန်ပြီနည်း။

သူမ မစဉ်းစားတတ်တော့ပါချေ။

အမှတ်လေးက အမှတ်တစ်အား ကြည့်လိုက်သည်။

အမှတ်တစ်၏ အမြဲရီဝေနေသော သူ့ မျက်လုံးများသည် အခုအခါ စူးရှတောက်ပနေသည်။

သူ၏မျက်နှာပေါ်တွင်လည်း ရက်စက်ရန် ဝန်မလေးသော အရိပ်အယောင်များ ပေါ်ထွက်နေသည်။

အမှတ်လေးမှာ ထိတ်လန့်သွားသည်။

"အမှတ်တစ်.... ခင်ဗျား ဘယ်လိုဖြစ်တာလဲ...."

အမှတ်တစ်က မှဲ့ပြုံးပြုံးလိုက်၏။

"မင်း သူ့ကိုသတ်လို့မရဘူး...."

သူ၏အသံသည် အေးစက်မာကျောနေသည်။



အမှတ်လေးမှာ ဒေါသထွက်သွားသည်။

"လင်ဝီဖုန်းက သူ့ကိုသတ်မိန့်ပေးထားတာ ခင်ဗျားလည်းကြားသားပဲ...."

အမှတ်တစ်က အေးတိအေးစက်လေသံဖြင့်....

"မင်းက.... သူ့ကိုသတ်ရင် မင်းအရင်ဆုံး သေရမှာပဲ...."

ဤနေရာ၌ သတ်မိန့်ပေးသော လင်ဝီဖုန်းလည်း ရှိနေရာ လင်ဝီဖုန်းသည် သူ့အမိန့်ကိုဖီဆန်သော အမှတ်တစ်အား နားမလည်နိုင်သလိုဖြစ်သွားသည်။

"အမှတ်တစ်.... ခင်ဗျား ဘယ်လိုဖြစ်တာလဲ.... ဓားဖယ်လိုက်စမ်း...."

အမှတ်တစ်က ဓားကို လုံးဝမဖယ်ပါ။

သူသည် လင်ဝီဖုန်းအား အေးတိအေးစက်ဖြင့် ပြန်ကြည့်လိုက်သည်။

လင်ဝီဖုန်းမှာ မျက်မှောင်ကုတ်သွားသည်။

"အမှတ်တစ်.... ဘာဖြစ်လို့ အချင်းချင်းတွေ ပြဿနာရှာချင်ရတာလဲ.... ဒီမိန်းကလေးက ကျုပ်တို့ ရန်သူပဲ မဟုတ်လား...."

အမှတ်တစ်က အေးတိအေးစက်လေသံဖြင့်....

"သူ့ကို ခင်ဗျားတို့ လက်ဖျားနဲ့ထိဖို့တောင် မကြိုးစားပါနဲ့ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကျုပ်ရဲ့သမီး ဖြစ်နေလို့ပဲ...."

ထိုစကားကြောင့် အားလုံးသောသူများမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ရွက်ဖျင်တဲတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

မည်သူမျှ စကားမပြောနိုင်ကြတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မီးကိုရေနှင့် ငြိမ်းသတ်နေလိုက်သည်။

မည်သူမျှ စကားမပြောနိုင်ကြတော့ပါချေ။

အားလုံး တိတ်ဆိတ်နေသည်။

အားလုံး၏မျက်နှာပေါ်တွင် အံ့အားသင့်နေဟန်များ ပေါ်လွင်နေသည်။

မုယုံချင်းချင်းမှာ သူမနားကိုပင် မယုံကြည်နိုင်သလို ဖြစ်သွားတော့သည်။

အဖြစ်အပျက်များက မြန်ဆန်လွန်းလှသည် မဟုတ်ပါလား....

အမှတ်တစ်သည် မုယုံချင်းချင်းအား ထိပါးသူကို အမှန်တကယ်ပင် ရှင်းပစ်ရန် ဆုံးဖြတ်ထားကြောင်း ပေါ်လွင်နေ၏။

လင်ဝီဖုန်းက သက်ပြင်းချလိုက်သည်။

သူသည် ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး ဖြည်းညှင်းစွာ ပြောလိုက်လေ၏။

"ကျုပ် မထင်ဘူး....တကယ့်ကို မထင်ဘူး...."

အမှတ်နှစ်က ဝင်မေးလိုက်သည်။

"ဒီမိန်းကလေးကို ခင်ဗျားပဲ ဆီးနှင်းလွင်ပြင်ထဲက ကယ်တင်သွားတာဖြစ်ရမယ်...."

အမှတ်တစ်က ခေါင်းညိတ်လိုက်ပြီး ပြတ်သားစွာပြောသည်။

"ဟုတ်တယ်....ကျုပ်သမီးကို ကျုပ်အသေမခံနိုင်ဘူး...."

လင်ဝီဖုန်းက ပြုံးလိုက်သည်။

"ဒီမိန်းကလေးဟာ ခင်ဗျားရဲ့သမီးမှန်း မသိလို့မှားကြတာပဲ—ခင်ဗျားသမီးသာဆိုရင် ကျုပ်က သတ်မိန့်ပေးမှာ မဟုတ်ပါဘူး...."

ထိုအခါ....



အမှတ်တစ်က ဓားကို ပြန်လည်ရုတ်သိမ်းလိုက်၏။

အမှတ်လေးက သူ၏လည်ပင်းကို ပြန်လည်ပွတ်သပ်လိုက်သည်။

အမှတ်တစ်က သူ့အား တောင်းပန်စကားဆိုလိုက်၏။

"ကျုပ်ကို ခွင့်လွှတ်ပါ...."

အမှတ်လေးက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ...ဒါပေမယ့် နည်းနည်းတော့ ကြောက်သွားတယ်ဗျ...."

ထိုစကားကြောင့် အားလုံးက ရယ်မောလိုက်ကြလေသည်။

လင်ဝီဖုန်းက ပြုံးလိုက်သည်။

"ကဲ....ခင်ဗျားသမီးနဲ့ အေးအေးဆေးဆေး စကားပြောပေတော့...."

သူသည် လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ရွက်ဖျင်တဲအတွင်းမှ ထွက်သွားလေတော့သည်။

ထိုအခါ....

ကျန်လူများကလည်း အလျှိုလျှိုထွက်ခွာသွားကြလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၅)

## အဖြစ်မှန်

မုယုံချင်းချင်းသည် အမှတ်တစ်အား မျက်ရည်ဖုံးသောမျက်လုံးများဖြင့် ကြည့်နေ၏။

အမှတ်တစ်မှာ ကိုယ်ရံတော်မုယုံလီ ဖြစ်သည်တကား....။

မုယုံလီက မုယုံချင်းအား ကြည့်ကာ ဆို့နစ်စွာခေါ်လိုက်လေသည်။

"သမီး...."

မုယုံချင်းချင်းကလည်း ဆို့နစ်စွာပြန်ခေါ်သည်။

"ဖေဖေ...."

ထို့နောက်....

သူမသည်ဖခင်၏ရင်ခွင်တွင်း ပြေးဝင်ကာ ငိုကြွေးလေတော့သည်။

မုယုံလီက ခေါင်းခါယမ်းလိုက်သည်။



"မသေပါဘူးကွယ်...ဖေဖေက အကြောင်းတစ်ခုကြောင့် သမီးတို့နဲ့မဆက်သွယ်ဘဲ ဓာတ်မြုပ်နေခဲ့တာပါ...."

မုယုံချင်းချင်းက ဖခင်ဖြစ်သူအား မော့ကြည့်လိုက်ပြီး....

"ဟိုတစ်ခါက သမီးကိုကယ်တင်ခဲ့တာလည်း ဖေဖေပဲ မဟုတ်လား...."

မုယုံလီက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်.... လင်ဝီဖုန်းကို သမီးတို့လိုက်စုံစမ်းတုန်းက သတင်းစုံစမ်းရေးမှူးတွေလားဆိုပြီး ဖေဖေစုံစမ်းခဲ့တယ်...အဲဒီတော့မှ သမီးဖြစ်နေတာ သိခဲ့ရတယ်...မကြာခင် သမီးတို့နဲ့ပြန်ဆုံဖို့ ဖေဖေမှာ အစီအစဉ်ရှိတဲ့အတွက် သမီးကိုအသိမပေးခဲ့ဘူး....သမီးကို လင်ဝီဖုန်းက ရန်ရှာတဲ့အခါ.... ဖေဖေက ဝင်ကယ်ခဲ့ပြီး ပြန်လွှတ်ခဲ့တာပေါ့.... သမီး ဒီကိုပြန်မလာသင့်ဘူး.... သမီးဘာကြောင့် ပြန်လာရတာလဲ ကွယ်...."

မုယုံချင်းချင်းက မျက်ရည်များကျပြီး ရှင်းပြလိုက်သည်။

"သမီးက ဖေဖေသေဆုံးပြီ ထင်လို့ပါ....ဘာမသိ ညာမသိ ရန်ပြုခဲ့ရတော့ စုံစမ်းရင်းက လင်ဝီဖုန်းနဲ့ဖေဖေတို့အကြောင်း သိလာခဲ့ရတယ် သမီးစိတ်ထဲမှာ လင်ဝီဖုန်းက ဖေဖေကိုသတ်ပြီး ဘဏ္ဍာငွေတွေ လုယက်ခဲ့တာလို့ထင်ပြီး လင်ဝီဖုန်းကိုလက်တုံ့ပြန်ဖို့ လိုက်ရှာခဲ့တာပါ...."

မုယုံလီက သက်ပြင်းတစ်ချက် ချလိုက်သည်။

မုယုံချင်းချင်းက ဖခင်ဖြစ်သူအား မေးလိုက်သည်။

"ဒါထက် ဖေဖေဘာဖြစ်လို့ သမီးတို့ဆီပြန်မလားဘဲ ဓာတ်မြုပ်နေရတာလဲ...."

www.burmeseclassic.com

www.burmeseclassic.com



မုယုံလီမှာ ငိုင်တွေသွားသည်။

မုယုံချင်းချင်းမှာ မျက်မှောင်ကုတ်သွားသည်။

"လင်ဝီဖုန်းဟာ သမီးသိသလောက် ဓားပြတစ်ယောက်ပဲ.... ဖေဖေက ဘာကြောင့်သူနဲ့အတူတူ နေရတာလဲ...."

မဖုံးကွယ်ဘဲ မေးလိုက်သည်။ သူ့စိတ်ထဲရှိနေသည်တို့ကို မေးလိုက်သည်။

မုယုံလီမှာ မည်သို့ပြန်ဖြေမှန်းမသိ ဖြစ်သွားသည်။

ထိုစဉ်....

နှင်းကာဝတ်စုံ ဝတ်ဆင်ထားသူတစ်ယောက် ရောက်ရှိလာပြီး သတင်းစကားပြောလေ၏။

"လင်ဝီဖုန်းက ဆွေးနွေးစရာရှိလို့ ခဏလာခဲ့ပါတဲ့...."

မုယုံလီက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ.... သမီး ဒီမှာခဏနေပါဦး.... ဖေဖေ ပြန်လာခဲ့မယ် ဟုတ်လား...."

သူနှင့်အတူ လိုက်သွားလေတော့သည်။

မုယုံချင်းချင်းမှာ မျက်စိသူငယ်ဖြင့် ကျန်ရစ်ခဲ့၏။

ခဏအတွင်းမှာ မုယုံလီသည် လင်ဝီဖုန်းထံသို့ ရောက်ရှိသွားလေသည်။

လင်ဝီဖုန်းက စကားစပြောလိုက်သည်။

"ယွဲ့ဝမ်ဟိုတို့ကို ရှင်းပစ်လိုက်ရအောင်...."

အမှတ်နှစ်က အနည်းငယ်စဉ်စားလိုက်ပြီး....

"သူတို့က ကျင်းမြို့တော်မှာရှိမယ်.... ကျုပ်တို့ လူစုလူဝေးနဲ့ သွားသင့်ပါ့မလား...."



အမှတ်လေးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"သူတို့က နှစ်ယောက်တည်းပဲ.... ကျုပ်တို့လေးယောက် လောက် သွားရင်ဖြစ်ပါတယ်....ကျုပ်ရဲ့အရည်အချင်းကိုလည်း ကြည့်ပါဦး...."

အမှတ်သုံးထန်ယဲက တက်ကြွစွာဝင်ပြောလိုက်၏။

"ဒါဆိုရင်လည်း ဒီညပဲ သွားလိုက်ရအောင်...."

လင်ဝီဖုန်းက မုယုံလီဘက်သို့လှည့်လိုက်သည်။

"ခင်ဗျားသဘောက ဘယ်လိုလဲ...."

မုယုံလီက ပြန်မေးလိုက်သည်။

"ယွဲ့ဝမ်ဟိုအကြောင်းကို ဘယ်လောက်သိထားသလဲ...."

လင်ဝီဖုန်းက ပြုံးလိုက်သည်။

"သူက ပြည်မကပဲ ခင်ဗျားတို့က ပိုသိမှာပေါ့...."

မုယုံလီက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောသည်။

"ယွဲ့ဝမ်ဟိုရဲ့ ရွှေဓားပညာဟာ ပြည်မမှာ အတော်ကျော်ကြားတယ်...."

အမှတ်နှစ်ကလည်း ထောက်ခံလိုက်သည်။

"ဟုတ်တယ်.... ကျုပ်တို့ထဲမှာ သူ့ကိုယှဉ်နိုင်မယ့်သူ မရှိသလောက်ဘဲ...."

အမှတ်လေးက မခံချင်ဟန်ဖြင့် ဝင်ပြောလိုက်၏။ သူသည် ရွှေဓားယွဲ့ဝမ်ဟိုကို အထင်သေးသည်။ သူတစ်ပါးကို အထင်သေးခြင်းမှာ သိုင်းသမားကောင်းတို့၏ အမူအကျင့်မဟုတ်ချေ။

"ရန်သူကို ဒီလောက်အထင်မကြီးရဘူးဗျ...."

www.burmeseclassic.com

www.burmeseclassic.com



မုယုံလီက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကျုပ်ပြောတာ မင်း မယုံရင် မင်းယှဉ်ကြည့်ပါ....သိုင်းကွက် ငါးဆယ်အထိ ခံနိုင်ရင် ကံကောင်းတယ်လို့မှတ်ရမယ်...."

အမှတ်လေးက ခေါင်းညိတ်လိုက်သည်။ သူသည် လွန်စွာ မခံချင်ဖြစ်နေသည်။

"စိတ်ချ ကျုပ် ယှဉ်ပြမယ်...."

လင်ဝီဖုန်းက လက်ကာပြလိုက်၏။

"နေပါဦး....ယွဲ့ဝမ်ဟိုအကြောင်းသာ ဆက်ပြောပါ...."

မုယုံလီက စကားဆက်လိုက်သည်။

"ယွဲ့ဝမ်ဟိုဟာ သူ့ရဲ့အာမခံဌာနသားတွေ တိုက်ခိုက်ခဲ့ရတဲ့ အတွက် ရောက်လာတာ ဖြစ်နိုင်တယ်....သူတစ်ဦးတည်း ဟုတ်ချင်မှဟုတ်မယ်.... သူ့သားယွဲ့တုဝေကိုလည်း လျှော့တွက်လို့ မရ ဘူး...."

အမှတ်နှစ်ကလည်း ဝင်ပြောလိုက်၏။

"ရွှေဓားအာမခံဌာနဟာ အင်အားအလွန်တောင့်တင်းတဲ့အဖွဲ့ ပါ....သူတို့အင်အားကို လျှော့တွက်လို့ရှိရင် ကျုပ်တို့ ထိခိုက်လိမ့်မယ်"

လင်ဝီဖုန်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဒါဆို ခင်ဗျားတို့သဘောက...."

မုယုံလီက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"အိပ်နေတဲ့ကျားကို မနှိုးတာ အကောင်းဆုံးပဲ...."

မုယုံလီ၏စကားမှာ ထိမိသောစကားပင် ဖြစ်သည်။

လင်ဝီဖုန်းက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....



"သူကိုမရှင်းပစ်ရင် ကျုပ်တို့အတွက် အန္တရာယ်ဖြစ်လာနိုင်တာ ကိုလည်း တွက်ပါဦး...."

မုယုံလီက ပြုံးလိုက်သည်။

"ကျုပ်စဉ်းစားပြီးပါပြီ...သူတို့အင်းအား ဘယ်လောက်များများ ဆီးနှင်းလွင်ပြင်ထဲမှာဆိုရင် ကြောက်စရာမရှိပါဘူး...."

လင်ဝီဖုန်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ခင်ဗျား ပြောတာလည်း ဟုတ်တာပဲ...."

မှန်ပေသည်။

ဆီးနှင်းလွင်ပြင်အတွင်း၌ အလေ့အကျင့်ရှိထားသော သူတို့ သည် ရန်သူကိုကောင်းစွာ ချေမှုန်းနိုင်ပေသည်။ ပြည်မမှသိုင်းသမား များမှာ ဆီးနှင်းလွင်ပြင်၌ အလေ့အကျင့်မရှိကြချေ။

မုယုံလီက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်တို့အတွက် အရေးကြီးဆုံးကတော့ ဘဏ္ဍာငွေတွေ အမြန်ဆုံးတူးဖော်ဖို့ပဲ...."

အမှတ်နှစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်....ကျုပ်တို့ အချိန်တွေအများကြီး စောင့်ခဲ့ရပြီးပြီ အခုလူစုံတုန်းရတာ ကိစ္စအရင်ရှင်းကြမယ်...."

လင်ဝီဖုန်းက ပြုံးလိုက်သည်။

"ဒါဆိုလည်း ခရီးဆက်ကြစို့...."

အားလုံး၏မျက်နှာများ ဝင်းလက်သွားလေသည်။

သူတို့ မျှော်လင့်စောင့်စားခဲ့သော အချိန်သို့ရောက်ရှိလာပြီ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



လင်ဝီဖုန်းက လက်ဝှေ့ယမ်းပြလိုက်၏။

"အားလုံး မနက်ခရီးထွက်ဖို့ အသင့်ပြင်ထားကြပါ...."

သူ၏စကားအဆုံးတွင် အားလုံး လူစုခွဲသွားကြလေတော့သည်။

✱

"ဝုန်း...."

ယဲတုဝေမှာ ဒေါသကိုမထိန်းနိုင်တော့ဘဲ စားပွဲခုံအား လက်ဝါးဖြင့်ရိုက်ချလိုက်၏။

သူ၏မျက်နှာမှာ ဒေါသကြောင့် နီရဲနေသည်။

မည်သည့်မိန်းကလေးကိုမျှ စိတ်ဝင်စားခြင်းမရှိခဲ့သော သူသည် မုယုံချင်းချင်းနှင့်တွေ့သောအခါ စိတ်ပြောင်းခဲ့၏။

မုယုံချင်းချင်းသည် သူ့ဘဝအတွက် အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးပင်။

မုယုံချင်းချင်းသည် ပျောက်ဆုံးမှုအတွက် သူ လုံးဝဒေါသမထိန်းနိုင်တော့ပါ။

သားဖြစ်သူဖြစ်ရပ်ကို ကြည့်ကာ ယဲ့ဝမ်ဟိုသည် သက်ပြင်းအသာချလိုက်၏။

ယဲ့တုဝေက စိုးရိမ်ထိတ်လန့်သော လေသံဖြင့်ပြောလေ၏။

"သူ အန္တရာယ်တွေ့နေတာ သေချာပြီ....ကျွန်တော် မစောင့်နိုင်တော့ဘူး...."



ယဲ့ဝမ်ဟိုက ခေါင်းခါယမ်းလိုက်သည်။

"သူ ဘယ်သွားမှန်းမှ မသိဘဲသားရယ်.... ဘယ်လိုလုပ်လိုက်ရှာကြမလဲ...."

ယဲ့တုဝေက အံကိုတင်းတင်း ကြိတ်လိုက်၏။

"သူ သွားစရာနေရာ တစ်နေရာပဲရှိတယ်....ဒါကို ဖေဖေလည်း သိပါတယ်...."

ယဲ့ဝမ်းဟိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ရန်သူ့စခန်းဟာ အနောက်တောင်ဘက်ဆိုတာကလွဲလို့ ငါတို့ ဘာသိထားသေးလို့လဲ.... မင်း စစ်သေနင်္ဂဗျူဟာကို မသင်ဖူးပေမဲ့ ကြားဖူးနားဝတော့ရှိမှာပေ့ါ.... ကိုယ်မကျွမ်းကျင်တဲ့အရပ်မှာ စစ်ခင်းရင် ကိုယ်သေတွင်းကို ပစ်တူးတာပဲကွာ...."

ယဲ့တုဝေက ခေါင်းခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်လိုက်သွားမယ်...."

ယဲ့ဝမ်ဟိုမှာ သားဖြစ်သူအတွက် စိုးရိမ်သွား၏။

"မင်းတစ်ယောက်တည်း ဘယ်ဖြစ်မလဲ...."

ယဲ့တုဝေက ဖခင်ဖြစ်သူအား နှစ်သိမ့်စကားပြောလိုက်၏။

"ကျွန်တော် အန္တရာယ်ကြည့်ရှောင်မှာပါ.... မလိုအပ်ဘဲ မစွန့်စားပါဘူး.... ငယ်သားတွေရောက်လာရင် ဖေဖေလိုက်ခဲ့ပါ...."

ယဲ့ဝမ်းဟိုက သားဖြစ်သူအား ကြည့်ကာ ဖျောင်းဖျပြောဆိုလေ၏။

"မင်းလည်း အဲဒီအချိန်ထိစောင့်သင့်တယ်...."

ယဲ့တုဝေက ခေါင်းခါယမ်းလိုက်၏။

"မစောင့်နိုင်တော့ဘူး.... ဖေဖေ ကျွန်တော်သွားမယ်...."

www.burmeseclassic.com

www.burmeseclassic.com



သူသည် စကားဆုံးသည်နှင့် အခန်းတွင်းမှပြေးထွက်သွားလေသည်။

ယွံ့ဝမ်ဟိုက ဟန့်တားသော်လည်း မရတော့ချေ။

ယွံ့ဝမ်ဟို အချစ်ကြောင့် အမှန်တရားကို မမြင်နိုင်ရှာသောသားအတွက် သက်ပြင်းချမိသည်။

ကျင်းမြို့တော်သည် တိတ်ဆိတ်စွာအိပ်မောကျနေသည်။

လခြမ်းပုံကလေး၏ အလင်းရောင်သည် ဝန်းကျင်တစ်ခုလုံးအား လုံလောက်စွာအလင်းမပေးနိုင်ပါချေ။

ယွဲ့တုဝေသည် ကျင်းမြို့တော်ကလေးထဲမှ ပြေးထွက်လာခဲ့လေ၏။

သူ၏ရင်ထဲ၌ မုယုံချင်းချင်းအတွက် စိုးရိမ်ပူပန်ခြင်းမှာ အတိုင်းအဆမရှိပေ။

ယခုအခြေအနေတွင်....

သူသည် မည်သည့်ပုဂ္ဂိုလ်နှင့်မဆို ယှဉ်ပြိုင်ရန်ဝန်မလေးပါ။

သူ့အသက်တွင် အဆုံးရှုံးခံရန် ဝန်မလေးပါ။

ဤသို့ဖြင့်....

ယွဲ့တုဝေမှာ ကိုယ်ဖော့ပညာအသုံးပြု၍ ပြေးလွှားလာခဲ့ရာ အတော်ပင်ခရီးပေါက်လာ၏။

သူသည် ကောင်းကင်ပေါ်မှကြယ်များကို ကြည့်ရင်း အနောက်တောင်ဘက်ဆီသို့ ဦးတည်ထွက်လာခဲ့ခြင်း ဖြစ်၏။ သူသည် ဓားနှင့်ပြေးထွက်လာသူ ဖြစ်သော်လည်း အတွေ့အကြုံရင့်ကျက်သူဖြစ်၍ အခြေအနေကို သုံးသပ်တတ်သူဖြစ်သည်။



အတန်ကြာသွားမိပြီး....နောက် ယွဲ့တုဝေ၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။

"ငါ့နောက်က လူတစ်ယောက်ယောက် လိုက်လာတယ်ထင်တယ်...."

သူသည် ယင်းသို့တွေးရင်း ရှေ့သို့ဆက်လျှောက်သွားကာထပ်မံ၍ **အကဲခတ်ကြည့်လိုက်လေ၏။**

**ထိုအခါ....**

**သူ့နောက်တွင်** နောက်ယောင်ခံလိုက်လာသူ ပါလာသည်မှာ **သေချာသွားသည်။**

ထိုလူသည် **အတော်ပင်** ကျွမ်းကျင်ဟန်ရှိ၏။

သူသာ သတိထားမကြည့်နိုင်လျှင် နောက်ယောင်ခံလိုက်လာမှန်း သိရမည်မဟုတ်ပါ။ သူ့အတွေ့အကြုံရင့်ကျက်ရန်သာ ဤသို့သိရှိခြင်း ဖြစ်ပါသည်။

ယွဲ့တုဝေက မဲ့ပြုံးပြုံးလိုက်သည်။

"တွေ့ကြသေးတာပေါ့...."

သူသည် စိတ်ထဲမှကြိမ်းဝါးရင်း ရှေ့သို့ဆက်၍ ပြေးသွားလိုက်လေသည်။

အတန်ကြာမှ....

ပြေးလွှားခြင်းအရှိန်ကို လျှော့ရင်း အကဲခတ်ကြည့်လိုက်ပြန်သည်။

နောက်ယောင်ခံလိုက်လာသူ ပါလာဆဲဖြစ်ကြောင်း အတွေ့အကြုံအရ သိရှိလိုက်ရသည်။

ယွဲ့တုဝေမှာ ဒေါသထွက်သွားပြီး နောက်လှည့်ကြည့်လိုက်၏

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ....

လူရိပ်လူယောင်မျှ မတွေ့ရချေ။

သူက ဆက်၍လျှောက်လာခဲ့သည်။

သူ၏စိတ်ထဲတွင် နောက်ယောင်ခံလိုက်လာသူ ရှိနေဆဲဟု ခံစားနေရဆဲပင်ဖြစ်သည်။

ယွဲ့တုဝေက အံကိုတင်းတင်း ကြိတ်လိုက်၏။

"ကောင်းပါပြီလေ.... မင်းကိုပဲဖမ်းပြီးတော့ မေးကြည့်ရတော့မှာပေါ့...."

သူက ယင်းသို့စိတ်ထဲမှ ကြုံးဝါးလိုက်ပြီး .... ရှေ့သို့အားကုန် ပြေးလွှားသွားလိုက်လေတော့သည်။

သတင်းစုံစမ်းရေးမှူး ထိဖုံးမှာ ယွဲ့တုဝေ၏နောက်မှ လိုက်လာခဲ့၏။

သူသည် ယွဲ့တုဝေ၏ နောက်မှလိုက်သွားလျှင် ထန်ယဲတို့၏ စခန်းကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသည်။

ထို့ကြောင့် ....

သူက မျက်ခြည်မပျက်ခံဘဲ လိုက်လာခဲ့ခြင်း ဖြစ်ပေသည်။

ထိုစဉ် ....

ယွဲ့တုဝေမှာ ကိုယ်ဖော့ပညာကို အစွမ်းကုန်သုံးကာ ပြေးသွားသည့်အတွက် သူကလည်း ပြေးလိုက်ရသည်။

ည၏အမှောင်ထုအောက်တွင် ရုတ်တရက် ယွဲ့တုဝေမှာ သူ့မြင်ကွင်းအောက်မှ ပျောက်ကွယ်သွားလေတော့သည်။

ယွဲ့တုဝေသည် ကိုယ်ယောင်ပျောက်သွားလေပြီ ....။

"ဘယ်ရောက်သွားပါလိမ့် ...."



သူသည် ကပျာကယာ ဝန်းကျင်သို့လှည့်ပတ်ရှာဖွေလိုက်၏။ လူနှင့်တူသူကို မတွေ့ပါ။

ထိုစဉ် ....

ရယ်မောသံတစ်ချက် ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟား.... ဟား.... ဟား...."

ထိဖုံးဝေ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွား၏။

သူသည် ရယ်မောသံထွက်ပေါ်လာရာဘက်သို့ ကပျာကယာ လှည့်ကြည့်လိုက်သည်။

ထိုအခါ ....

မြေပြင်ပေါ်တွင်ထိုင်နေသော ယွဲ့တုဝေကို တွေ့မြင်လိုက်ရသည်။

ယွဲ့တုဝေက ထိုင်ရာမှထလိုက်သည်။

ထိဖုံးအား လှမ်းကြည့်ပြီး မေးလိုက်လေ၏။

"ဘယ်သူ့ကို ရှာနေတာလဲမိတ်ဆွေ...."

ထိုအခါ ....

ထိဖုံးက သက်ပြင်းချလိုက်၏။

သူ နောက်ယောင်ခံလိုက်လာသည်ကို ယွဲ့တုဝေက သိရှိဖော်ထုတ်နိုင်သွားပြီ မဟုတ်ပါလော။

ယခုအခြေအနေတွင် မထူးတော့ပြီဖြစ်သောကြောင့် ပြေးပင်ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်၏။

ယွဲ့တုဝေကလည်း စိတ်မရှည်ပါချေ။

သူသည် မယုံချင်းချင်းအတွက် စိုးရိမ်ပူပန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာလာသည်နှင့်အမျှ မုယုံချင်းချင်း အန္တရာယ်ရှိမည်ကို တွေးတောစိုးရိမ်မိ၏။

ထို့ကြောင့် ....

သူသည် အချိန်ဆွဲမနေတော့ဘဲ ....

"ခင်ဗျား .... နောက်ယောင်ခံလိုက်နေမယ့်အစား ကျုပ်ကို လိုက်ပို့တာ ပိုကောင်းမယ် ...."

သူသည် ယင်းသို့ပြောပြီးသည်နှင့် စတင်တိုက်ခိုက်လိုက်လေ၏။

ထိဖုံးကလည်း ချက်ချင်းပင် တုံ့ပြန်တိုက်ခိုက်လိုက်သည်။

သူသည် ယွဲ့တုဝေကို ဖမ်းဆီးရန်ဆုံးဖြတ်လိုက်၏။

ဤသို့ဖြင့် ....

တဒင်္ဂအချိန်အတွင်းမှာပင် သိုင်းကွက်ငါးကွက်မျှ ယှဉ်ပြိုင်မိသွားကြသည်။

ယွဲ့တုဝေမှာ ရင်ထိတ်သွားသည်။

တစ်ဖက်လူ၏သိုင်းပညာသည် ထက်မြက်လွန်းလှသည် မဟုတ်ပါလော။

ယွဲ့တုဝေသည် အံကိုတင်းတင်း ကြိတ်လိုက်၏။

သူသည် လက်နက်မဲ့တိုက်ခိုက်၍မဖြစ်တော့ကြောင်း သဘောပေါက်လိုက်၏။

ထို့ကြောင့် ....

ဓားကိုဆွဲထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

သူ၏ဓားကွက်များသည် ကောင်းမွန်လှသည်။



သူ၏ဓားကွက် တိုက်ခိုက်လိုက်သည်နှင့် တစ်ဖက်လူ၏ တိုက်ခိုက်မှုများ ပြိုကွဲသွားသည်။

ထိဖုံးမှာ အံ့အားသင့်သွား၏။

"မင်းက ဘယ်ဆိုးလို့တုန်း ...."

ယွဲ့တုဝေက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ရဲ့ ရွှေဓားသိုင်းကွက် ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ .... ခင်ဗျား တွေ့ရမှာပေါ့ဗျာ ...."

သူသည် ယင်းသို့ပြောပြီး ဆက်လက်တိုက်ခိုက်လိုက်၏။

ထိုအခါ ....

သူ၏ဓားသည် အဆိပ်ပြင်းလှသော မြွေဆိုးတစ်ကောင်နှယ် ထိဖုံး၏ခန္ဓာကိုယ်သို့ တိုးဝင်သွားလေတော့သည်။

ဝန်ကျင်တစ်ခုလုံး ရွှေဓားရောင်များ ဝင်းလက်တောက်ပသွား၏။

ထိဖုံးမှာ ယွဲ့တုဝေ၏ရွှေဓားသိုင်းကွက်ကို တွေ့မြင်ရသောအခါ မပေါ့ဆဝံ့တော့ပါ။

သူသည် သတိကြီးစွာထားပြီး ရင်ဆိုင်ရလေတော့သည်။

လက်နက်မဲ့ဖြစ်သော်လည်း သူသည် ယွဲ့တုဝေအား တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိသည်။

သူ၏လက်ဝါးများက ယွဲ့တုဝေ၏သွေးကြောများကို အဓိကထား ထိုးနှက်တိုက်ခိုက်နေသည်။

ဤသို့ဖြင့် ....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

သိုင်းကွက်ငါးဆယ့်ကျော်လာပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့တုဝေသည် ရွှေဓားကိုအသုံးပြုကာ တိုက်ခိုက်နေ၏။

သူ၏ရွှေဓားသိုင်းပညာသည် အဆင့်မြင့်သည်ဟု လူတိုင်းက ချီးမွမ်းကြသည်။

တော်ရုံသိုင်းသမားတစ်ယောက်အား သိုင်းကွက်နှစ်ဆယ်အတွင်း အနိုင်ယူနိုင်သည်။

သူထက် သိုင်းပညာအဆင့်မြင့်သူများကိုပင် သိုင်းကွက်ငါးဆယ်အတွင်း မရှုံးနိမ့်အောင် ခုခံနိုင်စွမ်းရှိသည်ဟု သူက ကောင်းစွာယုံကြည်သည်။

ယခု....

သူ၏ယုံကြည်ချက်များ ပျက်ပြားရတော့မည် ဖြစ်နေသည်။

သူ၏ရွှေဓားသိုင်းပညာသည် ထိဖုံးအား ဒုက္ခပေးနိုင်စွမ်း မရှိပါ။

ထိဖုံး၏လက်ဝါးနှစ်ဘက်ကသာ သူ့အား ဒုက္ခပေးနေလေသည်။

ယခုအခြေအနေအတိုင်းဆိုလျှင် သူသည် နောက်ထပ်သိုင်းကွက်နှစ်ဆယ်အတွင်း ရှုံးနိမ့်သွားတော့သည်။

ယွဲ့တုဝေသည် အံကိုတင်းတင်း ကြိတ်လိုက်၏။

သူသည် ထိုလူအား မနိုင်မှန်းသိသော်လည်း အရှုံးမပေးပါ။

တတ်နိုင်သမျှ တိုက်ခိုက်နေဆဲပင်ဖြစ်သည်။

ထိဖုံးက အသာရသည်နှင့် ဖိ၍တိုက်ခိုက်လိုက်လေသည်။

"ချွမ်း...."

ယွဲ့တုဝေမှာ မျက်နှာကွက်ခနဲ ဖျက်သွားသည်။

ထိဖုံးက ကျေနပ်စွာပြုံးလိုက်၏။

"မင်း ရှုံးသွားပြီ...."



ယွဲ့တုဝေက အံကိုတင်းတင်း ကြိတ်လိုက်သည်။

"ခင်ဗျား သတ်ချင်ရင် သတ်ပစ်လိုက်...."

ထိခုံးက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်မေးခွန်းကို မှန်မှန်ဖြေရင် မင်းကိုမသတ်ပါဘူး...."

ယွဲ့တုဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျား ဘာမေးမလို့လဲ...."

ထိဖုံးက ယွဲ့တုဝေအား စေ့စေ့ကြည့်ပြီး မေးလေ၏။

လူစိမ်း၏စကားက ထူးခြားလှသည်။

"ထန်ယဲ ဘယ်မှာလဲ...."

ယွဲ့တုဝေမှာ နားမလည်နိုင်ဘဲဖြစ်သွားသည်။

"ထန်ယဲဆိုတာ ဘယ်သူလဲ....ကျုပ် မသိပါဘူး...."

ထိဖုံးမှာ ဒေါသထွက်သွား၏။

"မင်း လိမ်ညာရင်တော့ ကျုပ်အဆိုး မဆိုနဲ့...."

ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားမေးတာ ကျုပ်မသိဘူး...ခင်ဗျားတို့သာ မုယုံချင်းချင်းကို ဖမ်းထားတာမဟုတ်လား...."

ထိဖုံး အံ့ဩသွားလေ၏။

"မုယုံချင်းချင်း ဟုတ်လား...."

ယွဲ့တုဝေက အံကြိတ်ပြီး ပြောလေ၏။

"ဟုတ်တယ်....သူ့ကိုထိရင်တော့ ခင်ဗျားတို့ နောင်တရနေရမယ်...."

ထောက်လှမ်းရေးမှူး ထိဖုံးက လက်ကာပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး....မုယုံချင်းချင်းဆိုတာ နှင်းပန်းတည်းခိုခန်း ကောင်တာမှာထိုင်နေတဲ့ မိန်းကလေးလား...."

ယွဲ့တုဝေမှာ မကျေမနပ်ဖြစ်သွားသည်။ အရေးထဲအရာပေါ်နေသည် မဟုတ်ပါလား....

"ခင်ဗျားက ဘာမသိချင်ယောင်ဆောင်နေတာလဲ.... ခင်ဗျားဟာ လင်ဝီဖုန်းရဲ့လူပဲ မဟုတ်လား...."

ထိခုံးမှာ နားမလည်နိုင်ဘဲဖြစ်သွား၏။

"ကျုပ်ကလည်း မေးပါရစေဦး.... မင်းက လင်ဝီဖုန်းရဲ့လူပဲ မဟုတ်လား...."

ယွဲ့တုဝေက နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်က ရွှေမားအာမခံဌာနပိုင်ရှင်ရဲ့သား ယွဲ့တုဝေဗျ...ကျုပ်တို့က အခြေအနေတစ်ခုကို စောင့်နေတာဗျ...."

ထိခုံးမှာ သဘောကျစွာရယ်မောလိုက်၏။

"ဟား....ဟား....ဟား.... ကျုပ်တို့ လူမှားသွားကြတာပဲ...."

ယွဲ့တုဝေမှာ အံ့အားသင့်သွားသည်။

သူ ဘာမျှ နားမလည်သေးပါ။

ထိဖုံးက စကားဆက်လိုက်၏။

"ကျုပ်က လင်ဝီဖုန်းရဲ့အဖွဲ့ကို စုံစမ်းနေတာ မင်းတို့ကို စောင့်ကြည့်နေတာ ဆိုပါတော့...မင်းတို့ကိုတွေ့တော့ လင်ဝီဖုန်းရဲ့ အဆက်အသွယ်ထင်ပြီး အကဲခတ်နေခဲ့ကြတာပဲ...."

ယွဲ့တုဝေမှာ ယခုမှ သဘောပေါက်သွားသည်။

ထိဖုံးက ယွဲ့တုဝေအား စေ့စေ့ကြည့်ပြီး မေးခွန်းထုတ်လိုက်၏။

"ဒါထက် မင်းက ဘယ်သွားမလို့ထွက်လာတာလဲ...."



ယွဲ့တုဝေက ခေါင်းခါယမ်းလိုက်၏။

"အတိအကျတော့ မသိဘူး...ဒါပေမယ့် အနောက်တောင်ဘက်မှာ ရှိတယ်လို့ ခန့်မှန်းမိပါတယ်...."

ထိဖုံးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီလေ.... တို့အတူတူသွားကြတာပေါ့ အခုတော့ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတွေ ဖြစ်နေကြပြီ...."

ယခု....

သူတို့နှစ်ယောက်သည် အဖြစ်မှန်များကို သဘောပေါက်နားလည်သွားကြလေပြီ။

ထို့ကြောင့်....

လင်ဝီဖုန်း၏စခန်းကို ရှာဖွေရန် အတူတကွ ထွက်ခွာသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၆)

## သူ့ရဲကောင်းဟူသည်

မုယုံချင်းချင်းသည် ဖခင်၏မျက်နှာကို ငေးကြည့်နေမိလေ၏။

သူမ ငယ်စဉ်ကတည်းက စိတ်ကူးဖြင့် မှန်းဆတမ်းတခဲ့ရသော ဖခင်ကို တွေ့မြင်ခဲ့ရခြင်းသည် အိမ်မက်တစ်ခုနှယ် ဖြစ်နေသည် မဟုတ်ပါလား....

မုယုံလီက မေးလိုက်သည်။

"သမီး မေမေကော...."

ထိုစကားကြောင့် မုယုံချင်းချင်း၏မျက်နှာမှာ ညှိုးနွမ်းသွား၏။

"မေမေ ဆုံးသွားပါပြီ...."

မုယုံလီက သက်ပြင်းချလိုက်သည်။

"အင်း....သူ သေဆုံးသွားပြီကိုး...."

မုယုံချင်းချင်းက ဖခင်ဖြစ်သူအား မော့ကြည့်လိုက်ပြီး....



"မေမေဟာ ဖေဖေစိတ်နဲ့ ရောဂါရခဲ့တာပါ.... သမီး မေမေအတွက် သိပ်ရင်နာတာပဲ....ဖေဖေဟာ အသက်ရှင်နေပါရက်နဲ့ သမီးတို့ကို မဆက်သွယ်ခဲ့ဘူး...."

မုယုံလီ၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်ထင်ဟပ်နေလေသည်။

"ဒါတွေဟာ ဖေဖေ့အပြစ်ပါပဲလေ...တကယ်တော့ မိသားစုကို ချမ်းသာစေချင်တဲ့ဆန္ဒတွေကြောင့် အခုလိုအခြေအနေမျိုးတွေနဲ့ ကြုံခဲ့ရတာပါ.... နောင်တဆိုတာ နောင်မှရတတ်တာမျိုးပဲလေ...."

မုယုံချင်းချင်းမှာ ချက်မှောင်ကုတ်သွား၏။

"မိသားစုချမ်းသာဖို့ ဟုတ်လား...."

မုယုံလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်....သမီးကို ဖေဖေအားလုံးရှင်းပြပါ့မယ်....ဒီလိုကွယ့်...."

မုယုံလီသည် ယင်းသို့ပြောရင်း အဝေးသို့မျှော်ငေးကြည့်လိုက်၏။

ထိုအခါ....

သူ၏မျက်ဝန်းထဲတွင် အတိတ်မှအရိပ်များ ပေါ်လွင်ထင်ဟပ်လာလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



မုယုံလီမှာ အဝေးသို့ငေးမျှော်ကြည့်နေသည်။

သူ၏မျက်ဝန်းထဲ၌ ဇနီးသည်နှင့်သမီးလေး၏ မျက်နှာတို့ကို ပြန်လည်မြင်ယောင်နေမိ၏။

ထိုစဉ်....

သူ၏အနောက်ဘက်မှ ခြေသံထွက်ပေါ်လာသည်မှာ မည်သူနည်း။

မုယုံလီသည် နောက်သို့လှည့်ကြည့်လိုက်၏။

ထိုအခါ....

ကုစန်းထုံဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

မုယုံလီက သက်ပြင်းချလိုက်သည်။

ကုစန်းထုံက စကားစလိုက်သည်။

"ခင်ဗျား ဘယ်လိုဆုံးဖြတ်သလဲ...."

မုယုံလီက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တော့ မဆုံးဖြတ်တတ်တော့ဘူး...."

ကုစန်းထုံက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"စိတ်တော့ လှုပ်ရှားစရာပဲ...."

မုယုံလီ၏မျက်နှာမှာ တည်ကြည်လေးနက်သွား၏။

"အန္တရာယ်များလွန်းတယ်...."

ကုစန်းထုံက ပြုံးလိုက်သည်။

"ပိုင်ဆိုင်ရမှာလည်း မနည်းဘူးဗျ....တန်ရဲ့လား....မတန်ဘူး ဆိုတာ စဉ်းစားရမှာ...."



မုယုံလီက ကုစန်းထုံအား စေ့စေ့ကြည့်လိုက်ပြီး....

"မင်းကော...."

ကုစန်းထုံက စိတ်တက်ကြွစွာဖြင့် ပြောလိုက်လေသည်။

"ကိုယ်ရုံတော် ကျိုဝမ်ဖုံးတို့ကတော့ သဘောတူကြတယ်...."

မုယုံလီက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ်ကတော့ ဒီတစ်ည စဉ်းစားလိုက်ဦးမယ်...."

ကုစန်းထုံက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ....အချိန်က သိပ်မရှိတော့ဘူး....ခင်ဗျား စီမံတဲ့အတိုင်း....ကျုပ်က လိုက်နာမှာပါ ကျုပ်ကိုတော့ စိတ်ချပါ...."

မုယုံလီက ပြုံးလိုက်သည်။

"ကျုပ်....မင်းကို ယုံကြည်ပါတယ်...."

ကုစန်းထုံက မုယုံလီအား ကြည့်ကာ သတိပေးလိုက်လေသည်။

"ခင်ဗျား သဘောတူရင် ကိစ္စမရှိပါဘူး....သဘောမတူဘူး ဆိုရင်တော့ လင်ဝီဖုန်း ရန်ကိုသတိထားရမှာ အသေအချာပဲ...."

မုယုံလီက ခေါင်းညိတ်လိုက်သည်။

ထို့နောက်....

သူ၏အခန်းဆီသို့ ပြန်လျှောက်သွားလေတော့သည်။

ဤသို့ဖြင့် ညအချိန်သို့ရောက်ရှိသွားသည်။

လပြည့်ညဖြစ်သည်။

ကောင်းကင်ထက်၌ လမင်းသည် ထိန်ထိန်သာနေ၏။

မုယုံလီသည် ပြတင်းတံခါးအနီး၌ရပ်ရင်း ငွေလမင်းကို မော့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လမင်းကိုမမြင်ပါ။

လမင်းအစား သူ၏ဇနီးနှင့်သမီးငယ်ကိုသာ မြင်ယောင်နေမိသည်။

ဇနီးနှင့်သမီးကို တွေ့ချင်စိတ်များ ဖြစ်ပေါ်လာသည်။

သူသည် ကိုယ်ရံတော်တစ်ယောက်ဘဝနှင့် ဥမ္မာဝေးလံခေါင်ဖျားသော ကျွင်းမြို့တော်လေးတွင် လာရောက်နေထိုင်ရသည်။ မကြာခဏ ဇနီးနှင့်သမီးကိုလည်း ခွဲနေရသည်။

မကြာခဏပင် သူ၏မွေးရပ်မြေ ပြည်မသို့မပြန်နိုင် အကြိမ်တော်တော်များများ ကြုံခဲ့ရသည်။

လမ်းခရီးကြမ်းတမ်းပြီး အစဉ်သဖြင့် ရေခဲများဖုံးလွှမ်းနေသော ဥကျွင်းမြို့တော်သို့ ဇနီးနှင့် သမီးငယ်အား မခေါ်လာရက်ပါ။

ကိုယ်ရံတော်တစ်ယောက်၏လခသည် များပြားလှခြင်းမရှိပါ။

ထိုလခပေါ်တွင် သူတို့မိသားစု ရပ်တည်နေရသည်။

ထို့ကြောင့် ....

သူသည် ဆင်းရဲချို့တဲ့စွာနေထိုင်ရသော ဇနီးနှင့်သမီးငယ်အား ချမ်းသာစွာထားလို၏။

ကိုယ်ရံတော်တစ်ယောက်ဘဝနှင့် မိသားစုကို ချမ်းသာစွာထားနိုင်မည်မထင်ပါ။

မုယုံလီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း.... ဘယ်လိုလုပ်ရပ့ါမလဲ...."

ချမ်းသာရန်ကြိုးပမ်းမှုက သူ၏လက်တစ်ကမ်းအကွာတွင် ရှိနေပြီ မဟုတ်ပါလော။



ဝိရိသေသပ်စွာ ကြံစည်နိုင်လျှင် သူ၏တစ်သက် မပူမပင် မကြောင့်မကြ နေနိုင်မည်မှာ သေချာလှ၏။

သူ၏မိတ်ဆွေများကလည်း သူ့လိုပင် ချမ်းသာချင်ကြသူများသာဖြစ်သည်။

အခွင့်အရေးကို လက်လွှတ်မခံချင်ကြပါ။

သူက ဆန့်ကျင်မည်ဆိုလျှင် အန္တရာယ်ဆိုးနှင့် တွေ့ကြုံရမည်မှာ သေချာ၏။

သူ မည်သူ့ကိုမျှ မကြောက်ပါ။

သို့သော် ....

အန္တရာယ်ဆိုးနှင့် ရင်မဆိုင်လိုပါ။

ပြည်မတွင်ကျန်ရစ်ခဲ့သော ဇနီးနှင့်သမီးတို့ကိုလည်း သေကွဲမကွဲလိုပါ။

ချမ်းသာချင်သောစိတ်ကလည်း လွှန်ဆွဲနေသည်။

နောက်ဆုံးတွင် ....

သူက ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်လေတော့သည်။

နောက်တစ်နေ့နံနက်တွင် သူ့လူများနှင့်တွေ့ဆုံသည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

လူရှိသည်ဟုပင် မထင်ရပါ။

သို့သော် ....

အခန်းတွင်း၌ထိုင်နေသော လူငါးယောက်တိတိရှိပါသည်။

အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်စွာထိုင်နေကြသည်။

အတန်ကြာမှ ....

www.burmeseclassic.com

www.burmeseclassic.com



မုယုံလီက စတင်စကားပြောလိုက်သည်။

"ဒီကိစ္စကို မင်းတို့ ဘယ်လိုသဘောထားကြသလဲ.... ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောကြပါ...."

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

**ထန်ယဲက ပခုံးတစ်ချက်တွန့်လိုက်သည်။**

"**ကျုပ်ကတော့** အခွင့်အရေးကို လက်လွှတ်မခံသင့်ဘူးလို့ ယူဆပါတယ်...."

**လီရှဲထင်းက** ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်.... ကျုပ်တို့ တစ်သက်လုံး မမျှော်မှန်းနိုင်တဲ့အခွင့်အရေးတစ်ခုပဲ.... ကျုပ်တို့ရဲ့ ကျန်တဲ့ဘဝကို ချမ်းချမ်းသာသာနဲ့ပဲ နေချင်ပါတယ်ဗျာ...."

ပေ့ဝမ်းလုက ပြုံးလိုက်သည်။

"ကျုပ်လည်း မင်းတို့နဲ့သဘောချင်း ထပ်တူထပ်မျှပါပဲ...."

မုယုံလီက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ်တို့ ဝေစုခွဲပြီးတော့ ဘယ်လိုနေထိုင်ကြမလဲ... မူလဘဝနဲ့ နေလို့ရမှာ မဟုတ်ဘူး.... ဘဝသစ်စရမယ်.... ဒါတင်မရသေးဘူး.... **ကျင်းမြို့စားကြီး**နဲ့ နေပြည်တော်ရဲ့အန္တရာယ်ကိုလည်း ထည့်တွက်ရမယ်.... **ကျုပ်**တို့ ပေးဆပ်ရမဲ့အရာတွေဟာ မနည်းဘူးဗျ.... အားလုံး လူသစ်ဘဝသစ်နဲ့ ပြန်စနိုင်ဖို့ စဉ်းစားရမယ်...."

သူ၏စကားအဆုံးတွင် အားလုံးမှာ ငြိမ်ကျသွားသည်။

မုယုံလီက စကားဆက်လိုက်သည်။

"အရာရာကို ကြိုတင်တွက်ဆထားရမယ်...."



"မှန်တာပေါ့ဗျာ...."

ရုတ်တရက် စကားသံထွက်ပေါ်လာ၏။

အားလုံးက လှည့်ကြည့်လိုက်ရာ အခန်းတွင်းသို့ဝင်လာသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ လင်ဝီဖုန်းပင်ဖြစ်သည်။

ကုစန်းထုံမှာ မျက်မှောင်ကုတ်သွား၏။

"ခင်ဗျား ဘယ်လိုလုပ်ရောက်လာတာလဲ...."

လင်ဝီဖုန်းက ရယ်မောလိုက်သည်။

"ဟား.... ဟား.... ဟား.... ခင်ဗျားတို့မြို့စားရဲ့ ရဲမက်တွေက ပေါ့ဆလွန်းပါတယ်ဗျာ...."

မုယုံလီက သက်ပြင်းချလိုက်၏။

"ထိုင်ပါ...."

လင်ဝီဖုန်းက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

"ခင်ဗျားတို့ ဆုံးဖြတ်ပြီးပြီလား...."

မုယုံလီက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"ဒီကိစ္စကိုဆောင်ရွက်ဖို့ အခု ဆွေးနွေးတိုင်ပင်နေကြတာပါ...."

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်၏။

"ကျုပ် ကြားပါတယ်.... ခင်ဗျား ပြောတာမှတ်တယ်.... ကိစ္စတွေပြီးရင် ဘာနဲ့နေထိုင်ရမှာလဲ.... မပူပါနဲ့ ခင်ဗျားတို့အတွက် ကျုပ် အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးမှာပါ...."

ကုစန်းထုံက လင်ဝီဖုန်းအား စေ့စေ့ကြည့်ကာ မေးလိုက်၏။

"ခင်ဗျား ဝေစုဘယ်လောက်ယူမှာလဲ...."

လင်ဝီဖုန်းက ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ပေါင်းသင်းဆက်ဆံလာကြတာ ကြာပြီပဲဗျာ ပြောနေစရာမလိုပါဘူး...ကျုပ် ငယ်သားတွေအတွက်တစ်စုပါပဲ ရှမ်ာကများတော့.... အားလုံး ခုနှစ်စုခွဲရင်တောင် လူတိုင်း လုံလောက်ကြမှာပါ ကျုပ်လည်း ဒီကိစ္စပြီးရင်.... ခင်ဗျားတို့နဲ့အတူ ပြည်မမှာ **အခြေချဖို့** ဆုံးဖြတ်ထားပါတယ်....ကျုပ်အပါအဝင် အားလုံးအတွက် **ရှေ့ရေးကို** ကျုပ် စဉ်းစားထားပါတယ်...."

လီရှဲထင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ...."

ထို့နောက်....

သူတို့သည် လျှို့ဝှက်အစီအစဉ်အတွက် ဆွေးနွေးလိုက်ကြတော့သည်။

သို့ဖြင့်....

နောက်တစ်ရက်သို့ ကူးပြောင်းသွားလေ၏။

ရေသံမှာ စူးရှစွာထွက်ပေါ်လာ၏။

မုယုံလီက ကျင်းမြို့စားကြီး နန်းကုန်းလီအား အရိုအသေပေးလိုက်သည်။

ကျင်းမြို့စားကြီး နန်းကုန်းလီက မုယုံလီနှင့်အတူ တပ်စုအားစစ်ဆေးကြည့်လိုက်သည်။

မြင်းသည်တော် အယောက်သုံးဆယ် ခရီးထွက်ရန် အသင့်ဖြစ်နေသည်။

မြင်းသည်တော်များ နောက်တွင် မြင်းလှည်းငါးစီးရှိသည်။

ကျင်းမြို့စားကြီး နန်းကုန်းလီက မြင်းလှည်းများကို လိုက်လံစစ်ဆေးလိုက်၏။



မြင်းလှည်းတိုင်းတွင် သေတ္တာကြီးများ ကိုယ်စီပါဝင်သည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းမြို့စားကြီးက မြင်းလှည်းတံခါးများကို ပြန်ပိတ်လိုက်၏။

"ကိုယ်ရံတော် မုယုံလီ...."

မုယုံလီက ဦးညွတ်အရိုအသေပြုလိုက်၏။

"အမိန့်ရှိပါ မြို့စားကြီး...."

ကျင်းမြို့စားကြီးက သူ့အား စေ့စေ့ကြည့်လိုက်၏။

"ဒီဘဏ္ဍာငွေတွေကို နေပြည်တော်အရောက် ပို့ဆောင်ပေးဖို့ မင်းရဲ့တာဝန်ပဲ.... မင်းရဲ့တာဝန် ဘယ်လောက်ကြီးမားသလဲဆိုတာ မပြောနိုင်တော့ဘူး...."

မုယုံလီက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ....မြို့စားကြီး ကျွန်တော် ကျေပွန်အောင် ဆောင်ရွက်ပါ့မယ်...."

ထို့နောက်....

ကျင်းမြို့စားကြီးက လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ...သွားကြပေတော့ အောင်မြင်ပါစေလို့ ကျုပ် ဆုတောင်းပါတယ်...."

မုယုံလီက မြင်းပေါ်သို့ခုန်တက်လိုက်၏။

"ချီတက်...."

အောင်မြင်သောအသံ အမိန့်ပေးသံသည် ထွက်ပေါ်လာလေတော့သည်။

ဘဏ္ဍာတော်သယ်ဆောင်လာသည့် တပ်စုသည် အလံတလူလူလွင့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မုယုံလီနှင့် ရဲမက်များသည် မြင်းလှည်းငါးစီးကို ညှပ်ကာ ချီတက်လာခဲ့ကြသည်။

ယခု....

ခရီးဆက်ခဲ့သည်မှာ သုံးရက်ရှိပြီဖြစ်သည်။

မုယုံလီက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏။

ကောင်းကင်ပေါ်တွင် ကြယ်များ စုံလင်စွာထွက်ပေါ်နေသည်။

ညဉ့်နက်လှပြီဖြစ်ရာ....

မကြာမီ သန်းခေါင်ယံအချိန်သို့ပင် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သူသိလိုက်သည်။

မုယုံလီမှာ ရင်တထိတ်ထိတ်ဖြစ်လာ၏။

ထိုစဉ်....

သူ၏အနီးသို့ ကုစန်းထုံ ရောက်ရှိလာသည်။

"ကိုယ်ရံတော် မုယုံလီ...."

ကုစန်းထုံက တီးတိုးခေါ်လိုက်လေသည်။

မုယုံလီက ခေါင်းညိတ်လိုက်သည်။

"အင်း...."

ထိုစဉ်....

သူတို့၏ညာဘက်မှ အချက်ပေးသံထွက်ပေါ်လာသည်။

မုယုံလီက အံကိုတင်းတင်း ကြိတ်လိုက်သည်။

သူက ကျို့ဝမ်းဖုံးဘက်သို့လှည့်ကာ အချက်ပြလိုက်သည်။

ကျို့ဝမ်းဖုံးက ဓားကိုလျင်မြန်စွာဆွဲထုတ်ကာ အနီးရှိရဲမက်အား ခုတ်ချလိုက်လေသည်။

"အား...."



ရုတ်ရုတ်ရှရှ အော်ဟစ်သံများသည် ကျယ်လောင်စွာထွက်ပေါ်လာသည်။

ဝန်းကျင်မှနှင်းထုများ ရုတ်တရက်ကွဲထွက်လာ၏။

နှင်းထုကြားမှလူများ ထွက်ပေါ်လာပြီး ရဲမက်များအား တိုက်ခိုက်ကြလေတော့၏။

တိတ်ဆိတ်သောညဉ့်ယံသည် ပြိုကွဲသွား၏။

တိုက်ခိုက်သံ၊ အော်ဟစ်သံများသည် ဆူညံစွာထွက်ပေါ်လာလေသည်။

နာကျင်ရှုရှစွာ အော်ဟစ်လိုက်သောအသံများလည်း တိတ်ဆိတ်သောညဉ့် ထွက်ပေါ်လာသည်။

ရဲမက်များမှာ အငိုက်မိသွားသောကြောင့် အကျအဆုံးများပြားလှသည်။

သူတို့ကျဆုံးကြရသည်မှာ မတန်ပါ။ အဘယ်ကြောင့်ဆိုသော်....

မိမိတို့အထဲမှ သစ္စာဖောက်များ၏လက်ချက်ကြောင့် ကျဆုံးသွားကြသည် မဟုတ်ပါလား....

မုယုံလီမှာမူ လက်တွန့်နေ၏။

သေအတူရှင်မကွာ လက်တွဲခဲ့ရသော ရဲမက်များကို ပြန်၍သုတ်သင်ရမည်ကို သူ မလုပ်ရက်ပါ။

ထန်ယဲနှင့် ပေ့ဝမ်းလူတို့မှာမူ ပြတ်သားလွန်းလှသည်။

သူတို့၏သွက်လက်သော ဓားချက်အောက်ဝယ် ရဲမက်များ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးသွားရလေသည်။

သူတို့၏လက်တွဲတိုက်ဖက် ရဲဘော်များ ကျဆုံးကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ တိုက်ပွဲမှာ ပြီးဆုံးသွား၏။

ရဲမက်များ၏အလောင်းတို့အား မြေတွင်ပြန့်ကျဲနေသည်။

လင်ဝီဖုန်းက ကျေနပ်စွာပြုံးလိုက်သည်။

"သွားကြစို့...."

ကုစန်းထုံမှာ မျက်မှောင်ကုတ်သွားသည်။

အလောင်းများကို ဤအတိုင်းပစ်ထား၍ သင့်လျော်ပါမည်လော။

"အလောင်းတွေကော...."

လင်ဝီဖုန်းက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျူပ်တပည့်တွေ ကြည့်စီစဉ်ပါလိမ့်မယ်...."

မုယုံလီက ကုစန်းထုံအား မြင်းလှည်းများမောင်းနှင်လာရန် အမိန့်ပေးလိုက်လေ၏။

ထို့နောက်....

သူတို့လူစုသည် ထိုနေရာမှလျင်မြန်စွာ ထွက်ခွာလာခဲ့ကြလေတော့သည်။

တိတ်ဆိတ်ငြိမ်သက်ခဲ့သော ဆီးနှင်းလွင်ပြင်ကြီးသည် သစ္စာဖောက်တို့၏လုပ်ကြံမှုကို မသိမြင်သယောင် ငြိမ်သက်နေ၏။

ဆီးနှင်းလွင်ပြင်သည် အစဉ်အမြဲငြိမ်သက်နေသော လွင်ပြင်ကျယ်တစ်ခုဟု ထင်ရပေသည်။

သို့သော်....

ဆီးနှင်းလွင်ပြင်အတွင်း အချိန်နှင့်အမျှ အမျိုးမျိုးပြောင်းလဲနေပေသည်။

လင်ဝီဖုန်းသည် ဆီးနှင်းလွင်ပြင်အတွင်း၌ ကျင်လည်ကျက်စားခဲ့သူတစ်ယောက် ဖြစ်ပေသည်။



ယခုလည်း လင်ဝီဖုန်းနှင့်မုယုံလီတို့ ကိုယ်ရံတော်များမှာ ဆီးနှင်းလွင်ပြင်အတွင်း၌ လျင်မြန်စွာသွားနေကြပေသည်။

ရုတ်တရက်....

လင်ဝီဖုန်း၏စကားသံ ထွက်ပေါ်လာသည်။

"အားလုံး သတိထား...."

မုယုံလီမှာ မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ...."

လင်ဝီဖုန်းက စကားဆက်လိုက်သည်။

"မကြာခင် နှင်းမုန်တိုင်းကျတော့မယ်...."

ထိုစကားကြောင့် အားလုံးမှာ အံ့အားသင့်သွားသည်။

ဆီးနှင်းလွင်ပြင်အတွင်း ပကတိအတိုင်း အေးချမ်းနေ၏။

မုန်တိုင်းနှင့်တူသော အရိပ်အယောင်မျှပင် မတွေ့ရပါ။

သို့သော်....

သူတို့က လင်ဝီဖုန်း၏စကားကို မယုံကြည်ရဲဘဲ မနေဝံ့ပါချေ။

အဘယ်ကြောင့်ဆိုသော်....

လင်ဝီဖုန်းသည် ဆီးနှင်းလွင်ပြင်အတွင်း၌ ကျက်စားခဲ့သူဖြစ်ပြီး သူတို့ထက် အတွေ့အကြုံရင့်ကျက်သူ ဖြစ်နေသောကြောင့်တည်း။

လင်ဝီဖုန်းက ထပ်မံသတိပေးလိုက်ပြန်သည်။

"နှင်းမုန်တိုင်းက ပြင်းနိုင်တယ်.... လူစုမကွဲစေနဲ့...."

သူ၏စကားအဆုံးမှာပင် နှင်းပွင့်များ လေထဲတွင်ဝဲပျံလွင့်မျောလာသည်။

လေသည် ကြမ်းတမ်းစွာဖြင့် တဝေါဝေါတိုက်ခတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ….ဝေါ….ဝေါ…."

နှင်းပွင့်နှင်းခဲများသည် ခဲနှင့်ပစ်သလို အထိနာလှသည်။

"ရပ်မနေနဲ့…. ကျုပ်နောက်လိုက်ခဲ့…. ဒီမုန်တိုင်းက ကြာမယ် ရပ်နေရင် ဆီးနှင်းတွေလွှမ်းသွားလိမ့်မယ်…."

လင်ဝီဖုန်းတို့လူစုမှာ မြင်းလှည်းများကို ကြိုးစားထိန်းကာ လင်ဝီဖုန်း၏နောက်မှ လိုက်သွားလေတော့သည်။

လင်ဝီဖုန်းမှာ အလွန်မောဟိုက်နေ၏။

ယခု….

သူတို့အားလုံးသည် မုန်တိုင်းကြားမှ လွတ်မြောက်လာခဲ့ပြီဖြစ်သည်။

အားလုံးမှာ ခြေကုန်လက်ပန်းကျနေကြ၏။

ကောင်းကင်မှာမူ နီရဲနေဆဲပင်ဖြစ်သည်။

ကြယ်တစ်လုံးမျှပင် မတွေ့ရပါ။

ဆီးနှင်းလွင်ပြင်တွင် ခရီးသွားသူများအဖို့ ကြယ်တာရာများသည် အလွန်ပင်အရေးကြီးလှပေသည်။

ကြယ်များကိုကြည့်၍ အရှေ့အနောက်တောင်မြောက် အရပ်လေးမျက်နှာခွဲကာ ခရီးဆက်ရမည်မဟုတ်ပါလား….

လင်ဝီဖုန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

သူ့ကဲ့သို့ ဆီးနှင်းလွင်ပြင်တွင် ကျွမ်းကျင်သူပင် လမ်းစပျောက်နေသည်။

မုယုံလီက လင်ဝီဖုန်းအား မေးလိုက်သည်။

"ကျုပ်တို့ ဘယ်ကိုသွားကြမလဲ…."

လင်ဝီဖုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။



"အမှန်အတိုင်းပြောရရင် ကျုပ်လည်း လမ်းပျောက်နေပြီ…. နံနက်နေထွက်မှပဲ ခရီးဆက်နိုင်မယ်…အခုအချိန်ခရီးဆက်ရင် အားလုံး ဒုက္ခပိုရောက်နိုင်တယ်…."

မုယုံလီက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ…ခင်ဗျားက ခေါင်းဆောင်ရမယ့်လူပဲ…ကျုပ်တို့လည်း နားချင်နေပြီဗျာ…."

သူ့လေသံက လွန်စွာနွမ်းလျနေ၏။

နှင်းမုန်တိုင်းသည် လူကြမ်းကြီးများကို လူပျော့များ ဖြစ်စေနိုင်သည်တကား….။

နံနက်ခင်း၏နေရောင်ခြည် ထွက်ပေါ်လာသည်။

အရှေ့ဘက်တွင် အလင်းတန်းတစ်ခု ထွက်ပေါ်နေသည်ကို တွေ့မြင်ကြရသည်။

လင်ဝီဖုန်းက မုယုံလီအား ကြည့်ကာ မေးလိုက်လေ၏။

"ခင်ဗျားတို့ ကျုပ်ကို ယုံကြည်ကြရဲ့လား…."

မုယုံလီက လင်ဝီဖုန်းအား စိုက်ကြည့်လိုက်၏။

"ခင်ဗျားက အခုချိန်မှာ ဘာသဘောနဲ့မေးရတာလဲ…."

လင်ဝီဖုန်းက သက်ပြင်းချလိုက်သည်။

"ကျုပ်ကို ယုံကြည်မှဖြစ်မယ့် အခြေအနေမို့ပါ…."

ပေ့ဝမ်းလုက ပခုံးတစ်ချက်ချလိုက်ပြီး….

"ခင်ဗျားကို ယုံကြည်လို့သာ ခုလိုပူးပေါင်းခဲ့တာပေါ့…. ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာပြောပါဗျာ…."

လင်ဝီဖုန်း၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။

"ကျုပ်တို့ ဒီရတနာတွေနဲ့အတူ ဆီးနှင်းလွင်ပြင်ကိုဖြတ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာမဟုတ်ဘူးဗျ....”

ကုစန်းထုံမှာ မျက်မှောင်ကုတ်သွားသည်။

“ဘာကြောင့်လဲ....”

လင်ဝီဖုန်းက ခေါင်းခါယမ်းလိုက်သည်။

“ဆီးနှင်းလွင်ပြင်ထဲမှာ လမ်းဓားပြက ကျုပ်တစ်ဖွဲ့တည်း မဟုတ်ပါဘူး....ကျုပ်တို့သတင်းကို တစ်ခြားအဖွဲ့တွေကလည်း ရသွားနိုင်တယ်....ပြီးတော့ ကျုပ်တို့ကို လိုက်လံရှာဖွေနေမယ့် ရဲမက်တွေရဲ့ အန္တရာယ်ကလည်း ရှိသေးတယ်ဗျ....”

မှန်သည်။ လင်ဝီဖုန်း၏ပြောစကားမှာ အမှန်ပင်ဖြစ်သည်။

အားလုံးမှာ ပါးစပ်ပိတ်သွားသည်။

လင်ဝီဖုန်းက စကားဆက်လိုက်သည်။

“ပိုပြီး အရေးကြီးတဲ့တစ်ချက်က ကျုပ်ကိုယ်တိုင် လမ်းပျောက်နေတာပဲ....”

“ဟင်....”

“ဟာ....”

အားလုံးမှာ အံ့အားသင့်သွားကြသည်။

ဆီးနှင်းလွင်ပြင်လူသားဟု ခေါ်ရမည့်လူပင်လျှင် လမ်းပျောက်နေသည်ဆိုလျှင် အခြားသူမှာတော့ ပြောစရာမရှိတော့ချေ။

လင်ဝီဖုန်းက စကားဆက်လိုက်၏။

“ကျုပ်က ဆီးနှင်းလွင်ပြင်ကို အတော်ကျွမ်းကျင်ပါတယ်.... ဒါပေမယ့် ခုဟာ မုန်တိုင်းကြောင့်....ကျုပ်တို့ ဘယ်ရောက်နေတယ်ဆိုတာ မမှန်းဆနိုင်ဘူး....”

ကုစန်းထုံမှာ မျက်မှောင်ကုတ်သွားသည်။



“ရတနာတွေ ဒီမှာထားခဲ့တော့ကော ဘယ်လိုလုပ်ပြန်လာယူနိုင်မှာလဲဗျာ....”

လင်ဝီဖုန်းမှာ ငိုင်ကျသွား၏။

“ကျုပ်လဲ မပြောတတ်တော့ဘူး....”

အားလုံးမှာ အကြံအိုက်သွားကြလေ၏။

ကျို့ဝမ်ဖုံးက အကြံပြုလိုက်သည်။

“ကျုပ်တို့ မြေပုံဆွဲထားရင်ကော....”

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်၏။

“ကောင်းတယ်.... ဒီနေရာကို ကြယ်တာရာတွေနဲ့ အမှတ်အသားပြုပြီး ဆွဲထားရင်....နောက်တစ်ကြိမ် ကျုပ် ရောက်အောင်လာနိုင်ပါတယ်.... ဆီးနှင်းလွင်ပြင် ပုံမှန်အခြေအနေမှာဆိုရင် ကျုပ်ဟာ ကျုပ်လက်ဝါးကို ပြန်ကြည့်နေရသလို ကျွမ်းကျင်ပါတယ်ဗျာ....”

ကျို့ဝမ်ဖုံးမှာ မျက်မှောင်ကုတ်သွားသည်။

“ဒါဆို ညအထိ စောင့်ရမှာပေါ့....”

သူ၏အကြံကို အားလုံးက သဘောတူလိုက်၏။

သူတို့သည် ရွက်ဖျင်တဲထိုးကာ အနားယူလိုက်ကြလေတော့သည်။

သူတို့သည် ညသို့ရောက်သောအခါ....

ဘဏ္ဍာငွေသေတ္တာများကို မြှုပ်နှံလိုက်ကြသည်။

ကျို့ဝမ်ဖုံးက ကြယ်တာရာများကို ကြည့်ရှုကာ မြေပုံတစ်ခုကို စနစ်တကျ ရေးဆွဲလိုက်၏။

မုယုံလီက ကျို့ဝမ်ဖုံးအား ကူညီသည်။

မကြာမီ မြေပုံမှာ ပြီးစီးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လင်ဝီဖုန်းက လက်ဝှေ့ယမ်းပြလိုက်၏။

"အားလုံးပြီးရင် သွားကြမယ်...."

လင်ဝီဖုန်းတို့ လူစုမှာမူ လင်ဝီဖုန်းနောက်မှ လိုက်ပါသွားကြလေတော့သည်။ မုယုံလီသည် ယခင်က တပ်ဖွဲ့၏ခေါင်းဆောင်ဖြစ်၏။

ယခုတော့ ခေါင်းဆောင်မဟုတ်တော့ချေ။

❋

မုယုံလီက သက်ပြင်းချလိုက်၏။

"တိုတိုပြောရင်တော့ ဆီးနှင်းလွင်ပြင်ထဲမှာ ငါးရက်လောက် မျက်စိလည်နေပြီးမှ လမ်းမှန်တွေ့ခဲ့ရတယ်...."

မုယုံချင်းချင်းက ငြိမ်သက်စွာနားစွင့်နေ၏။

မုယုံလီက ဆက်လိုက်၏။

"ဖေဖေတို့ဟာ ပြည်ပကိုလာဖို့ရည်ရွယ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး...."

သူက ဆက်၍ပြောသည်။

"ကျင်းမြို့စားကြီးဟာ ဘဏ္ဍာငွေတွေ ပြန်ရဖို့အတွက် ဆီးနှင်းလွင်ပြင်ထဲမှာ တပ်ဖြန့်ရှာဖွေခဲ့တယ်လေ....ဖေဖေတို့လည်း လင်ဝီဖုန်းနဲ့အတူ လျှို့ဝှက်တဲ့နေရာမှာ ပုန်းခိုနေခဲ့ကြတယ် .... မြေပုံကိုလည်း တစ်ယောက်တစ်ပိုင်းစီ ယူထားခဲ့တယ်...."



သူသည် ရှင်းပြရင်း သမီးဖြစ်သူအား အကဲခတ်လိုက်၏။

မုယုံချင်းချင်းမှာ စိတ်ဝင်စားစွာ နားထောင်နေသည်ကိုတွေ့မြင်ရသဖြင့် ကျေနပ်သွားသည်။

မုယုံလီက စကားဆက်လိုက်သည်။

"အခြေအနေ အေးချမ်းတော့မှ ဘဏ္ဍာငွေတွေကို ပြန်ယူဖို့ ဆုံးဖြတ်လိုက်ကြတယ်...ဒီအတော်အတွင်းမှာပဲ ထန်ယဲက ဖေဖေတို့နဲ့ နေရာကနေ ထွက်သွားခဲ့တယ် .... မြေပုံတစ်ပိုင်းက သူနဲ့အတူပါသွားတော့ ဒုက္ခရောက်တာပေါ့...သူယူလာတဲ့အပိုင်းမှာ အမိကကျတဲ့ကြယ်တာရာပုံ ပါသွားခဲ့တယ်လေ .... ဒီတော့ ဖေဖေတို့ ဘာမှမတတ်နိုင်တော့ဘူး .... သူ့ကိုပဲ စောင့်နေခဲ့တယ် .... ဒါပေမယ့် အချိန်တွေသာကြာသွားတယ် ထန်ယဲကို မတွေ့ခဲ့ဘူး...."

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်ပြော၏။

"သူ့နောက်ကို စုံစမ်းဖို့ လူလွှတ်ရတယ် .... နေပြည်တော်က သတင်းစုံစမ်းရေးမှူးတွေနဲ့ လုံခြုံရေးတပ်သားတွေလည်း ဆီးနှင်းလွင်ပြင်ထဲမှာ ခြေရှုပ်နေကြတော့ ဖေဖေတို့ အတတ်နိုင်ဆုံး ပုန်းအောင်းနေခဲ့ရတယ်....ထန်ယဲကိုလည်း ဘယ်မှာမှ စုံစမ်းလို့မရခဲ့ဘူး....ဖေဖေတို့ ဒုက္ခရောက်ရပြီလေ....ဒီမှာ တင်ကျန်တဲ့မိသားစုတွေကိုပါ ခေတ္တအဆက်အသွယ်ပြတ်စေဖို့ရည်ရွယ်ပြီး လင်ဝီဖုန်းက အားလုံးသေဆုံးသွားပြီလို့ စာရေးအကြောင်းကြားခဲ့ရတာပဲ....အခု ထန်ယဲပြန်ရောက်လာပြီ ဖေဖေတို့မျှော်လင့်နေတဲ့ အချိန်ကျပြီလေ....သမီး ဘာမှပူနဲ့တော့....ရှေ့လျှောက် ဖေဖေတို့သားအဖတွေ ချမ်းချမ်းသာသာနေနိုင်ပါပြီ...."

"ဟွန်း...."

www.burmeseclassic.com

www.burmeseclassic.com



မုယုံချင်းချင်းက နှာခေါင်းရှုံ့လိုက်၏။

မုယုံလီမှာ မျက်မှောင်ကုတ်သွားသည်။

အဘယ်ကြောင့်ဆိုသော် သမီးဖြစ်သူ နှာခေါင်းရှုံ့ရပါသနည်း။

မုယုံလီက သမီးဖြစ်သူအား မေးလိုက်လေ၏။

"သမီးက မချမ်းသာချင်ဘူးလား...."

မုယုံချင်းချင်းက ခေါင်းခါယမ်းလိုက်ပြီး....

"လောကမှာ မချမ်းသာချင်တဲ့လူမရှိပါဘူး.... လူအားလုံးဟာ ချမ်းသာချင်ကြပါတယ်.... သမီးလည်း လူပဲချမ်းသာချင်တာတော့ အမှန်ပဲ...."

မုယုံလီက ပြုံးသွားသည်။

"ဒါဖြင့်...."

မုယုံချင်းချင်းက ကြားဖြတ်ပြောလိုက်သည်။

"သမီးချမ်းသာချင်ပေမယ့် ဖေဖေ့လိုနည်းလမ်းမျိုးနဲ့ မချမ်းသာချင်ပါဘူး.... ဒါဟာ ဓားပြတိုက်တာပဲ တိုင်းပြည်အပေါ်သစ္စာဖောက်တာပဲ ကိုယ့်ရဲ့ရဲဘက်တွေရဲ့ အသက်ကိုစတေးပြီး ဓားပြတိုက်တာပဲ အင်မတန်အောက်တန်း နောက်တန်းကျတဲ့အလုပ်ပဲ...."

မုယုံလီမှာ ငိုင်ကျသွားသည်။

သမီးဖြစ်သူ၏စကားများသည် မြားအစင်းထောင်ပေါင်းများစွာ ရင်ကိုလာမှန်သလို အထိနာသွားသည်။

မုယုံချင်းချင်းက စကားဆက်လိုက်သည်။

"ဖေဖေရလာမယ့် ငွေတွေဟာ ဘဏ္ဍာငွေတွေကို ကိုယ်ကျိုးအတွက် မသုံးစွဲသင့်ပါဘူး.... ဖေဖေဝေစုရလာမယ့်ငွေတွေ ဘယ်လောက်များပါစေ သမီး လုံးဝမလိုချင်ဘူး...."



မုယုံလီက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး သမီး...."

မုယုံချင်းချင်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"သမီးမှားသွားတယ်.... သမီးငယ်စဉ်က မေမေပြောပြခဲ့တဲ့ သမီးရဲ့စိတ်ကူးထဲက ဖေဖေဟာ အခုလိုအဖေမျိုး မဟုတ်ဘူး...."

ထိုစကားကြောင့် မုယုံလီမှာ မျက်နှာပျက်သွားတော့သည်။

မုယုံချင်းချင်းက အံကိုတင်းတင်း ကြိတ်လိုက်သည်။

"သမီးစိတ်ကူးထဲက ကိုယ်ရံတော်မုယုံလီဟာ ရဲစွမ်းသတ္တိရှိတယ်.... ခေါင်းဆောင်ပီသတယ်.... တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာစောင့်သိတယ်.... သူရဲကောင်းတစ်ယောက်ပဲ...."

သူမသည် ပြောရင်း မျက်ရည်များကျလာလေသည်။

မုယုံလီမှာ ခေါင်းငိုက်စိုက်ကျသွား၏။

သမီးဖြစ်သူအား မည်သို့ပြောရမှန်း မသိတော့ပါ။သမီးဖြစ်သူ၏စိတ်ထားက အလွန်တရာ မွန်မြတ်နေသည်။

မုယုံချင်းချင်းက ငိုရှိုက်ရင်း ပြောလေတော့သည်။

"သမီးချမ်းသာပြီး...ဓားပြတစ်ဦးရဲ့သမီးဖြစ်ရတာထက် ဆင်းရဲပြီး သစ္စာရှိတဲ့လူတစ်ယောက်ရဲ့ သမီးပဲဖြစ်ချင်တယ် ဖေဖေရယ်...."

မုယုံလီသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဖေဖေက သမီးတို့ကို ချမ်းချမ်းသာသာထားချင်လို့ အခုလို လုပ်ရတာပါ...."

မုယုံချင်းချင်းက ဖခင်ဖြစ်သူအား စေ့စေ့ကြည့်လိုက်သည်။

"ဒီမှာ ဖေဖေ လောကမှာ စည်းစိမ်ဥစ္စာနဲ့ဂုဏ်သိက္ခာလဲရမယ်ဆိုရင်....သမီးက စည်းစိမ်ဥစ္စာကိုသာ စွန့်ပစ်မှာပါ ကျွန်မနေနဲ့ ဖခင်

www.burmeseclassic.com

www.burmeseclassic.com



ဟာလွန်ခဲ့တဲ့ဆယ့်ကိုးနှစ်လောက်က သေဆုံးသွားပြီလို့ပဲ မှတ်ယူပါတော့မယ်....”

သူမသည် စကားအဆုံးတွင် ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

မုယုံလီမှာ ခေါင်းငိုက်စိုက်ကျသွားသည်။

သမီးဖြစ်သူ၏ စကားများက သူ့အား စိတ်ထိခိုက်စေသည် မဟုတ်ပါလား။ သူမျှော်လင့်ခဲ့သည့် ရွှေတောင်ကြီးသည် ပြိုပျက်သွားပြီ မဟုတ်ပါလား။

သူ၏အမှားကို သူသိမြင်ခဲ့သည်မှာ **ကြာပြီဖြစ်သည်**။

သို့သော်....

သူ့အမှားက ပြင်၍မရတော့ပါ။

ထို့ကြောင့် သူက အတွင်းဆက်၍ နှစ်မြှုပ်နေခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းကို သမီးဖြစ်သူအား မည်သို့ရှင်းပြရပါမည်နည်း။

“သမီး....”

သူ၏ခေါ်သံကြောင့် မုယုံချင်းချင်း၏ မျက်နှာမှာ တင်းမာခက်ထန်သွားသည်။

“ကျွန်မ အဖေသေသွားပြီ.... ကျွန်မကို သမီးလို့မခေါ်ပါနဲ့”

မုယုံလီက ခေါင်းခါယမ်းလိုက်သည်။

“မဟုတ်သေးဘူး သမီး.... ဖေဖေပြောတာ နားထောင်ပါဦး”

မုယုံချင်းချင်းသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်လေ၏။

ရွက်ဖျင်တဲအနီးတွင် မည်သူမျှ မရှိပါ။

ထို့ကြောင့်....



မုယုံချင်းချင်းက လေသံကိုနှိမ့်၍....

“ဒီငွေတွေကို ကျွန်မ မယူချင်ဘူး.... ကျွန်မနဲ့ ပြန်လိုက်ခဲ့ပါ သက်ဆိုင်ရာမှာ အပြစ်ဝန်ခံပြီး ငွေတွေကို ပြန်အပ်လိုက်ပါ....”

မုယုံလီက ခေါင်းခါယမ်းလိုက်သည်။

“ဒီကိစ္စ မလွယ်သေးဘူး သမီး.... ဖေဖေ့မိတ်ဆွေတွေအပေါ် သစ္စာဖောက်သလို ဖြစ်နေလိမ့်မယ်....”

“ဖေဖေ မှားနေပြီ...သူတို့တွေကို ဘာမှသစ္စာစောင့်သိနေစရာ မလိုဘူး....”

“မဟုတ်သေးဘူး.... သူတို့တွေက ဘာမှသစ္စာစောင့်သိတာ မဟုတ်ဘူး.... ဖေဖေ သူတို့အပေါ်မှာ သစ္စာစောင့်သိသင့်တယ်....”

“ဖေဖေ တကယ်သစ္စာရှိဖို့ကောင်းတာက စတေးခံရဲမက်တွေကိုပဲ....”

ထိုစကားကြောင့် မုယုံလီမှာ ငိုင်ကျသွား၏။

မုယုံချင်းချင်းက ဆက်လက်ဖျောင်းဖျလိုက်လေသည်။

သူသည် ဆူးကြားမှ ဘူးခါးဖြစ်ပါသည်။

သူသည် သမီးဖြစ်သူနှင့်လည်း မခွဲလိုပါ။

မိတ်ဆွေများနှင့်လည်း မျက်နှာမပျက်လိုပါ။

အတန်ကြာမှ....

မုယုံလီက တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့်....

“ဖေဖေတို့ သူ့ကိုစွန့်ခွာမယ်.... သမီးနဲ့အတူလိုက်ခဲ့မယ် ဒါပေမယ့်....”

“ဒါပေမယ့် ဘာဖြစ်သလဲ ဖေဖေ....”

“ဘဏ္ဍာငွေတွေကို သူတို့ပဲယူပါစေကွယ်....”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မလဲ…ဒီငွေတွေဟာ ဘဏ္ဍာငွေတွေမဟုတ်ရင် သမီး ဥပေက္ခာပြုနိုင်သေးတယ်…အခုတော့ ဒီငွေတွေဟာ နိုင်ငံရဲ့ဘဏ္ဍာငွေ တွေပါ…. ဒီငွေတွေပြန်ရဖို့ နေပြည်တော်ကလည်း အပြင်းအထန် ကြိုးစားနေကြတယ်….ဥပဒေဟာ အမှန်တရားဘက်မှာပဲ အမြဲရှိတယ် ဥပဒေဟာ အမှန်တရားဘက်မှာပဲ အမြဲရှိတယ်…. ဥပဒေကပေးတဲ့ ပြစ်ဒဏ်ခံယူပြီး ကျန်တဲ့ဘဝမှာ သမီးနဲ့အတူ ပျော်ရွှင်စွာ နေထိုင်ပါ ဖေဖေရယ်…."

မယ်လီက သက်ပြင်းတစ်ချက်ချလိုက်ပြီး…. ကြေကွဲစွာပြော လေ၏။

"ဖေဖေ နောင်တရနေတာ ကြာပါပြီ…. ဒါပေမယ့်…."

မယ်ချင်းချင်းက ကြားဖြတ်ပြောလိုက်သည်။

"သမီးတို့ ဒီကထွက်ဖို့ အချိန်သိပ်မရှိတော့ဘူး…. မြန်မြန်ဆုံး ဖြတ်ပါ…."

မယ်လီက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ…. သမီး စိတ်တိုင်းကျဖြစ်နေစေရမယ်…. ကဲ သမီး…. ဒီကပဲစောင့် ဟုတ်လား…."

မယ်ချင်းချင်းမှာ မျက်မှောင်ကုတ်သွား၏။

"ဖေဖေ ဘယ်သွားမှာလဲ…."

မယ်လီက ပြုံးလိုက်သည်။

"မနက်ကျရင် ဘဏ္ဍာငွေတွေ သွားဖော်ဖို့ မြေပုံတွေကို စုစည်း လိုက်ပြီလေ…. အဲဒါ ဖေဖေသွားယူမလို့…."

မယ်ချင်းချင်းက ခေါင်းညိတ်ပြလိုက်၏။



မယ်လီက ရှက်ဖျင်တဲကို အသာလှပ်၍ အပြင်ဘက်သို့ ကြည့် လိုက်သည်။

ထို့နောက်….

အပြင်ဘက်သို့ လှစ်ခနဲ ထွက်သွားလေသည်။

မယ်ချင်းချင်းမှာ ရင်များအထိတ်ထိတ် ခုန်နေ၏။

ဖခင်အား စည်းရုံးနိုင်ခဲ့၍ ဝမ်းသာမှုထက်…. ဖခင်ဖြစ်သူ အန္တရာယ်တွေ့မည်စိုးသောကြောင့် စိုးရိမ်စိတ်တို့က လွှမ်းကဲနေလေ တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

## ဓားစာခံ

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေ၏။

မကြာမီ ပေါ့ပါးသောခြေသံတစ်သံကို ကြားလိုက်ရသည်။

မုယုံချင်းချင်းက လှည့်ကြည့်လိုက်ရာ ရွက်ဖျင်တဲအတွင်း ဝင်လာသော ဖခင်ဖြစ်သူကို တွေ့မြင်လိုက်ရသည်။

သူမက အလောတကြီး လှမ်းမေးလိုက်သည်။

"အဆင်ပြေလား....ဖေဖေ...."

မုယုံလီက ခေါင်းညိတ်လိုက်သည်။

"အဆင်ပြေပါတယ်....ကဲ....သွားကြမယ်...."

သူသည် သမီးဖြစ်သူအား လက်ဆွဲကာ ရွက်ဖျင်တဲအတွင်းမှ ထွက်လိုက်လေသည်။

ထို့နောက် မြင်းများထားရာဘက်သို့ တရွေ့ရွေ့ချဉ်းကပ်သွားပြီး မြင်းနှစ်ကောင်ထုတ်ယူလိုက်သည်။



အစောင့်များအားလုံး အိပ်ပျော်နေသည့်အတွက် သူတို့က အနှောင့်အယှက်ကင်းစွာ ထွက်လာနိုင်ခဲ့ကြသည်။

ရွက်ဖျင်တဲများနှင့် အတော်ဝေးဝေးသို့ ရောက်သောအခါမှ မြင်းများပေါ်သို့ခုန်တက်လိုက်ပြီး ကျင်းမြို့တော်ဆီသို့ ဦးတည်၍ ထွက်ခွာလာခဲ့လေတော့သည်။

သူတို့က ကျင်းမြို့တော်သို့ ခရီးပြင်းနှင်းလာစဉ် ယဲ့တုဝေနှင့် ထိဖုံးတို့က ကျင်းမြို့တော်မှ ဓားပြစခန်းသို့ ခရီးပြင်းနှင်လာကြသည်။

ယဲ့တုဝေက ဝန်းကျင်းကိုအကဲခတ်ကြည့်လိုက်သည်။

ထိဖုံးက ပခုံးတစ်ချက်တွန့်ပြီး ပြောသည်။

"ကျုပ်တို့ ခရီးအတော်ပေါက်လာပြီ...."

ယဲ့တုဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်....ကျုပ်တို့ မြင်းယူလာမိရင် ပိုကောင်းမှာဗျ...."

ယဲ့တုဝေက ခေါင်းခါယမ်းလိုက်ပြီး....

"ကျုပ်လည်း မပြောတတ်ဘူး....ဒါပေမယ့် ကျင်းမြို့တော်နဲ့ သိပ်ဝေးကွာလိမ့်မယ်လို့တော့ ကျုပ် မထင်ဘူး....ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကျင်းမြို့တော်ထဲ ဝင်ထွက်သွားလာနေကြလို့ပဲ...."

ထိဖုံးက ခေါင်းညိတ်လိုက်သည်။

"ဒါဆို ခရီးဆက်လိုက်ကြရအောင်...."

ယဲ့တုဝေက ကောင်းကင်ကိုမော့ကြည့်လိုက်၏။

ကြယ်တာရာများ အကူအညီနှင့် အနောက်တောင်ဘက်သို့ ဆက်လက်ထွက်ခွာလာခဲ့ကြလေတော့သည်။

သားဖြစ်သူက မကြောက်မရွံ့ ခရီးဆက်နေစဉ် ဖခင်ဖြစ်သူကတော့ သားအတွက် ပူပန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝမ်ဟိုမှာ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

သူ၏မျက်နှာပေါ်ဝယ် စိုးရိမ်ပူပန်စိတ်များက အထင်းသားပေါ်လွင်နေလေသည်။

သားဖြစ်သူ ရန်သူ့စခန်းကိုရှာဖွေရန် ထွက်ခွာသွားပြီ မဟုတ်ပါလား....။

မိမိလည်း လိုက်သွားသင့်သည်။

သို့သော်....

အင်အားပြည့်ဝစွာ မပါရှိဘဲသွားလျှင် ရန်သူ၏လက်ဦးမှုကို ခံရနိုင်၏။ ရန်သူ၏တိုက်ခိုက်မှုကို ခံရနိုင်သည်။ သူ၏အာမခံဌာနသားများ ရောက်မလာကြသေးပါ။

ကျွင်းမြို့တော်သို့ သူ၏ယယ်သားများ ရောက်လာရန်မှာ အနည်းဆုံး ဆယ်ရက်ခန့်လိုဦးမည်ဖြစ်ပါသည်။ သူတို့သည် ကောင်းကင်လွင်ပြင်ကို ကျော်ဖြတ်လာကြရပါမည်။

ထိုဆယ်ရက်အထိ သူစောင့်နိုင်ပါမည်လော။

ယွဲ့ဝမ်းဟိုမှာ တွေးရင်း စိတ်လှုပ်ရှားလာ၏။

သားဖြစ်သူအတွက်လည်း စိုးရိမ်ပူပန်လာမိပြန်သည်။

"ဒုက္ခပဲ ဘယ်လိုလုပ်ရမလဲ...."

သူက သားဖြစ်သူနောက်လိုက်သွားရန် ဆယ်ရက်အထိ အချိန်ဆွဲနေ၍မရတော့ကြောင်း နားလည်ထား၏။

သူတစ်ဦးတည်း လိုက်သွားလျှင်လည်း ရန်သူများကို မဖြိုခွဲနိုင်မှာကို ပူပန်နေသည်။

ထိုစဉ်မှာပင် အဝေးကြီးဆီမှ ကြက်တွန်သံကို ကြားလိုက်



ရလေသည်။

ယွဲ့ဝမ်ဟိုက သက်ပြင်းချလိုက်သည်။

အရုဏ်ဦး၏အလင်းရောင်ပင် ပေါ်ထွက်လာပြီဖြစ်သည်။

မြို့တံခါးဘက်ဆီမှ အုန်းမောင်းခေါက်သံကိုလည်း ကြားလိုက်ရသည်။

ယွဲ့ဝမ်ဟိုက ဆိုင်ထဲမှလှမ်းထွက်လိုက်၏။

ထိုအခါ....

လမ်းမထိပ်၌ရှိသော ကျွင်းမြို့စားဂေဟာဆီသို့ လှမ်းမြင်လိုက်ရလေသည်။

"အင်း....မြို့စားဆီ အကူအညီတောင်းရရင်...."

သူသည် ယင်းသို့တွေးရင်း တက်ကြွလာ၏။

ယွဲ့ဝမ်ဟိုသည် ချက်ချင်းပင် မြို့စားဂေဟာသို့ ဦးတည်သွားလိုက်လေတော့သည်။

ကျွင်းမြို့စားမှာ လူလတ်ပိုင်းတစ်ယောက်ဖြစ်သည်။

သူသည် စိတ်သဘောထားပြည့်ဝသူ ဖြစ်သည်။

ညီသည်ကို မနက်စောစော လက်ခံတွေ့ဆုံရသော်လည်း ငြူစူခြင်းမရှိပါ။

ရွှေဓားအာမခံဌာနပိုင်ရှင်အဖြစ်သိရသောအခါ လိုက်လှဲပျူငှာစွာညွှဲဝတ်ပြုသည်။

မြို့စားသည် ကိန်းခန်းကြီးသူမဟုတ်သဖြင့် ယွဲ့ဝမ်ဟို စိတ်ချမ်းသာသွားသည်။

"ဘာများ အရေးတကြီးကိစ္စ ရှိလို့လဲ...."

ယွဲ့ဝမ်ဟိုက အရှိအသေပြုလိုက်၏။...

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စကတော့ အရေးကြီးတယ်လို့ဆိုရမှာပဲ...."

သူသည် အဖြစ်အပျက်များကို အကျဉ်းချုံးကာ ရှင်းပြလိုက်သည်။

ကျင်းမြို့စားက ခေါင်းတညိတ်ညိတ်နားထောင်လိုက်၏။

"လင်ဝီဖုန်း...လင်ဝီဖုန်း ကျင်းမြို့တော်အတွက် အမည်းစက်ပဲ သူ့ကို မင်းနိုင်မယ်ဆိုရင် .... ကျုပ်က ဘာပဲလုပ်ရလုပ်ရ လုပ်မယ့်သူဗျ .... ဒီကောင်ကို ကျုပ်က အသေရရ အရှင်ရရ လိုချင်နေတာ ခင်ဗျား ဘာအကူအညီလိုသလဲ ပြော .... အကုန်ရစေရမယ် ...."

ယွဲ့ဝမ်ဟိုက သူ၏အကြံအစည်ကို ပြောပြလိုက်သည်။

"ကျုပ်နဲ့အတူ ရဲမက်အချို့ ထည့်ပေးလိုက်ချင်စေပါတယ်...."

ကျင်းမြို့စားက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ...ဆီးနှင်းလွင်ပြင်အတွေ့အကြုံရှိတဲ့ ရဲမက်တွေကို ထည့်ပေးလိုက်မယ်.... ခင်ဗျားအတွက် တန်ဖိုးရှိမှာပါ...."

သူသည် ရဲမက်များကို ရွေးချယ်လိုက်ပြီး...နောက် ယွဲ့ဝမ်ဟိုကို ပေးအပ်လိုက်လေ၏။

ယွဲ့ဝမ်ဟိုက ဦးညွတ်အရိုအသေပြုလိုက်၏။

"အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ...."

ကျင်းမြို့စားက ပြုံးလိုက်သည်။

"ဒီအလုပ်ဟာ တကယ်တော့ ကျုပ်လုပ်ရမယ့်အလုပ်ပဲဗျ .... ကျုပ်ကသာ ခင်ဗျားကို ကျေးဇူးတင်ရမှာပဲ ...."

တော်ရုံတန်ရုံ မြို့စားတစ်ဦး မပြောသောစကားကို ကျင်းမြို့စားကပြောလိုက်သည်။

ယွဲ့ဝမ်ဟိုက....



"ကျုပ်တို့ကို သွားခွင့်ပြုပါဦး...."

သူသည် မြင်းစီးရဲမက်နှစ်ဆယ်ကျော်နှင့်အတူ ကျင်းမြို့တော်မှ ထွက်လာခဲ့လေတော့သည်။

*

လင်ဝီဖုန်းသည် ရွက်ဖျင်တဲအတွင်းမှထွက်လာခဲ့၏။

လရောင်သည် ဆီးနှင်းလွင်ပြင်တစ်ခုလုံးအား ဖြာဆင်းကျနေသည်။

သူသည် တစ်ဖက်တဲအတွင်းသို့ ကူးသွားလိုက်၏။

ထိုတဲအတွင်း ရှကုစန်းထုံက အိပ်ပျော်နေ၏။

လင်ဝီဖုန်းက ပြုံးလိုက်သည်။

သူသည် မြေပုံကိုယူရန်အတွက် စားပွဲဆီသို့ချဉ်းကပ်လာခဲ့သည်။

မြေပုံကို နောက်တစ်ကြိမ်ကြည့်ရလျှင် သူ ကောင်းစွာမှတ်မိနိုင်ပြီဟု ယုံကြည်၏။

လင်ဝီဖုန်းက စားပွဲအနီးသို့ ရောက်ရှိလာသောအခါ မျက်မှောင်ကုတ်သွား၏။

စားပွဲပေါ်တွင် ဖြန့်ခင်းထားသောမြေပုံကို မတွေ့ရသောကြောင့်ဖြစ်သည်။

ထိုစဉ်....

ကုစန်းထုံက နိုးလာလေသည်။

"လင်ဝီဖုန်းပါလား...."

"ဟုတ်တယ်....ကျုပ် မြေပုံကို လာကြည့်တာ...."

www.burmeseclassic.com

www.burmeseclassic.com



"စားပွဲပေါ်မှာ တင်ထားတယ်လေ...."

"မရှိဘူးဗျ...."

"ရှိပါတယ်ဗျာ....ညကတည်းက ဒီအတိုင်းထားတာပဲ...."

"တကယ်မရှိတာဗျ...."

"ဘယ်ရောက်သွားပြီလဲ...."

ထိုအခိုက်မှာပင် မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။ ကုစန်းထုံမှာ မျက်မှောင်ကုတ်သွား၏။

"မြင်းခွာသံပဲ...."

လင်ဝီဖုန်းက အံကိုတင်းတင်း ကြိတ်လိုက်သည်။

"တစ်ယောက်ယောက် သစ္စာဖောက်ပြီထင်တယ်...."

"မဖြစ်နိုင်တာဘဲ...."

ကုစန်းထုံက ချက်ချင်းပင် အားလုံးကိုနှိုးလိုက်သည်။

ထိုအခါ....

မုယုံလီတို့သားအဖ ပျောက်ဆုံးနေသည်ကို တွေ့မြင်ကြရတော့သည်။

လင်ဝီဖုန်းက တက်တစ်ချက်ခေါက်လိုက်သည်။

"တောက် မုယုံလီ....မင်းက သစ္စာဖောက်လိမ့်မယ်လို့ ကျုပ်မထင်ဘူး....အားလုံးလိုက်ကြ တွေ့ရင် အသေသတ်...."

သူတို့သည် ချက်ချင်းပင် ငယ်သားများအား ခေါ်ဆောင်ကာ အပြင်းလိုက်ကြလေတော့၏။

လင်ဝီဖုန်းက အံကိုတင်းတင်း ကြိတ်လိုက်သည်။

"ကျုပ်တို့ကိုယ်တိုင် လိုက်သွားမှပဲဖြစ်မယ်...."

သူသည် မြင်းပေါ်သို့ခုန်တက်လိုက်၏။



ထို့နောက်....

ကျန်လူအားလုံးကလည်း မြင်းပေါ်သို့တက်ကာ လင်ဝီဖုန်းနှင့်အတူ မုယုံလီတို့အား ရှာဖွေရန် လိုက်ပါသွားကြလေတော့သည်။

နေရောင်ခြည်၏အလင်းရောင်ကြောင့် ထူထပ်သိပ်သည်းနေသော နှင်းထုများ အနည်းငယ်ပြိုကွဲသွားသည်။

နေရောင်ခြည်အောက် နှင်းထုလွင်ပြင်ပေါ်တွင် မြင်းနှစ်စီးက ပြေးလွှားနေလေသည်။

မြင်းများပေါ်တွင် လူနှစ်ယောက် လိုက်ပါလာလေသည်။

မုယုံလီနှင့်မုယုံချင်းချင်းတို့ပင် ဖြစ်သည်။

"သမီး ပင်ပန်းနေပြီလား...."

"မပင်ပန်းပါဘူး ဖေဖေ...."

"ဒါဆို ဖေဖေတို့ မနားဘဲခရီးဆက်ရအောင်...ဒါမှမွန်းမတည့်မီကျင်းမြို့တော်ကိုရောက်မှာ...."

"ဟုတ်ကဲ့ ဖေဖေ...."

ထိုစဉ်....

သူတို့၏အနောက်ဘက်မှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

မုယုံလီမှာ မျက်နှာကွက်ခနဲပျက်သွား၏။

"သူတို့ လိုက်လာကြပြီကိုး...."

မုယုံလီက မြေပုံကိုထုတ်ကာ မုယုံချင်းချင်းအား လှမ်းပေးလိုက်၏။

"ရော့....သမီး....မြေပုံယူထားလိုက် ...."

မုယုံချင်းချင်းက မြေပုံကိုသိမ်းဆည်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီး.... သွားတော့...."

"ဖေဖေက မလိုက်ဘူးလား...."

"သူတို့နိုးလာပြီ.... ဖေဖေတို့ ပြေးလို့လွတ်မှာ မဟုတ်တော့ဘူး...."

"သမီးမသွားဘူး ဖေဖေ...."

"ခေါင်းမမာစမ်းနဲ့သမီးရယ်.... အားလုံး ဒုက္ခရောက်သွားလိမ့်မယ်.... နှစ်ယောက်စလုံး ဒုက္ခရောက်မှာကို သမီးမြင်ချင်သလားကွယ်...."

"သမီး ဖေဖေနဲ့အတူ ရန်သူကိုရင်ဆိုင်ဝံ့ပါတယ်...."

"သမီးရဲ့သတ္တိကို ဖေဖေနားလည်ပါတယ်.... ဒါပေမယ့် အခုချိန်မှာ သမီး ကျင်းမြို့တော်ကိုအရောက်သွားပါ....မြေပုံကို သက်ဆိုင်ရာကိုအပ်ပါ....ဒါဟာ အရေးကြီးဆုံးပဲ...."

"ဖေဖေကကော...."

မုယုံလီက ခေါင်းညိတ်လိုက်သည်။

"ဖေဖေ သူတို့ကိုတားထားမယ်....ပြီးတာနဲ့ ဖေဖေလိုက်လာခဲ့မယ်...."

မုယုံချင်းချင်းသည် အံကြိတ်ပြီး စဉ်းစားလေ၏။ မှန်သည် သူ့အဖေသည် သူ့ရဲကောင်းစိတ်ဓာတ် ပြန်ပေါ်လာသည်။ သူ့အမှားကို အသက်အသေခံ၍ ပြန်ပြင်ဆင်တော့မည်။

"သမီးသွားမယ်.... ပြီးတာနဲ့အကူအညီခေါ်ပြီး အမြန်ဆုံးပြန်လာမယ်.... ဖေဖေသတိထားပါ...."

မုယုံလီက ပြုံးလိုက်သည်။

"အဲဒီလမ်းအတိုင်း တည့်တည့်သာသွားပေတော့...."



ဖခင်ဖြစ်သူအား နောက်ဆုံး တစ်ချက်ကြည့်လိုက်ပြီး မြင်းကို ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

သူတို့နောက်မှာ လင်ဝီဖုန်းတို့လည်း အပြင်းလိုက်လာကြချေပြီ....

"ဟား.... ဟား.... ဟား...."

**လင်ဝီဖုန်း**က သဘောကျစွာရယ်မောလိုက်၏။

"မုယုံလီ မင်းတို့ ပြေးမလွတ်ပါဘူး.... ပြေးလွတ်ရင် ငါ ဇတ်ဖြတ်ခံမယ်...."

သူသည် ငယ်သားများကို အမြန်ဆုံးလိုက်ရန် အမိန့်ပေးလိုက်သည်။

မကြာမီ သူတို့၏အရှေ့ဘက်တွင် မြင်းတစ်ကောင် ပြေးလွှားနေသည်ကို တွေ့မြင်လိုက်ရသည်။

**သို့သော်** ....မြင်းပေါ်တွင် လူမပါချေ။

**လင်ဝီဖုန်းမှာ** မျက်မှောင်ကုတ်သွားသည်။

မုယုံ**လီက မြင်း**ကိုစွန့်ပြီး ပရိယာယ်ဆင်လိုက်ပြီ မဟုတ်ပါလော။

"မုယုံလီ မင်းရဲ့ပရိယာယ်က မဆိုးပါဘူး.... ဒါပေမယ့် **မင်း**တို့မှာ မြင်းမရှိတဲ့အတွက် ကျုပ်တို့က ပိုပြီး ရှာလို့လွယ်သွားတာပေါ့...."

သူသည် လူစုခွဲကာ ရှာဖွေရန် အမိန့်ပေးလိုက်လေသည်။ မုယုံလီ၏ပရိယာယ်မှာ အစကပင်အောင်မြင်သည်။ မုယုံချင်းချင်းသည် ကျင်းမြို့တော်ရောက်ရန် အချိန်ပိုရသွားသည်။

ပေ့ဝမ်လုံနှင့် ငယ်သားငါးယောက်မှာ မြင်းကိုအသာနှင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘဏ္ဍာငွေများကို ရကာနီးမှ လက်လွှတ်မခံနိုင်ပါ။

သူက မုယ့်လီအား တွေးရင်း ဒေါသထွက်နေသည်။

အတန်ကြာလိုက်လာသော်လည်း ရှေ့တွင် မည်သူကိုမျှမတွေ့ရပါ။

ပေ့ဝမ်လုံက မြင်းများကိုရပ်တန့်လိုက်သည်။

"အားလုံး သတိထား...."

သို့သော် ....သူ၏သတိပေးမှုကား နောက်ကျသွား၏။

"အင့်...."

"အား...."

"အွန့်...."

ပေ့ဝမ်လုက ဓားကိုဆွဲထုတ်ကာ ချက်ချင်းပင် ရင်ဆိုင်လိုက်လေသည်။

"ခင်ဗျား သစ္စာဖောက်....ခင်ဗျားကို ခွင့်မလွှတ်နိုင်ဘူး...."

"ငါ သစ္စာဖောက်တာမဟုတ်ဘူး.... အမြင်မှန်ရလာတာပဲ.... မင်းတို့လည်း ဆက်မမိုက်သင့်တော့ဘူး.... ဘဏ္ဍာငွေတွေဟာ နိုင်ငံတော်အတွက်ပဲ ဖြစ်ရမယ်...."

"ခင်ဗျား ပါးစပ်ပိတ်ထားစမ်း....ပေး....စမ်း.... မြေပုံ"

"မြေပုံကို မင်းတို့ တစ်သက်မရစေရဘူး...."

"ကောင်းပြီလေ.... ခင်ဗျားနဲ့ ကျုပ် မိတ်ဆွေမဟုတ်တော့ဘူး...."

သူသည် ယင်းသို့ပြောပြီး ဓားကိုဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေတော့၏။

မုယ့်လီကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။



သူသည် သုံးယောက်တစ်ယောက်ကို ရင်ဆိုင်ရသော်လည်း ကရုမစိုက်ပါ။

"အား...."

"အင့်...."

ပေ့ဝမ်လု၏ ငယ်သားနှစ်ယောက်မှာ ကျဆုံးသွားပြီဖြစ်၏။

"ပေ့ဝမ်လု .... မင်း ကျုပ်ကို ဟန့်တားဦးမှာလား...."

"ခင်ဗျားသေမှပဲ ဆီးနှင်းလွင်ပြင်ထဲက ထွက်သွားလို့ရမယ်...."

"ကောင်းပြီလေ.... မင်း ဟန့်တားနိုင်ရင် ဟန့်တားပေတော့"

သူသည် ဓားကိုဝှေ့ယမ်းကာ တိုက်ခိုက်လိုက်သည်။

ကိုယ်ရံတော်ငါးယောက်တွင် မုယ့်လီသိုင်းပညာက အထက်မြက်ဆုံးဖြစ်သည်။

ထို့ကြောင့် သိုင်းကွက်ငါးဆယ်ကျော်လာသည်နှင့် ပေ့ဝမ်လုမှာ ရှုံးနိမ့်လာသည်။

"ချွမ်း...."

ပေ့ဝမ်လု၏ဓားမှာ အဝေးသို့လွင့်စဉ်သွားလေသည်။

"ပေ့ဝမ်လု မင်းတို့နဲ့မိတ်ဆွေဖြစ်ခဲ့တဲ့အတွက် မင်းကို ကျုပ် ချမ်းသာပေးလိုက်ပါ့မယ်.... ကျုပ်ကို မဟန့်တားနဲ့တော့...."

"မုယ့်လီ ခင်ဗျားက ကျုပ်ကို မသတ်ပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ဘယ်တော့မှခွင့်မလွှတ်ဘူးဗျ...."

ပေ့ဝမ်လုက ယင်းသို့ပြောပြီး မြင်းပေါ်သို့ခုန်တက်လိုက်လေ၏။

ထိုစဉ်....

လေးဘက်လေးတန်မှ မြင်းစီးသမားများ ဝိုင်းရံလာသည်ကို တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မယုံလီ ဒီကနေ့ မင်းနဲ့ကျုပ်တို့ မိတ်ဆွေစာရင်း မရှိတော့ဘူး...."

အားလုံးက မယုံလီအား ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

မယုံလီက ကြောက်ရွံ့ခြင်းမရှိဘဲ ရဲဝံ့စွာပင် ပြန်လည်တိုက်ခိုက်လေ၏။

သူ၏ရန်သူများသည် သူ၏ထက်မြက်လှသော သိုင်းပညာစွမ်းကြောင့် ရတ်တရက် အနိုင်မရဘဲရှိနေကြသည်။

ထိုစဉ်မှာပင် လင်ဝီဖုန်းက ရောက်ရှိလာလေ၏။

"မယုံလီ မင်း ခုခံမနေနဲ့တော့...."

မယုံလီက အံကိုတင်းတင်း ကြိတ်လိုက်သည်။

"ဘယ်တော့မှအညံ့ခံမယ့် လူတစ်ယောက်မဟုတ်ဘူးဆိုတာ ခင်ဗျား မြဲမြဲမှတ်ထားပါ...."

လင်ဝီဖုန်းက သဘောကျစွာရယ်မောလိုက်၏။

"ဟား.... ဟား.... ဟား.... ကောင်းပြီလေ.... မင်းအဖမ်းမခံရင်တော့...."

သူက စကားကို တစ်ပိုင်းတစ်စနှင့်ရပ်ပြီး လက်တစ်ဖက် ဝှေ့ယမ်းလိုက်ရာ **မြင်းစီးသမား**များကြားမှ မယုံချင်းချင်းအား ဆွဲထုတ်လာသည်ကို **တွေ့မြင်**လိုက်လေတော့သည်။

* * *



အခန်း (၂၈)

## အများ၏နီဂုံး အမှန်၏နိဒါန်း

ယဲ့တုဝေမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ထောက်လှမ်းရေးမှူး ထိခုံးက အသာလက်ကုပ်လိုက်၏။

"အသံမထွက်နဲ့လေ...."

ယဲ့တုဝေက အံကိုတင်းတင်း ကြိတ်လိုက်၏။

"ကျုပ် သွားဝင်ကယ်မယ်...."

ထိခုံးက ခေါင်းခါယမ်းလိုက်သည်။

"အခုအချိန်သွားရင် ကျုပ်တို့ ဒုက္ခရောက်သွားမှာပေါ့...အခြေအနေစောင့်ကြည့်ပါဦး...."

ယဲ့တုဝေက ဓားရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက်သည်။

မယုံချင်းချင်းကိုသာ တစ်စုံတစ်ခုအန္တရာယ်ပြုပါက သူသည် မည်သည့်အရာကိုမျှ ဂရုမစိုက်နိုင်ဘဲ ထိုလူစုကိုဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်ချက် ချထားလိုက်လေတော့သည်။

သူတို့ရှေ့မှမြင်ကွင်းကို သူတို့သည် ဝမ်းလျားမှောက်ပြီး ကြည့်နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မုယ့်လီ၏မျက်နှာမှာ ဖြူရော်နေသည်။

သမီးဖြစ်သူသည် လင်ဝီဖုန်း၏လက်တွင်းသို့ ကျရောက်နေပြီ မဟုတ်ပါလား....

လင်ဝီဖုန်းက အေးစက်စက်ထန်စွာပြောသည်။

"ခင်ဗျားသမီး မသေစေချင်ရင် ခင်ဗျား အဖမ်းခံလိုက်ပါ.... ခုခံနေရင်တော့ ကျုပ်က...."

သူသည် စကားမဆက်ဘဲ စဉ်းလဲစွာပြုံးလိုက်၏။

မုယ့်လီမှာ အံကိုတင်းတင်း ကြိတ်လိုက်သည်။

သူ ရှုံးနိမ့်သွားခဲ့လေပြီ။ သမီးလည်း လွတ်အောင်မပြေးနိုင်ခဲ့ချေတကား....။

မုယ့်လီသည် ဓားကို နှင်းထုလွင်ပြင်ပေါ်သို့ပစ်ချလိုက်သည်။

"ထန်း...."

မုယ့်လီက ဓားကိုလွှတ်ချလိုက်သည်နှင့် ပေ့ဝမ်းလုက မုယ့်လီထံသို့ ခုန်ဝင်ကာ သွေးကြောပိတ်လိုက်လေတော့သည်။

လင်ဝီဖုန်းက ရက်စက်စွာပြုံးလိုက်သည်။

"သူတို့ကို သတ်ပစ်လိုက်တာ အကောင်းဆုံးပဲ....သစ္စာဖောက်တို့ သွားရာလမ်းဟာ သေလမ်းပဲ...."

ပေ့ဝမ်းလုကလည်း ထောက်ခံလိုက်သည်။

"သစ္စာဖောက်အတွက် ဘယ်လမ်းမှ ရွေးစရာမလိုဘူး...."

လီရှဲထင်းက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်....သစ္စာဖောက်ဟာ သေဒဏ်ပဲ...."

ကုစန်းထုံက လက်ကာပြလိုက်သည်။

"နေကြပါဦး....မုယ့်လီက ကျုပ်တို့နဲ့အတူ လက်တွဲခဲ့တာ နှစ်



ပေါင်းများစွာ ကြာခဲ့ပါပြီ....သူ့ကို သေဒဏ်ပေးဖို့ မသင့်ပါဘူး...."

လင်ဝီဖုန်းက နှာခေါင်းရှုံ့လိုက်သည်။

"ဒီကနေ့ မုယ့်လီကိုသာ ကျုပ်တို့ပြန်မမိရင်...."

ကုစန်းထုံက ခေါင်းညိတ်လိုက်ပြီး....

"ကျုပ်နားလည်ပါတယ်....ဒါပေမယ့် သူ့ကိုအခွင့်အရေးတစ်ခုတော့ ပေးသင့်တယ်....ကျုပ်တို့ခရီးထွက်တော့မှာပဲ....ဒီမှာ သူတို့ကို ကြိုးနဲ့တုပ်ထားခဲ့ပါ....အစာရေစာအနည်းငယ် ပေးထားခဲ့ပါ....သူတို့ကံကောင်းရင် လွတ်မြောက်ပါစေ....တစ်ချိန်က ပေါင်းသင်းခဲ့တဲ့ကာလအတွက် ဒီလောက်အခွင့်အရေးပေးခဲ့သင့်တယ်လို့ အားလုံးကို မေတ္တာရပ်ခံပါရစေ...."

ကုစန်းထုံ၏စကားသည် အလွန်သဘာဝကျလေသည်။

လင်ဝီဖုန်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

ဤစခန်းဟောင်းတွင် ထားခဲ့သော်လည်း ကယ်သူရှိမည်မဟုတ်ချေ။

နောက်ဆုံး အစာရေစာပြတ်ပြီး သေရမည်သာ ဖြစ်သည်။

လွတ်မြောက်ရန် မည်မျှကြိုးစားစေကာမူ လွတ်မြောက်နိုင်မည်မဟုတ်ပါ။

လင်ဝီဖုန်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား....ဟား....ဟား....ကောင်းပြီ....မင်းပြောတာ သဘာဝကျတယ်....သူသစ္စာပျက်ပေမဲ့ ကျုပ်တို့က သစ္စာမပျက်ပါဘူး....သူတို့ကို ဒီစခန်းမှာ ထားခဲ့မယ်...."

သူ၏စကားအဆုံးတွင် အားလုံးထရပ်လိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိဖုံးနှင့် ယွဲ့တုဝေတို့မှာ လင်ဝီဖုန်းတို့လူစုနောက်မှ နောက်ယောင်ခံလိုက်လာခဲ့ကြ၏။

သူတို့က ခြေလျင်လာခဲ့ရသည့်အတွက် အတော်ပင် နောက်ကျမှ ရောက်ရှိလာခဲ့သည်။

သူတို့ရောက်ရှိလာသောအခါ မုယုံချင်းချင်းနှင့် လူတစ်ဦးကို ဖမ်းချုပ်ထားကြောင်း တွေ့ရှိကြရသည်။ ယွဲ့တုဝေက ဝင်တိုက်မည်တကဲကဲလုပ်နေသဖြင့် ထိဖုံးက တားထားရသည်။ သူတို့သည်းခံစောင့်ကြည့်နေစဉ်မှာပင် လင်ဝီဖုန်းတို့သည် မုယုံချင်းချင်းနှင့် အကျဉ်းသားကို ချုပ်နှောင်ထားခဲ့ကြောင်း တွေ့ရသည်။ လင်ဝီဖုန်းတို့ ထွက်ခွာသွားသောအခါ ယွဲ့တုဝေက မုယုံချင်းချင်းထံ ပြေးဝင်သွားတော့သည်။

"ညီမ...."

သူသည် ဝမ်းသာအားရ ပြေးသွားပြီး ကြိုးဖြေပေးလိုက်၏။

ယိဖုံးက မုယုံလီကိုလည်း ကြိုးဖြေပေးလိုက်သည်။

"ခင်ဗျားက မုယုံလီဟုတ်လား...."

မုယုံလီက ခေါင်းညိတ်ပြီး အရေးတကြီးပြောသည်။

"ဟုတ်ပါတယ်...ကျုပ်တို့ လင်ဝီဖုန်းတို့နောက်ကို အမြန်လိုက်ရမယ်ဗျ...."

"သူတို့ ဘယ်သွားကြတာလဲ...."

"သူတို့ မြှုပ်နှံထားတဲ့ ဘဏ္ဍာငွေတွေဆီကို သွားတာဗျ....ကျုပ်တို့ အမီလိုက်ကြရမယ်...."

ထိဖုံးက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ကျုပ်လက်က မလွတ်စေရဘူး...."

ထိုစဉ်....



မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ယွဲ့ဝမ်ပိုမှာ ရန်သူစခန်းကို တွေ့လိုက်သည်နှင့် ရဲမက်များကို နှစ်စုခွဲလိုက်၏။

ထို့နောက်....

သူတို့သည် တိုက်ခိုက်ရန် အသင့်ပြင်ဆင်လိုက်သည်။

မျှော်လင့်ထားသကဲ့သို့ခုခံသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

ထိုစဉ်....

"ဖေဖေ...."

ဟူသော ခေါ်သံနှင့်အတူ ယွဲ့တုဝေတို့လူစု ပြေးထွက်လာသည်ကို မြင်လိုက်သည်။

ထိဖုံးက အဖြစ်အပျက်များကို အကျဉ်းချုံးပြောပြလိုက်၏။

ထို့နောက်....

လင်ဝီဖုန်းတို့လူစုနောက်သို့လိုက်ရန် ပြင်ဆင်လိုက်ကြသည်။

မုယုံလီက မြေပုံကို အထပ်ထပ်ကြည့်ရှုမှတ်သားခဲ့သဖြင့် လမ်းခရီးကို နားလည်ထားသည်။

ထို့ကြောင့် ထိဖုံးတို့လူစုအား ဦးဆောင်ကာ ခေါ်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ချွမ်း...."

တူးဆွနေရာမှ သံ,သံချင်း ထိခတ်သံ ပေါ်လာလေ၏။

အားလုံး၏မျက်နှာများမှာ ဝင်းလက်သွားကြသည်။

"တွေ့ပြီဟေ့...."

လင်ဝီဖုန်းက တွင်းနှုတ်ခမ်းဝမှ ရပ်၍ကြည့်လိုက်သည်။

တွင်းထဲ၌ ကြေးသေတ္တာများ ရှိနေသည်။

"ကဲ.... အမြန်မ,တင်ကြ...."

ငယ်သားများက ကြေးသေတ္တာကို မ,တင်လိုက်သည်။

လင်ဝီဖုန်းက ဓားကိုဆွဲထုတ်ကာ သေတ္တာတစ်လုံးမှ သော့ခလောက်အား ခုတ်ဖြတ်ပစ်လိုက်သည်။

"ချွမ်း...."

ပေ့ဝမ်းလုက သေတ္တာအဖုံးကို မ,ဖွင့်လိုက်သည်။

အလင်းရောင်များ ဝင်းလက်တောက်ပသွား၏။

နေရောင်အောက်ဝယ် ငွေတုံးကလေးများက တလက်လက်တောက်ပနေကြသည်။

ထန်ယဲက ငွေတုံးကလေးများအား လှိုက်ယူလိုက်ပြီး အော်လိုက်၏။ သူ၏အော်သံမှာ အရူးတစ်ယောက်၏အော်သံကဲ့သို့ ဖြစ်နေသည်။

"ကျုပ်တို့ ချမ်းသာပြီကွ...."

ထိုစဉ်....

"အားလုံး လက်နက်ချလိုက်ကြ...."

တိကျပြတ်သားသော အသံတစ်သံ ထွက်ပေါ်လာလေသည်။

လင်ဝီဖုန်းမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။



သူသည် နောက်သို့လှည့်ကြည့်လိုက်သောအခါ သူတို့အား ဝိုင်းရံထားသော ရဲမက်များကို တွေ့မြင်လိုက်ရလေသည်။

ရဲမက်များနှင့်အတူ မုယုံလီကိုလည်း တွေ့မြင်လိုက်ရ၏။

ထိုအခါ....

လင်ဝီဖုန်းမှာ ဒေါသချောင်းချောင်းထွက်သွားသည်။

"မုယုံလီ...မင်းကို မသတ်ခဲ့တာ ကျုပ်မှားသွားတယ်...ကုစန်းတို့ရဲ့စကားကို နားထောင်လိုက်တာ ငါ့အမှားပဲ...."

ထန်ယဲက အံကိုတင်းတင်းကြိတ်လိုက်၏။

"လင်ဝီဖုန်း ကျုပ်တို့တိုက်ခိုက်ရတော့မှာပဲ...."

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်ပြီး အမိန့်ပေးလိုက်လေတော့၏။

"အားလုံး တိုက်ကြ...."

လောဘ၏သားကောင်များသည် ရဲမက်များအား မကြောက်မရွံ့ ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ထိဖုံးဦးဆောင်သော ရဲမက်များကလည်း စနစ်တကျ ပြန်လည်တိုက်ခိုက်လိုက်ရာ တစ်ခဏအတွင်း ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ်လာလေတော့သည်။

လင်ဝီဖုန်းက တိုက်ပွဲကြားမှ မုယုံလီအား ရှာဖွေနေ၏။

မုယုံလီနှင့် ငယ်သားတစ်ဦး တိုက်ခိုက်နေသည်ကို တွေ့မြင်သွားသည်။

သူနှင့် တိုက်ခိုက်နေသော ရဲမက်အား နောက်ဆုတ်အောင် တရကြမ်းတိုက်ခိုက်လိုက်၏။

ထို့နောက် မုယုံလီထံသို့ ခုန်ဝင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မုယုံလီ.... မင်းကို ဒီနေ့ကျုပ်သတ်မယ်...."

မုယုံလီက ဖျောင်းဖျလိုက်သည်။

"လင်ဝီဖုန်း.... ခင်ဗျား လက်နက်ချလိုက်ပါ.... ကျုပ်တို့ မှားခဲ့ကြတာပါ.... ဒီအမှားတွေကို ကျုပ်တို့ပြင်ဆင်လိုက်ကြရအောင်...."

လင်ဝီဖုန်းက နှာခေါင်းရှုံ့လိုက်၏။

"မုယုံလီ.... မင်းလိုသစ္စာဖောက်က ကျုပ်ကိုအမိန့်ပေးလို့ မရပါဘူး...."

မုယုံလီက ခေါင်းခါယမ်းလိုက်ပြီး....

"ကျုပ်သစ္စာဖောက်တာ မဟုတ်ပါဘူး.... အမြင်မှန်ရသွားတာပါ...."

လင်ဝီဖုန်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

"စကားမရှည်နဲ့.... မင်းနဲ့ ကျုပ် တစ်ယောက်ယောက်သေမှ ဖြစ်မယ်...."

သူသည် ပြောပြီးသည်နှင့် တရကြမ်းတိုက်ခိုက်လိုက်လေ၏။

လင်ဝီဖုန်း၏ဓားပညာမှာ ကောင်းမွန်သကဲ့သို့ မုယုံလီ၏ ဓားပညာကလည်း ကောင်းမွန်လှသည်။

သူတို့နှစ်ယောက်စလုံးက သိုင်းပညာကို အမြဲမပြတ် လေ့ကျင့်ခဲ့သူများဖြစ်ပေသည်။

လင်ဝီဖုန်း၏ဓားကွက်များက ပြင်းထန်လှသော်လည်း မုယုံလီက တည်ငြိမ်စွာ ခုခံနိုင်သည်။

သိုင်းကွက်သုံးဆယ်ခန့် ရောက်သည်အထိ မည်သူမျှ အသာမရခဲ့ပါချေ။

ထိုအခါ....



လင်ဝီဖုန်း၏ ဒေါသအမျက်ချောင်းချောင်းထွက်လာသည်။

သူသည် တစ်သက်တာ အပြင်းထန်ဆုံးဓားကွက်ကို ထုတ်ဖော်တိုက်ခိုက်လေတော့သည်။

တိုက်ပွဲမှာ ရှုပ်ထွေးနေ၏။

သို့သော်....

စနစ်တကျ လေ့ကျင့်ထားသော ရဲမက်များက အသာစီးမှ တိုက်ခိုက်နိုင်နေ၏။

ထိဖုံးမှာ တိုက်ခိုက်ရင်းမှ ထန်ယဲနှင့် မျက်နှာချင်းဆိုင်မိသွားသည်။

ထိဖုံးက အံကိုကြိတ်လိုက်ပြီး ကြုံးဝါးလိုက်သည်။

"ထန်ယဲ.... ခင်ဗျားကို ကျုပ်က ထောင်ထဲပြန်ထည့်ရမှ ကျေနပ်မယ်...."

ထန်ယဲက မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်ကလည်း မင်းကို ဆီးနှင်းလွင်ပြင်ထဲမှာ မြှုပ်နှံပေးမယ့်သူပဲ.... ကျုပ်ကို ထောင်ထဲပြန်မထည့်ခင် ကိုယ့်ကိုယ်ကို အရင် ကာကွယ်ပါဦး...."

ထိဖုံးမှာ ဘာမျှပြန်မပြောတော့ပါ။

ကြမ်းတမ်းစွာ တိုက်ခိုက်လိုက်၏။

ထန်ယဲမှာ တဖြည်းဖြည်း ထိခုံး၏ဓားကွက်အောက်သို့ ကျရောက်သွားလေတော့သည်။

သူသည် ထန်ယဲကို အပေါ်စီးမှ မတိုက်ခိုက်နိုင်တော့ပါ။

ဤသို့ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက်ငါးဆယ်ခန့် ရောက်လာသည်။

"ချွမ်း...."

ထန်ယဲ၏ ဓားမှာအဝေးသို့ လွင့်စဥ်သွား၏။

သူထိတ်လန့်ပြီး နောက်သို့လှည့်ပြေးမည်အပြုတွင် ထိခုံးက လျှင်မြန်စွာပင် သွေးကြောပိတ်လိုက်၏။

"ဝုန်း...."

ထန်ယဲမှာ မလှုပ်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေတော့သည်။

ထိုတိုက်ပွဲတွင် အသွက်လက်ဆုံး တိုက်ခိုက်နိုင်သူမှာ ယွဲ့ဝမ်ဟိုပင်ဖြစ်သည်။

ယွဲ့ဝမ်ဟို၏ထက်မြက်လှသော ရွှေနဂါးတိုက်ကွက်ကို မည်သူမျှ မခုခံနိုင်ကြချေ။

တစ်ခဏချင်းမှာပင်....

ယွဲ့ဝမ်ဟို၏လက်ချက်ကြောင့် ဒဏ်ရာရသူများ တန်းစီသွားသည်။

ယွဲ့တုဝေနှင့် မှယုံချင်းချင်းတို့ကလည်း အတူတွဲကာ တိုက်ပွဲဝင်နေကြသည်။

ဤသို့ဖြင့်....

တိုက်ပွဲအခြေအနေမှာ တဖြည်းဖြည်း သိသာလာသည်။ တရားသော သူများက မတရားသော ရာဇဝတ်ကောင်များကို အသာစီးရလာသည်။

လင်ဝီဖုန်းတို့လူစုမှာ ထိခိုက်ကျဆုံးသူများလာလေတော့



သည်။

"ချွမ်း...."

လင်ဝီဖုန်း၏ဓားမှာ အဝေးသို့ လွင့်စဥ်သွားသည်။

"ခင်ဗျား ရှုံးသွားပြီ...."

မှယုံလီက အေးစက်စွာ ပြောလိုက်သည်။

ထိုအခါ....

လင်ဝီဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်.... ကျုပ် မင်းကို မယှဉ်နိုင်ပါဘူး...."

မှယုံလီက ဖျောင်းဖျလိုက်သည်။

"ခင်ဗျား အဖမ်းခံလိုက်ပါတော့ဗျာ.... ကျုပ်တို့ ဘဝသစ်စကြတာရအောင်...."

လင်ဝီဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ်နားလည်ပါပြီ...ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်နိုင်ပါဘူး...."

မှယုံလီက တောင်းပန်စကားဆိုလိုက်သည်။

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ...."

လင်ဝီဖုန်းက ခေါင်းခါယမ်းလိုက်ပြီး....

"ကိစ္စမရှိပါဘူး.... မင်းက ကျုပ်ထက်အရင် အမြင်မှန်ရခဲ့တာကိုး...."

မှယုံလီသည် ကျေနပ်စွာ ပြုံးလိုက်သည်။

သူသည် လင်ဝီဖုန်း၏ရင်ဝတွင် ထောက်ထားသောဓားကို ရုပ်သိမ်းလိုက်သည်။

www.burmeseclassic.com



ထိုစဉ်....

လင်ဇီဖုန်းက ရုတ်တရက် လက်ဝါးနှစ်ဖက်ကို ရှေ့သို့တွန်းထုတ်လိုက်၏။

မုယုံလီမှာ ထိတ်လန့်သွားသည်။

လင်ဇီဖုန်းက အလစ်တိုက်ခိုက်မည်ဟု သူမထင်ခဲ့ပါ။ လင်ဇီဖုန်းကလည်း သူယုံလောက်အောင် မင်သေသေပြောခဲ့သည်ကိုး။

ထို့ကြောင့်....

သူသည် ရှောင်တိမ်းရန် အလွန်နောက်ကျသွားလေပြီ။

"ဝုန်း...."

မုယုံလီမှာ နောက်သို့လွင့်စဉ်သွား၏။

သူသည် ဒယီးဒယိုင်ဖြင့် ပြန်ထလိုက်၏။

လင်ဇီဖုန်းက စဉ်းလဲစွာ ပြုံးလိုက်ပြီး....

"မုယုံလီ....မင်း ကျုပ်ကို ဘယ်တော့မှ အနိုင်မယူနိုင်ပါဘူး"

သူက အေးစက်စွာပြောရင်း လက်ဝါးတစ်ချက်ရိုက်ထုတ်ပြန်သည်။

မုယုံလီမှာ မည်သို့မျှ မရှောင်နိုင်တော့ချေ။

"အား...."

စူးရှနာကျင်စွာ အော်ဟစ်လိုက်ပြီး နှင်းထုလွှင်ပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

"ဖေဖေ...."

မုယုံချင်းချင်းက ထိတ်လန့်တကြား အော်ဟစ်ရင်း ပြေးပွေ့လိုက်၏။

မုယုံလီကား သမီးဖြစ်သူ၏ ခေါ်သံကို မကြားနိုင်တော့ပါ။



မုယုံချင်းချင်းမှာ ဖခင်ဖြစ်သူ၏ အလောင်းကို မျက်နှာအပ်ကာ ဝမ်းနည်းကြေကွဲစွာဖြင့် ငိုကြွေးလိုက်လေတော့သည်။

အားလုံး မုယုံလီကို အာရုံစိုက်ခိုက် လင်ဇီဖုန်းသည် မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်ပြီး အပြင်းနှင်လိုက်လေ၏။

"သွားပြီဟေ့...."

သူက အော်ဟစ်နှုတ်ဆက်လိုက်သေးသည်။

သို့သော်....

ငွေရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာ၏။

ထိုအခါ....

ငွေရောင်အလင်းတစ်ခု ထွက်ပေါ်လာ၏။

ထိုအခါ....

လင်ဇီဖုန်း၏မြင်းမှာ နာကျင်စွာအော်ဟစ်လိုက်ပြီး ဒလိမ့်ကောက်ကွေး လဲကျသွားတော့သည်။

လင်ဇီဖုန်းမှာမူ လေထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ နှင်းထုလွှင်ပြင်ပေါ်သို့ ကျရောက်သွား၏။

သူသည်ရန်သူများကို ရင်ဆိုင်လိုက်၏။

ယွဲ့ဝမ်ဟိုနှင့် ယွဲ့တုဝေတို့သားအဖပင် ဖြစ်သည်။

လင်ဇီဖုန်းမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် မြင်းဘေးရှိ ချိတ်ဆွဲထားသည့်ဓားကို ပြေးဆွဲလိုက်၏။ ဓားကိုတင်းကျပ်စွာ ဆုပ်ကိုင်ပြီး တရကြမ်းထိုးနှက်တိုက်ခိုက်လေတော့သည်။

ယွဲ့တုဝေကလည်း ဆီးကြိုကာ ခုခံလိုက်၏။

"လင်ဇီဖုန်း ခင်ဗျားပြောလို့ မလွတ်တော့ပါဘူး.... အေးအေး

www.burmeseclassic.com



ဆေးဆေးသာ အဖမ်းခံလိုက်ပါတော့...ကျုပ်တို့ ခင်ဗျားကို မသတ်ချင်ဘူး...."

လင်ဝီဖုန်းသည် မည်သူ့မျှ မပြောပါ။

သူသည် တရကြမ်းသာ တိုက်ခိုက်လေတော့သည်။ သူသေကိုယ်သေ တိုက်ကွက်များထုတ်၍ တိုက်ခိုက်နေခြင်းဖြစ်တော့သည်။

ယွဲ့ဝမ်ဟိုက စိတ်ထဲ၌တွေးလိုက်သည်။

"ဓားပြတစ်ယောက်ကို ဖမ်းတဲ့နေရာမှာ သိုင်းလောကစည်းကမ်းကို စောင့်ထိန်းနေစရာ လိုပါ့မလား...."

သူသည် ပြုံးလိုက်ပြီး တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်၏။

ယွဲ့ဝမ်ဟို ဝင်လာသည်နှင့် တိုက်ပွဲအခြေအနေမှာ ရုတ်ခြည်းပြောင်းလဲသွားလေတော့သည်။

လင်ဝီဖုန်းမှာ ချက်ချင်းပင် ရှုံးနိမ့်လာ၏။

ဤသို့ဖြင့်....

သိုင်းကွက်သုံးဆယ်ကျော်လာသောအခါ ယွဲ့ဝမ်ဟို၏ သွေးကြောပိတ်ခြင်းကို ခံလိုက်ရသည်။

နောက်ဆုံး ရဲမ်ကများ၏ ဝိုင်းဝန်းဖမ်းဆီးခြင်းကို ခံလိုက်ရလေတော့သည်။

❋

အခြေအနေအားလုံးမှာ ငြိမ်သက်သွားသည်။

ထောက်လှမ်းရေးမှူးထိဖုံးမှာ တရားခံများနှင့် ဘဏ္ဍာငွေများကို သယ်ဆောင်ကာ နေပြည်တော်သို့ ပြန်ရန် ပြင်ဆင်နေသည်။

သူတို့သည် နှင်းထုလွင်ပြင်၏ တစ်နေရာတွင် မုယုံလီအား မြှုပ်နှံသင်္ဂြိုဟ်လိုက်၏။



ထိုမြေပုံရှေ့တွင် မုယုံချင်းချင်းမှာ ဒူးထောက်နေသည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ပြည့်နှက်နေလေသည်။

ယွဲ့တုဝေကမူ သူ၏ပခုံးကို အသာဆုပ်ကိုင်လိုက်ပြီး နှစ်သိမ့်မှုပေးနေသည်။

"မငိုပါနဲ့တော့ ညီမရယ်...."

မုယုံချင်းချင်းက ငိုရှိုက်ရင်း ကြေကွဲစွာ ပြောလေ၏။

"ဖေဖေ့အတွက် ဝမ်းနည်းလို့ပါရှင်....သူဟာ နောင်တရလာခဲ့ပြီးမှ...."

"ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီ ညီမရယ်....သူဟာ အမြင်မှန်ရသွားခဲ့တာကိုပဲ ဝမ်းသာစရာပါ...သူဟာ အမှားကိုပြင်ဆင်ခဲ့တဲ့ သူရဲကောင်းကြီးပါ...လူတော်တော်များများဟာ သူလိုအမှားကို ပြန်မပြင်နိုင်ကြပါဘူးကွယ်...."

မုယုံချင်းချင်းက ပင့်သက်ရှိုက်လိုက်၏။

ယွဲ့တုဝေက ဖေးမကာ တွဲထူလိုက်သည်။

"ကဲ....အစ်ကိုတို့ ပြန်ကြဖို့သင့်ပြီ....ဖေဖေတို့လည်း စောင့်နေကြပြီ...."

မုယုံချင်းချင်းက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ကဲ့....ညီမဖေဖေကို နောက်ဆုံးအကြိမ် ဂါရဝပြုရဦးမနေဦး...."

သူမက မုယုံလီ၏ မြေပုံရှေ့၌ ဒူးထောက်လိုက်၏။

ထို့နောက် ရိုသေစွာ ရှိခိုးကန်တော့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုယုံချင်းချင်းမှာ ယုဲ့တုဝေ့နှင့်အတူ မြင်းလှည်းတန်း၌ လိုက်ပါလာ၏။

သူမက နောက်တွင်ကျန်ရစ်ခဲ့သော ကောင်းဝူးဆီးနှင်းလွင်ပြင်ကို လှည့်ကြည့်လိုက်သည်။

ဖြစ်ပျက်ခဲ့သမျှတို့သည် လွန်စွာမှ ဆန်းကြယ်လှသည်။

လူ့ဘဝသည် အိပ်မက်တစ်ခုနှယ်ပင် ထင်မှတ်ရပါသည်။

ထိုအိပ်မက်များကို လှပသော ဆေးရောင်ခြယ်ရန် လိုအပ်ပါသည်။ ဆိုးဝါးသော အရောင်များကို ခြယ်မိပါက အိပ်မက်များသည် အရုပ်ဆိုး အကျည်းတန်သွားလိမ့်မည်ဖြစ်ပါသတည်း။

ပြီးပါပြီ။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC

www.burmeseclassic.com